www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန္ဒတို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ** ဂင်္ဂါယ=ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွှမ်းကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရ-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ ဥပဒ္ဒဝေ-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com



၁၉၉၅-ခုနှစ် [illegible]

# ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂန္ဓာ

မဂ္ဂဇင်း


အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

အမှတ်(၂၆၁)၊ ၂၀၁၇ ဧပြီလ



၆။ သစ္စာမင်းခေါင်
ထွက်ရပ်ပေါက်သူတော်စင် ဦးအောင်ချမ်းသာ
တည်ထားခဲ့သည့် အောင်ချမ်းသာ
ကပ်ကျော်စေတီတော်

၁၆။ မိုလ်တထောင် ကိုဦး
အပရာဇိတ ဆံတော်ရှင်
ကျိုက်အဝိုင်အွတ်စေတီတော်

၂၆။ မြမဥ္ဇူဝေ(ကျုံမငေး)
ဖျာပုံမြို့၏ ရှေးဟောင်းအမွေခံ
ကေန်ကျော်ကြား အတုလမာရဇိန်
ရွှေနတ်ကူ ကြေးသွန်းဘုရားကြီး

၃၀။ ဖြိုးသီတာ(ရွှေဂုံရိပ်မွန်)
ကျုံမငေးမြို့ရှိ မဟာသကျမုနိဘုရားကြီး

၃၂။ ကဗ္ဗသိုလ်မျိုး
ရွှေတိဂုံစေတီတော်မြတ်ကြီးထက် ဉာဏ်တော်
မြင့်မားသည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့်
ကီလို(၅၀)ကျော်၌ တည်ထားသော
ဆုတောင်းပြည့် Phra Pathom စေတီတော်ကြီး

၅၂။ မောင်မိုးဦး
လျှပ်တစ်ပြက် သရေခေတ္တရာ

၅၈။ နန္ဒာမိုး(ဆင်ဖြူကျွန်း)
သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ရော်(၉)

၇၂။ နန္ဒာမိုးကြွယ်
ပြယ်လွင့်သွားသည့် ဝိဝါဒ

၇၆။ မောင်ဉာဏ်လင်း(တောင်ကုတ်)
စဉ်းစားစရာ အွန်လိုင်းပေါ်က တရားစာ

၈၂။ မင်းသီကျော်
စေတီတော်တို့၏ သဘောအဓိပ္ပာယ်နှင့်
စေတီတော် ပူဇော်ရခြင်း၏ အကျိုးဆက်များ

၈၆။ သုတေသီမြင့်ထွန်း
အနေကစာတင်ခြင်း

၉၂။ တွန်းအားရှင်
ဖြစ်ရပ်ထူးဆန်း မိန်းမနှင့် ရဟန်း


၉၈။ မောင်ဉာဏ်စိန်
လောကဓံတရား

၁၀၂။ ထက်ဘုန်းလူ
ဒါနကထာ




www.burmeseclassic.com

www.burmeseclassic.com




၁ဝ၆။ မုံရွာ နေစာ
ကျွန်းကလေးပေါ်မှာ နှစ်ယောက်တည်း

၁၁ဝ။ ဖျာပုံ ရည်လွင်အောင်
သူတော်စင်ရဲ့ ဓမ္မလက်ဆောင်

၁၁၈။ ဓမ္မဃောသက အရှင်ဩဘာသ
ရတနာ့စစ်ကို သဒ္ဓါစစ်နှင့် ဆည်းကပ်ခြင်း(၁)

၁၂၂။ စကြာကောင်းစံ
ဓမ္မပါလ အေးဖေမှ ဘိုးပွားသို့

၁၂၈။ စိုးယဉ်ထွန်း
ဂမ္ဘီရမှတ်စု

၁၃၆။ အာကာသ(သာစည်)
ဆင်ယင်ထုံးဖွဲ့မှုက ပြောသော
မိန်းကလေးတို့ အဆင့်အတန်း

၁၄၂။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
စမတစ်ထောင်ဆရာတော် ချီးမြှင့်သော
အစွမ်းထက် ဝိဇ္ဇာယတြာများ(၁)

၁၄၆။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
စမတစ်ထောင်ဆရာတော် ချီးမြှင့်သော
အစွမ်းထက် ဝိဇ္ဇာယတြာများ(၂)

၁၅ဝ။ သာထက်ဇော်(မကွေး)
သင် ဘယ်အချိန်မှာ မွေးဖွားခဲ့သလဲ

၁၅၄။ မင်းနေထွန်း(ကန့်ဘလူ)
ပညာတစ်ခု လူထုအတွက်

၁၅၈။ ဆရာကံထူး(ဝေဒသုတေသီ)
လသာတုန်း ဗိုင်းငင် လောကကို အလှဆင်ပါ

၁၆၃။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၁၆၉။ မင်းမဟော်ညွှန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ

၁၇၄။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၇၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်




www.burmeseclassic.com

www.burmeseclassic.com



၁၈၂။ ဆရာရန်အောင်ဟိန်း(B.Sc)
ကော့ပီ စနစ်၊ အိမ်ထောင်ရေးနှင့်
ဂြိုဟ်တို့၏ အသက်ပိုင်းဖော်ပြမှု
၁၈၆။ ဟိန်း(ဘူမိ)
အိမ်တွင်းသုံး သဘာဝကုထုံးနည်းများ
၁၈၈။ ရွှေတလေး(လွယ်လင်)
ကလေးသူငယ် လေနာရောဂါပျောက်ဂါထာ
၁၉၀။ သိန်းထွန်းသစ်
တောင်သုံးလုံး၏ ဂမ္ဘီရနေရာထူးများ
၂၀၀။ အောင်ချိမ့်ဘွား
ခေါ်သံနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်း
၂၀၅။ ကျော်မင်းညွန့်(လှည်းကူး)
အောင်ဂါထာတော်
၂၁၀။ ရန်နိုင်
ပန်းပိတောက်နှင့် သင်္ကြန်
၂၁၆။ ဒါရိုက်တာမျိုးဇော်အောင်
ရွှေပင့်ကူစံအိမ်က တစ္ဆေကြီး
၂၂၂။ ကောင်းသော်
ညဘက် တွေ့ခဲ့ရသော အိမ်ကြီးနှင့် မိသားစု
၂၂၈။ လှိုင်စောဦး(မြို့ရွှေပြည်)
အဘိုးပုနှင့် လူမီကလေး
ထန်းတောဘုရင် ငစည်ထင်
၂၄၀။ ကျော်မိုးလွင်(ဝါးခယ်မ)
ကြုံတွေ့ခဲ့ရသော စွဲလမ်းမှုသံယောဇဉ်
၂၄၄။ ကျော်ဇော(စားကုန်)
ကယ်တင်ရှင် တစ္ဆေကြီး
၂၅၆။ မျိုးထက်နန္ဒ
မည်းမည်းကောင်ကြီးနှင့် စုန်ချည်ဆန်ချည်
၂၆၂။ မင်းသန့်ကျော်(စီးကုန်း)
သခွပ်ပင်က သရဲ
၂၆၈။ ဘနင်း(မြန်မာပြန်)
ခွဲမသွားရက်ပါဘူး အချစ်ရယ်
၂၇၇။ နေဝန်းနီ
သိုက်နန်းရှင်
၂၈၄။ သျှင်ရဲထွဋ်(တောင်စွန်း)
လူငယ်ဘဝ ဂမ္ဘီရအချစ်
၂၉၀။ ဖိုးကျော့
စိန်ပီတာ ထုတ်လုပ်သော
မြန်မာ့ရေငုပ်သင်္ဘောကြီးများ
၂၉၆။ ရှင်ထွေးအောင်
ကျွန်တော်နှင့် ထူးဆန်းသော
ကားပေါ်က မိန်းကလေး
၃၀၀။ ကျောက်ထက်ထွန်း
ထူးခြားဆန်းကြယ်သော မြင်းပျံ

**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ-၀၀၅၃၆)၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင်၊ **မျက်နှာဖုံးပန်းချီ** – မိုးကျော်
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိန်း။
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေ။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ-၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ-၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✻ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ 📱 ၀၉၂၆၀၀၈၅၈၆၀

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက်သူတော်စင်ဦးအောင်ချမ်းသာ
တည်ထားခဲ့သည့်
အောင်ချမ်းသာ ကပ်ကျော် [illegible]

သစ္စာမင်းခေါင်

# ထွက်ရပ်ပေါက်သူတော်စင် ဦးအောင်ချမ်းသာ တည်ထားခဲ့သည့် အောင်ချမ်းသာကပ်ကျော်စေတီတော်

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်-ပြည် ကားလမ်းဘေး လှော်ကားကန်လမ်းထိပ်၊ (၁)နံပါတ်မှတ်တိုင်အနီးတွင် ရွှေရောင်များ လင်းလက်လျှက်ရှိသော စေတီတော်တစ်ဆူကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြပါ၏။

ထိုစေတီတော်သည်ကား မြန်မာ့ဝိဇ္ဇာစရနယ်တွင် ထင်ရှားကျော်ကြားခဲ့သော ထွက်ရပ်ပေါက် သူတော်စင် အဖေကြီး ဦးအောင်ချမ်းသာ တည်ထားခဲ့သော အောင်ချမ်းသာ ကပ်ကျော်စေတီတော်ပင် ဖြစ်ပါ၏။ ထူးခြားသော *ဓာတ်ပန္နက် အစီအရင်များဖြင့် တည်ထားခဲ့သော* စေတီတော်ဖြစ်၍ ဆုတောင်းပြည့်သည်။ သိဒ္ဓိတန်ခိုး ကြီးမားသည်ဟု ထင်ရှား၏။ ဦးအောင်ချမ်းသာဘုရား၊ ဦးအောင်ချမ်းသာစေတီတော်ဟူ၍ မြန်ပြည်တစ်ခွင် ကျော်စောလျှက်ရှိ၏။

**<u>ထွက်ရပ်ပေါက်သူတော်စင် ဦးအောင်ချမ်းသာ၏ ဘဝခရီး</u>**

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာကို ခရစ်နှစ်(၁၈၉၀)ပြည့်နှစ်တွင် အဖ ဦးတာက်ပြား၊ အမိ ဒေါ်နီတို့မှ ပုသိမ်အရှေ့မြို့နယ်၊ စားကာဝကျေးရွာ၌ ဖွားမြင်ခဲ့၏။ မွေးချင်းမောင်နှမ(၈)ဦးအနက် ဒုတိယသားဖြစ်ပြီး ငယ်မည်မှာ မောင်ပျော့ဟု ခေါ်တွင်၏။ မောင်ပျော့မှာ အမည်နှင့် လိုက်ဖက်စွာပင် ပျော့ပျော့ပျောင်းပျောင်း နွဲ့နွဲ့နှောင်းနှောင်းနှင့် နေထိုင်တတ်၏။ ကလေးတို့ဘာသာ ဘဝ ဆော့ကစားကြရာတွင်လည်း သဲများကိုစု၍ သဲပုံစေတီငယ်လေးများကို တည်ထားကာ ဆော့ကစားလေ့ရှိ၏။ ထို့ပြင် မောင်ပျော့သည် စိတ်ထင်ရာ လျှောက်သွားနေလေ့ရှိပြီး အရူးဟုပင် အများက သတ်မှတ်ထားခဲ့ကြ၏။

သို့ဖြင့် တစ်နေ့တွင် မောင်ပျော့တို့အိမ်သို့ အင်းဝိဇ္ဇာ ရှမ်းဆရာကြီး တစ်ဦးသည် မခေါ်မပင့်ဘဲ ရောက်ရှိလာခဲ့ပြီး မောင်ပျော့ကို ဦးခေါင်းထိပ်၌ ပဒုမ္မာရွှေကြာအင်း ထိုးနှံပေးသွားခဲ့၏။

ထိုအင်းဝိဇ္ဇာကြီးက 'ဒီသူငယ်ဟာ ရူးသွပ်နေတာ မဟုတ်ဘူး။ အချိန်မရသေးလို့ နေမရ ထိုင်မရ ဖြစ်နေတာ။ ဒီသူငယ်ဟာ တစ်နေ့မှာ ထွန်းတောက်တဲ့ သာသနာပြု ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာမယ့်သူပဲ' ဟု ပြောကြားကာ

www.burmeseclassic.com

www.burmeseclassic.com

မောင်ပျော့၏ အမည်ကိုလည်း ပျောက်စေရာမှာ အလံထူမယ့်သူ ဖြစ်လို့ ထံထူကို ကက်ကင်းပြန် ပေးပြီး ထူလံဟု အမည်ပြောင်း ပေးခဲ့လေ၏။

ထိုနေ့မှ စ၍ မောင်ပျော့ (ခ) ထူလံသည် ထူထူထောင် ထောင် ဖြစ်လာခဲ့ပြီး စိတ်တည် ငြိမ်မှုလည်း ရရှိလာခဲ့၏။


တောင်ချမ်းသာ တစ်ကျော် ဆုတောင်းပြည့်စေတီတော်၏ ရင်ပြင်တစ်နေရာအား တွေ့မြင်ရစဉ်

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာ ဖြစ်လာမည့် ထူလံသည်/ အရွယ်ရောက်သော အခါ ကုံ့ကော်ပုဂံကျေးရွာသူ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့လေ၏။ သို့သော် မည်မည်ရရ အလုပ်လုပ်ကိုင်ခြင်း မရှိဘဲ အချိန်ပြည့်လိုလို ရွာအနီးရှိ စေတီပျက်ကြီးဆီသို့ သွားရောက်ကာ တံမြက်စည်းလှည်းခြင်း၊ မြက်ရိုင်းချုံနွယ်များ ရှင်းလင်းခြင်းတို့ကိုသာ ပြုလုပ်နေသဖြင့် ယောက္ခမနှင့် မိန်းမကပါ မကြည်မဖြူ ဖြစ်လာခဲ့၏။

သို့အတွက် ထူလံသည် ထမင်းခြောက်အစိတ်သားကို ထုပ်၍ ဓားတစ်ချောင်းဆွဲကာ ခြေဦးတည့်ရာ ထွက်လာခဲ့ရာ အနောက်ရိုးမ တောနက်ကြီးအတွင်းမှ ထွက်ရပ်ပေါက် သူတော်စင်တို့၏ ရွှေတွင်းတူး ဒီပါပျဉ်းမချောင် ဒီပါစခန်းများသို့ ရောက်ရှိခဲ့လေ၏။ ထူလံသည် မရပ်မနား ခရီးသွားခဲ့လေရာမှ သည်နှစ်သို့တိုင်ခဲ့၏။

ထိုသို့ခရီးသွားရင်း တောတွင်း တစ်နေ့ရာတွင် မိမိအား အသေသတ်ရန်လာသော ဘီလူးလိုလို လူနီကြီး တစ်ဦးနှင့် ဆုံတွေ့ခဲ့ရစဉ် ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင် တစ်ဦးက ကယ်တင်ခဲ့သဖြင့် အသက်ချမ်းသာရာ ရခဲ့လေ၏။ ယင်းနောက် ရသေ့ကြီး တစ်ပါးနှင့် ဆုံတွေ့ခဲ့ရပြီး ထို ရသေ့ကြီးက ထူလံအား တောင်ဆေးအတွင်းမှ ဓာတ်လုံးတစ်လုံးကို ထုတ်ကျွေးသဖြင့် ပါးစပ်ထဲ ငုံထားလိုက်ရာ ဆာလောင်ခြင်း၊ မောပန်းခြင်းဟူသမျှ ကင်းပျောက်သွားခဲ့လေ၏။



တောင်ချမ်းသာ တစ်ကျော် ဆုတောင်းပြည့်စေတီတော်သို့ အဝင်မုခ်ဦး

## ဝိဇ္ဇာတို့ဌာနေ အလုံပြည်သို့ ရောက်ရှိခြင်း

ထူလံသည် အဆိုပါ ရသေ့ကြီးနှင့်အတူ ဝိဇ္ဇာတို့ဌာနေ အလုံပြည်သို့ ရောက်ရှိလာခဲ့၏။ အလုံပြည်တွင် နေထိုင်ရင်း ရသေ့ကြီးက ထူလံအား အရဟံ ဗုဒ္ဓေါကို ရွတ်ဆိုစေကာ သမာဓိကို ထူထောင်စေခဲ့၏။ ရသေ့ကြီးနှင့်အတူ ဝိဇ္ဇာတို့ဌာနေ အလုံပြည်တွင် ခြောက်လခန့် နေထိုင်ပြီး အကျင့်စခန်းများ ဝင်ရောက်ခဲ့၏။ ယင်းနောက် ရသေ့ကြီး၏ ခွင့်ပြုချက်အရ ထူလံသည် ဂန္ဓာရီခရီးလမ်းကို စတင်ခဲ့လေ၏။ ရသေ့ကြီးက ထူလံအား ရွှေ

www.burmeseclassic.com

ရှောင်ခတ်လုံး တစ်လုံး ပေးအပ်ခဲ့ရာ ထူလံက ဝမ်းတွင်းသို့ မျိုချခဲ့၏။



အောင်ချမ်းသာ ကပ်ကျော်စေတီတော် ထိရုက်ရှိ နဂါးရုံဘုရား။

**ဦးအောင်ချမ်းသာ ဖြစ်လာမည့် ထူလံ၏ ဂန္ဓာရီခရီးလမ်း**

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာ ဖြစ် လာမည့် ထူလံသည် ဝိဇ္ဇာတို့ဌာနေ အလုံပြည်မှနေ၍ ဂန္ဓာရီခရီးလမ်း စတင်ခဲ့ရာ တောအနှံ့ တောင်အသွယ်သွယ် ရွာစဉ် အများအပြားသို့ ရောက်ရှိခဲ့လေ၏။ ထိုကဲ့သို့ ဂန္ဓာရီခရီးလမ်း လျှောက်လှမ်းလာခဲ့ရာတွင် တစ်ခုသောနေ့၌ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကမ်းနဖူးရှိ အဘိုးအို ဖနီးမောင်နံ့တို့ အိမ်သို့ ရောက်ရှိခဲ့၏။ ထိုအဘိုးအို ဖနီးမောင်နံ့မှာ နေ့ရှိသရွေ့ အဂ္ဂိရတ်ထိုးခြင်း အလုပ်ကိုသာ လုပ်ကိုင်လျက် ရှိကြ၏။

တစ်နေ့တွင် ထိုအဘိုးအို ဖနီးမောင်နံ့က ထူလံအား စည်ကားသော ရွာကြီးတစ်ရွာသို့ ခေါ်ဆောင်သွားခဲ့ပြီး မိန်းမပျို တစ်ဦးနှင့် ထိမ်းမြားပေးစားလေ၏။ ထိုသို့ ထိမ်းမြားပေးပြီးနောက် "(၄၅)ရက်တိတိ ဒီမိန်းမပျိုကို မထိမကိုင်ဘဲ ဖြူဖြူစင်စင် နေနိုင်ခဲ့ရင် မင်းကိစ္စ အောင်ပြီလို့ မှတ်ပါ"ဟု ထူလံကို ပြောကြားကာ အဘိုးအို ဖနီးမောင်နံ့မှာ ထူလံအား ခွဲခွာသွားခဲ့ကြလေ၏။

ထူလံသည် ထိုမိန်းမပျိုနှင့် (၄၅)ရက်တိုင်တိုင် ဖြူစင်သန့်ရှင်းစွာ နေထိုင်ရင်း လူသာမန်တို့ ရှောင်နိုင်ခဲသော ကိစ္စရပ်တစ်ခုကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့လေ၏။ ဤသည်မှာ ဂန္ဓာရီဝိဇ္ဇာတို့၏ ထုံစခန်းတစ်ခုကို ထူလံအနေနှင့် ပေါက်မြောက်အောင်မြင်ခဲ့ခြင်းပင် ဖြစ်ပေတော့၏။

ထူလံသည် ခရီးဆက်ရင်း ရွာတစ်ရွာရှိ သူကြီးအိမ်သို့ ရောက်ရှိခဲ့လေ၏။ ထိုအိမ်တွင် သူကြီးသမီး ဖြစ်သူမှာ ပိုးထိ၍ သေဆုံးသွားခဲ့သဖြင့် အသုဘချရန် ပြင်ဆင်နေချိန် ဖြစ်၏။

ထိုအခိုက်တွင် 'အဲဒီအမျိုးသမီး မသေသေးဘူး။ မြောနေတာ။ အသက်ကို ကယ်တင်လိုက်ပါ'ဟူသည့် ပြောကြားသံကို ထူလံ၏ နားဝတွင် ပီပီပြင်ပြင် ကြားလိုက်ရ၏။



သို့ဖြင့် ထူလံသည် သူကြီးထံ ခွင့်တောင်းပြီး ခေါင်းအဖုံးကို ဖွင့်ကာ သေဆုံးသွားပြီဟုဆိုသူ အမျိုးသမီး၏ မျက်နှာကို ရေစင်ဖြင့် ဖျန်းလိုက်၏။ မိနစ်ပိုင်းအတွင်းမှာပင် ထိုအမျိုးသမီးသည် ခေါင်းအတွင်းမှထွက်ကာ စကားပြောနိုင်ခဲ့လေ၏။ ဤသည်မှာ ထူလံ၏ ဂန္ဓာရီခရီးတစ်ထောက်



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ချမ်းသာ ... ဘုရား

တွင် သတ္တဝါ၏အသက်ကို ကယ်တင်စောင့်ရှောက်လိုက်သည့် ဖြစ်ရပ်တစ်ခုပင် ဖြစ်၏။

ယင်းနောက် ထူလံသည် အနောက်ရိုးမ၏ နက်ရှိုင်းသော တောတွင်းသို့ရောက်ကာ အကျင့်စခန်း ထွက်ရပ်လမ်းများကို ပြင်းပြင်းထန်ထန် အားထုတ်ခဲ့ရာ သိဒ္ဓိပြီးမြောက် ပေါက်မြောက်ခြင်းသို့ ရောက်ရှိခဲ့လေ၏။

ထူလံသည် ထိုသို့ ဂန္ဓာရီခရီးလျှောက်ရင်း မွေးရပ်မြေဘက်သို့ ရောက်ရှိလာပြီး ပုသိမ်အရှေ့၊ ပုသိမ်အနောက်၊ ငပုတော၊ စဥ့်အိုးဖို၊ ကတက်ချောင်း၊ လေးလောင်းဆင်ကြီးလည်ပင်း အစရှိသည့် နေရာဒေသ အများအပြားတွင် (၇)နေ့သားသမီး လူနာများအား သူ၏ ရေစင်ဖြင့်လည်းကောင်း၊ ဆေးမင်စကြာဖြင့်လည်းကောင်း ဆေးကုသပေးပြီး သတ္တဝါတို့၏ အသက်ကို ကယ်တင်စောင့်ရှောက်ခြင်းဟူသော မွန်မြတ်သည့် အလုပ်ကို ဆောင်ရွက်လုပ်ကိုင်နိုင်ခဲ့၏။ ထို့ပြင် ထွက်ရပ်ပေါက် သူတော်စင် ဖြစ်လာမည့် ထူလံသည် ရောက်လေရာအရပ်တွင် ဘုရား၊ စေတီများကို အောင်မြင်စွာ တည်ထားနိုင်ခဲ့၏။

ထို့ပြင် ပုသိမ်မြို့နယ်၊ ဝိတောက်ချောင်းကျေးရွာမှ အသည်းအသန် မကျန်းမာနေသော ဆရာတော်ကြီးကိုလည်း ဆေးကု၍ မရနိုင်တော့ကြောင်းနှင့် ပျံလွန်မည့် နေ့ရက်၊ အချိန်နာရီတို့ကို တိတိကျကျ ကြိုတင်ပြောကြားနိုင်ခဲ့၏။ ထူလံ ပြောကြားသည့်အတိုင်းပင် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်ကို အံ့သြဖွယ် တွေ့ရှိခဲ့ကြရလေ၏။

## ထူလံမှသည် ဦးအောင်ချမ်းသာအဖြစ်သို့

ယင်းနောက် ထူလံသည် ဦးအောင်ချမ်းသာ အမည်ကို ပြောင်းလဲခံယူကာ မြန်မာပြည်အနှံ့ လှည့်လည်ပြီး (၇)နေ့သားသမီး ဝေဒနာရှင်များကို ဆေးကုသပေးကာ ဘုရား၊ စေတီအများအပြားကို တည်ထားခဲ့လေ၏။

ပုသိမ်၊ မြောင်းမြ၊ ငပုတောနှင့် အနောက်ရိုးမတစ်ကြောတွင်လည်းကောင်း၊ သိဒ္ဓိတောင်တွင်လည်းကောင်း၊ မော်လမြိုင်၊ ကျိုက်မရော၊ ပုပ္ပား၊ ကသာ၊ ကျိုက်ထီးရိုး၊ ပဲခူး၊ သရက်ချောင်း၊ လှည်းဆိပ်၊ ဘောလယ်၊ သန်လျင်၊ ကမာကဆစ် စသည့် အရပ်တို့တွင်လည်း ဘုရား၊ စေတီများကို တည်ထားခဲ့လေ၏။

ဦးအောင်ချမ်းသာ ဘုရားတည်လျှင် မည်မျှပင် နက်ရှိုင်းသော တောကြီးမျက်မည်း အတွင်း၌ပင် ဖြစ်လင့်ကစား အုတ်၊ သဲ၊ ဘိလပ်မြေ လှူဒါန်းမည့်သူများသည်



အောင်ချမ်းသာ ... စေတီတော် ပရိဝုဏ်ရှိ ...



www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းသာ ကစ်စကျော်စေတီတော် ပရိဝုဏ်ရှိ ကြိုးမှ တားအဝတ်

တည်ထားခဲ့သော ဘုရား၊ စေတီများအနက် ယခုတိုင် ထင်ရှားလျက်ရှိသော စေတီတစ်ဆူမှာ ဧရာဝတီတိုင်းဒေသကြီးမှ ဓားက မြစ်နှင့် ဝေန်မြစ်ဆုံရာ ကျွန်းဦးပေါ်မှ ဥာဏ်တော်(၁၈)တောင် အမြင့်ရှိသည့် အောင်စကြာသီလ စေတီတော်ပင် ဖြစ်၏။

ဆရာကြီး ဦးအောင်ချမ်းသာသည် ရန်ကုန်မြို့တွင် နေထိုင်စဉ် အတွင်း မြန်မာ့အဆွေ သူဌေး သမီး ဒေါ်ခင်ဆွေမှာ ရောဂါပြင်းပြင်းထန်ထန် ခံစားရပြီး ဆရာဝန်များကပင် (၆)လသာ နေရတော့မည်ဟု မှတ်ချက်ပြုထားခဲ့၏။ အဆိုပါ ဒေါ်ခင်ဆွေကို ဦးအောင်ချမ်းသာက ဆေးမင်စကြာ အမြစ်နှင့် ကုသပေးခဲ့ရာ ဒေါ်ခင်ဆွေသည် လူ့လောက၌ (၆)နှစ်ကြာ ဆက်လက်နေထိုင်သွားခဲ့ရလေ၏။

အလိုလိုပင် ရောက်ရှိလာတတ်ပြီး တပည့်တပန်း ဦးရေ (၁၀၀)ပင် ပါသည်ဖြစ်စေ မည်သည့်အခါမျှ စားရေးသောက်ရေး အခက်အခဲမရှိဘဲ ပံ့ပိုးကူညီပေးမည့်သူများ အလျှိုလျှိုပင် ရောက်လာတတ်ကြသည်ဟု ဆို၏။

မြန်မာသက္ကရာဇ်(၁၂၉၈)ခုနှစ်တွင် ဦးအောင်ချမ်းသာသည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး မြန်မာ့အဆွေ အဝေမ်းရုပ်ရှင်ကုမ္ပဏီ မိသားစုနှင့် ရင်းနှီးခဲ့ကာ သာသနာပြုလုပ်ငန်းများကို အတူလက်တွဲ ဆောင်ရွက်ခဲ့ကြ၏။ ထို့ပြင် ပုသိမ်မြို့မှ မြို့မျက်နှာဖုံး သူဌေးကြီး ဦးချမ်းမား၊ ဒေါ်ဟန်တို့နှင့်လည်း ရင်းနှီးကာ ဘုရား၊ စေတီ အများအပြားကို အတူတကွ တည်ထားခဲ့ကြလေ၏။ ဦးအောင်ချမ်းသာ ဦးဆောင်၍ သူဌေးကြီး ဦးချမ်းမား၊ ဒေါ်ဟန်တို့

## ဦးအောင်ချမ်းသာ၏ ထူးခြားသော ဓာတ်လုံးပြုလုပ်နည်း

ဆရာကြီး ဦးအောင်ချမ်းသာသည် မြန်မာပြည်အနှံ့ ဘုရား၊ စေတီများတည်ထားရင်း ထွက်ရပ်လမ်းစဉ်များကို ကျင့်ကြံအားထုတ်ရင်း (၇)နေ့သားသမီး ဝေဒနာရှင်များကိုလည်း ရေစင်ဖြင့်လည်းကောင်း၊ ဆေးမင်စကြာအမြစ်ကို အသုံးပြု၍လည်းကောင်း ကယ်တင်စောင့်ရှောက်မှု ပြုခဲ့၏။ ပေးသင့်ပေးထိုက်သော (၇)နေ့သားသမီး တပည့်သားမြေးများကိုလည်း ဓာတ်လုံးများ ပေးကမ်းချီးမြှင့်ခဲ့၏။



အောင်ချမ်းသာ ကစ်စကျော် ... ရှိ ဦးအောင်ချမ်းသာ ဓာတ်နန်း

ဦးအောင်ချမ်းသာ ပေးကမ်းသော ဓာတ်လုံးကို ရရှိသူတို့သည် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ငွေရေးကြေးရေး၊ အလုပ်အကိုင် စသည်တို့၌ အောင်မြင်မှု ရရှိသွားကြသည်ဟု ဆို၏။

ဆရာကြီး ဦးအောင်ချမ်းသာသည် ၎င်း၏ ဓာတ်လုံးကို လိုဖို၊ ဖိုမလို၊ အင်္ဂရုတ်လုံးစရာ မလိုဘဲ အင်္ဂရုတ်ပစ္စည်းများဖြစ်



www.burmeseclassic.com

www.burmeseclassic.com

[illegible] ပြဒါး၊ သွပ်၊ ကြေး၊ ရွှေ စသည် ဓာတ်[illegible]များကို ပါးစပ်ထဲ ငုံရင်း၊ လုံးရင်းဖြင့်ပင် [illegible]ထက်လှသော ဓာတ်လုံးများကို ရရှိခြင်းပင် [illegible]

**[illegible]၊ လှော်ကားကန် အမှတ်(၁)ဂိတ်အနီး [illegible]အတွင်း၌ တရားအားထုတ်ခြင်း**

မြန်မာသက္ကရာဇ်(၁၃၁၅)ခုနှစ်တွင် ဆရာကြီး ဦးအောင်ချမ်းသာသည် ယခု မင်္ဂလာဒုံမြို့နယ် လှော်ကားကန် (၁)ဂိတ်အနီးရှိ တောအုပ်အတွင်းသို့ ဝင်ရောက်၍ ထွက်ရပ်လမ်းအကျင့်စခန်းတရားများ အားထုတ်ခဲ့လေ၏။

တပည့်များက ဤတောအုပ်သည် သားရဲတိရစ္ဆာန်များ လွန်စွာပေါ်များသော တောအုပ်ဖြစ်၍ ဆရာကြီးအတွက် စိတ်မချကြောင်း ပြောဆိုကန့်ကွက်ခဲ့ကြသော်လည်း ဦးအောင်ချမ်းသာက လက်မခံဘဲ 'မင်းတို့ မှတ်ထားကြ။ ဒီနေရာဟာ နောင်တစ်ချိန်မှာ လွန်စွာစည်ကားတဲ့ မြို့တစ်မြို့ ဖြစ်လာလိမ့်မယ်' ဟု ပြောကြားခဲ့လေ၏။

(ထွက်ရပ်ပေါက် သူတော်စင်ဆရာကြီး ဦးအောင်ချမ်းသာ ပြောကြားခဲ့သည့်အတိုင်းပင် ယခုအခါ ထိုနေရာမှာ စည်ကားသော မင်္ဂလာဒုံမြို့နယ်အဖြစ် ထင်ရှားလျက်ရှိနေပြီ ဖြစ်၏။)

**စေတီတော် တည်ထားခြင်း**

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာသည် ထိုတောအုပ်၌ တရားအားထုတ်ရင်း တောအုပ်၏အလယ်ကုန်းမြင့်ပေါ်တွင် ရှေးမြို့စား၊ နယ်စားတို့ တည်ထားခဲ့ဟန်တူသော ရှေးလက်ရာစေတီငုတ်တိုတစ်ဆူကို တွေ့ရှိခဲ့လေ၏။ ဦးအောင်ချမ်းသာသည် ထိုစေတီငုတ်တိုကို အပေါ်မှငုံ၍ သဲပုံစေတီတော် တစ်ဆူကို ဦးစွာတည်ထားပြီး ထိုသဲပုံစေတီပေါ်မှ တစ်ဖန် ငုံကာ ဉာဏ်တော်အမြင့် (၄၅) တောင်ရှိ စေတီတော်တစ်ဆူကို မြန်မာသက္ကရာဇ် (၁၃၁၆)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့တွင် စတင်တည်ထားခဲ့လေ၏။ ဦးအောင်ချမ်းသာသည်



အောင်ချမ်းသာ ကာဝိဇေယျ စေတီတော်ဝင်းရှိ [illegible]
မအောင်မြေနေရာတွင် တည်ထားသော [illegible] စေတီ

(၇)နေ့သားသမီးတို့ လောကီကပ်ဆိုး ဘေးဆိုးတို့မှ ကင်းလွတ်ပြီး ကောင်းကျိုးချမ်းသာ ရရှိစေရန်အတွက် ဘုရားကြီး၊ ဓာတ်ကြီး၊ နတ်ကြီး၊ သိုက်ကြီး အစရှိသည့် ကြီး(၄)ကြီးဆင်ကာ ထက်မြက်သော လောကီအစီအရင်များ ပြုလုပ်ပြီး တည်ထားခဲ့ခြင်း ဖြစ်၏။

**ဆရာကြီးအောင်ချမ်းသာ ပြင်းထန်စွာ နာမကျန်းဖြစ်ခြင်း**

ဆရာကြီး ဦးအောင်ချမ်းသာသည် ထိုတောအုပ်အတွင်း၌ အဆိုပါစေတီကို တည်ထားနေစဉ် ပြင်းထန်စွာ နာမကျန်းဖြစ်လာသည့်အတွက် တပည့်များက ရန်ကုန်မြို့ (၁၅)လမ်းရှိ တပည့်ဖြစ်သူ ဦးစိန်မြ၊ ဒေါ်သိန်းတို့၏ နေအိမ်သို့ ခေါ်ဆောင်ကာ သမားတော်ကြီးများနှင့် ကုသခဲ့ကြ၏။

ထိုသို့ ကုသနေစဉ်အတွင်း ဆရာကြီး ဦးအောင်ချမ်းသာမှာ တစ်ခါတစ်ရံ (၃)ရက်လောက် မေ့မြောသွားခဲ့ပြီး လူသေလို ဖြစ်သွားခဲ့၏။ ယင်းသို့ဖြစ်လျှင် တပည့်များက ကန်တော့ပွဲပြင်ကာ ဆီမီးထွန်းပြီး ဆရာကြီး ဦးအောင်ချမ်းသာအား ပြန်လည်ကြွရောက်ပါရန် ခေါ်ဆောင်စါက ဦးအောင်ချမ်းသာမှာ လူကောင်းပကတိ ပြန်ဖြစ်သွားလေ့ရှိပြီး မေ့မြောနေစဉ် ရက်များအတွင်းက မိမိရောက်ရှိခဲ့သည့် တောတောင်များ၊ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ထိုရက်များအတွင်းက မိမိရောက်ရှိခဲ့သည့် ရပ်ရွာတို့မှ လူနာများအား ဆေးကုသပေးခဲ့ပုံတို့ကို တပည့်များအား ပြန်လည်ပြောပြတတ်၏။

ဤသည်မှာ ရုပ်ထားနာမ်ခွာ အတတ်ဖြင့် ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းသာကပ်ကျော့်စေတီတော်အနီးရှိ အောင်ချမ်းသာကျောင်းတိုက်

ဦးအောင်ချမ်းသာ [illegible]ပြုသည့်ခြင်းပင်ဖြစ်ကြောင်း တပည့်များက ပြောကြားကြ၏။

**ဆရာကြီးဦးအောင်ချမ်းသာ ထွက်ရပ်လမ်းသို့ မြန်းကြွခြင်း**

ယင်းနောက်ပိုင်းတွင် ဆရာကြီး ဦးအောင်ချမ်းသာမှာ သမားတော်ကြီးများ ကြိုးစားကုသနေသည့်ကြားမှ ရောဂါပြင်းထန်လာပြီး ခရစ်နှစ်(၁၉၅၅)ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့၊ မွန်းလွဲ(၁)နာရီ (၃၀)မိနစ်အချိန်တွင် ရန်ကုန်မြို့၊ (၃၅)လမ်းရှိ တပည့် ဦးစိန်မြ၏ နေအိမ်၌ ခန္ဓာဝန်စွန့်ခွာခဲ့ပြီး ထွက်ရပ်လမ်းသို့ မြန်းကြွသွားခဲ့လေ၏။ ထွက်ရပ်မြန်းချိန်တွင် ဆရာကြီးဦးအောင်ချမ်းသာ၏ အသက်မှာ (၆၅)နှစ်ရှိပြီ ဖြစ်၏။

**ဂူဗိမာန်ဆောက်လုပ်၍ ဂူသွင်းသင်္ဂြိုဟ်ခြင်း**

ဆရာကြီး ဦးအောင်ချမ်းသာ၏ ကြွင်းကျန်ရစ်ခဲ့သော ခန္ဓာဝန်စွန့် ရုပ်ကလာပ်ကို အထက်ပါ စေတီတည်ထားရာ တောအုပ်အတွင်းသို့ သယ်ဆောင်ပြီး ဂူဗိမာန် ဆောက်လုပ်၍ ဂူသွင်း သင်္ဂြိုဟ်ခဲ့ကြလေ၏။

**စေတီတော်ကို ဆက်လက်တည်ထားကြခြင်း**

ဆရာကြီးဦးအောင်ချမ်းသာသည် အထက်ပါစေတီကို တည်ထားနေဆဲမှာပင် ထွက်ရပ်လမ်းသို့ မြန်းကြွသွားသည်ဖြစ်ရာ ကျန်ရှိခဲ့သော တပည့်များက စေတီတော်ကို ဆက်လက်၍ တည်ထားခဲ့ကြ၏။

**စေတီတော်ကို ထီးတော်တင်ခြင်း**

မြန်မာသက္ကရာဇ်(၁၃၁၈)ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ခရစ်နှစ် (၁၉၅၇)ခုနှစ်၊ မတ်လ (၁၅)ရက်နေ့တွင် အဆိုပါ စေတီတော်ကို အောင်မြင်စွာ ထီးတော်တင်လှူခဲ့ကြ၏။ ထီးတော်အလှူရှင်မှာ ရန်ကုန်မြို့ လူပျံတော်ပတ္တမြားဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်၊ ဒေါ်ငြိမ်းတို့ ဖြစ်ကြ၏။

**ဘွဲ့အမည်တွင်ခေါ်**

**အောင်ချမ်းသာကပ်ကျော့် ဆုတောင်းပြည့်စေတီတော်**

စေတီတော်ထီးတော်တင်ပြီးနောက် ထိုစေတီတော်အား အောင်ချမ်းသာကပ်ကျော့် ဆုတောင်းပြည့်စေတီတော်ဟူ၍ တညီတညွတ်တည်း ဘွဲ့တော်ဆက်ကပ် ပူဇော်ခဲ့ကြလေ၏။

**အောင်ချမ်းသာကပ်ကျော့် ဆုတောင်းပြည့်စေတီတော်သို့ ထူးထူးခြားခြား ရောက်ရှိလာတတ်သူများ**

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာသည် ထိုစေတီတော်အား တည်ထားခဲ့ရာတွင် ဘုရားကြီး၊ ဓာတ်ကြီး၊ နတ်ကြီး၊ သိုက်ကြီး စသည့် ကြီး(၄)ကြီးဆင်ပြီး ထက်မြက်သော လောကီသိဒ္ဓိအစီအရင်များ ပြုလုပ်ကာ




အောင်ချမ်းသာကပ်ကျော့်စေတီတော်ပရိဝုဏ်ရှိ ထွက်ရပ်ပေါက်သူတော်စင်ဦးအောင်ချမ်းသာ၏ရုပ်ထု

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားစွာ တည်ထားခဲ့သည့် အထွတ် သိုက်ပိုင်းဆိုင်ရာ အကြောင်းဆက်ရှိသူများကလည်း မြန်မာပြည် တစ်နံတစ်လျား ဝေးလံသီခေါင် အရပ်ဒေသများမှ ထိုင် ဤအောင်ချမ်းသာ ကပ်ကျော်စေတီတော်သို့ အရောက်လာ၍ စေတီတော်အတွက် လှူဒါန်းခြင်း သိုက်ပွဲဆက်ခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိကြသည်ဟု ဆို၏။


အောင်ချမ်းသာကပ်ကျော်စေတီတော် ဂေါပကအဖွဲ့၏ နာယကဖြစ်တော်မူသော
အောင်ချမ်းသာကျောင်းထိုင်ဆရာတော် ဦးပါမောက္ခ

ထိုပြင်/ဗိန္ဒာအရှုံးစခန်း ဝင်နေဟန်တူသော အရှူး ဆိုလို မြေလျှောက်ပုဂ္ဂိုလ်တို့သည်လည်း ဤကပ်ကျော် စေတီတော်၌ အမိဋ္ဌာန်စခန်း ဝင်ရောက်လေ့ရှိသည်ကို ထူးထူးခြားခြား တွေ့ရှိကြရ၏။

**သင်္ဘောသားများ ထူးခြားစွာ ဆုတောင်းပြည့်သည့် စေတီဖြစ်ခြင်း**

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာ တည်ထားခဲ့သည့် အဆိုပါ အောင်ချမ်းသာကပ်ကျော် ဆုတောင်းပြည့်စေတီတော်သို့ လာရောက်အဓိဋ္ဌာန်သော နိုင်ငံခြားသင်္ဘောသားတို့သည် ၎င်းတို့အဓိဋ္ဌာန်သည့်အတိုင်း ပြည့်စုံအောင်မြင်မှုရရှိကြသဖြင့် သင်္ဘောမတက်မီဖြစ်စေ၊ သင်္ဘောတက်ပြီး ရန်ကုန်ပြန်ရောက်သည့်အခါ၌ဖြစ်စေ ဖော်ပြပါ ကပ်ကျော်စေတီတော်သို့ လာရောက်ပြီး ဘုရားပွဲ၊ နတ်ပွဲ၊ သိုက်ပွဲများဆက်ကာ စေတီတော်အတွက် လှူဒါန်းခြင်းကိုပါ မပျက်မကွက် ပြုလုပ်လေ့ရှိကြ၏။

**မိမ့်မိမ့်သဲသဲ စည်ကားလှသည့် ဦးအောင်ချမ်းသာ ထွက်ပွဲ**

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာ၏ ထွက်ပွဲနေ့ အထိမ်းအမှတ်ကို နှစ်စဉ် တန်ဆောင်မုန်းလ ကွယ်နေ့တိုင်း ဖော်ပြပါ အောင်ချမ်းသာကပ်ကျော်စေတီ တော် ပရိဝုဏ်၌ ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြကုန်သော ပဋ္ဌာန်းဆက် သားတပည့်များဖြင့် လွန်စွာစည်ကားလှသည်ဟု ဆို၏။

**အောင်ချမ်းသာ ကပ်ကျော်စေတီတော်အနီးရှိ အောင်ချမ်းသာဘုန်းတော်ကြီးကျောင်း**

အထက်ဖော်ပြပါ အောင်ချမ်းသာ ကပ်ကျော်စေတီ တော် အနီးရှိ လမ်းတစ်ဖက်တွင် အောင်ချမ်းသာဘုန်း


ဦးအောင်ချမ်းသာ ရုပ်တုနှင့်ရှေ့ရှိ ဦးအောင်ချမ်းသာ ရုပ်ထု

တော်ကြီးကျောင်း တည်ရှိ၏။ ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာ ထွက်ရပ်လမ်းသို့ မဖြန်းခင်ကတည်းကပင် ဆောက်လုပ်လှူဒါန်းထားခဲ့သော ဘုန်းကြီးကျောင်းဖြစ်ပြီး သက်တမ်းနှစ်ပေါင်း(၆၀)ကျော်ခန့် ရှိပြီဖြစ်၏။

ယင်းဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် အဆက်ဆက် သီတင်းသုံးခဲ့ပြီး လက်ရှိ ကျောင်းထိုင်ဆရာတော်မှာ လွန်ခဲ့သည့် နှစ်ပေါင်း(၃၀)

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာ



ဂန္ဓာရီအရိုးတစ်ရာတွင် သူတော်စင် ဦးအောင်ချမ်းသာအား ရှိုးဝင်းအသားအသွင်ဖြင့် တွေ့မြင်ရစဉ်

ခန့်ကတည်းက ထိုကျောင်းတွင် နေထိုင်သီတင်းသုံးလာခဲ့သော ဆရာတော် ဦးပါမောက္ခ (သက်တော် ၆၈ နှစ်၊ ဝါတော် ၄၈ ဝါ) ဖြစ်၏။ ဆရာတော် ဦးပါမောက္ခ၏ သီလ၊ သမာဓိ စင်ကြယ်တည်ကြည်မှု ကြောင့် ယခုအခါ အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင် ရေ၊ မီးကအစ သံဃာ သနိက အဆောက်အအုံများဖြင့် ဝေဆာတင့်တယ်လျက် ရှိ၏။

ဆရာတော် ဦးပါမောက္ခသည် ဖော်ပြပါ အောင်ချမ်းသာကပ်ကျော်စေတီတော် ဂေါပကအဖွဲ့၏ နာယက ဆရာတော်ကြီးအဖြစ် တာဝန်ယူလျက်ရှိပြီး အောင်ချမ်းသာကပ်ကျော်စေတီတော်ကို အနီးကပ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၏။

**ခန္ဓာဝန်စွန့်ကာ ထွက်ရပ်လမ်းသို့ မြန်းသွားပြီးနောက် ဦးအောင်ချမ်းသာ ဘုရားတည်သည်ဆိုခြင်း**

ထွက်ရပ်ပေါက် သူတော်စင် ဦးအောင်ချမ်းသာသည် ခန္ဓာဝန် စွန့်သွားပြီးနောက် များမကြာမီကာလတွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့၌ ဘုရားတည်လျက်ရှိသည်ကို လူအများက တွေ့မြင်ခဲ့ကြရသည်ဟု ဆို၏။ ဦးအောင်ချမ်းသာ၏ သားတပည့်များကမူ သူတို့၏ဆရာကြီး ဦးအောင်ချမ်းသာဟာ သေသွားတာ မဟုတ်ဘူး။ ရုပ်ထား နာမ်ခွာပြီး ထွက်ရပ်လမ်းကို မြန်းသွားတာဟု ယုံကြည်လျက် ရှိကြ၏။



အောင်ချမ်းသာကပ်ကျော် ဆုတောင်းပြည့်စေတီတော်၏ ဂေါပကဥက္ကဋ္ဌ ဦးသိန်းဌေး(ဝဲ)နှင့် ဘေးချင်းကပ် ဦးမိုးမြင့်တို့အား ... တွေ့မြင်ရစဉ်

ထို့ကြောင့်ပင် ဦးအောင်ချမ်းသာ ခန္ဓာဝန် စွန့်သွားသည့် (၂၅) နှစ်မြောက်အထိမ်းအမှတ် သံဃာတော်များအား ဆွမ်းကပ်လှူပွဲ၌ ရေစက်ချ အမျှဝေစဉ် ရေစက်ချပေးသူ အောင်ချမ်းသာကျောင်းတိုက် ဆရာတော် ဦးပါမောက္ခက လွန်ခဲ့သည့်(၂၅)နှစ်ခန့်က ကွယ်လွန်သွားခဲ့သည့် ဖကာကြီး ဦး



www.burmeseclassic.com

www.burmeseclassic.com

အောင်ချမ်းသာအား ရည်စူး၍ လှူဒါန်းရသော ဤကုသိုလ်အကျိုးအား' ဟု ရွတ်ဆိုစဉ် ရေစက်ချ တရားနာကြားကြသည့် ဦးအောင်ချမ်းသာ၏ တပည့်သားသမီးများ။ 'တပည့်တော်တို့ အဖေကြီး ဦးအောင်ချမ်းသာ မသေမိသွားဘုရား။ ရုပ်ပြောင်းနာမ်ခွာ အတက်နဲ့ ထွက်ရပ်ထမ်း မြန်းသွားတာပါ။ ဒါကြောင့် ရေစက်ချကို ပြန်ပြင်ပြီး ရွတ်ဆိုပေးပါဘုရား' ဟု လျှောက်ထားကြသည့်အတွက် ဆရာတော် ဦးပါမောက္ခက လွန်ခဲ့သည့် (၂၅)နှစ်က ကွယ်လွန်သွားခဲ့သည့် ဒကာကြီး ဦးအောင်ချမ်းသာကို ရည်စူး၍အစား 'ဒကာကြီး ဦးအောင်ချမ်းသာကို ရည်စူး၍' ဟု ပြန်လည်ရွတ်ဆိုပေးခဲ့ရသည် ဟူ၏။

**အောင်ချမ်းသာကပ်ကျော်စေတီတော်၏ ဂေါပကအဖွဲ့**

အောင်ချမ်းသာကပ်ကျော်စေတီတော်၏ ဂေါပကအဖွဲ့ကို ဥက္ကဋ္ဌ ဦးစန်းဌေး၊ ဒုဥက္ကဋ္ဌ ဦးသိန်းလွင်၊ အတွင်းရေးမှူး ဦးကျော်ဦး၊ စာရင်းစစ် ဦးမျိုးမြင့် အပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းထားရှိ၏။ ဤဂေါပကအဖွဲ့လက်ထက်တွင် အောင်ချမ်းသာကပ်ကျော်စေတီတော် ပရိဝုဏ်၌ သာသနိကအဆောက်အအုံများ၊ ဘုရား၊ စေတီများဖြင့် ဝေဆာတင့်တယ်လာခဲ့ပြီး ဗုဒ္ဓသာသနာတော် ပိုမိုပွင့်လင်းလာခဲ့၏။

**အမိဋ္ဌာန်ဝင်ရောက်လိုသူများ လာရောက်နိုင်**

ထွက်ရပ်ပေါက်သူတော်စင် ဦးအောင်ချမ်းသာက ထူးခြားသော ဓာတ်ပန္နက်အစီအရင်များဖြင့် အုတ်မြစ်ချတည်ထားခဲ့သည့် ဖော်ပြပါ အောင်ချမ်းသာကပ်ကျော်စေတီတော်၌ ရက်အကန့်အသတ်ဖြင့် ငြိမ်းချမ်းစွာ အမိဋ္ဌာန်ဝင်ရောက်လိုသူတို့သည် ဂေါပကအဖွဲ့၏ နာယကဖြစ်တော်မူသော အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဦးပါမောက္ခ၊ ဖုန်း-၀၉ ၇၈၃ ၇၃၄ ၀၁၉ နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ ဖုန်း-၀၉ ၉၇၅ ၄၄၃ ၅၉၆ တို့ထံသို့ ဆက်သွယ်နိုင်ကြပါ၏။

ဝေနေယျအားလုံး ဘေးရန်ကင်းကြပါစေ

**မေတ္တာရည်၍**

**သစ္စာမင်းခေါင်**




မှတ်ပုံတင်ပြီး

# ' အဖေဆေး '

အမှတ်တံဆိပ်

## ဆီးချို၊ သွေးချို

## သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ပင်ရင်း အမှတ် (၃၀)၊ (၀၂၂)လမ်း၊
ရေတွင်းတုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁-၃၇၆၇၀၀၊ ၀၁-၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ်- ၂/ ၂၀၁၃ တာဝဝဝလ (၂၀၉၀)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR ၀၁၁၀၇၉(၁၁၁၄)
ကြော်ငြာခွင့်ပြုမှတ်အမှတ်- တာဝဝဝက (စာနယ်ဇင်း) ၀၀၄/၀၃၁၃

www.burmeseclassic.com

**ဗုဒ္ဓအား ပညာပြိုင်ခြင်း**

ဂေါတမရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အခါတစ်ပါး၌ သတ္တလောကကြီးအား ဒိဗ္ဗစက္ခုရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာ ဟိမဝန္တာတောမဟာဝယ် တန်ခိုးကြီးမားလှသည့် မဟောသရနတ်ဘီလူးမင်းနှင့် နတ်ဘီလူးပရိသတ်များသည်လည်းကောင်း၊ ယခု ကျိုက်ပိုင်းစေတီတော်တည်ရှိရာ ကုန်းမြေအလယ်ဗဟိုအောက် တွင်းလိုဏ်ခေါင်းအတွင်း၌ နေထိုင်သည့် သားတော် သာရဒေဝနတ်ဘီလူးနှင့် နတ်ပရိသတ်များသည်လည်းကောင်း၊ အကျွတ်တရားရကြ၍ ဘုရားသာသနာတွင် သက်ဝယ်ယုံကြည်မှုများကြောင့် နောင်လာနောက်သားများ အကျိုးများစွာရှိမည်ကို သိမြင်တော်မူသဖြင့် သီတင်းသုံးတော်မူရာ အရပ်မှ ယခု ကျိုက်ပိုင်းစေတီတော် တည်ရှိရာ ကုန်းမြေသို့ အဖော်မပါဘဲ ဘုရားရှင်တစ်ပါးတည်း ကြွတော်မူလျက် မဟောသရ နတ်ဘီလူးမင်း၏ သားတော်စံမြန်းရာ ဥမင်လိုဏ်ခေါင်းအတွင်း ဝင်၍ ဖလသမာပတ်ဝင်စားကာ သီတင်းသုံးတော်မူနေလေ၏။

မိမိ၏ ဝူမိမာန်အတွင်း ဝင်၍ ဖလသမာပတ် ဝင်စားတော်မူနေသော ဗုဒ္ဓမြတ်စွာကို မဟောသရ နတ်ဘီလူးမင်း၏ သားတော် မြင်တွေ့သောအခါ ဤသို့စဉ်းစား၏။ ငါ၏ နေရာဌာနသို့ လူသာမန်တို့ မရောက်ရှိနိုင်။ အလွန်တန်ခိုးရှိသော သူတစ်ယောက်သာ ဖြစ်ရမည်။

ထိုသူကို ငါသည် ယှဉ်ပြိုင်နိုင်စွမ်း မရှိချေ။ ငါ့ဖခမည်းတော်သာလျှင် ထိုပုဂ္ဂိုလ်ကို နှင်ထုတ်နိုင်မည်ဖြစ်ကြောင်း စဉ်းစားမိ၍ ဖခမည်းတော်ရှိရာ ဟိမဝန္တာသို့ သွားရောက်ကာ အကျိုးအကြောင်း ပြောပြလေ၏။

မဟောသရ နတ်ဘီလူးမင်းသည် သားတော်အလိုဆန္ဒအား လိုက်လျောကာ မိမိ၏ ပရိသတ်များနှင့်အတူ ယခု ကျိုက်ပိုင်းစေတီတော် တည်ရှိရာ ကုန်းမြေသို့ နတ်တန်ခိုးဖြင့် တစ်ခဏအတွင်း ရောက်ရှိလာလေ၏။

သားတော် နေထိုင်ရာအရပ်၌ အတင်းဝင်ရောက်နေထိုင်သူအား နှင်ထုတ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာသည့် မဟောသရနတ်ဘီလူးမင်းသည် ဗုဒ္ဓ

# အပရာဇိတဆံတော်ရှင် ကျိုက်အပိုင်းအွတ်စေတီတော်

မိုလ်တထောင် ကိုဦး



အရံစေတီတော်များနှင့် သပ္ပာယ်စွာ ဖူးတွေ့ရသော ကျိုက်ပိုင်းစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာအား မြင်တွေ့လေသော် စိတ်တစ်မျိုး ပြောင်းသွားသော၏။

ဂေါတမမြတ်စွာသည် မဟာဝုန်တော၌ မဟာသယသုတ်တော်ကို ဟောကြားတော်မူစဉ်က ကြားနာခဲ့ဖူးသော မဟောသရ နတ်ဘီလူးမင်းသည် ဗုဒ္ဓမြတ်စွာအား ကြည်ညိုခဲ့ဖူးသည်ရှိ၍ ထိုပုဂ္ဂိုလ်နှင့် တန်ခိုးပြိုင်ဆိုင်လိုသော စိတ်ဆန္ဒဖြစ်ပေါ်လာ၏။ ထို့ကြောင့် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။

'ဘုန်းတန်ခိုးကြီးတော်မူသော အရှင်ဘုရား..အရှင်သည် တန်ခိုးအရာ ကြီးမြတ်တော်မူကြောင်း ကြားဖူးပါ၏။ ကျွန်ုပ်သည်လည်း ဤအရပ်ဒေသ၌ နတ်တွင် ထင်ရှား တန်ခိုးအရာ ယှဉ်ပြိုင်နိုင်သူ မရှိသည့် တစ်ဦးတည်းသော တန်ခိုးရှင်ဖြစ်ပါသည်။ အရှင်နှင့် ကျွန်ုပ် တန်ခိုးအရာ ယှဉ်ပြိုင်လိုပါသည်။ အရှင်၏ တန်ခိုးကို မြင်တွေ့လိုပါ၏' ဟု လျှောက်ထားလေသည်။


ဂေါတမမြတ်စွာသည် နတ်ဘီလူးမင်း၏ စကားကို ကြားလေသော် ဤဘီလူးကား တန်ခိုးကြီးမားသော နတ်ဘီလူးမင်းဖြစ်၏။ ငါဘုရားအား ကြည်ညိုသည်ဖြစ်၍ သာသနာအတွင်း ဝင်ရောက်ပါက များစွာအကျိုးရှိချေမည်။

သူ၏ဆန္ဒကို လိုက်လျောအခွင့်ပေးမှ သင့်လျော်မည်ကို သိမြင်တော်မူသဖြင့် -


'ကောင်းပြီ။ သင်ပြိုင်လိုသော တန်ခိုးအရာကို ပြိုင်ခွင့်ပြုမည်။ ဘယ်ကဲ့သို့ ယှဉ်ပြိုင်ကြမည်နည်း' ဟု မိန့်တော်မူလေ၏။

မဟောသရ နတ်ဘီလူမင်းက 'အရှင်ဘုရား..ကလေးသူငယ်တို့ကဲ့သို့ ကိုယ်ကိုဝှက်တမ်း ကစားလို၏' ဟု လျှောက်၏။

ဘုရားရှင်သည် အလိုလိုက်တော်မူ၍ 'သင် အလိုရှိတိုင်း ကစားတော်မူမည်။ သင်ကပင် လျှင် ဦးစွာ ပုန်းကွယ်လော့။ ငါဘုရား ရှာတော်မူမည်' ဟု ပြောလေသော် နတ်ဘီလူးမင်းသည်


ရွှေမောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်

ထိုအရပ်၌ ကိုယ်ခန္ဓာကို ကွယ်စေပြီး ပရမာဏုမြူခန့် ကိုယ်ကို ဖန်ဆင်းလျက် မြေကြီးအတွင်း ၄ပ်လျှိုးကာ မြေထုအစု တစ်သိန်းခန့်အလွှာ၌ ပုန်းကွယ် ပြီးနောက် ကြားလောက်သော အသံကို ထင်စေလျက် ကျွန်ုပ်ကို


မြန်မာမှုအနုပညာလက်ရာမြောက် စောင်းတန်းထိပ်ဝ

www.burmeseclassic.com



မူလက်ရာမြောက် ထာရာမြှေ တန်ဆောင်း

ရှာလော့'ဟု အသံပြု၏။

ဘုရားရှင်သည် ဆင်ခြင်တော်မူပြီးနောက် လက်တော်ဖြင့် မြေလွှာကို ယူပြီးလျှင် လက်ဝါးပေါ်၌တင်ကာ မြေလွှာကို တစ်ထပ်ချင်းခွာချလျက် အောက်ဆုံးအလွှာသို့ ရောက်လေသော် 'အချင်း မဟောသရထလော့'ဟု မိန့်တော်မူလေ၏။

မဟောသရ နတ်ဘီလူးမင်းသည် အကြံဖြစ်၏။ ငါ့အား မမြင်ဘဲ မြင်ဟန်ဆောင်၍ ပြောသည်ထင်ကာ ထိုင်ရာမှ မထဘဲ နေလေ၏။ မြတ်စွာဘုရားရှင်သည် 'အို·· အချင်း မဟောသရ၊ သင်၏ အကြံအစည်ကိုပင် ငါသိ၏။ သင်၏ ကိုယ်၌ရှိသော ခြေ၊ လက်၊ မျက်စိမှသည် အူသိမ် အူမ၊ ကိုယ်မွေးများအထိ ငါမြင်တော်မူ၏'ဟု မိန့်လေသော် မဟောသရ နတ်ဘီလူးမင်းသည် နေရာမှထ၍ မြတ်စွာဘုရားရှင်အား လျှောက်ထားလေ၏။

'အရှင်ဘုရားသည် တန်ခိုးကြီးမားပေစွ။ ကျွန်ုပ်၏ အကြံကိုပင် သိ၏။ သို့သော်လည်း သင် တစ်လှည့် ပုန်းလော့။ ကျွန်ုပ် ရှာမည်'ဟု ဆိုလေ၏။

'အချင်းမဟောသရ··သင်သည် အလုံးစုံသောလက်ဖြင့် မျက်နှာကို ဖုံးအုပ်လော့'ဟု ပြောဆိုပြီး ကိုယ်တော်ကို ပရမာဏုမြူထက် သေးငယ်သောကိုယ် ဖန်ဆင်းကာ နတ်ဘီလူးမင်း၏ မျက်စိနှစ်ဖက်အကြား မျက်မှောင်၌နေ၍ အသံတော်ကို ကောဇ်းကင်မှ လာဘိသကဲ့သို့ 'ငါ့အား ရှာလေလော့'ဟု မိန့်လေ၏။

မဟောသရနတ်ဘီလူးမင်းသည် အုပ်ထားသော မျက်နှာကိုဖွင့်လျက် အလုပ်ထက်ဝန်းကျင်သို့ ရှာဖွေကြည့်လေသော် မမြင်မတွေ့ဖြစ်နေ၏။ အရပ်ထက်ဝန်းကျင်သာမက ဝှလိုဏ်၊ တောတောင်၊ သမုဒ္ဒရာမကျန် အကြိမ်ကြိမ်လှည့်ပတ်ရှာဖွေသော်လည်း မတွေ့မမြင်ရသောကြောင့် နောက်ဆုံးတွင် ဘုရားရှင်အား 'ကျွန်ုပ် မစွမ်းနိုင်တော့သဖြင့် ထင်ရှားပြတော်မူပါလော့'ဟု အရှုံးစကား ဆိုလေသော် ဗုဒ္ဓဘုရားရှင် သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာ၊ ခြောက်ဖြာသော ရောင်ခြည်တော်တို့ဖြင့် တန်ဆာဆင်အပ်၍ မဟောသရ၏ မျက်မှောင်ကြားမှ သက်ဆင်းကာ ကိုယ်ယောင်ပြတော်မူလေသည်။

ဗုဒ္ဓမြတ်စွာ၏ တန်ခိုးပြာဋိဟာကို မြင်တွေ့ရသော မဟောသရ နတ်ဘီလူးမင်းသည် လွှန်စွာဝမ်းမြောက်ပီတိဖြစ်လျက် လက်အုပ်ချီပြီးလျှင် 'အရှင်ဘုရားအား ယနေ့မှစ၍ ဆရာအဖြစ် ထင်ပါမည်။ တမည့်တစ်ဦးအဖြစ် လက်ခံတော်




ရင်ပြင်တော်ရှိ မြန်မာမှုလက်ရာမြောက် တန်ဆောင်းများ

www.burmeseclassic.com

ပူဇော်၍ အသက်ထက်ဆုံး ဆရာအဖြစ် ကိုးကွယ်ပါမည်' ဟု လျှောက်ထားတောင်းပန်လေ၏။

ဗုဒ္ဓမြတ်စွာသည် မဟာသရနှင့်တကွ အားလုံးသော ဒါယကာတို့အား သရဏဂုံသီလ၌ တည်စေ၏။ သရဏဂုံ သီလ ဆောက်တည်ပြီးသောအခါ နတ်ဘီလူးမင်းသည် ဘုရားရှင်အား မိမိတို့ အရှည်ကိုးကွယ်ပူဇော်နိုင်ရန် တစ်ခုခုကို ချီးမြှင့်ပါရန် လျှောက်ထားသောကြောင့် ဘုရားရှင်က ဤအရပ် ဤဒေသသည် သာသနာစည်ပင်ပြန့်ပွားပြီး နောင်လာနောက်သားတို့ အကျိုးများစွာ ဖြစ်ထွန်းမည်ကို သိမြင်တော်မူသဖြင့် လက်ယာတော်ဖြင့် ဦးခေါင်းတော်ကို သပ်၍ ပါရှိလာသော ဆံတော်မြတ်တစ်ဆူကို ပေးအပ်ကာ 'ငါဘုရား၊ ဖလသမာပတ်ဝင်စားသည့် နေရာ၌ ဌာပနာ တည်ထား ကိုးကွယ်ပူဇော်ကြ' ဟု မိန့်တော်မူလေ၏။ ထို့နောက် ဤကုန်းမြေမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်သို့ ပြန်ကြွသွားလေတော့သည်။


ထီးတော်ဟောင်းစေတီ

မဟောသရ နတ်ဘီလူးမင်းသည် ဆံတော်ရှင် ဓာတ် မြတ်ရတနာကို သားတော် စံမြန်းရာ မြေလိုဏ်ဂူဗိမာန် အတွင်း ဘုရားရှင် ဖလသမာပတ် ဝင်စားသည့် နေရာ၌ နတ်တို့ ဖန်ဆင်းအပ်သော ရတနာကြုတ်တော်တွင် ထည့် သွင်းကာ ကိုးကွယ်ပူဇော်တော်မူလေသည်။

**ပထမစေတီတော် တည်ခြင်း**

သီဟိုဠ်ရေဘေးကြောင့် ဝေပုလ္လပဗ္ဗတမြားရတနာကို အကြောင်းပြုကာ သာသနာတော်သက္ကရာဇ်(၂၃၉)ခုနှစ် တွင် အရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုစိတို့ ဦး ဆောင်သော သီဟိုဠ်ရဟန်းတော် ရှစ်ပါးတို့သည် ဗုဒ္ဓဆံတော်(၁၆) ဆူနှင့် သရီရဓာတ်တော်(၃၂)ဆူ တို့ဖြင့် မဏိဒီပကျွန်း သီဟာဒီပ မင်းထံ ရောက်ရှိခဲ့ကြသည်။

အရှင်ယသ မထေရ်သည် ဗုဒ္ဓမြတ်စွာ ဗျာဒိတ်တော် ထား ခဲ့သည့်အတိုင်း သိင်္ဂုတ္တရကုန်း တော်ကို ဝန်းရံနေသည့် ကုန်းတော် ကိုးဆယ့်ကိုးကုန်းတွင် ပထမ ဗေဒိတကုန်းတော်၌ စေတီတော် ကို ဦးစွာတည်ထားလေသည်။ ထိုစေတီမှာ ကျိုက္ကစံစေတီတော်ဖြစ်၍ စေတီအနီး ရဟန္တာ သိမ်တော် ဆောက်လုပ်ပြီးသောအခါ အရှင်ယသမထေရ် မြတ် ပျံလွန်တော်မူခဲ့လေ၏။

သီဟာဒီပမင်းသည် သီဟိုဠ်ရဟန္တာအရှင်မြတ် ခုနစ် ပါးတို့နှင့်အတူ ကျန်စေတီတော်(၁၀)ဆူအား ဆက်လက် တည်ထားပြီးနောက် ရွှေတိဂုံစေတီတော်၏ အနောက်


ရင်ပြင်ဝင်ပေါက် တောင်ဘက်ခြေ အာရုံခံတန်ဆောင်း နှင့်အတူ တွေ့မြင်ရသည့် ရုပ်တော်မှုမြတ်စွာဘုရား



www.burmeseclassic.com

မြောက်အရပ်၌ရှိသော ဒိုဂနိုပရောတောင်ပေါ်တွင် ကကုသန် ကောဏာဂုံ၊ ကဿပ မြတ်စွာဘုရားရှင်တို့၏ ဓာတ်တော် မွေတော်များ ကိန်းဝပ်ရာ ကျောက်တုံးစေတီ၌ ဂေါတမမြတ်စွာ၏ ဆံတော်နှင့် ဓာတ်တော်တစ်ဆူစီကို ဌာပနာ၍ သင်တိုင်းစေတီ တည်ထားလေ၏။

ထို့နောက် မဟေသရ နတ်ဘီလူးမင်း၏ သားတော် စံမြန်းရာ မြေလိုဏ်ဂူဗိမာန်အတွင်း မြတ်စွာဗုဒ္ဓ ဖလသမာပတ် ဝင်စားတော်မူခဲ့သည့်နေရာ၌ ဂေါတမမြတ်စွာ၏ ဆံတော်တစ်ဆူအား တည်ထားကိုးကွယ်ပူဇော်ခဲ့သော တွင်းဂူလိုဏ်ကို ငုံ၍ သာသနာတော်သက္ကရာဇ်(၂၄၀)ပြည့် နှစ်တွင် အရှင်သောဏ ဦးဆောင်သော သီဟိုဠ်ရဟန္တာများနှင့် သီပ[illegible] ို့က သင်တိုင်းစေတီကို ဂဝံကျောက်အုတ်တို့ဖြင့် တည်ထားကိုးကွယ်ခဲ့ကြလေသည်။ ဘုရားရှင် လက်ထက်က မဟေသရ နတ်ဘီလူးမင်းနှင့် တူတူပုန်းတမ်း ကစားရာ နေရာ၌ စေတီတော်တည်ခြင်းကြောင့် ဘွဲ့တော်ကို ကျိုက်အဝိုင်အွတ်စေတီဟု ခေါ်တွင်ခဲ့ကြသည်။ ထိုအရပ်ဒေသသည် သိဂိုဏ္ဍရကုန်းတော်အား



အစ်မတော်မြနန်းနွယ်နှင့် ဆက်စပ်ပတ်သက်မှုရှိသော ဆင်းတုတော်အား ဖူးတွေ့ရစဉ်

ဝန်းရံထားသော ကုန်းတော်ကိုးဆယ့်ကိုးကုန်းတွင် ပါဝင်သည့် မဟေသရကုန်းတော်မြတ် ဖြစ်ပါသည်။

## ဘုရားဒါယကာ ရာဇာဓိရာဇ်မင်း ကောင်းမှုတော်

မွန်မင်းအဆက်ဆက် ကိုးကွယ်ပူဇော်ခဲ့သော စေတီတော်ကို ပြုပြင်မွမ်းမံရင်း နှစ်ကာလကြာမြင့်သော် သာသနာတော်ကို သက်ဝင်ယုံကြည်မှုမရှိသော မင်းတို့ကြောင့် စေတီတော်မှာ ပျက်စီးယိုယွင်းလာခဲ့သည်။

ဒုတိယဟံသာဝတီခေတ်တွင် ဘုန်းတန်ခိုးကြီးမားခဲ့သော မွန်ဘုရင် ရာဇာဓိရာဇ်သည် မင်းမဖြစ်မီ ဒဂုံနယ်သို့ ထွက်ပြေးတိမ်းရှောင်ရင်း ဒိုဂနိုပရောတောင်ပေါ်ရှိ စေတီနှင့် အင်းစိန်သမိုင်းရှိ ကျိုက်အဝိုင်အွတ်ဆံတော်ရှင် စေတီထံမှောက် သစ္စာပြု ဆုတောင်းခဲ့သည်။ ဟံသာဝတီ ထီးနန်းကို ရရှိတော်မူပြီးနောက် ရာဇာဓိရာဇ်မင်းသည် သာခုဆံတော်ရှင်စေတီတော်နှင့် ကျိုက်အဝိုင်အွတ်စေတီတော်တို့အား ထပ်မံပြုပြင်၍ စေတီတော်ကို တည်ထားခဲ့လေ၏။

ဘုရားငုတ်တိုအဖြစ်သာ ကျန်ရှိနေသော ကျိုက်အဝိုင်အွတ်စေတီပျက်အား ငုံ၍ အပေါ်မှ ဂဝံကျောက်အုတ်တို့ဖြင့် စေတီတော်ကို ထပ်မံတည်ထား ကိုးကွယ်ခဲ့၏။ ရင်ပြင်တော်နှင့်တကွ ပြင်ဆင်တည်ထားပြီးသော ကျိုက်အဝိုင်အွတ်စေတီတော်ကို နှစ်စဉ် တပို့တွဲ(လကွယ်)ရက်များ၌ ပွဲလမ်းသဘင် ကျင်းပခဲ့ရာ ယနေ့တိုင် ဖြစ်လေသည်။

ဘုရားရှင်နှင့် မဟေသရ နတ်ဘီလူးမင်းတို့ တန်ခိုးပြိုင်ရာနေရာ၌ စေတီတည်ထားသောကြောင့် မွန်ဘာသာအားဖြင့် ကျိုက်အဝိုင်အွတ်စေတီဟု ခေါ်တွင်ခဲ့သည်။

မြန်မာဘာသာအားဖြင့် (ကျိုက်-ဘုရား၊ အဝိုင်-ကစားခြင်း၊ အွတ်-ပုန်းတမ်း) ပုန်းတမ်းကစားရာဘုရားဟု ခေါ်၏။ နောင်သော် ကျိုက်အဝိုင်အွတ်မှ ကျိုက်ဝိုင်းစေတီတော်ဟု ခေါ်တွင်လာကြ၏။

## သူတော်ဘိုးကာယ

ကောဇာသက္ကရာဇ်(၁၂၂၅)ခုနှစ်တွင် ပိတ်ဖြူစင်ကြယ်ဝတ် ဘိုးကာယ ဆိုသူသည် ကျိုက်ဝိုင်းစေတီတော်အနီးရှိ ဂူအတွင်း၌ တရားအားထုတ်ရင်း တစ်ပတ်တစ်ခါ သမိုင်းအောက်ရွာ၊ သမိုင်းကုန်းရွာ စသည်ဖြင့် အလှူခံထွက်၍ တစ်အိမ်လျှင် ဆန်တစ်လမယ်စီ အလှူခံပြီး

www.burmeseclassic.com



သော ဆန်များကို ရောင်း ချ ၍ ရောက်စီးနေသော ကျိုက်ပိုင်း စေတီတော်ကို အသစ်ပြုပြင်တည် ထား ရန် ကြိုးစားခဲ့သည်။

သူတော် ဘိုးကာယသည် ၏ အကြံအစည်ကို မင်္ဂလာဒုံ သူကြီး ဦးသာယောက်နှင့် ရွာ၌ နေထိုင်ကြသော လူ ကြီးများအား ညှိနှိုင်းတိုင်ပင်ပြီး စေတီတော်ကို ပြန်လည် တည်ခဲ့ကြလေ၏။

စေတီတော်ပေါင်း အောက် တည့်တည့်တွင် တွင်းလိုဏ်ခေါင်းကြီးတစ်ခု တွေ့ရ၍ အတောင်သုံးဆယ်ကျော်ရှိသော ဝါးလုံးဖြင့် တိုင်းတာ ကြည့်ကြရာ အဆုံးထိ မရောက်နိုင်အောင် တွေ့ကြရ သည်။ သူတော်ဘိုးကာယသည် ထိုတွင်းလိုဏ်ခေါင်းဝ အား ကျောက်ဖျာကြီးများ ပြုလုပ်ဖုံးအုပ်ပြီးနောက် ထို ကျောက်ဖျာပေါ်မှ၍ အုတ်ကျောက်တို့ဖြင့် စေတီတော် အသစ်တစ်ဆူ တည်ထားလေသည်။

သက်တော်ထင်ရှား ဂေါတမမြတ်စွာ၏ ဦးခေါင်း တော်မှ ဆံတော်ဓာတ်မြတ်ကိုငုံ၍ စေတီတော်တည်ထား ခဲ့သောကြောင့် ဘွဲ့တော်ကို အပရာဇိတ ဆံတော်ရှင်စေတီ တော်ဟု ဘွဲ့မည်သမုတ်ခဲ့၏။

အ-ပရာ-ဇိတ-အရှုံးမရှိ အနိုင်ရသည်။

ဆံတော်ရှင်-သက်ရှိခန္ဓာမှ ဆံတော်။

ဉာဏ်တော်အမြင့် အတောင် သုံးဆယ်ရှိသော အပရာဇိတ ဆံ တော်ရှင် ကျိုက်အဝိုင်အွတ်စေတီ တော် ဌာပနာအတွင်း ဗုဒ္ဓသရီရ ဓာတ်တော်,မွေတော်များ၊ ရဟန္တာ ဓာတ်တော်,မွေတော်များ၊ ရုပ်ပွား ဆင်းတုတော်များ၊ ပိဋကတ်ပါဠိ ဖြင့် ရေးသားသော ပေပုရပိုက် များကို ထည့်သွင်းဌာပနာ တည် ထားခဲ့သောကြောင့် ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿကစေတီတို့နှင့်ထိုက် သော စေတီတော်မြတ် ဖြစ်ပါသည်။

စေတီတော်ကို သုံးလနှင့် အပြီးတည်ပြီးနောက် (၁၂၂၅)ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၂၊ ၁၃၊ ၁၄)ရက် နေ့ကို ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ကျင်းပလာခဲ့ကြ၏။

သူတော်ဘိုးကာယသည် စေတီတော်ကို ပြုပြင်မွမ်းမံ လာခဲ့ရင်း ကောဇာသက္ကရာဇ်(၁၂၃၄)ခုနှစ်၊ တန်ဆောင် မုန်းလဆန်း (၁၂)ရက်၊ အသက်(၇၀)နှစ်တွင် အနိစ္စ ရောက်ခဲ့လေသည်။

သူတော်ဘိုးကာယသည် မကွယ်လွန်မီ မိန့်ဆိုစကား တစ်ခု ထားခဲ့၏။ ဤနေရာ ဤအရပ်သည် နောင်နှစ် ပေါင်းခြောက်ဆယ်ကျော်သောအခါ မြို့လယ်သော်လည်း



ရွှေမဟာဝင်းသိမ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အရှေ့တောင်ထောင့်အရပ်ရှိ မဟာဗောဓိပင်နှင့် တံခွန်တိုင်

ကောင်း၊ ရေလယ်သော်လည်းကောင်း ရောက်မည်ဟု မိန့်ဆိုခဲ့၏။ ထိုအချိန်မတိုင်မီ ဤစေတီတော်အနီးသို့ ဆင်ဖြူတော် ရောက်ရှိလာမည်ဟု မှာကြားခဲ့လေသည်။

**အရံစေတီတော်များ တိုးပွားလာခြင်း**

သူတော်ဘိုးကာယ ကွယ်လွန်အနိစ္စရောက်ပြီးနောက် မင်္ဂလာဒုံတိုက်သူကြီးမင်း ဦးတာပိုးနှင့် စေတီတော်အနီး၌ နေထိုင်ကြကုန်သော သမိုင်းရွာ၊ သမိုင်းကုန်းရွာ၊ ဘိုးကုန်းရွာများမှ လူကြီးများသည် စေတီတော်ကိစ္စအဝဝကို ဆောင်ရွက်လုပ်ကိုင်လာကြရာ စေတီတော်အထက်ပစ္စယံ၌ စေတီရံ(၁၆)ဆူ အလယ်ပစ္စယာ၌ စေတီရံ(၁၆)ဆူနှင့် အောက်ပစ္စယာ၌ စေတီရံ(၈၅)ဆူ စုစုပေါင်း(၁၁၇)ဆူကို (၁၂၃၄)ခုနှစ်အတွင်းမှာပင် ပြီးစီးအောင် တည်ထားနိုင်ခဲ့ကြသည်။


**လူမျိုးခြားဆာမိ သဒ္ဓါအားကြီး**

(၁၂၃၉)ခုနှစ်အထိ စေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာ ကောဇာသက္ကရာဇ်(၁၂၄၀)ပြည့်နှစ် ရောက်သောအခါ လူမျိုးခြားကန်ထရိုက်အလုပ် လုပ်ကိုင်သော လုပ်ငန်းရှင် ဆာမိဆိုသူသည် ဗုဒ္ဓဘာသာ သာသနာတော်ကို သက်ဝင်ယုံကြည်၍ စေတနာအား၊ သဒ္ဓါအား ကြီးထွားလာခဲ့ရာ စေတီတော်ကို ထပ်မံပြုပြင်လှူဒါန်းလိုသော စိတ်ဆန္ဒ ကြီးမားစွာဖြင့် ကျေးရွာရှိ လူကြီးလူကောင်းများနှင့် တိုင်ပင်ခဲ့ရာ အားလုံးက သဘောတူညီခဲ့ကြ၏။

လူမျိုးခြား ကုလားဆာမိသည် စေတီတော်ကို ဉာဏ်တော်လေးတောင် တိုးမြှင့်၍ လက်ရှိမြင်တွေ့နေရသော ဉာဏ်တော် အတောင်(၃၄)တောင်ရှိ စေတီကိုလည်းကောင်း၊ ထီးတော်အထွတ်ကို တင်လှူ၍လည်းကောင်း၊ ကုန်းတော်ရင်ပြင်ရှိ အနောက်ဘက်စောင်းတန်းထိပ်ဝ၌ အုတ်တန်ဆောင်းတစ်ဆောင် ဆောက်လုပ်ခြင်းကိုလည်းကောင်း သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းမှု ပြုခဲ့လေ၏။

**သူတော်ဘိုးကာယစကား မှန်လေပြီ**

နောက်ပိုင်းကာလများ၌ စေတီတော်ပတ်လည်တွင် ကျေးရွာအရပ် အိမ်ခြေများ တစ်နေ့တခြား စည်ကားတိုးတက်လာ၏။ လူနေအိမ်ခြေ တိုးတက်စည်ကားလာခဲ့သလို လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေသော လမ်းများလည်း ပေါ်ပေါက်လာ၏။ စေတီတော်ဝန်းကျင်တွင် စိမ်းလန်းသာယာသော ဥယျာဉ်ခြံမြေများ၊ ရဟန်းသံဃာများ သီတင်းသုံးရာ ကျောင်းဗိမာန် ဘုံဆောင်ပြာသာဒ်တို့သည် ထင်ရှားစွာ ပေါ်ပေါက်လာခဲ့ကြလေသည်။




သုတော်ဘိုးကာလ ရုပ်ထုတော်



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ ကောဇာသက္ကရာဇ် (၁၂၆၇)ခုနှစ်၌ ထားဝယ်ဒေသမှ ရောက်ရှိလာသော ဆင်ဖြူမကြီး တစ်ကောင်နှင့် ဆင်မဲတစ်ကောင် တို့သည် စေတီတော်အနီး တစ်လ ကြာ ရောက်ရှိလာပြီးနောက် အရပ် ရပ်မှ ကြားမိကြသူတို့သည် ဆင် ဖြူတော်ကြည့်ရှုရန် လာကြရာမှ သမိုင်းထင်ရှား ရှေးဟောင်းစေတီ တော်မြတ်ကို တွေ့မြင်သိရှိရာမှ စေတီတော်မြတ်ကြီးမှာ တန်ခိုး ထင်ရှား လူသိများလာပါတော့ သည်။



အနောက်ဘက်စောင်းတန်း ထိပ်ဝရှိ လူမျိုးခြား တောင်တန်ဆောင်း

သူတော်ဘိုးကာယ မိန့်ခဲ့သည့်အတိုင်း ဆင်ဖြူတော် ရောက်ရှိလာရုံသာမက ဤအရပ်ဒေသသည် ယခုအခါ မြို့လယ်အဖြစ် စည်ကားစွာ ရှိနေပါတော့သည်။ စေတီ တော်ကြီး၌ တန်ဆောင်း၊ ဇရပ်၊ စောင်းတန်းလှေကား ဖြူပြင်လှူဒါန်းလိုကြသော စေတနာရှင် အလှူ့ဒါယကာ၊ ဒါယိကာမများ ပေါ်ပေါက်တိုးပွားလာ၏။

**လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော စေတီတော်**

(၁၂၇၉)ခုနှစ်မှစ၍ ကျိုက်ဝိုင်းအရှေ့ကျောင်း ဆရာ တော် ဦးတေဇဝန္တမှ စတင်ကာ ဆရာတော်ကြီးများ အဆက်ဆက် စေတီတော်ကြီးအား ထိန်းသိမ်းစောင့် ရှောက်လာခဲ့ကြသည်။ စေတီတော်ရင်ပြင်တော်၌လည်း ပိဋကတ်တိုက် ဆောက်လုပ်ခြင်း၊ ဓမ္မာရုံ၊ သာသနိက အဆောက်အအုံ စသည်ဖြင့် အဆောက်အအုံများစွာကို ဆောက်လုပ်လှူဒါန်းမှုပြုကြပြီး စေတီတော်မှာ သပ္ပာယ် ကြည်ညိုစွာဖြင့် ဘုရားဖူးပြည်သူများအား စိတ်နှလုံးအေး ချမ်းစွာ ဘုရားကိုအာရုံယူ ဖူးမြော်နိုင်ကြပြီ ဖြစ်သည်။

ကောဇာသက္ကရာဇ်(၁၃၀၀)ပြည့်နှစ် ရောက်သော အခါ ရန်ကုန်မြို့၊ လသာလမ်းတွင် နေထိုင်သော အလှူရှင် ဒေါ်ဒေါ်သင်၊ သားသူဌေး K ဘကြီးနှင့် သားသမီးတို့က ထိုအချိန်က ကာလတန်ဖိုး(၃၀၀)တန် ထီးတော်အသစ် တို့ လှူဒါန်းသည့်အပြင် စိန်ဖူးတော်၌ တပ်ဆင်ရန် စိန်၊ ပုလဲ၊ ကျောက်နီ၊ ဂေါမုတ်၊ ဥဿဖရား၊ ရွှေ စသော ရတနာမျိုးစုံကိုပါ ထက်သန်သော စေတနာဖြင့် လှူဒါန်းမှု ပြုခဲ့သည်။

ခုနှစ်နေ့သားသမီး စေတနာရှင်အပေါင်း ထည့်ဝင် လှူဒါန်းကြသော စိန်၊ ရွှေ၊ ရတနာ၊ ငွေကြေးတို့ဖြင့် စိန်ဖူးတော်အသစ်၊ ထီးတော်အသစ် တင်လှူပွဲကို (၁၃၀၁) ခုနှစ်၊ ကဆုန်လတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး လှူ ဒါန်းမှု အစုစုကို ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကာလ ဂျပန်စစ်သားများသည် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားကျောင်းကန်များစွာကို ဖျက် ဆီးခဲ့ကြသော်လည်း ကျိုက်ဝိုင်းဘုရား နယ်မြေအတွင်းရှိ ဆရာတော် သံဃာတော်များ၊ လူပုဂ္ဂိုလ်များ၏ ဘာသာ သာသနာ ချစ်စိတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့သော ကြောင့် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော်မှာ ဘေးအန္တ ရာယ်မှ လွတ်ကင်းခဲ့ရလေ၏။

**မျက်မှောက်ခေတ် အခြေအနေ**

ယနေ့ ကျိုက်ဝိုင်းစေတီတော်မြတ်သည် သမိုင်းဝင် ထင်ရှား ရှေးဟောင်းစေတီတော်တစ်ဆူအဖြစ် ရန်ကုန်မြို့ တွင် ထင်ရှားလှပေသည်။ စေတီတော်မှာ ပန်းတင်ခုံရှစ် မြှောင့်ချိုးပုံစံဖြစ်၏။ ရင်ပြင်တော်မှာ ကျယ်ဝန်းလှသည်။ ကျယ်ဝန်းလှသော ရင်ပြင်တော်ပေါ်တွင် နေရာလွတ် မရှိ ရလေအောင် ယနေ့ ဂေါပကလူကြီးများက စွမ်းစွမ်းတမံ ကြိုးစားမှုကြောင့် သာသနိကအဆောက်အအုံများဖြင့် ပြည့်နေပြီ ဖြစ်သည်။

(၂၀၀၈)ခုနှစ်ကာလ နာဂစ်မုန်တိုင်းကြောင့် ထီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလိုက်ခေါင်းပေါက်စေတော်အား ရှု၍ တည်ဆောက်ထားသော ထီးတော်တွင်းတန်ဆောင်း

တော် ပိန္နဲတိုင်မှာ ပျက်စီးခဲ့ရသည်။ ပြန်လည်ပြုပြင်ရန် မဖြစ်နိုင်တော့၍ ထီးတော်အသစ်ကို (၂၀၀၉)ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့တွင် အသစ်လဲလှယ်တပ်ဆင်ပြီး ရင်ပြင်တော်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ထီးတော်တင်မင်္ဂလာဆင်ယင်ကျင်းပခဲ့ကြလေသည်။

နှစ်ပေါင်းရှစ်ဆယ်နီးပါး ကြာပြီဖြစ်သော ထီးတော်ဟောင်းကို တနင်္ဂနွေထောင့်တွင် အလှူရှင် ဂေါပကလူကြီး ဦးအုန်းကြိုင်၊ ဒေါ်စိန်ဝင်း သားသမီးမိသားစုများက (၂၀၀၉)ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့တွင် မူလထီးတော်ဟောင်းအား ငုံ၍ ထီးတော်စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့လေ၏။

စေတီတော်တောင်ဘက် အောင်မြေမှာရုံနှင့် အနန္တမေတ္တာ တန်ဆောင်းအကြား၌ ရေးဟောင်းသိမ်တော်ကြီးတစ်ခု ရှိခဲ့၏။ ကောဇာသက္ကရာဇ်(၁၁၈၃)ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့သော နှစ်ပေါင်း နှစ်ရာနီးပါး တည်ရှိခဲ့သည့် ယင်းရှေးဟောင်းသိမ်တော်ကြီးအား (၁၃၇၂)ခုနှစ်တွင် အလှူရှင် ဦးဝင်းကြည်၊ ဒေါ်လှရီ သားသမီးမြေးမြစ်များက အကြီးစားပြင်ဆင်ခြင်းအဖြစ် အမိုးများ အသစ်လဲလှယ်ခြင်း၊ နံရံများ ပြုပြင်ခြင်း၊ တံခါးများ အသစ်လဲလှယ် တပ်ဆင်ခြင်း၊ ကြမ်းခင်းကျောက်ပြားများ ခင်းခြင်း၊ မဟာရာမ်တံတိုင်းခတ်ခြင်း၊ မျက်နှာကြက်အသစ် တပ်ဆင်၍ ဆေးများသုတ်ခြင်းကို လှူဒါန်းခဲ့ကြသည်။

ယခင်က မှန်ဦးများသာ ရှိခဲ့သော်လည်း ယခုအခါ စောင်းတန်းကြီး လေးသွယ်မှာ ထင်ရှားစွာပေါ်လာခဲ့ပြီဖြစ်၏။ ထို့ပြင် ရင်ပြင်တော်ပေါ်၌ (၁၂၅၉)ခုနှစ်က သွန်းလုပ်ခဲ့သော ခေါင်းလောင်းကို နတ်ဘီလူးနှစ်ဦးက ထမ်းထားပုံ၊ (၁၂၇၆)ခုနှစ်က ခေါင်းလောင်းကို သူငယ်တော်ရုပ်နှစ်ခုက ထမ်းထားပုံနှင့် ပဋ္ဌမသင်္ဂါယနာတင်ခေါင်းလောင်းကိုမူ ဂဠုန်မင်းနှစ်ဦးက ထမ်းထားပုံတို့ကို ရင်ပြင်တော်ပေါ်၌ တွေ့မြင်ရပေမည်။

ယနေ့ ကျိုက်ဝိုင်းစေတီတော်မြတ်၏ မူလအလှူဒါယကာကြီး ဘိုးသူတော်ဦးကာယ၏ ရုပ်တုတော်ကိုလည်း သဒ္ဓါကြည်ညိုစွာ တွေ့မြင်နိုင်ပါသည်။ ဘုရားသုံးဆူ အာရုံခံတန်ဆောင်း၊ တောင်ဘက် အာရုံခံတန်ဆောင်း၊ မြောက်ဘက် အာရုံခံတန်ဆောင်း၊ အနောက်ဘက် အာရုံခံတန်ဆောင်း၊ သူတော်စင်တန်ဆောင်း၊ အစ်မတော် မြနန်းနွယ်တန်ဆောင်း၊ ရှင်သီဝလိတန်ဆောင်း၊ အောင်မြေအာရုံခံတန်ဆောင်း၊ အနန္တမေတ္တာ အာရုံခံတန်ဆောင်း၊ ဗုဒ္ဓမေတ္တာအာရုံခံတန်ဆောင်း၊ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း၊ ဆာမိတန်ဆောင်း၊ ဆရာဖြေတန်ဆောင်း၊ ဆံတော်တွင်း



ဘုရားသမိုင်းအား ရှင်းလင်းဇော်ရွှေစွာ ရှင်းပြနေကြသော ဂေါပကအဖွဲ့ဝင်များ
[ဦးစောနီမြင့်(ဝဲ)၊ ဦးမောင်လှိုင်(လယ်)၊ ဦးအုန်းကြိုင်(ယာ)]

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓကုဋီအာရုံခံတန်ဆောင်း စသည်ဖြင့် ရင်ပြင်တော်တော်လည်တွင် နေရာလွတ် မရှိရလေအောင် သာသနိကအဆောက်အအုံများစွာ တွေ့မြင်ရပေမည်။

ဆံတော်တွင်း ဂန္ဓကုဋီအာရုံခံတန်ဆောင်းအတွင်း၌ ဓမ္မဃောသရ နတ်ဘီလူးမင်း၏ သားတော်နေထိုင်ရာ တွင်းဂူလိုဏ်ဝကို ကျောက်ဖျာလေးချပ်ဖြင့် ပိတ်ဆို့ထားသည့်နေရာအား ပြည်သူအများ လေ့လာကြည့်ရှုနိုင်ရန် တစ်နှစ်တစ်ခါ ဖွင့်လှစ်ပြသပေးကြောင်း ဂေါပကအဖွဲ့မှ ရှင်းလင်းပြောကြားခဲ့သည်။

**ကျေးဇူးစကား**

ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီဇတ်မြတ်ကြီး သမိုင်းဆောင်းပါး ရေးသားရန်အတွက် ရင်းနှီးပွင့်လင်းစွာ ဖိတ်ခေါ်၍ ရှင်းလင်းပြောကြားပေးခဲ့ပါသော အလှည့်ကျ ဂေါပကလူကြီးများ ဖြစ်ကြသည့် ဦးသန်းမြင့်၊ ဦးမောင်လှိုင်၊ ဦးအုံးကြိုင်၊ ဦးအေးမြင့် စသောပုဂ္ဂိုလ်ကြီးများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း ကျေးဇူးစကား ဆိုပါရစေ။ အထူးသဖြင့် ကိုယ်တိုင် လိုက်လံပြသ ရှင်းလင်းပြောကြားပေးခဲ့သော အဘဦးသန်းမြင့်အား လွန်စွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အဘ ရှင်းလင်းပြောကြားခဲ့သော အကြောင်းအရာများအနက် ထူးခြားလှသည့် အစ်မတော် မြနန်းနွယ်နှင့် ဆက်စပ်ပတ်သက်ခဲ့သော အောင်မမ္ဘာရုံအတွင်းရှိ မည်သည့်အချိန်ကတည်းက ထားရှိကိုးကွယ်ထားကြောင်း မှတ်တမ်းမရှိခဲ့သည့် ဆင်းတုတော်တစ်ဆူနှင့် အစ်မတော်နှင့် နှစ်ကြိမ်တိုင်တိုင် တွေ့မြင်ခဲ့ရုံမက အတူတကွ ဘုရားဖူးခဲ့ရသော အဘ၏ ပဋ္ဌာန်းဆက်ကုသိုလ်ထူးကိုလည်း သာဓုခေါ်ဆိုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဂေါပကအဖွဲ့၏ အလိုဆန္ဒ**

ပြီးပြည့်စုံပြီဖြစ်သော သာသနိကအဆောက်အအုံများစွာကို ဂေါပကလူကြီးများက ဦးဆောင်၍ ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း ဤမျှနှင့် အားရတင်းတိမ် ကျေနပ်ခြင်း မရှိကြ။ ဂေါပကလူကြီးများ၏ အလိုဆန္ဒတစ်ခု ကျန်ရှိနေပါသေးသည်။ ဘာသာ သာသနာအကျိုး ဆောင်ရွက်ရင်း နိဗ္ဗာန်မဂ်ဖိုလ်မျှော်၍ အတူတကွ ရောက်ရှိ



ကြစေရန် ရည်သန်လျက် ကျိုက်ဝိုင်းစေတီတော်မြတ်၏ အထွတ်တင်စိန်ဖူးတော်ကြီးအား ရွှေသားပိဿာချိန် တစ်ပိဿာတိတိဖြင့် ထားရှိပူဇော်လိုသည့် အလိုဆန္ဒအား ဖြည့်ဆည်းနိုင်ကြစေရန် ခုနစ်နေ့သားသမီး သူတော်စင်အပေါင်းတို့သည် ဂေါပကရုံးခန်းရှိ ဖုန်းနံပါတ် (၀၁) ၆၆၀၀၀၆ နှင့် ၀၉၈၆၀၂၁၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ကျိုက်ဝိုင်းစေတီတော်သို့ သွားရောက်လိုပါက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းလမ်းဆုံမှ ရှစ်မိုင်လမ်းဆုံသို့ ဆက်သွယ်သော လမ်းမကြီးအတွင်း ကျိုက်ဝိုင်းဘုရားလမ်း မှတ်တိုင်တွင် ဆင်းပါက စေတီတော်သို့ ရောက်ရှိပြီ ဖြစ်ပါသည်။

**ခုနစ်နေ့သားသမီးအပေါင်း**

**ဘေးဘယာကင်းဝေးကြပါစေ**


**ဗိုလ်တထောင် ကိုဦး**

**မှီငြမ်း** * ဂေါပကအဖွဲ့က ပြုစုသည့်
ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်
ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးသမိုင်း။



www.burmeseclassic.com

www.burmeseclassic.com




ရွှေနတ်ကူ ... ရုပ်ပွားတော်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ မကျည်းတန်းရပ် ယခုအခါ သီရိမင်္ဂလာကံဦးကျောင်းတိုက်မှ စတင်သွန်းလုပ်ရန် ကြိုးပမ်းခဲ့သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး တစ်ဆူသည် ယခုအခါ ကောန်ကျော်ကြားခဲ့ပြီ ဖြစ်သော ဘုရားကြီး တစ်ဆူအဖြစ် ဖျာပုံမြို့တွင် ကိန်းဝပ်စံပျော်နေပြီဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ဂုဏ်ဆောင် ထမင်းဈေးဟု ခေါ်သော၊ ထမင်းအိုးကြီးဟု ခေါ်

မြမဥ္ဇူဝေ(ကျုံမငေး)

# ဖျာပုံမြို့၏ ရေးဟောင်းအမွေခံ
## ကောန်ကျော်ကြား
# အတုလမာရဇိန် ရွှေနတ်ကူကြေးသွန်းဘုရားကြီး



သန့်ရှင်းသပ်ရပ်သော ရင်ပြင်တော်တစ်နေရာ

သော ဖျာပုံမြို့သည် သီးနှံဖွံ့ဖြိုးဆန်ရေစပါး အလွှန်ပေါကြွယ်ဝသော မြို့ကြီးဖြစ်ရုံသာမက ရေသယံဇာတ၊ ငါး,ပုစွန်ပေါသော ဒေသလည်း ဖြစ်သောကြောင့် စီးပွားရေးကောင်းမွန်ကာ မြန်မာပြည်ထက်,အောက် မြို့အသွယ်သွယ်နှင့် ကုန်စည်ကူးသန်း သွားလာနေသည့် စီးပွားရေးကောင်းမွန်သည့် မြို့ကြီးဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်စည်ပင်သော ဖျာပုံမြို့တွင် သာသနာလည်း ထွန်း

www.burmeseclassic.com


ထင်းခဲ့သောကြောင့် ရေခြားမြေခြား ဘုရားဖူးများနှင့်လည်း စည်ကားနေပြန်ပါသည်။ ထို့ကြောင့် ဘုရားဖူးခရီးသွားများ၏ တစ်ခါမက ဖူးမြော်နေကြသော ဖျာပုံမြို့၏ ဂုဏ်ကျက်သရေဆောင် အတုလမာရဇိန် ရွှေနတ်ကူဘုရားကြီးသို့ ဘုရားဖူးတစ်ခေါက် ရောက်ခဲ့ချိန် မေးမြန်းမှတ်သား ဖူးတွေ့ခဲ့ရမှုများကို ပြန်လည်ရေးသား ပူဇော်အပ်ပါသည်။

ဖျာပုံမြို့ သီရိမင်္ဂလာကံဦးကျောင်းတိုက်၏ ဆရာတော် ဦးနရိန္ဒထေရ်မြတ်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စိတ်ဝမ်းတူစွာ သွန်းထုကိုးကွယ်ကြရန် ဗုဒ္ဓရုပ်ပွားတစ်ဆူကို ထုဆစ်ခဲ့ကြပါသည်။


ကောဇာသက္ကရာဇ်(၁၂၂၂)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် သက်တော်ထင်ရှား မြတ်ဗုဒ္ဓ၏ကိုယ်စား ကိုယ်ပွားဆင်းတုကို သွန်းထုရန်၊ မင်္ဂလာကြေးသွန်းဖိုကြီး နှစ်ဖိုကို ကျွမ်းကျင်သော ကြေးသွန်းဆရာကြီးများဖြင့် တည်ခဲ့ပြီး အများစုပေါင်း ကောင်းမှုပြု လှူဒါန်းခဲ့သော ရွှေ၊ ငွေ၊ ကြေး အစရှိသော ပစ္စည်းများဖြင့် ရုပ်ပွားတော်သွန်းထုရန် ကြိုးစားခဲ့ကြပါသည်။

လှူဒါန်းမှုသဒ္ဓါအား ဖြူစင်စွာဖြင့် လိမ္မာကျွမ်းကျင်သည့် ကြေးသွန်းပညာရှင်ကြီးများမှ အားသွန်ခွန်စိုက် သွန်းလောင်းကြပါသော်လည်း ရုပ်ပွားဆင်းတုတော်အဖြစ်သို့ မရောက်နိုင်အောင် ဖြစ်နေခဲ့ရလေသည်။ ဤသို့ဖြင့် တစ်နေ့အခါတွင် အမျိုးအမည်မသိ မထင်ရှားသော အမျိုးသား နှစ်ဦးသည် အလွန်ကြီးမားသော လှပသည့် ငွေခွက်ကြီး တစ်လုံးစီကို ရင်မှာပိုက်၍ ကြေးသွန်းနေသော မင်္ဂလာဖိုကြီး နှစ်ဖိုဆီသို့ ဦးတည်၍ သွားခဲ့ကြပြီး ဆင်းတုတော်ကြီး သွန်းထုနေသော နာယကဆရာတော် ဦးနရိန္ဒအရှင်မြတ်ထံ မိမိတို့ပါလာသော မင်္ဂလာငွေခွက်ကြီးများကို မင်္ဂလာကြေးသွန်းဖိုကြီး တစ်ဖိုစီ၌ တစ်လုံးကျစီထည့်၍ မိမိတို့ကိုယ်တိုင် သွန်းလောင်းပါရစေဟု လျှောက်ထားခွင့်ပန်ခဲ့ရာ ဆရာတော်ကလည်း ခွင့်ပြု၍ ဆက်လက်သွန်းလောင်းခဲ့ကြရာ လွယ်လင့်တကူဖြင့် သပ္ပာယ်တော်မူလှသော ကြေးဆင်းတုတော်ကြီးအဖြစ် ရောက်ရှိတော်မူခဲ့ပါသည်။


ကြေးဆင်းတုတော်ကြီး သွန်းထုရာတွင် အမျိုးအမည်မသိ မထင်မရှား လုလင်နှစ်ဦးသည် မိမိတို့၌ပါလာခဲ့သော




ရွှေနတ်တောင်ကြေးသွန်းရုပ်ပွားတော်



ဓါးအစင်းနှင့် ရွှေစေတီ၊ ငွေစေတီ



ရွှေနတ်ကူဘုရားကြီးရှိ အဝင်မုခ်ဦး



ရွှေနတ်ကူဘုရားကြီး၊ သာသနိကနယ်မြေရှိ ပြင်းနိမ့်တောင် ရွှေစေတီများ



ရာဇဝင်ကြီး သွန်းလုပ်ပွားတော်မြတ် ကိန်းဝပ်စံနေတော်မူသော ဂန္ဓကုဋိတိုက်အဝင်

ငွေခွက်ကြီး နှစ်ခွက်ကိုပါ ကြေးသွန်းဖိုတွင် ထည့်သွင်းကျိုချက်ကာ ကိုယ်တိုင် ပါဝင်သွန်းထုခဲ့မှုကို လူအများက ထူးဆန်းစွာ ကြည့်ခဲ့ကြပါသည်။ သူ့ထက်ငါတိုးကာ ကြည့်နေဆဲမှာပင် ထိုသူနှစ်ဦးမှာ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့ပါသည်။

ထိုဖြစ်ရပ်ကို ဆရာတော်နှင့်တကွ တပည့် ဒါယကာ၊ဒါယိကာမ အပေါင်းက အံ့မခန်း အံ့ဩမဆုံး ပီတိများဖြစ်ကြကာ ဆရာတော်သည် မိန့်ခွန်းစကား တစ်ခွန်းကို ဆိုခဲ့ပါသည်။

'စေတနာသဒ္ဓါတူစွာ ကြည်ဖြူသောစိတ်များဖြင့် သွန်းထုခဲ့သော်လည်း မရ။ ကျွမ်းကျင်သူတို့၏ ကြိုးစားမှုသည်လည်း အရာမထင် ဖြစ်နေစဉ်မှာ မထင်ရှားသော လုလင်နှစ်ဦးမှ ငွေခွက်တစ်လုံးစီဖြင့် လာခဲ့ကြပြီး ကိုယ်တိုင်လောင်းလှူသွန်းထုခဲ့ကြ၏။ သူတို့ နှစ်ဦးသည် သာမန်ပုဂ္ဂိုလ်များမဖြစ်နိုင်။ အထက်ဘုံမှ သူတော်စင် သူတော်မြတ်နတ်များ ဖြစ်တန်ရာ၏'ဟု ဩဝါဒစကား မိန့်မြွက်ကြားခဲ့၏။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး သွန်းလောင်းပြီးမြောက်သော ခုနှစ်သက္ကရာဇ်ကိုပါ တွဲလျက် နတ်များအကူအညီကိုပါ ရယူ၍ အောင်အောင်မြင်မြင်ပြီးခဲ့သော ဆင်းတုတော်အဖြစ် သတ်မှတ်ကာ ကျော်ကြား အတုလမာရှင်း ရွှေနတ်ကူဘုရားဟူ၍ ဘွဲ့တံဆိပ်တော် ခတ်နှိပ်လျှပ်ပါန်းတော်မူခဲ့ပါ

www.burmeseclassic.com

သည်။

ယခုအခါ ဘုရားကြီးတည် သက္ကရာဇ်(၁၂၂၂)ခုနှစ်နှင့် ယှဉ်သော် နှစ်ပေါင်း(၁၅၆)နှစ်ဆိုသော နှစ်တစ်ရာကျော် သက်တမ်းရှိခဲ့ပြီဖြစ်၍ သက်တမ်းရှည် ရှေးဟောင်းအမွေခံ ဘုရားကြီးအဖြစ်လည်း ဂုဏ်ထည်စွာ ဖူးမြင်ကြရမှာ ဖြစ်ပါသည်။

ဒေသအခေါ် ရွှေနတ်ကူဘုရားကြီး၏ သာသနိကနယ်မြေအတွင်း၌လည်း သာသနာ့ဝင် ဘုရား၊ စေတီ၊ ရုပ်လုံးရုပ်ကြွများ ပြုပြင်မှုများ အသစ်တည်ထားမှုများ၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ အာရုံခံများနှင့် အလွန်တင့်တင့်တယ်တယ် ရှိလှပါသည်။

ဖျာပုံမြို့၊ မကျည်းတန်းရပ်တွင် တည်ရှိကိန်းဝပ်တော်မူနေသော ရှေးဟောင်းအမွေခံ ရွှေ၊ ငွေ၊ ကြေး ရတနာသုံးပါးဖြင့် သွန်းထုခဲ့သော ဘုရားကြီးသည် မျက်နှာတော်အနေအထားကို ဂရုပြုဖူးမြော်ကြသည်ဆိုလျှင် တစ်မျိုးစီ ဖြစ်နေကြောင်း သုံးပန်လှ၊ သုံးမျက်နှာ၊ သုံးဘက်လှဟူ၍ ဒေသခံများက ပီတိသဒ္ဓါ ဖြိုးမောက်စွာ ဆိုကြပါသည်။


မြူပြင်တော်မူသော ရွှေဟောင်းရုပ်ပွားတော်


အဓိကလုံသော သန့်ရှင်းကျယ်ဝန်းသည့် စင်္ကြံလမ်း

ဘုရားဖူးများ အေးချမ်းစွာ ဖူးမြော်နိုင်ကြစေရန် မိုးလုံသော စင်္ကြံလမ်းမှ ဘုရားကြီးကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်သို့ အေးချမ်းစွာ သွားရောက်ဖူးမြော်နိုင်ပါသည်။ ရှေးမူရှေးဟန် မပျက်မယွင်း ပြုပြင်ခြင်းများဖြင့် အသစ်တည်ထားသည့်အလား ဖူးတွေ့နေရပါသည်။

ကုန်းလမ်း၊ ရေလမ်း ခရီးလမ်းသင့်သော ထမင်းဈေးမြို့တော် ဖျာပုံမြို့သို့ ဘုရားဖူးများ စည်ကားစွာ သွားလာနေကြသည်ကိုလည်း ကြုံဆုံတွေ့မြင်ခဲ့ရသောကြောင့် တစ်ခါတစ်ခေါက် ဘုရားဖူးသွားရန် ဆန္ဒရှိကြသူများ သွားရောက်သင့်ပါကြောင်း လမ်းညွှန်ရေးသားလိုက်ပါသည်။

မြမဥ္ဇူဝေ(ကျုံမငေး)

**မှီငြမ်းမှု**

ကေန်ကျော်ကြား အတုလမာရဇိန် ရွှေနတ်ကူကြေးသွန်းဘုရားကြီး (ဖျာပုံမြို့-မကျီးတန်းရပ်)သို့ ဘုရားဖူးရောက်ခဲ့သောမှတ်တမ်း (၁၅-၅-၂၀၁၆)နှင့် ဘုရားကြီးတည်သမိုင်းအကျဉ်း မှတ်တမ်းစာလွှာ။

# ကျုံမငေးမြို့ရှိ
# မဟာသကျမုနိဘုရားကြီး

ဖြိုးသီတာ(ရွှေပုံရိပ်မှန်)



ကျုံမငေးမြို့ မဟာသကျမုနိဘုရားကြီး

ကျုံမငေးမြို့မှာ တန်ခိုးကြီးမြတ်စွယ်တော် ကိန်းဝပ်ရာ နှစ်တစ်ရာပြည့်ဘုရားကြီး ရှိပါသည်။ ကျုံမငေးမြို့နှယ် တစ်ဆက်စပ်တည်းဆိုပေမယ့် အုန်းပင်ချောင်းခြားနေသော အုန်းပင်ရပ်ကွက်က ဘုရားကြီးကို အုန်းပင်ဘုရားကြီး၊ သံတန်ဆောင်းတော်ကြီးက ဘုရားကြီးဟုခေါ်ပါသည်။ ငယ်ကျွဲအဲ့ဆွေ ရပ်ရှင်လည်းရိုက်ရော ငယ်ကျွမ်းဆွေဘုရားကြီးဆိုပြီး ခေါ်ကြပြန်ပါသည်။ ဘုရားကြီးသို့အသွား အုန်းပင်ချောင်းကူးတံတားကြီးကိုလည်း ငယ်ကျွမ်းဆွေတံတားလို့ ယနေ့တိုင် ခေါ်နေကြပါသည်။

ဘုရားကြီး၏ ကိုယ်ပိုင်ဘွဲ့တော်မှာ မဟာသကျမုနိဟု ခေါ်ပါသည်။ ဘုရားကြီး ထုဆစ်တည်ထားပြီးချိန်မှာ သစ်သားတန်ဆောင်းတော်ကြီးဖြစ်သော်လည်း နောင်အခါမှာ သံတန်ဆောင်းတော်ကြီးနှင့် ပြောင်းလဲတည်ဆောက်ထားပါသည်။ သံတန်ဆောင်းတော်ကြီးအတွင်းမှာ ခန့်ထည်သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူပါသည်။ ဘာသာသာသနာကို လေးစားလိုက်နာသည်နှင့်အမျှ ယခင်နှင့်မတူ

www.burmeseclassic.com

ဆောက်အောင် တိုးတက်စည်ပင်နေသော သာသနိက အဆောက်အအုံ ကြီးငယ်များဖြင့် စည်ပင်နေပါသည်။ သက်တမ်းနှစ်(၁၀၀)ကျော်နေသော်လည်း အသစ်တည်ထားသကဲ့သို့ သပ္ပာယ်ကြည်လင်နေသော မဟာသကျမုနိ ဆင်းတုတော်ကြီးကို ဖူးမြော်ရပါသည်။

ကျုံမငေးမြို့သည် မွန်အဆက်မြို့ဟု မြို့ခံလူကြီးများ ပြောပြတာကိုလည်း ကြားသိခဲ့ရပါသည်။ သာသနာအစ မွန်ပြည်နယ်က ဆိုသည့်စကားကြောင့် မွန်နှင့်ဆက်နွယ်နေသည်ဟု ဆိုရမည်။ ကျုံမငေးဟူသော အမည်ကိုကြည့်လျှင် ကြုံင်းမငေးဟူသော အမည်ကို ကရုံမငေးဟု ခေါ်ကြရာမှ ကျုံမငေးဟု ပြောင်းလဲလာရပါသည်။ မူလခေါ်သော ကြုံင်းမငေးကို အဓိပ္ပာယ်ပြန်လျှင် ကြုံင်း=ချောင်း၊ မငေး=လုံခြုံရာအရပ်ဟု ဆိုအပ်သောကြောင့် လှိုင်းလေဘေးရန် လုံခြုံရာချောင်းဟု ဆိုပါသည်။ ချောင်းတစ်ဖက်မှာ ကျုံမငေး၊ တစ်ဖက်မှာ အုန်းပင်ရွာကြီး တည်ရှိပါသည်။ အုန်းပင်ဘက်ကမ်းအခြမ်း အုန်းပင်အရပ်မှာ တည်ရှိနေသော မဟာမုနိဘုရားကြီးကို မြန်မာသက္ကရာဇ် (၁၂၅၇)ခုနှစ်မှစ၍ တည်ခဲ့ပါသည်။

ရုပ်ပွားတော်၏ လက်ရာရှင်မှာ မန္တလေးမြို့မှ ပန်းရန်ဆရာကြီး ဦးတင်အား အလှူရှင်ဖြစ်သော အုန်းပင်ဗုလဲငွေရောင်ရပ်ကွက်နေ သူကြီးကတော် ဒေါ်အေးနှင့်သမီး ဒေါ်မိမှ ငှားရမ်းသွန်းလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အချိန်ကာလ (၈)နှစ်ကြာခဲ့သည်အထိ ပြီးစီးမှုမရှိခဲ့သောကြောင့် အုန်းပင်ကျေးရွာ တိုက်သူကြီး ဦးဖိုးချိတ်နှင့် ရပ်ရွာလူကြီးများ ဦးဆောင်ပြီး ဆက်လက်တည်ထားကြရာ မြန်မာသက္ကရာဇ်(၁၂၆၇)ခုနှစ်တွင် ကိုယ်လုံးတော်လုံးပတ် ပေ(၄၀)၊ ဉာဏ်တော်အမြင့် (၃၄)တောင် (၂)မိုက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်ကြီး ပြီးစီးခဲ့ပါသည်။

ထိုနှစ်မှာပင် အလှူရှင် ဦးဘကျော်နှင့် ဇနီး ဒေါ်ကြည်တို့က ဘုရားကြီးဘေးဘယ်ညာနှင့် အနောက်ဘက်တွင် နှစ်ကျိပ်ရှစ်ဆူသော ဆင်းတုတော်(၂၈)ဆူကို လှူဒါန်းခဲ့ပါသည်။ ထိုဆင်းတုတော်များအပြင် ကြေးဆင်းတုနှင့် ကျောက်ဆင်းတုတော်အဆူ(၂၀)ကို ထပ်မံ၍လှူဒါန်းခဲ့သောကြောင့် ဆင်းတုတော်ပေါင်း(၄၈)ဆူကို ယနေ့တိုင်ဖူးတွေ့ကြရမှာ ဖြစ်ပါသည်။

သက္ကရာဇ်(၁၂၆၈)ခုနှစ်တွင် ဘုရားကြီးအား ငုံ၍မှန်စီရွှေချ သစ်သားတန်ဆောင်းကြီးနှင့် နတ်လမ်းများပိဿာချိန်(၆၀၀)ကျော်ရှိ ကြေးခေါင်းလောင်းကြီးအား အလှူရှင်များက လှူဒါန်းခဲ့ပါသည်။

သက္ကရာဇ်(၁၃၀၀)ပြည့်နှစ်တွင် အုန်းပင်အောင်ချမ်းသာရပ်ကွက်နေ သူဌေး ဦးဖက်နှင့် ဇနီး ရှမ်းမ၊ သားသမီးမြေးတစ်စုက ပျက်စီးယိုယွင်းနေပြီဖြစ်သော တန်ဆောင်းတော်ကြီးကို အစားထိုးပြုပြင်၍ စေတီအရံ(၄)ဆူပါသော အမြင့်(၁၄၇)ပေ၊ အလျား(၁၂၄)ပေ၊ အနံ(၁၃၃)ပေရှိသော သံတန်ဆောင်းတော်ကြီးကို အသစ်ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

သက္ကရာဇ်(၁၃၀၂)ခုနှစ်တွင် ဘုရားကြီးအား ပလ္လင်တော်၊ စလွယ်၊ မကိုဋ်များ အလှူငွေထည့်သော ဖားရုပ်ကြီး(၂)ရုပ်ကို တန်ဆောင်းအလှူရှင် ဦးဖက်၊ ဇနီး ဒေါ်ရှမ်းမ မိသားစုကပင် ထပ်မံလှူဒါန်းခဲ့ပါသည်။ ဒါယကာအမွေကို ဆက်ခံသော သားဦးဘဟန်နှင့် ဇနီးဒေါ်လှတို့က ဘုရားနတ်လမ်းကို ပြုပြင်လှူဒါန်းခဲ့ပြန်ပါသည်။

ဘုရားဂေါပကလူကြီးများ၏ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ခိုင်ခံ့သောအနေအထား မြင်တွေ့ရခြင်း ဖြစ်ပါသည်။ အလှူရှင်ဦးဖက်ကို ဂုဏ်ပြုသောအားဖြင့် မဟာသကျမုနိဘုရားကြီးစံနေသော တန်ဆောင်းတော်ကြီးကို ဒေသခံများက ဦးဖက်တန်ဆောင်းဟုလည်း ခေါ်လေ့ရှိကြပါသည်။ ယခုအခါ သံတန်ဆောင်းတော်ကြီးများ၏ တချို့နေရာများတွင် ပျက်စီးယိုယွင်းစပြုနေသော်လည်း အုန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူကာ ဘက်စုံပြုပြင်မွမ်းမံခြင်း လိုအပ်သော ဗုဒ္ဓအမွေအနှစ် သာသနိကရုပ်လုံးရုပ်ကြွများ တည်ထားခြင်းတို့ ပြုလုပ်ခဲ့သောကြောင့် အလွန်စည်ပင်နေပြီဖြစ်ကြောင်း ကိုယ်တွေ့ ဖူးတွေ့ခဲ့ရပါသည်။

ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လတွင် ကိုးရက်တိုင်တိုင် အရဏ်ဆွမ်းများကပ်လှူ၍ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ နှစ်စဉ် ကျင်းပလေ့ရှိပါသည်။

ဖြိုးသီတာ(ရွှေဂုံရိပ်မွန်)

ကိုးကား

မြို့ခံလူကြီးသူများ၏ ပြောကြားချက်နှင့် ကိုယ်တွေ့ဘုရားဖူးသွားမှတ်တမ်း။



www.burmeseclassic.com


www.burmeseclassic.com

### တက္ကသိုလ်မျိုး

# ရွှေတိဂုံစေတီတော်မြတ်ကြီးထက် ဉာဏ်တော်မြင့်မားသည့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် ကီလို(၅၀)ကျော်အကွာတည်ထားသော ဆူတောင်းပြည့် Phra Pathom စေတီတော်ကြီး

Phra Pathommachedi ခေါ် Phra Pathom Chedi စေတီတော်ကြီးအား စာရေးသူ (၂၀၁၅)ခုနှစ်၊ ဇန်နဝါရီလက ဘန်ကောက်ကို ပထမဆုံးအကြိမ် ရောက်ခဲ့စဉ်ကပင် ဖူးမြော်လိုသောဆန္ဒ ပြင်းပြခဲ့သည်။ ထိုစဉ်က မြဘုရားကို အဓိကထား၍ ဖူးမြော်မည်။ အယုဒ္ဓယမြို့ဟောင်းသို့ လေ့လာရန် သွားမည်။ Phra Pathom Chedi စေတီတော်ကို ဖူးမြော်မည်ဟူသော ရည်မှန်းချက်ထားရှိခဲ့သည်။ ကျန်ဘန်ကောက်မြို့ရှိ Wat Pho ခေါ် လျောင်းတော်မူမြတ်စွာဘုရား၊ Golden Mount ခေါ် တောင်ဘုရားနှင့် ရွှေစင်ရွှေတုံးများဖြင့် သွန်းလောင်းထားသည့် ကမ္ဘာ့မှတ်တမ်းဝင် Golden Buddha ရွှေဘုရားတို့ကိုလည်း ဖူးမြော်မည်ဟု အဓိကရည်မှန်းချက်ဖြင့် ဘန်ကောက်သို့ ဆေးစစ်၊ ဆေးကုခံယူရန် လာစဉ် ဖူးမြော်ရန် ရည်မှန်းထားခဲ့သည်။

လည်ပင်းရောဂါနှင့် အူကျံရောဂါ ခွဲစိတ်ခံယူပြီးနောက် ဆေးစစ်ရာ အသည်း၌ အကျိတ်နှစ်လုံး တွေ့ရ၍ အသည်းဆရာဝန်နှင့် ဆက်လက်ပြသ ကုသမှုခံယူရာ အသည်း၌ အကျိတ်နှစ်လုံးအပြင် အကျိတ်ငယ်လေးများပါ တွေ့ရ၍ ခွဲစိတ်မှုပြုလုပ်ရန် မဖြစ်နိုင်ကြောင်းနှင့် ဆေးသွင်းကုသသည့် ကုထုံးဖြင့် ကုသမည်ဖြစ်ကြောင်း သိရပြီး အသည်းအားနည်းနေသောကြောင့် လောလောဆယ် ဆေးသွင်းကုသရန် မဖြစ်နိုင်၍ ရန်ကုန်၌ တစ်လ



စေတီတော်သို့တက်ရောက်ရာ လှေကားနှင့် အဝင်တန်ဆောင်းရှိ ရုပ်တော်မှုရုပ်ပွားတော်



အာရုံခံတန်ဆောင်းအတွင်းရှိ ရပ်ဒိတ်ဖေး ရပ်တော်မူရုပ်ပွားတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com


မြန်မာပြီး အသည်းဆရာဝန် ညွှန်ကြားသည့် ဆေးများ စားပြီး ပြန်လာရန် လမ်းညွှန်ခဲ့သည်။

စာရေးသူအနေနှင့် သတ္တဝါတစ်ခု ကံတစ်ခုဖြစ်၍ စိတ်ဆင်းရဲ မနေတော့ဘဲ ခန္ဓာရှိက ဝေဒနာရှိတာပဲဟူသော တရားသဘော နှလုံးသွင်းကာ တည်းခိုရာ အဆောက်အအုံ၌ နှစ်ပတ်ခန့် ဆက်နေပြီး မူလရည်မှန်းထားသည့် ဘုရားများအား ဖူးမြော်ရန် ကြိုးပမ်းခဲ့ရသည်။

မြဘုရားနှင့် အယုဒ္ဓယမြို့တော်ဟောင်းသို့ သွားရောက်နိုင်သလို တရုတ်တန်းရှိ Golden Buddha ရွှေဘုရားတို့အား ဖူးမြော်သလို ဘန်ကောက်တစ်ဖက်ကမ်းရှိ အာရုံဦးဘုရား ခေါ် ဝပ်အာရုံတို့အား သွားရောက်ဖူးမြော်နိုင်ခဲ့သည်။ Phra Pathom Chedi စေတီတော်သို့ကား သွားရောက်ဖူးမြော်နိုင်ခြင်း မရှိခဲ့ပေ။ စာရေးသူအနေနှင့် Phra Pathom Chedi စေတီတော်နှင့်ပတ်သက်၍ စတင်လေ့လာသိရှိခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း(၅၅)နှစ်ခန့်က သတင်းစာဆရာကြီး ဦးသိမ်းမောင် ရေးသားသော ယိုးဒယားကိုယ်တွေ့စာအုပ်ကြောင့် ဖြစ်သည်။

သတင်းစာဆရာကြီး ဦးသိမ်းမောင်အနေနှင့် ယိုးဒယား-မြန်မာ ချစ်ကြည်ရေးတည်ဆောက်နိုင်ရန် ယိုးဒယားသို့ ထိုစဉ်က ထိုင်းနိုင်ငံဟု သုံးစွဲခြင်း အလွန်နည်းတာ တွေ့ရပါသည်။ ချစ်ကြည်ရေးကော်မရှင်အဖွဲ့နှင့် သွားရောက်ခဲ့ရာ ထိုင်းနိုင်ငံအစိုးရအဖွဲ့၏ အထူးဧည့်သည်တော်ဖြစ်၍ နေရာအနှံ့ လိုက်လံပို့ဆောင်ပေးခြင်း၊ ညစာစားပွဲများဖြင့် တည်ခင်းဧည့်ခံခြင်း၊ အကောင်းဆုံးဟိုတယ်များ၌ တည်းခိုစေခြင်း စသည်ဖြင့် ပြုစုမှု၊ ဂရုစိုက်ဧည့်ခံမှု ခံယူရပြီး တန်ခိုးကြီးဘုရားများသို့ အနှံ့လိုက်ပါပို့ဆောင်ပေးခဲ့ရာ ဆရာကြီးသည် Phra Pathom Chedi စေတီတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့ရပုံကို ဆောင်းပါးရှည် ရေးသားတင်ပြခဲ့ရာ စာရေးသူ ဖတ်ရှုခဲ့ရခြင်းဖြစ်သည်။

Phra Pathom စေတီတော်ဘွဲ့အမည်ကိုကား မမှတ်မိသော်လည်း ဆရာကြီးဦးသိမ်းမောင်ကို လိုက်လံပို့ဆောင်ပေးတဲ့ ယိုးဒယားအရာရှိကြီး(အစိုးရအတွင်းဝန်)က မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်ထက် ဉာဏ်တော်ပိုမြင့်ကြောင်း ပြောကြားရာ ဆရာကြီးက ပြုံးမိပုံကို အမှတ်တရရှိခဲ့သည်။ ထိုခေတ်ထိုအခါ (၁၉၅၀)ပြည့်နှစ်ဝန်းကျင် စစ်


စေတီတော် အပြင်ရင်ပြင်တော် တန်ဆောင်းအတွင်းရှိ နဂါးခုနစ်ကောင်မိုးနေသော နဂါးရုံဘုရား


အာရုံခံတန်ဆောင်းရှိ မျောက်နှင့်ဆင်တို့ သစ်သီးခွေမီး ဆက်ကပ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးပြီးခါစက လိုက်လံပို့ဆောင်ရာ မီးရထားဖြင့် (၁)နာရီ သွားခဲ့ရကြောင်း၊ ဘန်ကောက်မြို့နှင့် အတော်ဝေးကြောင်းတို့ကိုလည်း ဖတ်ရှုဖူးရာ ထိုဉာဏ်တော်မြင့်မားသည့် ထိုင်းနိုင်ငံရှိ Phra Pathom စေတီတော်ကြီးအား ငယ်စဉ်ကပင် အထူးစိတ်ဝင်စားခဲ့သည်။

ထို့ကြောင့် ကိုယ်တိုင် ထိုင်းနိုင်ငံသို့ ဆေးကုသရန် ရောက်ရှိသောအခါ Phra Pathon စေတီတော်အား ဖူးမြော်ရန် ရည်စူးခဲ့ခြင်းဖြစ်သည်။ ထိုစေတီတော်ကြီးသည် ဘန်ကောက်မြို့နှင့် (၅၆)ကီလို အကွာအဝေး၌ရှိကြောင်း သိရသည်။ ရန်ကုန်မြို့နှင့် ပဲခူးမြို့ အကွာအဝေးနီးပါးဖြစ်၍ လက်တွေ့သွားရောက်ရန် အချိန်အတော်ကြာမည် ဖြစ်ရုံသာမက ကားစီးလုံးငှား၍ သွားရောက်မှ အဆင်ပြေမည်ကိုလည်း သိရှိခဲ့သည်။

ထို့ကြောင့် ပထမဆုံးအကြိမ် ဘန်ကောက်ရောက်စဉ် (၂၀၁၅) ခုနှစ်၊ ဇန်နဝါရီလ၌ ထိုဉာဏ်တော်မြင့်မားသည့် စေတီတော်အား ဖူးမြော်ရန် လက်လျှော့လိုက်ပြီးနောက် ဆေးကုသရန် လာရောက်သည့်အခါမှ သွားရောက်ဖူးမြော်ရန် ဆုံးဖြတ်လိုက်သည်။

ဒုတိယအကြိမ် ဘန်ကောက်ရောက်စဉ်က သမီးအငယ် ခင်မျိုးသက် လိုက်ပါလာပြီး ပတ္တရားသို့ ပို့ဆောင်ရ၍လည်းကောင်း၊ ဆေးဖြန်းကုသမှု ခံယူရ၍လည်းကောင်း ထို Phra Pathom စေတီတော်သို့ သွားရောက်ဖူးမြော်ရန် မရောက်ဖြစ်ခဲ့ပေ။ သုံးလခြား တစ်ကြိမ် ဆေးဖြန်းကုသမှုခံယူရာ ဘန်ကောက်မြို့တွင်းရှိ ဘုရားများကိုသာ အလေးထား ဖူးမြော်နေရ၍ Phra Pathom စေတီတော်ထံမှောက်သို့ အဖူးအမြော် မရောက်ဖြစ်ခဲ့ပေ။

ဆေးကုသရန် ခုနစ်ကြိမ်မြောက်ကို (၂၀၁၆)ခုနှစ်၊ ဧပြီလ (၂၅)ရက်နေ့တွင် ရောက်ရှိခဲ့ပြန်သည်။ မေလ (၂)ရက်နေ့ပြန်ရန် လေယာဉ်လက် မှတ် ယူထားပြီးဖြစ်၍ (၂၇)ရက် နေ့၌ ဆေးဖျန်းကုသမှု အောင်မြင်စွာ ပြီးဆုံးပြီး တည်းခိုရာ ရှစ်လွှာရှိ အခန်းသို့ ပြန်ရောက်ပြီးနောက် တပည့်ဖြစ်သူ ဉာဏ်လင်းစိုးအတွက် ယူဆောင်လာသည့် မြန်မာပြည်လက်ဆောင် လက်ဖက်၊ အကြော်စုံ၊ ငါးပိကြော်များ ပေးရန် ဖုန်းဆက်ပြီး လာရောက်ယူရန် အကြောင်းကြားခဲ့သည်။ တပည့် ဖြစ်သူသည် စာရေးသူ တက္ကသိုလ်ဆရာဘဝမှ ထွက်ပြီး ပိုင်းကျူရှင်သင်စဉ်က တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ယောက်အနေနှင့် ဆရာ၊တပည့် သံယောဇဉ် ဖြစ်ခဲ့ရသူဖြစ်သည်။ ဉာဏ်လင်းစိုး နေထိုင်ရာ တိုက်ခန်းနှင့် စာရေးသူ နေထိုင်ရာတိုက်ခန်းတို့





www.burmeseclassic.com

www.burmeseclassic.com

မှာ တိုက်တစ်လုံးတည်းဖြစ်၍ အိမ်နီးချင်းလည်းဖြစ်သည်။

တပည့် ဉာဏ်လင်းစိုး ဆယ်တန်း(တက္ကသိုလ်ဝင်တန်း) အောင်မြင်ပြီးနောက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ တက္ကသိုလ်သို့ သွားရောက်တက်ရောက်ပြီး ဘွဲ့ရယူခဲ့ရာ ပါရာနိုင်းဆေးရုံကြီး၌ အလုပ်ဝင်ရောက်ခဲ့သည်။ ထိုဆေးရုံမှ သူနာပြုဆရာမနှင့်ပင် အိမ်ထောင်ကျပြီး ရန်ကုန်သို့ အရောက်အပေါက် နည်းခဲ့သည်။ ပထမအကြိမ် ဆေးကုရန် လာစဉ်က စာရေးသူအနေနှင့် ယူလာသည့်ငွေနှင့် မလုံလောက်၍ တပည့်ဖြစ်သူအား အကူအညီ တောင်းခဲ့ရသည်။ ရန်ကုန်ရှိ သမီးဖြစ်သူက ဉာဏ်လင်းစိုး၏ မိဘများဖြစ်သည့် ဦးစိုးမောင်နှင့် ဒေါ်ဖြူတို့ထံ မြန်မာငွေပေးပြီး ဘန်ကောက်ရှိ တပည့်ဉာဏ်လင်းစိုးက ထိုင်းဘတ်ငွေကို ထုတ်ပေး၍ ဆေးရုံသို့ ကြိုတင်ငွေ အချိန်မီ ပေးနိုင်ပြီး အဆင်ပြေခဲ့သည်။ ဆရာကျေးဇူး သိတတ်သူ ဉာဏ်လင်းစိုးက လိုတဲ့ငွေကို ဆရာ ယူသုံးနိုင်ကြောင်းနဲ့ ရန်ကုန်ရောက်မှ သူ့မိဘထံ မြန်မာငွေ ပေးနိုင်ကြောင်း ပြော၍ ကျေးဇူးအထူးတင်မိသည်။ တစ်နယ်တစ်ကျေး၌ အသိအကျွမ်းမရှိ၍ ဉာဏ်လင်းစိုး၏ ကူညီပေးမှုကို ကျေးဇူးအထူးတင်မိလေသည်။ တပည့် ဉာဏ်လင်းစိုးသည် လိုအပ်သည့် အကူအညီပေးရုံသာမက ညနေစာကို ပင်လယ်စာရောင်းသည့် ဆိုင်ကြီး၌ စာရေးသူတို့ ဇနီးမောင်နှံနှင့် သားငယ် ဝေမျိုးသက်တို့ ဇနီးမောင်နှံကိုပါ အစုံအလင် လိုက်လံကျွေးမွေး ဧည့်ခံခဲ့ပုံကိုလည်း အမှတ်တရရှိခဲ့သည်။

ထို့ကြောင့်လည်း စာရေးသူအနေနှင့် တပည့်ဖြစ်သူအတွက် မြန်မာပြည်လက်ဆောင် ယူဆောင်လာပြီး တယ်လီဖုန်းဖြင့် လာယူရန် အကြောင်းကြားခြင်း ဖြစ်သည်။ စာရေးသူ ဖုန်းဆက်စဉ်က တပည့်၏မိခင် ဒေါ်ဖြူဖြူလည်း ဘန်ကောက်ရောက်နေ၍ စာရေးသူတို့အား သွားရောက်လိုသည့် နေရာများသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အချင်းချင်း အားနာစရာမလိုကြောင်း ပြောပြီး ဘယ်သွားချင်သလဲ။ အယုဒ္ဓယမြို့ဟောင်းအလွန်ရှိ ဉာဏ်တော်အကြီးဆုံး ထိုင်တော်မူဘုရားကြီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပျူပျူငှာငှာ ပြောဆိုလာရာ စာရေးသူအနေနှင့်လည်း မိမိအနေနှင့် ဘန်ကောက်သို့ (၆)ကြိမ်မြောက် ရောက်ရှိခဲ့ပြီးဖြစ်သော်လည်း Phra Pathom


တန်ဆောင်းအတွင်းရှိ ရုပ်တော်မူမြတ်စွာဘုရားရှင်၏ လက်တော် ထုဆြားပုံ

စေတီတော် ဖူးမြော်ရန် ရည်မှန်းချက်မပြည့်ဝ၍ တပည့် ဉာဏ်လင်းစိုးအား Phra Pathom စေတီတော်အား ဖူးမြော်လိုကြောင်း အားနာနာနှင့် ပြောပြလိုက်မိသည်။

တပည့်ဖြစ်သူသည် လာမည့်စနေနေ့ ရုံးပိတ်ရက် နံနက်(၈)နာရီ (၃၀)မိနစ်၌ တည်းခိုရာသို့ လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်းနှင့် ဘယ်နှစ်ယောက် လိုက်ပါမလဲဟု တစ်ခဏတည်း မေးမြန်းခဲ့ရာ စာရေးသူက လေးယောက်လိုက်ပါမည်ဖြစ်ကြောင်း ပြောလိုက်သည်။

လွန်ခဲ့သောနှစ်(၅၀)ကျော်ကာလကပင် လေ့လာသိရှိခဲ့ဖူးသည့် ဉာဏ်တော်(၁၂၀.၅)မီတာ၊ (၃၉၅)ပေအမြင့်ရှိသော Phra Pathom စေတီတော်ကြီးကို ဖူးမြော်ရတော့မည်ဟူသော အတွေးစိတ်ကူးဖြင့် ဝမ်းသာပီတိဖြစ်ခဲ့ပြီး တပည့် ဉာဏ်လင်းစိုးလိုက်ပို့ပေးမည့် စနေနေ့ (၃၀-၄-၂၀၁၆)ရက်နေ့သို့ အမြန်ရောက်ရန် ဆန္ဒစောနေမိတော့သည်။

❑ ❑ ❑

ကိုဉာဏ်လင်းစိုး၏ မော်တော်ယာဉ် စူပါကပ်စတန်နှင့်ဆင်သော မှန်လုံကားသည် ဘန်ကောက်မြို့ ထုံးစံ

www.burmeseclassic.com

အတိုင်း စနေနေ့ပင်ဖြစ်သော်လည်း လမ်းပိတ်ဆို့မှုကြောင့် နံနက်(၉)နာရီမှ ရောက်လာသည်။ ကိုညဏ်လင်း စိုးမိခင် ဒေါ်ဖြူဖြူ၊ အသွားဖြစ်သူ နှင့် အဒေါ်နှစ်ယောက် လိုက်ပါလာကြသည်။ ကိုညဏ်လင်းစိုးတို့ ဇနီးမောင်နှံသည် နေအိမ်ရှိ လေအေးပေးစက် ပြုပြင်မည့်သူများ ရောက်နေ၍ လောလောဆယ် မလိုက်လာဘဲ နောက်မှ လိုက်လာမည် ဖြစ်ကြောင်း တောင်းပန်စကား ပြောကြားခဲ့သည်။

စာရေးသူတို့ မိသားစုနှင့် ဒေါ်ဖြူဖြူတို့မိသားစု ပေါင်းစပ်လိုက်သောအခါ ပျော်ပျော်ပါးပါး စုပေါင်းဘုရားဖူးထွက်သည့် ဘုရားဖူးခရီးစဉ် ဖြစ်သွားသည်။ ဘုရားဖူးအဖွဲ့၌ ကိုညဏ်လင်းစိုးအမေ ဒေါ်ဖြူဖြူ၊ အသွား ဒေါ်ရွှေ၊ အဒေါ် ဒေါ်ဝါဝါ [illegible] ဒေါ်လှလှတို့ ပါဝင်ကြသည်။ ကိုညဏ်လင်းစိုး၏ အဒေါ် ဒေါ်လှလှမှာ ထိုင်းနိုင်ငံ၌ ဆယ်စုမက နေထိုင်လာခဲ့သူဖြစ်၍ ထိုင်းဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းသူ တစ်ဦးဖြစ်သည်။ ဘန်ကောက်၌ အနေကြာသူဖြစ်ပြီး ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် ဘာသာတရားကို ယုံကြည်လေးစားသူဖြစ်၍ ဘန်ကောက်ရှိ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ကန် အနှံ့ကို ရောက်ဖူးရုံသာမက အယုဒ္ဓယ၊ ဇင်းမယ်၊ ချင်းမိုင်


အာရုံခံတန်ဆောင်း၌ စံပယ်တော်မူသော ရှင်သိဝလိရဟန္တာ ပုံတော်

စသည့် ထိုင်းနိုင်ငံ မြောက်ပိုင်းအနှံ့ရှိ တန်ခိုးကြီးဘုရားများ အစုံအလင်ကို အခေါက်ခေါက်အခါခါ ဖူးမြော်ပြီးသူဖြစ်သည်။ စာရေးသူ ဖူးမြော်ကြည်ညိုလိုသော မှတ်တမ်းတင်ဆောင်းပါး ရေးသားလိုသော Phra Pathommachedi စေတီတော်ကြီးကိုလည်း အကြိမ်ကြိမ်ရောက်ဖူးသူဖြစ်၍ မော်တော်ယာဉ်မောင်းသူ ထိုင်းလူမျိုး ဒရိုင်ဘာအား ထိုင်းဘာသာနှင့် လမ်းညွှန်မှာကြားပြီး Phra Pathom စေတီတော် ရှိရာသို့ မောင်းနှင်စေခဲ့သည်။


◆◆◆

မော်တော်ယာဉ်သည် Phra Pathom ဘုရားပုထုန် စေတီတော် တည်ရှိရာ Nakhon Pathom ခရိုင်သို့ ဦးတည်ထွက်ခွာခဲ့ရာ ကျောက်ဖရားမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ရာမ(၈)မြစ်ကူးတံတားကြီးကို ဖြတ်ကျော်ပြီး Phra Pathom စေတီတော်ရှိရာသို့ လျင်မြန်သော အရှိန်ဖြင့် မောင်းနှင်လာခဲ့သည်။ တံတားကြီးကို ဖြတ်ကျော်ပြီးနောက် လမ်းမကျယ်ကြီး၏ လက်ယာဘက်၌ တည်ရှိသော Wat Arun စေတီတော်သို့ လမ်းညွှန်ထားသည့် မုခ်ဦးကို မြင်မိသောအခါ ဘန်ကောက်သို့ လွန်ခဲ့သော တစ်နှစ်၊ နှစ်နှစ်ကျော်ကာလက ဤစေတီတော်ကို လာရောက်ဖူးမြော်ခဲ့ရပုံကို ပြန်လည်အမှတ်ရမိသည်။

ကြွေပန်းကန်အကွဲအစ၊ မှန်အကွဲအစများနှင့် စေတီတော်အား လက်ရာမြောက်စွာ တရုတ်ဗိသုကာပညာဖြင့် ပထမမြောက် ရာမမင်းကြီးက ဘန်ကောက်မြို့တော်သစ် တည်ထောင်ပြီးနောက် တည်ဆောက်ခဲ့ပုံကို စာရေးသူ ရေးသားတင်ပြခဲ့ပြီး ဖြစ်သည်ကိုလည်း အမှတ်ရနေမိသည်။

Nakhon Pathom ခရိုင်ရှိ အဝေးပြေးလမ်းမကြီးသည် ကျယ်ဝန်းလှရုံသာမက ချိုင့်ခွက်အပေါက်အပြဲမရှိ ညီညာချောညက်ပြီး တစ်ဖြောင့်တည်း ဖောက်လုပ်ထား၍ မော်တော်ယာဉ်သည် ကီလိုရာချီ မောင်းနှင်နေသော်လည်း လိုက်ပါလာသူတို့အနေနှင့် သက်သောင့်သက်သာရှိလှသည်။ ဘန်ကောက်နှင့် ကီလို(၅၆)အကွာ၌ တည်ထားသော Phra Pathom စေတီတော်ရှိရာသို့ မရောက်မီ လမ်းခုလတ်၌ ကိုညဏ်လင်းစိုး၏ အဒေါ်ဖြစ်သူ ဒေါ်လှလှက မော်တော်ယာဉ်မောင်းသူအား ထိုင်းဘာသာစကားဖြင့် တစ်စုံတစ်ရာကို ပြောကြားလိုက်ရာ အရှိန်နှင့်သွား

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ
မုဏ္ဍာအမျိုးမျိုးနှင့်ရုပ်တော်မှုပုံ

နေသော မော်တော်ယာဉ်သည် အရှိန်ကို လျှော့ပြီးနောက် လမ်းမကြီး၏ ညာဘက်ရှိ ကြီးကျယ်ခမ်းနားလှသော အဆောက်အအုံကြီးတစ်ခု၏ရှေ့သို့ ချိုးကွေ့ဝင်ရောက်ခဲ့သည်။

အဆောက်အအုံကြီး၏ရှေ့၌ ဆရာတော်တစ်ပါး၏ ကြီးမားလှသော ရုပ်တုကြီးအနီး၌ မော်တော်ယာဉ်ကို ရပ်လိုက်သောအခါ -

'ဒါ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဖြစ်ပါတယ်။ ဆရာဖရာပထုန် စေတီတော်ကို နည်းနည်းကြာကြာ သွားရမှာမို့ ဒီမှာ ထမင်းစားကြမယ်။ ဒီမှာ လေ့လာစရာတွေလည်း အတော်စုံတယ်။ ဆိုင်ခန်းတွေလည်း ဖွင့်ထားတော့ ဝယ်ချင်တာရှိရင် ဝယ်နိုင်တယ်'

စာရေးသူအနေနှင့် ဒေါ်မြဖြူတို့ သမီးယောက်မ တစ်တွေကို အလွန်ပင်အားနာမိသည်။ ခရီးဝေးကွာလှသော အရပ်ဒေသကို ဘုရားဖူး ပို့ပေးရုံသာမက နံနက်စာ ထိုပင် ကျွေးမည်ဖြစ်၍-

'ဒေါ်မြဖြူတို့ကို ကျွန်တော်တို့က ကျွေးပါရစေ။ ဘုရားဖူးပို့ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ' ဟု တုံ့ပြန်စကားဆိုမိသည်။

'ဆရာကျွေးလို့ မဖြစ်ပါဘူး။ ဆရာ့တပည့်က မနက်စာကျွေးဖို့ မှာလိုက်တယ်။ ဆရာကျွေးရင် သူ စိတ်မကောင်းဖြစ်မှာ။ ကျွန်မတို့ပဲ ကျွေးပါ့မယ်။ အားမနာပါနဲ့'

စာရေးသူမိသားစု လေးယောက်လည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ ဒေါ်မြဖြူတို့ သမီးယောက်မ ဧည့်ခံကျွေးမွေးသော ဘုန်းကြီးကျောင်းရှိ ယိုးဒယားထမင်းဆိုင်ကြီး၌ ဝင်ရောက်စားသောက်ကြသည်။ စာရေးသူသည် ငယ်စဉ် လူငယ်ဘဝ၌ ရန်ကုန် တရုတ်တန်းရှိ ရွှေငါး တရုတ်ထမင်းဆိုင်၊ (၁၉)လမ်းရှိ တရုတ်ထမင်းဆိုင်တို့၌ တစ်ခါတစ်ရံ ထမင်းဝင်ရောက်စားရာ၌ ဝက်အခေါက်ကင်၊ ဝက်အသားကင်၊ ဘဲကင်တို့ကိုမှာ၍ ထမင်းဖြူ ပန်းကန်လုံးတစ်လုံးကို ဘဲကင်အချိုရည်ဆမ်းပြီး အားရ ပါးရစားလေ့ရှိသည်။ တရုတ်ထမင်းစားပန်းကန်လုံး သုံး လေးလုံးပင် ကုန်စင်အောင် စားတတ်သည်။ ယခု ထိုင်း တရုတ်ထမင်းဆိုင်၌လည်း ဟင်းမျိုးစုံကို မှာယူစားသုံး နိုင်ကြောင်း Menu အညွှန်းစာရွက်၌ ဖော်ပြထားရာ ဝက် အခေါက်ကင် ပါဝင်နေ၍ အခေါက်ကင်နှင့် ထမင်းမှာ



နွားပေါ်မှ ဟိန္ဒူနတ်ဘုရားရုပ်ပြင်၌ နတ်ရုပ်ပေါ်မှ
ဗုဒ္ဓမြတ်စွာဘုရားရုပ်တော်မှုရှေ့ ထူးဆန်းသောပုံ

www.burmeseclassic.com



ရင်ပြင်တော်ရှိ သစ်ပင်ကြီးပေါ်လည်ရှိ မြတ်စွာဘုရားရုပ်ပွားတော် ထပ်လျက်ရှိ ရွှေရောင်ဆိုက်ကြီးများ

လိုက်သည်။ ထမင်းဖြူကို ပန်းကန်ပြားနှင့် ထည့်ပေးပြီး ဘဲကင်အချိုရည်မျိုးကို ထမင်းပေါ်၌ ဆမ်းကာ ဝက်အခေါက်ကင်ကို သပ်သပ်ရပ်ရပ် လှီးခုတ်ထားပြီး ထမင်းပေါ် ပုံပေးလိုက်သည်။ ဝက်အခေါက်ကင်နှင့် တို့စားရန် ငရုတ်ချဉ်ပန်းကန်ငယ်ကိုလည်း ချပေးရာ စာရေးသူသည် မြိန်ယှက်စွာ စားသုံးလေသည်။ ဤထိုင်းတရုတ်ဆိုင်မှ အခေါက်ကင်ကား အသားများ သော သုံးထပ်သားကို ကင်ထားပြီး အခေါက်မှာ မွမွကြွပ်ကြွပ်လေး ဖြစ်ရုံသာမက အသားနှင့် အဆီမှာလည်း ပျော့ပျော့ပျောင်းပျောင်းနှင့် လွန်စွာမှ အရသာရှိလှသည်ကို သတိပြုမိသည်။ ငယ်စဉ်က စားခဲ့သော တရုတ်တန်း အခေါက်ကင်နှင့်ကား မနှိုင်းယှဉ်သာအောင် ကွာလှသည်။

စားသောက်ပြီးနောက် ဘုရားဖူးခရီး ပြန်လည်စတင် ထွက်ခွာခဲ့ကြသည်။ မိနစ်နှစ်ဆယ်ကျော်မျှ မောင်းနှင်မိသောအခါ Nokho Pathom မြို့လယ်၌ တည်ရှိသော Phra Pathommachedi စေတီတော်ကြီးအား အဝေးကပင် ကြည်ညိုဖွယ် ဖူးမြော်ရလေသည်။ ဉာဏ်တော်မြင့်မား၍ အဝေးက ဖူးမြင်ရသော Phra Pathom စေတီတော်သည် "At 120.5 metres (395 ft) is the tallest stupa in the world." (၁၂၀.၅)မီတာ (၃၉၅ ပေ)ရှိ၍ ထိုင်းလူမျိုးများအနေနှင့် ကမ္ဘာပေါ်၌ ဉာဏ်တော်အမြင့်မားဆုံး စေတီတော်ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုကြသည်။ Phra Pathom စေတီတော်မြတ်ကြီးကို မျက်ဝါးထင်ထင် ဖူးမြော်လိုက်ရသော စာရေးသူသည် နှစ်ပေါင်း(၅၀)က လေ့လာဖတ်ရှု မှတ်သားဖူးပြီး ဖူးမြင်လိုသော စေတီတော်ကြီးဖြစ်၍ ဝမ်းသာပီတိနှင့်အတူ ကြည်ညိုသဒ္ဓါတရားများ တိုးပွားလျက် ရှိနေပေသည်။

❑ ❑ ❑

ကမ္ဘာ့ဉာဏ်တော် အမြင့်မားဆုံးဟု ထိုင်းလူမျိုးတို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုကြသည့် Phra Pathom စေတီတော်ကြီးသည် ဉာဏ်တော်(၃၉၅)ပေ မြင့်မားသော်လည်း ဉာဏ်တော်(၃၂၆)ပေ မြင့်မားသော မြန်မာနိုင်ငံ၏ ဉာဏ်တော်အမြင့်မားဆုံး မြန်မာ့ဗုဒ္ဓဘုရားရှင်၏ ဆံတော်စစ် ကိန်းဝပ်စံပယ်တော်မူရာ ရွှေတိဂုံစေတီတော်လောက် ဉာဏ်တော်မြင့်မားမှု မရှိဟု သာမန်အားဖြင့် အဝေးမှ ဖူးမြော်သော် ထင်မှတ်ရသည်။



အတွင်းရင်ပြင်တော်နှင့် အာရုံခံတန်ဆောင်း

ရွှေတိဂုံစေတီတော်ကြီးသည် သိင်္ဂုတ္တရကုန်းမြေမြင့်၌ တည်ရှိပြီး စေတီတော်၏ အောက်ခြေဖိနပ်တော်မှာ ကျယ်ဝန်းကြီးမားလှ၍



www.burmeseclassic.com

www.burmeseclassic.com


သည်းကောင်း၊ ငှက်ပျောဖူး ထီးတော်တို့မှာ အချိုးကျလှ၍ သည်းကောင်း ဖူးမြော်သူတို့ စိတ်အထင်၌ ဉာဏ်တော် မြင့်မားလှသည်ဟု ထင်မှတ်ရလေသည်။ နှစ်ဆူစလုံးကို ဖူးမြော်မိသူ စာရေးသူအနေနှင့်လည်း ရွှေတိဂုံစေတီတော် သာ ဉာဏ်တော်ပို၍မြင့်မားသည်ဟု ထင်မှတ်မိသည်။ ထိုင်း Nokhom Pathom မြို့ရှိ Phra Pathom စေတီ တော်သည် ကုန်းမြေခပ်နိမ့်နိမ့်၌ တည်ထားခြင်းကြောင့် ကုန်းမြေမြင့်၌ တည်ထားသော ရွှေတိဂုံစေတီတော် လောက် ဉာဏ်တော်မမြင့်မားဟု ထင်မှတ်ရခြင်း ဖြစ် သည်ကို Phra Pathom စေတီတော်အား ကိုယ်တိုင် ဖူးမြော်မြင်တွေ့မိမှ အမှန်တရားကို သိခဲ့ရသည်။ ထိုင်း Phra Pathom စေတီတော်ကား ရွှေတိဂုံစေတီတော်ထက် ဉာဏ်တော်(၆၉)ပေ ပိုမိုမြင့်မားပြီး ကမ္ဘာ့အမြင့်ဆုံးစေတီ အဖြစ် ထိုင်းလူမျိုးတို့ ဂုဏ်ယူစွာ ပြောဆိုခြင်းမှာ ကြွား ဝါခြင်း မဟုတ်ကြောင်း မျက်မြင်ကြုံတွေ့ရမှ သိရတော့ သည်။

ကျယ်ဝန်းလှသော စေတီတော်တည်ရှိရာ ဝတ္တကမြေ အတွင်းသို့ မော်တော်ယာဉ်ဝင်ရောက်ရာ စေတီတော်၏ မျက်နှာစာလှေကားရှိရာ အနီးအနား၌ ဆိုင်ခန်းများ ကွင်း ပြင်ပြည့် ဆောက်လုပ်နေသည်ကို တွေ့ရသည်။ မကြာမီ ဆေခုဖူးမြော်နေရသည့် Phra Pathom စေတီတော်ကြီး၏ ဘုရားပွဲကြီးကို ကျင်းပတော့မည်ဖြစ်၍ ပွဲဈေးဆိုင်ခန်း များ တည်ဆောက်နေခြင်းဖြစ်ကြောင်း ရှင်းပြမှ ဘုရားပွဲ ရှိကြောင်း သိရသည်။

စာရေးသူတို့ Phra Pathom စေတီတော်သို့ ရောက် ရှိသည့်နေ့မှာ (၃၀-၄-၂၀၁၆)ရက်နေ့ဖြစ်ပြီး တန်ခူးလ အကုန်ကာလ ကဆုန်လဆန်းရက် နားဖြစ်၍ (၂၁-၅- ၂၀၁၆)ရက်နေ့သည် ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ဖြစ်ရာ ထို နေ့ရက်အမီ ဘုရားပွဲ ကျင်းပခြင်းလောဟု စိတ်အစဉ်၌ ထင်မှတ်မိသည်။ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ ကိုးကွယ် သည့်နိုင်ငံ အတော်ပင် နည်းပါးသွားရာ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၌သာ ဗုဒ္ဓဘာသာ ထွန်းကားလျက်ရှိပြီး ကျန်ဗုဒ္ဓဘာသာ ကိုး ကွယ်သော နိုင်ငံတို့မှာ ထေရဝါဒစစ်စစ် ကိုးကွယ်မှု အားနည်းလျက်ရှိကြောင်း တွေ့ရသည်။ ထိုင်းနိုင်ငံသည် ဘုရင်မှစ၍ ပြည်သူအများစုသည် ဗုဒ္ဓဘာသာကို လွန်စွာ သက်ဝင် ယုံကြည်စွာ ကိုးကွယ်ကြရုံသာမက ဗုဒ္ဓသာ သနာတော် ထွန်းကားရေးအတွက်လည်း ရဟန်းသံဃာ တော်များသာမက တော်ဝင်မိသားစုနှင့် ပြည်သူများကပါ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်းကိုလည်း တွေ့ ရသည်။

ထို့ကြောင့် နှစ်စဉ် ကျင်းပမြဲ Phra Pathom စေတီ တော်ကြီး၏ ဘုရားပွဲတော်ကြီးကို ခမ်းခမ်းနားနား ကျင်းပ ရန် ရာချီသော ဆိုင်ခန်းများ တည်ဆောက်နေသည်မှာ မြန်မာနိုင်ငံရှိ ရွှေမော်ဓောဘုရားပွဲ၊ ရွှေစက်တော်ဘုရား ပွဲ၊ မကွေး မြသလွန်ဘုရားပွဲ၊ မန္တလေးရှိ တန်ခိုးကြီးဘုရား စေတီများ၊ စစ်ကိုင်းရှိ သဗ္ဗညုဓွေစေတီတော် အပါအဝင် ဘုရားစေတီများ၊ ပုဂံ ရှေးဟောင်း ရွှေစည်းခုံ၊ အာနန္ဒာ ဘုရား စသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ ဘုရားပွဲတော် ကျင်းပရန် ပြင်ဆင်နေပုံနှင့် လွန်စွာတူလှပေသည်။

မြန်မာနိုင်ငံဘုရားပွဲတော် ပြင်ဆင်ပုံနှင့် ကွာခြားချက် မှာ မြန်မာနိုင်ငံရှိ ဘုရားပွဲများတွင် တည်ဆောက်ကြသော ဇာတ်ပွဲကပြသည့် ဇာတ်ရုံကြီးများကိုကား သတိထား ကြည့်မိသော်လည်း မမြင်ရခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ နယ်ဘုရားပွဲများ၌ကား ဇာတ်ရုံကြီး နှစ်ရုံ၊ သုံးရုံကို တခမ်း



ရင်ပြင်တော်ရှိ ကြီးမားသော စည်တော်ကြီး

www.burmeseclassic.com



အတွင်းရင်ပြင်တော်၌ တရုတ်နတ်ရုပ်အား မြင်ရစဉ်

တနား တည်ဆောက်ခဲ့ကြပြီး ဘုရားပွဲ လာရင်း၊ ဇာတ်ပွဲကြည့်ရင်း ကုသိုလ်လည်းရ စိတ်လည်း ရွှင်ပျရန် နှစ်တန်သော အကျိုးထူးကို ရရှိခြင်းမျိုး ထိုင်းဘုရားပွဲများ၌လည်း ရှိမည် ထင်သည်။ ခုနစ်ကြိမ်မြောက် ဘန်ကောက်သို့ တစ်နှစ်ကျော် ကာလအတွင်း ရောက်ရှိခဲ့သော်လည်း ဘုရားပွဲ တစ်ပွဲနှင့်မျှ မကြုံရ၍ ဖျော်ဖြေပွဲ အကြောင်းကို မသိရသော်လည်း ယခု Phra Phathom စေတီတော်ကြီး၏ ဘုရားပွဲတော်ကား အလွန်စည်ကားကြောင်း ဒေါ်လှလှ၏ ပြောပြချက်အရ သိရသည်။ နောက်လည်း အသည်းဝေဒနာအတွက် ဘန်ကောက်သို့ ရောက်ရှိဦးမည်ဖြစ်၍ တစ်ကြိမ်မဟုတ်တစ်ကြိမ် ဘုရားပွဲတော်နှင့်ကြုံက သွားရောက်လေ့လာရန် ဆုံးဖြတ်မိလေသည်။

ငယ်စဉ် ကလေး၁၀က စာရေးသူ၏မိခင် ဒိုက်ဦးမြို့သူ ဒေါ်ကျင်ရွှေ ကျားသက်နှံးတိုက်ပိုင်ရှင်သည် ဒိုက်ဦးမြို့သူ ပီသစွာ ဇာတ်မင်းသားကြီးဘိုးစိန် ပရိသတ်တစ်ဦးဖြစ်ခဲ့ဖူး၍ ရန်ကုန်မြို့၌ အခြေချနေထိုင်သောအခါ ဗိုလ်တထောင်ဘုရားပွဲ၊ ဆူးလေဘုရားပွဲ၊ ရွှေတိဂုံဘုရားပွဲရှိ ဇာတ်ရုံများသို့ သွားရောက်ကာ ဘုရားပွဲကာလ၌ စိန်အောင်မင်းဇာတ်ပွဲ၊ ရွှေမန်းတင်မောင်ဇာတ်ပွဲ၊ ကကြီးနက် စိန်(စိန်မဟာသဘင်) ဇာတ်ပွဲများကို အိပ်ရေးပျက်ခံကာ တောခလေ့အတိုင်း ကော်ဇောခင်းပြီး လက်ဖက်သုပ်စားကာ ညလုံးပေါက် ကြည့်တတ်ရာ စာရေးသူ ဒိုက်ဦးသားလည်း မိခင်၏ အမွေကို ခံယူကာ ဇာတ်ပွဲကြည့်သည့် ဝါသနာအထုံကြောင့် ဘန်ကောက်ဘုရားပွဲကို သွားရောက်လိုသောဆန္ဒ ဖြစ်ပေါ်ရခြင်းမှာ မထူးဆန်းဟု မှတ်ယူမိသည်။

❑ ❑ ❑

Phra Pathom စေတီတော်ကြီး၏ အဝင်မုခ်ဦးသည် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရား စေတီတော်များကဲ့သို့ ပန်းတောင်ပန်းဆွဲများဖြင့် ခမ်းခမ်းနားနား တည်ဆောက်ထားသော မုခ်ဦးတန်ဆောင်းကြီးများ၊ မှန်စီရွှေချ တိုင်လုံးကြီးများနှင့် စောင်းတန်းများကင်းမဲ့လျက် အမိုးအကာမရှိ၊ ရိုးရိုးရှင်းရှင်း လှေကားထစ်ဖြင့် တက်ရုံဖြင့် ဘုရားရင်ပြင်ထက်သို့ ရောက်လေ့ရှိသည်။ ယခု Phra Pathom စေတီတော်ကြီးသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ တစ်ခုတည်းရှိသော ပင်မမုခ်ဦးသည် အဝင်တန်ဆောင်းမရှိ၊ စောင်းတန်းကင်းမဲ့လျက် လှေကားထစ်(၂၂)ထစ်တက်ရုံနှင့် စေတီရင်ပြင်တော်သို့ ရောက်လေသည်။

ထူးခြားချက်မှာ လှေကားအတက် လက်ရန်းတစ်ဖက်တစ်ချက်၌ နဂါးငါးကောင်၏ ပါးပျဉ်းထောင်နေဟန်ရုပ်တုကို လှေကား(၂၂)ထစ်ထိပ်၌ ထုလုပ်ထားပြီး ဒုတိယလှေကား (၆)ထစ်ထိပ်၌လည်း နဂါးငါးကောင်၏ ရုပ်တု တစ်ဖက်တစ်ချက်တွင် ထုလုပ်ထားကြောင်း တွေ့ရသည်။ စေတီတော်ဘက်သို့ မျက်နှာပြုလျက် လှေကားထစ်အဆုံး၌လည်း နဂါးသုံးကောင်၏ ရုပ်တုများသည် စေတီတော်အား ဖူးမြော်နေဟန် ထုလုပ်ထားခြင်း ဖြစ်သည်။ မြန်မာပြည်ရှိ စေတီတော်များ၌ ခြင်္သေ့ရုပ်တု၊ မိကျောင်းရုပ်တုများ၊ နဂါးရုပ်တုများ ထုလုပ်ထားသည့် ပမာပင် ဖြစ်သည်။ ထိုင်း၌ကား နဂါးငါးကောင်၊ နဂါးခုနစ်ကောင် ပါးပျဉ်းထောင်နေသည့် ပုံများကို အထူးအလေးထား ထုလုပ်ကြကြောင်း တွေ့ရသည်။ အထူးသဖြင့် နဂါးရုံဘုရားများ၌ နဂါး(၅)ကောင်၊ (၆)ကောင်၊ (၇)ကောင် နဂါးခေါင်းများ ပါးပျဉ်းထောင်လျက် မိုးနေဟန်ကို ထုလုပ်ကိုးကွယ်ကြသည်။ မြန်မာတို့ နဂါးရုံဘုရားနှင့်ကား ကွဲပြားသည်။ မြန်မာနဂါးရုံဘုရားတို့ကား



www.burmeseclassic.com


www.burmeseclassic.com

နဂါးတစ်ကောင်တည်း၏ ပါးပျဉ်းမိုးနေဟန်သာ ထုလုပ်ထိုးထွင်းကြပေသည်။

လှေကားထစ်အဆုံး၌ Phra Pathom စေတီတော်ကြီး၏ မြင့်မားလှသော အာရုံခံတန်ဆောင်းကြီးကို ရပ်တော်မူရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူလျက် ဖူးတွေ့ရသည်။ ဉာဏ်တော်မြင့်မားလှသည့် ရွှေအတိချထားသော ဗျာဒိတ်ပေးဟန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် နောက်ခံ တံကဲဖြင့် သပ္ပာယ်လှစွာ ဖူးတွေ့ရသည်။ ပုဂံ အာနန္ဒာစေတီတော် အာရုံခံတန်ဆောင်းများ၌ ထုလုပ်ထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီး လေးဆူနှင့် ယခုဖူးမြင်နေရသော Phra Pathom ဘုရားရှိ ဗျာဒိတ်ပေး ရုပ်ပွားတော်မြတ်ကြီးနှင့် အတော်ပင် ဆင်တူကြောင်း သတိထားမိသည်။

Phra Pathom အာရုံခံတန်ဆောင်းကြီးမှာလည်း ဉာဏ်တော်မြင့်မားသည့် ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူရန် မြင့်မြင့်မားမားနှင့် ကျယ်ကျယ်ဝန်းဝန်း တည်ဆောက်ထားကြောင်း တွေ့ရသည်။ အာရုံခံတန်ဆောင်းအတွင်း၌ ဘုရားဖူး အတော်များများပင် ရောက်ရှိဖူးမြော်နေကြသည်။ ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် စိတ်တိုင်းကျ ဒါနကုသိုလ်ပြုနေကြသည်ကိုလည်း တွေ့ရသည်။ ဘန်ကောက်နှင့် (၅၆)ကီလိုဝေးသော Nakhom Pathom မြို့၌ တည်ရှိသော ဤစေတီတော်ကြီးကား တန်ခိုးကြီးထင်ရှား၍လောမသိ ဘုရားဖူးများဖြင့် စည်ကားလှသည်။ ဘုရားဝင်းအတွင်း၌လည်း ဘုရားဖူးကားများ ပြည့်ကျပ်နေသည်ကို ကြည့်ခြင်းဖြင့် ရပ်ဝေးမှ လာရောက်ဖူးမြော်ကြကြောင်း အကဲခတ်နိုင်သည်။

ထိုင်းနိုင်ငံ၏ အစဉ်အလာအတိုင်း နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များမှာလည်း အထူးပင် များပြားစွာ လာရောက်ကြသည်ကို ကြည့်ခြင်းဖြင့် ကမ္ဘာကျော်စေတီတော် တစ်ဆူ ဖြစ်ကြောင်း မှတ်ယူနိုင်သည်။ ရွှေတိဂုံစေတီတော်ကြီး၌ ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားနေပုံနှင့်ကား အနည်းငယ်ကွာခြားသည်ကိုလည်း တွေ့ရသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကမ္ဘာလှည့်ခရီးသည်များမှာ Phra Pathom စေတီထက် အဆများစွာ လာရောက်ကြ၍ ကမ္ဘာကျော်ဘုရားကြီးတစ်ဆူ ဖြစ်သည်ကိုကား ငြင်းဆို၍မရပေ။


ရင်မြင်တော်ရှိ နဂါးရုပ်တံခွန်တိုင်

□ □ □

အာရုံခံတန်ဆောင်းကြီးအတွင်း ကိန်းဝပ်စံပယ်တော်


ရင်မြင်တော်ရှိ အမှုအတာ နှံစဝရန် ကြီးမားသော မောင်းကြီးများ

www.burmeseclassic.com

မှုသော ရုပ်တော်မှု ဗျာဒိတ်ပေးရုပ်ပွားတော်မြတ်ကြီးနှင့် ရုပ်ပွားတော်ကြီး၏ လက်ဝဲဘက် ရှေ့မျက်နှာစာရှိ ညာဏ်တော်(၅)ပေရှိ ရုပ်ပွားတော်နှစ်ဆူကို ပူဇော်ကန်တော့ပြီးနောက် စေတီတော်ကြီးအား လှည့်လည်ပူဇော်ရန် အာရုံခံတန်ဆောင်းကြီးအတွင်းမှ ထွက်ခွာလာခဲ့သည်။

စေတီတော်ကြီးအား လက်ယာရစ်ဖူးမြော်ရန် အာရုံခံတန်ဆောင်းမှ အထွက်၌ ရုပ်ပွားတော် သုံးဆူနှင့် ဖွားတော်မူရုပ်တုတော်တို့အား အာရုံခံတန်ဆောင်းငယ်တစ်ခုအတွင်း၌ ဖူးတွေ့ရသည်။ ထိုတန်ဆောင်းငယ်မှလွန်သော် ရွှေရောင်အိုးကြီးများ ဝိုင်းရံပြီး အလယ်၌ ရွှေရောင်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ဟန်၊ ဈာန်သမာပတ်ဝင်ဟန် ထုလုပ်ထားသည်မှာ ကြည်ညိုဖွယ်ကောင်းလှသည်။ စေတီတော်ကြီး၏ အပြင်ရင်ပြင်တော် တစ်လျှောက်၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်အဆူဆူကို မုဒြာဟန်အမျိုးမျိုးနှင့် ထုလုပ်ပူဇော်ထားသည်မှာ အပြင်ရင်ပြင်တော် တစ်ပတ်ပင် ဖြစ်သည်။ အထူးသဖြင့် သပိတ်တော်ပိုက်လျက် ဆွမ်းခံကြွနေဟန်ရုပ်တော်မူပုံက များသည်။ လျောင်းတော်မူဟန်ပုံ၊ နဂါးရုံဘုရားပုံ စသည်ဖြင့် ပုံစံတော်အမျိုးမျိုး ထုလုပ်ပူဇော်ထားသည်ကို တွေ့ရှသည်။ ရှင်သီဝလိရုပ်ပွားတော်၊ ရဟန္တာမထေရ်မြတ် ပုံတော်ကိုလည်း ယပ်တောင်တော်အစား ထီးထမ်းလျက် ဖူးမြော်ရသည်။

ထင်ရှားသည့် စေတီတော်နှင့် သက်ဆိုင်သည့်ဟုထင်ရသော ဆရာတော်ကြီး နှစ်ပါး၏ ပုံတော်ကိုလည်း ဖူးတွေ့ရသည်။ ပြင်ပရင်ပြင်တော်၌ ကြေးမောင်းကြီးများကို ချိတ်ဆွဲထားသည်မှာလည်း ထူးခြားလှသည်။ မြတ်စွာဘုရားရှင် ခြေတော်တွဲလောင်းချ၍ ထိုင်နေတော်မူရာ ရှေ့၌ မျောက်နှင့်ဆင်တို့ သစ်သီးဆက်ကပ်လှူဒါန်းနေပုံမှာ ရွှေသာလျောင်းရုပ်ပွားတော်(Wat Pho) ဘုရား၌ ဖူးမြော်ခဲ့ရသည့် ပုံစံအတိုင်း ဖူးမြော်ရသည်။ ရင်ပြင်တော်ပြင်ပရှိ တန်ဆောင်းအတွင်း၌ မြတ်စွာဘုရားရှင် ရုပ်တော်မူနေပုံမှာ တခြားသော ဘုရားစေတီများ၌ မတွေ့မြင်ဖူးသော ပုံတော်ဖြစ်၍ ထူးထူးခြားခြား ဖူးမြော်ခဲ့ရသည်။

စေတီတော်၏ ပြင်ပရင်ပြင်တော်၏ သုံးပုံတစ်ပုံခန့်အရောက်တွင် စေတီတော်၏ အတွင်းရင်ပြင်တော်သို့ဝင်ရောက်ရန် ဝင်ပေါက်ငယ် အပေါက်ကို တွေ့ရသည်။ ဝင်ပေါက်၏ တစ်ဖက်တစ်ချက်၌ တရုတ်နတ်မင်းကြီး တစ်ပါးစီ ခြံရံလျက်ရှိသည်ကို တွေ့ရသည်။ ထိုင်းယဉ်ကျေးမှုအပေါ် တရုတ်ယဉ်ကျေးမှု လွှမ်းမိုးခဲ့ပုံကို စာရေးသူ အထက်၌ ရေးသားဖော်ပြခဲ့သလို အထင်အရှားတွေ့ရသည်။

ထိုအတွင်း ရင်ပြင်တော်သို့ဝင်ရန် အဝိုင်းပုံသဏ္ဌာန်မုခ်ဝငယ်မှ အတွင်းသို့ ဝင်ရောက်ခဲ့ရာ အတွင်းရင်ပြင်တော်၏ သပ်ရပ်ကျယ်ပြန့်ပြီး အာရုံခံတန်ဆောင်း အဆောင်ဆောင်ကိုလည်း ယိုးဒယားပန်းတောင်၊ ပန်းဆွဲတို့နှင့် ခမ်းနားထည်ဝါစွာ ဖူးမြော်ရသည်။ ပြင်ပရင်ပြင်တော်နှင့် အတွင်းရင်ပြင်တော်၌ မုခ်အခုံးများနှင့် စောင်းတန်းရှည်ကြီးသဖွယ် ရင်ပြင်တစ်ပတ်ပြည့် ကာရံတည်ဆောက်ထားသည်။ အာရုံခံအဆောက်အအုံများ ရှည်လျားလှသည်။ စေတီတော်ကြီး၏ လုံခြုံရေးအတွက် တံတိုင်းကာရံထားသည့်ပမာပင် ဖြစ်သည်။


အတွင်းရင်ပြင်တော်ပေါ်ရှိ အာရုံခံတန်ဆောင်းကြီး အတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော်များ ကိန်းဝပ်တော်မူရာ ဓာတ်တော်စေတီကြုတ်ကိုလည်း ဖူးမြော်ရသည်။ ထိုဓာတ်တော် ကိန်းဝပ်ရာ အာရုံခံတန်ဆောင်း အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ဖူးမြော်ကြည်ညိုခွင့်ရသည်။ နတ်ရွာစံ ထိုင်းဘုရင်မင်း


အတွင်းရင်ပြင်မှ အဆောက်အဦသို့ တက်ရောက်ရာ လှေကား




www.burmeseclassic.com

www.burmeseclassic.com



အတွင်းရင်ပြင်တော်ရှိ ဓာတ်တော်တိုက်၌
ဓာတ်တော်ကိန်းဝပ်ရာ စေတီငယ်



အထက်ပစ္စယာရှိ စေတီတော်ဓာတ်တော်တိုက်
ဝင်ပေါက်ငယ်နှင့် ကြေးဆင်းတုတော်


မြတ်နှင့် မိဖုရားကြီးတို့၏ ပုံတော်နှင့် လှူဒါန်းထားသော လှူဖွယ်ပစ္စည်းတို့ကိုလည်း တွေ့ရသည်။ ထိုင်းဘုရင်မင်းမြတ် ရဟန်းဝတ်နှင့် စေတီတော်ကြီးအား လှူဖွယ်ပစ္စည်းများ ကိုင်ဆောင်ကာ တစ်ပတ်လှည့်လည် ပူဇော်နေပုံက ရှားပါးသော ဓာတ်ပုံတစ်ပုံပင် ဖြစ်သည်။ ထိုစဉ်က ဘုရင်မင်းမြတ်မှာ သက်တော်အလွန် ငယ်ရွယ်သော အချိန်ကပင် ဖြစ်ကြောင်း တွေ့ရသည်။

ဓာတ်တော်ကိန်းဝပ်စံပယ်တော်မူရာ အာရုံခံတန်ဆောင်းကြီးသည် စေတီတော်ဘက်သို့ မျက်နှာမူတည်ဆောက်ထားသော အာရုံခံတန်ဆောင်းကြီးဖြစ်သည်။ ထိုအာရုံခံတန်ဆောင်းကြီး မျက်နှာမူရာဘက်ရှိ စေတီတော်ကြီး၏ ကိုယ်လုံးတော်၌ အပေါက်ငယ်တစ်ခုကို ဖောက်လုပ်ထားပြီး ပန်းကွပ်ထားသော ထူးခြားသည့် အပေါက်တစ်ခုကို တွေ့မြင်ရသည်။ ထိုအပေါက်အောက်ဘက်ရှိ မှန်လုံမုခ်တန်ဆောင်းအတွင်း၌ သပ္ပာယ်လှသော ရုပ်ပွားတော် တစ်ဆူကိုလည်း ဖူးတွေ့ရသည်။


စာရေးသူတို့ ဇနီးမောင်နှံသည် Phra Pathom စေတီတော် အတွင်းရင်ပြင်တော်အား လက်ယာရစ် လှည့်ပတ်ဖူးမြော်နေစဉ် စေတီတော်၏ အထက်ပစ္စယာသို့ တက်ရောက်နိုင်သည့် လှေကားကို တွေ့မြင်ရသောကြောင့် အထက်ပစ္စယာသို့ တက်ရောက်ပြီး စေတီတော်၏ ကိုယ်လုံးတော်အနီးကပ်၍ လက်ယာရစ်လှည့်၍ ဖူးမြော်ကြပြန်သည်။ အထက်ပစ္စယာ စေတီတော်၏ ရင်ပြင်မှာလည်း အတော်ပင် ကျယ်ဝန်းလှသည်။ တစ်ပတ်လှည့်၍ ပူဇော်ခဲ့ရာ Phra Pathom စေတီတော်မြတ်ကြီးအား အပြင်ရင်ပြင်တော်၌ လက်ယာရစ်တစ်ပတ်၊ အတွင်းရင်ပြင်တော်၌ လက်ဝဲရစ်တစ်ပတ်၊ အထက်ပစ္စယာရင်ပြင်တော်၌ လက်ယာရစ်တစ်ပတ်၊ စုစုပေါင်း လက်ယာရစ်သုံးပတ် ပတ်မိလေသည်။ Phra Pathom စေတီတော်ကြီး၏ အောက်ခြေလုံးပတ်မှာ ကြီးမားလှ၍ လက်ယာရစ် စုစုပေါင်း သုံးကြိမ် လှည့်လည်ပူဇော်ရ၍ ခြေထောက်အတော်ပင် ညောင်းညာခဲ့ရသည်။

နှစ်ပေါင်း(၅၀)ကျော်ကပင် ဖွဲ့ဖွဲ့လမ်းလမ်း ဖူးမြော်ချင်သော စေတီတော်မြတ်ကြီးအား သုံးပတ် ပတ်ပြီး၍

www.burmeseclassic.com



ဇာတ်တော်ခန်းဆိုင်ရာ ဓာနိတောင်းရှိ
တရုတ်သဖွယ်ကျောမှုလက်ရာ ဆုတောင်း




ပူဇော်ပြီးနောက် စေတီတော်အထွတ်ပစ္စယာမှ ဆင်း၍ လေ့လာစရာများကို လေ့လာကြည့်ရှုရန် အပြင်ဘက် ရင်ပြင်ပေါ်သို့ထွက်ပြီး လက်ယာရစ်လှည့်ရာ စေတီငယ်တစ်ဆူကို ဖူးမြင်ရသည်။ စေတီငယ်သည် အောက်ခံကျောက်တုံးများဖြင့် တည်ဆောက်ထားသော ကျောက်ဂူငယ်သဏ္ဌာန်အပေါ်၌ တည်ထားခြင်းဖြစ်သည်။ ထိုဂူငယ်သို့ ဝင်ရောက်ရန် လေးထောင့်အပေါက်ငယ်တစ်ခုကို ထိုင်းဘာသာ စာတန်းကမ္ပည်းထိုးလျက် တွေ့ရသည်။ ထိုင်း၊ တရုတ် ဘာသာတို့နှင့် ရေးသားထားသော ဆိုင်းဘုတ်ကိုလည်း ကျောက်ဂူ၌ ချိတ်ဆွဲထားသည်။

စာရေးသူအနေနှင့် Phra Pathom စေတီတော်အား လာရောက်မဖူးမြော်မီ လွန်ခဲ့သော သုံး၊ လေးလကပင် ဤစေတီတော်နှင့်သက်ဆိုင်သော အင်တာနက်မှတ်စုများကို မိတ္တူကူးယူထားပြီး လေ့လာထားခဲ့ရာ ဤဂူငယ်လေးသည် Phra Pathom စေတီတော်ကြီး၌ အထင်ကရ နေရာတစ်ခုဖြစ်ကြောင်း သိရှိထားခဲ့သည်။

ဂူငယ်လေးအတွင်းသို့ ရင်ပြင်ပေါ်မှ ဝင်ရောက်ရန် ဂူပေါက်တစ်ခုနှင့် အောက်ခြေမှ ဝင်ရောက်ရန် ဂူပေါက်တို့ရှိသည်။ ဂူအတွင်း၌ အလွန်ကျဉ်းမြောင်းသော လှေကားရှိပြီး ခဲနံ့ရလှေကားတို့ဖြင့် တစ်ကိုယ်စာ ကျပ်ကျပ်တည်းတည်း ဆင်းရသည်။ ဂူအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်အဆူဆူကို ဖူးမြင်ရသလို ကွမ်ရင်မယ်တော်၊ အန်းကူန်းဘိုးတော်၊ တရုတ်နတ်ရုပ်တို့အပြင် လေးမျက်နှာ (Four Faced) Brahma နတ်ဘုရားရုပ်တုကိုလည်း တွေ့ရသည်။ ဂူငယ်လေးသည် ဗုဒ္ဓဘာသာဝင်တို့နှင့် သက်ဆိုင်သလို တရုတ်နှင့် ဟိန္ဒူ ဘာသာဝင်တို့နှင့်လည်း သက်ဆိုင်နေကြောင်း တွေ့ရသည်။

ကျောက်ဂူနံရံ၌ ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ရေးထိုးထားသော ကမ္ပည်းစာတန်း၌-

Please Beinvited to Pay Homage to the thousand year Buddha and Fourfaced Brahma our officers is at your Service inside.

ဟူ၍ ရေးထိုးထားရာ နှစ်တစ်ထောင်ကျော်ကြာ ဗုဒ္ဓရုပ်ပွားတော်နှင့် လေးမျက်နှာ ဗြဟ္မာရုပ်တုတို့ထံ ခစားတောင်း၍ ပြည့်စုံကြောင်းကို ရည်ညွှန်းရေးထိုးထားသည်ကို တွေ့ရသည်။ ထိုကြောင့်လည်း ကျောက်ဂူတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် လေးမျက်နှာဘုရားတို့ရှေ့၌ ပန်း၊

www.burmeseclassic.com


www.burmeseclassic.com

...ည်းအများအပြား ဆက်ကပ်ထားသည်ကို တွေ့ရသည်။

စာရေးသူတို့မိသားစုသည် ကျဉ်းမြောင်းသော ဝှင်ယ်အတွင်းရှိ ဖူးမြော်ကြည်ညို့ လှေလာစရာများကို ဖူးမြင်ပြီး နောက် ဝူထွက်ပေါက်အထိ ဆင်းသက်ခဲ့သည်။ အပြင် ဘက်မှ ရင်ပြင်ပေါ်သို့ ပြန်တက်ကြသည်။ ကြိုတင်ဖတ်ရှု ထားချက်အရ Phra Pathom စေတီတော်မြတ်ကြီးရှိ ကျောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်နိုင် ရန် အနီးအနားရှိ ထိုင်းလူမျိုး အမျိုးသားတစ်ဦးကို သမီး နှင့်အတူ မေးမြန်းရာ ရှေ့ဘက်နားရှိ အာရုံခံတန် ဆောင်းကြီးအတွင်း၌ရှိကြောင်း လမ်းညွှန်ပြ၍ လျောင်း တော်မူရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ အာရုံခံ တန်ဆောင်းကြီးထံ ရှေးရှုသွားခဲ့ကြသည်။

သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုပင်မြင်သည် ဟူသော စကားပုံသည် လွန်စွာမှန်လှကြောင်း လက်တွေ့ ကြုံမှ သိရသည်။ အပြင်ရင်ပြင်တော်ကို ပထမအကြိမ် တစ်ပတ်ပတ်စဉ်က ဤအာရုံခံတန်ဆောင်းအနီးမှပင် ဖြတ် သွားခဲ့သော်လည်း သတိမထားမိ၍ လျောင်းတော်မူမြတ် စွာဘုရားရှင်အား မဖူးမြော်ခဲ့ရပေ။ ယခု ဒုတိယအကြိမ် ထပ်မံ၍ လက်ယာရစ် ပတ်သောအခါမှ ထိုင်းအမျိုးသား ကြီး၏ ညွှန်ပြချက်အရ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးထံ ဆိုက်ဆိုက်မြိုက်မြိုက် အဖူးမြော်ရောက်ရ လေတော့သည်။

လျောင်းတော်မူရုပ်ပွားတော်မြတ်သည် ကိုယ်လုံး တော်ပြည့် ရွှေပိန်းချထား၍ ရွှေရောင်ဝင်းလျက် သပ္ပာယ် လှသည်။ ဉာဏ်တော်မှာ ဘန်ကောက် မြဘုရားအနီးရှိ Wat Po လျောင်းတော်မူ ရှေးဟောင်းရုပ်ပွားတော်လောက် မမြင့်မားသော်လည်း ဉာဏ်တော်အတော်ပင် မြင့်မားလှ သည်။ မျက်နှာတော်သည် အလွန်ကြည်ညိုဖွယ်အသွင် ဆောင်နေသည်။ ဘန်ကောက်ရှိ Wat Po လျောင်းတော်မူ၊ ပဲခူး ရွှေသာလျောင်းတော်မူ၊ ရန်ကုန် ဆယ်ထပ်ကြီး လျောင်းတော်မူရုပ်ပွားတော်ကြီးများလို ဦးခေါင်းတော် သည် ခေါင်းအုံးသဏ္ဌာန် ပြုလုပ်ထားခြင်းမရှိဘဲ လက်ဝဲ လက်တော်ထောက်၍ ဦးခေါင်းတော် တင်ထားခြင်းနှင့် ခြေတော်၌လည်း ကျွန်လျောင်းတော်မူများကို စက်တော် ရာအကွက်မပါခြင်းသည် Phra Pathom လျောင်းတော်



ရင်ပြင်တော်အောက်ထပ်ရှိ
ရှေးဟောင်းစေတီတော်အစ်ရှေ

မူ၏ ထူးခြားချက်ဖြစ်သည်။

လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋ္ဌိ တိုက်အတွင်း၌ ထိုင်တော်မူရုပ်ပွားတော်၊ ရပ်တော်မူရုပ် ပွားတော်၊ လျောင်းတော်မူ ရုပ်ပွားတော်များကိုလည်း လျောင်းတော်မူရုပ်ပွားတော်ကြီးနှင့်အတူ ဖူးမြော်ရသည်။

လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီး၏ စံကျောင်း တော်အနီး၌ ပန်းကွက်များ ဖော်ဆောင်ထုလုပ်ထားသည့် တိုင်လုံးကြီး နှစ်လုံးနှင့် တည်ဆောက်ထားသော အာရုံခံ တန်ဆောင်းကြီးအတွင်း၌လည်း ထိုင်းဘုရင် တစ်ပါး၏ ကြေးနက်ရုပ်တု တစ်ခုကို တွေ့ရသည်။ ဘုရားကြီးအား ပြုပြင်တည်ထားသော ထိုင်းဘုရင် ရာမ(၅) ဖြစ်မည်ဟု ထင်ရသည်။ ကမ္ပည်းစာတန်း ရေးထိုးထားသော်လည်း ထိုင်းဘာသာစာပေနှင့် ရေးထားခြင်းဖြစ်၍ လှေလာဖတ် ရှုရန် အခက်အခဲရှိလေသည်။

ထိုတန်ဆောင်းအတွင်း၌ပင် ဗုဒ္ဓမြတ်စွာဘုရားရှင် သည် ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဓမ္မစကြာ ဟောနေဟန် ရုပ်ပွားတော်မြတ်နှင့် ပဥ္စဝဂ္ဂီငါးပါး၏ ရုပ်တုကိုလည်း

www.burmeseclassic.com

ကြည့်ညိုဖွယ် တွေ့ရသည်။ နဂါးခေါင်းဆယ်လုံး အုပ်မိုးလျက် နဂါးရုံရုပ်ပွားတော်မြတ်ကိုလည်း သပ္ပာယ်လှစွာ ဖူးမြော်ရသည်။ စာရေးသူအနေနှင့် ထိုနဂါးရုံရုပ်ပွားတော်မြတ်အား ဓာတ်ပုံမှတ်တမ်း နှစ်ကြိမ်ရိုက်ယူခဲ့သည်။

တည်းခိုရာ အခန်းရောက်မှ တစ်နေ့တာရိုက်ကူးလာသော ပုံများကို ပြန်ကြည့်သောအခါမှ ဓာတ်ပုံရိုက်ယူလာသော နဂါးရုံဘုရားရှေ့၌-

No Photograph, No Smook Please do not Tauch ဟု ရေးထိုးထားသော စာကို တွေ့ရသည်။

ထိုစာတန်းကို ဓာတ်ပုံမရိုက်မီ တွေ့ပါက ဓာတ်ပုံမှတ်တမ်း ရိုက်ရဲမည် မဟုတ်သော်လည်း ထိုစာတန်းကို မတွေ့မမြင်မိ၍ မှတ်တမ်းဓာတ်ပုံ ရိုက်ယူနိုင်ခဲ့သောကြောင့် စာရှုသူတို့ ယခုမြင်တွေ့ရခြင်း ဖြစ်သည်။ ထိုနဂါးရုံဘုရားရုပ်ပွားတော်မြတ်သည် ရှေးဟောင်းဘုရားတစ်ဆူဖြစ်၍ အထက်ပါ တားမြစ်ချက်များထုတ်၍ ထိန်းသိမ်းထားခြင်း ဖြစ်မည်ကို စာရေးသူ မှတ်ချက်အသီအမှတ်ပြုမိသည်။

Phra Pathom စေတီတော်မြတ်ကြီး၏ အပြင်ရင်ပြင်ပေါ်၌ ရှေးဟောင်းစေတီပျက် အုတ်ပုံများကို တွေ့ရ


ဂူအတွင်းရှိ တရုတ်ကွမ်ရင်မယ်တော်ပုံ

လေရာ Phra Pathom စေတီတော်မြတ်ကြီး၏ သက်တမ်းကို ခန့်မှန်းကြည့်နိုင်သည်။ အပြင်ရင်ပြင်တော် မဟာရံတံတိုင်း အပြင်ဘက်၌လည်း အရံစေတီတော်များကို ရှေးဟောင်းပုံစံ တည်ထားသည်ကို တွေ့ရသည်။

အထက်၌ ဖော်ပြထားသည့်အတိုင်း Phra Pathom စေတီတော်မြတ်ကြီး၏ အတွင်းရင်ပြင်တော်အား ပတ်၍ တည်ထားသော တန်ဆောင်းရှည်ကြီးအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်အဆူဆူ တစ်ရာကျော်ကို မုဒြာဟန်အမျိုးမျိုးနှင့် ဖူးတွေ့ရာ မြန်မာနိုင်ငံရှိ ဘုရားစေတီများ၏ ရုပ်ပွားတော်များ၏ မုဒြာဟန်နှင့် အတော်ပင် တူလှသော်လည်း ထူးခြားသော ရုပ်ပွားတော်တစ်ဆူကို ဖူးမြော်ခဲ့ရ၍ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးတင်ပြလိုက်ရပေသည်။

ရုပ်တုတော် ထုလုပ်ဟန်မှာ-

နွားလားဥသဘ ရုပ်တုပေါ်၌ လက်လေးဖက်(ညာဘက်)၊ လက်ငါးဖက်(ဘယ်ဘက်)စီရှိသော နတ်မင်းတစ်ပါးသည် ဒူးတစ်ဖက်ထောက်၍ ထိုင်နေပြီး ထိုနတ်မင်းကြီး၏ ဦးခေါင်းထိပ်၌ မြတ်စွာဘုရားရှင် ရုပ်တော်မူဟန် ရုပ်တုပင်ဖြစ်သည်။ ထိုရုပ်တုကိုကြည့်ခြင်းဖြင့် နွားရုပ်၊ လက် လေးဖက်၊ ငါးဖက်ရှိသော နတ်ရုပ်တို့သည် ဟိန္ဒူဘာသာ၏ အထိမ်းအမှတ်ဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်ကား ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ် မြတ်စွာဘုရားရှင်ဖြစ်တော်မူရာ ထိုင်းဗုဒ္ဓဘာသာနှင့် ဟိန္ဒူအယူအဆ ရောနှောနေသည်ကို ဖော်ကျူးနေသည်ဆိုက မှားမည်မဟုတ်ပေ။

❑ ❑ ❑

စာရေးသူတို့မိသားစုကို လိုက်လံပို့ဆောင်ပေးသော ဒေါ်ဖြူဖြူတို့မိသားစုတို့သည် Phra Pathom စေတီတော်မြတ်ကြီးအား နှစ်နာရီကျော်ကြာအောင် လှေ့လာကြည်ညို ဖူးမြော်ခဲ့ကြရာ အချိန်ကုန်၍ ကုန်မှန်းမသိအောင် ဖူးမြော်ကြည်ညိုစရာများက များလှသည်။ ဘုရားလှည့်လည်ဖူးမြော်စဉ်၌ စာရေးသူမိသားစု လေးယောက်က တစ်အုပ်စု၊ ဒေါ်ဖြူဖြူမိသားစုက တစ်အုပ်စုကွဲ၍ ရင်ပြင်တော်၌ လှေ့လာခဲ့ကြရာ အဝင်တောင်ဘက်မုခ်ရှိ ရပ်တော်မူရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်ရာ အာရုံခံတန်ဆောင်း၌ ပြန်ဆုံကြသည်။

ဘန်ကောက်နှင့် ကီလို(၅၀)ကျော် ဝေးကွာသည်



www.burmeseclassic.com

www.burmeseclassic.com

Phra Pathom စေတီတော်သည် သွားရောက်ဖူးမြော်ရန် ထိုက်တန်လှ၍လည်းကောင်း၊ ရွှေတိဂုံစေတီတော်ထက် ဉာဏ်တော်မြင့်မားပြီး ကမ္ဘာ့ဉာဏ်တော် အမြင့်မားဆုံး စေတီအဖြစ် သတ်မှတ်၍လည်းကောင်း၊ ရှေးဟောင်းစေတီတော် ဖြစ်၍ တစ်ဆူဖြစ်၍လည်းကောင်း စာရေးသူအနေနှင့် အထူး အလေးထားပြီး ကြည်ညိုဖူးမြော်ခဲ့သည်။

နောက်ဆုံး ပြန်လည်ထွက်ခွာတော့မည်ဖြစ်၍ ဉာဏ်တော် မြင့်မားလှသော စေတီတော်ကြီး၏ ရပ်တော်မူ ဘုရားဒိတ်ပေး မြတ်စွာဘုရားရှင် ရုပ်ပွားတော်ရှေ့၌ ငါးပါးသီလခံယူခြင်း၊ ဗုဒ္ဓဂုဏ်တော်ရွတ်ပွားပူဇော်ခြင်း၊ သမ္ဗုဒ္ဓေ ဂါထာတော်မြတ်အား ရွတ်ပွားပူဇော်ခြင်း၊ ဆယ်မိနစ်ခန့် ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းများပြု၍ ကောင်းမှုအစုစုကို အမျှအတန်းဝေပြီး Phra Pathom စေတီတော်မှ ထွက်ခွာလာခဲ့ကြသည်။ လောဘ၊ ဒေါသ၊ မောဟ ကင်းသောဆုကိုကား တောင်းခဲ့သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အမြန်ဆုံးရပါစေကြောင်း ဆုကိုသာ တောင်းခဲ့မိသည်။

❑ ❑ ❑

ထိုင်းနိုင်ငံရှိ အဝေးပြေးလမ်းများသည် ကျယ်ဝန်းလှသလို လမ်းသားမှာလည်း ချော၍ မော်တော်ယာဉ်များ အမြန်မောင်းနှင် သွားလာနိုင်ကြသည်။ လမ်းကြောမှာလည်း ပညာရှင်တို့အနေဖြင့် တွက်ချက်ဖောက်လုပ်ထား၍ လောမသိ လမ်းကြောင်းယာဉ်အန္တရာယ်ဖြစ်မှု အလွန်နည်းကြောင်း သိရသည်။ အမြန်လမ်း၌ အမြန်မောင်းကြ၍ ယာဉ်အရှိန် မထိန်းနိုင်သောကြောင့် ယာဉ်အန္တရာယ် ဖြစ်ပေါ်မှုကလွဲ၍ လမ်းကြောင့် ယာဉ်တိမ်းမှောက်မှု အတော်ပင် နည်းသည်။

စာရေးသူတို့ စီးလာသော မော်တော်ယာဉ်သည် ကီလို(၇၀) ကျော်အောင် မောင်းနှင်နေသော်လည်း အရှိန်နှင့် မောင်းမှန်းမသိအောင် သက်သက်သာသာနှင့် စီးနင်းလိုက်ပါနိုင်လေသည်။ စာရေးသူသည် ထိုင်းနိုင်ငံ၏ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ရှုခင်းများကို ကြည့်ရှုရင်း လိုက်ပါလာခဲ့ရာ Phra Pathom စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို ပြန်လည်တွေးတောနေမိသည်။

Phra Pathom စေတီတော်ကြီး၏ ရှေးပိုင်းသမိုင်းနှင့် ပတ်သက်၍ စေတီတော်ကြီးအား အေဒီ(၆)ရာစုနှင့် (၈) ရာစုကြားကာလ၌ တည်ထားသည်ဟု အကြမ်းအားဖြင့် ခန့်မှန်းဖော်ပြကြသည်။ စေတီတော်ကြီး၏ မူလသမိုင်းအခြေခံသည် မြန်မာနိုင်ငံရှိ ရှေးဟောင်းတန်ခိုးကြီးဘုရားစေတီတော်များ၏ မူလသမိုင်းနှင့် အတော်ပင်တူသည်။ မင်းဘူး၊ စလင်းရှိ ကျောင်းတော်ရာစေတီ၊ စစ်ကိုင်း ဆွမ်းဦးပုညရှင်စေတီ စသည့် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးစေတီတော်များသည် အိန္ဒိယနိုင်ငံ အသောကမင်းကြီးအနေဖြင့် အဓာတသတ်မင်းကြီး၏ ဓာတ်တော်တိုက်မှ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော်များကို ပင့်ဆောင်ဖော်ထုတ်ပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်ပြန့်ပွားတည်တံ့ရေးအတွက် BC သုံးရာစုကျော်ကာလတွင် ရဟန္တာအရှင်မြတ်များအား ပေးအပ်ကာ အာရှတိုက်နှင့် အာရှတိုက် အရှေ့ပိုင်းဒေသများသို့ သာသနာပြုခရီး ကြွတော်မူစေပြီး စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားရာမှ အစပြုခဲ့ကြောင်း ဖော်ပြသည်။ အသောကမင်းကြီး၏ ရဟန်းတော်တို့၏ ကြိုးပမ်းသာသနာပြုမှုကြောင့် Wat Phra Pathom ဘုရားကျောင်းတော်ကို BC (၃၂၅)ခန့်က တည်ဆောက်ခဲ့ပြီး စေတီတော်ကို (၁၉၃) (BC) ခန့်၌ တည်ဆောက်ခဲ့ကြောင်း ထိုင်းရှေးဟောင်း မှတ်တမ်း၌ ဖော်ပြကြသည်။




Phra Prathom စေတီတော်ရင်ပြင်တော်ရှိ ဉာဏ်တော်မြင့်မားသည့် ကျောင်းတော်မှမြတ်စွာဘုရား ဝံပယ်တော်မူရာ အာရုံခံတန်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



လျောင်းတော်မူဘုရားကြီး၏ ခြေတော်အစုံ (ဇော်လဘေ့တောရားပြီး)


မူလတည်ဆောက်စဉ်က စေတီတော်၏ ပုံသဏ္ဌာန်သည် အိန္ဒိယနိုင်ငံ San Chi ဆန်ချီစေတီတော်၏ ပုံသဏ္ဌာန် ဖြစ်သည်။ စေတီတော်၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော်ကို ဌာပနာထည့်သွင်း၍ တည်ထားခဲ့သည်။

နောက်ပိုင်း စေတီတော်ကြီးအား ဆက်လက်၍ ဉာဏ်တော် မြင့်မားစွာ တည်ထားသည့် သမိုင်းမှာလည်း ဝိဝါဒအနည်းငယ် ကွဲပြားစွာ ရေးသားကြသည်ကို တွေ့ရသည်။

ထိုသို့ မှတ်ကွဲများအနက် ခိုင်မာသည်ဟု ယူဆရသော သမိုင်းကြောင်းကို ဖော်ပြရသော်-

(၈၇၀)ပြည့်နှစ်၌ ဘုရင် Phraya Kong ထီးနန်း စိုးစံစဉ် ၄င်း၏ ဗေဒင်ပညာရှိက ပထမဦးဆုံး မွေးဖွားမည့် သားတော်သည် ဖခင်ကို သတ်မည့်သားဖြစ်ကြောင်း ကြိုတင် ဟောကိန်းထုတ်ခဲ့သည်။ ကြိုတင် ဟောသည့်အတိုင်း မိဖုရားကြီးသည် သားဦး သားတော်ကို ဖွားမြင်လေရာ ဘုရင်က ထိုသားငယ်လေးအား သတ်ပစ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ (ဗိမ္ဗိသာရမင်းကြီးနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း တွေးမိသည်။ မိမိကို သတ်မည့် အဇာတသတ်မင်းသားအား မိဖုရားကြီးက သားပျက်ရန် ကြိုးပမ်းမှုကို တားပြီး မွေးဖွားစေခဲ့ခြင်းသည် မိဘမေတ္တာကို ဖော်ကျူးရာ ရောက်ပေသည်။)

သားတော်လေးအား ဘုရင်က သတ်ရန် အမိန့်ထုတ်သော်လည်း မိဖုရားကြီးက အစေခံ အထိန်းတော်လှက် သားတော်လေးအား အပ်ကာ တောတွင်း၌ ပုန်းအောင်း နေစေသည်။ ထိုမင်းသားသည် နောင်အခါ Phraya Pan ဟု အမည်တွင်ခဲ့သည်။ ထိုမင်းသားငယ်သည် ဖခင် Phraya Kong အုပ်ချုပ်သော Patchabu-ri နယ်နှင့် အပြိုင်ဖြစ်သော Kan-chanaburi ၌ ကြီးပြင်းလာခဲ့သည်။ နှစ်များစွာကြာသောအခါ Kanchanaburi ထံ အခွန်အခ ဆက်သရန် ပျက်ကွက်၍ Ratchaburi နယ်ကို စစ်ကြေညာ၍ တိုက်ခိုက်ခဲ့သည်။ ထိုစစ်၌ ဘုရင် Phraya Kong ၏ သားတော် Phraya Pan အား ဦးဆောင် တိုက်ခိုက်စေခဲ့သည်။ Phraya Pan သည် မိမိမျိုးရိုးအစဉ်အဆက်အား မသိသော်လည်း ဗေဒင်ဆရာတို့၏ ကြိုတင် ဟောကိန်းအရ အစွမ်းသတ္တိနှင့် အင်အားကြီးမား၍ သူ၏ ခမည်းတော် နယ်ဖြစ်သော Ratchaburi နယ်ကို သိမ်းနိုင်ခဲ့ပြီး ဖခင်ဘုရင် Phraya Kong ကို ကွပ်မျက်ခဲ့သည်။ ဘုရင် Kong ပိုင်ဆိုင်သော စည်းစိမ်ထီးနန်းနှင့် မြေကို သိမ်းယူ



ဉာဏ်တော်မြင့်မားသည့် ရွှေလျောင်းတော်မူဘုရားကြီးအား ကြည်ညိုဖွယ် ဖူးမြော်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ချယ်ခဲ့သည်။ ထိုသို့သိမ်းပိုက်ရာတွင် ဓလေ့ထုံးစံအရ နန်းကျဘုရင်၏ မိဖုရားတို့ကိုပါ သိမ်းပိုက်ခဲ့ရာ ဘုရင် Phraya Kong ၏ မိဖုရားကြီးလည်း အပါအဝင် ဖြစ်သေရာ Phraya Pan ၏ ကိုယ်လုပ်တော်အဖြစ် သိမ်းပိုက်ခံရသည်။ ထိုအခါ မိခင်ဖြစ်သူက သားတော်အား အဖြစ်မှန်ကို ဖွင့်ပြောလိုက်ရာ သားတော် Pan သည် အချက် ဒေါသထွက်ကာ ဖြစ်ရပ်မှန်ကို မပြောခဲ့ဘဲ ဖုံးကွယ်ခဲ့သော မိခင်ကြီး အားသတ်ဖြတ်ရန် အမိန့်ချခဲ့သည်။

မိခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် ဘုရင် Phraya Pan ဖခင်မှန်းမသိ၍ သတ်ခဲ့မိသောအပြစ်၊ ဖြစ်ရပ်မှန်ကို မပြောဆိုခဲ့ဘဲ ဖုံးကွယ်ခဲ့သော မိခင်ကြီးအား ဒေါသအလျောက် သတ်မိသော အပြစ်များအပေါ် ကြီးစွာနောင်တရပြီး ထိုအပြစ်တို့မှ ပြေပျောက်စေရန် ရည်ရွယ်၍ ဥဒေါင်းတော်အမြင့်ဆုံးစေတီတော် တည်ထားလှူဒါန်းရန် ဆုံးဖြတ်ခဲ့သည်။ စေတီတော် တည်ထားရန်အတွက် high a doves can fly ငှက်များပင် ဖြတ်ကျော်၍ မပျံသန်းနိုင်အောင် မြင့်မားသော ဥဒေါင်းတော်ဖြင့် တည်ဆောက်ရန် ညွှန်ကြားခဲ့သည်။

ဤနည်းဖြင့် ဥဒေါင်းတော်အလွန်မြင့်မားသော စေတီတော်ကြီးတစ်ဆူ တည်ထားနိုင်ခဲ့သည်ဟု သမိုင်းကြောင်းအရ မှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့် စေတီတော်ကြီးအား မူလ အသောကမင်းကြီးက (၁၉၃)ခုနှစ်တွင် စတင်တည်ထားပြီး (၈၇၀)ပြည့်နောက်ပိုင်း၌ Phraya Pan က ပြုပြင်တည်ထားခဲ့ပြီး (၁၈၇၀)ပြည့်နှစ်ရောက်သောအခါ ထိုင်းမင်းအစဉ်အဆက် ပြုပြင်တည်ထားခဲ့ရာမှ ယနေ့ ဖူးမြော်ရသည့် စေတီတော်ပုံစံ ဖြစ်ပေါ်လာခြင်းဖြစ်သည်။


မူလတည်ထားစဉ်က အိန္ဒိယနိုင်ငံ ဆန့်ချီစေတီပုံစံဖြစ်သော်လည်း Phraya Pan တည်ထားသော စေတီတော်၏ ပုံစံမှာ သီရိလင်္ကာနိုင်ငံရှိ စေတီတော်ပုံစံကို နမူနာယူ၍ တည်ထားခဲ့သည်။

ထိုစေတီတော်၌ ဗုဒ္ဓဘုရားရှင်၏ သွားတော်၊ ဓာတ်တော် (Buddha's tooth relic) ကို ဌာပနာထည့်သွင်းပူဇော်၍ တည်ထားခြင်းဖြစ်သည်။

နှစ်ပေါင်းရာချီကြာမြင့်သောအခါ ပဲခူးဘုရင် King of Bago ဟံသာဝတီဘုရင် ဘုရင့်နောင်ကျော်ထင်နော်ရထာ လက်ထက် သည်စေတီတော်၏ အောက်ခြေမှတူး၍ ၄င်းအလိုရှိသော ဓာတ်တော်ရရှိရန် ဆောင်ရွက်ခဲ့သည်။ ထိုသို့ အောက်ခြေမှတူးဆွ၍ စေတီတော် ရတ်တရက်ပြိုခဲ့ရာ စေတီတော်အား ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့သည်။ ထိုသို့ တည်ဆောက်ရာတွင် စေတီတော်အထက်ပိုင်း၌ ခမာ Khmer Style ပုံစံတည်ထားခြင်းဖြစ်သည်။ ထိုစေတီတော်သည် မောင်းဂွတ်မင်းဆက် (Reign of Moughut) တိုင်အောင် တည်ရှိခဲ့သည်။

Phra Pathom စေတီတော်၏ ထူးခြားချက်နှင့် စိတ်ဝင်စားစရာ အကြောင်းအရာမှာ မြန်မာနိုင်ငံ ဟံသာဝတီဘုရင် ဘုရင့်နောင်မင်းတရား လက်ထက်၌ ပြုပြင်တည်ဆောက်ခဲ့ကြောင်း ယိုးဒယားရာဇဝင်၌ ဖော်ပြထားခြင်းနှင့် (၁၁)ရာစု၌ ပုဂံပြည့်ရှင် အနော်ရထာလက်ထက်တွင် Nakhon Pathon ဒေသသို့ ဝင်ရောက်ကျူးကျော် ဖျက်ဆီးခဲ့၍ မြို့တော်နှင့်စေတီတော်သည် သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းပျောက်ကွယ်ခဲ့ရသည်။

ဒုတိယ Sukhothai ကျောက်စာအရ ထင်ရှားသော ရဟန်းတစ်ပါးသည် Sukhothai ဘုရင်၏ ကြိုးစားမှုဖြင့် Phra Pathommachedi စေတီကို ပြန်လည်တည်


Phra Pathom စေတီတော်မြတ်ကြီး၏ ရှေးဟောင်းပုံတော်

www.burmeseclassic.com

ဆောက်ခဲ့ကြောင်း တွေ့ရသည်။ (၁၅၄၈)ခုနှစ်တွင် Maha Chakkraphat မဟာချက်ကရာဖက် အယုဒ္ဓယမင်းလက်ထက်၌ မြို့တော်ကို ပြုပြင်တည်ဆောက်ပြီး Nakhon Chai Si ဟု အမည်ပေးတည်နိုင်ခဲ့သော်လည်း Phra Pathommachedi စေတီမှာ မြို့တော်နှင့် ဝေးကွာလျက် တောတွင်း၌ ပျောက်ကွယ်နေသည်။

(၁၈၃၁)ခုနှစ် Nangklao Monghut ဘုရင် လက်ထက်ရောက်မှ ရဟန်းတော်တစ်ပါးက စေတီတော်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ရဟန်းတော်၏ တောင်းပန်လျှောက်ထားချက်အရ မောင်းဂွတ်ဘုရင်ကြီးသည် စေတီတော်အား ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။ သီရိလင်္ကာ ပုံစံအတိုင်း ရှေးဟောင်းစေတီတော်ကြီးအား အသစ်ပြန်လည်တည်ထားခဲ့သည်။ စေတီတော်ကြီးအနီး၌ Pathom Nakorm နန်းတော်ကိုလည်း တည်ဆောက်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ပြုပြင်ခဲ့သည်။ ဘန်ကောက်မြို့တော်သို့ နေ့ချင်းပေါက်အောင် ဆောင်ရွက်၍ မြို့တော်နှင့် စေတီတော်ကို (၁၇)နှစ်ကြာ တည်ဆောက်ခဲ့ပြီး (၁၈၇၀)ပြည့်နှစ် Chulalongkorn လက်ထက်၌ စေတီတော်တည်ဆောက်ရေး ပြီးစီးခဲ့သည်။ ချူလာလောင်ကောင်း ဘုရင်ကြီးသည် စေတီတော်အား



စေတီတော်ကြီးအား အပြီးတည်ဆောက်ခဲ့သည့် ရာမ(၅)ဘုရင်ဓါတ်ပုံ

တရုတ်ပြည်မှ စဥ့်အုတ်ချပ်များဖြင့် ရွှေအိုရောင် Golden Brown စေတီတော်တစ်ဆူလုံး လုံးတော်ပြည့်ဆက်ကပ်ပူဇော်ခဲ့သည်။

ထိုနည်းဖြင့် ယနေ့ဖူးမြင်နေရသော Phra Pathom စေတီတော်ကြီးသည် ခေတ်အဆက်ဆက် မင်းအဆက်ဆက် တည်ထားရာမှ ကြည်ညိုဖွယ် ဖူးတွေ့ရခြင်းဖြစ်သည်။ Phra Pathom စေတီတော်ကြီးအား သွားရောက်ဖူးမြော်စဥ် အချိန်က ထိုင်းပြည်သူတို့ အလွန်ချစ်ခင်ကြည်ညိုခြင်း ခံရသော နဝမမြောက် ရာမမင်းဖြစ်သော ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက် (King Bhumibol Adulyade) သည် ကျန်းမာရေးမကောင်း၍ ဆေးရုံတက်နေချိန် ဖြစ်သည်။ ထိုင်းပြည်သူအပေါင်းတို့ကလည်း ဘုရင်ကြီးအတွက် ဆုတောင်းပွဲများ ပြုလုပ်နေချိန်ဖြစ်သည်။ Phra Pathom စေတီတော်မြတ်ကြီး၏ အထက်ပစ္စယာ၌ ထိုင်းဘုရင် ငယ်ရွယ်စဥ်က ဒုလ္လဘရဟန်းဝတ်ပြီး စေတီတော်အား လှည့်လည်ဖူးမြော်နေသည့် ဓာတ်ပုံကို မှတ်တမ်းတင် ရိုက်ယူခဲ့သည်။

ထိုင်းဘုရင်မင်းမြတ်သည် ပြည်သူတို့အပေါ်၌ စေတနာ မေတ္တာဖြင့် ဆက်ဆံအုပ်ချုပ်ခဲ့သော ဘုရင်တစ်ပါးဖြစ်၍လည်း ပြည်သူတို့၏ ဘုရင့်အပေါ် ရောက်ရာအရပ်၌ ချစ်ခင်လေးစား ကြည်ညိုစွာ ကိုးကွယ်ခဲ့ကြသည်။ ထိုဘုရင်မင်းမြတ်သည် ဘာသာတရားကိုလည်း အလွန်ကိုင်းရှိုင်းကြည်ညိုသူတစ်ဦးဖြစ်၍လည်း ဒုလ္လဘရဟန်းဘောင်ကို မကြာခဏဝင်၍ ကောင်းမှုပြုခဲ့သည်ကိုလည်း ဓာတ်ပုံမှတ်တမ်းများအရ သိရသည်။

ထိုကဲ့သို့ ပြည်သူတို့ကို ရင်ဝယ်သားကဲ့သို့ သဘောထား အုပ်ချုပ်ခဲ့သော ပြည်သူအပေါင်းကလည်း အလွန်လေးစားကြည်ညိုသော ထိုင်းဘုရင်မင်းမြတ်ကြီးသည် မကြာမီကပင် ကွယ်လွန်ခဲ့လေပြီဖြစ်သည်။ ထိုဘုရင်မင်းမြတ်ကြီးသည် ရှေးဟောင်းစေတီတော် Phra Pathom စေတီတော်မြတ်ကြီးအား လေးစားကြည်ညိုစွာဖြင့် မကြာခဏ အဖူးမြော် ရောက်ခဲ့ကြောင်းကိုလည်း သိခဲ့ရသည်။

ထိုကဲ့သို့ ထိုင်းပြည်သူအပေါင်းတို့ အလေးထားကြည်ညိုကိုးကွယ်သော ဆုတောင်းပြည့်ဝစေသော ရွှေတိဂုံစေတီတော်မြတ်ကြီးကဲ့သို့ ဉာဏ်တော်မြင့်မားလှသော Phra Pathom စေတီတော်မြတ်ကြီး ဘန်ကောက်

www.burmeseclassic.com

မြို့နှင့် (၅၆)ကီလိုအကွာ၌ရှိသည့် Nakhom Pathom မြို့၌ တည်ရှိလေသည်။ ဉာဏ်တော်မှာလည်း (၁၂၀.၅) မီတာ (၃၉၅ ပေ)မြင့်တော်မူရာ မြန်မာနိုင်ငံ ရွှေတိဂုံစေတီတော်မြတ်ကြီးကဲ့သို့ ကမ္ဘာကျော် စေတီတော်တစ်ဆူ ဖြစ်ကြောင်းလည်း တွေ့ရသည်။ ထိုင်းမှတ်တမ်းအရ ဘီစီ (၁၉၃)ခုနှစ်၌ စတင်တည်ထားခဲ့ပြီး မင်းအဆက်ဆက်ပြုပြင်တည်ဆောက်ခဲ့ရာ (၁၈၇၀)ပြည့်နှစ်၌ အပြီးတည်ဆောက်နိုင်ခဲ့ကြောင်း တွေ့ရသည်။

ထိုကဲ့သို့ ထိုင်းနိုင်ငံ၏ အထင်ကရစေတီတော်ကြီးအား စာရှုသူတို့အနေဖြင့် ထိုင်းနိုင်ငံသို့ ရောက်ရှိပါက သွားရောက်ဖူးမြော်ရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ စာရေးသူအနေနှင့် ဆောင်းပါးအစ၌ ရေးသားသကဲ့သို့ သတင်းစာဆရာကြီး ဦးသိမ်းမောင် ရေးသားသော ဆောင်းပါးကို နှစ်ပေါင်းငါးဆယ်ကျော်က ဖတ်ရှုရာ၌ ထို Phra Pathom စေတီတော်ကြီးအား ဖူးမြော်လိုသော ဆန္ဒသည် ကျန်းမာရေးအတွက် ထိုင်းနိုင်ငံသို့ အကြိမ်ကြိမ်ရောက်ခဲ့ရာမှ (၇)ကြိမ်မြောက်ရောက်ရှိချိန်၌ ဆရာ့ကျေးဇူး အထူးသိတတ်သော ပါရာနိုင်းဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော တပည့်ဖြစ်သူ ဦးဉာဏ်လင်းစိုး၏ ပို့ဆောင်ပေးမှုကြောင့် ရောက်ရှိခဲ့ရခြင်း ဖြစ်ပေသည်။

Phra Pathom စေတီတော်မြတ်ကြီးအား ဖူးမြော်ရသော အကျိုးကြောင့် အသည်း၌ ဖြစ်ပေါ်နေသော ရောဂါများ အမြန်ဆုံး သက်သာပျောက်ကင်းရပါစေကြောင်း ဆုတောင်းရင်း Phra Pathem စေတီတော်ကြီးအား စိတ်အာရုံ၌ အစဉ်ဖူးမြော်နေမိပေတော့သည်။

တက္ကသိုလ်မျိုး

<u>မှီငြမ်း</u>

၁။ ယိုးဒယားကိုယ်တွေ့ (၁၉၅၅)ခုနှစ်၊ သတင်းစာ (ဆရာကြီးဦးသိမ်းမောင်)။
၂။ Phra Pathommachedi From wikipedia, the free encyclopedia.
၃။ Nakhon Pathom အင်တာနက်မှတ်စု။
၄။ ကိုယ်တိုင်သွားရောက် ဖူးမြော်ခြင်း။

မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

ဆရာမကြီး ဒေါ်ဓာဦးစိ (ရှမ်းပြည်)
B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂၇၇၉၇

www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးဦး

# လျှပ်တစ်ပြက် သရေခေတ္တရာ

ကျွန်တော်က ခရီးထွက်ခြင်းကို စိတ်ဝင်စားသည်။ အဘယ်ကြောင့်ဆိုသော် ခရီးသွားခြင်းက လူအသစ်၊ ခံစားမှုအသစ်၊ မြင်ကွင်းအသစ်များနှင့် စိတ်ကို လန်းဆန်းစေသလို မြို့ပြကိုလည်း ခေတ္တရှောင်တိမ်းသည့် သဘောလည်း ပါသည်။ ထို့ကြောင့် အခါအခွင့်သင့်လျှင် ခရီးထွက်ဖြစ်သည်။ အနည်းဆုံး ရလဒ်တစ်ခုမှာ နေ့စဉ်ရင်ဆိုင်နေရသော ယာဉ်ကြောပိတ်ဆို့မှုကို ခေတ္တကင်းကင်းနေနိုင်သောကြောင့် ဖြစ်သည်။

(၂၀၁၆)ခုနှစ်၊ နိုဝင်ဘာလက ခရီးသုံးခု ထွက်ဖြစ်သည်။ မွန်ပြည်နယ်၊ ဖင်းကျိုက်ရှိ သိမ်ရေစက်ချ အခမ်းအနားတစ်ခုနှင့် နောက်တစ်ပတ်လောက်အကြာ ပေါင်မြို့နယ်မှတစ်ဆင့် သူငယ်ချင်းမိသားစုနှင့်အတူ ဘားအံ ဘုရားဖူးခရီးစဉ်လေးပင် ဖြစ်သည်။ ထိုခရီးစဉ်တွင် ဘုရင့်ညီနောင်ဂူ၊ ဆဒ္ဒန်ဂူ၊ ရွှေရင်မျှော်စေတီ၊ ကျောက်ကလပ်နှင့် ချစ်သူပြိုင်ဥယျာဉ် စသည့်နေရာများသို့ ရောက်ခဲ့သည်။ သို့သော် ကျွန်တော် အဓိကတင်ပြလိုသည်မှာ ထိုခရီးစဉ် မဟုတ်ပေ။ နောက်ထပ် ခရီးစဉ်တစ်ခု ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံတွင် ရှေးဟောင်းအမွေအနှစ်အပြင် စေတီ၊ ဘုရား၊ ဂူများရှိသလို သမိုင်းဝင်အဆောက်အအုံများလည်း ရှိသည်။ အထူးသဖြင့် ရှေးဟောင်းဘုရားဆိုလျှင် ပုဂံဟုသာ အများက သတ်မှတ်ကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း ပုဂံသို့ (၅)ကြိမ်လောက် ရောက်ဖူးသည်။ တခြားရှေးဟောင်းဇုန်များသို့ မရောက်သလောက်ပင် ဖြစ်သည်။ သို့သော် နိုဝင်ဘာလ ဒုတိယအပတ်က ပဲခူးတိုင်း၊ ပြည်မြို့ အရှေ့တောင်ဘက်တွင်ရှိသော ကမ္ဘာ့အမွေအနှစ် စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းသို့ ရောက်ခဲ့လေသည်။

တစ်ရက်တွင် ကျွန်တော်နှင့် ခင်မင်ရင်းနှီးနေသော ဖီးကုန်းမှ စာရေးဆရာ မောင်သာမန်(ဖီးကုန်း)၏ ဝန်ဆောင်မှုဖြင့် ဖီးကုန်းစာရေးဆရာအသင်းနှင့် ပြည်စာရေးဆရာအသင်းတို့ ပူးပေါင်းသွားရောက်လေ့လာမည့် ထိုခရီးစဉ်လေးတွင် ဧည့်သည် စာရေးဆရာတစ်ယောက်အဖြစ် လိုက်ပါခွင့်ရခဲ့သည်။

မှတ်မှတ်ရရ (၂၀-၁၁-၂၀၁၆)ရက်နေ့က ဖြစ်သည်။ ထိုနေ့ နံနက်စောစောတွင် ဖီးကုန်းစာရေးဆရာအဖွဲ့နှင့်အတူ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ရှိသည့် ပြည်မြို့သို့ ထွက်ခွာခဲ့ကြသည်။ ထို့နောက် မြို့ပေါ်ရှိ မင်္ဂလာရန်အောင်ဘုရားတွင် စာရေးဆရာမ ယဉ်ဝေလွင်(ပြည်) ပြည်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးဆောင်သော ပြည်စာရေးဆရာ အသင်းမှ ဆရာ၊ဆရာမများနှင့် ရောနှောကာ ကျွန်တော်တို့၏ လေ့လာရေးခရီးစဉ်လေး စတင်ခဲ့ကြသည်။



သရေခေတ္တရာ ပျူမြို့ဟောင်း၏ ကျောက်စာ

ပထမဆုံး ရောက်သွားသည်က ပြည်မြို့ ဆည်မြောင်းရပ်တွင်ရှိသော ရတနာသီရိမဟာဘုရားကြီး ဖြစ်ပြီး စစ်ကိုင်းရှိ ကောင်းမှုတော်ဘုရားကြီးနှင့် တူသည်။ (ရွှေချထားခြင်း မရှိ။) ဘုရားကြီးသည် အေဒီ(၆၊ ၇)ရာစု သရေခေတ္တရာပျူခေတ်တွင် တည်ထားသော စေတီဖြစ်သည်။ စေတီဘုရား ကိုး


www.burmeseclassic.com

ွယ်မှုသမိုင်းတွင် အစောဆုံးစေတီဖြစ်ပြီး မှတ်တမ်းများ အရ ဒွတ္တပေါင်မင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီ ဆူအနက် တစ်ဆူဖြစ်သည်။


ဘုရားရှင်၏ ဓာတ်တော်စစ်တစ်ဆူ လက်ယာခြေမ တော်မှ ခြေသည်းတော်ကို ဌာပနာထားပြီး မဟာစေတီ ဟု သမုတ်ခဲ့သည်။ ထို့ပြင် အလွန်ကြီးမားသော တည် ထားမှုဖြစ်သည့်အပြင် စေတီတည်စဉ်က ဖြည်းဖြည်းဆေး ဆေး တည်တော်မူခဲ့သောကြောင့် အေးဆေးစေတီတော် ဟု ခေါ်ခဲ့ကြသည်။ ထို့ပြင် စေတီ၏ အနေအထားမှာ ကြီးမားသောကြောင့် မဟာစေတီဘုရားဟု ခေါ်ဆိုခဲ့ကြ သည်။ နောင်အခါတွင် ဘုရားကြီးဘုရားဟု ပြောင်းလဲ ခေါ်ဆိုခဲ့ကြ၏။ ခေတ်အဆက်ဆက်က မင်းနှင့် ပြည်သူ တို့က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ယခုအခါ ဒေသ ဆိုင်ရာ အာဏာပိုင်အဖွဲ့က စောင့်ရှောက်လျက်ရှိ၏။ မြန် မာ့ယဉ်ကျေးမှု အမွေအနှစ် စေတီကြီး ဖြစ်သည်။

◆◆◆

မဟာစေတီဘုရားကြီးမှတစ်ဆင့် ဆက်လက်ထွက်



နတ်ဝေါက်တံခါးမြို့ရိုး




ဘောဘောကြီးဘုရား

ခွာခဲ့ရာ ပြည်မြို့ အရှေ့တောင်ဘက်တွင်ရှိသော ကမ္ဘာ့ အမွေအနှစ် သရေခေတ္တရာ ပျူမြို့ဟောင်းဆိုသည့် ကျောက်စာချပ်ကြီးကို အထင်အရှား တွေ့မြင်လိုက်ရ၏။ ထိုနေရာသည် ပျူမြို့ဟောင်း၏အဝင် နဂါးတွန့်တံခါး ပေါက်ဖြစ်သည်။ မြို့ရိုးဟောင်းတချို့သာ တွေ့ရပြီး မြို့ဝင် တံခါး၏ အနေအထား မရှိတော့ပေ။

ထိုတံခါးမှာ သရေခေတ္တရာ ပျူမြို့ဟောင်း၏ အနောက်မြောက်ဘက်တွင် တည်ရှိသည့် မြို့ဝင်တံခါး(၉) ခုအနက် တစ်ခုဖြစ်သည်။ တခြားမြို့ဝင်ပေါက်များဖြစ် သည့် ဟန်လင်းမြို့ဟောင်း ဗိဿနိုးမြို့ဟောင်းတို့၏ မြို့ ဝင်ပေါက်များနှင့်လည်း တူသည်။

နဂါးတွန့်တံခါးသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်မြောက်ဘက်ပိုင်းတွင် တည်ရှိသည်။ မြို့ရိုးအဝင် လက်ဝဲဘက် အုတ်ရိုးလက်တံမှာ တစ်ဆစ်ချိုးကွေ့ထား သည်။ လက်ယာဘက် အုတ်ရိုးလက်တံမှာ ခပ်ပြေပြေ ကွေ့ထားပြီး မြို့ရိုးအတွင်းဘက်သို့ သွယ်တန်းနေသည်။ အတွင်းဘက်သို့ ရောက်သောအခါ လက်တံနှစ်ခုကို ယှဉ် လျက် တွေ့ရသည်။ နဂါးတွန့်မြို့ ဝင်ပေါက်၏ ထူးခြားမှု တစ်ခုမှာ အနောက်မြောက်ထောင့်တွင် အတွန့်ဖြစ်နေခြင်း ပင်။ အကာအကွယ် အရံအတား‌အဖြစ် တွန့်ထားခြင်း

www.burmeseclassic.com



အောင်မြင်တာပုစေတီ

ဖြစ်နိုင်သည်။

သရေခေတ္တရာမြို့ဟောင်းရှိ မြို့ဝင်ပေါက် သဏ္ဌာန်များသည် တခြားပျူမြို့ဟောင်းများဖြစ်သော ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်းတို့၏ မြို့ဝင်ပေါက်များနှင့် တူသည်။ နဂါးတွန့်မြို့ဝင်ပေါက် အရှေ့ဘက်ကပ်လျက်ရှိသော အုတ်မြို့ရိုးဟောင်းသည် ဗြိတိသျှကိုလိုနီခေတ်တွင် ပြည်-ပေါက်ခေါင်း ကားလမ်းအဖြစ် အသုံးပြုခဲ့ရာ ယခုအချိန်အထိ ဖြစ်သည်။


သရေခေတ္တရာမြို့ဟောင်းသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏ အရှေ့တောင်ဘက် (၃)မိုင်ခန့်အကွာတွင် တည်ရှိပြီး ကျယ်ဝန်းသော အနေအထားနှင့် မြို့ဟောင်းအတွင်းရှိ ကျေးရွာများကိုလည်း တွေ့နိုင်သည်။ မြို့ဟောင်း၏ ဧရိယာသည် (၄၅၄၅)ဧက

ရှိပြီး မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းများအနက် အကျယ် ဆုံးဖြစ်၏။ (မြို့၏အဝန်းမှာ ၁၄ ကီလိုမီတာ ရှည်သည်)

မြို့၏တောင်ဘက်၊ အနောက်မြောက်ဘက်နှင့် အရှေ့ မြောက်ဘက်တွင် ကြီးမားထင်ရှားသည့် ဘောဘောကြီး စေတီ၊ ဘုရားကြီးစေတီနှင့် ဘုရားမာစေတီတို့ တည်ရှိ သည်။ သရေခေတ္တရာမြို့ဟောင်း အပါအဝင် ဟန်လင်း၊ ဗိဿနိုးနှင့် ပျူရှေးဟောင်းမြို့များသည် ကမ္ဘာ့အမွေအနှစ် (World Heritage) အဖြစ်သတ်မှတ်နိုင်သည့် ကမ္ဘာလုံး ဆိုင်ရာ စံတန်ဖိုးအမျိုးအစား (၂၊ ၃၊ ၄)တို့ဖြင့် ပြည့်စုံ ကြောင်း အထောက်အထား တင်ပြနိုင်ခဲ့သောကြောင့် (၂၂-၆-၂၀၁၄)ရက်နေ့တွင် ပြုလုပ်သော (၃၈)ကြိမ် မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံက ကမ္ဘာ့ အမွေအနှစ်စာရင်းဝင် ဒေသအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ် သည်။

နဂါးတွန့်တံခါးမှ ထွက်ခွာလာပြီးနောက် သိပ်မကြာ ခင်မှာပင် တံခါးတစ်ခုဖြစ်သည့် နတ်ပေါက်တံခါးသို့ ရောက်ခဲ့သည်။ ထိုတံခါးသည်လည်း မူလသဏ္ဌာန် ကွယ် ပျောက်ပြီး အုတ်မြို့ရိုး တချို့ကိုသာ တွေ့ရတော့သည်။ ထိုနေရာသည် သရေခေတ္တရာမြို့ဟောင်းသို့ အဝင်လမ် ဟု ပြောလို့ရသည်။ မိနစ်(၂၀)လောက် မောင်းပြီးသော် အခါ ရှေးဟောင်းပစ္စည်းများကို တူးဖော်ထုပ်ပိုး သိမ် ဆည်းပြသထားသော သီရိခေတ္တရာပြတိုက်သို့ ရောက်ခဲ့ လေသည်။

ပြတိုက်တွင် ရှေးဟောင်းဆင်းတုတော်များ၊ နဂါး များ၊ နတ်သမီးဦးခေါင်းပိုင်းများ၊ ရှေးဟောင်းမြေအိုးများ



www.burmeseclassic.com


www.burmeseclassic.com

လက်ဝတ်ရတနာများ၊ အသုံးအဆောင် အပိုင်းအစများ၊ ရှေးဟောင်းဘုရား ခတ်ပုံဟောင်းများ ပြသထားသလို တာဝန်ရှိ ဝန်ထမ်းများကလည်း သမိုင်းအချက်အလက်ကို ပြောပြခဲ့သည်။ ထို့ပြင် ရှေးပျူမြို့တော်ဟောင်းများ၏ လက္ခဏာတစ်ခုဖြစ်သော ထူထဲမြင့်မားသည့် အုတ်ရိုးများ ကာရံထားမှုကို သရေခေတ္တရာမြို့ဟောင်းတွင် တွေ့ရှိရသည်။ မူလက မြို့တွင်း ဧရိယာကို နန်းတော် လူနေရပ်ကွက်များသာမက သောက်သုံးရေကန်များ၊ တူးမြောင်းများ၊ ကျုံးများ၊ ဥယျာဉ်နှင့် စိုက်ပျိုးမြေများ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်ရန်နေရာ၊ ဈေးနေရာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ ဝတ်ပြုကိုးကွယ်ရာ ကျောင်းသင်္ခမ်းများ၊ မီဘိုးဘွားတို့၏ အရိုးအိုးမြှုပ်နှံရာ အဆောက်အအုံများ ရှိခဲ့သည်။

ထို့နောက် ကျွန်တော်တို့ စာပေအဖွဲ့သည် ဦးခင်ဘကုန်း စေတီရှိရာနေရာသို့ ရောက်ခဲ့ကြ၏။ စေတီမရှိတော့ပေ။ စေတီနေရာကိုသာ တွေ့ရသည်။ ထိုစေတီအတွင်းမှ ဌာပနာပေါင်း (၅၃၃)ခုတွင် ရွှေပေလွှာအချပ်(၂၀)မှာ တမ္ဗာပေါ်တွင် ကျန်ရှိနေသော ပါဠိပိဋကတ်တော်များ၌ ရှေးအကျဆုံး အနေအထားဖြစ်ပြီး ငွေဓာတ်ပလ္လင်မှ ဗုဒ္ဓဆင်းတုတော် ရုပ်ကြွများသည် အရှေ့တောင်အာရှ၏ အစောဆုံး ဆင်းတုတော်လက်ရာများ ဖြစ်သည်။ ထို့ပြင် ပျူစာပေအရေးအသားနှင့် အထောက်အထားများစွာကို အရိုးစု၊ ကျောက်စာ၊ ရွှေပေလွှာ၊ ငွေပေလွှာ၊ တံဆိပ်နှင့် အုတ်ခဲများတွင် တွေ့နိုင်လေသည်။

(၁၉၂၆-၂၇)ခုနှစ်တွင် သုတေသနပြု တူးဖော်မှုအရ ဦးခင်ဘကုန်းဘုရားမှ ရွှေပေချပ်များ၊ ငွေဓာတ်ပလ္လင်ဝိုင်း၊ ဓာတ်တော်ကြုတ်များ၊ ဆင်းတုတော်များ၊ ငွေကြာပန်းခိုင် ရုပ်တုများနှင့် တံဆိပ်များ အမျိုးအစားပေါင်း (၆၈)မျိုး၊ အရေအတွက် (၅၀၀)ခန့် ရရှိခဲ့သည်။ လေ့လာချက်များအရ ထိုပစ္စည်းများသည် ဌာပနာပစ္စည်းများဟု ယူဆရပြီး ဌာပနာတိုက်ထိုး ကျောက်ပြားနှစ်ချပ်ကိုလည်း တွေ့ရ၏။

ဦးခင်ဘကုန်းသည် ရှေးဟောင်းသုတေသနဆိုင်ရာ ရှေးဟောင်းမြို့များ၏ အရေးပါသော ကုန်းတစ်ခုဖြစ်သည်။ ...ကန်ကျေးရွာ၏ အနောက်တောင်ဘက် ပေ (...)ခန့်အကွာ သရေခေတ္တရာပျူမြို့ဟောင်း၏ အရှေ့



ရှင်မဟာရဋ္ဌသာရ သီတင်းသုံးခဲ့သောကျောင်း

တောင်ဘက်တွင်ရှိသော ကုန်းတစ်ခုဖြစ်သည်။ (၁၉၆၄) ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်တူးဖော်ခဲ့၏။ ထိုမှတစ်ဆင့် သုံးပန်လှမင်းသမီး၏ လက်သည်းရေကန်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

◆◆◆

လက်သည်းရေကန်က အရိပ်အာဝါသကောင်းသည်။ စေတီနှင့် နားနေရန် အဆောက်အအုံတချို့ရှိသည်။ သုံးပန်လှမင်းသမီး၏ ရုပ်တုနှင့် ရေကန်လည်း ရှိသည်။ တစ်ခုထူးခြားသည်မှာ ပျက်စီးနေပြီဖြစ်သော ရှင်မဟာရဋ္ဌသာရ သီတင်းသုံးရာ နှစ်ထပ်အုတ်ကျောင်းကြီး ရှိနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ အေးအေးဆေးဆေး နားကြသည်။ တနင်္ဂနွေ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ဘုရားဖူးလေ့လာသူ တချို့လည်း ရောက်လာကြသည်။

မွန်းတည့်(၁၂)နာရီကျော်ပြီမို့ အစာအိမ်များမှ မြည်သံစွဲအလက်ာတချို့လည်း ထွက်လာကြ၏။ ထို့ကြောင့် အနီးရှိ ကျောင်းလေးပေါ်မှာပင် ဆရာမယဉ်ဝေလွင်(ပြည်)၏ ဒါနဖြစ်သော ဒံပေါက်နှင့် အချိုရည်များကို အားပေး

www.burmeseclassic.com

ခွင့်ရခဲ့သည်။ ထို့နောက် ကျွန်တော်တို့ ဗိုးကုန်းစာရေး ဆရာအသင်းနှင့် ပြည်စာရေးဆရာအသင်းတို့ တစ်ဦးချင်း အပြန်အလှန် မိတ်ဆက်ကြပြီးနောက် အမှတ်တရလက် ဆောင်များ လဲလှယ်ကြသည်။ အားလုံးကို အမှတ်တရ အဖြစ် ဆရာမယဉ်ဝေလွင်(ပြည်)က မျက်နှာသုတ်ပဝါ လေးများနှင့် ဆရာဦးအောင်မြင့်(အောင်-ဓာတု)၏ စာပေ ဟောပြောပွဲ CD ကိုလည်း ရရှိခဲ့လေသည်။ ကျွန်တော့် အတွက် အနှစ်(၂၀)လောက် ကွဲကွာနေသော ဆရာရီဖော် မောင်နှင့်လည်း ထိုနေ့က ပြန်လည်ဆုံတွေ့ခွင့်ရခဲ့သည်။

သည်လိုနှင့် အပူရှိန်အနည်းငယ် လျော့သွားသည့် အချိန်တွင် လက်သည်းရေကန်ကို စွန့်ခွာခဲ့ကြသည်။ နေ ရစ်တော့ သုံးပန်လှမင်းသမီးရေ။

နောက်ထပ်ရောက်ခဲ့သည့် စေတီမှာ ပြည်မြို့တွင်ရှိ သော မဟာစေတီဘုရားကြီးနှင့် ဆင်တူသည့် ဘောဘော ကြီးစေတီ ဖြစ်သည်။ သရေခေတ္တရာမြို့ဟောင်း၏ ထင် ရှားသော စေတီဖြစ်ပြီး ထူပါစေတီ အမျိုးအစားဖြစ်၏။ စေတီ၏ ဉာဏ်တော်မှာ (၁၅၃)ပေဖြစ်ပြီး ဒွတ္တဘောင် မင်းကြီး တည်ထားကိုးကွယ်ခဲ့သည်။ (၁၉၀၇)ခုနှစ်မှစပြီး ဘောဘောကြီးစေတီကို နှစ်စဉ် ပြုပြင်ထိန်းသိမ်းသည့်



ပျူခေတ်သုံး မြေအိုး

လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

မှန်နန်းရာဇဝင်၏ ဖော်ပြချက်အရ ဘောဘောကြီး စေတီအတွင်း ဓာတ်တော်၊ ဌာပနာတော်များကို အနော် ရထာမင်းကြီး ပင့်ဆောင်ပြီး ပုဂံမြို့ရှိ ရွှေစည်းခုံဘုရားတွင် ထည့်သွင်းဌာပနာခဲ့သည်ဟု ဆိုသည်။ (၁၉၁၀-၁၉၁၁) ခုနှစ်တွင် ဘောဘောကြီးစေတီအနီးမှ ကျောက်စာအကျိုး နှစ်ပိုင်းကို တူးဖော်တွေ့ရှိခဲ့၏။ အေဒီ(၆)ရာစု ပျူအက္ခရာ ဖြင့် ရေးသားထားသော ပါဠိဘာသာ အရေးအသားများ ဖြစ်ပြီး မောင်ကန်ရွှေပေလွှာ အရေးအသားများနှင့် ဆင်တူ သည်။ ကျောက်စာပါ အကြောင်းအရာများမှာ အဘိဓမ္မာ ပိဋကတ်တော်မှ ဝိဘင်းပါဠိတော် ကောက်နုတ်ချက်များ ဖြစ်၏။

နေအနည်းငယ်ညိုလာသော်လည်း ကျွန်တော်တို့ ခရီး စဉ်လေး၏ နိဂုံးပိုင်းသို့ မရောက်သေးပေ။ လေတဖြူး ဖြူးနှင့် ဘောဘောကြီးစေတီ၏ အေးမြသော အရိပ် အောက်တွင် အနားယူခွင့်ရသည်။ တချို့က အမှတ်တရ ဓာတ်ပုံမှတ်တမ်း ယူကြသည်။

သည်လိုနှင့် နောက်ထပ်ရောက်သွားသည့်နေရာမှာ ဗိသနိုးမိဖုရား၏ ဂူသင်္ချိုင်းဖြစ်သည်။ သို့သော် ထိုသင်္ချိုင်း သည် ဗိသနိုးမိဖုရား တစ်ပါးတည်း၏ သင်္ချိုင်းမဟုတ် ပေ။ မိဖုရားနှင့်အတူ ဆွေတော်မျိုးတော်များ စစ်သင်္ချိုင်း ဟုလည်း ပြောလို့ရသည်။ ထိုသင်္ချိုင်းအဆောက်အအုံ ထဲတွင် မည်သည့်ဂူကိုမျှ မတွေ့ရပေ။ သဲကျောက်အရိုး အိုးများ မြှုပ်နှံထားသော တွင်းပုံသဏ္ဌာန်များသာ ရှိသည်။ အများပြည်သူများ ကြည့်ရှုနိုင်ရန် ရှေးဟောင်းသုသေတန ဌာနက တူးဖော်ပြသထားခြင်း ဖြစ်သည်။

ဗိသနိုးမိဖုရားသင်္ချိုင်းသည် သရေခေတ္တရာမြို့ ဟောင်း၏ အပြင်ဘက် တောင်ဘက်ခြမ်းတွင် တည်ရှိ သည်။ လေးမျက်နှာဘုရား၏အရှေ့ဘက် ကိုက်(၃၀၀) ဖြစ်သည်။ (၁၉၆၇-၆၈)ခုနှစ်တွင် တူးဖော်ခဲ့ပြီး ထိုစဉ်က ကျောက်အရိုးအိုး(၆)လုံးကို တစ်တန်းလျှင် (၃)လုံးစီနှင့် အရှေ့-အနောက် စီတန်းလျက် တူးဖော်တွေ့ရှိခဲ့သည်။ ကျောက်အရိုးအိုးများမှ ပျမ်းမျှအားဖြင့် ပတ်လည်(၂.၄) မီတာနှင့် အမြင့်(၀.၈)မီတာ ရှိသည်။ ထိုကျောက်အရိုးအိုး များမှာ လျှာထိုးအံကျဖြင့် ကျောက်ခွေများဖြင့် ဖြုံလုပ်ထား ကြောင်း တွေ့ရှိရသည်။ ဒေသအစဉ်အလာအရ ဗိသနိုး

www.burmeseclassic.com

www.burmeseclassic.com

မြို့ဟောင်း (သို့မဟုတ်) မြို့လေးတောအနီးတွင် တည်ရှိသောကြောင့် ဗိသုကာနည်းမိဖုရားနှင့် ခွေတော် မျိုးတော်များ၏ သချိုင်းဂူတစ်ခုဟု ဆိုသည်။

ထို့နောက် ကျွန်တော်တို့ ရောက်သွားသောနေရာမှာ သရေခေတ္တရာမြို့ဟောင်း အတွင်းဘက်ကျသည်။ အောင်မြင်ဗာဟုစေတီ ဖြစ်သည်။ ပြန်လည်ပြုပြင်ထားသောကြောင့် စေတီက တောက်ပြောင်သစ်လွင်နေသည်။ ထူးခြားသည်မှာ စေတီ၏ ပစ္စယာတိုင်းတွင် ဗုဒ္ဓဆင်းတုတော်များ အနေအထားအမျိုးမျိုးနှင့် အပူဇော်ခံနေကြသည့်ပုံနှင့် ချည်းတည်ထောင်ထားမှု ဖြစ်သည်။

ထိုအောင်မြင်ဗာဟုစေတီတော်၏ သမိုင်းဝင် မူလကျောက်စာသိုလ်တော်ရှင် သီရိဒ္ဓတ္တဘောင်မင်းကြီးနှင့် သီရိစန္ဒာမိဖုရားကြီးတို့အား အကြီးအမှူး အထူးသီးခြား ဦးထိပ်ထား၍ ပျူမဟာနန်းစဉ် ပါရမီရှင်အထူးသုံးဦးပုဂ္ဂိုလ်တော်များ တည်တော်မူလျက် အတိတ်ခေတ္တရာ သာသနာတော်ကို မြတ်နိုးကြကုန်သော မဟာအမိဋ္ဌာန်ဗုဒ္ဓဝင် သာသနာပြုသူတော်စင် နန်းဆွေနန်းမျိုးတို့၏ ကောင်းမှုကုသိုလ်တော် ခရစ်နှစ် (၁၉၉၇)ခုနှစ်၊ သာသနာနှစ် (၂၅၄၀)ပြည့်နှစ်၊ မြန်မာနှစ် (၁၃၅၈)ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့ဟု ကမ္ပည်းထိုးထားသည်ကို တွေ့ရသည်။ (ကျောက်စာတိုင်အတိုင်း ဖော်ပြပါသည်။)




◆◆◆

ပြည်သို့ ပြန်ရောက်သောအခါ ညနေစောင်းပြီဖြစ်၏။ ထို့ကြောင့် ဆရာမယဉ်ဝေလွင်(ပြည်)၏ အစီအစဉ်နှင့်ပင် ညနေခင်း လက်ဖက်ရည်ကို ပြည်မြို့၏ ဆည်းဆာဆိုသည့် ဆိုင်၏ အခင်းအကျင်းအောက်တွင် အာဟာရဇာချိုးသုံးခွင့်ရလိုက်ခြင်းကလည်း ဆရာမ၏ စေတနာပင်ဖြစ်သည်။ ထို့နောက် ပြည်စာပေအဖွဲ့ကို နှုတ်ဆက်ပြီး ကျွန်တော်တို့အဖွဲ့ ပြည်ရွှေဆံတော်ဘုရားသို့ တက်ရောက်ဖူးမြော်ခဲ့သည်။

မကြာခင် ကျွန်တော့်လက်ထဲ ရောက်လာသော လေးဆူစာတတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေသင်္ကန်း အလှူငွေဖြတ်ပိုင်းဆိုသည့် စာရွက်လေးက ကျွန်တော့်အတွက် တမလွန်တွင် နေရောကောင်းရရန် ကြိုတင်လက်မှတ်လေးပင် ဖြစ်သည်။

◆◆◆

ထို့နောက် ညအိပ်တည်းခိုမည့် ဇီးကုန်းရှိ ဆရာသူရိန်ဝင်း၏ နေရာထိုင်ခင်းသို့ ရောက်သောအခါ သရေခေတ္တရာ ပျူမြို့ဟောင်း ခရီးစဉ်လေးကို ပြန်တွေးမြည့်မိသည်။ တကယ်တော့ ထိုနေရာသို့ အလွယ်တကူ ရောက်ဖို့မလွယ်။ သီးသန့်ကားငှားပြီးမှ သွားရမည်။ မိမိအစီအစဉ်နှင့် သွားဖို့ မလွယ်ပေ။ ယခုလို လာရောက်ခွင့်ရသည်မှာလည်း ဆရာမယဉ်ဝေလွင်(ပြည်)၊ ပြည်စာရေးဆရာအသင်းနှင့် ဆရာမင်းသွေးနွယ်(ဇီးကုန်း) (ဇီးကုန်းစာရေးဆရာအသင်း)တို့၏ စေတနာဝန်ဆောင်မှုကြောင့်သာ ရောက်ခဲ့ခြင်းအတွက် ဆရာ,ဆရာမအားလုံးကို ကျွန်တော့်နှလုံးသားမှာ မိတ္တူကူးထားလိုက်ခြင်းကလည်း ကျွန်တော်၏ သစ္စာစကားပင် ဖြစ်သည်။

မောင်မိုးဦး

(၂၀-၁၁-၂၀၁၆ ရက်နေ့က သရေခေတ္တရာ၊ ပျူမြို့ဟောင်း လေ့လာရေးခရီးစဉ်သို့ အမှတ်တရ)

www.burmeseclassic.com



(ယခင်လမှအဆက်)

(၂၅)

တိမ်ညိုတိမ်ပုပ်တို့ဖြင့် ပြည့်သိပ်ညို့မှောင်နေသော ကောင်းကင်သည် ကမ္ဘာမြေသို့ နေမင်း၏ အလင်းရောင်တို့ ရောက်ရှိမလာနိုင်အောင် ပိတ်ဆို့ကာဆီးထားသည်။ နေမင်းသည် ထွက်ပြူလင်းလက်နေသည် မှန်သော်လည်း ပိတ်ဆို့ထားသော တိမ်ညိုပုပ်တို့ကြောင့် သူ၏ အလင်းရောင်လည်း ကမ္ဘာ့မြေအပြင်သို့ မဖြန့်ကြက်နိုင်။ နေမင်း၏ အပူဓာတ် အလင်းဓာတ်ကို မျှော်တသူတို့လည်း မည်သို့မျှ မတတ်နိုင်။ နေမင်းကို မြင်လိုပါလျက် မြင်ခွင့်မရ။ တစ်ခါတစ်ရံ ကောင်းကင်လေ ပြင်းထန်၍ တိမ်ညိုပုပ်တို့ ခွေတွကျဲပါး လွင့်မျောသွားချိန်တွင်မှ နေမင်း၏ အလင်းရောင်တို့ ရှားရှားပါးပါး တွေ့မြင်ထိတွေ့ခွင့်ရကြ၏။

ဤဥပမာအတိုင်းပင် ကပိလဝတ်ပြည်၏ မျှော်လင့်ချက် (သို့မဟုတ်) မျက်ရှုဖြစ်သော သိဒ္ဓတ္ထမင်းသားသည် တောထွက်တော်မူသွားပြီးချိန်မှစ၍ သူ၏ သတင်းသည် အစအန ပျောက်ကွယ်သွားခဲ့သည်။ ရဟန်းပြုသွားပြီတဲ့။ ဥရုဝေလတောမှာ တရားကျင့်နေပြီတဲ့။ ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံကြွတော်မူလာသတဲ့ဟူသော မင်းသားနှင့်ပတ်သက်သည့် သတင်းအပိုင်းအစတို့သည် မေ့လောက်မှ တစ်ခါဆိုသလို အင်မတန် တိုး ။ ဆိုင်လာပါမှ ကပိလဝတ်က ကြားသိကြရသည်။ ကောင်းကင်လေပြင်း ခေတ္တတိုက်ခတ်၍ တိမ်ညိုပုပ်တို့ ခဏငယ်ပြယ်လွင့်ခိုက် ဖြာဆင်းလာသော နေရောင်ခြည်ကို ရှားရှားပါးပါး မြင်တွေ့ခွင့်ရလိုက်သည့်နှယ် ပမာတူညီနေခဲ့၏။

ဟော..ယခုမူ ကပိလဝတ်ပြည် ကောင်းကင်သည် တိမ်ညိုတိမ်ပုပ်တို့ ကင်းရှင်းကြည်လင်သွားခဲ့ပြီဟု ဆိုရတော့မည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ဂေါတမ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ကာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ တပည့်သံဃာ သာဝကများစွာ ခြံရံလျက် သီတင်းသုံးနေတော်မူပြီ။ ရာဇဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com



# နန္ဒာစိုး (ထင်မြူကျွန်း)

# သုမိတ္တာနိဒါန်းအစ အန္တိမယသော်ဓရာ

(ဖင်ကိုဝရေးဓမ္မရသ အခန်းဆက်ဝတ္ထုရှည်)

ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရသည် မြတ်စွာဘုရားရှင်၏ အနီးကပ် ဥပါသကာကြီးအဖြစ် ပစ္စည်းလေးပါး လှူဒါန်း ဆက်ကပ်ကာ ကိုးကွယ်နေခဲ့ပြီ။ ဘုရားရှင်၏ နောက်တော်ပါ ရဟန္တာများ၊ ပုထုဇဉ် သံဃာတော်များလည်း တတိတိ တိုးပွားနေလျက် ရှိပြီဆိုသော ဘုရားရှင်၏ အတိုင်းအဆမဲ့ ထင်ရှားကျော်စောသော သတင်းတွေက မဇ္ဈိမဒေသတစ်ခွင်နှင့် ကပိလဝတ်သို့ စဉ်ဆက်မပြတ် ရောက်ရှိကြားသိနေကြရပြီ ဖြစ်သည်။

ထိုသတင်းများနှင့်အတူ ကပိလဝတ်၏ အမှောင်ကျခဲ့သော မျှော်လင့်ချက်များလည်း ပြန်လည်နိုးထ တောက်ပထားကြတော့သည်။ သူတို့တိုင်းပြည်မှ အရှင့်သားသည် ယခုအခါ သုံးလောကထွတ်ထား မြတ်စွာဘုရား ဖြစ်ခဲ့ပြီ ဆို၍ ပုထုဇဉ်တို့၏ ဇာတိဒေသစွဲစိတ် အရ ဒါမှ တို့ပြည်သားဟု ဂုဏ်ယူကြ၏။ သာကီဝင်တို့က လည်း ဒါမှ တို့ဆွေမျိုးဟု ဝင့်ကြွားကြ၏။ သို့ရာတွင် အမျိုးမာန်ကြီးလှသော သာကီဝင်တို့သည် တို့ဆွေမျိုးပဲဟု ဝင့်ကြွားကြသည့်တိုင် ဘုရားရှင်အား အလေးအမြတ် အရိုအသေပြုဖို့တော့ စိတ်မကူးကြချေ။ အသက်အရွယ် ကြီးရင့်သူများကဆိုလျှင် သိဒ္ဓတ္ထဟာ ငါတို့ နပ်းအပ်လာ ခြေသားပဲ၊ တူသားနောင်မယ်ပဲ။ အရိုအသေပြီး ဘုရား ဟု တစ်ထစ်ချ စွဲမှတ်ထားကြပြီးပင် ဖြစ်နေလေတော့ သည်။

ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးသည်လည်း ထိုသတင်းကို ကြားသိ၏။ မင်းကြီးကတော့ သားတော်

www.burmeseclassic.com

သည် ယခုအခါ ဘုရားဖြစ်တော်မူခဲ့ပြီဟု ကြားသိလိုက်ရကတည်းက စိတ်ဓာတ်ကျသွား၏။ သူ စိတ်ကူးမျှော်မှန်းခဲ့သော စကြဝတေးမင်း နိုင်ငံတော်ဖြစ်ဖို့ ကိစ္စကြီးက အလှမ်းဝေးသွားပြီ။ ဘုရားဖြစ်ပါပြီဆိုမှတော့ သားတော်သည် ဘယ်နည်းနှင့်မျှ နောက်ပြန်လှည့်လာဖို့ လမ်းမရှိတော့။ ယခင်ကတော့ ဘုရားဖြစ်အောင် ကြိုးစားသောကိစ္စ မအောင်မြင်ခဲ့လျှင် တစ်နေ့နေ့တော့ သားတော်သိဒ္ဓတ္ထသည် ပြန်လှည့်လာလိမ့်မည်။ ထိုအခါကျမှ ထီးနန်းကို ထိုးအပ်ကာ လွှဲပြောင်းပေးပြီး မင်းပြုစေမည်။ သို့ဆိုလျှင် တစ်ချိန်ချိန်မှာတော့ သားတော်သည် စကြဝတေးမင်း ဖြစ်လာလိမ့်မည်ဟု မှန်းတာရေးရေး မျှော်လင့်မိသေး၏။ ခုတော့ ဘုရားဖြစ်တော်မူသွားပြီဆိုတော့ မျှော်လင့်ချက် မရှိပြီ။

သည်တော့ မင်းကြီးသည် သူ့နိုင်ငံအတွက် နောက်တစ်မျိုးပြောင်းပြီး ကြံစည်စိတ်ကူးရတော့သည်။ သားတော်ကြီး သိဒ္ဓတ္ထက နန်းစံ၊ မဟာပဇာပတိဂေါတမီမှ မွေးဖွားလာသည့် နန္ဒမင်းသားက နန်းရံ ဖြစ်စေရမည်ဟူသော နဂိုမူလ စိတ်ကူးကို ဖျက်ရ၏။ မဟာပဇာပတိဂေါတမီသည် မိဖုရားကြီး မဟာမာယာဒေဝီ၏ ညီမတော်ဖြစ်သည်။ မာယာဒေဝီ မိဖုရားကြီးမှ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီး (၇)ရက်အကြွင်း ညီမတော် မဟာပဇာပတိ ဂေါတမီက နန္ဒမင်းသားကို ဖွားမြင်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားနှင့် နန္ဒမင်းသားတို့မှာ ရက်သတ္တပတ်(၇)ရက်သာခြားသော တစ်ဝမ်းကွဲ ညီအစ်ကိုများ ဖြစ်၏။ ခုတော့ မူလရည်ရွယ်ခဲ့သည့် အစ်ကိုကြီး သိဒ္ဓတ္ထက ဘုရားဖြစ်တော်မူပြီဆိုတော့ ညီဖြစ်သူ နန္ဒမင်းသားကိုသာ ထီးနန်းလွှဲအပ်တော့မည်ဟု စီမံကိန်းချပြန်၏။ ကပိလဝတ်ပြည်သည် စကြဝတေးမင်းနိုင်ငံတော်ဖြစ်ဖို့ ကံအကြောင်း ပါလာလျှင် နန္ဒမင်းသားသည် စကြဝတေးမင်း ဖြစ်လာလိမ့်မည်ဟုပဲ အားတင်းရတော့သည်။ သိဒ္ဓတ္ထမင်းသားကို ထီးနန်းလွှဲအပ်၍ မင်းပြုစေဖို့ မျှော်လင့်ချက်ကိုတော့ လုံးဝ ပုပ်တို့ ခေ့က်ရလေပြီ။

အလင်းရောင် ဘုရားရှင်နှင့် ပတ်သက်၍ ကပိလဝတ်ပြည်သို့ စဉ်ဆက်မပြတ် ဝင်လာနေသော သတင်းတို့ကြောင့် သားတော်နှင့် ပြန်လည်ဆုံတွေ့ရန်ဟူသော မင်းကြီး၏ မျှော်လင့်ချက်ကတော့ ယခင်ကထက် အရှိန်မြင့်တက်လာခဲ့၏။ ဟိုစဉ်ကတော့ သားတော်သည် ရဟန်းဘဝဖြင့် ဘယ်ဆီဘယ်ဝယ် ဘယ်ဒေသ ဘယ်တောအုပ်၌ အခြေချ သီတင်းသုံးကာ တရားကျင့်နေသည်ကို ခိုင်မာစွာ မသိရ။ လပေါင်းများစွာကြာလင့်မှ တစ်ကြိမ်လောက်သာ အိပ်မက်၊မက်သည့်နှယ် ဝင်ဝင်လာတတ်သည့် သတင်းတွေကလည်း တိကျမှုမရှိ။

ယခုတော့ သားတော်မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေပြီဟု နေရာဒေသကို အခိုင်အမာသိရပြီ။ ကပိလဝတ်ပြည်သို့ ရအောင် ပင့်ဆောင်နိုင်လျှင် မလွဲမသွေ တွေ့ဆုံကြရန်သာ ရှိတော့သည် မဟုတ်လော။ ပြီးတော့ ဝင်လာသည့် သတင်းတွေက ခိုင်မာသည်။ သားတော် မြတ်စွာဘုရား၏ ကျော်စောမှုကလည်း မဇ္ဈိမဒေသတစ်ခွင်လုံးကို သိမ်းရန်းချုပ်ကိုင်လာခဲ့သည်မှာ ထင်ရှားနေပြီ။

"အင်း..ဘာလိုလို့နဲ့ ပြန်တွက်လိုက်တော့ သားတော်နဲ့ ကွဲကွာနေခဲ့ရတာဟာ မြေးတော်လေး ရာဟုလာရဲ့ တစ်သက်ပါပဲလား။ ငါတို့နှင့် သားတော် သိဒ္ဓတ္ထတို့ ကွဲကွာနေခဲ့သည်မှာ (၇)နှစ်တာရှိခဲ့ပြီ။ အခု သားတော် မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတယ်ဆိုတော့ ဖြစ်နိုင်ရင် ကိုယ်တော်တိုင်သာ သွားရောက်ပင့်ဆောင်လိုက်ချင်တော့တာပဲကွယ့်။ ငါ့အသက်အရွယ်နဲ့ သွားရမယ့် ခရီးလမ်းပန်းနဲ့က ဝန်နဲ့အား လေးနဲ့မြား မသင့်လို့သာဘဲ"

သုဒ္ဓေါဒနမင်းကြီးမှာ ကြိတ်မနိုင်ခဲမရ အားမလိုအားမရ ညည်းညူမိရှာ၏။ ဟုတ်တော့လည်း ဟုတ်သည်။ ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည်သည် ယူဇနာခြောက်ဆယ်ခရီးတာ ကွာဝေး၏။ မင်းကြီးက အရွယ်အိုမင်းပြီ။ တစ်နေ့လျှင် တစ်ယူဇနာနှုန်းမျှထက် ပို၍ခရီးနှင်နိုင်ဖွယ် မရှိ။ တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့်တွက်လျှင် ရာဇဂြိုဟ်ရောက်ဖို့ ရက်ပေါင်း(၆၀)ကြာမည်။ နှစ်လတာ အချိန်ပေးရမည်။ အသွားအပြန်တွက်လျှင် လေးလတိတိ ကြာမည်။ တိုင်းပြည်အုပ်ချုပ်သူ မင်းတစ်ပါးအနေဖြင့် ကိုယ့်ထီးနန်းကို လေးလကြာပစ်ထားခဲ့၍ မဖြစ်နိုင်။ သည်တော့ ဖြစ်နိုင်သည်ကိုပဲ လုပ်ဆောင်ရတော့မည်။ အခြားမဟုတ်။ သားတော်မြတ်စွာဘုရားကိုသာ ဒီမိတို့ ကပိလဝတ်ပြည်သို့ ပင့်ဆောင်ရမည်ပဲ ဖြစ်၏။

www.burmeseclassic.com

သုဒ္ဓေါဒနမင်းကြီးသည် အမတ်တစ်ဦးအား အခြွေအရံ(၁၀၀၀)နှင့်အတူ မြတ်စွာဘုရားအား ပင့်ဆောင်ရန်အတွက် ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လိုက်ရတော့၏။ သို့ရာတွင် မင်းကြီးမျှော်လင့်သလို ထင်တိုင်းမပေါက်။ အကြောင်းမှ သွားရောက်ပင့်ဆောင်သော အမတ်နှင့် အခြွေအရံ (၁၀၀၀)တို့သည် ရာဇဂြိုဟ်သို့ ရောက်ကြ၍ ဘုရားရှင်နှင့် တွေ့ဆုံဖူးမြော်ကြသောအခါ ဘုရားရှင်ဟောကြားတော်မူသော တရားတော်တို့ကို နာကြားပြီး သည်နှင့် ရဟန်းပြုသွားကြသောကြောင့်ဖြစ်သည်။ မြတ်စွာဘုရားအား ပင့်ဆောင်ရန် သွားသူအားလုံး ဧဟိဘိက္ခုရဟန်းတွေချည်း ဖြစ်ကုန်ကြ၏။ ကပိလဝတ်ပြည်သို့ အကြောင်းအကျိုး ပြန်ပြောပြရန်ပင် တစ်ဦးမှ ပြန်မလာတော့။ မင်းကြီးကား ခွဲမလျှော့။ ရှေးနည်းအတိုင်းပင် အမတ်တစ်ဦးနှင့် အခြွေအရံ(၁၀၀၀)စီထည့်ကာ ကပိလဝတ်ရွှေနန်းတော်သို့ ကြွရောက်ပါရန် ပင့်ဆောင်ဖို့ စေလွှတ်၏။ ဤနည်းဖြင့် (၉)ကြိမ်သာတိုင် သွားသည်။ အခြေအနေကလေးမှ ပြန်လာပြောသူ မပေါ်လာ။ (၉) ကြိမ်တိုင်တိုင် စေလွှတ်သမျှမှာ အားလုံး မြတ်စွာဘုရားရှင်၏ ဧဟိဘိက္ခုရဟန်းတွေချည်း ဖြစ်ကုန်ကြသည်ချည်း။ ပြည်တော်ပြန်လာသူ တစ်ဦးမျှမရှိ။ မျှော်သူ မောရခြင်းသာ အဖတ်တင်၏။

မင်းကြီး စိတ်ညစ်စပြုပြီ။ သည်တစ်ခါ (၁၀)ကြိမ်မြောက်တွင်တော့ အသေအချာ လူရွေးချယ်၍ စေလွှတ်မှ ဖြစ်တော့မည်ဟု သတိဝင်လာ၏။ ခေါင်းဆောင်သွားမည့် အမတ်သည် ထက်မြက်သူဖြစ်မှ တော်ရုံကျမည်။ သည်အတိုင်း မရွေးချယ်ဘဲ လက်လှည့်သင့်သလို လျှောက်စေလွှတ်နေပါက ကပိလဝတ်မှ လူရွယ်တွေ၊ အခြွေအရံတွေ ပြုတ်ပြုတ်ပြုန်းတော့မည်။ ထို့ကြောင့် အသေအချာ စဉ်းစား ရွေးချယ်သော် ပင့်ဆောင်ရေး ခေါင်းဆောင်ဦးစီးအဖြစ် ကာဠုဒါယီ အမတ်ကို သွားတွေ့သည်။ ဟုတ်ပြီ။ ကာဠုဒါယီသည် သားတော်မြတ်စွာဘုရားနှင့် ဖွားဖက်တော်လည်း ဖြစ်သည်။ တောထွက်တော်မမူခင် သိဒ္ဓတ္ထမင်းသားဘဝ၌ ရှိခဲ့စဉ်ကတည်းက မင်းသားကို ရှိသေချစ်ခင်သူဖြစ်သည်။ သားတော်သိဒ္ဓတ္ထ၏ ထိမ်းမြားမင်္ဂလာကိစ္စအတွက် ယသော်ဓရာကို တောင်းခံနားဖောက်ကာ ဒေဝဒဟပြည်နှင့် ရွှေလမ်းငွေလမ်းခင်းဖို့ အရေးတွင်လည်း အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် မင်းကြီးသည် ကာဠုဒါယီအမတ်ကို နန်းတော်သို့ ဆင့်ခေါ်လိုက်၏။

'ကာဠုဒါယီအမတ် ရောက်လာပြီဆိုတော့ သင့်ကို ပေးအပ်မယ့် တာဝန်နဲ့ပတ်သက်ပြီး မိန့်တော်မူရမှာပေါ့လေ'

'မှန်ပါဘုရား'

'တာဝန်ကတော့ တခြားမဟုတ်ပါဘူး။ သင်လည်း သိတဲ့အတိုင်းပဲ။ ငါ၏သားတော် မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတယ်လို့ အတိအကျသိရပြီးဖြစ်တယ်။ ဒါကြောင့် ကပိလဝတ်ပြည်ကိုရောက်အောင် ပင့်ဆောင်ဖို့ ခေါင်းဆောင်အမတ်တစ်ဦးနဲ့ အခြွေအရံ(၁၀၀၀)ကို စေလွှတ်ခဲ့တယ်။ ဒီလိုနဲ့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ စေလွှတ်ခဲ့တာ (၉)ဖွဲ့ရှိခဲ့ပေမယ့် တစ်ဦးတစ်ယောက်မှ သတင်းကလေးတောင် လာပြန်မပြောကြတော့ဘူး။ အခု သင့်ကို ခေါင်းဆောင်အရာထားပြီး အခြွေအရံ(၁၀၀၀)နဲ့အတူ ရာဇဂြိုဟ်ကို စေလွှတ်ဖို့ပဲ။ သင့်အဖွဲ့ဟာ (၁၀)ကြိမ်မြောက်အဖွဲ့ဖြစ်တယ်။ သေသေချာချာ မှာချင်တာကတော့ ရှေ့က အဖွဲ့တွေလို တစ်ကောင်တစ်မြီးမှ ပြန်မပေါ်မလာတော့ဘဲ အစပျောက်သွားတာမျိုး မဖြစ်စေချင်ဘူး။ သားတော် မြတ်စွာဘုရားကို ကပိလဝတ်အရောက် ပင့်ဆောင်လာနိုင်ရေးကို အောင်မြင်အောင် ဆောင်ရွက်စေချင်တာပဲ။ ဒီကိစ္စကို သင် စွမ်းဆောင်နိုင်ပါ့မလား။ စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်လို့ သင့်ကို စဉ်းစားရွေးချယ် တာဝန်ပေးတာပဲကွယ့်'

ထိုအခါ ကာဠုဒါယီ အမတ်က ပြန်လည်လျှောက်ထား၏။

'မှန်ပါ အရှင်မင်းကြီး၊ ကျွန်တော်မျိုးဟာ အရှင်ပေးအပ်လာတဲ့ တာဝန်ဟူသမျှကို ကျေပွန်အောင် အမြဲကြိုးစားဆောင်ရွက်ခဲ့သူ ဖြစ်ပါတယ်။ ယခု အရှင်ပေးအပ်လာတဲ့ တာဝန်ကိုလည်း ကျေပွန်အောင် ထမ်းရွက်ပြီး ဘုရားရှင်ကို ကပိလဝတ်ပြည်အရောက် ပင့်ဆောင်လာခဲ့ပါမယ်။ သို့သော် ကျွန်တော်မျိုးကို အခွင့်အရေးတစ်ခုတော့ ပေးသနားစေလိုပါတယ်ဘုရား'

'ကိုင်း..ပြောစမ်းပါဦး ကာဠုဒါယီ၊ ဘယ်လိုအခွင့်

www.burmeseclassic.com

www.burmeseclassic.com

အရေးကို တောင်းဆိုချင်တာလဲ'

မင်းကြီးက ပြန်မေး၏။

'အခြားမဟုတ်ပါဘုရား။ ရဟန်းပြုခွင့်ကို ခုကတည်းက ကြိုတင်တောင်းဆိုချင်တာပါ။ ရှေ့က သွားကြတဲ့ အဖွဲ့တွေဟာ ဘုရားရှင်ရဲ့ တရားတော်ကို နာကြားပြီးတာနဲ့ တစ်ယောက်မကျန် ဘုရားရှင်ရဲ့ သာသနာတော်ကို ဝင်ရောက်ရဟန်းပြုသွားကြတာချည်း ဖြစ်တယ်လို့ ကြားသိရပါတယ်။ တစ်ဦးတစ်ယောက်မှ သတင်းပို့ ပြန်မလာကြတော့တာကိုထောက်ပြီး ဒီသတင်းဟာ မှန်ကန်တဲ့ သတင်းလို့ပဲ အဖြေထွက်နေပါတယ်။ ကျွန်တော်မျိုးကလည်း ဘာသားနဲ့ ထုထားတာမို့လဲ။ ဘုရားရှင်နဲ့ တွေ့ဆုံပြီး သူဟောကြားမယ့်တရားကို နာကြားရတဲ့အခါ ရှေ့က အမတ်တွေ၊ အခြွေအရံတွေလိုပဲ ရဟန်းပြုလိုစိတ် ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီအခါကျရင်တော့ နှောက်ဆံ မငင်ဘဲ ရဟန်းပြုလိုက်ခွင့်ကို ခုကတည်းက ပေးလိုက်ဖို့ ကြိုတင်တောင်းဆိုချင်တာပါပဲဘုရား'

ကာဠုဒါယီအမတ်ကား ရှေ့ရေးကို ကြိုမြင်သူဖြစ်သည်။ ထို့ကြောင့် ခုရှုပ်မှ နောင်ရှင်းဆိုသလို ရဟန်းပြုခွင့်ကို ကြိုတင်တောင်းဆိုလိုက်ခြင်းဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီးအဖို့မူ ဤတောင်းဆိုချက်သည် အလွန်ပေါ့ပါးသော တောင်းဆိုချက်သာဖြစ်သည်။ ထို့ထက်မက အခြားသော တောင်းဆိုချက်တစ်ခုခု ဖြစ်ခဲ့လျှင်လည်း ခွင့်ပေးမည်သာ ဖြစ်သည်။ ကြိုက်ရာအခွင့်အရေးသာ တောင်းပေတော့။ သားတော် မြတ်စွာဘုရားကို အရောက်ပင့်ဆောင်ပေးနိုင်ဖို့သာ အဓိကလိုရင်း ဖြစ်သည်။ တောင်းလာသမျှ အခွင့်အရေးကို ပေးရန် အဆင်သင့်။ ကာဠုဒါယီ အမတ်မို့သာ ဤသို့ ဖွင့်ဟတောင်းဆိုနေသေးခြင်း မဟုတ်လား။ သူ့ကို ဘာမျှမပြောဘဲ သားတော် မြတ်စွာဘုရားနှင့် တွေ့ကာမှ ရှေ့က အမတ်တွေလို ရဟန်းပြုသွားပြီး ပြန်မလာဘဲနေလျှင် မင်းကြီး ဘာမျှတတ်နိုင်မည်မဟုတ်။ လက်မှိုင်ချရုံသာရှိမည်။ ထို့ကြောင့် မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာပင် ကာဠုဒါယီ၏ တောင်းဆိုချက်ကို ခွင့်ပြုချက် ပေးလိုက်လေသည်။

'ကောင်းပြီ ကာဠုဒါယီ၊ သင်တောင်းတဲ့ အခွင့်အရေးကို ငါပေးတယ်။ သင့်ဟာသင် ရဟန်းပြုပြု၊ မပြုပြု သင့်သဘောပဲ။ အရေးကြီးတာက သားတော် မြတ်စွာဘုရားကို ကပိလဝတ်နန်းတော်အရောက် ပင့်ဆောင်ပေးနိုင်ဖို့ပဲ ဖြစ်တယ်ကွယ့်'

'မှန်ပါ။ ဒီကိစ္စအတွက် ကျွန်တော်မျိုးကြီး လုံးဝ တာဝန်ခံပါတယ်ဘုရား။ ပင့်ဆောင်လာတဲ့အခါ ရှေ့တော်ပြေး ခြေမြန်တော်တွေ ရှေ့ကလွှတ်ပြီး အကြောင်းကြားပါမယ်။ အရှင်မင်းကြီးတို့က ကြိုဆိုနေရာချထားဖို့သာ ပြင်ဆင်နှင့်ကြပါတော့ဘုရား'

ကာဠုဒါယီ၏ ရဲရဲတောက် အာမခံချက်ကြောင့် သုဒ္ဓေါဒနမင်းကြီး လွန်စွာအားတက်ရွှင်လန်းသွားသည်။

'ကိုင်း..သည့်လိုဖြင့် မကြာခင်ရက်ပိုင်းအတွင်းမှာပဲ ရာဇဂြိုဟ်ပြည်ကို ခရီးနှင်ဖို့ ပြင်ဆင်ကြစေဗျာ'

'အမိန့်တော်မြတ်အတိုင်းပါဘုရား'

◆◆◆

(၂၆)

'ဘုရင်မင်းမြတ်ကတော့ သူ့သားတော် မြတ်စွာဘုရားကို ဖူးမြင်တွေ့ဆုံနိုင်ဖို့ အသည်းအသန် ကြိုးစားတော်မူနေပြီ အရှင်မ။ အခုလည်း ကပိလဝတ်ကို ပင့်ဆောင်ဖို့ အတွက် ကာဠုဒါယီအမတ် ဦးဆောင်တဲ့ (၁၀) ဖွဲ့မြောက် အဖွဲ့ကို စေလွှတ်တော်မူလိုက်ပြန်ပြီ။ အခြွေအရံ (၁၀၀၀)နဲ့အတူ ကာဠုဒါယီအမတ်တို့အဖွဲ့ ရာဇဂြိုဟ်ကို ထွက်ခွာသွားကြပြီတဲ့။ ဒီအဖွဲ့မှာ ထူးခြားတာက ကာဠုဒါယီအမတ်က အရှင့်သားတော် မြတ်စွာဘုရားကို အရောက်ပင့်ဆောင်ခဲ့မယ်လို့ အာမဘာန္တေခံသွားသတဲ့။ အရီးတော်ဖြင့် ဒီသတင်းကို ကြားရတာ ဝမ်းမြောက်အားတက်လိုက်ပါဘိ အရှင်မရယ်'

အထိန်းတော်ကြီး မယ်ဘဒ္ဒါ၏ လေသံက မြူးရွှင်နေသည်။ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး စံနေတော်မူရာ ဗဟိုရွှေနန်းတော်မှ ကြားသိလာရသမျှတို့ကို အထိန်းတော်ကြီးက ပြန်လည်သတင်းပေး ဖောက်သည်ချနေခြင်းဖြစ်သည်။ ယသော်ဓရာဒေဝီသည် အထိန်းတော်ကြီး မြူးရွှင်တက်ကြွနေပုံကိုကြည့်ကာ ပြုံးလိုက်သည်။

'အင်း..ယခင်လွှတ်လိုက်တဲ့ အဖွဲ့တွေကတော့ စူဠ လိပ် ရေထဲလွှတ်လိုက်သလိုချည်း ဖြစ်ဖြစ်သွားခဲ့ကြတာ ချည်းပဲလို့ အရှင်မ ကြားခဲ့ရတာပဲ။ ကာဠုဒါယီအမတ်က တော့ မောင်တော်ရဲ့ ဖွားဖက်တော်လည်းဖြစ် ငယ်ငယ်အနေနဲ့လည်း ထက်မြက်သူဖြစ်လေတော့ သည်တစ်ကြိမ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com

အစည်းတော်ရဲ့ဆန္ဒ ပြည့်ဝတန်ကောင်းပါရဲ့ အရှင်တော်'

'ပြည့်ဝမှာ သေချာပါတယ် အရှင်မရဲ့။ ဖခမည်းတော် မင်းကြီးကိုယ်တိုင်က ပင့်ဆောင်တော်မူတဲ့ကိစ္စကို သားတော်ကြီး အရင်းအချာဖြစ်တဲ့ အရှင်မင်းသား မြတ်စွာဘုရားက ငြင်းပယ်တော်မူမတဲ့လား။ နောက်ထပ်သိပ်မကြာမီမှာပဲ ဘုရားရှင်ဟာ ကပိလဝတ်ကို ကြွချီတော်မူလာမှာ သေချာတယ်။ ဒီအတွက် အရှင်တော်ကတော့ ပြောမပြတတ်လောက်အောင် ဝမ်းသာနေမိတယ်။ အထူးသဖြင့် အရှင်မနဲ့ သားတော်ကလေး ရာဟုလာတို့အတွက်ပေါ့။ အရှင်မရော ဝမ်းမြောက်တော်မမူဘူးလား ဟင်'

အထိန်းတော်ကြီးက လှိုက်လှဲတက်ကြွစွာ မေးလိုက်သည်။ ယသော်ဓရာသည် ဒုတိယအကြိမ် တည်ငြိမ်စွာ ပြုံးလိုက်ပြန်သည်။

'သားတော်ကလေး ရာဟုလာအတွက်တော့ အရှင်မ အထူးဝမ်းမြောက်မိပါတယ် အရှင်တော်'

'ဟင်··ဒါဆိုရင် အရှင်မက ကိုယ့်အတွက်ကိုယ်တော့ ထူးပြီးဝမ်းမသာပါဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်မနေဘူးလား အရှင်မရဲ့'

အထိန်းတော်ကြီး၏ အံ့အားတသင့် အမေးကို ယသော်ဓရာက ခေါင်းညိတ်၍ ဝန်ခံလိုက်လေသည်။

'အရှင်တော်ရယ်··ပုဏ္ဏာတစ်ပုဒ်ရဲ့ အဖြေမှန်ကို ကြိုတင်သိထားခဲ့ပြီးသားသူ တစ်ယောက်ဟာ အဲဒီပုစ္ဆာရဲ့ အဖြေ တကယ်ထွက်ရှိလာတဲ့အချိန်မှာ ထူးထူးခြားခြား တုန်လှုပ်ခြင်း၊ ဝမ်းမြောက်ခြင်း ခံစားမှုတွေ ရှိလာနိုင်ပါဦးမလား။ အဲဒီသဘောပါပဲ။ တစ်ချိန်ချိန်မှာ မောင်တော်နဲ့ အရှင်မတို့ဟာ မျက်နှာချင်းဆိုင် ပြန်ဆုံတွေ့ခွင့်ရှိလာလိမ့်ဦးမယ်ဆိုတာ အရှင်မ ကြိုတင်သိထား ယုံကြည်စိတ်ချထားခဲ့ပြီးသားပဲလေ။ ဒီတော့ အရှင်မအနေနဲ့ မောင်တော်နဲ့ ပြန်ဆုံတွေ့ရမယ့် ကိစ္စအတွက် ထူးပြီး ဝမ်းမြောက်တုန်လှုပ်နေဖို့ မရှိတော့ပါဘူး။ အဲ··ပုထုဇဉ်မိန်းမသားတစ်ယောက်။ ငါဟာ သူလိုငါလို သာမန်ဇနီးမယားတစ်ဦးသာ ဖြစ်တယ်။ သူ့ရဲ့ ပါရမီဖြည့်ဖက်တော့ မဟုတ်ဘူး ဒီအထိတော့ မပေးဆပ်နိုင်ဘူးလို့ ခံယူထားတဲ့သူတစ်ယောက်အနေနဲ့ဆိုရင် အခု ပြန်လည်ဆုံတွေ့ရခြင်းဟာ ဝမ်းသာဖို့ဝေးစွ၊ ဝမ်းနည်းကြေကွဲစရာအတိသာဖြစ်တယ် အရှင်တော်'

'ဘာဖြစ်လို့လဲ အရှင်မ'

'စဉ်းစားကြည့်လေ အရှင်တော်။ ဇနီး၊ ခင်ပွန်း နှစ်ဦးသား သက်ရှိထင်ရှား ရှိနေကြတယ် ဆိုမယ့်သာဆိုရတယ် (၇)နှစ်တာလောက် ဝေးကွာနေကြရပြီး တစ်ဖန်မျက်နှာချင်းဆိုင် ဆုံတွေ့လာကြရပြန်ပြီဆိုတဲ့ အချိန်မှာ ဘဝချင်းက အလှမ်းအကွာကြီး ကွာနေခဲ့ကြပြီးပြီ။ အထူးသဖြင့် မောင်တော်ဟာ သုံးလောကထိပ်တင် ဘုရားရှင်ဖြစ်တော်မူခဲ့ပြီဆိုတဲ့ နောက်မှတော့ အရှင်မတို့လို သာမန်ပုထုဇဉ်ဘဝနဲ့ မနှိုင်းသာအောင် အလှမ်းဝေးကွာသွားခဲ့ပြီ။ တစ်သက်တာမှာ ဘယ်သောအခါမှ ပြန်ဆုံစည်းနိုင်ခွင့်ရတော့မှာမဟုတ်တဲ့ တစ်ချိန်တစ်ခါက ခင်ပွန်းဟောင်းတစ်ဦးနဲ့ သက်ရှိထင်ရှား ပြန်မျက်နှာချင်းဆိုင်ရမယ့် ပုထုဇဉ်မိန်းမသား တစ်ယောက်အဖို့ အဲဒီတွေ့ဆုံရခြင်းမှာ ဝမ်းနည်းကြေကွဲရခြင်းကလွဲလို့ တခြားဘယ်ခံစားမှု ရှိနိုင်ဦးမှာတဲ့လဲ။ ဒါပေမဲ့ အရှင်မကတော့ အင်မတန် ကျေနပ်နေပါတယ်။ ကြေကွဲခြင်းက တစ်ကန့်၊ ဝမ်းမြောက်ခြင်းက တစ်ကန့်ပဲ။ ဘာကြောင့်လဲဆိုတော့ အရှင်မဟာ မောင်တော်နဲ့ ပတ်သက်လို့ ငါဟာ ပါရမီဖြည့်ဖက်ဖြစ်တယ်လို့ ခံယူထားခဲ့လို့ ဖြစ်တယ်။ သူရှာဖွေခဲ့တဲ့ သစ္စာတရားကို အမှန်တကယ် ရှာဖွေတွေ့ရှိခဲ့ပြီ။ သူ့ဦးတည်ချက်ပန်းတိုင်ကို ဆိုက်ရောက်နိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် သူနဲ့ ထပ်တူထပ်မျှပဲ ကျေနပ်ဝမ်းမြောက်နေတယ်။ အရှင်တော်က တစ်ခါတုန်းက အရှင်မ ပြောခဲ့ဖူးတဲ့ အဒ္ဓိဋ္ဌာသဘောကို မေ့သွားပြီလား။ သိဒ္ဓတ္ထနဲ့ ယသော်ဓရာဟာ ခန္ဓာဒြပ်ရှိပိုင်းအနေနဲ့ တစ်ဦးစီသတ်သတ် ဖြစ်နေပေမယ့် ဒြပ်မဲ့ပိုင်းမှာတော့ 'အမြဲတမ်း တစ်သားတည်း တစ်ထပ်တည်း ရှိနေတယ် ဆိုတာလေ'

'ဟင့်အင်း၊ အရှင်တော် မမေ့ခဲ့ပါဘူး အရှင်မ။ အဲဒီအဒ္ဓိဋ္ဌာသဘောကို ရင်ထဲမှာ သိမ်းထားခဲ့တဲ့အတွက်ကြောင့်ပဲ အရှင်မဟာ အလူးအလဲမဖြစ်ခဲ့တာလို့ သဘောပေါက်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရှင်တော်ကတော့ သားတော်ကလေး ရာဟုလာအတွက်လည်း တွေးမိတိုင်း တသိမ့်သိမ့် ကြည်နူးရတာ အမှန်ပဲ အရှင်မရယ်'

ထိုစကားကြောင့် သားတော်ကလေး ရာဟုလာနှင့်ပတ်သက်သော အတွေးရိပ်တို့ ယသော်ဓရာ၏ဦးခေါင်း

www.burmeseclassic.com

ထဲ လွှမ်းမိုးသွားပြန်သလားမသိ။ သားအတွက် လွန်စွာ ကျေနပ်ဝမ်းမြောက်နေသော မိခင်တစ်ဦး၏ အေးချမ်းနူးညံ့သော အပြုံးရိပ်တို့ ယသော်ဓရာ၏မျက်နှာ၌ အထင်းသား နေရာယူလာကြပြန်၏။

'သားတော်လေးအတွက် ဝမ်းမြောက်မှုကတော့ ပြောမပြတတ်လောက်အောင်ပါပဲ အရှင်တော်။ သားတော်လေးဟာ သူ့ဖခင်ကို မြင်ဖူးခဲ့သူ မဟုတ်ဘူး။ သူ့ဖခင်ရဲ့ အသံကိုတောင် ကြားဖူးခဲ့သူ မဟုတ်ဘူး။ ရင်သွေးရင်နှစ်စစ်စစ်နဲ့ ဖခင်ရင်းချာစစ်စစ်တို့ ပြန်ဆုံတွေ့မှုဟာ ဘယ်လောက် ကြည်နူးဖွယ်ကောင်းလိုက်လေသလဲလို့ မှန်းဆကြည့်မိပြန်တော့ အရှင်မမှာ စိုးရိမ်စိတ်တွေ ဝင်လာရပြန်တယ်။ ကိုယ့်အတွက် မဟုတ်ပါဘူး။ သားတော်လေးအတွက် စိုးရိမ်မှုပါ'

အထိန်းတော်ကြီးသည် ယသော်ဓရာ၏ မိန့်ဆိုချက်အတွက် နားမလည်နိုင်ဖြစ်ရပြန်သည်။ ထို့ကြောင့် ချက်ချင်းပင် မေးခွန်းထုတ်လိုက်မိ၏။

'သားတော်လေးအတွက် ဘာများစိုးရိမ်စရာရှိလို့လဲ အရှင်မရဲ့'

ယသော်ဓရာသည် လေးပင်သော သက်ပြင်းရှည်ကြီး တစ်ရှိုက်ကို ချလိုက်၏။ ပြီးမှ-

'အရှင်တော်က ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ပြီးမှ စဉ်းစားမထားဘဲကိုး။ စိုးရိမ်ရပါသော်ကော အရှင်တော်။ သားတော်လေး တွေ့ဆုံရမယ့် သူ့ဖခင်က သာမန်လူတစ်ယောက်လား၊ သုံးလောကထွတ်ထား ဘုရားရှင်စစ်စစ်ကြီးလေ။ ပုထုဇဉ် သမုဒယသံယောဇဉ်ဟူသမျှကို စွန့်ပယ်ဖြတ်တောက်ပြီးခဲ့သူလေ။ သာမန်ပုထုဇဉ် ဖခင်တစ်ဦးလို ဝမ်းပန်းတသာ ကြည်နူးပွေ့ဖက် ယုယနမ်းရှုံ့ နှစ်သိမ့်ခြင်းနဲ့ သားတော်လေးကို ဆက်ဆံလိမ့်မယ်လို့ ထင်သလား။ လှိုက်လှဲနွေးထွေး အရေးပေးတဲ့ ဆက်ဆံမှုမျိုး မောင်တော် ဘုရားရှင်ဆီက မရရှိခဲ့ရင် အင်မတန် နုနယ်သေးတဲ့ သားတော်ကလေး ဘယ်လိုခံစားရမလဲ အရှင်တော်။ အဲဒီတွေ့ဆုံမှုနဲ့ပတ်သက်ပြီး မမျှော်လင့်ဘဲ ဝင်လာနိုင်တဲ့စိတ်နဲ့ နှလုံးသား နာကျင်ဖွယ်၊ အားငယ်ဖွယ် ဆိုးကျိုးတွေရဲ့ ရိုက်ခတ်မှုကို သားတော်ကလေး ခံနိုင်ရည်ရှိပါ့မလား။ အရှင်မရဲ့ သားတော်အတွက် စိုးရိမ်မှုဆိုတာ အဲဒီအချက်ကို ပြောတာပါ အရှင်တော်'

အထိန်းတော်ကြီးသည် ခုမှ အထိတ်တလန့်ဖြစ်သွား
ရတော့၏။ အရှင်မယသော်ဓရာ၏ မိန့်ဆိုချက်သည်
အထိန်းတော်ကြီး ဘယ်လိုမှ ထည့်မတွက်ခဲ့မိသော တွေး
ထောင့်မှရပ်၍ မိန့်ဆိုလိုက်သောစကားဖြစ်သည်။ အထိန်း
တော်ကြီးမှာ ရုတ်တရက် ဆွံ့အသွားတော့၏။ ပြန်ပြော
စရာစကားလုံးရှာမရ။ ပြန်မေးစရာမေးခွန်းရှာမရ။ အရှင်မ
ယသော်ဓရာ၏ စိုးရိမ်မှုကို တရေးရေး တွေးသိနားလည်
လာသည်နှင့်အမျှ စိမ့်၍စိမ့်၍ တုန်လှုပ်ချောက်ချားလာမိ
ရလေတော့သည်။ အထိန်းတော်ကြီး သဘောပေါက်လိုက်
ပြီဖြစ်သည်။ သားတော်ကလေး ရာဟုလာ ကံကောင်းပါ
စေဟု ဆုတောင်းကြရုံမှတစ်ပါး...။

◆◆◆

(၂၇)

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ တပေါင်းလဆန်း (၈)
ရက်။

ခမ်းနားထည်ဝါလှသော ဝေဠုဝန်ကျောင်းတော်ကြီး
နှင့် ကျယ်ဝန်းလှသော ဝေဠုဝန်ဥယျာဉ်တော်ကြီးမို့သာ
တော်ပေတော့သည်။ သို့မဟုတ်လျှင် နေရာထိုင်ခင်းအတွက်
တစ်မောင့်ဆိုသလို ဖြစ်ကြရပေဦးမည်။ အကြောင်းမူ
ကာဠုဒါယီအမတ် ဦးဆောင်သော အခြွေအရံ(၁၀၀၀)
ပါဝင်သည့် ကပိလဝတ်မှ ဘုရားရှင် ပင့်ဆောင်ရေးအဖွဲ့
သည် ထိုနေ့မှာပင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်
သို့ ရောက်ရှိလာခဲ့ကြသောကြောင့် ဖြစ်လေသည်။

မြတ်စွာဘုရားရှင်သည် ဖွားဖက်တော်ဖြစ်သော ကာဠု
ဒါယီ အမတ်ကို ကောင်းစွာသိရှိမှတ်မိ၏။ ရှေ့တော်သို့
ဝင်ရောက်ဖူးမြော်လာကြသောအခါ ငြိမ်းချမ်းသော ပ
သန္ထာရစကား...ကိုဖြင့် ဆီးကြိုနှုတ်ဆက်တော်မူ၏။ ဥယျာဉ်
တော်အတွင်း၌ပင် နေရာထိုင်ခင်းတို့ကို ပေး၏။ ထို့နောက်
ညချမ်းအချိန်တွင် တရားတော်တို့ကို ဟောကြားတော်မူ
လေရာ ကာဠုဒါယီနှင့် အခြွေအရံ တစ်ထောင်တို့သည်
လည်း ရှေ့က အဖွဲ့များနည်းတူပင် ဧဟိဘိက္ခုရဟန္တာများ
ချည်း ဖြစ်သွားကြပြန်လေသည်။ သို့တစေ ကာဠုဒါယီ
အမတ်သည် ဘုရားရှင်အား ကပိလဝတ်ပြည်သို့အရောက်
ပင့်ဆောင်ခဲ့ပါမည်ဟူသော သူ၏ အာမခံချက်ကို မေ့
လျော့သည်မဟုတ်။ လာရင်းကိစ္စကို ဆောင်ရွက်ရဦးမည်
ဟု အခြေအနေနှင့် အချိန်အခါကို စောင့်ကြည့်ကာ စေ့

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းငံ့ထားလိုက်၏။

ထို့နောက် တပေါင်းလပြည့်နေ့သို့ ရောက်တော့မှ မြတ်စွာဘုရားအား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပါရန် ဂါထာပေါင်း(၆၄)ခုတို့ဖြင့် လျှောက်ထား၏။ အရေးတော် သုဒ္ဓေါဒနမင်းကြီး၏ ဆန္ဒနှင့် မျှော်လင့်ခြင်းတို့ကိုလည်း ထည့်သွင်းလျှောက်ထား၏။

မြတ်စွာဘုရားရှင်သည် မူလကတည်းကပင် ကပိလဝတ်နေပြည်တော်သို့ ကြွ၍ ဖခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော် အပေါင်းတို့အား တရားတော်များ ဟောကြားတော်မူရန် ရည်ရွယ်ချက်ရှိပြီး ဖြစ်လေသည်။ ထိုသို့ ဟောကြားရန်အတွက် သဗ္ဗညုတဉာဏ်တော်နှင့် မဟာကရုဏာတော်လည်း ရှိပြီးဖြစ်သည်။ သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိတော်မူတတ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်နှင့် သတ္တဝါတို့၏ အလိုနှင့် စွမ်းရည်ကို သိတော်မူတတ်သော အာသယာနုသယ ဉာဏ်တော်တို့လည်း ရှိတော်မူပြီး ဖြစ်သည်။ ဉာတတ္ထစရိယနေဖြင့် ကပိလဝတ်ရှိ ဆွေတော်မျိုးတော် အပေါင်းတို့အား သန္တိသုခရရှိကြစေရန် ချီးမြှောက်ဖို့ ရည်ရွယ်ခဲ့သော်လည်း အချိန်အခါ မကျသေးသဖြင့် ဆိုင်းငံ့ထားခဲ့ရခြင်း ဖြစ်၏။ အချိန်ရောက်ပါမှ ပါရမီရင့်သည်။ ပါရမီရင့်ပါမှ ဣန္ဒြေရင့်သည်။ ဣန္ဒြေရင့်ပါမှ သစ္စဉာဏ်ကို ရနိုင်သဖြင့် အချိန်ကာလသည် ဥပနိဿယအနေဖြင့် များစွာအရေးကြီးလှ၏။ ထို့ကြောင့်လည်း မိမိ ဆွေတော်မျိုးတော်များ ဣန္ဒြေရင့်ချိန်ကို စောင့်ရင်း အခြားကျွတ်ထိုက်သူ ဝေနေယျတို့အား ဦးစွာချွတ်နေရခြင်း ဖြစ်တော့သည်။

မြတ်စွာဘုရားရှင်သည် ကာဠုဒါယီမထေရ် လျှောက်ထားလာသော (၆၄)ဂါထာတို့ကို သေချာစွာ နားထောင်တော်မူပြီးသောအခါ ကပိလဝတ်ပြည်မှ ဖခမည်းတော်နှင့်တကွသော ဆွေတော်မျိုးတော်တို့၏ အချိန်အခါ ရောက်မှု၊ မရောက်မှုကို ကြည့်ရှုရန် သတိရလာ၏။ ထိုထိုသတ္တဝါနှင့် ပတ်သက်၍ ဘုရားရှင်သည် အချိန်ကို အသိဆုံး ကာလညူလည်း ဖြစ်တော်မူ၏။ အခြေအနေကို အသိဆုံး ခေတ္တညူလည်း ဖြစ်တော်မူ၏။ ထို့ကြောင့် ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလတ်သော် ဆွေတော်မျိုးတော်တို့အတွက် အချိန်နှင့် အခြေအနေတို့ ရောက်ရှိနေပြီဟု သိမြင်တော်မူလေသည်။

ထိုသို့ သိမြင်သည်နှင့် မြတ်စွာဘုရားရှင်သည် ကပိလဝတ်သို့ ကြွချီရန် ဆုံးဖြတ်လိုက်တော့၏။ ကပိလဝတ်သို့ ကြွချီမည် ဖြစ်ကြောင်းကိုလည်း ဝေဠုဝန်ကျောင်း ဒကာကြီးဖြစ်သော ဗိမ္ဗိသာရမင်းအား အသိပေး၏။ ဒေသစာရီကြွချီနေစဉ်အတွင်း ကျောင်းတော်ကြီးကို ကျောင်းဒကာက စောင့်ရှောက်နိုင်ရန် ဖြစ်သည်။

ကာဠုဒါယီမထေရ်၏ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်ပါရန် လျှောက်ထားသော (၆၄)ဂါထာသည် အံဝင်ခွင်ကျဖြစ်ပေပြီ။ မြတ်စွာဘုရားရှင်သည် အလွတ်မဲ့ အချိန်ဖြုန်းတတ်သူ မဟုတ်။ အချိန်ကို အကျိုးရှိစွာ အသုံးချသူသာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားဖြစ်တော်မူပြီးချိန်ဝယ် ဤအခြေအနေသို့ ရောက်ရှိလာရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိတိသော အချိန်ကာလတို့ကို ဘဝပေါင်းများစွာ ထိုးဆပ်၍ ပေးအပ်လာခဲ့ရခြင်း ဖြစ်ကြောင်းကို သိတော်မူခဲ့ပြီးသောကြောင့် ဖြစ်တော့သည်။

ဘုရားရှင်သည် ကာဠုဒါယီမှ လျှောက်ကြားပြီး နောက်တစ်နေ့ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့မှာပင် ရာဇဂြိုဟ်ပြည်မှ စတင်ထွက်ခွာတော်မူလေသည်။ ဤခရီးစဉ်တွင် နောက်ပါရဟန္တာတော်ပေါင်း နှစ်သောင်း(၂၀၀၀၀) လိုက်ပါကြ၏။ အင်္ဂတိုင်းနှင့် မဂဓတိုင်းက(၁၀၀၀၀)၊ ကပိလဝတ်တိုင်းသားက(၁၀၀၀၀) ဖြစ်ကြ၏။ အရှင်ကာဠုဒါယီမထေရ်မှာမူ ကပိလဝတ်မှ သုဒ္ဓေါဒနမင်းကြီးထံသို့ ဘုရားရှင် ကြွချီလာတော်မူပြီဖြစ်ကြောင်း သတင်းကြိုတင်ပို့ရန် ခြေမြန်တော် လုလင်တို့ကို သီးခြားရှာဖွေ စီစဉ်ပေးရ၏။ ရှေ့ပြေးတမန်ခြေမြန်တော် လုလင်တို့၏ သတင်းပေးချက်အရ မြတ်စွာဘုရားရှင်နှင့် နောက်ပါရဟန္တာ(၂၀၀၀၀)တို့ ကပိလဝတ်သို့ ကြွချီတော်မူလာကြပြီဟု သိရသည်နှင့် သုဒ္ဓေါဒနမင်းကြီးသည် နေရာထိုင်ခင်းအတွက် မြို့တော်အနီးရှိ နိဂြောဓာရုံဥယျာဉ်၌ ကြိုတင်ပြင်ဆင်လေတော့သည်။ ကပိလဝတ်ပြည်သူတို့သည်ကား ဘုရားရှင်နှင့် နောက်တော်ပါ ရဟန္တာတို့ ရောက်ရှိလာကြတော့မည်ဟူသော သတင်းစကားကြောင့်ပင် တစ်မြို့တော်လုံး အုံးအုံးကျွက်ကျွက် ဖြစ်နေကြ၏။ လှူဒါန်းဖွယ်အဖြာဖြာကို ကြိုတင်ရှာဖွေ စုဆောင်းသူများက တစ်ကဏ္ဍ ဘုရားရှင်

www.burmeseclassic.com

နှင့် နောက်တော်ပါ ရဟန္တာများ ဆိုက်ရောက်လာလျှင် ကြိုဆိုကြဖို့ စည်းဝေးတိုင်ပင် အစီအစဉ်ချသူများက တစ်ဖုံဖြင့် မကြိုဖူးအောင် အလုပ်များနေကြလေတော့သည်။

ဘုရားရှင်သည် တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့်သာ ကြွချီတော်မူခဲ့သည်ဖြစ်ရာ ရက်ပေါင်း(၆၀)၊ လအားဖြင့် နှစ်လတိတိ ကြာသောအချိန်တွင်မှ ကပိလဝတ်ပြည်သို့ ရောက်ရှိလေသည်။ ထိုနှစ်ပြည်သည် ယူဇနာ(၆၀)ဝေးကွာသည် မဟုတ်လော။ မြတ်စွာဘုရားရှင်နှင့် နောက်ပါ ရဟန္တာ(၂၀၀၀၀)တို့ ကပိလဝတ်ပြည်သို့ ရောက်ရှိလာသော နေ့ရက်မှာ မဟာသက္ကရာဇ်(၁၀၄)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ ဖြစ်ပေတော့၏။ သုဒ္ဓေါဒနမင်းကြီး ဦးဆောင်သော, သာကီဝင်တို့သည် မြတ်စွာဘုရားနှင့် နောက်တော်ပါ ရဟန္တာတို့အား ဆီးကြိုကြကာ သူတို့ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သော နိဂြောဓာရုံ ဥယျာဉ်တော်၌ နေရာချထားပေးကြ၏။

"ကြည့်ကြစမ်းပါဦး။ ငါ့သားတော်ဟာ ငါ့လက်အောက်မှာ နေထိုင်ခဲ့စဉ်ကနဲ့မတူ ခြားနားလှပါကလား။ ရုပ်ဆင်းအင်္ဂါနဲ့ အသားအရေတော်တွေကလည်း ဘော်၊ ကြေး၊ သတ္တုတွေ ရောနှောနေတဲ့ ရွှေသားကို ဇမ္ဗူရာဇ်ရွှေစင်ဖြစ်အောင် လှော်ခတ်သန့်စင်ပစ်လိုက်သကဲ့သို့ သန့်ရှင်းဝင်းမွတ်သော ကျက်သရေတော်နှင့် ရှုမငြီး ဖူးမဝအောင် တင့်တယ်တော်မူလှပေတော့တယ်။ သားတော်မြတ်စွာဘုရားနဲ့ နောက်ပါများကို ကြိုဆိုနေရာချထားကြရာမှာ တစ်ကွက်ကလေးမှ လစ်ဟာပေါ့လျော့ခြင်း မရှိကြစေနဲ့ မင်းချင်းတို့"



သုဒ္ဓေါဒနမင်းကြီးကား ဝမ်းမြောက်၍ မဆုံးပေပြီ။

ယခုအခါ၌ ဘုရားရှင်၏ ပေါဘိကျရဟန္တာ ဖြစ်တော်မူပြီးဖြစ်သည့် ကာဠုဒါယီ မထေရ်မြတ်ကိုလည်း ကျေးဇူးတင်၍ မဆုံးတော့။ အရှင်ကာဠုဒါယီ မထေရ်သည် မမေ့မလျော့ မပေါ့မဆသော သတိဖြင့် ဘုရားရှင်ကို ကပိလဝတ်ပြည်သို့ အရောက်ပင့်ဆောင်ပေးခဲ့နိုင်သူတည်းဟု မင်းကြီး၏ နှလုံးအိမ်တွင် စွဲထင်ကျေနပ်မဆုံးဖြစ်ရလေသည်။ မြတ်စွာဘုရားရှင်အား ကြိုဆိုကြရာတွင် ကပိလဝတ်ပြည်သူ လူငယ်များ၊ မင်းသား၊ မင်းသမီးငယ်များကို ရှေ့တန်းမှ ကြိုဆိုစေပြီး သာကီဝင် မင်းသား၊ မင်းသမီးများနှင့် လူကြီးများကတော့ နောက်ဆုံးမှ ကြိုဆိုကြ၏။

နေရာထိုင်ခင်းအတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သော နိဂြောဓာရုံဥယျာဉ်တော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူပြီ ဆိုသောအခါ၌လည်း လူငယ်များကိုသာ ရှိခိုးစေ၏။ အသက်အပိုင်းအခြားအားဖြင့် မြတ်စွာဘုရားထက် ကြီးသူများကမူ ဘုရားရှင်အား ရှိခိုးခြင်း မပြု။ သူတို့သည် လောကဓမ္မတာအတိုင်းသာ ရှုမြင်ကြ၏။ ငယ်သူကို ကြီးသူက ရှိခိုးဖို့ မလိုဟု ခံယူကြ၏။ ထို့အပြင် မိမိတို့ လက်အောက်ခြေသား တူသားနောင်မယ် ဖြစ်လေသောကြောင့် အထင်လည်း မကြီး။ ဘုရားရှင်ဟူသည် လောက၏ အမြင့်မြတ်ဆုံးသော တုနှိုင်းဘက်မရှိပုဂ္ဂိုလ်ဟူသော အမှန်တရားကို မမြင်နိုင်လောက်အောင် ငါတို့သည် အမြင့်မြတ်ဆုံးသော သာကီဝင်မျိုးနွယ်တွေ ဖြစ်သည်ဟူသည့် အမျိုးမာန်ယစ်သော တိမ်သလ္လာက ဖုံးအုပ်ထား၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် တရားဟောဖို့ကိစ္စကို နောက်ထားလိုက်ကာ သာကီဝင်တို့၏ အမျိုးမာန်မာန ကျသွားကြစေဖို့ကိစ္စကို ရှေ့တန်းတင်လိုက်ရ၏။ ဘုရားရှင်ဆိုသည်မှာ ဤသို့သော တန်ခိုးရှင်လည်း ဖြစ်သေးသည်ဟု သိရှိသွားကြရအောင် ရေ၊ မီး အစုံဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ရေ၊ မီးအစုံပြာဋိဟာဟူသည်မှာ ခန္ဓာကိုယ်တော် တစ်ခုတည်းမှာ လက်ယာဘက် နားအတွင်းမှ မီးလျှံများ ထွက်နေချိန်တွင် တစ်ပြိုင်နက်တည်း၌ လက်ဝဲဘက် နားအတွင်းမှ ရေအလျဉ်သည် တသွင်သွင် စီးကျနေခြင်းကဲ့သို့သော အံ့ဖွယ်သူရဲ ဖြစ်စဉ်ပြယုဂ်မျိုးကို ပြသခြင်းဖြစ်သည်။ ထို့နောက် ပရိသတ်

www.burmeseclassic.com

အပေါ်သို့ ပေါက်ရောက်သောမိုးကို ရွာစေ၏။ ထိုမိုးသည် စိုစေလိုသူကို စိုစေ၍ မစိုစေလိုသူကို မိုးရေ တစ်စက်တစ်ပေါက်မျှ မစိုစေသော မိုးမျိုးဖြစ်သည်။ တန်ခိုးတော်၏ အစွမ်းအာနုဘော်သာ မပါဝင်ခဲ့ပါလျှင် ဤကမ္ဘာတွင် ဘယ်အခါမှ ရွာရန်လမ်း မရှိသော သဘာဝလွန်မိုးမျိုး ဖြစ်သည်။

သက်ကြီး သာကီဝင်တို့သည် ဘုရားရှင် ပြတော်မူသော တန်ခိုးပြာဋိဟာတို့ကို အံ့ဩတကြီး တွေ့မြင်ကြပြီးတော့မှ ဘုရားရှင်သည် သာမန်မဟုတ်။ ငါတို့ထက် မြင့်မြတ်သော တန်ခိုးရှင် ဖြစ်တော်မူပေသည်ဟု လက်ခံသဘောပေါက်သွားကြကာ ရှိခိုးကန်တော့ကြရတော့သည်။ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးလည်း သားတော်မြတ်စွာဘုရားကို ရှိခိုး၏။ မင်းကြီးအနေနှင့်မူ သားတော်နှင့်ပတ်သက်လျှင် အစကတည်းက စတီမာန်၊ အမျိုးမာန်မာနတို့ ကျဆင်းခဲ့ပြီး ဖြစ်သည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အလောင်းတော် မွေးဖွားပြီးစဥ် နန်းတော်သို့ လာရောက်ကြည့်ရှုသော ကာလဒေဝီလ ရသေ့ကြီး၏ ဦးခေါင်းထက်သို့ ခြေတော်တင်စဉ်ကလည်း ရှိခိုးခဲ့ဖူး၏။ တစ်ဖန် လယ်ထွန်မင်္ဂလာဆင်းစဉ်ကာလ၌ အလောင်းမင်းသားသည် သပြေရိပ်၌ ရှိစဉ် သပြေပင်အရိပ်သည် သားတော်ကို အမြဲအုပ်မိုးကာကွယ်ပေးနေသည်ကို တွေ့ရစဉ်ကလည်း ရှိခိုးခဲ့ဖူး၏။ ယခုတစ်ကြိမ်သည် သုဒ္ဓေါဒနမင်းကြီးက တတိယအကြိမ်မြောက် ရှိခိုးခြင်းပင်တည်း။ ဘုရားရှင်သည် ထိုထို အံ့ဖွယ်သော တန်ခိုးပြာဋိဟာတို့ ပြသခြင်းဖြင့် သာကီဝင် ဆွေတော်မျိုးတော်တို့၏ အမျိုးမာန်မာနတို့ကို ပယ်ရှားရှင်းလင်းတော်မူနိုင်ခဲ့၏။ သူတို့၏ ယုံကြည်ညွတ်တွားမှုကို ရယူနိုင်ခဲ့၏။

သို့ရာတွင် ကပိလဝတ်သို့ ရောက်ရှိသော ထိုပထမနေ့၌ မင်းကြီးအပါအဝင် လူသူပရိသတ်ကို တရားမဟောနိုင်ချေ။ တရားနာ ရောက်ရှိလာကြသော နတ်၊ ဗြဟ္မာပရိသတ်ကို အလှည့်ပေး၍ ဟောကြားချေချွတ်တော်မူနေရသောကြောင့်ဖြစ်သည်။

ဒုတိယနေ့သို့ရောက်လျှင် မြတ်စွာဘုရားရှင်သည် အချိန်ကျသည်နှင့် ရဟန္တာ(၂၀၀၀၀)နှင့်အတူ ကပိလဝတ်မြို့တော်ထဲသို့ ဆွမ်းခံကြွဝင်တော်မူ၏။ ဤကိစ္စသည် ဘုရားရှင်အဖို့တော့ ပြုဖွယ်အကျင့်စရဏ တစ်ခုသာဖြစ်၏။ သို့သော် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအဖို့မူ ကြီးမားလှစွာသော ပြဿနာကြီး ဖြစ်နေလေတော့သည်။ သားတော် ဘုရားရှင်သည် မြို့တွင်း၌ အိမ်စဉ်လှည့်လည်ကာ ဆွမ်းခံလျက်ရှိကြောင်း ကြားသိရသည်နှင့် သုဒ္ဓေါဒနမင်းကြီးမှာ ဘယ်သူ့ကိုမှ မျက်နှာမပြချင်လောက်အောင် အရှက်ကြီး ရှက်တော့သည်။ နန်းတွင်း၌ ဣန္ဒြေရရ ငြိမ်ထိုင်မနေနိုင်တော့ဘဲ ဘုရားရှင် ဆွမ်းခံဝင်နေသော မြို့တွင်း အိမ်စဉ်များကြားထဲအထိ ဖွတ်တရွတ် လိုက်တော့၏။

'အရှင်ဘုရား··ရပ်တော်မူပါဦးဘုရား၊ ရပ်တော်မူပါဦးဘုရား'

မင်းကြီးသည် ဘုရားရှင်၏ ရှေ့ဘက်မှပိတ်၍ လက်အုပ်ချီလျက်မှ အရေးတကြီး တားဆီး၏။ ဘုရားရှင်ကလည်း ရပ်တန့်ပေးလိုက်ပါ၏။ သုဒ္ဓေါဒနမင်းကြီး၏ မျက်နှာတစ်ပြင်လုံးသည် အရှက်တရား၏ ရိုက်ခတ်မှုဖြင့် ရဲရဲနီမြန်းလျက်ရှိ၏။ သုဒ္ဓေါဒနမင်းကြီးကို မြင်လိုက်ကြရသောအခါ ဆွမ်းလောင်းလှူနေကြဆဲ အိမ်စဉ်တန်းများမှ ပြည်သူပြည်သား ပရိသတ်များလည်း အံ့အားတသင့်ဖြင့် နံဘေးသို့ ရှဲသူကရှဲ၊ နောက်သို့ ဆုတ်သူကဆုတ်ဖြင့်ပင် ဝိုင်းဝန်းအရိုအသေပြုလိုက်ကြလေသည်။ မင်းကြီးသည်ကား အရိုအသေပြုနေကြသော ပြည်သူပြည်သားများဘက်သို့ မျက်နှာလှည့်ကြည့်ဖို့ပင် ရှက်ရွံ့မဆုံး ဖြစ်နေရ၏။

'သားတော် မြတ်စွာဘုရား··ဘယ်လိုပြုမူတော်မူနေတာလဲဘုရား'

'ဒါဟာ ရဟန်းတို့ကျင့်အပ်တဲ့ အကျင့်စရဏအတိုင်း နေ့ဆွမ်းအတွက် ဆွမ်းခံထွက်နေတာပဲလေ ဒါယကာရဲ့'

ဘုရားရှင်၏ အဖြေက အေးအေးလူလူပင်။ သို့သော် မင်းကြီးအဖို့မှာ ထိုအဖြေစကားသံ ကြားရတော့မှ ပို၍ပင် ထူထူပူပူကြီး ဖြစ်သွားရလေတော့သည်။ သုဒ္ဓေါဒနမင်းကြီးသည် ဦးခေါင်းကို သွက်သွက်ကြီး ခါယမ်းလေတော့၏။ ထို့အတူ နှုတ်ဖျားကလည်း အလောတကြီး လျှောက်ထား၏။

'မဟုတ်သေးဘူးလေ အရှင်ဘုရားရဲ့။ တပည့်တော်တို့လို သာကီဝင်မင်းမျိုးမင်းနွယ်တွေအဖို့ ဒီလိုအိမ်တကာ

www.burmeseclassic.com

လှည့်လည်တောင်းရမ်းတဲ့ဓလေ့ မရှိဘူးလေဘုရား။ မျိုးနွယ်အစဉ်အလာမှာ ဘယ်အခါမှ မရှိခဲ့တဲ့ ဒီလိုဂုဏ်သိက္ခာကျဆင်းစရာ အလုပ်ကို အရှင်ဘုရား မလုပ်သင့်ပါဘူး။ အရှင်ဘုရားရဲ့ လုပ်ရပ်ဟာ မြို့ထဲအနှံ့ အရပ်တကာလှည့်လည်ပြီး ဖခမည်းတော်ဖြစ်တဲ့ တပည့်တော်ကို အရှက်ခွဲနေသလိုပါပဲဘုရား။ မလုပ်ပါနဲ့ဘုရား။ တပည့်တော် ရှက်လှပါတယ်။ အရှင်ဘုရားနဲ့ နောက်ပါ ရဟန္တာပေါင်းနှစ်သောင်းသာမကဘူး၊ ဒီ့ထက်များချင်များဦး တပည့်တော်ရဲ့ နန်းတော်ကို ကြွရောက်ခဲ့ပါ။ တပည့်တော်တစ်ဦးတည်းကနေ ဆွမ်းကပ်နိုင်ပါတယ်ဘုရား။ အခုအမှုကိစ္စကို ရပ်တန်းက ရပ်လိုက်ပါတော့ဘုရား'

မင်းကြီး၏ လေသံမှာ ရှက်ရွံ့ခြင်းဖြင့် လှိုက်ခါတုန်ယင်နေလေတော့သည်။ ဘုရားရှင်သည် ဖခမည်းတော်မင်းကြီး၏ အရှက်သည်းလှစွာသော တားဆီးကန့်ကွက်စကားတို့ကို ဘုရားရှင်က ငြိမ်သက်စွာပင် နားထောင်ပေး၏။ တစ်ပြိုင်နက်တည်းပင် ဖခမည်းတော်မင်းကြီးကို တရားဟောရန် အချိန်အခါသို့ ရောက်ခဲ့ပြီဖြစ်ကြောင်းကိုလည်း ဘုရားရှင်က ဉာဏ်တော်ဖြင့် သိတော်မူလိုက်၏။ ဘုရားရှင်သည် သတ္တဝါတို့၏အချိန်ကို အသိဆုံး ကာလညူဖြစ်တော်မူသည် မဟုတ်ပါလော။

'ဖခမည်းတော်မင်းကြီး၊ သားတော် သိဒ္ဓတ္ထသည် တစ်ချိန်က သာကီဝင်အနွယ် ဖြစ်သည်မှာ မှန်ပါ၏။ သို့သော် ယခုအချိန်တွင် ထိုသိဒ္ဓတ္ထသည် ဂေါတမဘုရားရှင် ဖြစ်ခဲ့ပြီ။ ထို့ကြောင့် သာကီဝင်အနွယ် မဟုတ်တော့။ မြတ်စွာဘုရားတို့၏ အနွယ်သာလျှင် ဖြစ်ခဲ့ပြီ။ မြတ်စွာဘုရားတို့၏ အနွယ်၌ အိမ်စဉ်၌ ဆွမ်းခံလှည့်လည်ခြင်း အလေ့သည် အကျင့်စရဏ အာစရသာ ဖြစ်တော့၏။ ထို့ကြောင့် မြတ်သောဆွမ်းခံခြင်းအကျင့်နှင့်ပတ်သက်၍ ငါဘုရား ဟောကြားရှင်းလင်းပြတော်မူမည်။ အာရုံစူးစိုက်နာယူပါလေတော့ ဒါယကာ မင်းကြီး'

သုဒ္ဓေါဒနမင်းကြီး၏ ဒူးအစုံသည် အလိုလိုညွှတ်ကျသွား၏။ မင်းကြီးကိုယ်တိုင် ဘုရားရှင်ရှေ့ မြေပြင်ဝယ် ပုဆစ်တုပ်ပြီ ဆိုသောအခါ အနီးအပါးရှိ ဆွမ်းလောင်းလှူကြသူအများကလည်း တရားတော်ကို နာယူရန် မြေပြင်တွင် ဝိုင်းထိုင်လိုက်ကြတော့သည်။ ရှိခိုးကန်တော့လိုက်ကြတော့သည်။

'ဖခမည်းတော် ဒါယကာမင်းကြီး..ဆွမ်းခံရာမှာ အပ္ပမာဒတရားဖြင့် ဆွမ်းကို ကမ္မဋ္ဌာန်းအာရုံအဖြစ် ယူနိုင်ပါလျှင် ကောင်းသောဆွမ်းခံအကျင့်ကို ကျင့်ခြင်းမည်ပါတယ်။ အပ္ပမာဒတရားဖြင့်ကြည့်လျှင် ဆွမ်းကို ရုပ်၊ မြင်စရာရုပ်လို့ သိလာပါတယ်။ ရုပ်ကို သိလာလျှင် ဉာဏ်ကိုလည်း သိလာတယ်။ အပ္ပမာဒတရား ရင့်လာတာနဲ့အမျှ ယထာဘူတဉာဏ်ကို ရလာတယ်။ ယထာဘူတဉာဏ်ကို ရလျှင် မိမိရပ်၍ ရသောဆွမ်းမှာ ရုပ်ကိုသာမက ရုပ်တို့ရဲ့ ဖြစ်ပျက်ကိုပါ မြင်လာတယ်။ အဲဒီနောက် ရုပ်တို့ရဲ့ဖြစ်ပျက်မှာ ငြီးငွေ့လာတယ်။ နောက်ဆုံးတော့ ရုပ်တို့ရဲ့ မဖြစ်ပျက်ရာ နိဗ္ဗာန်ကို မြင်လာတော့တယ်။ ဒါကြောင့် ရဟန်းတို့ဟာ ရပ်၍ရသောဆွမ်း၌ မမေ့လျော့ရ၊ ကောင်းစွာကျင့်အပ်သော ဆွမ်းခံခြင်းအကျင့်ကို ကျင့်ရတယ်။ ဆွမ်းခံအကျင့်ကို ကောင်းစွာကျင့်တဲ့ ရဟန်းဟာ ပစ္စုပ္ပန်မှာရော တမလွန်မှာရော ချမ်းသာစွာ နေထိုင်ရတယ်'

ဘုရားရှင်၏ ထိုဟောကြားမှုအပြီးတွင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိမဂ်ကိုရ၍ သောတာပန်အဖြစ်သို့ ရောက်ရှိလေသည်။ အပ္ပမာဒတရားဖြင့် ဆွမ်းကို ကမ္မဋ္ဌာန်းအာရုံအဖြစ် ရှုမြင်ပုံကို သမ္မာဒိဋ္ဌိဉာဏ်စဉ်ဖြင့် စူးစိုက်နာယူလေသောကြောင့်ဖြစ်လေသည်။ မင်းကြီးသည် သောတာပန်ဖြစ်သွားပြီးလျှင် မြတ်စွာဘုရား၏ လက်မှ သပိတ်တော်ကို လွှဲပြောင်းယူလိုက်၏။ ပြီးနောက် ဘုရားရှင်ကို နောက်ပါ ရဟန္တာနှစ်သောင်းနှင့်အတူ နန်းတော်သို့ ပင့်ဆောင်သွားလေသည်။

နန်းတော်သို့ရောက်လျှင် ဘုရားရှင်သည် ဆွမ်းမစားမီ အချိန်၌ သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီတို့ အမှူးပြုသော ပရိသတ်ကို ဆွမ်းနှင့်ပတ်သက်သည့်တရားကို ဟောပြန်၏။

'ဒါယကာ,ဒါယိကာမ ပရိသတ်တို့၊ ရဟန်းတို့မည်သည် ကောင်းစွာကျင့်အပ်သော ဆွမ်းခံအကျင့်ကို ကျင့်ရာ၏။ မကောင်းသဖြင့် ကျင့်အပ်သော ဆွမ်းခံအကျင့်ကို မကျင့်ဆောင်ရာ။ အပ္ပမာဒဖြင့် ဝန်းရံသော ဆွမ်းခံခြင်းသည် မိမိရအပ်သောဆွမ်းကို အကြောင်းပြုပြီး ရဟန်းသည် နာမရူပပရိစ္ဆေဒဉာဏ်၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်တို့ဖြင့် သစ္စာဉာဏ်ကို ရနိုင်တယ်။ အပ္ပမာဒတရားနဲ့ မရှုခဲ့ရင် ထိုရဟန်းဟာ မိမိရတဲ့ဆွမ်းကို



www.burmeseclassic.com

ကောင်းတဲ့ဆွမ်းလို့လည်း မြင်နိုင်တယ်။ ညံ့တဲ့ဆွမ်းလို့လည်း မြင်နိုင်တယ်။ ကောင်းတဲ့ဆွမ်းလို့မြင်ရင် တဏှာဖြစ်မယ်။ ညံ့တဲ့ဆွမ်းလို့မြင်ရင် နှလုံးမသာယာတဲ့ ဒေါမနဿဖြစ်မယ်။ ဒီလို တဏှာဖြစ်စေ၊ ဒေါမနဿဖြစ်စေ တစ်မျိုးမျိုးသော ကိလေသာကို ဖြစ်ပေါ်စေတဲ့ ဆွမ်းခံခြင်းကိုတော့ မကောင်းသဖြင့် ကျင့်အပ်တဲ့ ဆွမ်းခံခြင်းလို့ ခေါ်တယ်။ ဒါကြောင့် မကောင်းသဖြင့် ကျင့်အပ်တဲ့ ဆွမ်းခံခြင်းကိုရှောင်ပြီး ကောင်းသောဆွမ်းခံခြင်းကိုသာ ကျင့်ရမယ်လို့ ငါဘုရား ဟောကြားတော်မူခြင်းဖြစ်တယ်’

မြတ်စွာဘုရားရှင်သည် သံဃာ့အဖွဲ့အစည်းကို ဆွမ်းခံခြင်း ကျင့်ဝတ်ပေါ်၌ အခိုင်အမာ တည်ဆောက်လို၍ တစ်သွယ်၊ ဖခမည်းတော်နှင့် မိထွေးတော်တို့သည် သူတို့၏ ဓာတ်ခံ၊ ပါရမီစရိုက်အရ ဤဒေသနာတော်ကိုပြလျှင် အရိယာအဖြစ်သို့ ရောက်ရှိကြမည်ကို သိတော်မူ၍ တစ်ဖုံဖြင့် ဤတရားကို အဓိကထား အရေးတကြီးထား၍ ဟောကြားတော်မူခြင်း ဖြစ်သည်။

ထိုဒေသနာတော်ကို ကြားနာရပြီးလျှင်ပင် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိဖြစ်၍ မိထွေးတော် မဟာပဇာပတိဂေါတမီသည် သောတာပန် ဖြစ်ကြလေတော့သည်။ ဘုရားရှင်နှင့် သံဃာတော်ရဟန္တာ နှစ်သောင်းတို့သည် ထိုတရားပွဲ ပြီးဆုံးသောအချိန်တွင်မှ ဆွမ်းဘုဉ်းပေးတော်မူကြ၏။

ဆွမ်းဘုဉ်းပေးပြီးချိန်တွင် သာကီဝင် မင်းသား၊ မင်းသမီးတို့လည်း ဘုရားရှင်အား လာရောက်ဖူးမြော်ကြ၏။ သို့ရာတွင် ထိုပရိသတ်ထဲတွင် ယသော်ဓရာ ပါဝင်ရောက်ရှိလာခြင်း မရှိ။ လူကိုယ်တိုင် ရောက်ရှိလာခြင်း မရှိသော်လည်း သတင်းစကားကတော့ ရောက်ရှိလာခဲ့သည်။ ယသော်ဓရာနှင့် အနီးကပ်နေထိုင်ကြသော အမှုလုပ်အခြွေအရံများလည်း ဘုရားရှင်အား လာရောက်ဖူးမြော်ကြသောကြောင့် ထိုအခြွေအရံများက လျှောက်ထားခြင်း ဖြစ်လေသည်။

‘ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား..အရှင်မယသော်ဓရာဒေဝီသည် ကျက်သရေတိုက်ခန်း၌ စံမြန်းလျက် ရှိပါသည်။ အရှင်ဘုရားထံ လာရောက်ဖူးမြော်ပါမှန်း ပိုင်းဝန်းလျှောက်တင်ကြသော်လည်း ရှိဖူးသော ကျေးဇူးတော်များကို ထောက်ထား၍ အရှင်ဘုရားမှ သနားတော်မူပါလျှင် အဆောင်တော်သို့ ကိုယ်တော်တိုင် ကြွချီတော်မူလာပါလိမ့်မည်ဟုသာ မိန့်တော်မူနေပါတယ်ဘုရား’

‘အင်း..သူ၏ကျေးဇူး ငါဘုရားအပေါ်မှာ ရှိပေတယ်။ သံသရာတစ်လျှောက် ကျင်လည်ခဲ့သမျှ အနန္တဘဝပေါင်းများစွာမှာ ပါရမီဖြည့်ကျင့်စဉ်က သူကူညီဖော်ရခဲ့ပေလို့သာ ပါရမီတော်များကို အားပါးတရ ဖြည့်ကျင့်တော်မူခဲ့ရပေတယ်’

ဘုရားရှင်သည် ယသော်ဓရာဒေဝီ၏ ကျေးဇူးကို ထုတ်ဖော်ဝန်ခံတော်မူ၏။ သုမေဓာရှင်ရသေ့ ဘဝတွင် ဒီပင်္ကရာဘုရားရှင်ထံတော်မှ နိယတဗျာဒိတ်တော် ခံယူစဉ်က ယသော်ဓရာ အလောင်းအလျာသည် သုမိတ္တာသတို့သမီးဘဝနှင့် မိမိ၏ သံသရာခရီးစဉ်တစ်လျှောက် လက်တွဲကူညီ ပါရမီဖြည့်ဖက်အဖြစ် ဆုပန်ခဲ့သည်ကို ဘုရားရှင်က ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် သိမြင်တော်မူခဲ့ပြီးဖြစ်သည်။ ဆုပန်ခဲ့သည့်အတိုင်းလည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသော ကာလတစ်လျှောက် အနန္တဘဝပေါင်းများစွာတွင် ကူညီဖေးမ ပါရမီဖြည့်ပေးခဲ့သော ကျေးဇူးတရားတို့ ရှိနေသည်ကိုလည်း သိတော်မူပြီးဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်သည် ယသော်ဓရာဒေဝီ၏ ကျက်သရေတိုက် စံနန်းဆောင်သို့ ကြွချီတော်မူလေသည်။ ဤသို့ ကြွချီရာတွင် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် နှစ်ပါးတို့က လက်ဝဲ လက်ယာ ခြံရံလျက် လိုက်ပါတော်မူကြ၏။ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သပိတ်တော်ကို ပွေ့ပိုက်လျက် နောက်တော်ပါးမှ လိုက်ပါလာသည်။

ရှေ့တော်ပြေး ရံရွေတော်များ၏ သတင်းပို့မှုကြောင့် ယသော်ဓရာသည် အဆောင်တော်သို့ မြတ်စွာဘုရား ကြွတော်မူလာပြီ ဆိုသည်ကို သိရှိသည်နှင့် နေရာထိုင်ခင်းတို့ကို ကြိုတင်ပြင်ဆင်စေ၏။ ပြီးနောက် ကျက်သရေတိုက်ခန်းအဝတွင် ဝပ်တွားလျက် စောင့်စား၏။ သားတော် ရာဟုလာကိုလည်း အသင့်ခေါ်ယူထား၏။

မြတ်စွာဘုရား၏ ခြေတော်အစုံသည် ကျက်သရေခန်းဆောင် တံခါးခုံတွင် ခြေစုံရပ်တော်မူသည်နှင့် ခြေဖျားတော်များထက်သို့ ယသော်ဓရာဒေဝီ၏ နဖူးပြင် အပ်လိုက်သည်။ ခုနစ်နှစ်တာ ထိန်းသိမ်းမျိုသိပ်ခဲ့ရသော အလွမ်း



www.burmeseclassic.com

www.burmeseclassic.com

သည် ယသော်ဓရာဒေဝီ၏ မျက်ရည်တာရိုးကို ရိုက်ချိုးခဲ့လေပြီ။ ဘုရားရှင်၏ ခြေဖမိုးတော်များသည် ယသော်ဓရာ၏ ပူနွေးသော မျက်ရည်များဖြင့် ရွှဲနစ်သွားကြ၏။ အဆောင်တော်သည် ယသော်ဓရာ၏ ငိုရှိုက်သံမှတစ်ပါး အခြားမည်သည့်အသံမျှ ထွက်ရှိမလာတော့။ ဘုရားရှင်သည်လည်း ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။ လက်ဝဲတော်ရံ၊ လက်ယာတော်ရံ အဂ္ဂသာဝကမထေရ်မြတ် နှစ်ပါး၊ သုဒ္ဓေါဒနမင်းကြီးနှင့် ကျက်သရေတိုက်ခန်းရှိ ရံရွေတော်များလည်း တိုးတိတ်ငြိမ်သက်လျက်။ ဘုရားရှင်နှင့် အဂ္ဂသာဝက နှစ်ပါးမှလွဲလျှင် ထိုအနီးဝန်းကျင်ရှိနေသူ အားလုံးတို့၏ နှလုံးသားတို့သည် ယသော်ဓရာဒေဝီ၏ ကြေကွဲမှုတွင် ပူးပေါင်းပျော်ဝင် နစ်မျောသွားကြသည်။

သားတော်ကလေး ရာဟုလာသည်မူ ဖခမည်းတော်မြတ်ဘုရားနှင့် မယ်တော် ယသော်ဓရာတို့ကို မျက်ရည်ဝိုင်းသော မျက်လုံးများနှင့် တစ်လှည့်စီ ငေးမောလျက်။ ဘုရားရှင်၏ မဟာကရုဏာတော် လွှမ်းခြုံသော အကြည့်တို့သည်လည်း ယသော်ဓရာဒေဝီနှင့် သားတော် ရာဟုလာတို့အပေါ်သို့ ငြိမ်းအေးစွာ တစ်လှည့်စီ ကျရောက်သွားကြ၏။

ဘုရားရှင်သည် မည်သို့သော နှစ်သိမ့်စကားကိုမျှ မပြုတော့ဘဲ ယသော်ဓရာဒေဝီ၏ ငိုကြွေးခြင်းကို ငြိမ်သက်စွာ ရပ်တော်မူလျက်ပင် သည်းခံနေတော်မူ၏။ တောထွက်တော်မူခဲ့ပြီးကတည်းက ခုနစ်နှစ်တာကာလကြာ ခွဲခွာခဲ့ကြပြီး ယခုမှ ပြန်လည်ဆုံတွေ့ရခြင်းဖြစ်၍ ပါရမီဖြည့်ဖက်ပင် ဖြစ်သော်လည်း ပုထုဇဉ်မျှသာရှိသေးသော ယသော်ဓရာဒေဝီ၏ ကြေကွဲမှုအတိုင်းအတာကို ချင့်တွက်နားလည်ပြီး ဖြစ်တော်မူ၏။ ထို့ကြောင့် ကျေနပ်အားရလောက်အောင် ငိုကြွေးပါစေဟု ခွင့်ပြုတော်မူထားလိုက်ခြင်း ဖြစ်သည်။

ယသော်ဓရာသည် ကျေနပ်အားရအောင် ငိုကြွေးပြီးမှ သင့်တင့်လျောက်ပတ်သော နေရာသို့ ဆုတ်ခွာကာ ပူဇော်ကန်တော့၏။ ထိုအချိန်တွင်မှ မြတ်စွာဘုရားနှင့် အဂ္ဂသာဝကမထေရ် နှစ်ပါးတို့သည် အဆောင်တော်အတွင်းမှ မြင့်မြတ်သော ပြင်ဆင်ထားပြီး နေရာများသို့ ကြွလှမ်းဝင်တော်မူကြ၏။

'အရှင်ဘုရား··သမီးတော် ယသော်ဓရာဟာ အရှင်ဘုရား တောထွက်တော်မူသွားပြီးကတည်းက အရှင်ဘုရား၏ သတင်းကိုသာ နားစွင့်နေခဲ့ပါတယ်။ အရှင်ဘုရားက တစ်ထပ်တည်းသော အာဟာရကိုသာ သုံးတော်မူကြောင်း ကြားသိလျှင်လည်း သမီးတော်ဟာ တစ်ထပ်တည်းသာ ပွဲတော်တည်ခဲ့ပါတယ်။ အရှင်ဘုရား ပန်းနံ့သာကို ရှောင်ကြဉ်ကြောင်း ကြားသိပြန်တော့ သမီးတော်လည်း ပန်းနံ့သာများကို အရှင်းပယ်တော်မူခဲ့ပြန်ပါတယ်။ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ရုံတော်မူတယ် သတင်းကြားလျှင်လည်း သမီးတော်က ဝါသော ဖန်ရည်ဆိုး အဝတ်များကိုပဲ ဝတ်ဆင်ပါတယ်။ မြင့်သော မြတ်သော နေရာတို့ကို ပယ်တော်မူတယ် သတင်းကြားလျှင် သလွန်ညောင်စောင်းထက်မှာ စက်တော်မခေါ်ဘဲ ကြိုးပြားရက်သလွန် အနိမ့်သို့သာ ဆင်းပြီး စက်တော်ခေါ်ခဲ့ပါတယ်။ အရှင်ဘုရားကို လွမ်းဆွတ်သောစိတ်မှတစ်ပါး အခြားသောစိတ်များ ဝင်စားခြင်း မရှိခဲ့ပါ။ မဖြီးမလိမ်း မပြင်မဆင်သော ကိုယ်ဖြင့်သာလျှင် ခုနစ်နှစ်တိုင်တိုင် သားတော်ကလေး ရာဟုလာကို ပြုစုပျိုးထောင်ရင်း နေထိုင်ခဲ့ရှာပါတယ် သားတော်မြတ်ဘုရား'

သုဒ္ဓေါဒနမင်းကြီးက ဝင်ရောက်လျှောက်ထားလိုက်၏။ တစ်နည်းအားဖြင့် ကွဲကွာနေခဲ့ကြရသော ခုနစ်နှစ်တာ ကာလရှည်ကြီးတစ်လျှောက်၌ ယသော်ဓရာဒေဝီသည် သားတော်မြတ်ဘုရားနှင့် စိတ်ထား တစ်သားတည်းရှိနေခဲ့သည်ကို အသိပေးလိုက်ခြင်း ဖြစ်လေသည်။

ထိုအခါ ဘုရားရှင်သည် ဟိုရှေးဘဝများစွာ အနန္တကလည်း ယသော်ဓရာဒေဝီသည် ပါရမီကူညီဖြည့်ခဲ့သူဖြစ်ကြောင်း ဂုဏ်ကျေးဇူးတို့ကို ဖော်ထုတ်ဝန်ခံခြင်းအားဖြင့် ပကိဏ္ဏကနိပါတ်၊ စန္ဒကိန္နရီဇာတ်တော်ကို ဟောကြားတော်မူ၏။

ဗာရာဏသီပြည်ကို အုပ်စိုးသော ဗြဟ္မဒတ်မင်းသည် မိမိနိုင်ငံကို မှူးမတ်တို့နှင့် ခေတ္တလွှဲအပ်ထားခဲ့ကာ လက်နက်ငါးပါးဖြင့် ဟိမဝန္တာတောသို့ ဝင်၏။ ထိုတောတွင် စန္ဒခေါ်သော ငွေတောင်ရှိ၏။ ငွေတောင်၏ အောက်ခြေတွင် ချောင်းငယ်တစ်စီးစီးဆင်းနေရာ ဗြဟ္မဒတ်မင်းသည် ထိုချောင်းရိုးအတိုင်း ဆန်တက်လာခဲ့သည်။ စန္ဒခေါ် ငွေတောင်တွင် ဘုရားအလောင်း ကိန္နရာနှင့် ယသော်ဓရာ

www.burmeseclassic.com

ာင်း ကိန္နရီတို့ နေထိုင်ကြ၏။ တစ်နေ့သောအခါ ွင် ကိန္နရီမောင်နှံတို့သည် စန္ဒဝေ့တောင်ခြေရှိ ချောင်း ၏ သဲသောင်ခုံထက်၌ မြူးပျော်ကြသည်။

ဗြဟ္မဒတ်မင်းသည် ကိန္နရီ၏ သီချင်းဆိုသံကို ကြား ချောင်းမြောင်းကြည့်ရှုရာ ကိန္နရီကိုတွေ့လျှင် လို ်တပ်မက်သောကြောင့် ကိန္နရာကို လေးဖြင့် ခွင်း၏။ ္နရာလည်း မြားထိကာ သတိမေ့မြောသွား၏။ ကိန္နရီ ည်း အနီးတွင် ငိုကြွေး၏။ ထိုအခါတွင်မှ ဗြဟ္မဒတ်မင်း သည် ပုန်းအောင်းချောင်းမြောင်းရာ ချုံကွယ်မှထွက်လာ ၏ ပြီးလျှင် မိမိသည် ဗာရာဏသီပြည့်ရှင်မင်း ဖြစ် ကြောင်းနှင့် ကိန္နရီမကို မိဖုရားကြီးအရာထား၍ ချီး မြှောက်မည်ဖြစ်ကြောင်း ဖြားယောင်းသိမ်းသွင်း၏။ သို့ရာ ွင် ကိန္နရီမက မည်သို့မျှ လက်မခံသဖြင့် ဗြဟ္မဒတ်မင်း ်လျှော့ကာ ထွက်ခွာသွားရတော့၏။

ကိန္နရီမသည် ချစ်လင် ကိန္နရာကို စန္ဒဝေ့တောင်ပေါ် သို့ ပြန်သယ်ဆောင်ကာ ပြုစု၏။ လောကပါလနတ်တို့ကို တိုင်တည်၏။ လောကပါလနတ်မင်းတို့သည် လောကကို စောင့်ရှောက်ရိုး မှန်ကန်ပါလျှင် အေးချမ်းစွာ အသက်မွေး နေထိုင်ကြသော မိမိတို့ကို မတရားနှိပ်စက်ကလူပြုမူသော ဗြဟ္မဒတ်မင်း၏ အန္တရာယ်မှ စောင့်ရှောက်သင့်ပါကြောင်း တိုင်တည်သောကြောင့် သိကြားမင်းသည် ပုဏ္ဏားအသွင် ဖြင့် လာရောက်ကာ ဆေးကုသပေး၏။ ကိန္နရာလည်း မြားဆိပ်ပြယ်ကာ ချမ်းသာရာရလေသဖြင့် ကိန္နရီမောင်နှံ တို့ ပျော်ရွှင်စွာ ပေါင်းဖက်ကြရလေတော့သည်။

မြတ်စွာဘုရားရှင်သည် ထိုစန္ဒကိန္နရီ ဇာတ်တော်ကို ဘဝဆက်ဆက် ပါရမီဖြည့်ဖက် ဇနီးမောင်နှံတို့၏ စိတ် ထားတို့ တစ်သားတည်း၊ တစ်ထပ်တည်းကျပုံကို ထင် ရှားစေလိုသောကြောင့် ဟောကြားတော်မူခြင်းဖြစ်သည်။

ထိုဇာတ်တော်ကို ဟောကြားပြီးသောအခါတွင်မှ ဘုရားရှင်သည် ယသော်ဓရာဒေဝီ၏ အဆောင်တော်မှ ခွာ၍ နိဂြောဓာရုံကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူ လေသည်။

(ဆက်လက်ဖော်ပြပါမည်)

**နန္ဒာစိုး(ဆင်ဖြူကျွန်း)**

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

**ဝန်းသော်တာ**

အမှတ်တံဆိပ်

ကွမ်းရွက်ဆီ လိမ်းဆေး (အဝေအား)

- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လှူးဆေး။
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း။ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လှူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မသောဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၅၇

ဆိုင်ခွဲ- ဝန်းသော်တာဆေးတိုက်၊ 18-1 (1/02) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဗဟိုဒဂုံမြို့နယ်၊ ဖုန်း-၅၀၉၀၅၆၈

www.burmeseclassic.com

# ပုဏ္ဏမိုးကြယ်
# ပြယ်လွင့်သွားသည့် ဝိဝါဒ

ဗုဒ္ဓဝင်ရာဇဝင်ခြေရာမှ




ဘုရားရှင်အဖို့ ကိုယ်တော်တစ်ပါးတည်း ငြိမ်ဆိတ်စွာ သီတင်းသုံးရခြင်းအပေါ် များစွာမှ နှစ်သက်နေမိသည်။ သည့်အတွက်ကြောင့်လည်း ရံဖန်ရံခါ၌ လူသူကင်းဝေးရာ အရပ်သို့ တစ်ပါးတည်း ထွက်တော်မူတတ် စမြဲပါပေ။

ယခုလည်း အာဠဝီပြည်ရှိ လှည်းလမ်းကြောင်းနှင့် မနီးမဝေးတွင်ရှိသော ခက်လက်ရိပ်မြိုင် မတ်ခိုင်လှစွာသော သက်ရင့်အပင်ကြီး တစ်ပင်အောက်ဝယ် စံပယ်သီတင်းသုံးတော်မူလျက် ရှိချေ၏။ သက်ရင့်အပင်ကြီး၏ ကိုင်းဆုံတစ်ခုမှာတော့ သစ်ခွ၊ သဇင်တို့သည် ကိုယ်ပိုင် ပန်းခိုင်တို့ကို ဆင်မြန်းနေကြသည်။ ပတ်ဝန်းကျင်မြေပြင် တစ်လွှားမှာတော့ ရော်ကျင်ရွက်ခြောက်တွေက လေပြင်း တစ်ချက်ဝှေ့လေတိုင်း ရှပ်တိုက်ပြေးလွှားကြချေ၏။

သစ်ရွက်တို့ခင်းထားသည့် အထက်မှာတော့ ဘုရားရှင်ကား ငြိမ်ဆိတ်စွာဖြင့် ဈာန်သမာပတ်ဝင်စားနေပါရော့လား။

◆◆◆

သည်ပုဏ္ဏားကား အာဠဝီပြည်မှာတော့ သူကြွယ်တွေ အတန်အသင့်ရှိကြသည့်အနက် လူသိများသော သူကြွယ်တစ်ဦးပင် ဖြစ်သည်။

ပြီးတော့ ဘုရားရှင်အပေါ် ကြည်ညိုဆည်းကပ်သူလည်း ဖြစ်ပြန်သည်။ ယခုလည်း ဘုရားရှင်၏ သတင်းကို ကြားရသည်နှင့် တစ်ဦးတည်း ထွက်လာခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ထွက်လာခဲ့ခြင်း၌ ဖူးမြော်ရန်သက်သက်တော့ မဟုတ်။ သူ့စိတ်ထဲ၌ ဝိရောဓိဖြစ်နေသည်များကို ရှင်းလင်းစွာ သိလိုရေးအတွက်လည်း ဖြစ်ပေရာ ဘုရားလည်း ဖူး လိပ်ဥလည်းတူးဟု ဆိုပါက မှားအံ့မထင်။

သိပ်မကြာခင်မှာတော့ ဘုရားရှင် သီတင်းသုံးရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာခဲ့သည်။ ရောက်လျှင် ရောက်ချင်းပင် ဘုရားရှင်ထံ ချဉ်းကပ်လျက် ကြည်ညို လေးမြတ်စွာ ဖူးမြော်လိုက်သည်။ အတော်ကလေးကြာ တော့မှ သူ့လာရင်းကိစ္စအား တင်လျှောက်မေးမြန်းတော် မူပါလေ၏။

'အရှင်ဘုရား..ကမ္ဘာဦးကာလ ယူဇနာပေါင်း တစ်သောင်း ကျယ်ပြန့်တဲ့ ဟောသည်ဇမ္ဗူဒိပ်ကျွန်းလောကကြီး မှာ လူတွေဟာ ပြည့်ကျပ်ပွတ်သိပ်လျက် ရှိတယ်လို့ ဆို ပါတယ်ဘုရား။ ပြီးတော့ ရွာနီဂုံး၊ မင်းနေပြည် ဆိုတာတွေ ဟာလည်း ကြက်ပျံမကျ အလွန်မတန် စည်ကားလှတဲ့ အကြောင်း ရှေးလူကြီးသူမ ပညာရှိတွေ ပြောခဲ့တာမို့ မှတ်သားခဲ့ရပါတယ်ဘုရား'

'အရှင်ဘုရား..အခုတော့လည်း တပည့်တော်တို့ရဲ့ မျက်မှောက်ကာလမှာ လူတွေဟာ ဇာဖြည်းဖြည်းနဲ့ နည်း နည်းလာပုံကို တွေ့မြင်နေရပါတယ်ဘုရား။ ရွာနီဂုံးတွေ ဆိုတာဟာလည်း ဖုန်းဆိုးတောနဲ့မခြား ကောကောလာနေ ကြပြီး မြို့တွေဆိုရင်လည်း မြို့အသွင် မပေါက်တော့ဘဲ တောနဲ့မခြား ဖြစ်လာကြပါပြီ။ အဲဒါ ဘာကြောင့်ဆိုတာ ကို သိလိုပါတယ်ဘုရား'

ပုဏ္ဏားသူကြွယ်အဖို့ ရင်ထဲ တည်စုခဲ့လေသော အစိုင် အခဲတစ်ခုကို ဖွင့်ထုတ်လိုက်ရသည့်အတွက် အတန်ငယ် ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ ပြီးတော့ သိလိုရေး အတွက် မေးခဲ့သည့်အပေါ် ဘုရားရှင်က မည်သို့သော အဖြေပေးလာမည်ကို ငံ့လင့်စောင့်စားနေမိသည်။

ထိုတဒင်္ဂမှာပင် ဘုရားရှင်၏ ရွှေနှုတ်တော်မှ အဖြေ စကားတို့ ထွက်ပေါ်လာခဲ့ပါရောလား။

'အသင်ပုဏ္ဏား..သင်ကနေ့ သင့်မျက်မှောက် တွေ့ ကြုံမြင်သိနေရတဲ့ လူတွေဆိုတာဟာ ရှေးကမ္ဘာဦးခေတ် က လူတွေနဲ့ မတူကြတော့ပါဘူး။ အခု သင် တွေ့ကြုံမြင် သိနေရတဲ့သူတွေ ဆိုတာဟာ အဓမ္မရာဂရတ္တာလို့ဆိုတဲ့ မသင့်တဲ့အရာတွေကို အာသာငမ်းငမ်း စွဲလမ်းမှုပြင်းစွာနဲ့ တပ်မက်မှုတွေ များများလာနေကြတယ်။

ဝိသမလောဘာဘိဘူတာလို့ဆိုတဲ့ လိုတာထက် ပိုမို ပြီး အလွန်အကျွံ လောဘရမ္မက်တွေ ကြီးလာကုန်ကြ တယ်။ ပြီးတော့ မိစ္ဆာဓမ္မပရေတာလို့ဆိုတဲ့ မှားတဲ့သဘော၊ မမှန်တဲ့အယူအဆ၊ ဖောက်ပြန်တဲ့ သုံးသပ်ချက်တွေနဲ့ တစ် လောကလုံးမှာ အတွေတွေ ဖုံးလွှမ်းလာကြလေရဲ့။

အသင်ပုဏ္ဏား..အဲသည် လူတွေဟာ အသက်တွေ သေကျေစေတဲ့ လက်နက်တွေကို ကိုင်စွဲပြီး အချင်းချင်း သတ်ဖြတ်နေကြတယ်။ သည်လို သတ်ဖြတ်တဲ့အတွက် ကြောင့် လူပေါင်းများစွာဟာ သေကျေပျက်စီးကုန်ကြ ရတယ်။ သည့်အတွက် သတ္တန္တရကပ်ကြီး ဆိုက်ရောက် ရခြင်းဟာ လူဦးရေနည်းပါးခြင်း၊ အသက်တိုရခြင်းရဲ့ အကြောင်းရင်း တစ်ရပ်ပါပဲ'

'မှန်ပါတယ်ဘုရား'

'နာယူပါဦး အသင်ပုဏ္ဏား။ ငါ ထပ်ပြီးဟောကြား ပါဦးမယ်။ အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ ဆိုတဲ့ တရားလို အကျင့်ဆိုး၊ ဉာဉ်ဆိုး၊ ဝသီဆိုးတို့ ဖုံးလွှမ်း လျက်ရှိတဲ့ သည်ကနေ့ခေတ်၊ သည်ကနေ့အခါသမယမှာ လူတွေရဲ့ လုပ်ကိုင်စားသောက်မှု ဖြစ်မြောက်ဖို့ရာအတွက် မိုးဟာလည်း ကောင်းစွာမရွာတော့ပါဘူး။

မိုးကောင်းစွာ မရွာတော့တဲ့အတွက်ကြောင့် ငတ်မွတ် ခြင်းဘေးဟာ ဆိုက်ရောက်လာခဲ့ရတယ်။ စိုက်ပျိုးထား တဲ့ စပါးကောက်နှံ သစ်သီးဝလံတွေဟာ ညှိုးဖျင်းလာရ တယ်။ ပိုးကျလာရတယ်။ ဖလံဖြူနှာ စွဲကပ်လာရတယ်။ စိုက်ပျိုးသမျှ ပင်တံချည်းသာ ကျန်တဲ့အတွက် မလိုလား တာတွေ ဖြစ်လာရတယ် မဟုတ်လား'

'တင်ပါ့ဘုရား'

'အသင်ပုဏ္ဏား..သည်လိုမျိုး မိုးခေါင်ရေရှား ငတ် မွတ်ခြင်းအတွက်ကြောင့် လူတွေဟာ သေကျေပျက်စီးကုန် ကြရတယ်။ သည်လိုမျိုး ဒုဗ္ဘိက္ခန္တရကပ်ဆိုတဲ့ အငတ်ဘေး ကြီးကြောင့် လူတွေ သေကျေပျက်စီးကြရတာဟာ လူဦး ရေလျော့နည်းရခြင်း၊ အသက်တိုရခြင်းရဲ့ အကြောင်းရင်း တွေပဲပေါ့'

'တင်ပါ့ဘုရား'

'အသင်ပုဏ္ဏား..တခြားသော အကြောင်းဖြစ်ရပ်ကို လည်း ငါဟောကြားပါဦးမယ်။ ယခုအခါမှာ လူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျင့်တရားတွေ ပျက်ပြားလာကြတယ်။ ဒါကြောင့်ပဲ နတ်ဘီလူးတွေဟာ ကြောက်မက်ဖွယ်ရာ ကြမ်းကြုတ်ခက်ထန်လှတဲ့ လက်ပါးစေ ဘီလူးတွေကို လူ့ရွာကို စေလွှတ်ကြပါတယ်။ ဒါကြောင့် သူတို့ဟာ ထင်သလို ဖမ်းယူမျိုဝါး စားသောက်ကြတယ်။ မကောင်းဆိုးယုတ်၊ ဘုတ်၊ ပြိတ္တာမှူး၊ လက်ပါးစေ ဘီလူးတွေရဲ့ ဖမ်းစားခံရတဲ့အတွက်ကြောင့်လည်း လူပေါင်းများစွာဟာ သေကျေပျက်စီးကြရတယ် မဟုတ်လား'

'မှန်ပါတယ်ဘုရား'

'အသင်ပုဏ္ဏား‥အဲသည်လို ဘီလူးတွေ ဖမ်းစားလို့ ရောဂါနှိပ်စက်ဆိုက်တဲ့အတွက် သေကျေပျက်စီးရခြင်းဟာ လူဦးရေလျော့နည်းခြင်း၊ အသက်တိုခြင်း၊ မြို့ရွာနိဂုံးဇနပုဒ်တို့ တောအတိဖြစ်ရခြင်းရဲ့ အရင်းခံ အကြောင်းရပ်တွေပဲပေါ့'

သူကြွယ်ပုဏ္ဏားအဖို့ သူ့ရင်ထဲ ဒွိဟဖြစ်နေသည့် ပြဿနာအတွက် ဘုရားရှင်ထံမှ ရှင်းလင်းပြတ်သားစွာ အဖြေသိလိုက်ရပေရာ လွန်စွာမှ ကျေနပ်အားရသွားခဲ့သည်။ သည့်အတွက် မနေသာတော့။

'အရှင်ဘုရား‥အရှင်ဘုရားရဲ့ ဖြေဆိုဟောကြားချက်ဟာဖြင့် မှောက်ထားတဲ့အိုးကို လှန်လိုက်သလိုမျိုး ရှင်းလင်းပြတ်သားပြီး ကျေနပ်နှစ်သက်ဖွယ် ကောင်းလှပါတယ်ဘုရား။ မျက်စိလည်ပြီး လမ်းမှားနေသူကို လမ်းမှန်ရောက်အောင်၊ အမိုက်မှောင်ကျနေသူအတွက် အလင်းရောင်ကို ထွန်းညှိပေးလိုက်သလိုပါပဲ အရှင်ဘုရား'

'အရှင်ဘုရားကိုလည်းကောင်း၊ အရှင်ဘုရား ဟောကြားတော်မူတဲ့ တရားတော်ကိုလည်းကောင်း၊ အရှင်ဘုရားရဲ့ တပည့်သံဃာတော်အပေါင်းကိုလည်းကောင်း ဆည်းကပ်ကိုးကွယ်ပါတယ်။ ယနေ့မှစလို့ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား'

ထိုခဏ ဘုရားရှင်၏ ရွှေနှုတ်တော်မှ ကောင်းချီးပေးသံသည် မြိုင်ယံအနှံ့ လွင့်ပျံ့သွားပါလေသတည်း။

**နန္ဒာမိုးကြယ်**

<u>ကျမ်းကိုး</u> ✱ အဓမ္မရာဂသုတ်။

---


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

**အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

☎ ၇၀၈၆၂၁ ၊ 📱 ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစုံးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)‥ စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com


# ကျားကစ္ဆာ

佳葛巴　男性补剂

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှိုးခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊ ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဖင်း)၀၅၆/၀၉၁၄

အမြဲမြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ၊

# ဆင်ကာဘို®

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊ အဖုအပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

**ရန်ကုန်ဖြန့်ချိရေး** - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

**မန္တလေးဖြန့်ချိရေး** - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစုး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄(တဆထလ)(၂၆၂၆)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၁၄၂၃(၀၆၁၅)

**ဝင်ရင်း - ကျားကစ္ဆာဘယဆေးဆိုင် - ၄၀၂(အေ)ရုံ ကုန်ဈေးတန်း၊ ဗန်းဘိတန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၉ ၅၅၀၆၁၀၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁-၃၇၁၈၂၂(လိုင်းခွဲ)၅၅၇**


www.burmeseclassic.com

www.burmeseclassic.com

ယနေ့ခေတ်တွင် အင်တာနက် အွန်လိုင်းရဲ့ ကျေးဇူးကြောင့် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ ကျဉ်းမြောင်းသွား၏။ ကျယ်ဝန်းလှစွာသော ကမ္ဘာ့မြေပြင်၊ ရေပြင်၊ ဝေဟင်အနှံ့တွင် ဖြစ်ပျက်လေသမျှ သတင်းပေါင်းစုံကို အင်တာနက် အွန်လိုင်းကနေ ခဏချက်ချင်းဆိုသလို အလွယ်တကူ သိမြင်နိုင်ပေသည်။

ထို့ကြောင့် လူကြီး၊ လူငယ်၊ လူရွယ်လူလတ် အားလုံးလိုလိုပင် အင်တာနက်အွန်လိုင်းကို အသုံးပြုကြပေသည်။ အထူးအားဖြင့် ဖေ့စ်ဘုတ်ကို အသုံးများကြပါသည်။ စာရေးသူလည်း အသုံးပြုပါသည်။ မိမိလုပ်ငန်းနှင့် အခြားသိစေလိုသည်များ အားလုံးကို ဖေ့စ်ဘုတ်ပေါ်တင်ပြီး အများသိအောင် သတင်းဖြန့်ကြလေ့ရှိ၏။

မိမိသိလိုသည့် အကြောင်းအရာ၊ ဗဟုသုတများကိုလည်း ဖေ့စ်ဘုတ်ပေါ်တွင် ရှာဖွေစုဆောင်း မှတ်သားလေ့ရှိကြပါသည်။ ရွာကြီးတစ်ရွာလို ဖြစ်နေတဲ့ ဖေ့စ်ဘုတ်သည် တကယ်တော့ ဗဟုသုတဟောင်းလေးအိုးကြီးပင် ဖြစ်ပါသည်။ အချို့ကဆိုလျှင် *"ခုခေတ်မှာ စာအုပ်စာပေများဝယ်ဖတ်ရန် မလိုတော့ဘူး။ သိချင်တာအားလုံး အင်တာနက်မှာ ရှာလို့ရတယ်"* ဟုပင် ပြောဆိုနေကြတော့၏။

စာအုပ်စာပေ ထုတ်ဝေဖြန့်ချိသူများလည်း ထိုစကား



# စဉ်းစားစရာ အွန်လိုင်းပေါ်က တရားစာ

**မောင်ညာဏ်ပြင်း**

www.burmeseclassic.com

ိုင်းသင် ပြောဆိုကာ ညည်းတွားနေကြသည်ကို ကြား တကယ်ပဲ အင်တာနက်အွန်လိုင်းတက်ပြီး ဖေ့စ်ဘုတ်ပေါ်မှာ လိုချင်တာရှာရုံဖြင့် စာအုပ်စာပေ ဖတ်စရာ ကို ဆိုတော့လောက်အောင် ပြီးပြည့်စုံလေသလား။ စဉ်းစားစရာပင်။

ဖေ့စ်ဘုတ်ပေါ်မှာ တင်ပေးနေကြတဲ့ ရဟန်းရှင်လူ တကော ဘယ်ကရလို့ တင်နေကြတာလဲ။ အင်တာနက်အွန်လိုင်းပေါ်ကပဲ ရသလားလို့ မူလကြောင်းရင်းကို စဉ်းစားလျှင် အရင်းစစ် အမြစ်မြေက ဆိုသည့် အတိုင်း စာအုပ်စာပေက ရလို့ တင်နေကြခြင်းသာ ဖြစ်ပါသည်။ သို့မဟုတ် မိမိကိုယ်တိုင် သုတေသနပြုလို့ ရှိလာတဲ့ အသိကို တင်ပြခြင်းသာ ဖြစ်ပေမည်။

သူများတင်တဲ့ သတင်းပို့စ်ကို တစ်ဆင့်ပြန်ရှယ်သူ များ နောက်ကလိုက်ပြီး ဖတ်နေသူများအတွက် ဖေ့စ်ဘုတ်ပေါ်မှာ အကုန်လုံးရတယ်လို့ ထင်နေရလင့်ကစား ကိုယ်တိုင် တင်နေကြသူတို့အတွက်မူ စာအုပ်စာပေက ရခြင်းသာ ဖြစ်၏။ စာအုပ်စာပေများကို လက်လွှတ်လို့ မရနိုင်ပါ။

ထို့အပြင် အရေးတကြီး စဉ်းစားစရာတစ်ခု ရှိသေး ၏။ အဲဒီ ဖေ့စ်ဘုတ်ပေါ်က ရတဲ့ ဗဟုသုတများသည် မှားဆိုတဲ့ အပြစ်ဒေါသများ ကင်းလွတ်ပါ၏လော။ အမှန်တရားအဖြစ် သိမ်းပိုက်သိုမှီး သိမ်းဆည်းခြင်းငှာ ထိုက်ပါ၏လော။

ဤသို့ စဉ်းစားလျှင် 'အေး..အမှန်ပါ။ မမှားပါဘူး' လို့ အာမခံနိုင်သည်က နည်းပါသည်။ မူရင်းပို့စ်တင်သူ ကိုယ်တိုင်က အမှန်ဟု အတိအကျ မသိမြင်နိုင်၍ အမှား ကို အမှန်ထင်ကာ တင်လိုက်သည်လည်း ရှိ၏။ ဘယ် ဆရာကြီးရေးတဲ့ ဘယ်စာအုပ်က၊ ဘယ်ဆရာတော် ဟော တဲ့ ဘယ်တရားခွေကပါလို့ ညွှန်းပြတတ်ကြ၏။

အမှန်ထင်လို့ တင်လိုက်တဲ့ ပို့စ်စာသား အကြောင်း အရာတစ်ခု မှားနေပြီဆိုလျှင် ပို့စ်တင်သူကို အသာထားလို့ မူရင်းစာအုပ် (သို့မဟုတ်) တရားခွေကိုက မှားနေပြီဟု ပညာရှင် ပညာရှိများ သိရှိတော်မူကြပေသည်။

ဤသို့သော အမှားအယွင်းနှင့် အငြင်းအခုံများကို ဖေ့စ်ဘုတ်ပေါ်တွင် မကြာခဏ တွေ့ရလေ့ရှိပါသည်။ တစ်ခါတစ်ရံ စာရေးသူလည်း ဝင်မန့်ပြီး ငြင်းခုံဖူးပါ သည်။ ဘယ်ဆရာတော်ကြီး ဟောထားတာကွ၊ 'အဲဒီ ဆရာတော်ကပဲ မှားဦးမလားလို့ အမေးခံရလျှင် တော် တော့်ကို အဖြေရခက်ပါသည်။ ဪ..ဟုတ်လားလို့ အာမေဋိတ်စကားဆိုကာ အရှုံးပေးလိုက်ရသည်က များ ပါသည်။

ခပ်ရိုင်းရိုင်း ခပ်မိုက်မိုက် အချို့ကဆိုလျှင် 'ဘယ် ဆရာတော်ကြီး ဟောတာဗျ'လို့ ပြောရုံနှင့် မရပ်ဘဲ 'မင်း က ဘာကောင်မို့လဲ'လို့ တစ်ဆင့်တက်လာတတ်ပါသည်။ ငါ ဘာကောင်ကွလို့ ပြောရအောင်ကလည်း ကိုယ်က ဘာကောင်မှ မဟုတ်ပေ။ ထို့ကြောင့် ပြောစရာ ဘာမှ မရှိ။ ကိုယ့်ကိုယ်ကိုယ် သတိပေးရင်းပင် လောကကို လျစ်လျူရှုကာ နောက်ဆုတ်လိုက်ရပါသည်။

သို့သော် အမှားကို အမှန်ထင်နေရတဲ့ ဘဝမျိုးမှ လွတ်မြောက်သွားစေလိုတဲ့ စေတနာကား နောက်ဆုတ် သွားခြင်း မရှိပါ။ ထို့ကြောင့် ဘုရားကို ဖက်ပြီး လူမိုက် လုပ်ရပါသည်။ သူအထင်ကြီးနေတဲ့ ဆရာကြီး၊ ဆရာ တော်တွေထက် ဘုရားက ပိုမြတ်သည် မဟုတ်ပေလော။

'အဲ..ဆရာ၊ ဆရာတော်တွေ မှား,မမှားတော့ ငါ မသိဘူး။ မြတ်ဘုရားကတော့ ဒီလို ဟောထားပါတယ်' လို့ ခပ်တင်းတင်း ပြန်ပြောရပါသည်။

ဘုရားဖက်ပြီး မိုက်တာတောင် အချို့က 'အဲဒီ ဆရာ တော်ထက် ခင်ဗျားက ပိုတတ်လား'ဟု မေးဖြစ်အောင် မေးလိုက်သေး၏။ အဖြေရလည်းခက်၊ အခံရလည်း ခက် တဲ့ အမေးစကားပါ။

ထိုသို့ အပြန်အလှန် မိုက်ခဲ့ကြတဲ့ ဖေ့စ်ဘုတ်ပေါ်က အကြောင်းလေးတစ်ခုကို ဂမ္ဘီရပရိသတ်သို့ တင်ပြပြီး ဆွေးနွေးပါအံ့။ အမှန်တရားအတွက် ဒိုင်လူကြီး လုပ် ပေးကြပါဦးလို့လည်း မေတ္တာရပ်ခံပါသည်။ တကယ့်ထင် ရှားကျော်စောတဲ့ ဆရာတော်ပေမို့ ဂရုဂါရဝထားသော အားဖြင့် ဘွဲ့တော်ကို မဖော်ပြဘဲ အကြောင်းအရာကိုသာ ဖော်ပြပါအံ့။

မတင်ပြခင်၊ မဆွေးနွေးမီ ဤတရားတော်ကို စာရေး သူကိုယ်တိုင် ဆရာတော်ထံမှ နာယူရခြင်း၊ မူရင်းခွေမှ နာယူရခြင်း မဟုတ်ကြောင်း ကြိုတင်ဝန်ခံထားပါရစေ။ ပို့စ်စာသားအရ သိခြင်းသာ ဖြစ်ပါသည်။ ပြောလိုရင်း ကတော့ ထိုဆရာတော် မှားသည်၊ မှန်သည်ကို စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

အတိအကျမသိ။ ဖေ့စ်ဘုတ်ပေါ်မှာတော့ ထိုဆရာတော်ဘွဲ့ဖြင့် တင်ထားပါသည်။

ထို့ကြောင့် '*စဉ်းစားစရာ အွန်လိုင်းပေါ်က တရားစာ*'ဟု ခေါင်းစီးပေးထားခြင်း ဖြစ်ပါသည်။

အမှန်တရားကို သိစေလိုတဲ့ စေတနာနှင့် အွန်လိုင်းပေါ်မှာ အကုန်သိရတယ်။ စာအုပ်စာပေကို အချိန်ကုန်၊ ငွေကုန်ခံကာ ဖတ်နေစရာ မလိုဘူးဆိုတဲ့ အတွေးမှားကို ဖယ်ရှားပေးလိုတဲ့ စေတနာကို အဓိကထားကာ တင်ပြခြင်းသာ ဖြစ်ပါသည်။ အောက်ပါ စာသားလေးကို စာဖတ်သူများကိုယ်တိုင် ဖတ်ရှုကြည့်ပါ။

'***အလှူဒါနပြုတဲ့ နေရာမှာ အလှူခံပုဂ္ဂိုလ် သီလရှိတာ,မရှိတာက အဓိကမကျဘူး။ အလှူရှင်ပုဂ္ဂိုလ်ရဲ့ စိတ်စေတနာကသာ အဓိကကျပါတယ်။ ဝေဿန္တရာမင်းကြီး ဇူဇကာပုဏ္ဏားအား သားတော်၊ သမီးတော်တို့ကို လှူဒါန်းတာ အဲဒီ ဇူဇကာပုဏ္ဏားမှာ ဘာသီလရှိလို့လဲ***'တဲ့။

အလှူဒါနတစ်ခု ပြုတဲ့အခါ အလှူခံပုဂ္ဂိုလ်ရဲ့ သီလရှိမှု၊ မရှိမှုက အဓိကမကျ၊ အလှူရှင်ရဲ့ စိတ်စေတနာကသာ အဓိကကျသတဲ့။ ထိုသို့ ယူဆခြင်း၊ ဟောပြောရေးသားခြင်းမှာ မှန်ကန်ကြောင်း ဝေဿန္တရာမင်းကြီးကို သက်သေထူပြထားပါသည်။

ဝေဿန္တရာမင်းကြီးသည် သားတော်၊ သမီးတော်တို့ကို ဇူဇကာပုဏ္ဏားအား လှူဒါန်းခဲ့၏။ ဇူဇကာပုဏ္ဏားမှာ သီလမရှိဘူး။ သို့သော် လှူဒါန်းခြင်းကြောင့် အကျိုးရ၏။ ဘုရားအဖြစ်ကိုပင် ပေးစွမ်းနိုင်၏။ ထို့ကြောင့် အလှူခံပုဂ္ဂိုလ် သီလမရှိလည်း အရေးမကြီးဘူး။ အလှူရှင်ပုဂ္ဂိုလ်မှာ စိတ်စေတနာကောင်းနေရင် ကောင်းကျိုးရတယ်ဆိုတာ မှန်တယ်လို့ အခိုင်အမာ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

သာဓကထုတ်ပြတာက ဘုရားလောင်း ဝေဿန္တရာမင်းကြီးရဲ့ အလှူဒါန။ ဘုရားဖြစ်သွားတာကလည်း အမှန်အကန်။ ဟောပြောလိုက်တာကလည်း အကွက်ကျကျ၊ အချက်ကျကျ။ ဟောနေသူကလည်း အထင်ကရ ပုဂ္ဂိုလ်ကြီးဆိုတော့ 'သတည်း'ဆိုရင် 'သာဓု' ခေါ်ရလေ့ရှိတဲ့ တရားပွဲအလယ်မှာ 'ဒါ မှားနေတယ် ထင်ပါတယ်။ ဒီလိုတော့ မဟုတ်သေးဘူး ထင်ပါရဲ့ အရှင်ဘုရား'လို့

ဘယ်သူလာပြီး စောဒကတက်ဝံ့မှာလဲ။

မှားနေတယ် ထင်ပါတယ်လို့ တွေးတောဝံ့၊ တေ
တောနိုင်သူ နည်းသလို ပြောဆိုလျှောက်ထားဝံ့သူလ
နည်းပါသည်။ ဘုန်းကြီးများ ဟောပြောရေးသားလ
အမှန်ချည်း ထင်နေတတ်သူတို့ရဲ့ ကဲ့ရဲ့ပြစ်တင်မည်
ရှောင်ရှားလိုကြသလို ဘုန်းကြီးရဲ့ ဒေါသတကြီး
မောင်းထုတ်ခံရမည်ကိုလည်း ကြောက်ရွံ့ကြပါသည်

ထို့ကြောင့် အမှား,အမှန်ကို ပြန်လည်ဆွေးနွေ
သူ နည်းပါသည်။ အမှား,အမှန်ကို ပြန်လည်ဆွေးနွေး
မရှိသောကြောင့်ပင် အမှန်ဟုထင်ကာ အမှန်တရား
အတည်ပြု မှတ်သားရလေသည်။

ကဲ..အဲဒီတရား တကယ်မှန်သလားလို့ စာရေးသူ
မေးခွန်းထုတ်ချင်ပါသည်။

ဘုရားဟော တရားတော် မှန်,မမှန်ကို သိလိုပါ
ဘုရားဟော တရားတော်ဖြင့်သာလျှင် နှိုင်းယှဉ်ဆုံးဖြ
သင့်ပါသည်။ အခြားပုဂ္ဂိုလ်များ ဟောတဲ့တရား၊ ပြော
စကားများဖြင့် နှိုင်းယှဉ်ကာ မစဉ်းစားသင့်၊ မဆုံးဖြ
ထိုက်ပေ။ စာရေးသူလည်း ဘုရားဟော,တရားတော်
သာ နှိုင်းယှဉ်ကာ စဉ်းစားပြပါအံ့။

မိတွေးတော် ဂေါတမီအား သံဃာကို ရည်ရွယ်
လှူဒါန်းရန် သင်ညွှန်ပြသတဲ့ ဒက္ခိဏာဝိဘင်္ဂသုတ်လို့ 
တဲ့ သုတ်တစ်သုတ် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ 
တော်၌ အထင်အရှားရှိပါသည်။ ထိုသုတ်၌ အလှူခံသ
ပုဂ္ဂိုလ်ဆိုလျှင် (၁၄)မျိုး၊ သံဃာဆိုလျှင် (၇)မျိုးရှိကြေ
ဟောပြထားပါသည်။

အလှူခံပုဂ္ဂိုလ် (၁၄)မျိုးကတော့ 'ဘုရား၊ ပစ္စေ
ဗုဒ္ဓါ၊ ရဟန္တာ၊ ရဟန္တာဖြစ်အောင် အားထုတ်နေသူ၊ အ
ဂါမ်၊ အနာဂါမ်ဖြစ်အောင် အားထုတ်နေသူ၊ သကဒါဂါ
သကဒါဂါမ်ဖြစ်အောင် အားထုတ်နေသူ၊ သောတာ
သောတာပန်ဖြစ်အောင် အားထုတ်နေသူ၊ သာသနာပ
ရာဂကင်းသူ၊ သီလရှိတဲ့ပုထုဇဉ်၊ သီလမရှိတဲ့ပုထု
တိရစ္ဆာန်' ပေါင်း(၁၄)မျိုး ဖြစ်ပါသည်။

သံဃာအား ရည်ရွယ်လှူဒါန်းတဲ့ သံဃိက
မဟုတ်ဘဲ ပုဂ္ဂိုလ်အား ရည်ရွယ်လှူဒါန်းတဲ့ ပုဂ္ဂလိ
အလှူ ဖြစ်ခဲ့ပါက အလှူခံပုဂ္ဂိုလ်၏ သီလ၊ သမ
ပညာအနအရင့် အားလျော်စွာ အကျိုးပေး ကြီးက

www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြောင်းလည်း အစဉ်အတိုင်း ဟောပြထားပါသည်။ အနိမ့်ဆုံး အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ တိရစ္ဆာန်တစ်ကောင်အား လှူဒါန်းလျှင် ဘဝတစ်ရာ အပါယ်မလားကြောင်း ဟောထား၏။

ထို့နောက် သီလမရှိတဲ့ ပုထုဇဉ်အား လှူလျှင် ဘဝတစ်ထောင် စသည်ဖြင့် အဆင့်ဆင့်တက်ကာ အစဉ်အတိုင်း ပြသ၏။ ပုဂ္ဂိုလ်ရဲ့ သီလ၊ သမာဓိ၊ ပညာ အနိမ့်အမြင့်၊ အယုတ်အမြတ်အလိုက် အစဉ်အတိုင်း အကျိုးပေး ကြီးကျယ်မြင့်မြတ်ကြောင်း ဟောပြထားပါသည်။ ထို့ကြောင့် စာရေးသူက *'ဒါဆိုရင် မြတ်ဘုရားသခင်ကြီးတော်မူတဲ့ ဒက္ခိဏာဝိဘင်္ဂသုတ်ကို လှန်ပစ်ရမှာပေါ့'* လို့ ခပ်မာမာ ကွန်မန့်ပေးလိုက်ပါသည်။

အခုတင်ထားတဲ့ ပို့စ်ပါ အဆိုပါဆရာတော် ဟောတဲ့ တရားသာ မှန်ကန်ခဲ့ရင် ဘုရားဟောတဲ့ တရားတော်များ သွားမှာပေါ့လို့လည်း ပြောလိုက်ပါသည်။ ဘုရားဟောတဲ့အတိုင်း ပြောတာဟုဆို၍ အနည်းငယ် စဉ်းစားသွားဟန်တူ၏။ သို့သော် ကျေနပ်သည်ကား မဟုတ်ပေ။ သူကြည်ညိုတဲ့ ဆရာတော်၊ သူသိထားတဲ့ တရားကို မှားတယ်လို့ ပြောရမလားဆိုတဲ့ အတွေးက သူ့ရင်ထဲ ကြီးစိုးနေပေသည်။

မြွေသည် ဖားကို မလွှတ်စတမ်း ဖမ်းထားသကဲ့သို့ ငှက်ပါဒါန်အားဖြင့် မြဲမြံစွာ စွဲလမ်းသိမ်းပိုက်ထားအပ်သော အယူအဆကို စွန့်လွှတ်ရန် ခဲယဉ်းလှပေသည်။

အမှားကို အမှန်ထင်နေခြင်းသည်ကား တကယ်တော့ အဆိပ်ပြင်းတို့ အမြိုက်သုဒ္ဓါသဖွယ် ထင်နေခြင်းသာ ဖြစ်၏။ ဘဝအတွက်ရော သံသရာအတွက်ပါ ရင်ဝေးစရာ ကောင်းပါသည်။

ဒုဿီလ ရှင်ရဟန်းတို့ကြောင့် အလှူ့ရှင် လူဒါယကာ၊ ဒါယိကာမတို့ အပြစ်မဖြစ်စေလို၊ အကုသိုလ်မပွားစေလိုတဲ့ စေတနာဆန္ဒ၊ ကုသိုလ်သာ ပွားစေလိုတဲ့ စေတနာဆန္ဒများကြောင့် ထိုကဲ့သို့ ဟောပြောမိခြင်း ဖြစ်ပေမည်။ သိ၍မတတ်လို့ ထိုသို့ဟောပြောခြင်းတော့ ဟုတ်ဟန်တူပေ။ စေတနာမပိုသင့်တဲ့ ဒုဿီလ အလှူခံပုဂ္ဂိုလ်များကို စေတနာပိုကာ အကာအကွယ်ပေးလို၍ ထိုသို့ ဟောပြောမိခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုသို့ ထင်တိုင်းမှန်ခဲ့လျှင် ဒုဿီလအား အကာအကွယ်ပေးကာ အားပေးအားမြှောက် ပြုပေးလိုက်ခြင်းသည် တကယ်တော့ အလှူ့ရှင်တို့အား လျစ်လျူရှုရာ ရောက်သလို သီလဝန္တပုဂ္ဂိုလ်တို့အား ဒုဿီလနှင့် တန်းတူပြုရာလည်း ရောက်ပါသည်။ ကောင်းသလိုလိုနှင့် တကယ့်တော့ မကောင်းလှပေ။ အထူးဆင်ခြင်သင့်ပါသည်။

ဝေဿန္တရာမင်းကြီး ဇူဇကာပုဏ္ဏားအား သားတော်၊ သမီးတော်တို့ကို လှူဒါန်းခဲ့တယ်ဆိုတာ မဟုတ်ဘူးလားလို့ အချို့က တိုးတိုးလေး တွေးနေကြမည် ထင်ပါသည်။ အမှန်တကယ် လှူဒါန်းခဲ့ပါသည်။ စာရေးသူ မငြင်းလိုပါ။

ဒါဖြင့် အကျိုးကော မပေးခဲ့ဘူးလားလို့ အချို့က ထပ်ဆင့်ကာ မေးချင်နေကြဦးမည်။ အကျိုးပေးခဲ့ပါသည်။ ပေးတာမှ သေးသေးမွှားမွှား အကျိုးလေးကို ပေးခဲ့သည် ပင် မဟုတ်။ တကယ့်ကြီးကျယ်မြင့်မြတ်တဲ့ ဘုရားအဖြစ်ကိုအထိ ပေးခဲ့ပါသည်။

ဒါဖြင့် ဇူဇကာပုဏ္ဏားက သီလရှိလို့လားလို့ မကျေမနပ်နှင့် ထပ်မေးချင်ကြပေလိမ့်မည်။ ဇူဇကာပုဏ္ဏားလည်း အမှန်တကယ် သီလမရှိခဲ့ပါ။ ဒါဖြင့် ဆရာတော်ဟောတာ မှန်နေတာပဲ။ ဖေ့စ်ဘုတ်မှာတင်တဲ့ ပို့စ်စာသားလည်း မှန်နေတာပဲလို့ အချို့က မှတ်ချက်ချသွားပေမည်။ ထိုသို့ကား မှတ်ချက်ချကာ မှတ်ယူမသွားစေလိုပါ။

အဘယ့်ကြောင့်ဆိုသော် အမှန်တရား သုံးခုကြားတွင် အမှားကြီးတစ်ခု ဖြစ်မသွားစေလိုသောကြောင့် ဖြစ်ပါသည်။

ရှင်းပါဦးအံ့။ အလောင်းတော် ဝေဿန္တရာမင်းကြီး ဇူဇကာပုဏ္ဏားအား သားတော်၊ သမီးတော်တို့ကို လှူခြင်းသည် သာမန်အလှူမဟုတ်။ သက်မဲ့လှူဖွယ်ဝတ္ထုကို လှူခြင်းမဟုတ်။ သက်ရှိ သားတော်၊ သမီးတော်တို့ကို လှူဒါန်းခြင်းသာ ဖြစ်ပါသည်။

ပေးသူ၊ ယူသူ၊ လှူဖွယ်ဝတ္ထုအားဖြင့် အင်္ဂါသုံးချက် ပြည့်စုံ၍ အလှူ=ဒါနဟု ဆိုရသော်လည်း ဒါနရိုးရိုး မဟုတ်။ အလောင်းတော်တို့၏ ဘုရားဖြစ် ကျင့်စဉ်တစ်မျိုး ဖြစ်ပါသည်။ ကျမ်းဂန်တို့၌လည်း ဒါနဟု မပြ။ ပဉ္စမဟာပရိစ္စာဂ=စွန့်ခြင်းကြီးငါးပါးဟုသာ သုံးနှုန်းခေါ်ဝေါ်သည်။

ထိုစွန့်ခြင်းကြီး ငါးပါးထဲတွင် ပါဝင်သော ပုတ္တ

www.burmeseclassic.com

ပရိစ္စာဂ=သားတော်၊ သမီးတော်တို့အား စွန့်ခြင်း ဖြစ်ပါသည်။ ဒါနပါရမီကို ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီအားဖြင့် သုံးမျိုးဖြည့်ကျင့်သော်လည်း ဘုရားဖြစ်ရန် မလုံလောက်သေး၍ ပဉ္စမဟာပရိစ္စာဂ=စွန့်ခြင်းကြီးငါးပါးကို ဖြည့်ကျင့်ဆည်းပူးရပါသည်။

*ထို့ကြောင့် သာမန်ရိုးရိုး ဒါနနှင့် အလောင်းတော်တို့၏ မဟာပရိစ္စာဂကို ထပ်တူပြုနိုင်းယှဉ်ကာ မဟောပြောသင့်၊ မရေးသားထိုက်ပါ။ ဟောပြောရေးသားလျှင် မလိုအပ်တဲ့ အမိပ္ပာယ်တစ်မျိုး ထိုးထွက်လာတတ်၍ မှားယွင်းပါသည်။*

ထိုသို့ အမှန်တရား သုံးခုကြားမှာ အမှားကြီး တစ်ခု ဖြစ်မသွားစေချင်တာ စာရေးသူ၏ စေတနာပါ။ အမှားကြီး မှားခဲ့သည်ရှိသော် ယင်းအမှားက ဒုဿီလတို့အား အားပေးအားမြှောက် ပြုပေးရာ ရောက်သလို သီလဝန္တတို့အား ဒုဿီလနှင့် ထပ်တူပြုရာလည်း ရောက်ပါသည်။

ထို့အပြင် အလှူ့ရှင် ဒကာ၊ ဒကာမတို့အား လျစ်လျူရှုရာလည်း ရောက်သလို ဘာလုပ်လုပ်လှူ၊ ဘာဖြစ်ဖြစ်လှူ၊ ဘယ်လိုနေနေလှူ ဆိုပြီး မျက်စိမှိတ်ပြီး လှ
နိုင်းရာ ရောက်နေပါသည်။ ထိုသို့ ပညာမသန်၊ သဒ္ဓ
လွန်ခြင်းကို မုဓပ္ပသန္န=အကျိုးမရှိသည့် အချည်းနှီး
ကြည်ညိုခြင်းဟုသာ စာပေ၌ ပြ၏။ မကြည်ညိုသင့်
သည်၌ ကြည်ညိုသည်ဟု ဆိုလိုပါသည်။ ကောင်းသော
အလှူ၊ အကျိုးရှိသော အလှူဟူ၍ကား မဆိုပေ။

ယခုအခါ အင်တာနက်အွန်လိုင်းပေါ်တွင် ထိုအမှာ
ကြီး ပျံ့နှံ့လျက်ရှိနေတော့၏။ အင်တာနက်အွန်လိုင်းပေါ်
တွင် လိုချင်တာဟူသမျှ ရနိုင်တယ်။ စာအုပ်စာပေကို
အချိန်ကုန်၊ ငွေကုန်ခံပြီး ဖတ်နေစရာ မလိုဘူးဆိုသူများ
ဆက်မှားနေကြပေဦးမည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ
နှင့်တူသည် မှန်ခဲ့လျှင် ကမ္ဘာ့ရွာကြီးတစ်ရွာလုံး မှားသွာ
နိုင်ပါသည်။ ထိုသို့ မှားခွင့်ကြုံရာ၌ ဂမ္ဘီရပရိသတ်များ
ပါမသွားစေလို၍ ရှင်းလင်းစွာ နားလည်နိုင်ကြစေရန်
စေတနာအမှန်ဖြင့် ရေးသားတင်ပြလိုက်ပါသည်။

**ရှင်လန်းချမ်းမြေ့ကြပါစေဗျာ**

**မောင်ဉာဏ်လင်း(တောင်ကုတ်)**

---


# ဆရာကြီးဦးအေားထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-


❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၅၆၇၅၈

www.burmeseclassic.com

# စေတီတော်တို့၏ သဘောအဓိပ္ပာယ်နှင့်
# စေတီတော်ပူဇော်ရခြင်း၏ အကျိုးထူးများ



ထိုနေ့က သားတော်မောင်
မိမိထံ ရောက်လာ၏။ သူမွေးနေ့မို့
ရွှေတိဂုံစေတီမြတ်ကြီးသို့ သွားရောက်ကာ ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး
လှူဖွယ်ဝတ္ထု အစုစုတို့ကို ကပ်လှူပူဇော်ပြီး အပြန်တွင် မိမိထံသို့ ရောက်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိအားလည်း ထိခြင်းငါးပါးဖြင့်ရှိခိုး၍ လိုအပ်သည်များကို ထောက်ပံ့ဖြည့်ဆည်းပေး၏။ ပြီးမှ စကားစမြည်ပြောဆိုရင်း သူသိချင်သည်များကိုလည်း မေး၏။ မိမိက သိသမျှ ဖြေပြရ၏၊ ပြောပြရ၏။ လက်ဆင့်ကမ်း အသိပညာ ဖြန့်ဝေခြင်းဟု ဆိုရမည်သာ။

ဤသို့ဖြင့် သားတော်မောင် သိလိုသမျှ မေးခွန်းတွေထဲတွင် စေတီတော်တို့၏ သဘောအဓိပ္ပာယ်နှင့် စေတီတော် ပူဇော်ရခြင်း၏ အကျိုးဆက်များအကြောင်း မေးခွန်းလည်း ပါ၏။

သို့နှင့် မိမိလည်း သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ စေတီနှင့် ပူဇော်ခြင်းအကျိုးထဲမှ ဖတ်ထား မှတ်ထားသမျှကို အောက်ပါအတိုင်း ဖြေကြားခဲ့ရသဖြင့် မိမိဖြေကြားခဲ့သမျှအား ယခု ပြန်လည်ကမ်းဆင့်ဆက်သီ မျှဝေလိုက်ခြင်းသာ ဖြစ်ပါသည်။

မိမိလက်ဆင့်ကမ်း ဓမ္မအသိပညာ ဖြန့်ဝေဖြေကြားခဲ့သည်တို့ကား..။

◆◆◆

စေတီဟူသည် 'စယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ' ဟူသော ခုဒ္ဒကပါဠ အဋ္ဌကထာ(၁၈၈)နှင့်အညီ နတ်၊ လူတို့ ပူဇော်အပ်၊ ပူဇော်သင့်၊ ပူဇော်ထိုက်သော ပူဇနိယ ပူဇာရဟာဝတ္ထုကို စေတီဟု ခေါ်ပါသည်။

ထိုစေတီသည် 'တံ ပနေတံ စေတိယံ တိဝိဓံ ဟောတိ ပရိဘောဂစေတိယံ ဥဒ္ဒိဿကစေတိယံ ဓာတုကစေတိယန္တိ' ဟူသော ခုဒ္ဒကပါဠအဋ္ဌကထာနှင့်အညီ-

(၁) ပရိဘောဂစေတီ၊

(၂) ဥဒ္ဒိဿကစေတီ၊

(၃) ဓာတုကစေတီ..ဟု သုံးမျိုးသုံးစား ရှိပါသည်။

ထိုနည်းတူစွာ ဓေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ်တော်၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးသော်လည်း တစ်ခါတစ်ရံ ဝေနေယျသတ္တဝါတို့၏အကျိုးငှာ ဒေသစာရီကြွတော်မူလျှင် ဘုရားရှင်အား ပူဇော်လို၊ ဖူးမြော်လိုသဖြင့် ပန်းနံ့သာလက်စွဲ၍ ကျောင်းတော်သို့ လာကြသည့် သာဝတ္ထိပြည်သူပြည်သားများသည် ဘုရားရှင် ကျောင်းတော်၌မရှိကြောင်း သိရသည့်အခါ ပူဇော်ဖို့ ယူလာသည့် ပန်းနံ့သာတို့ကို ဂန္ဓကုဋိ တံခါးအနီး၌ ချထားခဲ့ကြပါသည်။

ထိုအကြောင်းကို ကျောင်းဒါယကာ အနာထပိဏ်သူဌေး သိလျှင် အရှင်အာနန္ဒာထံ ချဉ်းကပ်ပြီး ဤအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားပေးပါရန် တောင်းပန်သဖြင့် အရှင်အာနန္ဒာက ဘုရားရှင်ကို-

'နတ်၊လူတို့ ပူဇော်အပ်သော စေတီသည် မည်မျှပါနည်း' ဟု လျှောက်ထားပါသည်။

ဘုရားရှင်က-

'ချစ်သားအာနန္ဒာ..စေတီသည် သုံးမျိုးရှိသည်။ သုံးမျိုးဟူသည် (၁) သာရီရိကစေတီ၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိဿစေတီများဖြစ်ကြသည်' ဟု မိန့်တော်မူကြောင်း ဖွင့်ပြထားပါသည်။

ထိုစေတီသုံးမျိုးတို့တွင် ဘုရားရှင်၏ ခန္ဓာကိုယ်မှဖြစ်သော ဆံတော်၊ သွားတော်၊ စွယ်တော်၊ ဓာတ်တော်များနှင့် ထိုဆံတော်၊ သွားတော်၊ ဓာတ်တော်များကို ထည့်သွင်းဌာပနာထားသော စေတီများကို သာရီရိကစေတီဟု ခေါ်ပါသည်။

(ထိုသာရီရိကစေတီကိုပင် ဓာတုကစေတီဟုလည်းကောင်း၊ ထူပဟုလည်းကောင်း အဋ္ဌကထာဆရာများ ခေါ်ဝေါ်သုံးစွဲကြပါသည်။)

ဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်နှင့် ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော သပိတ်၊ သင်္ကန်း စသော ပရိက္ခရာတို့ကို ပရိဘောဂစေတီဟု ခေါ်သည်။

ဘုရားရှင်၏ကိုယ်စားတော် ထုလုပ်ပူဇော်ထားကြသည့် ရုပ်ပွားဆင်းတုတော်များကို ဥဒ္ဒိဿကစေတီဟု ခေါ်ပါသည်။

ဘုရားရှင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘုရားရှင်ကို အာရုံပြု ရည်မှန်းပူဇော်အပ်သောစေတီဟု ဆိုလိုသည်။

ထို့အပြင် ဥဒ္ဒကပါဠ အဋ္ဌကထာနှင့် ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာတို့၌ စေတီသုံးမျိုးသာ ဖွင့်ဆိုကြသည်။

'ပဋိစ္စသမုပ္ပာဒါဒီလိတပေါတ္ထကံ နိဒဟိတွာ ကတံ ပန ဓမ္မစေတိယံ နာမ' ဟူ၍ သာရတ္ထဒီပနီကာ (၁၊ ၁၇၂)၌ ဖွင့်ဆိုသည်ကို ထောက်ဆလျှင် ပဋိစ္စသမုပ္ပာဒ် အစရှိသော ပါဠိတော်တို့ကို ရေးသားထားသည့် ပေစာ၊ ထန်းခုပ်၊ ရွှေပြား၊ ငွေပြား စသည်တို့ကို ထည့်သွင်းဌာပနာထား



www.burmeseclassic.com

www.burmeseclassic.com

သော စေတီတို့ကိုလည်း ဓမ္မစေတီဟု ခေါ်ဆိုသင့်ပါသည်။

ထို့ကြောင့် စေတီကို အဋ္ဌကထာဆရာများ ဖွင့်ဆိုသည့်အတိုင်း ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီ၊ ဓာတုကစေတီ(သာရီရိကစေတီ)ဟူသော စေတီသုံးပါးတွင် ဋီကာဆရာဖွင့်ဆိုသော ဓမ္မစေတီကိုထည့်၍ စေတီလေးပါးဟု မှတ်သားသင့်ပေသည်။

ထိုသို့ စေတီသုံးပါး၊ လေးပါးတို့တွင် အပါအဝင်ဖြစ်သော စေတီတော်ကို ပဒုဋ္ဌစိတ်ဖြင့် ဖျက်ဆီးခြင်း၊ ပြစ်မှားကျူးလွန်ခြင်းများကို မပြုသင့်၊ မပြုကောင်းပါ။ အကယ်၍ ပဒုဋ္ဌစိတ်ဖြင့် ပြစ်မှားကျူးလွန်ခဲ့သော် လောဟိတုပ္ပါဒက အာနန္တရိယကံနှင့် အလားတူစွာ အလွန်ဝန်လေးသော အကုသိုလ်ကံကြီးကို ပြုရာရောက်ပါသည်။ ဒေဝဒတ်ကဲ့သို့လည်းကောင်း၊ အဇာတသတ်ကဲ့သို့လည်းကောင်း အပါယ်ဒုဂ္ဂတိသို့ လားရောက်စေတတ်ပါသည်။

စေတီတော်များကို ပသန္နစိတ်စေတနာဖြင့် ကြည်ညို ကိုးကွယ်ပူဇော်ကြလျှင် သက်တော်ထင်ရှား ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ် ပူဇော်ရသကဲ့သို့ မဟာပ္ဖလမဟာနိသံသ ပုညဝိသေသဖြစ်၍ တမလွန်ဘဝ၌ လူချမ်းသာ၊ နတ်ချမ်းသာတို့ကို ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးသည် မိမိတိုင်းပြည်အတွက် ဝေစုရသော ဓာတ်တော်များကိုပင့်ယူပြီး ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး ဓာတ်တော်ပူဇော်ပွဲကြီး ကျင်းပရာ ဓာတ်တော်များကို ကြည်ညိုသောစိတ်နှင့် ပူဇော်ကြသောများစွာသော ပုဂ္ဂိုလ်တို့သည် ကွယ်လွန်သောအခါ နတ်ပြည်မှာဖြစ်ကြပြီး ရှစ်သောင်းလေးထောင်မျှသော ပုဂ္ဂိုလ်တို့သည်ကား သဒ္ဓါတရားမရှိဘဲ ဓာတ်တော်များကို ပြစ်မှားကြသည့်အတွက် ကွယ်လွန်သည့်အခါ ပြိတ္တာဖြစ်ကြသည်ဟု ပေတဝတ္ထု အဋ္ဌကထာ (၁၉၆၊ ၁၉၇)၌ မိန့်ဆိုထားပါသည်။

ထို့ပြင်–

'တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေစိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတူ ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ'
(ဝိမာနဝတ္ထု– ၆၆)

'သက်တော်ထင်ရှား၊ မြတ်ဘုရားနှင့်၊ ရုပ်ပွားစေတီ၊ အလီလီဝယ်၊ တူညီစိတ်ထား၊ ကြည်ဖြူပြားက၊ အလားတူမျှ၊ ကောင်းကျိုးရ၏' ဟူ၍ ဝိမာနဝတ္ထုပါဠိတော်၌ မိန့်တော်မူထားသည့်အတိုင်း ဓာတ်တော်၊ မွေတော်၊ စေတီတော်တို့ကို ပူဇော်ကြရာ၌ သက်တော်ထင်ရှား မြတ်ဘုရားကို ပူဇော်သည့်အခါ ဂုဏ်တော်တို့ကို အာရုံပြု၍ ရှိခိုးပူဇော်ကြသကဲ့သို့ ဘုရားရှင်၏ အရဟံစသော ဂုဏ်တော်တို့ကို အာရုံပြု၍ ရှိခိုးပူဇော်ကြရပါမည်။

ယင်းသို့ ဂုဏ်တော်တို့ကို အာရုံပြု၍ ရှိခိုးပူဇော်ကြပါလျှင် သက်တော်ထင်ရှား မြတ်ဘုရားနှင့် ဓာတ်တော်, မွေတော် စေတီတော်တို့ကို ပူဇော်သည့် စိတ်ထားချင်း တူမျှသဖြင့် အကျိုးပေးခြင်းလည်း ညီတူညီမျှ ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စေတီတော်ကို ရှိခိုးပူဇော်ရသော အကျိုးဆက်တို့သည်ကား…။

## စေတီတော်ကို ရှိခိုးပူဇော်ရသော အကျိုးများ

စေတီတော်များကို ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ စသည်ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဘုရားရှင်၏ ဂုဏ်တော်များကို အလေးဂရုပြု၍ ရှိခိုးပူဇော်ခြင်းသည် 'ဘာဝနာအပေါင်းတို့တွင် အတုမရှိ လွန်ကဲထူးမြတ်သော ဘာဝနာဖြစ်၏' ဟု ထေရာပါဒါန်ပါဠိတော် (၁၊ ၇၆)၌ ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးမိန့်တော်မူသည်နှင့်အညီ အတုမရှိ လွန်ကဲထူးမြတ်သော 'ဗုဒ္ဓါနုဿတိဘာဝနာ' ကို ပွားများရာရောက်ပါသည်။

ဘုရားရှင်၏ ဂုဏ်တော်များကို အလေးဂရုပြု၍ ရှိခိုးပူဇော်ခြင်းကြောင့် ရရှိနိုင်သော အကျိုးများမှာ–

(၁) ဘုရားရှင်၏ ဂုဏ်တော်ကို အထပ်ထပ်အခါခါ ယုံကြည်မြတ်နိုး ရှိခိုးပူဇော်သောသူသည် ဘုရားရှင်အပေါ်၌ လွန်စွာရိုသေခြင်း၊ လွန်စွာမြတ်နိုးရိုသေကျိုးနွံမှုရှိခြင်း၊

(၂) ရတနာသုံးပါး၌ ယုံကြည်မှု၊ ကံ,ကံ၏အကျိုး၌ ယုံကြည်မှုသဒ္ဓါတရား တိုးပွားခြင်း၊ သတိတရား ကြီးမားခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်း၊ ကုသိုလ်တရား အစဉ်တိုးပွားခြင်း၊

(၃) နှစ်သက်ခြင်းပီတိ၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားများ တိုးပွားခြင်း၊

(၄) ဘေးကြီး,ဘေးငယ်,ရန်ကြီး,ရန်ငယ်တို့ကို ခံနိုင်ခြင်း၊ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကိုယ်တွင်



www.burmeseclassic.com

www.burmeseclassic.com

...ရောက်မည့် ဆင်းရဲဒုက္ခဟူသမျှကို သည်းခံနိုင်ခြင်း၊
(၅) မိမိကိုယ်ကို ဘုရားရှင်နှင့်အတူတကွ နေထိုင်ရသည် ... ထင်မှတ်ခြင်း၊
(၆) မိမိခန္ဓာကိုယ်သည် ဂန္ဓကုဋီတိုက် စေတီအိမ်သဖွယ် ဖြစ်ပြီး လူ၊ နတ်၊ ဗြဟ္မာတို့၏ အပူဇော်ခံထိုက်သူ ဖြစ်ခြင်း၊
(၇) ဘုရားဂုဏ်တော်များကို အာရုံပြုရင်း ဘုရားရှင်အပေါ် အားကျ၍ ဘုရားဖြစ်ရန် စိတ်ညွတ်နိုင်ခြင်း၊
(၈) လွန်ကျူးအပ်သော ဒုစရိုက်မှုနှင့် မလွဲမရှောင်သာ တွေ့ကြုံသည့်တိုင်အောင် မိမိမျက်မှောက်၌ ဘုရားရှင်ကို မြင်ရသကဲ့သို့ဖြစ်ပြီး အရှက်အကြောက်ပေါ်လာကာ ဒုစရိုက်မှ ရှောင်လွှဲနိုင်ခြင်း၊
(၉) အထက်မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်းမသိမြင်နိုင်စေကာမူ သေသည်၏ အခြားမဲ့၌ သုဂတိဘုံဘဝသို့ လားရောက်နိုင်ခြင်း..

စသည့် ဖော်ပြပါ အကျိုးတရားများကား ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (၁၊ ၂၀၆)၌ မိန့်ဆိုထားသော ဘုရားဂုဏ်တော်များကို အလေးဂရုပြု၍ ရှိခိုးပူဇော်ခြင်းကြောင့် ရရှိခံစားနိုင်သော အကျိုးတရားများ ဖြစ်ပါသည်။

ထိုနည်းတူစွာ ထေရာထေရီပါဠိတော် အဋ္ဌကထာတို့၌ မိန့်ဆိုဖွင့်ပြသည်နှင့်အညီ ရှေးပညာရှိကြီးများ ဖွင့်ဆိုသီကုံးပူဇော်အပ်သော ဂုဏ်တော်ပွားကျိုး(၁၇)မျိုးလည်း ရှိပါသည်။

၄င်းတို့မှာ-

'စေတီအတူ၊ စိတ်မူတည်ကြည်။
ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊
မြတ်နွယ်အမျိုး၊ ရို့ကျိုးစံရ၊
ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊
ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊
ကြီးမှူပညာ၊ နက်စွာထက်ရှင်၊
လျင်မြန်ဆန်းကြယ်၊ ကောင်းကြွယ်စကား၊
ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော် ပွားကျိုးတည်း'

ဟု ဟူ၍သာ..။

မင်းသီကျော်


နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

# နန်းထိပ်တင်



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ဝိန်လိုခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သတ်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လုပနုပျိုး ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

မင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၀၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☏ ၀၉၂၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၃
ရန်ကုန် ပြည်ထောင်မြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50, 51) ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☏ ၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအောင်မြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဖင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချိုမန္တလေးမြို့ ☎ (၀၂)၃၁၀၀...

www.burmeseclassic.com

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော ဆင်းတု၊ ရုပ်တုကိုးကွယ်ခြင်း အလေ့အထသည် ဗုဒ္ဓသာသနာ ပျံ့နှံ့ရာ နေရာဒေသတို့သို့ ရောက်ရှိလာခဲ့သည်။ အိန္ဒိယ ပြည်တွင် ဗုဒ္ဓရုပ်တုဆင်းတု ပြုလုပ်ခြင်းသည် ခရစ် သက္ကရာဇ်(၁)ရာစုပိုင်းခန့်က စတင်ပေါ်ပေါက်ခဲ့၏။

# သုတေသီမြင့်ထွန်း
## အနေကဇာတင်ခြင်း







ဗုဒ္ဓရုပ်တုဆင်းတုကို မြေအုတ်၊ ကျောက်၊ သစ်သား စသည်တို့ဖြင့် ပြုလုပ်ရာမှ သံ၊ ကြေး၊ ရွှေ၊ ငွေ စသော သတ္တုပစ္စည်းအမျိုးမျိုးတို့ဖြင့်လည်း ထုလုပ်ကိုး ကွယ်ကြသည်။ ထိုသို့ ဆင်းတုတော်၊ ရုပ်တု တော် အမျိုးမျိုးတို့ကို ထုလုပ်ကိုးကွယ်ရာ တွင် ပိုမိုလေးစားရာဖြစ်စေရန် အနေကဇာ တင်လေ့ရှိ၏။

အနေကဇာတင်ရာ၌ မြတ်စွာဘုရား၏ ကိုယ်စား ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ကျောက်၊ အုတ်၊ အင်္ဂတေ၊ မြေ၊ သစ်သား စသည်တို့ဖြင့် ထုလုပ်ထားသော ရုပ်ပွားဆင်းတုတော်

www.burmeseclassic.com

တို့ကိုသာ အနေကဇာတင်လေ့ရှိသည်။ ထို့ပြင် ဆေးမင်ဆိုးခြင်း ရေးသားရိုက်နှိပ်ထားသော ဓာတ်ပုံ၊ ပန်းချီကား ဆွဲသည်တို့ကို အနေကဇာတင်လေ့ရှိ၏။

အနေကဇာတင်ခြင်းဟူသော စကားလုံးမှာ ပါဠိဝေါဟာရ အနေကဇာတိနှင့် မြန်မာဝေါဟာရတင်ခြင်းကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ အနေကဇာတိဟူသော ပါဠိဝေါဟာရမှာ မြတ်စွာဘုရား ဥဒါန်းကျူးရင့်သော အနေကဇာတိ သံသာရံ အစချီသည့် ဂါထာမှ အစဦးဆုံး ဝေါဟာရကို ယူထားခြင်းဖြစ်သည်။ ပါဠိ အနေကဇာတိတွင် နောက်ဆုံးအသံ၊ နောက်ဆုံးအက္ခရာဖြစ်သော တိကို ဥတ္တရလောပဟူသည့် ဘာသာဗေဒနည်းအရ ချေဖျက်၍ အနေကဇာကိုသာယူကာ မြန်မာမှုပြုထားခြင်းဖြစ်သည်။ တင်ခြင်းမှာ တင်မြှောက်ခြင်း၊ ပူဇော်ခြင်းဟု အနက်ရသည်။ သို့ဖြစ်၍ အနေကဇာတိ သံသာရံ အစချီသော ဥဒါန်းဂါထာတို့ကို ရွတ်ဆိုလျက် ဘုရားအဖြစ်သို့ တင်မြှောက်ပူဇော်ခြင်းဟု အဓိပ္ပာယ်ရ၏။

ဤတွင် အနေကဇာတိ သံသာရံ အစချီသော ဂါထာတို့ကို ရွတ်ဆိုပူဇော်ရခြင်း အကြောင်းကို ဖော်ပြလို၏။

ဂေါတမမြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သက်တော်နှစ်ဆယ့်ကိုးနှစ်တွင် တောထွက်တော်မူခဲ့၍ ဒုက္ကရစရိယာ ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူပြီးနောက် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးသည်နှင့် ရှေးဦးစွာ ပထမဆုံး ဝမ်းမြောက်ဝမ်းသာ ကျူးရင့်သော ဂါထာမှာ အနေကဇာတိ သံသာရံ အစချီသော ဂါထာနှစ်ပုဒ်ဖြစ်၏။

မြတ်စွာဘုရားရှင်သည် အသင်္ချေယျ နှစ်ပေါင်းများစွာ ပါရမီဆယ်ပါးတို့ကို ဖြည့်စွက်ကျင့်ကြံလျက် ကြိုးစားအားထုတ်လာရသည့် အဓိကရည်မှန်းချက်ဖြစ်သော သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူသည့်အခါ ဆန္ဒပြီးမြောက်တော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာ နှစ်သက်ခြင်း ပီတိအဟုန်ဖြင့် ဖြစ်လာအပ်သော ဂါထာများဖြစ်သဖြင့် ထိုဂါထာကို ဥဒါန်းဂါထာ (ပါဠိ-ဥဒါန)ဟု ခေါ်ဆိုသည်။ ဥဒါနဆိုသည်မှာ ဝမ်းမြောက်ခြင်းဟု အဓိပ္ပာယ်ရ၏။

ထိုဂါထာ နှစ်ပုဒ်မှာ-

(၁) အနေကဇာတိ သံသာရံ သန္ဓာဝိဿံအနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ့ခယမဇ္ဈဂါ။

အဓိပ္ပာယ်မှာ-

(၁) အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲပြီပြင်၏။ ထို့ကြောင့် ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်လာသော တဏှာယောက်ျား လက်သမားကို ဉာဏ်ဖြင့် မျှော်၍ ရှာဖွေသော ငါသည် သင့်ကိုမြင်နိုင် ဉာဏ်မဏ္ဍိုင်ကို မပိုင်ရသေးသောကြောင့်သာလျှင် ဘဝများစွာ သံသရာကာလပတ်လုံး ကျင်လည်ပြေးသွားခဲ့ရ၏။

(၂) ဟယ် တဏှာယောက်ျား လက်သမား၊ ပညာစက္ခုသဗ္ဗညုဖြင့် သင့်ကို ယခု ငါမြင်ပြီးသောသူဖြစ်ပြီ။ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို သင်သည် တစ်ဖန် မပြုရသောအံ့။ သင်၏ ခပ်သိမ်းကုန်သော ကိလေသာတည်းဟူသော အခြင်တို့ကို ချိုးဖျက်အပ်ကုန်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်စီရင်ခြင်းကင်းသောနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ပြီ။ တဏှာတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီ။

မြတ်စွာဘုရားရှင်၏ ရုပ်တုတော်ကို အနေကဇာတင်ရာ၌ အထက်ပါဂါထာတို့ကို ဦးစွာရွတ်ဆိုကြသည်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်သည် ကိလေသာကုန်ခန်း၍ ဘုရားအဖြစ်သို့ရောက်ပြီး သံသရာ၌ ကျင်လည်ရခြင်း မရှိတော့ပြီဟူ၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်သကဲ့သို့ပင် ဘုရားဆင်းတု ရုပ်တုသည်လည်း ဘုရားစင်စစ်အဖြစ်သို့ ရောက်ပြီဟု ကျူးရင့်ကြေညာသည့် သဘောဖြင့် ဤနှစ်ဂါထာကို ရွတ်ဆိုခြင်းဖြစ်သည်။ ဥပမာ-ဘုရင်မင်းတို့အား မင်းအဖြစ် ရာဇာဘိသေက ဘိသိက်သွန်းလောင်း ချီးမြှောက်သကဲ့သို့ မြတ်စွာဘုရားရှင် ရုပ်တုဆင်းတုအားလည်း ဘုရားအဖြစ်သို့ရောက်ကြောင်း ဗုဒ္ဓါဘိသေက ပူဇော်ချီးမြှောက်ခြင်းပင် ဖြစ်၏။

## (က) အနေကဇာတင် ဖြစ်ပေါ်လာပုံ

အနေကဇာတင်ခြင်းကို မည်သည့်အချိန်အခါကစ၍ စတင်ဖြစ်ပေါ်လာသည်ဟု အတိအကျ ဖော်ပြနိုင်ရန် ကျမ်းဂန်အထောက်အထားများ မတွေ့ရသေး။ ပုဂံခေတ် ကျောက်စာတို့လည်း အနေကဇာတင်ခြင်း အကြောင်းကို

www.burmeseclassic.com

မှတ်တမ်းတင်ရေးထိုးထားသည်ကို မတွေ့ရသေး။ ဆက်လက် သုတေသနပြုဖွယ် အကြောင်းတစ်ရပ် ဖြစ်၏။

(ခ) <u>အနေကဇာတင်ပွဲ</u>

ဓာတ်တော် မွေတော်၊ တရားစာပေ၊ ဘုရားရှင်၏ အသုံးအဆောင်၊ ရည်မှန်းအပ်သော ဝတ္ထုပစ္စည်းဟူ၍ စေတီလေးမျိုးရှိသည့်အနက် ပထမသုံးမျိုးကို အနေကဇာ တင်လေ့မရှိပါ။ ပကတိအတိုင်း ကိုးကွယ်လေ့ရှိကြသည်။ ရုပ်တု၊ ဆင်းတုတော်၊ ဓာတ်ပုံ၊ ပန်းချီကား စသော ရည်စူး အပ်သည့် ပစ္စည်းများကိုသာ အနေကဇာတင်လေ့ရှိကြ၏။

အနေကဇာမတင်မီ အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမတို့သည် ဆင်းတုရုပ်တုတော်အား ဆွမ်း၊ ပန်း၊ နံ့သာ၊ ဆီမီးထွန်း၊ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည့် လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ကြသည်။ ပင့်ဖိတ်ထားသော ရဟန်းသံဃာများအား ဆွမ်း၊ ကွမ်း စသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြ၏။

ထို့နောက်မှ သံဃာတော်တို့သည် ပန်း၊ နံ့သာ၊ ထီး စသည်တို့ကို ကိုင်ဆောင်လျက် အနေကဇာတင်မည် ရည်စူးအပ်သော ရုပ်တုတော်ကို ဝန်းရံကာ လက်အုပ်ချီရှိခိုးလျက် အနေကဇာတိ သံသာရံ အစချီသော ဂါထာတို့ကို ရွတ်ဆိုကြသည်။ မြတ်စွာဘုရားရှင် ဆင်းတုတော်ကိုယ်စား ဂေါတမမြတ်စွာဘုရားရှင်၏ ဥဒါန်းဂါထာတော်တို့ကို ရွတ်ဆိုပေးခြင်း ဖြစ်၏။

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ခုနစ်ရက်ခုနစ်လီ ဗောဓိပင်ရင်း၌ စံနေတော်မူစဉ် ပဋိစ္စသမုပ္ပာဒ်ကို အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်တော်မူသည်။ ထို့ကြောင့် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်သည် ဥဒါန်းဂါထာတော် နှစ်ပုဒ်ကို ရွတ်ဆိုပြီးနောက် ပဋိစ္စသမုပ္ပာဒ်ကို အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်သည့်နည်းတူ ဗုဒ္ဓရုပ်တုတော်ကို ဗုဒ္ဓါဘိသေက ပြုလုပ်တင်မြှောက်ရာ၌လည်း ပထမဂါထာတော် နှစ်ပုဒ်ကို ရွတ်ဆိုပြီးသည့်အခါ ပဋိစ္စသမုပ္ပာဒ်ကို ရွတ်ဆိုကြ၏။

မြတ်စွာဘုရားရှင်သည် ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် သမာပတ်မှ ထတော်မူသည့်အခါ ညဦးပိုင်းတွင် ပဋိစ္စသမုပ္ပာဒ်ကို အနုလုံပဋိလုံ အဖြစ်အပျက်အားဖြင့် အပြန်ပြန်ဆင်ခြင်တော်မူသည်။ ဆင်ခြင်ပြီးသည့်နောက် ဝမ်းမြောက်စကားအဖြစ် အောက် ပါဂါထာတော်ကို ဥဒါန်းကျူးရင့်တော်မူသည်။

<u>ဥဒါန်း(၁)</u>

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော၊ ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
ယတော ပဇာနာတိ သဟေတု ဓမ္မန္တိ။

**မြန်မာပြန်**

ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော၊ မကောင်းမှုကို ရှို့မြိုက်တတ်သော၊ မကောင်းမှုကို အပ်ပြ ပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ် ပါးတို့သည် အကြင်အခါ၌ စင်စစ်ထင်ရှား ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပာဒ် တရားကို အများအားဖြင့် သိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်း အားလုံးတို့သည် ကင်းပျောက်ကုန်၏။

ထိုပထမဂါထာတော်ကို ရွတ်ဆိုပြီးနောက် ဗုဒ္ဓမြတ် စွာဘုရားရှင်သည် သန်းခေါင်ယံပတ်လုံး ပဋိစ္စသမုပ္ပာဒ် ကို အနုလုံပဋိလုံ အဖြစ်အပျက်အားဖြင့် နှလုံးသွင်းဆင် ခြင်တော်မူ၏။ ထိုသို့ဆင်ခြင်ပြီးနောက် ဝမ်းမြောက်ဝမ်း သာ ဒုတိယဂါထာတော်ကို ဥဒါန်းကျူးရင့်တော်မူပြန်၏။

<u>ဥဒါန်း(၂)</u>

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

**မြန်မာပြန်**

ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော၊ မကောင်းမှုကို ရှို့မြိုက်တတ်သော၊ မကောင်းမှုကို အပပြု ပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ် ပါးတို့သည် အကြင်အခါ၌ စင်စစ်ထင်ရှား ဖြစ်ပေါ်ကုန် ၏။ ထိုအခါ၌ အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့် ထိုရဟန္တာအား ယုံမှား ခြင်း အားလုံးတို့သည် ကင်းပျောက်ကုန်၏။

ဒုတိယဂါထာကို ရွတ်ဆိုပြီးနောက် မြတ်စွာဘုရား ရှင်သည် ညဦး၏ နောက်ဆုံးယံဖြစ်သော မိုးသောက်ယံ ပတ်လုံး ပဋိစ္စသမုပ္ပာဒ်ကို အနုလုံပဋိလုံ အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com

ဆာဖြင့် နှလုံးသွင်း ဆင်ခြင်တော်မူ၏။ အနုလုံပဋိလုံ ဆင်ခြင်ပြီးနောက် ဝမ်းမြောက်ဝမ်းသာ တတိယဂါထာတော်ကို ဥဒါန်းကျူးရင့် မြွက်ဆိုတော်မူ၏။



**ဥဒါန်း(၃)**

ယဒါဟဝေပါတု ဘဝန္တိဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ န္တိ။

**မြန်မာပြန်**

ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော၊ ကောင်းမှုကို ရှုမြိုက်တတ်သော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ်ထင်ရှား ဖြစ်ကုန်၏။ ထိုအခါ၌ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်နေ၏။

ထိုသို့ ဥဒါန်းဂါထာတော် သုံးပုဒ်ကို သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရားရှင်သည် ရွတ်ဆိုသမှု ပြုသကဲ့သို့ ဗုဒ္ဓရုပ်တုတော်ကို အနေကဇာတင်ရာ၌လည်း ဤဥဒါန်းဂါထာတော် သုံးပုဒ်ကို ထည့်သွင်းရွတ်ဆိုပေးကြခြင်း ဖြစ်၏။

ထိုဂါထာတော်သုံးပုဒ်ကို ရွတ်ဆိုပြီးနောက် ဇယန္တော ဗောဓိယာမူလေ စသော အဘိသေက ဂါထာတော်များ၊ ဆုတောင်းပတ္ထနာ ဂါထာတော်များကို ရွတ်ဆိုကြသည်။ ထိုဂါထာတော်တို့မှာ ပရိတ်ကြီးဆယ့်တစ်သုတ် အနက်တစ်ခုအပါအဝင်ဖြစ်သော ပုဗ္ဗဏှသုတ်တွင် ပါရှိသည်။ ထိုဂါထာတော်တို့အပြင် ဇယောဟိဗုဒ္ဓဿ သိရိမတော အယံ စသော နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတို့ ဝမ်းမြောက်ဝမ်းသာ ဟစ်အော်ကြွေးကြော်ကြသော ဥဒ္ဒေါသနဂါထာများကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ပြီးလျှင် သုနက္ခတ္တ သုမင်္ဂလံ စသော အာသီသဂါထာများကို ရွတ်ဖတ်ပူဇော်ကြ၏။

ထိုသို့ ရဟန်းသံဃာတော်အများက စုပေါင်းရွတ်ဆို၍ အနေကဇာတင် ဆင်ယင်ပြီးသော် ရဟန်းတစ်ပါးပါး က အမွှေးနံ့သာရည် ထည့်ထားသော ဖလားကိုကိုင်၍ သပြေခက်တို့ကို အမွှေးနံ့သာရည်တွင်နှစ်ကာ ရုပ်တုဆင်းတုတော်၏အထက်၌ ဇယန္တော ဗောဓိယာမူလေ စသော ဗုဒ္ဓါဘိသေက ဂါထာတော်တို့ကို ရွတ်ဆိုလျက် အမွှေးနံ့သာရည်ပက်ဖျန်းကာ ဗုဒ္ဓအဘိသိက် သွန်းလောင်းကြ၏။

အချို့အရပ်ဒေသတို့၌ အနေကဇာတင်ပုံမှာ သံဃာတော်များက ဂါထာတော်တို့ကို မရွတ်ဆိုမီ ဒါယကာ၊ ဒါယိကာမများသည် ရွှေ၊ ငွေ စသော ရတနာများ ထည့်ထားသည့် ဖလားကြီးတစ်လုံးကို အဆင်သင့်ကိုင်ဆောင်ထားကြသည်။ သံဃာတော်များရွတ်ဆိုသည့် အနေကဇာတိ သံသာရံ အစချီသော ဂါထာတော် နှစ်ပုဒ်ဆုံးလျှင် အလွတ်ထားသော ဖလားကြီးတစ်လုံးထဲသို့ ယင်း ရွှေ၊ ငွေ စသော ရတနာများကို သွန်းလောင်းထည့်ကြသည်။ နောက်တစ်ကြိမ် ရွတ်ဆိုမှုအဆုံးတွင်လည်း ယခင်ဖလားကြီးထဲသို့ တစ်ဖန်သွန်းလောင်းကြပြန်သည်။ ထိုသို့ နှစ်ကြိမ်၊ သုံးကြိမ် စသည်ဖြင့် အလိုရှိသလောက် ရွတ်ဆို၍ အလိုရှိသလောက် ပြန်ကာလှန်ကာ သွန်းလောင်းကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကိုးကွယ်ပူဇော်သူတို့အား လာဘ်လာဘပေါများလာတတ်သည်ဟု ယုံကြည် ယူဆဟန်ရှိ၏။

**(ဂ) အနေကဇာတင်ခြင်းအကျိုး**

အနေကဇာတင်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးမှာ များပြားလှ၏။

www.burmeseclassic.com

မြတ်စွာဘုရားရှင်ကို ရည်စူးလျက် လှူဒါန်းရသော ကြောင့် ရအပ်သော အကျိုးများကိုလည်းကောင်း၊ ရဟန်းသံဃာတော်တို့အား လှူဒါန်းပူဇော်ရခြင်းကြောင့် ရအပ်သော အကျိုးများကိုလည်းကောင်း၊ ဆွေမျိုးဉာတိ မိတ်ဆွေ အပေါင်းအသင်း ရောင်းရင်းတို့အား ကျွေးမွေးလှူဒါန်းရသောကြောင့် ရရှိအပ်သော အကျိုးကျေးဇူးများကိုလည်းကောင်း ရရှိနိုင်၏။

အလှူဒါနအတွက် ရအပ်သော အကျိုးများသာမက ရဟန်းသံဃာတော်တို့ထံဝယ် ကြားနာရသော တရားတော် ဓမ္မသဝနာ၏ အကျိုးကိုလည်း ရရှိနိုင်သည်။ အနေကဇာ တင်ထားပြီးသော ရုပ်ပွားရုပ်တုတော်ကို နေ့စဉ်မပြတ် ဖူးမြော်ပူဇော်ရသည့်အခါ မိမိပြုအပ်သော ကုသိုလ်ကောင်းမှုတို့ကို ထပ်ခါတလဲလဲ ပွားများခြင်းဖြင့်လည်း ကုသိုလ်ကို ဆက်ကာ၊ဆက်ကာ တိုးပွားရရှိနိုင်၏။

ဗုဒ္ဓရုပ်တုဆင်းတုတော်ကို အနေကဇာတင်ပြီးသည့်အခါ သက်တော်ထင်ရှား သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်ကဲ့သို့ပင် ပြီးပြည့်စုံသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးသဖြင့် ဝမ်းမြောက်ဝမ်းသာ ဉဒါန်းကျူးရင့်ပြီးသည့် ဘုရားစင်စစ် ဧကန်ဖြစ်ပြီးဟု ဒါယကာ၊ ဒါယိကာမတို့၏စိတ်ဝယ် ထင်မှတ်ယူဆလာသည်မှာ မလွဲပါ။

ထို့ကြောင့် ထိုရုပ်ပွားဆင်းတုတော်ကို သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကဲ့သို့ပင် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ ဘုန်းတော်အနန္တနှင့် ပြည့်စုံသည်ဟု မှတ်ယူလာကြကာ သက်တော်ထင်ရှားဘုရားရှင်နှင့် အလားတူ စိတ်ဝယ်ထားရှိပြီး ပူဇော်သမှုပြုကြ၏။

ထိုသို့ မြတ်စွာဘုရားရှင်အား စိတ်စေတနာ ရည်မှန်း၍ ပူဇော်သက္ကာရပြုသည်နှင့်အမျှ စိတ်ထားတတ်က မြတ်သည်ဆိုသကဲ့သို့ပင် ရရှိမည့် အကျိုးအာနိသင်တို့မှာလည်း များပြားလှပေမည်မှာ မလွဲပါ။ ထို့ကြောင့် ဤအနေကဇာတင်ခြင်းဟူသော ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုသည် ကောင်းမြတ်သော အလေ့အထပင် ဖြစ်၏။

သုတေသီမြင့်ထွန်း

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဒဟာသက်ရှိစွဲသော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဝန်ပါ။ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊
  နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။
  ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၅၆



www.burmeseclassic.com

www.burmeseclassic.com

ဝဋ္ဋမှာအမြဲ၊ ငရဲမှာအပ ဆိုရိုးစကားမှာ အပါယ်လေးဘုံမှ မလွတ်ကင်းနိုင်သေးသည့် ပုထုဇဉ် ပုဂ္ဂိုလ်များ အတွက် ရည်ရွယ်ပြောဆိုသည့် ဆိုရိုးစကား မဟုတ်ပေ။ အပါယ်လေးဘုံသို့ မလား မရောက်နိုင်တော့သည့် (ဝါ) အပါယ်လေးဘုံမှ ကင်းလွတ်၍ အပဖြစ်နေကြသည့် အရိယာသူတော် စင် ပုဂ္ဂိုလ်များကိုသာ ရည်ညွှန်း၍ ပြောဆိုခဲ့သည့် စကားဖြစ်သည်။

## ဖြစ်ရပ်ထူးဆန်း
## မိန်းမနှင့် ရဟန်း





www.burmeseclassic.com

www.burmeseclassic.com

သောတာပန် စသည့်အရိယာပုဂ္ဂိုလ်များသည် အပါယ်လေးဘုံသို့ ရောက်စေနိုင်သည့် အကုသိုလ်အကြောင်းတရားတို့ကို နိုင်ရာ မဂ်ကုသိုလ်တို့ဖြင့် အပြီးအပိုင် အကြွင်းမဲ့ ပယ်သတ်ကြပြီး ဖြစ်ပေသည်။ ထိုအရိယာပုဂ္ဂိုလ်များမှာ အရိယာမဖြစ်မီ ပုထုဇဉ်ဘဝက ပြုလုပ်ခဲ့သည့် အကုသိုလ်ကံများ အနည်းနှင့်အများ ရှိကြပေသည်။ ထိုအကုသိုလ်ကံများတွင် အပါယ်လေးဘုံသို့ ပို့ဆောင်ပေးနိုင်သော အကုသိုလ်ကံများလည်း ပါဝင်ကြပေသည်။

ထိုအပါယ်လေးဘုံသို့ ပို့ဆောင်နိုင်သော အကုသိုလ်ကံများမှာ အောက်ဆုံးသောတာပန်အရိယာ ဖြစ်သွားသည်နှင့် တစ်ပြိုင်နက်ပင် အပါယ်လေးဘုံသို့ ပို့ဆောင်နိုင်စွမ်းမရှိတော့ဘဲ (ဝါ) အကျိုးမပေးတတ်ဘဲ အဟောသိကံဖြစ်သွားရပေသည်။ ဤသို့ အနိမ့်ဆုံးအားဖြင့် သောတာပန်အရိယာ ဖြစ်သွားသည်နှင့်တစ်ပြိုင်နက် ငရဲစသော အပါယ်လေးဘုံသို့ ပို့ဆောင်နိုင်သော အကုသိုလ်ကံများကို ပြုလုပ်ခဲ့သော်ငြားလည်း ထိုကံများ အကျိုးမပေးနိုင်တော့ဘဲ ငရဲ စသော အပါယ်လေးဘုံမှ အပဖြစ်သွားခြင်း၊ လွတ်မြောက်သွားခြင်းကို ငရဲမှာအပဟု ဆိုခြင်းဖြစ်သည်။

ဤသို့ အရိယာပုဂ္ဂိုလ်တို့မှာ နောင်တမလွန်ဘဝ၌ ငရဲစသော အပါယ်လေးဘုံသို့ ရောက်စေတတ်သည့် အတိတ်အကုသိုလ်ကံများ အကျိုးမပေးနိုင်တော့သဖြင့် ငရဲမှအပ ဖြစ်ကြငြားသော်လည်း ရှေးရှေးဘဝတို့က မြတ်စွာဗုဒ္ဓါ၊ ရဟန္တာ စသော သီလဝန္တ သူတော်စင်ပုဂ္ဂိုလ်များကို ကဲ့ရဲ့ခြင်း၊ စွပ်စွဲခြင်း၊ သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်ခဲ့ခြင်း စသော အတိတ်အကုသိုလ်ကံဟူသော အကျိုးဝိပါကဝဋ် တရားများကို လက်ရှိအရိယာဘဝမှာပင် ဖြစ်ပေါ်စေနိုင်၊ အကျိုးပေးနိုင်ပေသေးသည်။ ထိုသို့အကြောင်းအကုသိုလ်ကံနှင့်တူစွာ အကျိုးဝိပါကဝဋ်တရား ဖြစ်ပေါ်လာခြင်းကို ဝဋ်လိုက်ခြင်း၊ ဝဋ်လည်ခြင်းဟု ခေါ်သည်။ ထိုဝဋ်လိုက်ခြင်း၊ ဝဋ်လည်ခြင်းကို ဘုရား၊ ရဟန္တာပုဂ္ဂိုလ်များပင် ရှောင်လွှဲ၍မရပေ။ အမြဲကေန် အမှန်တူသော အကျိုးပေးလေ့ရှိရာ ဝဋ်မှာ အလွန်ကြောက်စရာကောင်းသည့်တရား ဖြစ်ပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဤကမ္ဘာမြေပြင်ဝယ် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခုမှာ အလွန်ပင်စိတ်ဝင်စားစရာကောင်းလှသည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ကောဏ္ဍဓာန အမည်ရှိသော အမျိုးကောင်းသား တစ်ယောက်သည် သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုလာသည်။ ထိုရဟန်း သွားလေရာသို့ မိန်းမပျို တစ်ယောက် နောက်မှ အမြဲလို လိုက်ပါနေသည်ကို တွေ့မြင်ရသောကြောင့် သီတင်းသုံးဖော် ရဟန်းတို့က ရှင်ကောဏ္ဍဓာန၏ အကျင့်သိက္ခာကို သံသယမကင်း ရှိလာကြသည်။

မြို့ထဲသို့ ဆွမ်းခံကြွလာသည့်အခါလည်း မြို့သူမြို့သားများသည် 'ဟော့..မိန်းမနဲ့ ကိုယ်တော်လေး ကြွလာပြီ။ သူ့ကိုတော့ တစ်ပါးစာလောင်းလို့ မဖြစ်ဘူး။ သူ့ဒကာမအတွက်ပါ လောင်းမှဖြစ်မယ်' စသည်ဖြင့် တီးတိုးစကား ဆိုကြလေသည်။ ဤသို့ပတ်ဝန်းကျင်မှ တိုးတိုးတစ်သွယ်၊ ကျယ်ကျယ်တစ်မျိုးဖြင့် စကားတင်းဆိုနေကြသော်လည်း ရှင်ကောဏ္ဍဓာနကား တုန်လှုပ်မှုမရှိ၊ ပုံမှန်အတိုင်းသာ သွားလာ၍နေလေသည်။

တစ်နေ့သ၌ အချို့သော ရဟန်းတို့သည် ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးထံ သွား၍ တိုင်တန်းကြသည်။

'ဒကာကြီး..အကျင့်ပျက်တဲ့ ရဟန်းတစ်ပါးကြောင့် ဇေတဝန်တစ်ကျောင်းလုံး နာမည်ပျက်လိမ့်မယ်။ ဒီရဟန်းကို အမြန်နှင်ထုတ်ပါ'

ထိုအခါ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ရှိနေသည်ဖြစ်၍ ဗုဒ္ဓကသာလျှင် ဤကိစ္စကို စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း လျှောက်ကြားလိုက်သည်။

ထိုရဟန်းတို့ကား ဗုဒ္ဓအား လျှောက်ကြားခြင်းမရှိဘဲ ဝိသာခါကျောင်းအမကြီးထံတွင် သွားရောက်တိုင်တန်းကြပြန်သည်။ ထိုအခါ ဝိသာခါကလည်း အနာထပိဏ်သူဌေးနည်းတူပင် ဗုဒ္ဓမြတ်စွာထံ တိုင်ကြားရန် အဖြေပေးလိုက်သည်။ ထိုအဖြေကိုလည်း ထိုရဟန်းများက မကြိုက်ကြသဖြင့် ကောသလမင်းကြီး၏ နန်းတော်သို့ သွားကြပြန်သည်။

နန်းတော်သို့ရောက်လျှင် မင်းကြီးအား အကြောင်းစုံ



www.burmeseclassic.com

www.burmeseclassic.com

ကို ပြောကြားပြီး ရှင်ကောဏ္ဍာဓာနအား တိုင်းပြည်မှ နှင်ထုတ်ပစ်ရန် တောင်းဆိုကြလေသည်။ ကောသလမင်းကြီးသည် ရဟန်းတို့၏ ပြောကြားချက်ကို နားထောင်ပြီး ရဲမက်စစ်သည်အချို့ကိုခေါ်၍ ရှင်ကောဏ္ဍာဓာန နေသည့်ကျောင်းကို သွားရောက်ဝိုင်းရံလေသည်။ ရှင်ကောဏ္ဍာဓာနသည် ရဲမက်စစ်သည်တို့၏ အသံကိုကြားလျှင် ကျောင်းခန်းထဲမှ ထွက်လာပြီး တံခါးဝ၌ ရပ်နေလေသည်။

ထိုစဉ်တွင် ကောသလမင်းကြီး လာသည်ကိုမြင်၍ ကျောင်းထဲသို့ပြန်ဝင်ကာ သင့်လျော်ရာ၌ ဝင်ထိုင်နေလေသည်။ ကောသလမင်းကြီးသည် ရှင်ကောဏ္ဍာဓာန ရပ်နေစဉ်က သူ့နောက်က မိန်းမပျိုတစ်ယောက်ကို မြင်လိုက်သဖြင့် ကျောင်းထဲသို့ ခပ်သုတ်သုတ်ဝင်၍ လိုက်သွား၏။ သို့သော် ကျောင်းထဲသို့ ရောက်သွားသောအခါ မိန်းမပျိုကို မတွေ့ရတော့ချေ။ ကောသလမင်းကြီးသည် မကျေနပ်သဖြင့် မထေရ်ကို ရှိခိုးခြင်းမပြုဘဲ ကျောင်းခန်းတွင်း၌ အနှံ့အပြား လိုက်လံရှာဖွေ၏။ ရှာ၍မတွေ့သောအခါ မထေရ်ကို မေးလျှောက်လေသည်။

'အရှင်ဘုရား ရပ်နေတုန်းက အရှင်ဘုရားရဲ့နောက်မှာ မိန်းမတစ်ယောက် တွေ့လိုက်ပါတယ်။ ခု ဒီမိန်းမ ဘယ်ရောက်သွားပါသလဲ'

'ဒကာတော်မင်းကြီး··အဲဒီမိန်းမကို ကျုပ်မမြင်မိပါဘူး'

ဤသို့ မထေရ်က ပြောလျှင် ကောသလမင်းကြီးသည် 'အရှင်ဘုရား··ခဏ ကျောင်းပြင်ကို ထွက်ပါဦး' ဟု ပြောပြီး သူလည်း အပြင်သို့ထွက်လိုက်လာသည်။

မင်းကြီးသည် မထေရ်ကို တံခါးဝ၌ ရပ်စေပြီး ကျောင်းနှင့် မလှမ်းမကမ်းနေရာသို့ရောက်အောင် သွားကြည့်ပြန်သည်။ ထိုအခါ မထေရ်နောက်မှ မိန်းမပျိုကို မြင်ရပြန်သည်။ ထို့နောက် မထေရ်ကို ကျောင်းထဲသို့ ပြန်ဝင်စေပြီး သူလည်း နောက်မှ ထက်ကြပ်မကွာ လိုက်သွားသည်။ ကျောင်းထဲသို့ ရောက်သောအခါ နေရာမလပ် လိုက်လံရှာဖွေသော်လည်း မိန်းမပျိုကို မတွေ့ရတော့ချေ။

ဤသို့ ကိုယ်တိုင် စေ့စပ်သေချာစွာ ရှာဖွေသော်လည်း မတွေ့ရသည့်အဆုံး၌ ကောသလမင်းကြီး လက်လျှော့လိုက်ရလေသည်။ မထေရ်၏နောက်မှ အမြဲမြင်တွေ့နေရသော မိန်းမပျိုမှာ လူသားစစ်စစ်မဟုတ်၊ အရိပ်အယောင် တစ်မျိုးမျိုးသာ ဖြစ်လိမ့်မည်ဟူ၍လည်း ယုံကြည်သွားလေသည်။

ထို့ကြောင့် အရှင်ကောဏ္ဍာဓာနအား-

'အရှင်ဘုရား··ဒီအတိုင်းဆိုရင်တော့ အရှင်ဘုရားကို ဆွမ်းလောင်းလှူမည့်သူ ရှိမည်မဟုတ်ပါ။ တပည့်တော်ရဲ့ နန်းတော်ကိုသာ နေ့စဉ် ဆွမ်းခံကြွတော်မူပါ' ဟု ပင့်ဖိတ်၍ နန်းတော်သို့ ပြန်သွားလေသည်။

ကောသလမင်းကြီးက ရှင်ကောဏ္ဍာဓာနအား တိုင်းပြည်မှ နှင်ထုတ်ဖို့နေနေသာသာ နန်းတော်သို့ နေ့စဉ် ဆွမ်းခံကြွရန် ပင့်ဖိတ်သွားကြောင်း ကြားသိကြရသောအခါ သွားရောက်တိုင်တန်းခဲ့သော ရဟန်းများ လွန်စွာမကျေမနပ် ဖြစ်သွားကြသည်။ ထို့ကြောင့် ကောသလမင်းကြီးနှင့်တကွ ရှင်ကောဏ္ဍာဓာနကိုပါ ပုတ်ခတ်ပြောဆိုလာကြသည်။ ရှင်ကောဏ္ဍာဓာနသည် ယခင်က သူတို့ မည်သူမျှပင် ရှုတ်ချပြောဆိုစေကာမူ ခေါင်းငုံ့နေခဲ့ရသည်။ ယခုအားကိုးစရာ ရှိလာပြီဖြစ်၍ ငြိမ်ခံမနေတော့ချေ။

'အကျင့်ပျက်တာ ကိုယ်တော်တို့ပဲ။ မိန်းမနဲ့နေတာလည်း ကိုယ်တော်တို့ပဲ'

ဤသို့ စသည်ဖြင့် ခပ်ကြမ်းကြမ်းပြန်၍ နှုတ်လှန်ထိုးလေသည်။ ရှင်ကောဏ္ဍာဓာန၏ နှုတ်လှန်ထိုးမှုကို ခံကြရသော ရဟန်းတို့က ဗုဒ္ဓထံ သွား၍ တိုင်တန်းလျှောက်ထားကြသည်။

'ကောဏ္ဍာဓာနဆိုတဲ့ ရဟန်းတစ်ပါးဟာ တပည့်တော်တို့ကို ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ ဆဲဆိုနေပါတယ်ဘုရား'

မြတ်စွာဘုရားသည် ရှင်ကောဏ္ဍာဓာနကို ခေါ်၍ အကျိုးအကြောင်းကို မေးမြန်းတော်မူသည်။

'ကောဏ္ဍာဓာန··သင်သည် အဘယ်ကြောင့် ရဟန်းများကို ကြမ်းတမ်းသော စကားလုံးများဖြင့် ဆဲဆိုဘိသနည်း'

'အရှင်ဘုရား·· ဒီရဟန်းတွေက တပည့်တော်ကို မိန်းမနဲ့ စွပ်စွဲပြောဆိုကြတဲ့အတွက် ဆဲရေးမိခြင်း ဖြစ်ပါတယ်ဘုရား'

'သင်တို့ကကော ကောဏ္ဍာဓာနကို ဘာကြောင့် မိန်းမနဲ့ စွပ်စွဲပြောဆိုကြသလဲ'

'သူ့နောက်က မိန်းမတစ်ယောက် အမြဲလိုက်ပါနေ

www.burmeseclassic.com

အရာကို တွေ့ရတဲ့အတွက် စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ် ဘုရား'

'သင်ကကော မမြင်ဘူးလား ကောဏ္ဍာဓာန'

'တပည့်တော် မမြင်ပါဘုရား'

'ကောဏ္ဍာဓာန··သင် မမြင်ပေမယ့် ဒီရဟန်းတွေကတော့ မြင်လို့သာပြောကြခြင်းဖြစ်တယ်။ နောက်နောင်ကို ဤကဲ့သို့ ဆဲဆိုခြင်း မပြုလင့်'

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရှင်ကောဏ္ဍာဓာန၏ နောက်မှ မိန်းမတစ်ယောက် အမြဲလိုက်ပါနေသည်ကို တွေ့ရခြင်းမှာ ရှေးဘဝက မကောင်းမှုကြောင့်သာဖြစ်ကြောင်း မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

◆ ◆ ◆

ကဿပမြတ်စွာဘုရားလက်ထက်၌ တစ်ပါးနှင့်တစ်ပါး ညီအစ်ကိုရင်းတမျှချစ်ခင်သော ရဟန်းနှစ်ပါးရှိသည်။ ထိုရဟန်း နှစ်ပါးသည် အမြဲတမ်း တပူးတွဲတွဲ ရှိနေကြသည်။ ကဿပမြတ်စွာဘုရားသည် လူတို့သက်တမ်း နှစ်သောင်း၌ပွင့်ခဲ့၍ သက်တော်ရှည်လျားစွာ တည်တော်မူခဲ့၏။ ထိုဘုရားသာသနာတော်၌ ရဟန်းတို့သည် ခြောက်လတစ်ကြိမ်သာ ဥပုသ်ပြုကြရသည်။ တစ်နေ့တွင် ညီညွတ်သော ရဟန်းနှစ်ပါးသည် ဥပုသ်ပြုသော သံဃာ အစည်းအဝေးသို့ တက်ရောက်ရန် ဇာရာဏသီပြည်သို့ ထွက်လာကြသည်။

ကောဏ္ဍာဓာန အလောင်းလျာသည် ထိုအချိန်က ဘုမ္မစိုးနတ် ဖြစ်နေ၏။ ရဟန်းနှစ်ပါးကိုမြင်လျှင် ဤရဟန်းနှစ်ပါးတို့ အချင်းချင်း မေတ္တာပျက်၍ ကွဲပြားအောင် တစ်နည်းနည်းဖြင့် ပြုသည်ရှိသော် တကယ်ကွဲပြား၍ သွားကြမည်လော။ မကွဲပြားဘဲ နေနိုင်မည်လော စုံစမ်းဦးဟုကြံလျက် ထိုရဟန်းနှစ်ပါးတို့၏ မနီးမဝေးမှလိုက်၍ နေ၏။

အသင့်အတင့်ဆက်၍သွားပြီးသော် မထေရ်တစ်ပါးသည် ကျင်ကြီးသွားလိုသည်။ မိမိ၏ သပိတ်သင်္ကန်းကို မိတ်ဆွေရဟန်းထံ အပ်ထားခဲ့သည်။ သန့်စင်ခွက်ဖြင့် ရေကို ယူပြီးလျှင် တစ်ခုသော ချုံအတွင်းသို့ဝင်ကာ ကျင်ကြီးသွား၏။ ထို့နောက် လက်ကို ဆေးကြော၍ ချုံအတွင်းမှ ထွက်လာ၏။ ထိုအခါ ဤကောဏ္ဍာဓာန အလောင်းလျာဖြစ်သော ဘုမ္မစိုးနတ်သည် အလွန်လှပသော မိန်းမယောင် ဖန်ဆင်းလျက် ကျင်ကြီးသွားသော ရဟန်း၏နောက်မှ လိုက်လာသည်။ အယောင်ဆောင်မိန်းမသည် ရဟန်းနောက်မှ လိုက်လာရင်း ထဘီကို ပြင်ဝတ်ဟန်၊ ကျောကုန်း၌ ဖုန်များ ကပ်နေ၍ ခါဟန်ပြုပြီး ချုံစပ်၌ ရပ်နေသည်။

ဘုမ္မစိုးနတ် မိန်းမအယောင်ဆောင်၍ ပြုလုပ်သည်ကို ချုံ၏ပြင်ပ၌ ရပ်စောင့်နေသော ရဟန်းက မြင်သည်။ ထိုအခါ ငါ၏ မိတ်ဆွေသည် ကျင်ကြီးသွားဟန်ဆောင်၍ မာတုကာမနှင့် ချုံထဲ၌ ပျော်ပါးပြီး ထွက်လာသည်ဟု ထင်မှတ်သွားလေသည်။

'ငါ့ရှင်··သင် သီလပျက်စီးခဲ့ပြီ မဟုတ်လော'

'မပျက်စီးပါဘူးငါ့ရှင်။ သင် ဘာကြောင့် ဒီလိုပြောပါသလဲ'

ထိုအခါ စောင့်နေသော ရဟန်းက သူမြင်တွေ့ရမှု အလုံးစုံကို ပြောပြလိုက်လေသည်။ ကျင်ကြီးသွားသော ရဟန်းက ထိုသို့မပြုကြောင်း သုံးကြိမ်တိုင်အောင် ရှင်းပြသော်လည်း အပြင်ဘက်မှ ကိုယ်တိုင်မြင်ရသောရဟန်းက ယုံကြည်ခြင်း မရှိသောကြောင့် ဝစ္စကျင်ကြီးသွားသော ရဟန်းနှင့် အတူတကွ ခရီးမသွားဘဲ လမ်းခွဲ၍သွားသည်။ ထို့နောက် သူတို့နှစ်ပါးစလုံး မြတ်စွာဘုရားထံ ရောက်



www.burmeseclassic.com

လာကြသည်။ ထိုမိတ်ဆွေရဟန်းနှစ်ပါးတို့တွင် မာတုဂါမကို မြင်သော ရဟန်းက ကျန်ရဟန်းနှင့် အတူတကွ ဥပုသ် မပြုဟူ၍ ပြောကာ ဥပုသ်သိမ်၏ အပြင်ဘက်သို့ ထွက်ခွာသွားပြီး ရပ်နေ၏။

ထိုအခါ မိန်းမအယောင်ဆောင်၍ပြသော ဘုမ္မစိုးနတ်သည် ငါသည် ကြီးမားသောအမှုကို ပြုမိချေ၏တကားဟု ထိတ်လန့်သံဝေဂဖြစ်လျက် ဥပါသကာ သူအိုယောင်ဆောင်၍လာပြီးလျှင် ဥပုသ်ပြုရာ သိမ်အပြင်ဘက်၌ရပ်နေသော်ရဟန်းကို အရှင်ဘုရားသည် ဤနေရာ၌ အဘယ်ကြောင့် ရပ်၍နေပါသနည်းဟု မေးလျှောက်၏။

ထိုအခါ ရဟန်းက 'ဥပါသကာ··ဥပုသ်သိမ်အတွင်းသို့ ယုတ်မာသောရဟန်းတစ်ပါး ဝင်၍သွား၏။ ငါသည် ထိုရဟန်းနှင့် အတူတကွ ဥပုသ်မပြုလို၍ သိမ်၏ အပြင်၌ ရပ်နေသည်' ဟု ရှင်းလင်းပြောပြ၏။

'အရှင်ဘုရား··ဤအရှင်မြတ်သည် စင်ကြယ်သော သီလရှိပါသည်။ အရှင်ဘုရားမြင်သော မာတုကာမသည်ကား သူတစ်ပါး မဟုတ်ပါ။ တပည့်တော်ပင် ဖြစ်ပါသည်။ အရှင်ဘုရားတို့ နှစ်ပါး၏ မိတ်ဆွေအဖြစ်သည် မြဲသလော၊ မမြဲသလော။ ကွဲပြားခြင်း ရှိသလော၊ မရှိသလော စုံစမ်းလို၍ တပည့်တော် မိန်းမအယောင်ဆောင်ကာ အရှင်ဘုရားမြင်အောင် နောက်မှလိုက်လာပြီး ကိုယ်ထင်ပြမိပါသည်' ဟူ၍ လျှောက်ကြားသည်။

'အသင်သည် အဘယ်သို့သော အစွမ်းရှိသောသူဖြစ်၍ မိန်းမအယောင်ဆောင်နိုင်သနည်း'

'တပည့်တော် ဥပါသကာသူအိုကြီး မဟုတ်ပါ။ ဘုမ္မစိုးနတ် ဖြစ်ပါသည်' ဟု လျှောက်ထားကာ နတ်အဖြစ်ကို ထင်ရှားစွာ ပြလေသည်။

ထို့နောက် မထေရ်မြတ်၏ခြေရင်း၌ ဝပ်စင်းလျက် 'အရှင်ဘုရား··သည်းခံတော်မူပါ။ ထိုရဟန်း၌ အပြစ်မရှိပါ။ သီလစင်ကြယ်ပါသည်။ သိမ်တွင်းသို့ဝင်၍ ဥပုသ်ပြုတော်မူပါ' ဟု တောင်းပန်၍ သိမ်အတွင်းသို့ဝင်စေ၏။

မာတုကာမကို မြင်သောရဟန်းသည် ဘုမ္မစိုးနတ်က ကိုယ်တိုင်လာ၍ တောင်းပန်လျှောက်ကြားသောကြောင့် ဥပုသ်ကိုကား အတူတကွပြုသေး၏။ မိတ်ဆွေအဖြစ်ဖြင့်ကား ရှေးကကဲ့သို့ ချစ်ကျွမ်းဝင်စွာ အတူတကွ သွားလာနေထိုင်ခြင်းကို မပြုတော့ပေ။ နောင်တွင် ထိုမထေရ်မြတ်သည် ဝိပဿနာကို အားထုတ်ရာ အရဟတ္တဖိုလ်သို့ရောက်တော်မူလေသည်။

ဘုမ္မစိုးနတ်သည်ကား ထိုအကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ဘုရားနှစ်ဆူတို့၏အကြား၌ အပါယ်ဒုဂ္ဂတိဘဝသို့ ကျရောက်ခဲ့ပြီး လူဖြစ်ချည်တစ်ခါ၊ အပါယ်သို့ရောက်ချည်တစ်လှည့်ဖြင့် သံသရာဆင်းရဲကို ခံရရှာသည်။ တစ်ရံတစ်ခါ လူအဖြစ်ကို ရပါသော်လည်း သူတစ်ပါးတို့၏ ပြုလုပ်သောအပြစ်သည် သူ၏အပေါ်သို့သာလျှင် ကျရောက်လေသည်။ ထိုဘုမ္မစိုးနတ်သည် ဂေါတမမြတ်စွာဘုရားလက်ထက် သာဝတ္ထိပြည်တွင် ဗြဟ္မဏအမျိုး၌ လူဖြစ်လာရကာ ကောဏ္ဍဓာနမထေရ် ဖြစ်လာလေသည်။

◆◆◆

ဗုဒ္ဓမြတ်စွာသည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီးနောက် နောင်တွင် ကြမ်းတမ်းသောစကားကိုမဆိုရန် ကောဏ္ဍဓာနကို ဆုံးမသည်။ ထို့နောက် အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသည်။


'မည်သူ့ကိုမျှ ကြမ်းတမ်းသောစကားကို မဆိုလင့်။ သူတစ်ပါးတို့အား ကြမ်းတမ်းသောစကားကို ပြောဆိုလျှင် အဆိုခံရသူတို့ကလည်း ကြမ်းတမ်းသောစကားဖြင့် သင့်ကို တုံ့ပြန်ကြလိမ့်မည်။ ထိပါးချုပ်ချယ်သော စကားကို ပြောဆိုခြင်းသည် ဆင်းရဲခြင်းကို ဖြစ်စေ၏။ တန်ပြန်မှုများ သင့်ထံ ရောက်လာနိုင်သည်။ အနားပြတ်သော ကြေးခွက်ကဲ့သို့ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ထိန်းသိမ်းနိုင်သူသည် အေးငြိမ်းသူ(နိဗ္ဗာန်)သို့ ရောက်နိုင်၏။ ဤသို့ ထိန်းသိမ်းနိုင်လျှင် သင့်မှာ ထိပါးချုပ်ချယ်မှုလည်း ရှိတော့မည် မဟုတ်ပေ'

ကောဏ္ဍဓာနမထေရ်သည် ထိုအချိန်မှစ၍ ဗုဒ္ဓမြတ်စွာ၏ ဆုံးမဩဝါဒနှင့်အညီ နေထိုင်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူလေသည်။ မကြာမီ ကောင်းကင်သို့ ပျံတက်၍ ရှေးဦးစွာ စာရေးတံအလှူကို ခံယူရလေသောကြောင့် ရှေးဦးစွာ စာရေးတံခံယူရလေသောသူတို့တွင် အတော်ဆုံးပုဂ္ဂိုလ်ဟု ဘုရားရှင်၏ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းကို ခံရလေသည်။

တွင်းအားရှင်

ကျမ်းကိုး * ဓမ္မပဒ ဒဏ္ဍဝဂ်၊ ကောဏ္ဍဓာနဝတ္ထု။

www.burmeseclassic.com

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004887

လိုင်စင် ၅/၂၀၀၀ ...(တိုင်း)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တ...(ဒေသယ်ဆေး)၁၃၀/၀၀၀၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီအနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား။ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောတိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံသာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာတင်းအာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ဖေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးနှီးစုံဖြန့်ဖိုးရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

၁-၅/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၇၅၈၇၊ ၀၉-၅၁-၀၈၆၁

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်း ၂ (၃၄၇)၊ ၆၉၀၄၅၆ လိုင်း ၂ (၃၄၇)

www.burmeseclassic.com

ပရိတ်ကြီး(၁၁)သုတ်တွင် ပထမဦးဆုံးသော သုတ်မှာ မင်္ဂလသုတ်ဖြစ်ပေသည်။ မင်္ဂလသုတ်တွင် ဂါထာပိုဒ်ရေ (၁၅)ပိုဒ်ရှိသည့်အနက် (၁၄)ပိုဒ်မြောက် ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**မောင်ဉာဏ်စိန်**

# လောကဓံတရား



www.burmeseclassic.com

www.burmeseclassic.com

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံမင်္ဂလမုတ္တမံ။

ပါဠိဘာသာဖြင့် ရေးသားထားသော အထက်ဖော်ပြပါဂါထာကို မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားသည့်အတိုင်း အောက်တွင် ဖော်ပြအပ်ပေသည်။

လောကဓမ္မေဟိ ဖုဋ္ဌဿ-လောကဓံတရားရှစ်ပါးတို့နှင့်တွေ့သော၊ ဝါ-လောကဓံတရားရှစ်ပါးတို့က တွေ့ထိနှိပ်စက်အပ်သော်လည်း၊ ယဿ-အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ ဝါ-အကြင်အကြားအမြင်နှင့် ပြည့်စုံသော ဘုရားတပည့်ပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ နကမ္ပတိ-မတုန်လှုပ်၊ အသောကံ-စိုးရိမ်ပူဆွေးခြင်းလည်းမရှိ၊ ဝိရဇံ-ကိလေသာဟူသော မြူလည်းမရှိ၊ ခေမံ-ကြောက်မက်ဖွယ် ဘေးရန်လည်းမရှိ၊ ဧတံ-ဤစိတ်နှလုံး၏ မတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ ကိလေသာမြူကင်းစင်ခြင်း၊ ဘေးရန်ကင်းခြင်းသည်၊ မုတ္တမံ-မြတ်သော၊ မင်္ဂလံ-ကြီးပွားချမ်းသာကြောင်း မင်္ဂလာမည်၏။

မင်္ဂလသုတ် ဒေသနာတော်အရ လောကဓံအကောင်းနှင့် တွေ့သည်ဖြစ်စေ၊ အဆိုးနှင့်တွေ့သည်ဖြစ်စေ ရဟန္တာတို့၏စိတ်သည် မတုန်မလှုပ် သည်းခံနိုင်ရမည် ဖြစ်ပေသည်။ ရဟန္တာ မဖြစ်သေးသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့သည်လည်း အကြားအမြင်နှင့် ပြည့်စုံနေသည့်အတွက် အတော်အသင့် သည်းခံနိုင်လောက်ပြီဖြစ်သည်။ သောတာပန်အဆင့်ပင် မရောက်သေးသော သာမန်ပုဂ္ဂိုလ်တို့သည်လည်း လောကဓံတရားတို့ကို ရှုမှတ်ပြီး အတန်အသင့် ခံနိုင်ရည်ရှိကြရမည် ဖြစ်ပေသည်။ လောကဓံတရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော သင်္ခါရတရားသုံးပါးဖြင့် ဆင်ခြင်လိုက်လျှင် သက်သာသွားမည် ဖြစ်ပေသည်။

ဤတွင် လောကဓံတရားရှစ်ပါးကို ဗုဒ္ဓဘာသာဝင်များ သိရှိနိုင်ရန်အတွက် အကျဉ်းမျှ တင်ပြလိုပေသည်။

(၁) လာဘ-ပစ္စည်းဥစ္စာရခြင်း၊
(၂) အလာဘ-ပစ္စည်းဥစ္စာမရခြင်း၊
(၃) ယသ-အခြွေအရံများခြင်း၊
(၄) အယသ-အခြွေအရံမရှိခြင်း၊
(၅) နိန္ဒာ-အကဲ့ရဲ့ခံရခြင်း၊
(၆) ပသံသာ-ချီးမွမ်းခံရခြင်း၊
(၇) သုခ-ကိုယ်၊စိတ်ချမ်းသာခြင်း၊
(၈) ဒုက္ခ-ကိုယ်စိတ်ဆင်းရဲခြင်း။

အထက်ဖော်ပြပါတို့မှာ ဗုဒ္ဓဘာသာဝင်တိုင်း၊ လူတိုင်း သိထိုက်သည့် လောကဓံတရား ရှစ်ပါးပင် ဖြစ်ပေသည်။

လောကဓံရှစ်ပါးတွင် မကောင်းတာ (၄)ပါးရှိ၍ ကောင်းတာ (၄)ပါးရှိပေသည်။ ကောင်းသောလောကဓံနှင့် တွေ့ကြုံကြရသောအခါ ဝမ်းသာရွှင်ပျကြ၍ မကောင်းသောလောကဓံနှင့် တွေ့သောအခါ တုန်လှုပ်ကြရပေသည်။ ဝမ်းသာအားကြီးသူသည် ဝမ်းနည်းအားကြီးတတ်ပေသည်။ ဝမ်းသာလွယ်သူသည် ဝမ်းနည်းလည်း လွယ်တတ်ပေသည်။ အမြဲစိတ်ချမ်းသာမှုရှိလိုလျှင် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်ပြီး လောကဓံတရားဟူသည်မှာ ဘုရားရဟန္တာများသော်မှ မရှောင်နိုင်သော တရားများပါတကားဟု သိရှိထားရန် လိုအပ်ပေသည်။

လာဘ်ရခြင်း၊ မရခြင်းနှင့် စပ်လျဉ်းပြီး တင်ပြလိုပေသည်။ စီးပွားဥစ္စာချမ်းသာသူများ၊ ပြည့်စုံကြွယ်ဝသူများ မည်ကဲ့သို့ သွားလာစားသောက် ဝတ်စားနေထိုင်ကြသည်ကို အထူးမတင်ပြလိုတော့ပါ။ ယခုခေတ် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုး စသောမြို့ကြီးများနှင့် နယ်စပ်မြို့များတွင် ချမ်းသာကြသူများ ပစ္စည်းဥစ္စာ ပြည့်စုံသူများ မည်ကဲ့သို့ နေထိုင်စားသောက် ဝတ်စားသွားလာကြသည်ကို ကြည့်ရှုခြင်းဖြင့် သိရှိနိုင်သည်။ ချမ်းသာသုခများရှိသလို ဆင်းရဲသူများလည်း ရှိကြသည်။ တစ်ချိန်တစ်ခါတုန်းက သစ်တောအရေးပိုင်အဆင့်ရှိခဲ့သူ တစ်ဦးသည် အမှုအခင်းများ ကြုံတွေ့ပြီး ဒုက္ခဆင်းရဲများကို တွေ့ရသောအခါ နေ့စဉ်နေ့တိုင်းလိုလို ဘူးသီးကြော်၊ ပဲကြော်တစ်ခု၊ နှစ်ခုမျှဖြင့် နေ့လယ်စာ၊ ညနေစာ ပြီးသွားရသည်ကို တွေ့ကြုံခဲ့ဖူးသည်။

တစ်ခေတ်တစ်ခါက ယုံကြည်ချက်အရ တောတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုသို့ ရောက်ရှိလာခဲ့ပြီး အလင်းသို့ ဝင်ရောက်လာသောအခါ နံနက်၊ ညနေ ထမင်းကို ဈေးတွင်းသီးစိမ်း၊ ဆားတို့ဖြင့် သားသမီးတို့အား နေ့စဉ်ကျွေးမွေးနေထိုင်ခဲ့ရသူ တစ်ဦးကိုလည်း မြင်တွေ့ခဲ့ရပေသည်။ တရားမဝင်သော စီးပွားရေးဖြင့် မိသားစုတို့အား လုပ်ကျွေးနေသူတစ်ဦးသည် အချုပ်အခဲကြုံတွေ့၍ အဖမ်း

www.burmeseclassic.com

အဆီးခံရသောအခါ ၄င်း၏ ဇနီးသည်သည် ဟိုအိမ် သည်အိမ်မှ ငါးပိရည်၊ တို့စရာတို့ကိုပင် တောင်းယူပြီး သားသမီးတို့အား ကျွေးမွေးခဲ့ရသည်ကို တွေ့မြင်ခဲ့ရသည်။ ပစ္စည်းဥစ္စာဟူသည် ရန်သူမျိုးငါးပါးကြောင့် ကုန်ဆုံးသွားနိုင်သကဲ့သို့ အလုပ်အကိုင် အဆင်မပြေသောအခါတွင်လည်း အားလုံးကုန်ဆုံးသွားနိုင်သည်။ သက်ရှိရော သက်မဲ့ပါ သင်္ခါရတရားတို့သာ ဖြစ်ကြသည်။ အနိစ္စတရားတို့သာ ဖြစ်ကြသည်။ လာဘော၊ အလာဘောဟူသည်မှာ လူတိုင်း မကင်းနိုင်သော လောကဓံတရားပင်ဖြစ်သည်။

ယသ-အယသ-အခြွေအရံ များခြင်း၊ မများခြင်းတို့မှာလည်း မရှောင်ကွင်းနိုင်သော တရားတို့ပင်ဖြစ်သည်။ ရာထူးဌာနန္တရ ရှိစဉ်က နေ့စဉ်မပြတ် အိမ်သို့ ဝင်ထွက်လေ့ရှိကြသူများသည် မိမိတို့၏ အကြီးအကဲများ၊ ဆရာသမားများ အငြိမ်းစားယူသွားသောအခါ၊ ရာထူးလက်မဲ့ဖြစ်သွားသောအခါ ဝင်ထွက်သွားလာလေ့ မရှိကြပေ။

ဂုဏ၊ ဝဏ္ဏ၊ ပသံသ၊ ဇနာဟူသော စကားအတိုင်း ဂုဏ်ရှိသူကိုမှ လူတို့သည် မီးဝဲဆည်းကပ်တတ်ကြသည်။ အမှန်စင်စစ် အခြွေအရံဟူသည်မှာလည်း အနိစ္စ၊ ဒုက္ခတရားနှင့် မကင်းကြပေ။ လင်နှင့် မယား၊ သားသမီးတို့သည်ပင် ရှင်ကွဲ၊ကွဲရသည်လည်းရှိ၍ သေကွဲ၊ကွဲကြရသည်လည်း ရှိကြသည်။ သားများနှင့် ခင်ပွန်းတို့ သေသောအခါ ပဋာစာရီသည် ရူးမတတ် ဖြစ်ခဲ့ရသည်။ ကလေးငယ် သေဆုံးသွားသောအခါ ကိသဂေါတမီသည် လူသေ ကလေးငယ်ကို မခွဲနိုင်မခွာရက် ဖြစ်လျက်ရှိနေခဲ့သည်။

ယသ-အယသ-အခြွေအရံရှိခြင်း၊ မရှိခြင်းတို့သည် ဘာမျှမဟုတ်။ လောကဓံတရားများပင်တကားဟု သိနားလည်သင့်သည်။ အခြွေအရံမရှိရုံမျှဖြင့် စိတ်အားမငယ်သင့်ပါ။ ဤလောကသို့ တစ်ယောက်တည်း လာရောက်ခဲ့၍ တစ်ယောက်တည်း အချိန်တန် အိမ်ပြန်ရမည်ကို သတိထားသင့်သည်။ တရားတော်ကို ဆင်ခြင်နှလုံးသွင်းကြပေသည်။

နိန္ဒာနှင့် ပသံသာ-လူ့သဘာဝမှာ အချီးမွမ်းခံရသည့်အခါလည်း အတိုင်းမသိ ဝမ်းမြောက်တတ်သည်။ အကဲ့ရဲ့ခံရသည့်အခါလည်း မိမိကိုယ်ကို မထိန်းနိုင်အောင် စိတ်ညစ် စိတ်ပျက်နေတတ်သည်။ ချီးမွမ်းလည်း ခုနစ်ရက်၊ ကဲ့ရဲ့လည်းခုနစ်ရက် ဆိုသည်ကို နှလုံးမသွင်းဘဲ မေ့လျော့နေတတ်ကြသည်။ အမှန်စင်စစ် အချီးမွမ်းခံရခြင်းကို သဘောကျနေခြင်းသည် လောဘစိတ်ဖြစ်၍ ကဲ့ရဲ့ခံရသောအခါ စိတ်ညစ် စိတ်ပျက်ခြင်းသည် ဒေါသစိတ်ဖြစ်သည်။ နှစ်ခုလုံးသည် အကုသိုလ်စိတ်များသာ ဖြစ်ကြသည်။ ကုသိုလ်စိတ် မဖြစ်ကြချေ။

ဣဿာမစ္ဆရိယများလှသော ဤခေတ်အခါတွင် ချီးမွမ်းသူ တစ်ယောက်ရှိလျှင် ကဲ့ရဲ့သူ ကိုးယောက်မျှရှိမည်ကို သိထားသင့်သည်။ သိကြားမင်းက ကျွဲအယောင်ဆောင်၍ လူ့ပြည်ကို ဆင်းလာသော်လည်း ချီကားသည်ဟု ပြောမည်သာဖြစ်သည်။ ထို့ကြောင့် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို မတုန်လှုပ်သင့်ပေ။ **ထာဝရမိတ်ဆွေလည်းမရှိ။ ထာဝရရန်သူလည်းမရှိ**ဟူသော စကားတစ်ရပ်ကို သတိချပ်သင့်သည်။ အချိန်ရလျှင် (RUDYARD KIPLING 1865-1936 ၏ IF (အကယ်၍)ဟူသော ကဗျာကို ဖတ်ရှုစေချင်သည်။

နိုင်ငံတော်အတိုင်ပင်ခံ ဗိုလ်ချုပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဘဝက (၂၄-၁၁-၈၈)တွင် စည်းရုံးရေးတာဝန်ခံ(ယာယီ) လူငယ်(၁၄)ဦးအား စည်းရုံးရေးမဆင်းမီ နှုတ်ဆက်သြဝါဒ ပေးရာ၌ ၄င်းကဗျာအား ရွတ်ဆိုအဓိပ္ပာယ်ပြန်ပြီး ရှင်းပြခဲ့ဖူးသည်။

သုခနှင့်ဒုက္ခ၊ မိမိလိုချင်သော အရာတွေကို အလိုရှိတိုင်း ရသောအခါတွင် ငါကား ချမ်းသာလေစွတကားဟု ဆိုပြီး ဘဝကို ကျေနပ်နေတတ်ကြသည်။ ချမ်းသာခြင်းသည်လည်း မမြဲခြင်းတရားပါတကား ဟူသည်ကို မေ့လျော့သွားတတ်ကြသည်။ တာဝတိံသာကို ရောက်သွားသော နတ်သားတစ်ယောက်သည်ပင် နန္ဒဝန်ဥယျာဉ်အတွင်း ရောက်ရှိပြီး ပျော်ပွဲများ ခံစားပြီးသောအခါ **နန္ဒဝန်ဥယျာဉ်ကို မတွေ့မမြင်သေးဖူးရင် ချမ်းသာကို မသိသေးဘူး**ဟု အားပါးတရ ဟစ်ကြွေးဖူးသည်ဟုဆိုသည်။ ချမ်းသာကို အထင်ကြီးပြီး မေ့လျော့ စည်းစိမ်ခံနေသောသူသည် ရုတ်တရက် ဒုက္ခနဲ့ တွေ့ရသောအခါ မနေတတ် မထိုင်တတ် အကြီးအကျယ် စိတ်ဆင်းရဲခြင်း ဖြစ်ရတတ်ပေသည်။ သူတစ်ယောက်တည်း ဆင်းရဲနေတယ်ဟု ခံစားနေရတတ်သည်။ ချမ်းသာခြင်းသည်လည်းကောင်း၊ ဆင်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းသည်လည်းကောင်း လောကဓံတရားများသာ ဖြစ်ကြ၍ အားလုံးသည် အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားဟူသော မမြဲနိယာမအတိုင်း ဖြစ်ပျက်နေကြခြင်းသာ ဖြစ်တော့သည်တကားဟူသည်ကို မေ့လျော့ရှိတတ်သည်။

ဤနေရာတွင် မှတ်သားရ လွယ်ကူစေရန် လောကဓံတရားနှင့်စပ်လျဉ်းပြီး ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာကလေးကို ဖော်ပြလိုက်ရပေသည်။

ဆင်းရဲချမ်းသာ သဘာဝ
တွေ့ကြုံနေကြလူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့
တစ်လဲစီလှည့် အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေါ့
မတုန်လှုပ်စမ်းနဲ့ စိတ်ခိုင်စေ
သောကကိုထိန်း ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာနေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဤကဗျာမှာ ဤဆောင်းပါး၏ အစပိုင်းတွင် ဖော်ပြထားသော ဖုဋ္ဌဿ လောကဓမ္မေဟိ အစရှိသော ဂါထာကို မြန်မာကဗျာဖြင့် ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။

လွယ်ကူရှုယ်များအနေဖြင့် အလွတ်ကျက်မှတ်ထားသင့်ပေသည်။

အတွေ့အကြုံ၊ အကြားအမြင်၊ ဗဟုသုတ နည်းသူများမှာ လောကဓံတရားများနှင့် ကြုံတွေ့ရသောအခါ ခံနိုင်ရည်မရှိကြပေ။ အတွေ့အကြုံ၊ အကြားအမြင်၊ ဗဟုသုတ များသူများကား လောကဓံတရားများနှင့် ကြုံတွေ့ရသောအခါ ခံနိုင်ရည်လည်းရှိ အမှန်အတိုင်းလည်း ဆင်ခြင်နိုင်ပြီး တုန်လှုပ်ခြင်း ကင်းမဲ့စွာဖြင့် ဘဝကို ရင်ဆိုင်ဝံ့သူများ ဖြစ်ကြကြောင်း ရေးသားတင်ပြအပ်ပေသည်။

**မောင်ဉာဏ်စိန်**


<u>ရည်ညွှန်းစာအုပ်များ</u>

(၁) လောကဓံတရားတော် (မဟာစည်ဆရာတော်)။
(၂) ကိုယ်ကျင့်အဘိဓမ္မာ (အရှင်ဇနကာဘိဝံသ)။
(၃) မင်္ဂလသုတ်(သုခ)။
(၄) IF (RUDYARD KIPLING)။







www.burmeseclassic.com

www.burmeseclassic.com

# ထက်ဘုန်းလှူ
# ဒါနကထာ



'ဘုန်းဘုန်းမှာ ကိုးသောင်းတန် သင်္ကန်းဒွိစုံတစ်စုံ အသင့်ဆောင်ထားတာ ရှိပါတယ်။ ကိုယ့်ထက်ကြီးမြတ် သူကို လှူမယ်ဆုံးဖြတ်ထားပေမယ့် ခုချိန်ထိတော့ မလှူဖြစ်သေးဘူး'

ဘဒ္ဒန္တစာရိတ္တာဘိဝံသ (ရေငုံ့ဆရာတော်ကြီး) (၂၀၁၂)ခုနှစ်က ရေးသားခဲ့တဲ့ စာစောင်တစ်ခုမှာ ဖတ်ရတာ ဖြစ်ပါတယ်။ သာသနာတွင်းမှာ လာဖြစ်တဲ့အတွက် ဆရာတော်ကြီးအနေနဲ့ လှူဒါန်းခြင်းရဲ့တန်ဖိုးအတိမ်အနက်ကို ခွဲခြားနားလည်ထားတာမို့ ခုလို ရေးသားဖော်ပြခြင်းဖြစ်မယ် ထင်ပါတယ်။

အာစိဏ္ဏကံ နေ့စဉ် ဒါနပဲဖြစ်ဖြစ်၊ ကာလဒါနပဲဖြစ်ဖြစ် သုဂတိဘုံသား လူအဖြစ် ရရှိထားသူတစ်ယောက်အဖို့ အလှူဒါန တစ်ရပ်ရပ်ကို ပေးလှူသင့်တာ အမှန်ပါပဲ။ ဒါပေမဲ့ လှူဖွယ်ပစ္စည်းကို ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com

အလှူခံပုဂ္ဂိုလ်ကိုလည်း ရွေးချယ်ရမယ်လို့ မြတ် ဟောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း လွန်တရာ ခက်ခဲနက်နဲတဲ့ ပါရမီရှင်တို့ရဲ့ အရာဖြစ်တဲ့ ဝါတမဗုဒ္ဓ အဆုံးအမတော်ကို အတိဂမ္ဘီရဂေါတမဗုဒ္ဓ သနာတော်လို့ ခေါ်ဆိုတာပါ။

'အရှင်ဂေါတမ အဘယ်ပုဂ္ဂိုလ်ကို လှူဒါန်းသော် ကျိုးကြီးမြတ်ပါသနည်း' လို့ ဝေဒဟိတ ပုဏ္ဏားက လျှောက်ထားတဲ့အခါ သောတာပန်ဖြစ်တဲ့ ဝေဒဟိတ ပုဏ္ဏားကို မြတ်ဗုဒ္ဓက သူတော်ကောင်းကို လှူဒါန်းဖို့ ကြားပါတယ်။ တစ်နည်းဆိုရရင် ဝိဇ္ဇာသုံးပါး ပု၊ အာနဲ့ ပြည့်စုံသူကို လှူဒါန်းပါလို့ မိန့်ကြားခြင်းဖြစ် တယ်။

တစ်ခါ ကလျာဏပုထုဇဉ်ဖြစ်ပြီး ဖြည့်ကျင့်ဆဲ ရင့် တစ်ကိုယ်တွင် ပါဝင်သူ ပသေနဒီကောသလမင်းကြီးရဲ့ လျှောက်ထားမှုကိုတော့ 'ကိုယ်ကြည်ညိုသည့် ပုဂ္ဂိုလ်ကို လှူပါ။ မလှူဘဲ မနေပါနှင့်။ သံသရာအစွန့်ရှည်ပါ သေး၏' လို့ အမိန့်ရှိပါတယ်။

ကိုယ်ကြည်ညိုတဲ့ပုဂ္ဂိုလ်လို့ ဆိုရာမှာ အရိယာသီလ မဂ္ဂင်ရှစ်ပါး ကျင့်ဝတ်ရှိသူ၊ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း ကျင့်ဝတ်ရှိသူတွေဟာ ကြည်ညိုသင့် ကြည်ညိုထိုက်၊ လှူ ဒါန်းသင့် လှူဒါန်းထိုက်တဲ့ ပုဂ္ဂိုလ်မျိုးမှာ ပါဝင်ပါတယ်။ ပညာရှိပြီး ဓမ္မပရိယာယ်များစွာနဲ့ တန်ဆာဆင်ဟော လေ့ရှိတဲ့ အရိယာပုဂ္ဂိုလ်မျိုးကို ပေးလှူရတဲ့အခါ အရိယာပုဂ္ဂိုလ် ဟောပြောတဲ့ သစ္စာလေးပါးတရားကို သောမနဿ ထင်ဟပ်စွာ နာကြားနိုင်ပါသတဲ့။

မိမိထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိ ဉာဏဒဿနဂုဏ်တွေနဲ့ ပြည့်စုံသူကို လှူဒါန်းမှုဇော်ခြင်း ဂမ္ဘီရဒါန၊ အရိယာဒါန မြောက်ပါတယ်။ မိမိနဲ့တန်း ကို လှူမယ်ဆိုရင် သဟာယဒါန၊ မိဿကဒါန၊ ဉာတိ ဆိုအပ်တဲ့ မင်္ဂလာဒါနအဖြစ် ရရှိပါမယ်။ မိမိ ညံ့ဖျင်းသူတွေကို လှူမယ်ဆိုရင်တော့ စွန့်ကြဲမှု အနေနဲ့သာ ပေးလှူခြင်း မည်ပါတယ်။

အလှူခံပုဂ္ဂိုလ်ကို စိစစ်ပိုင်းခြားခြင်း မပြုဘဲ သဗ္ ဉာဏ်တော် တစ်ခုတည်းရဖို့သာ ရည်ရွယ်ရင်း ရှိ ကြတဲ့ အလောင်းတော်ကြီးတွေရဲ့ ပါရမီ(၁၀)ပါး ဒါနပါရမီဟာ ရှေးဦးစွာ ဖြည့်ကျင့်ရမယ့် ပါရမီ တစ်ပါး ဖြစ်ပါတယ်။ ရေမြွေသနင်း ပြည့်ရှင်မင်းတို့ အစဉ်မပြတ် စောင့်ထိန်းအပ်တဲ့ တရား(၁၀)ပါးမှာလည်း ဒါနံ၊ သီလံ၊ ပရိစ္စာဂံ အစရှိသဖြင့် ဒါနကို ရှေ့တန်းတင် ဖော်ပြထားတာ တွေ့ရပြန်ပါတယ်။

တွယ်တာမှုကင်းတဲ့စိတ်နဲ့ အလှူခံပုဂ္ဂိုလ်ကို ပေးလှူ လိုက်တဲ့အခါ ဒါနအလှူ၊ လှူဖွယ်ဝတ္ထုအားဖြင့် စိတ်စွမ်း အင်အရှိန်အဝါ ထက်မြက်ပါမှ ဒါနကောင်းမှုဖြစ်မြောက် ပါတယ်။ ရန်သူငါးပါးနဲ့ အမြဲတစေ ကြုံတွေ့ဆက်ဆံနေ ရတဲ့ ပစ္စည်းဥစ္စာထဲက အနှစ်ကို ထုတ်ယူခြင်းဖြစ်လို့ အစိုးတရရှိလှတဲ့ အပေါင်းလက္ခဏာအသွင် ဆောင်ထား နိုင်ပါတယ်။

အသက်အရွယ်ကြီးရုံမျှ စာပေကျမ်းဂန် တတ်သိ လိမ္မာရုံမျှနှင့်လည်း အရိယာသီလ မရှိနိုင်ပါ။ ဒါကြောင့် အရိယာသီလ၊ ဂမ္ဘီရပညာ၊ ပဋိပ္ပဿနလေးပါး၊ တစ်ကိုယ်စာ (ပု၊ ဒီ၊ အာ) ဝိဇ္ဇာသုံးပါး စသည်တို့နှင့် ပြည့်စုံတဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ အရဟံဂုဏ်တော် အဒ္ဓလီကရ ဏီယ ဂုဏ်ထိုက်ပါတယ်။ သောတာပန်ပုဂ္ဂိုလ်အတွက် ပေးလှူတဲ့ဒါနကို ဂမ္ဘီရဒါနလို့ ခေါ်ဆိုပြီး အဲဒီကုသိုလ်က နတ်ပြည်ကို ပို့ဆောင်နိုင်ပါတယ်။

နှမြောသူတွေဟာ နတ်ပြည်ကို မရောက်ကြ၊ လူ မိုက်တွေဟာ လှူဒါန်းမှုကို မချီးမွမ်းကြ။ ပညာရှိသူဟာ ဒါနကို ဝမ်းမြောက်လို့ နောက်ဘဝမှာ ချမ်းသာတယ်ဆိုပြီး ဓမ္မပဒပါဠိ(၄၀)မှာ ဖော်ပြထားလေရဲ့။

အလှူပေးတာ အကျိုးမရှိ။ မိဘကျေးဇူးဆိုတာလည်း အကျိုးမရှိ။ ကုသိုလ်ကံ,အကုသိုလ်ကံရဲ့ အကျိုးပေးမှုဟာ လည်း နတ္ထိ။ ဝိညာဏ်လောက၊ ဥပါပတ္တိ လောကမရှိ။ မဂ်အကျင့်နဲ့ ရှုမြင်သိရှိတတ်တဲ့ ရဟန်းပညာရှိ၊ လူပညာ ရှိတို့သည် လောကတွင် မရှိဆိုတဲ့ အယူဝါဒတွေကို မိစ္ဆာ ဝါဒလို့ သတ်မှတ်ပါတယ်။ အလှူဒါနကို ဆန့်ကျင်သူ တွေအနေနဲ့ ဒါနဗလာ သံသရာခရီးကြမ်းကို ဖြတ်သန်းရ တဲ့အခါ သုဂတိဘုံဘဝကိုရရှိဖို့ အလွန်ခက်ခဲပါလိမ့်မယ်။ တကယ်လို့ လူအဖြစ်ကို တခြားကံ အထောက်အပံ့နဲ့ ရရှိခဲ့သည်ထား၊ ကြီးစွာသော ဆင်းရဲဒုက္ခမျိုးကို ခံစား ရမှာကတော့ ကေန်အမှန် ဖြစ်ပါတယ်။

အလှူဒါနပြုလုပ်သူဟာ စိတ်နှလုံးကို သိမ်မွေ့နူးညံ့ စေသည်သာမက ဒါနရဲ့ ကျေးဇူးမြို ပေးအပ်ခြင်းနဲ့အတူ

www.burmeseclassic.com

သီလဆောက်တည်ဖို့၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာပွားများဖို့ ပြင်ဆင်ပြီးသား ဖြစ်သွားတဲ့အတွက် ဘဝရဲ့ အေးချမ်းမှုကို ဆောင်နှင်းထားသူများပင် ဖြစ်ပါတယ်။

ဒါပေမဲ့ အပြစ်မကင်းတဲ့ လှူဒါန်းနည်းစနစ်မျိုးနဲ့ လှူဒါန်းပြီဆိုလျှင် ကောင်းကျိုးတစ်စုံတစ်ရာ ခံစားရမည် မဟုတ်ပါ။ ဥပမာ–ခိုးရာပါပစ္စည်း၊ လိမ်လည်ရယူထားတဲ့ ငွေကြေးပစ္စည်း၊ ကောက်ရတဲ့ပစ္စည်းတို့ကို လှူဒါန်းခြင်း၊ တစ်ဦးတစ်ယောက်ထံက ချေးငှားလှူတဲ့ အလှူမျိုးတွေဟာ လှူဒါန်းသူကို အကျိုးမပေးဘဲ မူလပစ္စည်းရှင်ကိုသာ အကျိုးပေးပါတယ်။ တီးမှုတ်ကခုန် သီဆိုကြည့်ရှုတာတွေဟာ ကာမဂုဏ်ကို ပေးလှူခြင်းဖြစ်လို့ ကောင်းကျိုးမပေးပါ။ အရက်ကြိုက်သူကို အရက်ပေးလှူတာ၊ ကာမမေထုန်ကိစ္စကို ပေးလှူတာ၊ သူတစ်ပါး အသက်ကို သတ်ပြီး အလှူဝတ်ပြုတာတွေဟာ မကောင်းကျိုးကိုသာ ရရှိခံစားရမှာဖြစ်ပြီး အသက်သတ်ခြင်းကြောင့် ငရဲဘုံတံခါးကို အလိုအလျောက် တွန်းဖွင့်မိလျက်သား ဖြစ်စေပါတယ်။ မလှူတတ်က သူမြတ်မဟုတ် ဆိုတာလို အကုသိုလ်ခြံရံမှုကင်းတဲ့ ကာမဂုဏ်ခြံရံမှုကင်းတဲ့ ဒါနမျိုးကသာ ဘောဂသမ္ပတ္တိနဲ့ ပြည့်စုံတဲ့ မင်္ဂလာတစ်ပါးရယ်ပါ။

ဒါကြောင့် ဒါနကျင့်ဝတ်ဟာ သံသရာခရီးသည် ပုထုဇဉ်တို့အတွက် အားကိုးအားထား မှီခိုရာဖြစ်ပါတယ်။ မိမိရဲ့ဥစ္စာဓနကို အနှစ်သာရသဖွယ် ရန်သူမျိုးငါးပါးမှ လွတ်မြောက်စေဖို့ သိုမှီးသိမ်းဆည်းထားခြင်းနဲ့လည်း တူပါတယ်။ သမန္တရ ပစ္စည်းအရ သံသရာနှင့် ထပ်တူထပ်မျှ ကောင်းကျိုးရရှိဖို့ စုဆောင်းခြင်းကြောင့် သံသရာတွင် ကျင်လည်နေသမျှ မိမိပိုင်ပစ္စည်း မိမိသာလျှင် ပြန်လည်ရရှိမှာဖြစ်လို့ လူ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ ပေါက်မြောက်နိုင်ပေလိမ့်မယ်။ ဒါနကျင့်ဝတ်ဟာ လောဘ ရန်သူကို အောင်မြင်ပြီး ကာမဝဋ္ဋ၊ ဥပါဒါန်ကို လွတ်လွတ်စွန့်လွှတ်မြင့်မြတ်တဲ့ မုတ္တစာဂီ အနုတ္တရော မည်ပါတယ်။

◆◆◆

လူအဖြစ်ရရှိထားတဲ့ ဘဝတစ်ခုတွင် တရားသဖြင့် ရှာအပ်တဲ့ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံကြွယ်ဝသူ၊ နှစ်ဖက်အမြင်ရှိသူတို့မှာ ထကြွလုံ့လကြောင့် ပိုင်ဆိုင်ရာ ပစ္စည်းဥစ္စာတွေကို ပေးလှူလေ့ရှိပါတယ်။ ဓမ္မ၊ အဓမ္မဖြင့် ဥစ္စာဓန ရှာဖွေတတ်တဲ့ တစ်ဖက်မြင်ပုဂ္ဂိုလ်၊ ပညာမျက်စိကန်းပြီး ပစ္စုပ္ပန်၊ တမလွန် နှစ်တန်အားဖြင့် ဆုံးရှုံးနေရတဲ့ ပုဂ္ဂိုလ် ဆိုပြီး မြတ်ဗုဒ္ဓက လူသုံးမျိုး ခွဲခြားဟောပြောခဲ့ပါတယ်။ နှစ်ဖက်မြင် ပုဂ္ဂိုလ်တို့မှာ မှန်မြတ်စွာ ပေးလှူခြင်းဖြင့် ကာလဒါန(၅)ပါးတွင်လည်း ကုသိုလ်မျိုးစေ့ စိုက်ပျိုးမည်သာ ဖြစ်ပါတယ်။

၁။ အာဂန္တုကဒါန–ဧည့်သည်ဖြစ်သော ရဟန်းကို လှူဒါန်းခြင်း၊

၂။ ဂမိကဒါန–ခရီးသွားဖြစ်သော ရဟန်းကို လှူဒါန်းခြင်း၊

၃။ ဂိလာနဒါန–နာဖျားသော ရဟန်းကို လှူဒါန်းခြင်း။

၄။ ဒုဗ္ဘိက္ခဒါန–ငတ်မွတ်ရှားပါးသော-ကာလ၌ လှူဒါန်းခြင်း၊

၅။ နဝသဿနဝဖလဒါန–ကောက်ဦး၊ သစ်သီးတို့ကို လှူဒါန်းခြင်းဆိုတဲ့ ကာလဒါန(၅)ပါးပါ။

ဒါနရဲ့ ဒိဋ္ဌဓမ္မအကျိုး (၅)မျိုးကိုလည်း မလွဲကေန် ရရှိခံစားရမှာ ဖြစ်ပါတယ်။

၁။ လူအပေါင်းတို့ ချစ်ခင်နှစ်သက်ခြင်း၊

၂။ သူတော်ကောင်းတို့ ဆည်းကပ်ခြင်း၊

၃။ ကောင်းမြတ်သော ကျော်စောခြင်းသည် ပျံ့နှံ့၍ တတ်ခြင်း၊

၄။ နတ်ပရိသတ်၊ မင်းပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်တို့ ချဉ်းကပ်သည်ရှိသော် ကြောက်လန့်ခြင်းမရှိဘဲ ရဲရင့်သည်ဖြစ်၍ မျက်နှာရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ချဉ်းကပ်ရခြင်း၊

၅။ ကိုယ်ခန္ဓာပျက်ပြား၍ စုတိကျသွားသော အခါ၌ ကောင်းမှုရှိသောသူတို့၏ စံပျော်ရာ နတ်ရွာနတ်ပြည်တွင် ဖြစ်ရခြင်း။

/ ထို့ကြောင့် ဒါနဆိုတာ မိမိ၊ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးကို ပြည့်ဝဝမ်းမြောက်စေပြီး ချမ်းသာခြင်းကို ဖော် ဆောင်ပေးပါတယ်။

ပြီးခဲ့တဲ့အောက်တိုဘာလကုန်ပိုင်းမှာ ကမ္ဘာ့လက်ရေ အကျော်အမော် ဖိလစ်ပိုင်နိုင်ငံသား ပက်ကွီယိုဟာ သူ မွေးရပ်ဇာတိမြေမှာ မရှိဆင်းရဲသားတွေအတွက် နေအိမ် (၁၀၀၀) ဆောက်လုပ်ပေးခဲ့တယ်ဆိုတဲ့သတင်း သူ ဖေ့(စ်)ဘုတ်စာမျက်နှာမှာ ဖော်ပြထားတာကိုလည်း မှ



www.burmeseclassic.com

www.burmeseclassic.com

သွားရပါတယ်။

အဲဒီသတင်းနဲ့ မနေ့မရှောင်းမှာဘဲ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အလှူဒါန အရက်ရောဆုံးနိုင်ငံအဖြစ် (၃) နှစ်ဆက်တိုက် သတ်မှတ်ခံရကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် C.A.F (Charities Aid Foundation) ပရဟိတအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း(၁၄၀)ကို စစ်တမ်းကောက်ယူပြီး ကမ္ဘာ့ပေးကမ်း လှူဒါန်းမှုအညွှန်းကိန်း(World Giving Index) အရ နံပါတ်(၁)နေရာမှာ ထားရှိခဲ့တာပါ။

ငွေကြေးဥစ္စာ ပေးကမ်းလှူဒါန်းခြင်း၊ စေတနာ့ဝန်ထမ်းခြင်း၊ တစ်ပါးသူကို အကူအညီပေးခြင်းဆိုပြီး အပိုင်း(၃)ပိုင်းခွဲကာ တစ်နိုင်ငံချင်းစီရဲ့ ပျမ်းမျှလူဦးရေ အချိုးအစားပေါ် မူတည်ကောက်ယူခဲ့ခြင်းဖြစ်ပြီး (၂၀၁၄)ခုနှစ်မှာ အမေရိကန်နဲ့ ပူးတွဲနံပါတ်(၁) (၂၀၁၅၊ ၂၀၁၆)ခုနှစ်မှာတော့ တစ်နိုင်ငံချင်း နံပါတ်(၁)နေရာမှာချည်း ရပ်တည်ခဲ့ပါတယ်။

'ဘယ်သူတွေဖျက် မပျက်ခဲ့ပါ ကမ္ဘာ ကမ္ဘာဝယ်×× အလှူရေစက် လက်နဲ့မကွာ စေတနာကြွယ်××× သဒ္ဓါမချို့လေတယ် မြန်မာတို့မြေဝယ်×××'

စသဖြင့် စွယ်စုံရ မင်းသားကြီးဝင်းဦး သီဆိုအောင်မြင်ခဲ့တဲ့ တေးသီချင်းစာသားလို မြန်မာလူမျိုးတွေအဖို့ ရှေးမဆွကပင် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာအရ ယုံကြည်စွာ လက်တွေ့ကျင့်သုံးနေဆဲပါပဲ။

ဒါန-အလှူ၊ လှူဖွယ်ဝတ္ထု၊ ကထာ-အယူဝါဒ ဆိုတဲ့ အနက်အဓိပ္ပာယ်အတိုင်း သဒ္ဓါညွှတ်ပျောင်း မောင်းနှင်လာခဲ့တဲ့ ဗုဒ္ဓဘာသာ မြန်မာတို့ရဲ့ အလှူဒါန စာမျက်နှာကတော့ ဟောင်းနွမ်းသွားဖွယ် မရှိပါ။ ဘာသာတရားယဉ်ကျေးမှု ဓလေ့ထုံးတမ်း စံတစ်ရပ်အဖြစ် မလွဲမသွေ တည်ရှိနေဦးမယ် ဆိုတာပါပဲ။

**ထက်ဘုန်းလူ**

<u>ကိုးကား</u>

* သဒ္ဓါလမ်းညွှန် (ဘဒ္ဒန္တစာရိတ္တဗုဒ္ဓိ)။
* ဓမ္မသုတလမ်းညွှန်စာစောင်။


**ဆရာဦးသိန်းဝင်း**
B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)
**ပြည်တော်စံ**
တိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော
အားနည်း၊ လေငန်း/လေဖြတ်၊
ကိုယ်ခံအားကျခြင်း၊
အကြောနှင့်ပတ်သက်သော ရောဂါများ
ကုသပေးပါသည်။
✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ
အထူးကုသပေးပါသည် ✤

**လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ**
လေဖြတ်မည့် လက္ခဏာများ
* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ၊ လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁:၀၀)နာရီမှ ညနေ(၄:၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုးလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)
☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄


www.burmeseclassic.com

www.burmeseclassic.com

**ပြိုတ္တာဖြစ်သွားသူ**

ဟိုတုန်းက ယနေ့ခေတ်လို စက်တပ်သင်္ဘောတွေ မရှိသေးတော့ ရွက်သင်္ဘောတွေနဲ့ သွားလာကြရတယ်။ လှော်တက်ကြီးတွေခတ်ကာ ရေလမ်းခရီးသွားကြ လာခဲ့ကြရလေတယ်။ တစ်နေရာမှ တစ်နေရာ၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကုန်သွယ်ရောင်းဝယ် သွားလာကြရာဝယ် ပင်လယ်ရေကြောင်းခရီးကို အဓိကအားပြုကြရတယ်။

လေကြောင်း၊ ရေကြောင်း ကောင်း၍ ရွက်ကုန်ဖွင့်ကာ ပင်လယ်ခရီးနှင်နေသော ရွက်လှေကြီးတစ်စင်းဟာ ပင်လယ်လှိုင်းလုံးကြီးများအကြားမှာ တလူးလူး တလိမ့်လိမ့် ရှိနေပါတော့တယ်။ ရွက်သင်္ဘောကြီးပေါ်မှာတော့ ကုန်ပစ္စည်းမျိုးစုံနဲ့တကွ သာဝတ္ထိပြည်သား ကုန်သည်များနဲ့

# ကျွန်းကလေးပေါ်မှာ နှစ်ယောက်တည်း

**မုံရွာ နေဇော**





www.burmeseclassic.com

www.burmeseclassic.com

ပါဠလိပုတ်ပြည်သား ကုန်သည်များ စုပေါင်းပါဝင်လာကြလေတယ်။ သုဝဏ္ဏဘူမိသို့ ကုန်ရောင်းဝယ်ရန် ရေးရှွက်လာကြခြင်း ဖြစ်ပေတယ်။

ရွက်သင်္ဘောပေါ်မှာ ပါလာတဲ့ သာဝတ္ထိပြည်သား ကုန်သည်တစ်ဦးဟာ မကျန်းမမာ ဖြစ်နေလေရဲ့။ သူဟာ သူ့ရဲ့ မြို့ရွာမှာရှိနေစဉ် အလျှုဒါန လက်ကမကမ်းဘာ ကုသိုလ်ကောင်းမှု ပြုနေသူပါပဲ။ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ခရီးမှာ ကျန်းမာရေးချို့ယွင်းလာချိန်မှာ သူ သတိအရဆုံးက အိမ်မှာ ကျန်ခဲ့တဲ့ ချစ်ဇနီးလေး၊ အိမ်သူသက်ထား မယားလေးကိုသာ သတိရတမ်းတ လွမ်းဆွတ်နေပါတော့တယ်။ အိမ်မှာဆိုရင် ဇနီးအလိမ္မာလေးက ပြုစုယုယ ဆေးကုသပေးမှာကိုတွေးရင်း တရေးရေးမြင်ယောင်နေမိပါတယ်။ ချစ်မယားလေးကို စွဲလမ်းစိတ်နဲ့ လွမ်းရလေလေ ခံစားနေရတဲ့ အဖျားရောဂါက သည်းလာလေလေ ဖြစ်နေရှာပေတယ်။

သူ့ရဲ့အတွေးထဲမှာ 'ငါများ သေသွားခဲ့ရင်၊ ငါ မရှိတော့ရင် ငါ့မယားလေးခမျာ' လို့ တွေးတောငေးမောနေလေတော့တယ်။

သူ့ရဲ့ အတွေးအာရုံထဲမှာ ချစ်မယားလေးရဲ့ ပုံရိပ်သာ လျှင် တဝဲလည်လည် ရှိနေပါတော့တယ်။

အတွေးရဲ့နှိပ်စက်မှု၊ ရောဂါရဲ့ ပြင်းထန်လာမှုကြောင့် သက်သာလာခြင်းမရှိဘဲ မကြာခင်မှာပဲ အသက်ခန္ဓာစဲ၍ သေပွဲဝင်သွားရရှာလေသတည်း။

အမှန်မှာဆိုရင်တော့ ပါဠလိပုတ်ပြည်သား ကုန်သည်ယောက်ျားဟာ သူပြုခဲ့တဲ့ ကုသိုလ်အဟုန်ကြောင့် စတုမဟာရာဇ် တာဝတိံသာ စတဲ့နတ်ဘုံတွေမှာ ရောက်ရှိခံစားရမှာပေါ့။ ဒါပေမဲ့ သူဟာ သေခါနီးအချိန်မှာ အဲဒီကုသိုလ်ကောင်းမှု ပြုခဲ့တာတွေကို သတိမရဘဲ မယားကိုသာ စွဲလမ်းတမ်းတစိတ်နဲ့ ကွယ်လွန်သွားတာကြောင့် ပင်လယ်ရေတွေ ရစ်ဝိုင်းနေတဲ့ ကျွန်းတစ်ကျွန်းမှာ ဝေမာနိကပြိတ္တာ ဖြစ်သွားလေရဲ့။

ဒီနေရာမှာ ပြိတ္တာနဲ့ပတ်သက်လို့ ဗုဒ္ဓစာပေကျမ်းဂန်တွေမှာ ဥပမာ–ပေတဝတ္ထုပါဠိတော် ပြိတ္တာပေါင်းမြောက်မြားစွာရှိပါတယ်။ ထင်ရှားတဲ့ ပြိတ္တာလေးမျိုး၊ ပြိတ္တာဆယ့်နှစ်မျိုးတို့လည်း အဋ္ဌကထာ၊ ဋီကာကျမ်းတွေမှာ ပြထားပါတယ်။

ဒီမှာ ဝေမာနိကပြိတ္တာဆိုတာ ဒုက္ခတစ်လှည့် သုခတစ်လှည့် ခံစားနေရတဲ့ ပြိတ္တာမျိုးလို့ သုတေသနသရုပ်ပြ အဘိဓာန်ကျမ်းမှာ ပြဆိုပါတယ်။ ဖန်ဆင်းနိုင်တဲ့ တန်ခိုးတော့ ရှိလေရဲ့။

ပါဠလိပုတ်က ကုန်သည်ဟာ သေသွားပြီးနောက် ပြိတ္တာဘဝ ရောက်ရှိနေသော်လည်း မယားကို စွဲလမ်းတဲ့ စိတ်က ပျောက်မသွားပါဘူး။ မယားကိုလည်း သံယောဇဉ် အစွဲအလမ်းကြီးကာ တမ်းတမ်းတတ လွမ်းဆွတ်သော ရှိနေပါတော့တယ်။

<u>**အတွဲညီသော ဇနီးမောင်နှံ**</u>

သူတို့လင်မယားဟာ မောင်တစ်ထမ်း မယ်တစ်ရွက် စကားအတိုင်း လိုက်ဖက်ညီတဲ့ လင်မယားပါပဲ။ မယားကလည်း ကူးသန်းရောင်းဝယ်ရေးကိစ္စတွေမှာ ကျွမ်းကျင်လိမ္မာပေရဲ့။ မောင်ခရီးသွားနေရင် မယ်က အိမ်မှာ အလကားမနေ။ ကုန်တွေ စုဆောင်းခြင်း၊ ကြွေးတောင်းခြင်း စတဲ့အလုပ်တွေ လုပ်ရတယ်လေ။ တစ်ခါတစ်ရံမှာလည်း မောင်နှံစုံ ခရီးအတူထွက်ကြတယ်။ တစ်ခါတလေကျတော့ လင်နဲ့မယား အတူတူခရီးသွားတာတွေလည်း ရှိပေတယ်။

ဒါကြောင့် လင်သေဆုံးသွားပေမယ့် စီးပွားရေးအခြေမပျက်ပါဘူး။ မယားတစ်ယောက်တည်း ကူးသန်းရောင်းဝယ်ရေးကိစ္စတွေ ဆက်လက်ဆောင်ရွက်နေလေရဲ့။ ယခုလည်း ကုန်သွယ်ရွက်လှေ ကြုံတဲ့အတွက် သုဝဏ္ဏဘူမိဘက်သို့ ကုန်သွယ်ရေးခရီး ထွက်ခဲ့ပါပြီ။ ထုံးစံအတိုင်း ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်မှာ သွားရတဲ့ခရီးပါ။

ထိုအခိုက် ပြိတ္တာဖြစ်နေတဲ့ လင်ယောက်ျားဟာ သူနေတဲ့ ကျွန်းသောင်စပ်ကနေပြီး ပင်လယ်ပြင်ကြီးကို အလွမ်းပြေ ကြည့်နေလေရဲ့။ ပင်လယ်လှိုင်းလုံးကြီးတွေကတော့ ကမ်းစပ်သို့ ပြေးရောက်လာလိုက်၊ ပြန်ကျသွားလိုက်ပေါ့။ သူ့ရင်ထဲက အလွမ်းလှိုင်းလုံးကြီးတွေကလည်း တက်လိုက် ကျလိုက်နဲ့ ဖိုလှိုက်နေဆဲပါပဲ။

'ဟောဟိုမှာ ကုန်သည်ရွက်လှေကြီးတစ်စင်း .လာနေပါလား'

သူ အဝေးသို့ မျှော်ကြည့်နေရင်း လှေကြီးတစ်စင်းကို တွေ့မြင်သွားတယ်။

မှန်းစမ်း၊ လှေပေါ်မှာ ဘယ်သူတွေ ပါသလဲ။ ပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးနဲ့ လှမ်းကြည့်လိုက်တဲ့အခါ အလားလား..လှေပေါ်မှာ သူ့ရဲ့ဇနီးလေး ပါလာပါလား။ မယ်သစ္စာ ဆိုပါစို့။ တွေ့မြင်တဲ့သူက ကိုမေတ္တာ ဆိုပါစို့။ (ပြောရ မှတ်ရ လွယ်အောင် နာမည်တွေ ပေးထားလိုက်ကြစို့။ စာပေထဲမှာတော့ ဘယ်သူဘယ်ဝါ နာမည်မပါပါဘူး။)

**ကိုမေတ္တာကြီး အကြံထုတ်လေပြီ**

ချစ်ဇနီးပါလာတဲ့ ရွက်လှေကြီးကို တွေ့ရပြီးတဲ့နောက် ကိုမေတ္တာရဲ့စိတ်တွေ လှုပ်ရှားလာပါတယ်။ ရင်ခုန်သံတွေ မြန်လာတယ် ဆိုပါတော့။ ချစ်ဇနီးဟောင်းနဲ့ အကြောင်းဆက်နိုင်အောင် ဘယ်လိုကြံရပါ့မလဲ။

ကိုမေတ္တာ အကြံရသွားတယ်။ ဟုတ်ပြီ၊ ဒီအကြံအစည်ကို အကောင်အထည်ဖော်ရမယ်။ လှေကြီးကို ရှေ့သို့လည်း ဆက်ထွက်မရ၊ နောက်သို့လည်း ပြန်ဆုတ်မရအောင် ဝဲလည်နေအောင် လုပ်လိုက်ပါတော့တယ်။

ရွက်လှေကြီး ခရီးဆက်ထွက်မရသောအခါ လှေပေါ်မှာ ပါလာတဲ့လူအားလုံး ထိတ်လန့်တုန်လှုပ်သွားကြလေပြီ။ ဘယ်လိုဖြစ်ပါလိမ့်၊ ဘာအန္တရာယ်ရှိပါလိမ့်။

ဒီအခါ ပင်လယ်ပြင်သွား လှေသင်္ဘောသမားတို့ ရှေးအယူအဆအရ သူတို့လှေပေါ်မှာ ကံဆိုးသူ တစ်ယောက် ပါနေလို့သာ ဒီလိုဖြစ်ရတာဟု အဖြေရကြတယ်။ ဒီတော့ကာ ဧကန္တ တို့လှေပေါ်မှာ ကံဆိုးသူရှိနေပြီ။ တစ်



ယောက်အတွက်နဲ့ အားလုံးရဲ့အသက် အသေမခံနိုင်။ တစ်ယောက်ယောက်ရဲ့ အသက်နဲ့ အားလုံးရဲ့အသက် လဲရမယ်။ ကံဆိုးသူ မဲချကြစို့။

အားလုံး သဘောတူကာ မဲချရန် စီမံကြလေတယ်။ ပြိတ္တာဖြစ်နေတဲ့ ကိုမေတ္တာ ကြိတ်၍ပြုံးမိတယ်။ ငါ့ရဲ့စီမံချက်ထဲ ကွက်တိဝင်လာပြီလို့ သဘောကျနေပါပြီ။ လူးလိမ့်နေသော လှေကြီးပေါ်မှာ ကံဆိုးသူ မဲနှိုက်ကြလေပြီ။

ကိုမေတ္တာက ဇနီးဟောင်း မယ်သစ္စာ မဲနှိုက်တဲ့အခါမှာ ကံဆိုးသူမဲကို ကျလေအောင် တန်ခိုးဖြင့် မှုတ်ပေးလိုက်တယ်။ ကံဆိုးသူမဲဟာ ဇနီးဟောင်း မယ်သစ္စာလက်ထဲသို့ ပါသွားပြီး ထုံးစံက မဲကျသူကို ပင်လယ်ထဲသို့ ချပြီး စတေးရန် ဖြစ်ပါတယ်။

စတေးဆိုတာ သေလူ အသေခံသူ ယဇ်ပူဇော်ခြင်းဖြစ်တယ်။ ရှေးက ဆည်တွေ တည်ဆောက်ရာမှာ၊ ရေကန်ကြီးတွေ တူးဖော်ရာမှာ အနှောင့်အယှက် အခက်အခဲတစ်ခုခုကြောင့် အောင်မြင်မှုမရရှိသော် လူတစ်ယောက်ယောက် (သို့မဟုတ်) ကျွဲ၊ နွား စသော တိရစ္ဆာန် တစ်ကောင်ကောင်ကို စတေးပစ်ရလေ့ရှိခဲ့တယ်။ ရှင်မအောင်ဖြူ ဇာတ်လမ်း၊ စောမွန်လှတို့ ဇာတ်လမ်းတွေ ရှိပေတယ်။ (စကားချပ်)

ကံဆိုးမဲကျသူဟာ မိန်းမသားဖြစ်နေလို့ ငဲ့ညှာသောအားဖြင့် (၃)ကြိမ်တိတိ မဲချတဲ့အခါမှာ မယ်သစ္စာချည်း (၃)ကြိမ်တိတိ ကျခဲ့တယ်လေ။

လင်ပြိတ္တာ ကိုမေတ္တာက တန်ခိုးနဲ့ လုပ်လိုက်တာကိုး။

'ကိုင်း..ရှင်မ၊ သင့်ကို ငါတို့ မသနားလို့တော့ မဟုတ်ပါ။ ငါတို့ရဲ့အသက်ဟာ သင့်ရဲ့လက်ထဲမှာ တည်ရှိနေတဲ့အတွက်ကြောင့် အခုလို လုပ်ရမှာပါ။ တို့နဲ့အတူ သွားလာဖို့ နတ်တွေက မကြိုက်တဲ့အတွက် သင့်အား ငါတို့မှ သီးခြားသွားနိုင်အောင် စီစဉ်ပေးပါ့မယ်'

ဝါးဖောင်လေးတစ်ခု ပြုလုပ်ကာ ဝါးဖောင်ပေါ်မှာ မယ်သစ္စာကို တင်ပြီး ပင်လယ်ထဲသို့ ပစ်ချလိုက်ကြလေသတည်း။

◆◆◆

မယ်သစ္စာ မဆော်ပါ။

အဘယ်ကြောင့်ဆိုသော် အဖြေက ရှင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝေဓာနိကပြိတ္တာဖြစ်နေတဲ့ လင်ဟောင်း ကိုမေတ္တာ ... မယားဟောင်း မယ်သစ္စာကို သူ့နေရာသို့ ပွေ့ယူခေါ် ...ောင်သွားပါသတည်း။

**...လေးပေါ်မှာ နှစ်ယောက်တည်း**

ကိုမေတ္တာဟာ သူရဲ့အကြံအစည် အောင်မြင်သွားလို့ ...ပျော်ကြီးပျော်နေပါပြီ။ မယားဟောင်းနဲ့ ပေါင်းဖက်ကာ ...ချစ်ရည်လူးကြည်နူးစွာ ပျော်မြူးနေရတဲ့အတွက် အပျော် ...ကြီး ပျော်နေပါပြီ။ လောကကြီးကိုတောင် မေ့နေဟန်ပင်။ ...မယားဟောင်းလို့ ပြောရတာက ဘဝချင်းခြားသွားတာ ...ကြောင့် ဖြစ်ပေတာယ်။)

- လင်ကလည်း ပျော်တပြုံးပြုံး၊ မယားကလည်း ရွှင် ...ပြုံးပြုံး အပြုံးချင်းပြိုင် ဘယ်တော့မှ မမုန်းနိုင် ဖြစ်နေ ...ကြလေရဲ့။

ရက်ကို လစား၊ လကို နှစ်စားကာ တစ်နှစ်ပင်ကျော် ...သွားပေပြီ။

ကိုမေတ္တာနဲ့ မယ်သစ္စာက ကြာတယ် မထင်ပါ။ ...ချိန်တွေဟာ မြန်လိုက်တာလို့ပင် ထင်ကြတဲ့အထိ။

သို့သော်လည်း အချစ်ဆိုတာ ကြာလျှင် ရိုးအီသွား ...တတ်တဲ့သဘော ရှိတယ်မဟုတ်ပါလား။

မယ်သစ္စာ မပျော်တော့။ ပြိတ္တာနဲ့ လူသားတို့ရဲ့ ...ခြားနားချက်ကို တွေးမိတိုင်း ရင်ထဲမှာ မကောင်းချေ။ ...သစ္စာ ဉာဏ်ထဲသို့ အသိဉာဏ်တစ်ချက် လင်းလက် ...တယ်။

လူ့ဘဝဆိုတာ ရခဲတယ်။ ရခဲတဲ့ လူ့ဘဝ ရရှိခိုက်မှာ ...ဖြူနီးဘ် လူဖြစ်ကျိုးနပ်အောင် တန်ဖိုးရှိတဲ့ ကုသိုလ် ...ကို ပြုမှ တော်ပေမယ်။ ဆက်လက်နေလို့ မသင့်လျော် ...တဲ့ အသိဉာဏ်အလင်းပါ။

မယ်သစ္စာရဲ့ ပြောင်းလဲသွားတဲ့ အမူအရာ အနေ ...ကို အကဲခတ်မိတဲ့ ကိုမေတ္တာက မေးတော့တာ ... ဒီအခါ မယ်သစ္စာက အကြောင်းစုံပြောပြ တောင်း ...တော့တယ်။

'...ောင်··မောင့်ဗိမာန်မှာ မောင့်ရဲ့ပြုစုယုယမှုအောက် ...ောင်နဲ့အတူနေခဲ့ရတာ ပျော်ပါတယ်။ သို့သော်လည်း ...တစ်လုံး နေသွားလို့ မဖြစ်နိုင်ပါ။ ဘဝချင်း မတူတာ ... ပြီးတော့ ကုသိုလ်ကောင်းမှု မပြုရတာရယ်တွေ ...ကြောင့် ဆက်ပြီးမနေချင်တော့ပါ။ ကုသိုလ်အလှူဒါနတွေ ပြုရန် ပါဋ္ဌလိရပ်ဌာနသို့ ပြန်ပို့ပေးပါတော့ မောင်ရယ်'

မယ်သစ္စာရဲ့ တောင်းပန်ချက်ကို ကိုမေတ္တာ အလေး အနက် စဉ်းစားရလေပြီ။ မယ်သစ္စာကို ချစ်တာ အမှန်ပါ။ ချစ်ရင် ချစ်သူအကြိုက်ကို လိုက်လျောရမှာ မဟုတ်ပါလား။

ကိုမေတ္တာဟာ မယ်သစ္စာရဲ့ တောင်းဆိုချက်ကို လိုက်လျောလိုက်ပါပြီ။

'ချစ်နှမ··သင့်ရဲ့ဆန္ဒကို လိုက်လျောခွင့်ပြုပါတယ်။ မောင့်အတွက်ကိုပါ ကုသိုလ်ဒါန ပြုပေးပါလော့'လို့ မှာ ကြားပြီးနောက် ချစ်ဇနီးမယ်သစ္စာကို ပွေ့ချီကာ ကောင်း ကင်ခရီးနဲ့ ခေါ်ဆောင်သွားပြီး ပါဋ္ဌလိပုတ်မြို့အလယ်မှာ ချထားခဲ့ပြီး ပြန်သွားလေတော့တယ်။

**သေသောမိန်းမ ပြန်ရှင်လာသလော**

ပါဋ္ဌလိပုတ်မြို့လယ်ကောင်မှာ မယ်သစ္စာကို ရုတ်တ ရက်ကြီး တွေ့မြင်ကြတဲ့အခါ လူတွေ ရုတ်ရုတ်သဲသဲဖြစ် သွားကြတယ်။ လူထူးလူဆန်းကို တွေ့လိုက်ရသလို အံ့သြ မဆုံး ဖြစ်နေကြတယ်။

'မိတ်ဆွေတို့၊ ဒီမိန်းမကို ပင်လယ်ထဲ ပစ်ချစေးလို့ သေရှာပြီလို့ ငါတို့ကြားတယ်။ အခု အသက်မသေဘဲ ပြန်ရောက်လာတာ တကယ်အံ့သြစရာပဲ။ ထူးဆန်းလိုက် တာ။ အံ့ဖွယ်ထူးဆန်း ဖြစ်ရပ်ပါပဲ'

မယ်သစ္စာက သူရဲ့ လင်ယောက်ျားနဲ့ တွေ့ရဆုံရပုံ အလုံးစုံကို ဖြစ်ကြောင်းကုန်စင်ကို လူအများအား ပြောပြ လိုက်လေတယ်။

ပရိသတ်ထဲမှာ ကိုမေတ္တာကိုသိတဲ့ သာဝတ္ထိမြို့သား ကုန်သည်များလည်း ပါလေရာ သူတို့ သာဝတ္ထိပြည် ပြန် ရောက်သွားကြတဲ့အခါ ဒီအကြောင်းကို မြတ်စွာဘုရား အား လျှောက်ထားကြသတဲ့။

မြတ်စွာဘုရားက-

ကုသိုလ်ဒါနရှိသော်လည်း မယားကိုစွဲလမ်းတဲ့ ဥပါ ဒါန်ကြောင့် ဝေဓာနိကပြိတ္တာမျိုးမှာ ဖြစ်ရတဲ့ အတ္ထုပ္ပတ္တိ ဇာတ်ကြောင်းကို နောင်လာနောက်သားများ မှတ်သား သင်ခန်းစာယူဖို့ ဟောကြားတော်မူခဲ့တယ်။

**မုံရွာ နေဇာ**

*(ပေတဝတ္ထု အဋ္ဌကထာ မဟာဝဂ်၊ ပါဋ္ဌလိပုတ္တ ပေတိ ဝတ္ထုကို တန်ဆာဆင် ရေးသားပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

# ဖျာပုံ ရည်လွင်အောင်

## ပဝေါဆံ့ ခမ္မွလကာဆောင်



လောကတွင် ဆိုရိုးစကားတစ်ရပ်ရှိသည်။ ဤသည်ကား ပျော်ရာမနေ တော်ရာ
ဟူသော စကားရပ်ပင် ဖြစ်သည်။

ဤစကားအတိုင်းပင် စာရေးသူသည် ပျော်ရာအရပ်ဒေသ မဟုတ်သော ယ
ခေတ္တနေထိုင်ရာ ဒေးဒရဲမြို့နယ်အပိုင် မာတလီ အမည်ရှိ ကျေးရွာလေးသို့ ပြောင်းရွှေ
နေထိုင်ခဲ့ရသည်။

မာတလီကျေးရွာလေးသည် တကယ့်ကို အနေအထိုင် ဆင်းရဲလှသော ရွာ
ကလေးဖြစ်ပြီး မူလစာရေးသူ နေထိုင်ရာ ဖျာပုံမြို့နယ်နှင့် (၁၀)မိုင်ကျော် ဝေးကွာပြီ
အနီးဆုံးဟု ဆိုရပါသော ဒေးဒရဲမြို့နှင့်ပင် (၆)မိုင် (၂)ဖာလုံမျှ ဝေးကွာလျှ
ရှိသည်။

ဤရွာတွင် လျှပ်စစ်မီးမရှိ၊ ဖတ်စရာစာအု
အငှား၊အရောင်း လုံးဝမရှိ၊ စာဖတ်သူလည်း
စာအကြောင်းလည်း မသိ။ ထို့ကြောင့် စာပေ
ပတ်သက်လို့ ဆွေးနွေးစရာဟူ၍ မရှိ။

၀

www.burmeseclassic.com

www.burmeseclassic.com

ဤရွာတွင် နေထိုင်လျက် ရှိသူတို့သည်ကား ကိုယ်ကျိုး လယ်ယာစိုက်ပျိုး လုပ်ကိုင်သူများထက် ငါးရှာ၊ ငှက်ရှာ၊ စာရင်းငှားလုပ်၊ အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက် အလုပ်များနှင့်သာ ပျော်မွေ့သူများလှသော ရွာကလေးဖြစ်သည်။ ဤသို့သော အသိပညာရေ အတတ်ပညာအားဖြင့်ပါ ခေါင်းပါးလွန်းသော ရွာကလေးတွင် နေထိုင်ရသည့် စာရေးသူအဖို့ ဘယ်လိုမှ မပျော်နိုင်။

မတောက်တခေါက် ပညာလေးဖြင့် ငါသိ ငါတတ် ငါသာမြတ် ဟူသော အတွေးတွေဖြင့် အရက်ဝိုင်းတွင် ငြင်းခုံကြမှုတွေက မြင်ရ,မြင်ရ ရင်ဝ မသက်သာဟူ၍ ဆိုရမလောက်ပင် ရှိချေ၏။ ဤသို့သောဒေသမှာ မပျော်သော်လည်း စာရေးသူမှာ အကြောင်းကြောင်းကြောင့် နေနေရသည်မှာ စိတ်မသက်သာလှ။ ဤကဲ့သို့ စိတ်မွန်းကျပ်သည့်အခါတိုင်း စိတ်ရဲ့ ထွက်ပေါက်ကိုရှာဖို့ ဖျာပုံကို သော်လည်းကောင်း၊ ဒေးဒရဲကိုသော်လည်းကောင်း ဆိုင်ကယ်ကိုမောင်းရင်း ခရီးပြင်းနှင်ခဲ့ရသည်က အကြိမ်ကြိမ်။ ကြားထဲ မိသားစုအရေးတွေကလည်း ဟိုလိမ်ဒီလိမ်၊ ပျော်စရာအချိန်ဟူ၍ ကျွန်တော့်မှာ မရှိခဲ့။

ဤလိုဖြင့် နေလာခဲ့ရင်းမှ တစ်နေ့ စိတ်ထွက်ပေါက် ရှာရင်း ဒေးဒရဲသို့ ဆိုင်ကယ်တစ်စီးဖြင့် ထွက်လာခိုက် ချောင်းကုန်းတံတားအလွန်တွင် အင်မတန်မှ အိုမင်းရင့်ရော်လှပြီဖြစ်သော လူသူတော်ကြီး တစ်ယောက်ကို နွေးကွေးသော ခြေလှမ်းများဖြင့် လှမ်းလျှောက်ရင်း ခရီးဆက်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့လိုက်ရသည့်အတွက် ဆိုင်ကယ်ကို အသာရပ်ရင်းက 'အဘက ဘယ်ကိုသွားမလဲ' ဟူ၍ ချိုသာပျော့ပျောင်းစွာ စာရေးသူက လှမ်းမေးလိုက်ရင်း မိတ်ဆွေဖွဲ့လိုက်မိသည်။

'အဘလား ဒေးဒရဲက ရွှေဘုန်းပွင့် သံတန်ဆောင်းဘုရားကြီးကို သွားမလို့ပါကွယ်။ လူလေးကရော'

'ကျွန်တော်လည်း ဒေးဒရဲသွားမလို့ပါပဲ အဘ' ဟု ပြန်လည်တုံ့ပြန်ပြောဆိုရင်း လူသူတော်စင်ကြီး အဘအိုအား စာရေးသူနှင့် တစ်ပါတည်းလိုက်ခဲ့ရန် ဖိတ်ခေါ်လိုက်မိလေသည်။

'သာဓု..သာဓု..သာဓုပါ လူလေးရယ်'

သာဓုတွေ အကြိမ်ကြိမ်ခေါ်ရင်း စာရေးသူဆိုင်ကယ်ရဲ့ အနောက်မှ ဘုရားစာတွေ ရွတ်ဆိုရင်း လိုက်ပါလာတဲ့ လူသူတော်စင် အဘိုးအိုကြီးကို တင်ဆောင်ခွင့်ရလိုက်သည့်အတွက် ရင်မှာကြည်နူးမှုတွေ ဖြစ်ပေါ်ခဲ့ရသလို စိတ်၏ မွန်းကျပ်မှုတွေလည်း အတန်ငယ် ပြေပျောက်၍သွားရလေတော့သည်။

'လူ့ဘဝဆိုတာ အမြဲတမ်း မွန်းကျပ်စရာတွေနဲ့ ပြည့်နေတတ်တဲ့ နေရာတစ်ခုပါ လူလေးရယ်။ ဒါတွေကို တရားသဘောနဲ့ရှုမှတ်။ အဲဒီအခါမှာ နားလည်ခွင့်လွှတ်တတ်လာလိမ့်မယ်။ ဒါဟာ စိတ်ရဲ့ထွက်ပေါက်နေရာ တစ်ခုပါပဲ လူလေး' ဆိုတဲ့ သူတော်စင်ကြီးရဲ့စကားက ကျွန်တော့်ရင်ထဲ ရှိနေသမျှသော မွန်းကျပ်မှုတွေကို သိနေသည့်အလားပင်။

'ဟုတ်ကဲ့ အဘ'

'အေးလေ၊ တရားမှတ်၊ တရားမှတ်။ တရားသာလျှင် အမြတ်ဆုံး၊ စကားမတတ်သူတွေနဲ့ မတုန့်ကွယ့်' ဟူသော စကားများဖြင့် တစ်လမ်းလုံး သင်ပြလာမှုတွေက ကျွန်တော့်စိတ်ကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့တာတော့ အမှန်ပင်ဖြစ်သည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် ရွှေဘုန်းပွင့်ဘုရားသို့ ရောက်ရှိခဲ့ပါသည်။

ဘုရားရှင်ကို ဝတ်ပြုပြီး လူသူတော်စင်ကြီးက-

'လူလေးက ဒီအရပ်က မဟုတ်ဘူးနော်'

'ဟုတ်ကဲ့ အဘ၊ ကျွန်တော်က ဖျာပုံကပါ။ ဒီကို ဒီနှစ်မှ ရောက်လာတာပါ'

'အေးလေ..ဘယ်နှစ်ကရောက်ရောက်၊ ဘယ်တုန်းကရောက်ရောက်၊ ဘာအကြောင်းနဲ့ရောက်ရောက် ရောက်ချင်သလိုသာရောက် လူ့ဘဝတစ်လျှောက်မှာ လူတွေဟာ လျှောက်နေကြတဲ့သူချည်းပါပဲကွယ့်။ အဲဒီလို လျှောက်နေတဲ့ ခရီးထဲမှာမှ ခရီးကောင်းကို ရွေးတတ်အောင် ကြိုးစားရလိမ့်မယ်'

'ဟုတ်ကဲ့ အဘ'

'အေး..အဘလည်း လျှောက်နေတာပဲ။ ဒီက ပြီးလည်း အဘလည်း ဆက်လျှောက်ရဦးမယ်။ မဆုံးသော ခရီးရှည်ကြီးကိုပေါ့ လူလေးရယ်'

'ဟုတ်ကဲ့ အဘ၊ ဒါနဲ့ ဒီက ပြီးရင် အဘ ဘယ်ကို ခရီးဆက်လျှောက်မယ် ဆို[illegible]လေး'

'အဘလား၊ အင်း..ပြောရမယ်ဆိုရင်တော့ [illegible]သရာ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ပေါက် တံခါးဝအရောက်အထိပဲ ဆိုပါတော့ကွယ်' ဟူသည့် စကားက သူ့သွားမယ့် ခရီးအား အသိပေးသွားလိုဟန် မရှိသည်မှာ သေချာလျက်ရှိသည်။

'ဟုတ်ကဲ့ အဘ၊ ဒါနဲ့ တစ်ဆိတ်လောက် အဘနာမည်နဲ့ အဘကို အကြောင်းရှိရင် တွေ့နိုင်မယ့် နေရာလေးများ'

'ဪ..မင်းက အဘကို တွေ့ချင်သေးသပါ့ကိုး။ တွေ့ချင်သပါ့ဆို အချိန်ကျရင် တွေ့ရစေမပါ့ပေါ့ကွယ်။ အေး..သံသရာမဆုံးသမျှတော့ အကြိမ်ကြိမ်မက တွေ့နေကြရဦးမှာပါ။ အဘနာမည်ကတော့ လူလေးပဲ ပေးပြီးသားလေ' ဆိုတဲ့ စကားကြောင့် စာရေးသူမှာ တစ်ချက်တွေခနဲ ဖြစ်သွားခဲ့ရသည်။

မှန်သည်။ ကျွန်တော် ဘယ်သောအခါကမှ နာမည်မပေးခဲ့ဖူး။ မပေးဖြစ်ခဲ့သေးဆို အဘနှင့် ဆုံတွေ့ချိန်က (၂)နာရီခန့်ပင် မပြည့်တတ်သေး။ ဒါကြောင့် လူသူတော်စင်ဟူသော အမှတ်မှအပ ကျွန်တော့်မှာ အမည်ပိုနာမ်စား တစ်လုံးမှ မသုံးမိ။ ဒါဆို အဘက လူသူတော်စင်ဆိုတဲ့ နာမ်စားကို ရည်ညွှန်းရော့လေသလား။

'ဟား..ဟား..ဟား..မင်း တော်တယ်၊ မင်း တော်တယ် လူလေး။ မင်း သိပ်တော်တယ်။ တစ်နေ့ မင်းဟာ သိပ်တော်တဲ့ လူတစ်ယောက်လည်း ဖြစ်ကို ဖြစ်လာစေရမယ်လို့လည်း အဘ ရဲရဲအာမခံတယ်'

ကျွန်တော့်ခေါင်းကိုပုတ်လျက် အားပါးတရ ပြောနေတဲ့ အဘလူသူတော်စင်ကြီးကို ကျွန်တော် ငေးမောရင်း ကြည်ညိုလေးစားစွာ ကြည့်နေခိုက်-

'ဘာလဲ၊ လူလေးက အံ့ဩနေလား။ မအံ့ဩနဲ့ကွ၊ လောကမှာ မအံ့ဩစရာဆိုလို့ ဘာမှမရှိဘူး။ အခု တို့နှစ်ယောက်ဆုံတယ်။ ဒါလည်း အံ့ဩစရာပဲ။ ဟော..မကြာဘူး၊ ခွဲကြရဦးမယ်။ ဒါလည်း အံ့ဩစရာပဲ။ လူဆိုးတွေလည်း မထင်မှတ်ဘဲ လူကောင်းဖြစ်သွားတယ်၊ ဒါလည်း အံ့ဩစရာပဲ။ လူကောင်းတွေလည်း မထင်မှတ်ဘဲ မရည်ရွယ်ဘဲ လူဆိုးဖြစ်သွားတယ်။ ဒါလည်း အံ့ဩစရာပဲ။ ဒါတွေ ဒါတွေထက် အံ့ဩစရာကောင်းတာကတော့ တရားရဲ့ အနှိုင်းမရှိ ထူးခြားမှုတွေက ပိုအံ့ဩလောက်တယ်။ လက်တွေ့လုပ်ကြည့်လေ၊ အံ့ဩစရာတွေ များလေလေပဲ။ ဒါကြောင့် လူလေးလည်း လက်တွေ့လုပ်ကြည့်ရမယ်။ လူလေးရဲ့ ဘဝအမောတွေ၊ မွန်းကျပ်မှုတွေ အစရှိ

တဲ့ အရာတွေအားလုံးရဲ့ ထွက်ပေါက်ဟာ တရားတော်မှာ ရှိလေရဲ့။ ဒီရှိတဲ့ တရားတော်ဟာ အနှိုင်းမဲ့ချမ်းသာမှုကို ပေးစွမ်းနိုင်တဲ့ တရားတော်ပဲ။ တစ်နည်းအားဖြင့် ဒီတရား တော်ဟာ ဘုရား၊ ရဟန္တာတွေ ကြိုက်တဲ့ တရားတော်ပဲ ဖြစ်တယ်'

'ဟုတ်ကဲ့ အဘ'

'ဒါကို လူလေး လုပ်ရမယ်၊ ကျင့်ရမယ်။ အဘနဲ့ တွေ့ချင်တယ်၊ ဆုံချင်တယ်ဆိုရင် မင်း လုပ်ကိုလုပ်ရလိမ့် မယ်'

'ဟုတ်ကဲ့ အဘ၊ ကျွန်တော် လုပ်ပါ့မယ်'

'အေး..လုပ်မယ်ဆို မှတ်ထား။ ဘုရား၊ ရဟန္တာများ ကြိုက်တဲ့တရား ဆိုတာကတော့ ဝိပဿနာတရားတော်ပဲ လူလေးရဲ့'

'ဟုတ်ကဲ့ အဘ၊ ဝိပဿနာဆိုတာ..'

'အေး..မှတ်ထား။ ဝိဆိုတာ အထူး၊ ပဿနာဆိုတာ ရှုမှတ်တာ၊ ဒါကြောင့် ဝိပဿနာဆိုတာ အထူးရှုမှတ် တာလို့ ပြောလည်း ရတယ်။ ဒါမှမဟုတ် အမျိုးကောင်း သား၊ အမျိုးကောင်းသမီးတွေ ကျင့်သုံးအပ်တဲ့ တရား ဆိုရင်လည်း ရတယ်'

'ဟုတ်ကဲ့'

'ဝိပဿနာဆိုတာ တကယ်တော့ ဘုရား၊ ရဟန္တာ တွေ ကျင့်စေချင်တဲ့ နည်းပါပဲ။ ဒါကြောင့် ဘုရား၊ ရဟန္တာ တွေ ကျင့်စေချင်တဲ့နည်းမို့ လူလေးအနေနဲ့ လေးစားလိုက် နာကျင့်ရမယ်။ ပုဂ္ဂိုလ်တစ်ဦးဟာ ဝိပဿနာကျင့်တယ်ဆို ရင် ဘုရား၊ ရဟန္တာတွေ ကြိုက်တယ်။ သာဓုခေါ်တယ်၊ မကျင့်ရင် မကြိုက်ဘူး။ ဘုရား၊ ရဟန္တာတွေ ကြိုက်တဲ့ ဝိပဿနာကျင့်ရင် တန်ဖိုးရှိတယ်။ တစ်နည်းအားဖြင့် ကြီး ကြီးကျယ်ကျယ် ပြောရင်တော့ သူက သစ္စာတရား ရှာ ဖွေတဲ့ နည်းနိဿယပဲ။ သစ္စာရှာဖွေနည်းပဲ။ ဝိပဿနာဆိုတာ သစ္စာတရားကိုရှာဖွေခြင်း၊ သစ္စာရှာဖွေနည်းပဲဖြစ်တယ်၊ အမှန်တရားကို ရှာဖွေနည်းလည်း ဖြစ်တယ် လူလေး'

'ဟုတ်ကဲ့ အဘ'

'အဲဒီတော့ သစ္စာတရား ရှာဖွေရာမှာ ဝိပဿနာ အကျင့်ကို ကျင့်လိုက်တော့ တဖြည်းဖြည်း သစ္စာကို သိသွားတယ်။ အမှန်တရားကိုလည်း သိသွားတယ်။ မှန်

www.burmeseclassic.com

www.burmeseclassic.com

ချုပ်နေတဲ့ ခံစားချက်တွေလည်း ပြေလျော့သွားစေတယ်။ ဒီနေရာမှာ တစ်ဆက်တည်း အဘပြောချင်တာက ဝိပဿနာကို ကျင့်ရတာ ဘာကြောင့်လဲဆိုတော့ . အရေးရယ် အကြောင်းရယ် ဆိုလို့ရှိရင် ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ တုန်လှုပ်စရာဆိုရင် သိပ်မတုန်လှုပ်ဘူး။ ဘာလို့ဆိုတော့ ကျင့်ထားတာကိုး။ လောဘဖြစ်လာမယ်ဆိုရင်တော့ ဖြစ်တယ်။ ဒါပေမဲ့ သိပ်မဖြစ်ဘူး။ နည်းနည်းဖြစ်ပြီးတော့ တိုတိုလေး ဖြစ်သွားတယ်။ ဒေါသဆိုလည်း အဲဒီအတိုင်းပဲ။ သူလည်း မသိရှာလို့ပါ။ နားမလည်သေးလို့ပါဆိုပြီး ကိုယ့်ကိုယ်ကိုယ် ရှုလိုက်တဲ့အခါ စိတ်ကလေး ပျက်သွားတော့ ဒေါသလည်း ပြေသွားတာပေါ့'

'ဟုတ်ကဲ့'

'ဒီနည်းဟာ ဘယ်လောက်ကောင်းလဲဆိုရင် သေခြင်းတရားနဲ့ ရင်ဆိုင်မယ်ဆိုဦးတော့ တုန်လှုပ်မှုဆိုတာ မဖြစ်တော့ဘူး'

'ဟုတ်ကဲ့၊ မှတ်ထားပါမယ် အဘ'

'အေး··ဟုတ်ပြီ။ ဒါဆိုရင် ဝိပဿနာဆိုတာ ဘယ်လိုကျင့်ရမယ်ဆိုတာကို ဒီနေရာမှာ အနည်းငယ် အဘ ပြောပြခဲ့မယ်'

'ဟုတ်ကဲ့ အဘ'

'လူမှာ ရုပ်တရားနဲ့ နာမ်တရားဆိုတာရှိတယ်။ ရုပ်နဲ့ နာမ်ကလွဲလို့ တခြားဘာမှမရှိဘူး။ ရုပ်ဆိုတာဟာ ဒီခန္ဓာကိုယ်ကြီးကိုပြောတာ။ သူက အခြေခံပဲ။ နာမ်ဆိုတာက အသိတရားရှိတဲ့ သဘောလေးပဲ။ ရူပက္ခန္ဓာရှိမယ်။ ဒီအထဲမှာ သညာက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ ဒါတွေက စာအားဖြင့် ခွဲထားတာပါ။ အဓိက နောက်ဆုံး ရုပ်နဲ့ နာမ်ပဲ။ တတိယမြောက်မှ မရှိတာ။ ရုပ်နာမ်ကလွဲပြီး ဘာမှမရှိဘူး။ မိမိတို့ မွေးဖွားကတည်းက ရုပ်နဲ့နာမ်ရှိတယ်။ ဒီခန္ဓာတစ်ခုက ဘာဖြစ်နေလဲဆိုတော့ သူပျက်နေတယ်။ တစ်နည်းအားဖြင့် ဒီခန္ဓာလေးမှာ သူဖြစ်ပေါ်လာတယ်။ နောက်ပြီးတော့ ပျက်စီးသွားတယ်။ ဒါလည်း ငြင်းလို့ မရဘူး မဟုတ်လား'

'ဟုတ်၊ ငြင်းလို့မရပါဘူး အဘ'

'မွေးပြီးတဲ့နောက် သေဖို့ပဲရှိတယ်။ ဘာလို့လဲဆိုရင် ဒီခန္ဓာကိုယ်ကြီးဟာ အရမ်းပျက်နေတယ်။ သူက မိနစ်တိုင်း စက္ကန့်တိုင်းမှာ ပျက်နေတယ်။ တဖျတ်ဖျတ်ကို ပျက်နေတယ်။ အဲဒီတော့ ခန္ဓာဟာ ဖြစ်ပြီးပျက်နေတဲ့ တရားပဲ ဖြစ်တယ်။ နိဗ္ဗာန်ဆိုတာ နိဝါဏ။ ဒီလိုပဲ ခွဲကြတာပေါ့လေ။ ပါဠိလိုကတော့ နိဆိုတာ မရှိခြင်း၊ ဝါဏဆိုတာ အစေး။ နိဗ္ဗာန်မှာ တွယ်တာကပ်ငြိတတ်တဲ့ အစေးသဘော မရှိဘူး။ ဘဝဘုံ၊ ဝိနာဏတော ဝါနာဝုစ္ဆတိ၊ တဏှာတဲ့ တဏှာကင်းတယ်။ ဒီ(၃၁)ဘုံက တဏှာရှိတယ်။ တဏှာဆိုတာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘာဝတဏှာ၊ တပ်စွန်းတဲ့ သဘောလေးတွေက မိမိရုပ်နာမ် ခန္ဓာကိုယ်မှာ ရှိနေတယ်နော်။ မှတ်ထား'

'ဟုတ်ကဲ့ အဘ'

'ဝိပဿနာဆိုတာ နိဗ္ဗာန်ကို သွားမယ့်လမ်းစဉ် ကျင့်စဉ်ပဲ။ အဲ··ဝိပဿနာတရားကျင့်ပြီဆိုရင် နိဗ္ဗာန်ကို သွားရမယ်။ နိဗ္ဗာန်ဆိုတာ အခုပြောတဲ့ ရုပ်နာမ်ကို လက်မခံဘူး။ ရုပ်နာမ်နဲ့ နိဗ္ဗာန်ကို သွားလို့မရဘူး။ နိဗ္ဗာန်ကျတော့ ရုပ်နာမ်ကို လုံးဝလက်မခံဘူး။ သူက ပယ်ချတယ်။ မင်းမှာ ရုပ်ရှိတယ် သွား၊ လက်မခံဘူး။ ရုပ် နာမ်နဲ့ မလာနဲ့။ လာမယ်ဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ပဲ လာခဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုမှ လက်ခံတယ်။ ဘာလို့တုန်းဆိုတော့ စတုမဂ္ဂညာဏေဏ သစ္စိကာတဗ္ဗံ ဟုတ်လား။ မဂ္ဂဖလာဏ၊ မာရမ္မဏာဘူတော၊ အသင်္ခတမွှေဆိုတာ အသင်္ခတ၊ ဒီနိဗ္ဗာန်ဆိုတာ အသင်္ခတဓာတ်၊ အသင်္ခတ၊ ပြုပြင်စီရင်ခြင်းကင်းတာ နိဗ္ဗာန်ပဲ။ တို့တစ်တွေဟာ ပြုပြင်စီရင်ရတယ် မဟုတ်လား'

'ဟုတ်ပါတယ် အဘ'

'အေး··နိဗ္ဗာန်ကျတော့ ပြုပြင်စီရင်မှု ကင်းတယ်။ ပကတိ သူ့ဟာသူ ငြိမ်သက်ပြီးတော့ ငြိမ်းချမ်း၊ ကင်းဆိတ်၊ ချမ်းသာ၊ လွတ်မြောက်ပြီးတော့ အေးချမ်းနေတာဟာ နိဗ္ဗာန်ပဲ ဖြစ်တယ်။ ဒီရုပ်နာမ်တွေဟာ ခုနပြောတဲ့ သဘောတရားတွေနဲ့ ဆန့်ကျင်ဘက်တွေ။ ပြုပြင်စီရင်ရတယ်။ ဖြစ်ပြီးတော့လည်း ပျက်တယ်ဆိုတော့ နိဗ္ဗာန်က လက်မခံဘူး။ ဒါကြောင့် နိဗ္ဗာန်က လက်ခံအောင် အသိဉာဏ်ကို တည်ဆောက်ရမယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရအောင် တည်ဆောက်တဲ့နည်းဟာ ဝိပဿနာနည်းပဲ၊ ကျင့်စဉ်ပဲဖြစ်တယ် လူလေး'

'ဟုတ်ကဲ့ အဘ'

'အေး··လူလေးလည်း ဘုရား၊ ရဟန္တာတွေ ကြိုက်

www.burmeseclassic.com

တဲ့ တရားတော်ကို လုပ်ဖြစ်အောင်လုပ်ပါ။ ဒါဆို အဘနဲ့လည်း ပြန်ဆုံနိုင်သလို မင်းရဲ့ မွန်းကျပ်နေတဲ့ စိတ်ရဲ့ ထွက်ပေါက်တွေလည်း အလိုလို ပွင့်လာလိမ့်မယ် လူလေး။ ရွှေဘုန်းပွင့်မှာ ဆွမ်းတော်ကပ်ပါ။ မင်းရဲ့ ဘုန်းကံတွေ ပွင့်လင်းလာပါလိမ့်မယ်'

'ဒါနဲ့ ဆွမ်းတော်က ဘယ်တော့ ကပ်ရမှာလဲ အဘ'

'ဒါလား မင်း အပူမဟုတ်ဘူး။ ကပ်ချိန်တန်တော့ ကပ်ရလိမ့်မပေါ့' ဟု ပြောရင်း စာရေးသူအား 'အဘက လူလေးအတွက် လက်ဆောင်ကောင်း တစ်ခုကို ပေးခဲ့မယ်' ဟု ဆိုကာ စာရေးသူတစ်သက်တာတွင် တစ်ခါဖူးမျှ မကြားဖူးခဲ့သော မမွှလက်ဆောင်တစ်ခုကို ပေးခဲ့လေသည်။

ဤမမွှလက်ဆောင်သည်ကား ကိန်းဂဏန်းများဖြင့် ဖွဲ့စည်းသီကုံးထားသော ဂုဏ်တော်ဘုရားရှိခိုး တစ်ပုဒ်ပင်တည်း။

'ကျေးဇူးပါပဲ အဘ'

'အေး..ကျေးဇူးထက် လက်တွေ့ကို ပိုသဘောကျတယ်ကွယ့်။ ဘုရားကို မှန်မှန်ရှိခိုး။ ဘုရားလည်း မမေ့နဲ့၊ သံဃာလည်း မမေ့နဲ့။ ရှိခိုးတိုင်းလည်း အဘပေးတဲ့ ဒီဘုရားရှိခိုးနဲ့ခိုး၊ အင်မတန် အကျိုးရှိတယ်။ နေ့စဉ် ပုံမှန်အားဖြင့် နံနက်(၉)ခေါက်၊ နေ့လယ်(၉)ခေါက်၊ ညနေ(၉)ခေါက် မှန်မှန်ရွတ်ဆို ပူဇော်ပွားများသွားမယ်ဆိုရင် လူလေးမှာ ဖြစ်ပေါ်နေတဲ့ မကောင်းတဲ့ ဂြိုဟ်စီးဂြိုဟ်နှင်းကင်းလွတ်မယ်။ အတိုက်အခံတွေကိုလည်း ကျော်လွှားအောင်မြင်မယ်။ ဉာဏ်ပညာကိုလည်း ထူးချွန်ထက်မြက်စေပြီးတော့ မိမိနဲ့ အကျိုးပေးတဲ့ တိုက်တာအဆောက်အအုံများကိုလည်း ရရှိစေနိုင်တယ်။ ထီဆုကြီးတွေလည်း ပေါက်စေတဲ့ အကျိုးတရားအပြင် ဗေဒင်ကိန်းဂဏန်းတွေနဲ့ ကံကြမ္မာဟောကိန်းထုတ်သူတွေအနေနဲ့ ပိုအကျိုးရှိစေနိုင်တယ်။ ဒါကြောင့် လူလေးအနေနဲ့ ဒီဘုရားရှိခိုးကို နေ့စဉ် ပွားများပါလို့ တိုက်တွန်းတာပါ'

'ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် ဒီနေ့ကစပြီး ကြိုးစားအားထုတ်ပါ့မယ် အဘ'

'အေး..အေး..သာဓုပါဗျာ၊ သာဓု..သာဓု'

'ဒါနဲ့ အဘ၊ မနက်ကတည်းက ခရီးထွက်လာတာဆိုတော့ အဘအနေနဲ့ ဘာမှ စားရဟန် မတူသေးဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ထမင်းအာဟာရလေး ဒါန ပြုပါရစေလား အဘ'

'အင်း..အင်း..ကောင်းပါလေရဲ့၊ ကောင်းပါလေရဲ့။ အင်း..တစ်ခု ငါ့မြေးကို မှာရဦးမယ်'

'ဟုတ် အဘ'

'အေး..တကယ်လို့ ငါ့မြေး အဘအတွက် တစ်ခုခု သွားဝယ်နေတုန်း အဘမရှိလည်း ဘုရားရှိတယ်။ မမေ့နဲ့နော်'

'ဗျာ..အဘက'

'ကဲပါ မြေးရယ်..ဝယ်မှာသာဝယ်၊ ကယ်လိမ့်မယ် ဘုရား။ မင်းမြန်မြန်သွား' ဟူသော ကဗျာမကျ စာမကျကို ရွတ်ဆိုရင်း ဘုရားရှင်အား လက်စုံမိုးရှိခိုးနေပြီဖြစ်သော အဘကို ကျောခိုင်းလျက် အဘအတွက် တစ်ခုခုစားဖို့ရာသာ ကျွန်တော် ရည်ရွယ်လိုက်ပါတော့သည်။

'ဟင်..အဘ'

ကျွန်တော်ရဲ့ နှုတ်ဖျားမှ အာမေဍိတ်သံ စကားတို့ ပြိုလဲထွက်ပေါ်၍လာသည့်အထိ အံ့သြမှင်တက်မိသလို ခံစားလိုက်ရသည်။ အဘသူတော်စင်ကြီးသည် ကျွန်တော်နှင့် အတူတကွ ထိုင်နေခဲ့သောနေရာတွင် မရှိတော့။ အဘ ဘယ်ရောက်သွားပြီလဲ။ ကျွန်တော် စိတ်မောစွာ အဘကို လှည့်ပတ်ရှာဖွေကြည့်လိုက်မိပေမယ့် အဘကို အစပင် မတွေ့ရတော့ချေ။

'ရော့..ညီလေး၊ အခုနက အဘိုးအိုက မင်းကို ဒီပန်းကန်တွေနဲ့ ဘုရားမှာ ဆွမ်းကပ်လိုက်ပါတဲ့။ သူကတော့ သွားစရာတွေ မပြီးဆုံးသေးလို့ သွားလိုက်ဦးမယ်လို့ပြောပြီး ထွက်သွားလေရဲ့'

'ဒါဆို..ဒါဆို အဘ..အဘ မရှိတော့ဘူးပေါ့'

'ဟုတ်ပါတယ်။ အဘသွားတာ ညီလေးနဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ'

'ဒါနဲ့ အစ်ကိုက'

'အစ်ကိုက ဒီဘုရားကြီးရဲ့ ဝေယျာဝစ္စတွေကို လုပ်ကိုင်ဆောင်ရွက် ကုသိုလ်ယူနေတဲ့သူ တစ်ဦးပါ။ ကဲ..ကဲ..မင်းအဘ မှာခဲ့သလိုသာ လုပ်ပေတော့။ အစ်ကိုလည်း သွားလိုက်ဦးမယ်'

'ဟုတ်ကဲ့ပါ အစ်ကို'

ဟု ပြောရင်း အဘအတွက် ရည်ရွယ်ခဲ့သော ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ထင်းနှင့် မုန့်များကို ဘုရားမှာ ရည်စူးလို့ ကြည်နူးနေ ခိုက်-

'ဒါနဲ့ ဆွမ်းတော်က ဘယ်တော့ကပ်ရမှာလဲ အဘ'

'ဒါလား၊ မင်းအပူ မဟုတ်ဘူး။ ကပ်ချိန်တန်တော့ ထပ်ရလိမ့်မပေါ့'ဟူသော စကားသံသည် ကျွန်တော့်နား ဆီသို့ ပဲ့တင်ညံလျက် စီးမျောဝင်ရောက်လာသလို အဘ ဆိုသော သူတော်စင်အဘိုးအိုသည် ဘာလဲဆိုတာ ကျွန် တော် မသိ။ ဘယ်သူလဲဆိုတာ ကျွန်တော် မသိ။ ဘယ် ကိုသွားမလဲ ဆိုတာကိုလည်း ကျွန်တော် မသိ။ အဲ·· ကျွန်တော် သိသည်ကတော့ ကျွန်တော် မသိသော အဘ သည်ပင်လျှင် ကျွန်တော့်အား သိနေခြင်းပင် ဖြစ်ပါတော့ သတည်း။

**မှတ်ချက်**-နောက်ပိုင်း အဘနှင့် ကျွန်တော် ထပ်၍ ဆုံတွေ့ဖြစ်တော့။ ဤသို့ မဆုံတွေ့ဖြစ်သော်ငြားလည်း အဘပေးခဲ့သော ဘုရားရှိခိုးလေးကိုတော့ နေ့စဉ်နှင့်အမျှ ရှိခိုးဖြစ်ခဲ့ပါသည်။ ဤရှိခိုးလေးအား တင်ပြရသည်ရှိ သော်··

**ဂုဏ်ဝိသေသတော်ဘုရားရှိခိုး**

(၁) ကေဿ-တစ်ခုတည်းသော သဗ္ဗညုတဉာဏ်တော် ကို ရရှိတော်မူသော ဤကမ္ဘာလောကကြီး၌ တစ်ဆူ တည်းသာလျှင် အတုမရှိ ပွင့်တော်မူသော မြတ်စွာဘုရား အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား။


(၂) ဒွိန္နံ-ရုပ်တရား နာမ်တရား နှစ်ပါးတို့နှင့် ဒုကတရား (နှစ်မျိုးတွဲတရား) အစားစားတို့ကို ပိုင်းခြားထင်ထင် သိ မြင်ဟောကြားတော်မူသော မြတ်စွာဘုရားတို့အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား။

(၃) တိဏ္ဏံ-ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဟူသော ရတနာမြတ်သုံးပါးတို့အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား။

(၄) စတုန္နံ-သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါးတို့ကို ဟောကြားတော်မူသော မြတ်စွာ ဘုရားတို့အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား။

(၅) ပဉ္စန္နံ-ခန္ဓာ ငါးပါး၊ နိဝရဏတရား ငါးပါး၊ သီလ ငါးပါး စသည်တို့ကို ဟောကြားတော်မူသော မြတ်စွာ ဘုရားတို့အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား။

(၆) ဆန္နံ-ဘန်းတော်(၆)ပါး၊ [illegible]



တော်(၆)ပါး၊ ရောင်ခြည်တော်(၆)ပါးတို့ကို ရရှိပိုင်ဆိုင် တော်မူသော မြတ်စွာဘုရားတို့အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား။

(၇) သတ္တန္နံ-ဗောဇ္ဈင် ခုနစ်ပါး၊ သူတော်ကောင်းတရား ခုနစ်ပါးတို့ကို ဟောကြားတော်မူသော မြတ်စွာဘုရားတို့ အား၊ နမော-ရှိခိုးပါ၏ဘုရား။

(၈) အဋ္ဌန္နံ-မဂ္ဂင်ရှစ်ပါး၊ ဝိမောက္ခတရားရှစ်ပါး စသည် တို့ကို ဟောကြားတော်မူသော မြတ်စွာဘုရားတို့အား၊ နမော-ရှိခိုးပါ၏ဘုရား။

(၉) နဝန္နံ-အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော် ကိုးပါး၊ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ပိဋကတ်သုံးပုံတို့ကို ပိုင်ဆိုင်ဟောကြားတော်မူသော မြတ်စွာဘုရားတို့အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား။

(၁၀)ဒသန္နံ-မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်နှင့် ပါရမီဆယ်ပါး မြတ် တရားတို့ကို ဟောကြားတော်မူသော မြတ်စွာဘုရားတို့ အား၊ နမော-ရှိခိုးပါ၏ဘုရား။

*ဧတေန သစ္စဝဇ္ဇေန၊*
*ဂုဏာနံ ဟောတု မေ ဇယံ။*

ဧတေန သစ္စဝဇ္ဇေန-ဤသို့ မှန်ကန်သောသစ္စာစကား ကြောင့်၊ မေ-အကျွန်ုပ်အား၊ ဂုဏာနံ-ဂုဏ်နံသချာတို့ကို၊ ဇယံ-အောင်မြင်ခြင်းသည်၊ ဟောတု-ဖြစ်ပါစေသတည်း ဟူ၍ပင် ဖြစ်ပါတော့သည်။

**ဖျာပုံ ရှည်လှိုင်အောင်**



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်မြို့၏အနီးတွင် ဝေဠုဝန်ကျောင်း တည်ရှိ၏။ ဝေဠုဝန်ကျောင်းသည် သာသနာ့သမိုင်း၌ မှတ်တမ်းကောင်းရှိသောကျောင်းဖြစ်၏။ ဝေဠုဝန်ကျောင်း မရှိခင်က သာသနာ့သမိုင်းတွင် ကျောင်းဆိုတာ မရှိသေး။ ဝေဠုဝန်ကျောင်းသည် သာသနာတော်၏ ပထမဦးဆုံးကျောင်းဖြစ်၏။ ဝေဠုဝန်ကျောင်းကို လှူဒါန်းသော အလှူရှင်မှာ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမင်းဖြစ်၏။ ဗိမ္ဗိသာရမင်းတွင် ရာဇဝင်လူမိုက် အဇာတသတ်မင်းသား တစ်ယောက်ရှိ သလို စုန္ဒ၊ စုန္ဒီ ဟူသော သားတစ်ယောက်၊ သမီးတစ်ယောက်လည်း ရှိသေး၏။

ထိုမောင်နှမသည် သာသနာတော်ကို ကြည်ညိုကြသူများ ဖြစ်၏။ တရားနာ၊ တရားစကားကိုလည်း အချိန်ရသလောက် ဆွေးနွေးလေ့ရှိကြ၏။ အေးဆေးတည်ငြိမ်သော မောင်နှမပင် ဖြစ်၏။

မောင်နှမနှစ်ယောက် တရားဆွေးနွေးကြသော တစ်ချိန်၌ စုန္ဒမင်းသားက စုန္ဒီမင်းသမီးကို ဤသို့ စကားဆို၏။

"နှမငယ် စုန္ဒီမင်းသမီး အကြင်မိန်းမသည်လည်း



# အရှင်ဩဘာသ

## ရတနာစုံကို သဒ္ဓါစိတ်နှင့် ဆည်းကပ်ခြင်း(



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ အကြင်ယောကျ်ားသည်လည်းကောင်း မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်၏။ တရားကို ကိုးကွယ်ဆည်းကပ်၏။ သံဃာကို ကိုးကွယ်ဆည်းကပ်၏။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူတစ်ပါးဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်၏။ သူတစ်ပါး သားသမီး၊ ဇနီးမယားကို ကျူးလွန်၍ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ အရက်သောက်ခြင်းမှ ရှောင်ကြဉ်၏။ ထိုသရဏဂုဏ်တည် ငါးပါးသီလပြည့်ဝတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသာ သေသည်မှ နောက်ကာလ၌ လူ့ပြည်၊ နတ်ပြည် သုဂတိဘုံသို့ ရောက်ရ၏။ ဒုဂ္ဂတိဘုံသို့ မရောက်ရပေ'

ရတနာသုံးပါးနှင့် ငါးပါးသီလသည် အကြောင်းဖြစ်၏။ လူ့ပြည်၊ နတ်ပြည် စသော သုဂတိဘုံသည် အကျိုးဖြစ်၏။ စုန္ဒသည် ကုသိုလ်ကံ၏ ကမ္မဖလကို ဆိုခြင်းဖြစ်၏။ စုန္ဒဆိုလိုသောအကြောင်း၊ အကျိုးကို စုန္ဒီ နားလည်၏။ သဘောပေါက်၏။ စုန္ဒီ မရှင်းသည်မှာ အကြောင်း၏ အမည်များ ဖြစ်၏။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သီလ ဤအမည်များသည် အယူဝါဒကို လက်ကိုင်စွဲထားသူတိုင်းတွင်ရှိ၏။ စုန္ဒီတို့ ရာဇဂြိုဟ်ပြည်၌ အယူဝါဒကို တည်ထောင်သော သူ အစုံရှိ၏။

ဂေါတမဗုဒ္ဓ မပေါ်ခင်ကပင် ရာဇဂြိုဟ်ပြည်၌ ဘာသာရေးခေါင်းဆောင် ခြောက်ဦးရှိ၏။ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ၊ နိဂဏ္ဌ၊ သိဉ္စည်း၊ ပကုဓတို့ဖြစ်၏။ ဤပုဂ္ဂိုလ်ခြောက်ဦးသည် အယူဝါဒရေးရာ၌ နာမည်ကြီး ထင်ရှားကြ၏။ တပည့်ပရိသတ်တွေ များကြ၏။ ဘာသာရေးနှင့်ပတ်သက်၍ သူတို့ခြောက်ဦးကို လွန်နိုင်သူမရှိ။ သူတို့သည် သူတို့ကိုယ်သူတို့ ဗုဒ္ဓဟု ကြွေးကြော်ကြ၏။ သူတို့ပြောဆိုသော စကားများကို ဓမ္မဟု အမည်ပေးကြ၏။ သူတို့ တပည့်သာဝကများကို သံဃာဟု အမည်ပေးကြ၏။ သူတို့ ကျင့်ကြံကြိုးကုတ် အားထုတ်သော အကျင့်ကို သီလဟု ဆိုကြ၏။

တခြားသော ဘာသာတို့တွင်လည်း ရတနာသုံးပါးသည် ရှိ၏။ တခြားသော ဘာသာတို့တွင်လည်း သီလသည် ရှိ၏။ တခြားသော ဘာသာတို့၏ ရတနာသုံးပါးသည်လည်း သုဂတိဘုံသို့ ရောက်နိုင်သည်လား။ တခြားသော ဘာသာတို့၏ သီလသည်လည်း သုဂတိဘုံသို့ ရောက်နိုင်သည်လား။

စကားပြီးသွားသော်လည်း စုန္ဒီမင်းသမီး၏ အတွေးထဲ၌ ဤအကြောင်းအရာများက မပြီးခဲ့။ ရတနာ အမည်ရသော အရာတို့သည် အမည်သာ တူကြ၏။ အသွင်မတူကြ၊ အမူအရာ မတူကြ၊ အပြောအဆို မတူကြ။ အမည်တစ်ခုတည်းတူပြီး အရာရာ ကွဲပြားခြားနားနေ၏။ သီလအမည်ရသော အရာတို့သည်လည်း အမည်သာ တူ၏။ ကျင့်နည်းတို့ မတူကြ။ ဤအခြေအနေများကို ကြည့်၍ စုန္ဒီ၏ အတွေးစများသည် အနားမသတ်နိုင်ဘဲ ကျယ်ပြန့်လာခဲ့၏။ အကယ်၍ ဘာသာတိုင်းတို့၏ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သီလတို့သည် သုဂတိဘုံသို့ ရောက်နိုင်မည်ဆိုလျှင် အမည်တစ်ခုသာတူပြီး အရာရာကွဲပြားခြားနားစရာ အကြောင်းမရှိ။ အားလုံး တူညီနေရမည် ဖြစ်၏။ ဘာသာတိုင်းတို့၏ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သီလတို့သည် သုဂတိသို့ မရောက်နိုင်။ ရောက်နိုင်သော ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သီလ ရှိသကဲ့သို့ မရောက်နိုင်သော ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သီလတို့လည်း ရှိလိမ့်မည် ဖြစ်၏။ သို့ဆိုလျှင် ဗုဒ္ဓသည် အတုလည်း ရှိမည်ဖြစ်၏၊ အစစ်လည်း ရှိမည်ဖြစ်၏။ ဓမ္မသည် အတုလည်း ရှိမည်ဖြစ်၏၊ အစစ်လည်း ရှိမည် ဖြစ်၏။ သံဃာသည် အတုလည်း ရှိမည်ဖြစ်၏၊ အစစ်လည်း ရှိမည်ဖြစ်၏။ သီလသည် အတုလည်း ရှိမည်ဖြစ်၏၊ အစစ်လည်း ရှိမည်ဖြစ်၏။ အဘယ်သို့သော ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သီလတို့သည် အစစ်ဖြစ်မည်နည်း။ အဘယ်သို့သော ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သီလတို့သည် အတုဖြစ်မည်နည်း။ စုန္ဒီတွေး၏၊ အဖြေရှာ၏။

စုန္ဒီ၏ အတွေးသည် ခက်ခဲနက်နဲသော သဘောရှိ၏။ တွေးရုံသက်သက်နှင့် အဖြေကို ရှာတွေ့နိုင်မည် မဟုတ်။ စုန္ဒီသည် အဖြေမှန်ကို ရှာတွေ့နိုင်လောက်သည့် စွမ်းရည်မရှိ။ ဗုဒ္ဓ၊ ဓမ္မ စသည်တို့နှင့်ပတ်သက်သော အသိပညာသည် နည်းနေသေး၏။ စုန္ဒီ၏ အတွေးထဲ၌ အကျိတ်အခဲဖြစ်နေသော ပြဿနာကို စုန္ဒီ၏ အသိပညာသည် အရည်မဖျော်နိုင်။ တရားစကား ဆွေးနွေးစဉ်က မရှင်းလင်းခဲ့သည်ကိုလည်း စုန္ဒအား မေးမကြည့်ခဲ့။ ဆက်လက်၍မဆွေးနွေးခဲ့။ နောက်ထပ် မောင်နှမနှစ်ယောက် တရားစကားကိုဆွေးနွေးဖို့ အခွင့်အခါသို့လည်း မရောက်ဖြစ်သေး။ စုန္ဒီသည် အတွေးထဲ၌ အကျိတ်အခဲ ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com

ကို အရှည်ဖျော်ချင်လှပြီ ဖြစ်၏။ မရှင်းလင်းသည်ကို ရှင်းလင်းစေချင်လှပြီ ဖြစ်၏။ အတု၊အစစ်ကို ခွဲခြားတတ်ချင်စိတ်က စိတ်တစ်ခုလုံးကို ဆုပ်ကိုင်ထားလျက်ရှိ၏။

စုန္ဒီသည် အဖြေမှန်ကို ပေးစွမ်းနိုင်မည့် ပုဂ္ဂိုလ်ကို စဉ်းစားရှာဖွေ၏။ ထိုအချိန်က စုန္ဒီတို့မိသားစုသည် ဂေါတမဗုဒ္ဓကို အလေးအမြတ်ထားနေကြ၏။ ဂေါတမဗုဒ္ဓအပေါ် ယုံကြည်မှုအပြည့် ရှိနေကြ၏။ လောက၌ ဂေါတမဗုဒ္ဓသည်သာ အသိဆုံး၊ အတတ်ဆုံးဟု သတ်မှတ်ထားကြ၏။ ဂေါတမ ဗုဒ္ဓလောက် သိသူ၊ တတ်သူသည် လောက၌ မရှိဟု ယုံကြည်ကြ၏။

ထိုဂေါတမဗုဒ္ဓသည် လက်ရှိအချိန်၌ ရာဇဂြိုဟ်ပြည်နှင့် ဝေးလံခေါင်သီသော အရပ်ဒေသများသို့ ဒေသစာရီ ကြွချီနေသည် မဟုတ်။ ဂေါတမဗုဒ္ဓသည် အခြားသော ဘာသာရေးခေါင်းဆောင်များလို တစ်နေရာတည်း၌ ဇိမ်ခံထိုင်နေလေ့မရှိ။ အမြဲတမ်းလိုလို ဒေသစာရီ ကြွချီလေ့ရှိ၏။ တစ်ခါ၊တစ်ခါ ဂေါတမဗုဒ္ဓအား ဖူးတွေ့ဖို့ရာ ခဲယဉ်း၏။ တစ်ခါဖူးတွေ့ရဖို့အတွက် တစ်လလောက် စောင့်ရသည့်အခါများ ရှိ၏။ လက်ရှိအချိန်၌မူ ဂေါတမဗုဒ္ဓသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူလျက်ရှိ၏။ သွားသည့်အချိန်တိုင်း ဖူးတွေ့နိုင်၏။

စုန္ဒီ၏ အတွေးထဲ၌ ဂေါတမဗုဒ္ဓသည် ဝင်ရောက်လာ၏။ အတု၊ အစစ် ခွဲခြားပေးနိုင်မည့်သူမှာ ဂေါတမဗုဒ္ဓသာဖြစ်၏။ အကျိတ်အခဲအား အရှည်ဖျော်ပေးနိုင်မည့်သူမှာ ဂေါတမဗုဒ္ဓသာ ဖြစ်၏။ စုန္ဒီသည် ဂေါတမဗုဒ္ဓအား ဖူးတွေ့ရန် ဆုံးဖြတ်၏။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးထံသို့ သွား၏။ ဂေါတမဗုဒ္ဓအား ဖူးတွေ့လိုကြောင်း လျှောက်၏။ ဗိမ္ဗိသာရမင်းသည် သောတာပန်ဖြစ်နေသော အရိယာတစ်ယောက်ဖြစ်၏။ ဂေါတမဗုဒ္ဓအား ဖူးတွေ့ဖို့ကို တားဆီးမည့်လူ မဟုတ်။ ကြည်ဖြူစွာ ခွင့်ပြု၏။ စုန္ဒီမင်းသမီး၏ အဆောင်အယောင်များဖြစ်သော ရထားအစီးရေ ငါးရာ၊ မင်းသမီး ငါးရာကိုပါ ထည့်ပေး၏။

ရထားတစ်စီး၌ မင်းသမီးတစ်ယောက်ကို တင်ဆောင်၏။ ရထားအစီးငါးရာ၌ မင်းသမီးငါးရာ ပါ၏။ ဤသည် စုန္ဒီမင်းသမီး၏ အဆောင်အယောင်များ ဖြစ်၏။ စုန္ဒီမင်းသမီး ဘယ်သွားသွား ဤအဆောင်အယောင်တို့သည် ပါစမြဲဖြစ်၏။ မင်းသမီးတိုင်းသည် စုန္ဒီမင်းသမီးကဲ့သို့ အဆောင်အယောင်များ မရှိ။ စုန္ဒီမင်းသမီးတို့ ခေတ်ကာလ၌ စုန္ဒီမင်းသမီးကဲ့သို့ မင်းသမီးငါးရာ အဆောင်အယောင်ရှိသူမှာ သုံးယောက်သာ ရှိ၏။ ထိုသုံးယောက်မှာ စုန္ဒီမင်းသမီး၊ ပသေဒနီကောလသမင်း၏ သမီး၊ ကျောင်းအမဝိသာခါတို့ဖြစ်၏။ ဤမင်းသမီးသုံးယောက် ခရီးထွက်လျှင် အတော်ပင် စည်ကား၏။ ရထားအစီး ငါးရာ စီတန်းနေခြင်းသည် မျက်စိတစ်ဆုံးပင် ဖြစ်၏။ စုန္ဒီမင်းသမီးသည်လည်း စည်စည်ကားကားပင် မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းသို့ ရောက်လာကြ၏။

ဝေဠုဝန်ကျောင်းသို့ တက်လိုက်သည်နှင့် ကြည်ညို စရာကောင်းလွန်းသော မြတ်စွာဘုရားကို တွေ့မြင်ကြ၏။ မင်းသမီး ငါးရာတို့သည် ကိုယ်နှင့် သင့်လျော်သည့်နေရာတွင် အသီးသီးထိုင်ကြ၏။ ရှေ့ဆုံးမှ ဦးဆောင်လာသော စုန္ဒီမင်းသမီးသည် မြတ်စွာဘုရားနှင့် အပြစ်ခြောက်ပါး လွတ်သည့် နေရာတွင် ထိုင်၏။ မြတ်စွာဘုရားနှင့် သရ ဏီယစကား အနည်းငယ်ပြော၏။ စကားပြောပြီးသည် နှင့် ဘုရားဖူးလာရခြင်းအကြောင်းကို လျှောက်၏။

'အရှင်မြတ်ဘုရား..ဘယ်လိုသဘောရှိတဲ့ ဆရာကို သဒ္ဓါလွန်းစို ကြည်ညိုတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးဟာ ကိုယ်ခန္ဓာပျက်ကြွေ စုတေတဲ့အခါ လူရပ် နတ်ရွာ ကောင်းရာသုဂတိကို ရောက်ကြရပါသလဲဘုရား အပါယ်နုဂ္ဂတိသို့ မရောက်ရပါသလဲဘုရား။ ဘယ်လို သဘောရှိတဲ့ ဗုဒ္ဓ၊ ဘယ်လိုသဘောရှိတဲ့ ဓမ္မ၊ ဘယ်လို သဘောရှိတဲ့ သံဃာကို ကြည်ညိုတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်ခန္ဓာ ပျက်ကြွေ စုတေတဲ့အခါ လူရပ် နတ်ရွာ ကောင်းရာ သုဂတိကို ရောက်ရပါသလဲဘုရား၊ အပါယ်ဒုဂ္ဂတိသို့ မရောက်ရပါသလဲဘုရား။ ဘယ်လိုသဘောရှိတဲ့ သီလ တွေကို ဖြည့်ကျင့်လေ့ရှိတဲ့သူတွေဟာ ကိုယ်ခန္ဓာပျက်ကြွေ စုတေတဲ့အခါ လူရပ်နတ်ရွာ ကောင်းရာသုဂတိကို ရောက် ရပါသလဲဘုရား၊ အပါယ်ဒုဂ္ဂတိသို့ မရောက်ရပါသလဲ ဘုရား'

'ချစ်သမီး စုန္ဒီ..လောကမှာ သတ္တဝါတွေ အများ ကြီး ရှိတယ်။ အဲဒီရှိတဲ့သတ္တဝါတွေကို ပြောပြရရင် ခြေ မရှိတဲ့သတ္တဝါ၊ ခြေနှစ်ချောင်းရှိတဲ့သတ္တဝါ၊ ခြေလေး ချောင်းရှိတဲ့သတ္တဝါ၊ ခြေများစွာရှိတဲ့ သတ္တဝါတွေ ရှိကြ တယ်။ ရုပ်ရှိတဲ့သတ္တဝါ၊ နာမ်ရှိတဲ့သတ္တဝါ၊ သညာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါ၊ သညာမရှိတာလည်း မဟုတ်၊ သညာရှိတာလည်း မဟုတ်တဲ့ သတ္တဝါတွေ ရှိတယ်။ ထိုသုံးဆယ့်တစ်ဘုံမှာရှိတဲ့ သတ္တဝါတွေထဲမှာ ရှေးဘုရားရှင်တို့ အတူ ဘာခြင်းကောင်းတော်မူတဲ့ မြတ်စွာဘုရားကို အသာဆုံး၊ အမြတ်ဆုံးလို့ ငါဘုရား ဟောတော်မူတယ်’

စုန္ဒီမင်းသမီးသည် ပုရာဏကဿပ စသော ဆရာကြီးခြောက်ယောက်ကိုကြည့်ပြီး မေးခြင်းဖြစ်၏။ မြတ်စွာဘုရားသည် သုံးဆယ့်တစ်ဘုံရှိ သတ္တဝါတို့ကိုကြည့်ပြီး ဖြေဆိုခြင်းဖြစ်၏။ သုံးဆယ့်တစ်ဘုံကို စုပေါင်းရေတွက်လျှင် သုံးဘုံရ၏။ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဖြစ်၏။ ကာမဘုံသည် လူ့ဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံတို့ကို ပေါင်းထားခြင်းဖြစ်၏။ အပါယ်ဘုံသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်အားဖြင့် လေးမျိုးရှိ၏။ နတ်ဘုံသည် စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်၊ ယာမာနတ်၊ တုသိတာနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်အားဖြင့် ခြောက်မျိုးရှိ၏။ လူ့ပြည်နှင့်ဆိုလျှင် ကာမဘုံသည် တစ်ဆယ့်တစ်ဘုံရှိ၏။ ရူပဘုံသည် ပထမဈာန်သုံးဘုံ စသည်အားဖြင့် တစ်ဆယ့်ခြောက်ဘုံရှိ၏။ အရူပဘုံသည် အာကာသာနဉ္စာယတနဘုံ စသည်အားဖြင့် လေးဘုံရှိ၏။ ထိုကာမ၊ ရူပ၊ အရူပဘုံတို့ကို ပေါင်းလိုက်သည့်အခါ သုံးဆယ့်တစ်ဘုံဖြစ်သွား၏။ သုံးဆယ့်တစ်ဘုံမှာ သတ္တဝါများ နေထိုင်ကြ၏။ ထိုသတ္တဝါတို့ကို ခြေထောက်ကိုကိုင်၍ ရေတွက်လျှင် လေးမျိုးရ၏။ ခြေမရှိသောသတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေလေးချောင်းရှိသော သတ္တဝါ၊ ခြေများစွာရှိသော သတ္တဝါတို့ ဖြစ်၏။

သုံးဆယ့်တစ်ဘုံမှာရှိသော သတ္တဝါများကို ရုပ်နာမ်ရှုထောင့်ကနေကြည့်လျှင် ကာမဘုံမှာ နေထိုင်ကြသော သတ္တဝါများ၊ ရူပဘုံမှာ နေထိုင်ကြသော သတ္တဝါများသည် ရုပ်ရှိသော သတ္တဝါများ ဖြစ်၏။ အရူပဘုံမှာ နေထိုင်ကြသော သတ္တဝါတို့သည် နာမ်ရှိသော သတ္တဝါများ ဖြစ်၏။ သုံးဆယ့်တစ်ဘုံမှာရှိသော သတ္တဝါများကို သညာရှုထောင့်ကနေကြည့်လျှင် သုံးမျိုးရှိ၏။ သညာရှိသောသတ္တဝါ၊ သညာမရှိသောသတ္တဝါ၊ သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်းမဟုတ်သော သတ္တဝါတို့ ဖြစ်၏။ ကာမဘုံသားတို့သည် သညာရှိသော သတ္တဝါတို့ ဖြစ်၏။ အသညာသတ် ဗြဟ္မာဘုံမှတစ်ပါး ရူပတစ်ဆယ့်ငါးဘုံရှိ သတ္တဝါတို့သည် သညာရှိသော သတ္တဝါတို့ ဖြစ်၏။ အသညသတ် ဗြဟ္မာဘုံသား သတ္တဝါတို့သည် သညာမရှိသော သတ္တဝါများ ဖြစ်၏။ အရူပလေးဘုံ၌ နေဝသညာနာသညာယတနဘုံမှ တစ်ပါးသော ဗြဟ္မာဘုံသား သတ္တဝါများသည် သညာရှိသောသတ္တဝါ ဖြစ်၏။ နေဝသညာနာသ ညာယတနဘုံသား သတ္တဝါများသည် သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်း မဟုတ်သော သတ္တဝါများဖြစ်၏။ မြတ်စွာဘုရားသည် ရှုထောင့်သုံးမျိုးဖြင့် သုံးဆယ့်တစ်ဘုံရှိ သတ္တဝါများကို ခွဲခြမ်းပြ၏။

ထိုသုံးဆယ့်တစ်ဘုံရှိ သတ္တဝါတို့တွင် အသာဆုံး အမြတ်ဆုံးသောပုဂ္ဂိုလ်ကို မြတ်စွာဘုရားညွှန်ပြ၏။ မြတ်စွာဘုရား ညွှန်ပြသောပုဂ္ဂိုလ်သည် တထာဂတဂုဏ်ရှိသော ပုဂ္ဂိုလ်ဖြစ်၏။ တထာဂတဂုဏ်သည် အဘယ်သို့သော ဂုဏ်ကို ဆိုပါသနည်း။

‘လောက၌ ဝိပဿီ အစရှိသော ဘုရားရှင်တို့သည် ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီ ဆယ်ပါးတည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကို ဖြည့်ကျင့်၍ သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်သကဲ့သို့ ထို့အတူသာလျှင် ဤဂေါတမမြတ်စွာဘုရားသည်လည်း ပါရမီ၊ စာဂ၊ စရိယ ဖြည့်ကျင့်၍ သဗ္ဗညုအဖြစ်သို့ရောက်လေပြီ။ ထို့ကြောင့် စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တထာဂတဟူ၍ ဆိုအပ်၏။

တထာဂတဂုဏ်တော်အဖွင့်၌ တထာဂတ၏အဓိပ္ပာယ်ကို ဤသို့ဆိုထား၏။ မြတ်စွာဘုရားရှင်တိုင်းသည် ပါရမီ၊ စာဂ၊ စရိယတို့ကို ဖြည့်ကျင့်ကြ၏။ သာမန်လူပုဂ္ဂိုလ်များ မဖြည့်ကျင့်နိုင်သော ပါရမီတို့ကို ဖြည့်ကျင့်ကြ၏။ ထိုပါရမီများ ဖြည့်ကျင့်ပြီးမှ ဗုဒ္ဓအမည်ကို ရလာကြခြင်းဖြစ်၏။ ထိုပါရမီတို့ကို ဖြည့်ကျင့်ရခြင်းသည် ဗုဒ္ဓလမ်းစဉ်ဖြစ်၏။ ထိုဗုဒ္ဓလမ်းစဉ်အတိုင်း ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍ ဗုဒ္ဓအမည်ရလာသော ပုဂ္ဂိုလ်သည် တထာဂတဂုဏ်ရှိ၏။

(ဆက်ပါဦးမည်)

မေဃာဖြင့်

ဓမ္မယောဓညာဏ အရှင်ပြဿာသ

www.burmeseclassic.com

www.burmeseclassic.com

# ဇမ္ဗူပါလ အေးဖေမှ ဘိုးပွားသို့

စကြာကောင်းစံ

မြန်မာသက္ကရာဇ်(၁၃၀၀)ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်၊ အင်္ဂါနေ့တွင် အဘအောင်မင်းခေါင်သည် ကသာမြို့၊ ပန်းတိမ်တန်းရပ်၊ အောင်ပန်းဆီစက်ပိုင်ရှင် ဦးကိုကြီး၊ ဒေါ်ကြည်တို့ နေအိမ်၌ ဓမ္မသာလာစခန်း ဖွင့်ခဲ့သည်။

အဘအောင်မင်းခေါင်သည် တပည့်ကျော် ဘအိပ်ကြီးကို ခေါ်လျက် ကသာမြို့၊ ဇေယျာချောင်ရပ်ရှိ အိမ်တစ်အိမ်သို့ သွားသည်။ ထိုအိမ်ကား သစ်ကန့်ထရိုက်ကို အေးဖေ၏အိမ် ဖြစ်သည်။ ကိုအေးဖေသည် အသက်(၃၀)ဝန်းကျင် မွန်ရည်သန့်ပြန့်၍ ဥပမိရုပ်ကောင်းသောရန်ကုန်တက္ကသိုလ်ကျောင်းထွက် ဖြစ်ပါသည်။



ဆိုတော်ဝအောင်မင်းခေါင်

အဘအောင်မင်းခေါင်သည် ကိုအေးဖေကို မြင်သည်နှင့် တစ်ပြိုင်နက် 'တွေ့ပြီ၊ တွေ့ပြီ၊ သူပဲ၊ သူပဲ'ဟု နှုတ်က တရွရွရွတ်၏။ လက်ညှိုးက ကိုအေးဖေဆီ ထိုးပြသည်။

ဘအပ်ကြီးက 'ကိုအေးဖေကို ဘဘုရား အရှာခိုင်းတာ သုံးလေးနှစ် ရှိပါပြီဗျာ။ ဒီအနီးအနား ပတ်ဝန်းကျင်ကို မကြာ,မကြာ ရောက်ခဲ့ဖူးပါတယ်။ မတွေ့ဘူးဗျာ။ ကဲ..မောင်ရင် ဦးကိုကြီးတို့ ဓမ္မသာလာကို ကျွန်ုပ်တို့နဲ့အတူ လိုက်ခဲ့ပါဦး'ဟု ခေါ်သည်။

ကိုအေးဖေကား ဘာတစ်ခုမှ ခွန်းတုံ့မပြန်၊ အဘတို့ခေါ်ရာ ဓမ္မသာလာသို့ လိုက်ပါခဲ့ပါသည်။

ဝါးဖတ်တော်က စီနှစ်ကယ်နဲ့ သားစပ်တော်သည် အဖြစ်တွင်မှ အိုကွယ် ညီချစ်ကိုတဲ့ မွေးခဲ့ပေ။

ပြုစုလျက် မကောင်းလေဘု၊ ပုလုကက်စင်း အရွယ်တိုင်မှဖြင့်၊ နှစ်သွယ်ပြိုင် ရေ့ဖြစ်အကြောင်းတွေနဲ့၊ မကယ်နိုင် ကယ်နိုင်အောင် မြေးချစ်ဟောင်းကိုကွယ် ပေါင်းခဲ့ရသလေ။

သံသရာ ခန္ဓာအရပေမို့၊ ကံနှစ်ဖြာ ဖန်လာလာ၍သမုံက ငါဝဋ်နဲ့ ငါ့ကိုမွေ၊ ဘဝထိုအခြေက လက်ဆင့်ကမ်း၊ သို့မကွာ တို့ဆရာ ဟိုအရင် ယခေါင်က၊ ကိုရင်အောင် ဗားမဲ့ဘုန်းရယ်နဲ့၊ ဖိုခွင်ချောင် ပြဒါးလုည့်၍ လုံးစဉ်က တိတ်ထုံးရာဇဝင်ကဖြင့် ငါအရှင် ပြန်ဇာ့န်လိုက်ရတော့၊ သနားလည်း သနားစရာ၊ မှားမြဲမှားရှာတဲ့ အမိုက်ကယ်ကြောင့်၊ ရှည်ကြာကြာသည် ဝါဆိုဆိုက်ရတယ်၊ ကလေးအမိုက်ပေမို့ အရေးမစိုက်သင့်ပေဘူး၊ (ကိုရင်အောင်ရယ်) ထွေးပိုက်ကြစမ်း။

အဘအောင်မင်းခေါင်သည် ရေးပြီးသော စာရွက်ကို ဦးကိုကြီးအား လှမ်းပေး၍ ဖတ်ခိုင်းသည်။ ထိုအချိန်တိုင် ကိုအေးဖေ ဘာမှမပြောသေး။ တစ်စုံတစ်ရာကို လေး



www.burmeseclassic.com

www.burmeseclassic.com

...နက်နက် တွေးတောနေဟန် ...သည်။

အတန်ကြာသော် အဘ ...အောင်မင်းခေါင်သည် ဘအိပ်ကြီး ...ကို ကိုအေးဖေနဲ့ နေရစ်ခဲ့တော့ ...ဟုပြောကာ တစ်ဦးတည်း အိမ် ...ပေါ်မှ ဆင်းသွားလေတော့သည်။



...ဖြားဆန်းကြယ် ...ရုပ်တစ်ခု

အဘအောင်မင်းခေါင်သည် ကိုအေးဖေကို တွေ့ဆုံအပြီး ငါး ...ရက် အကြာတွင် ဘအိပ်ကြီးကို ...ယျာချောင်ရပ်ရှိ ကိုအေးဖေ၏ ...အိမ်၌ နေထိုင်စေရန် စီစဉ်ပြန် ...သည်။

'ငါ ခရီးထွက်ဦးမယ်၊ ငါပြန်တဲ့အထိ စောင့်ရစ်ကြ' ...ဟု မှာကြားကာ ကသာမြို့အထက် (၁၄)မိုင်ကွာဝေးသော ...င်းလယ်ကျေးရွာ (ဒေသအခေါ် မလယ်)သို့ တစ်ဦး ...တည်း ထွက်လာခဲ့သည်။ မလယ်ရွာတွင် အသက်(၈၁) ...နှစ် အရွယ်ရှိ ဘိုးနီက အဘ၏ တစ်ဦးတည်းသော သာ ...တော်ကြီး ဖြစ်သည်။ အဘက ဘိုးနီကို လွယ်အိတ်တစ် ...လုံး လွယ်ခိုင်းသည်။

နောက်တစ်နေ့ မနက်စောစော အရုဏ်မပေါ်တပေါ် ...အိမ်ရာမှ ထကြလျက် အဘနှင့် ဘိုးနီသည် ကောက်ကွေ့ ...ချောင်းအတိုင်း ခြေကျင်ခရီး ထွက်ကြသည်။ ယင်းခရီး ...စဉ်သည် တောင်ပေါင်း(၃၃)လုံးကို ကျော်ရကြောင်း ဘိုးနီ ...က ပြန်ပြောသည်။ အဘသည် လမ်းခရီး၌ ဘိုးနီကို ...တစီးစီး တောင့်ကပ်ပျောသီးကြီး တစ်လုံးနှင့် မန်ကျည်း ...သီးမှည့် တစ်တောင့် ကျွေးသည်။

နောက်ဆုံးတော့ ယင်းဒေသ၏ အမြင့်ဆုံးတောင် ...ထိပ်ကို တက်ရောက်နိုင်ခဲ့ကြသည်။ ထိုတောင်ထိပ်ပေါ်မှ ...အရှေ့မြောက်ဘက်သို့ လှမ်းမျှော်ကြည့်သော် ဗန်းမော် ...မြို့၊ မြစ်ကြီးနားမြို့နှင့် ...တောင်ဘက်ရှုးရှုးတွင် ကသာ ...မြို့ကို မြင်တွေ့ရသည်။

ထိုတောင်ပေါ်တွင် ခဏနေကာ တောင်ခြေမြေပြန့်သို့ ...ဆင်းခဲ့ကြသည်။ မြေပြန့်သို့ရောက်လျှင် အလျား အတောင်

(၅၀)ခန့်၊ လုံးပတ် ရှစ်ဆုပ်ကျော်ကျော် ပုဆိုးတစ်ပတ်ခန့် ရှိ ခြေဖြောင့်ဖြူးချောမွတ်သော ကျွန်းသစ်လုံးများ အစီအရီ စုပုံထားသည်ကို တွေ့ရကြောင်း ဘိုးနီက တအံ့တဩ ပြန်ပြောသည်။

ယင်းကျွန်းသစ်လုံးကြီးများမှာ ဆယ်လုံးလျှင် တစ်ပုံ



ဘိုးမှူး



www.burmeseclassic.com

www.burmeseclassic.com



ဘွားမှား(မွေပါလ)
(မန္တလေးနတ်စလင်းကျောင်း)

အပုံပေါင်း(၁၁၀)လုံးရေ ပေါင်း(၁၁၀၀)ရှိသည်။ အဘသည် သစ်လုံးများကို စေ့စေ့စပ်စပ် ကြည့်ရှုရေတွက်နေ



ဘိုးမှားရွေး
(မြင်းတောင် ရွှေမြင်း)

ဟန် တွေ့ရသည်။ စစ်ဆေးပြီးနောက် မြေပြန့်မှတစ်ဖန် တောင်ကြားတစ်ခုဆီသို့ ဆက်လက်လျှောက်ခဲ့ကြရ မကြာမီ ဥမင်လိုဏ်ခေါင်းတစ်ခုကို တွေ့ရသည်။

အဘအောင်မင်းခေါင်က လိုဏ်ဂူပေါက်နှင့် မလှမ်း မကမ်း တစ်နေရာမှာရပ်ကာ လက်ဖျောက်သုံးကြိမ် တီး လိုက်ပါသည်။ ခဏအကြာ လိုဏ်ဂူတွင်းမှ ခြောက်လ သားအရွယ် ဆင်ဖြူငယ်နှစ်စီး အဘထံ ပြေးလာသည်ကို တွေ့ရသည်။ ဆင်ဖြူတော်လေးများသည် နှာမောင်းများ ကို ဆန့်တန်းလျက် အဘအား ဦးသုံးကြိမ်ညွတ်ကြလေ သည်။

အဘအောင်မင်းခေါင်သည် ဆင်ဖြူတော်လေးများ၏ နှာမောင်းလေးများကို ယုယုယယ ပွတ်သပ်ပေးသည်။ အတန်ငယ်ကြာသော် အဘက လက်ဖျောက်သုံးကြိမ် တီး လိုက်ရာ ဆင်ဖြူတော်လေးနှစ်စီးမှာ နောက်ဆုတ်,နောက် ဆုတ်ပြုလျက် လိုဏ်ဂူတွင်းသို့ ပြန်လည်ဝင်ရောက်သွား ပါတော့သည်။

ဘိုးနီမှာ မကြုံစဖူး ထူးခြားလှသော မြင်ကွင်းကြောင့် ဘာလုပ်ရမှန်းမသိ ငေးကြောင်ကာ ကြည့်နေမိသည်။ အဘက 'အဲဒါတွေ..အဲဒါတွေဟာ သာသနာ့ဒါယကာ မင်းအတွက် အဆောင်အယောင်တွေပဲ။ ကဲ..ကိစ္စပြီးပြီ သွားကြစို့ရဲ့' ဟု ပြောသည်။

အဘအောင်မင်းခေါင်သည် ကျွန်းသစ်လုံးကြီးများနှင့် ဆင်ဖြူတော်လေးများ ဝင်ရောက်သွားသည့် လိုဏ်ဂူကြီး ကို စစ်ဆေးကြည့်ရှုပြီးနောက် ဘိုးနီကိုခေါ်၍ ဧရာဝတီ မြစ်အင်းဆိပ်ကမ်းသို့ ဆင်းခဲ့သည်။ လှေကြုံစီး၍ ဧရာ ဝတီမြစ်ကို ဖြတ်ကူးသည်။ ဗန်းမော်မြို့အောက် မိုင်(၂၀) ခန့်အကွာ ရွှေကူမြို့သို့ ရောက်သည်။ ရွှေကူမှာ သုံး ရက်နေပြီး အဘနှင့် ဘိုးနီတို့ သင်္ဘောစီးကာ ကသာသို့ ပြန်ခဲ့သည်။ ဘိုးနီကို မလယ်ရွာသို့ ပြန်လွှတ်ခဲ့ပါသည်။

## အေးဖေမှ အပွားသို့

ကသာမြို့၊ ဖေယျာချောင်သို့ ရောက်လျှင် အဘ အောင်မင်းခေါင်သည် ဘအပ်ကြီးကို ကိုအေးဖေနှင့်အတူ မန္တလေးသို့သွားရန် အမိန့်ရှိသည်။

'မန္တလေးကို ရောက်တဲ့အချိန်ကစပြီး အေးဖေနာမည် ပျောက် အပွားအမည်ရှောက်စေ။ မန္တလေးမှာ ဆောင်ရွက် စရာ ကိစ္စအဝဝကို မှာကြားထားပြီးပြီ' ဟု အဘက ပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။

တစ်ဖန် အဘအောင်မင်းခေါင်နှုတ်မှ ခြောက်ဆယ့်ကိုး(၆၉)ဟု ရွတ်ဆိုလျက် စကားပန်းသုံးပွင့်ကို ကိုအေးဖေ(အပွား) အိတ်အတွင်းသို့ ထည့်ပေးလိုက်သည်။ (၆၉) ဆိုသည်မှာ အပွားသာသနာပြုရာတွင် လိုအပ်သလို ကူညီဖို့ ပေါက်ဆရာ(၆၉)ဦးကို အပ်ထားကြောင်း ဘအပ်ကြီးက ကိုအေးဖေကို ရှင်းပြသည်။

မြန်မာ့သက္ကရာဇ်(၁၃၀၀)ပြည့်၊ တပေါင်းလပြည့်နေ့တွင် အဘအောင်မင်းခေါင်သည် ဓာပည့်တစ်ဦးဖြစ်သော ဘိုးသက်ကြီးကိုခေါ်ကာ ကသာမှ ထွက်ခဲ့သလို ဘအပ်ကြီးနှင့် ကိုအေးဖေ(အပွား)တို့လည်း မန္တလေးသို့ ဆင်းလာခဲ့သည်။ မန္တလေးမြို့၊ စဥ့်ရှင်တံတားလမ်း၊ ရွှေပြည်ရပ်တွင် ဘအပ်ကြီးနှင့် အပွားတို့ ယာယီစခန်းချသည်။


'အဘက ရေဝတီမြစ်ရိုးတစ်လျှောက် လှေမစီး၊ လှည်းမစီးဘဲ ခြေကျင်ခရီးနဲ့ လျှောက်တယ်။ လမ်းမှာ ရွာတကာ ဝင်တယ်။ ကသာမြို့ကနေ မိုင်(၄၀)လောက်ဝေးတဲ့ အရင်တုန်းကလည်း နေဖူး ယ်။ ထီးချိုင့်ကို ဝင်တယ်။ ထီးချိုင့်မှာ တစ်လနေပြီးမှ ကောလင်းကို ခရီးဆက်တယ်။ ကောလင်းမှာ နှစ်ရက်နေပြီးတော့ နမ္မားဘူတာရုံနားက ခရုချောင်းရွာကို မြန်တယ်။ ငါ ဓာတ်ကြွင်း ဓာတ်ကျန် အားလုံးကို သိမ်းပြီဆိုပြီး ပြောတယ်' ဟု ဘိုးသက်ကြီးက ပြန်ပြောပြသည်။

ဆောင်ရွက်ဖွယ်ကိစ္စများပြီးလျှင် နတ်ဆက်ဟု ခေါ်သော ရှမ်းအမျိုးသားတစ်ဦးနှင့် ပိဋကထွန်း အမည်ရှိ မြန်မာအမျိုးသား တစ်ဦးကိုခေါ်ကာ (၉၉)စော်ဘွားများ အုပ်ချုပ်ခဲ့သော ရှမ်းပြည်နယ်တစ်လျှောက် မြောက်ပိုင်းရော တောင်ပိုင်းရော ခရီးလှည့်လည်ပါတော့သည်။

မြန်မာသက္ကရာဇ်(၁၃၀၀)ပြည့်နှစ်၊ တပေါင်းလဆန်း (၁၃)ရက်၊ တနင်္ဂနွေနေ့တွင် အဘအောင်မင်းခေါင်သည် ပုပ္ပားတောင်မြတ်တောင်ကလပ်ကို ရောက်ရှိခဲ့ပြီး ပုပ္ပားတောင် ဓာတ်စခန်းကို ဖွင့်လှစ်ခဲ့ပါသည်။ ပုပ္ပားတွင် အဘက ကျောက်ပန်းတောင်းမြို့နယ်၊ စင်မြင့်ရွာမှ ဦးအာစိဏ္ဏမိရုပ်ခွဲကိုယူလျက် သာသနာပြုခဲ့ခြင်း ဖြစ်သည်။

**တိမ်ကြားမင်းခေါင်**

အဘအောင်မင်းခေါင် တောင်ကလပ် ရောက်သည့်အချိန် ကဇာတ်၊ အငြိမ့်သဘင်လောကတွင် ပြက်လုံးတစ်



မြစ်မ်းတောင်ဆရာတော်ကြီး

ခုက အလွန်ခေတ်စားလျက်ရှိသည်။

တိမ်ကြားမင်းခေါင်၊ တိမ်ကြားမင်းခေါင်နဲ့ သတင်းကတော့ အင်မတန်ကြီး၊ ဒါပေမဲ့ လာတော့လည်း ငှက်ပျောတောကပါလား ဟူ၏။

အဓိပ္ပာယ်မှာ ဘိုးမင်းခေါင်ကြီး တိမ်ကြားက ထွက်လာမလားလို့ အထက်မျှော်ကြည့်ရ၊ ထွက်လာတော့ ငှက်ပျောတောထဲက ထွက်လာသည်ဟု ဆိုလိုပါသည်။

အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အရေးကိစ္စအတွက် အတိတ်၊ တဘောင်၊ စနည်းတို့သည် ပေါ်ထွက်လာမြဲဖြစ်ပါသည်။ ကလေးစကား၊ အရူးစကား၊ သဘင်စကားများသည် ယင်းအတိတ်၊ တဘောင် နိမိတ်ဆောင်သည် မဟုတ်ပါလား။

တိမ်ကြားမင်းခေါင် ဟူသောအမည် လွန်စွာကျော်ကြားလာလေရာ လောကီပညာရှာဖွေသူများ ပုဂ္ဂိုလ်ထူးကို ဆည်းကပ်သူများ၊ ယုံကြည်သူများသည် တိမ်ကြားမင်းခေါင် ဘယ်မှာရှိသလဲ လိုက်ရှာကြသည်။ ယင်းကာလက ပုပ္ပားတောင်မကြီးတစ်ဝိုက် ငှက်ပျောတောကြီးဖြစ်ကာ အဘအောင်မင်းခေါင်သည်လည်း ပုပ္ပားတွင် ဓာတ်ပန္နက်ချကာ အလုပ်လုပ်နေချိန်လည်း ဖြစ်သည်။

www.burmeseclassic.com



ဘိုးပွားလေး(မြစိမ်းတောင်)

ပုပ္ပားတောင်တွင် ဘိုးဘိုးကြီးခေါ်သည့် ပုဂ္ဂိုလ်ထူးကြီး တစ်ပါး ရောက်နေကြောင်း တစ်ဆင့်စကား တစ်ဆင့်နား လူလူချင်း သတင်းဆောင်ကာ အဘ၏ ဘဝများစွာက သားသမီးများ၊ တပည့်သာဝကများ တစ်ဦးပြီးတစ်ဦး၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်ရှိလာပါတော့သည်။

ခေါင်လေးခေါင်ဟု ထင်ရှားကျော်ကြားသော ဘိုးတော်အောင်မင်းခေါင်၊ ဓမ္မစေတီမင်းခေါင်၊ တိမ်ကြားမင်းခေါင်၊ ဘိုးမင်းခေါင်တို့သည်ကား အဘတစ်ပါးတည်းသာ ဖြစ်ပါသည်။

<u>နတ်စလင်းကျောင်းက ဘိုးပွား</u>

မြန်မာသက္ကရာဇ်(၁၂၅၀)ပြည့်နှစ်၊ တပေါင်းလပြည့် ဝိဇ္ဇာညီလာခံကြီးက စတင်ဖွဲ့စည်းခဲ့သော မဟာဂန္ဓာရီ သာသနာပြုဝိဇ္ဇာ အဖွဲ့ကြီးတွင် ဦးစီးဥက္ကဋ္ဌက အဘအောင်မင်းခေါင် ဖြစ်ပါသည်။ (၁၃၀၀)ပြည့်နှစ်မှစ၍ လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်း ဝိဇ္ဇာစစ်သည် နတ်စစ်သည်များသည် မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာတစ်ဝန်းလုံး လှည့်လည်စစ်ဆေးခဲ့သည်။

'မင်းခေါင်ဝိဇ္ဇာ လျှောက်၍လာ၊ ပြည်ရွာတိုင်းကား သာလတ္တံ့'

'မြူခိုးရစ်မှောင်၊ နဂါးရစ်တောင်၊ မင်းခေါင်ဝိဇ္ဇာ ရောက်သောခါလျှင်၊ စကြာတံခါး ပွင့်လတ္တံ့'

ယင်းတဘောင် ကိန်းခန်းအရ သက္ကရာဇ်(၁၃၁၅)ခုနှစ်မှစ၍ နဂါးရစ်တောင်ဟု အမည်တွင်သော မန္တလေးတောင်ခြေ အနောက်ဘက် နတ်စလင်းကျောင်း၌ အဘသည် မဟာသိဝသုမင်္ဂလာ ဓာတ်နန်းကို စိုက်ထူခဲ့သည်။ ယင်းဓာတ်နန်း၌ အဘနာမ်ကိန်းလျက် အပွား၊ ဦးပွား၊ ဘိုးပွား ဦးစီးဦးဆောင်ပြုကာ သာသနာပြုခဲ့ပါသည်။

'အဘက သက္ကရာဇ်(၁၃၁၄)ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂)ရက် ညနေ(၄)နာရီ (၁၅)မိနစ်မှာ ရုပ်ခန္ဓာဟောင်းကို စွန့်တယ်။ ဒါပေမဲ့ အဘနာမ်က တန်ဆောင်မုန်းလအထိ ပုပ္ပားတောင်ကလပ်မှာ ရှိနေတုန်းပဲ။ အဲဒီအချိန်မှာပဲ အဘက မန္တလေးမှာ ဘိုးပွား၊ ရန်ကုန်မှာ ဘိုးတော် အောင်မင်းခေါင်၊ ကျူတော့ပလ္လင်မှာ ဦးမောင်ကိုး အဖြစ်နဲ့ နာမ်တွေပွားပြီး သာသနာပြုခဲ့တယ်လေ'ဟု အဘကို သိမီခဲ့သော ပုပ္ပားတောင်ကလပ်မှ ဦးမေဓာဝီက ပြောသည်။

ကဲ..နတ်စလင်းကျောင်းက ဘိုးပွားအကြောင်း ဆက်ကြရအောင်။

နတ်စလင်းကျောင်း အပေါ်ထပ် အနောက်ဘက်ဆောင်အတွင်း၌ ကာကီရောင် ဖော့ဦးထုပ်ကိုဆောင်း၊ မျက်မှန်နက် တပ်ထားသော ဘိုးပွားကို အဘအောင်မင်းခေါင်အဖြစ် အများက ယုံကြည်လက်ခံကြသည်။

နတ်စလင်းကျောင်းက ဓာတ်ခန်းထဲမှာ အဆောင်အယောင်တွေနဲ့ မွန်ရည်တဲ့ အသက်(၃၀)အရွယ် ဘိုးပွားကို သွားတွေ့တော့ စကားကို ညင်ညင်သာသာ တိုးတိုးပဲ ပြောတယ်။ ဘဘုရား၊ တပည့်သားမြေးအဖြစ် စောင့်ရှောက်ပါဆိုတော့ ကျင့်စဉ်ချပေးတာ များတယ်'ဟု စာရေးဆရာ စကြာအောင်က သူ့စာမူကြမ်းထဲမှာ ရေးထားသည်။

ဘိုးပွား၏ နတ်စလင်းကျောင်းတွင် အရှင်ဇောတိပါလ ရသေ့ကြီး ဦးအေးနှင့် နောင်တွင် အောင်ဆုယန်ဆရာတော်အဖြစ် ထင်ရှားမည့် အရှင်ဉာဏိန္ဒတို့ကို အမြဲလို တွေ့ရတတ်သည်။ နောင်တွင် ဘိုးပွားသည် နတ်စလင်းဓာတ်စခန်းမှ ရွှေပြည်ရိုးသို့ ပြောင်းရွှေ့ပြီး သရက်တာပင်အနား ခန္ဓာဝန်ကို စွန့်ကာ ထွက်ရပ်သွားခဲ့ကြောင်း

www.burmeseclassic.com

ရှိရသည်။

ဘိုးပွားကို အဘအောင်မင်းခေါင် နာမ်ကိန်းညွှန်ကြား အညွှန်းအတိုင်း သာဝကများက မြို့ရွာပေါင်း(၆၄)၊ ဌာန ပေါင်း(၉၅)၊ စေတီပုထိုးပေါင်း (၁၂၈)ဆူကို (၁၁)နှစ် အတွင်း တည်ထားခဲ့ကြသည်။

"မန္တလေးမှာ ဘိုးပွားနဲ့အတူ နေရာက ဘအိပ်ကြီးက (၁၃၁၀)ပြည့်နှစ်မှာ ရန်ကုန်ကို ဆင်းလာတယ်။ ဒါက လည်း အဘရဲ့ ညွှန်ကြားချက်ပဲ။ ရန်ကုန်ကိုရောက်တော့ အသက်ကျော် ဦးစိန်ခန့် ဦးဆောင်မှုနဲ့ ဓာတ်ခန်းဖွင့်တယ်။ ရန်ကုန်မြို့ရဲ့ တနင်္ဂနွေထောင့်မှာ (၁၀)တောင်ပြည့် စေတီ တည်တယ်။ (၁၃၁၂)ခုနှစ်မှာ မယ်တော်ကြီး ဒေါ် မှမေ လှူဒါန်းတဲ့ မြေအတွင်းမှာ (၁၂)တောင်ပြည့်စေတီ တည်တယ်။ ဥက္ကလာဦးစေတီပေါ့။ ဒါကလည်း သာ သနာတော်(၂၅၀၀)ကျော် ဆယ်စုစွန်းသော် ပွားရာဇဝင် ဆောင်တာပါ။ ဥက္ကလာပဘာဝအဆက် သာသနာ့အလင်း ဆောင်စေတီ၊ ဥက္ကလာဦးစေတီကို တည်တာဖြစ်ပါတယ်" ဟု စာရေးဆရာ စကြာအောင်က ပြောသည်။

ယနေ့တိုင် ဥက္ကလာဦးစေတီတော် မြောက်ဘက် တွင် အောင်မင်းခေါင်ကြီး ဓာတ်ခန်း (သို့မဟုတ်) ဘအိပ် ကြီး၏ နေရာဟောင်းရှိသည်။ ထပ်မံတင်ပြလိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မြစိမ်းတောင် ဆရာတော်ဘုရားကြီးကျောင်းတွင် ဘိုးပွားနှင့်ပတ်သက် သော ပစ္စည်းများ ယခုတိုင် ရှိနေသည့်အပြင် ပွားလေး ဆိုသော မြစိမ်းတောင်ဆရာတော်ဘုရားကြီး၏ သား တပည့် ပုဂ္ဂိုလ်ထူးလေးကိုလည်း တွေ့ဆုံနိုင်ပါသည်။

**စကြာကောင်းစံ**

**<u>စာကိုးစာရင်း</u>**

၁။ စကြာအောင်၏ အောင်မင်းခေါင်ဘဘုရား အတ္ထုပ္ပတ္တိကျင့်စဉ်နှင့် သာသနာပြုလုပ်ငန်းများ (မူကြမ်း)။
၂။ အရှင်ကဝိန္ဒ(ပုပ္ပား)၏ ဘိုးမင်းခေါင်။
၃။ အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)၏ ဝိဇ္ဇာတကယ်ရှိသလား။
၄။ ကိုယ်တိုင်လေ့လာချက်များ။


ကြယ်ပါမြှူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာဖေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



ပင်ရင်း ကြယ်ပါမြှူမင်း ဆေးတိုက်

အမှတ်(၄၅၁)၊ သိမ်ဖြူလမ်းနှင့် အောင်ခြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။

☎ ၀၉-၇၃၁၁၄၀၄၄ ၀၉-၅၀၈၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၅

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)

ဖြန့်ချိရေး

တိုဝင်းမြင့်+စေသော် (ဆေးမျိုးစုံဆိုင်)၊ (၁၅)လမ်း၊ ထမ်းခုတော်မြို့နယ်၊ ရန်ကုန်မြို့။
(ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေခေါင်းလောင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြူမှုန်ဆေးခန်း)၊ (ပဲခူးမြို့ - တာသာတုန်းထွန်းသန့်ဆေးဆိုင်၊ တာသာတုန်းယဉ်ကျေး)

www.burmeseclassic.com

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ် ကာလတစ်လျှောက် အကျိုးလို၍ ညောင်ရေလောင်းသော အလုပ်အတော်များများကို လုပ်ကိုင်ခဲ့သည်။

(၁၉၀၁)ခုနှစ်တွင် တွံတေးတူးမြောင်းကို ဖောက်လုပ်ခဲ့သည်ကိုပဲကြည့်လျှင် သိနိုင်သည်။ အင်္ဂလိပ်နယ်ချဲ့တို့က တူးမြောင်းဖောက်လုပ်ရာတွင် ယခု ဧရာဝတီတိုင်းဒေသကြီးရှိ မြို့ငယ်များ၊ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ တိုးတက်စည်ပင်စေသော စေတနာအရင်းခံနှင့် မဟုတ်ပါ။ သူတို့အတွက် စစ်လက်နက်ပစ္စည်းများ၊ စားနပ်ရိက္ခာတချို့ကို အိန္ဒိယမှ အလွယ်တကူ သယ်ယူ၍ ရရှိအောင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ စတင်ဖောက်လုပ်စဉ်က ဝါးနှစ်ပြန်စာ အကျယ်အဝန်းပဲ ရှိသည်။ ထို့နောက်ပိုင်းတွင် ရေစီး၏ တိုက်စားမှုကြောင့် တူးမြောင်း၏ အကျယ်အဝန်းက မြစ်ငယ်လေးတစ်ခုလို ဖြစ်လာခဲ့ရသည်။

ရေစီးအားကောင်း၍ ကျယ်ဝန်းလာသည်နှင့်အမျှ ရေတိုက်စားမှုကြောင့် ဒီရေတောများ လျော့ပါး၍ ကမ်းပြိုခြင်းများ ဖြစ်ပေါ်လာပြီး ကမ်းနှင့်နီးသော ကျေးရွာများက ကမ်းနှင့်ဝေးရန် ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။ စိုက်ပျိုးလုပ်ကိုင် စားသောက်နေရသော ဥယျာဉ်ခြံ လယ်ယာမြေများပင် ပျက်စီးဆုံးရှုံးကြရသည်။

အဲဒီလို ကမ်းပြို၊ ရွာရွှေ့၊ လယ်ကျုန်၊ ခြံပျက်ကြရတော့ ရွာသူရွာသားတွေက အားကိုးရှာကြသည်။ မြစ်ချောင်းတို့ရဲ့ ကမ်းပြို ရေတိုက်စားမှုကို ကာကွယ်တားဆီးဖို့ဆိုတာက ခေတ်မီစက်ကိရိယာယန္တရားများနှင့်လုပ်မှ ရမည့်သဘော။

# ဒိုးယာကျွန်း

ဂျိုရှမှတ်စု





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ရွာသူရွာသားတွေမှာ အားကိုးမရှိ၊ လက်မှိုင်ချထိုင်သာ နေကြသည်။

တစ်နေ့မှာ ရွာခံတစ်ယောက်က ခရီးသွားမှ အပြန်တွင် ဧည့်သည်ပါလာသည်။ ရွာသားကပင် ဧည့်သည်များနှင့် ရွာလူကြီး ဦးဟန်တင်ကို မိတ်ဆက်ပေးလိုက်သည်။

'ဦးဟန်··ဒါ မော်ဘီက ဆရာကြီးဦးဝိုင်းနဲ့ သားဆရာရွှေမင်းပါ'

'သြော်··ဟုတ်ကဲ့ပါ။ ကျွန်တော်က ဒီရွာရဲ့လူကြီး ဦးဟန်တင်ပါ'

ရွာခံ ဦးကြိုင်၏ မိတ်ဆက်ပေးမှုကြောင့် ရွာလူကြီး ဦးဟန်တင်နှင့် မော်ဘီဆရာဝိုင်းနှင့် သားဖြစ်သူ မော်ဘီဆရာရွှေမင်းတို့ ဆရာသားအဖတို့မှာ ရင်းနှီးသွားကြသည်။

မော်ဘီဆရာဝိုင်းနှင့် မော်ဘီဆရာရွှေမင်းတို့ သားအဖက မော်ဘီဆရာသိန်းကြီး၏ တပည့်ရင်းများ ဖြစ်ကြသည်။ ရွာလူကြီး ဦးဟန်တင် ရွာခံ ဦးကြိုင် အပါအဝင် ရွာသားများနှင့် ရေနွေးကြမ်း၊ တောထွက်အသုပ်၊ မုန့်အချို့ကို အမြည်းလုပ်စားသောက်ကြရင်း စာအကြောင်း ရွာအကြောင်းများ ပြောမိကြသည်။

'သြော်··ဆရာဝိုင်းရေ၊ ကျွန်တော်တို့ရွာက တွံတေးတူးမြောင်းနဲ့ ကပ်လျက် ရွာတည်ထားတာ။ အခုမှ ရွာကနောက်ဆုတ်ပေးရတော့ အပင်ကြီး ဝါးကြီးတွေက ရွာဆောင်းနေရာမှာ ကျန်ခဲ့တယ်။ အဲဒါလည်း သိပ်မကြာပါဘူး ကမ်းပြိုတဲ့အထဲ ပါမှာပါ'

'ဗျာ'

'ဟုတ်တယ် ဆရာဝိုင်း၊ ကမ်းက နှစ်စဉ် ပြိုတာဗျာ'

'ဟာဗျာ··ကိုကြိုင်ရယ်။ အစကတည်းက ပြောပါတော့ဗျာ။ အခု ရွာလူကြီး ဦးဟန်တင် ပြောမှပဲ သိရတယ်။ ကဲ··ကဲ··ဒီကမ်းပြိုတဲ့ကိစ္စကို ကျုပ်လုပ်ပေးမယ်။ ဟုတ်လား'

မော်ဘီဆရာဝိုင်းရဲ့ စကားကြောင့် ရွာသူရွာသားများနှင့် ရွာလူကြီးကပါ ဝမ်းသာအားရဖြစ်ကြပြီး-

'ဆရာဝိုင်းရယ်··ကျွန်တော်က ရွာလူကြီးပေမယ့်ဗြဲ့ဆဲအလုမ်းဝေးတော့ အရေးပါအရာရောက်တဲ့ လူကြီးတွေနဲ့ မနီးစပ်ဘူးဗျာ။ ကျေးရူးတင်လိုက်တာ။ စက်ကိရိယာသမားတွေ၊ လုပ်ကိုင်ဆောင်ရွက်တဲ့လူတွေကို ရွာကကျွေးမွေးဖို့ တာဝန်ယူမှာပါ။ စက်ကိရိယာတွေက သင်္ဘောနဲ့ သယ်ရမှာလား'

'ဟာ··ကိုဟန်တင်ရယ်၊ ကျုပ်လုပ်ပေးမယ့်နည်းက ဂမ္ဘီရနည်းနဲ့ လုပ်ပေးမှာ။ ဘာစက်မှ မပါဘူး'

'ဗျာ'

'အဲဗျ'

'ဟို··အဲ'

ကမ်းပြိုတာကို စက်ကိရိယာမပါဘူး။ ဂမ္ဘီရနည်းနှင့် လုပ်မှာဟု ပြောလိုက်သည့် မော်ဘီဆရာဝိုင်း၏ စကားကြောင့် ဟင်··အို··ဗျာ··ဆိုသည့် အသံပေါင်းစုံ ထွက်လာကြသည်။

ရွာလူကြီး ဦးဟန်တင်ကပါ မျက်ခုံးတွန့်၍ ကြည့်ပြီး-

'ဟို··အဲ··ဆရာဝိုင်းက ဂမ္ဘီရနည်းနဲ့ ဟုတ်လား'

'ဟုတ်ပါတယ် ကိုဟန်တင်ရဲ့။ ဂမ္ဘီရဆိုတာ သိပ္ပံနည်းပညာတွေ၊ စက်ကိရိယာ လိုက်မမီ စမ်းသပ်လို့မရတဲ့ ပညာတစ်ခုပါ။ သရဲခြောက်တဲ့ဂမ္ဘီရ မဟုတ်ပါဘူး'

'ဟုတ်··ဟုတ်ကဲ့၊ ဟို··ကျွန်တော်တို့က ဂမ္ဘီရဆိုတာ အစိမ်း၊ နာနာဘာဝ၊ သရဲတစ္ဆေ ကိစ္စတွေလို့ပဲ သိတာကို ဆရာဝိုင်းရဲ့'

'ကိုဟန်တင်ရေ··နောက်မှ အကျယ်တဝင့် ရှင်းပြမယ်။ အခုတော့ ဂမ္ဘီရဆိုတာ အသိရခက်သော၊ အလွန်မှ သိမ်မွေ့နူးညံ့သော၊ လိုက်မမီသော ပညာရပ်လို့ပဲ သိထားဦးဗျာ'

'ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့'

စကားဝိုင်းက အတော်ပင် ညဉ့်နက်သွားသည်။ အားလုံးက နှုတ်ဆက်ပြီး နောက်တစ်နေ့တွင် ကမ်းပြိုသည့်ကိစ္စကိုလုပ်ကိုင်ဖို့ ဆွေးနွေးကြမည်ဟု ပြောပြီး လူစုခွဲလိုက်သည်။ ရွာလူကြီး ဦးဟန်တင်က မော်ဘီဆရာဝိုင်းတို့ သားအဖကို သူ့အိမ်သို့ ခေါ်သွားလေသည်။

နံနက်ဦး လေးနာရီစွန်းစွန်းတွင် ဆရာဝိုင်းတို့ သားအဖက အိပ်ရာမှ နိုးထ၍ ဘုရားရှိခိုး၊ ပုတီးစိပ် အမျှဝေခြင်းတို့ ပြုလုပ်နေကြသည်။ ဦးဟန်တင်၏ မိသားစုကလည်း ရေနွေးကြမ်းနှင့် နံနက်စာ အဆာပြေအတွက် လုပ်ကိုင်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

'ဟော..ကိုကြိုင်တို့၊ ဦးဘခင်တို့၊ လာကြဗျာ။ ဦး လှတုတ်၊ တက်လေဗျာ'

'ဟုတ်ကဲ့ ကိုဟန်ရေ၊ ဧည့်သည်ဆရာနဲ့ စကားပြော ကြဖို့ပါ'

'ကဲ..ကဲ..လာကြ..လာကြပါ'

ဦးဟန်တင်၏ အိမ်ကြီးပေါ်တွင် လူပြည့်သွားသည်။ ရေနွေးကြမ်း၊ ဘိန်းမုန့်၊ မုန့်စိမ်းပေါင်းများကလည်း ပန်း ကန်ပြားကြီးတွေနှင့် ထည့်ထားသည်။

စားကြသောက်ကြရင်းမှ-

'ကဲ..ကဲ..ကိုဟန်တင်နဲ့ ကိုကြိုင်ရေ၊ ကျုပ်က ရွာ ကမ်းပြိုတာကို ဂမ္ဘီရနည်းနဲ့ နောက်ကို ကမ်းမပြိုအောင် လုပ်ပေးမယ့် နေရာမှာ ကျုပ်လိုချင်တာလေးတွေတော့ ရအောင် ဆောင်ရွက်ပေးကြပါ။ ဟုတ်လား'

'ဟုတ်ကဲ့..ဟုတ်ကဲ့'

'ဟာ..ဒါကတော့ လုပ်ပေးရမှာပေါ့'

'လိုတာ ပြောပါ ဆရာ'

'ကဲ..ကျုပ်လိုချင်တာက မိကျောင်းအရိုးခေါင်း'

'ဗျာ'

'ဟာ'

'ဗုဒ္ဓေါ'

လူအားလုံးရဲ့ အဖြစ်က ရယ်စရာကောင်းသည်။

ဆရာလေး ရွှေမင်းက အားလုံးကို ကြည့်ပြီး-

'ဒီလိုပါ။ ကျွန်တော့်အဖေပြောတဲ့ မိကျောင်းခေါင်း ခွံကြက ဒီက လူတွေအနေနဲ့ဆိုရင် ခဲယဉ်းမှန်း သိပါ တယ်။ ဒါပေမဲ့ ကျွန်တော့်အဖေရဲ့ တပည့်ရင်း တစ် ယောက် ရှိပါတယ်။ သူက မိကျောင်းမုဆိုးပါ'

ဆရာလေး ရွှေမင်း၏စကား ဆုံးသည်နှင့် ဦးကြိုင် က အားလုံးကို လှည့်ကြည့်ပြီး-

'ကျုပ်တို့ရွာအတွက် လုပ်ပေးတာဖြစ်လို့ အတတ် နိုင်ဆုံး ကူညီကြဖို့ လိုပါတယ်'

'ကူညီပါ့မယ်၊ ကူညီမှာပါ'

'ကဲ..ဒါဖြင့် ကျုပ်ပြောပါ့မယ်။ မြောင်းမြနဲ့ ဘို ကလေးမြို့မှာရော သာပေါင်းမှာပါ မိကျောင်းမုဆိုးတွေ ရှိတယ်။ အဲဒီကို ကျုပ်သားပါ လိုက်မယ်။ ကျန်တဲ့ သွားရေးလာရေးပဲ ကူညီကြပါ။ အဲဒီက မိကျောင်းအရိုး ခေါင်း ရမယ်'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ စီစဉ်လိုက်ပါ့မယ်'

ဦးကြိုင်ကပဲ ဦးဆောင်ပြီး လှေနှင့် ထွက်ကြသည်။ ရွာတွင် မော်ဘီဆရာဝိုင်းက အစစအရာရာကို ပြောပြ သည်။

◆◆◆

ရွာလူကြီး ဦးဟန်တင်နှင့် ဦးဘတုတ်၊ ဦးလှတုတ်တို့ ညီအစ်ကိုနှင့် ဦးဘခင်တို့က လူငယ်များကို မဏ္ဍပ်ထိုး ခြင်း၊ စင်မြင့်ပြုလုပ်ခြင်း၊ ကန်တော့ပွဲပြင်ခြင်းများကို ကြည့်ရှုခိုင်းကြပြီး မော်ဘီဆရာဝိုင်းနှင့် စုထိုင်ပြီး စကား ပြောကြသည်။

'မိကျောင်းဆိုတာက ရေပြင်မှာရော ကုန်းပေါ်မှာပါ ကြောက်စရာကောင်းတဲ့ သတ္တဝါဖြစ်တယ်။ မိကျောင်းလို့ ခေါ်တာက မြန်မာ့အခေါ် ဖြစ်တယ်။ ပါဠိဘာသာအရ ခေါ်မယ်ဆိုရင် (၁)သုသုမာရ၊ (၂) ကုမ္ဘီလ၊ (၃)နက္ကလို့ ပရိယာယ် သုံးမျိုးရှိသော သတ္တဝါလို့ ခေါ်တယ်။ သုသု မာရလို့ခေါ်တာက ရက်စက်သည်၊ သတ်ဖြတ်တတ်သော လို့ အဓိပ္ပာယ်ရတယ်။ ကုမ္ဘီလဆိုတာက ရေအိုးကဲ့သို့ ရေ တွင် နေထိုင်တတ်သော သတ္တဝါလို့ အဓိပ္ပာယ်ရပြီး နက္က ဆိုတာက ဖျက်ဆီးတတ်ပြီး ဖျက်စီးမှ အစာကို စားတတ် သည်လို့ အဓိပ္ပာယ်ရတယ်။ အဲဒီမိကျောင်းမှာက သမိုင်း ကြောင်းတွေ ရှိတယ်။ ဒါက ထားတော့။ သူရဲ့ အစွမ်း ထက်တဲ့ လက်နက်နှစ်မျိုးက အရမ်းသန်စွမ်းတဲ့ မေးရိုးနဲ့ နောက်တစ်ခုက အားကောင်းကြံ့ခိုင်တဲ့ အမြီးပဲဖြစ်တယ်။ ကျောကုန်းကို သန်းခေါင်စင်လို့ ခေါ်တယ်။ သူ့ရဲ့အစာကို ကျောပေါ်မှာတင်ပြီး ယူတတ်လို့ ခေါ်တဲ့အခေါ်ပဲ ဖြစ် တယ်။ အဲဒီ မိကျောင်းဆိုတဲ့ အန္တရာယ်ကောင်မှာ ဂမ္ဘီရ ဆန်ပြီး အသုံးဝင်တဲ့ အစိတ်အပိုင်းတွေ အများကြီးရှိတယ်'

မော်ဘီဆရာဝိုင်းက မိကျောင်းနှင့် ပတ်သက်သည့် အကြောင်းအရာ တချို့တစ်ဝက်ကို ပြောပြလိုက်သည်။

'ဟုတ်ပါ့ဗျာ။ ဆရာဝိုင်း ပြောပြမှပဲ မိကျောင်း အကြောင်းကို ဒီလောက်သိရတာ'

ဦးဟန်တင်နှင့် မော်ဘီဆရာဝိုင်း အပါအဝင် လူကြီး များ စုပြီး စကားပြောနေစဉ်မှာပင် မဏ္ဍပ်လည်း ထိုးရှ ပြီးသွားသည်။ ကန်တော့ပွဲများလည်း ပြင်ရှ်ပြီးသွား လူ ငယ်များက ဘေးဝန်းကျင်ကို အမှိုက်ရှင်း၊ အမှိုက် ကောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရေနွေးပန်းနှင့် လက်ဖက်သုပ်ပန်းကန်များ ချပေးသော လူငယ်ကလေးက-

'အဘဆရာကြီးက ကျွန်တော့်မှာ အိမ်မြှောင်အမြီး နှစ်ခု အပြတ်ကလေး ရှိတယ်။ အဲဒါ ဘာသုံးလို့ရမလဲ အဘဆရာကြီးခင်ဗျာ'

'ဟော..အေး..အေး..အဲဒါဆိုရင် အဘက မင်းကို ဒီယဆေးလို့ခေါ်တဲ့ ဆေးနည်းပေးမယ်ကွာ'

'ဟုတ်ကဲ့ အဘ'

ဦးဟန်တင်နှင့် ကျန်လူများက လူငယ်လေးနှင့် မှော်ဘီဆရာဝိုင်းကို ကြည့်နေကြသည်။

ဆရာဝိုင်းက-

'လူလေးမှာရှိတဲ့ အိမ်မြှောင်အမြီးနှစ်ခု အပြတ်ကို အခြောက်လှန်းပြီး သိမ်းထား။ လူလေးက လပြည့်နေ့ ညဆယ့်နှစ်နာရီမှာတွေ့တဲ့ ပန်းတစ်ပွင့်ကိုခူးပြီး အခြောက် လှန်းပြီး သိမ်းထား။ အဲဒီလိုပဲ လပြည့်နေ့ ညတိုင်းမှာ ပန်းတစ်ပွင့်,တစ်ပွင့်ကိုခူးပြီး အခြောက်လှန်းပြီး သိမ်း ထား။ အဲဒါကို ခြောက်လအထိ လုပ်ရမယ်။ ဟုတ်ပြီ နော်။ အားလုံးပြည့်စုံရင် ပန်းခြောက်နဲ့ အိမ်မြှောင်အမြီး ခြောက် နှစ်ခုရောပြီး ကြိတ်ရမယ်။ ရတဲ့အမှုန့်ကို ပုလင်း လေးနဲ့ ထည့်ထားပြီး စီးပွားရေး၊ လူမှုရေးတွေမှာ နဖူးမှာ လည်းသုတ်၊ နှုတ်ခမ်းမှာလည်းတို့ပြီး လိုရာသုံးပေတော့ လူလေး'

'ဟုတ်ကဲ့ အဘ'

လူငယ်လေးက မှော်ဘီဆရာဝိုင်းကို ကန်တော့လေ သည်။ ကျန်လူများက တအံ့တသြ ကြည့်နေကြသည်။

ဆရာဝိုင်းကပင် ဆက်၍-

'အဲဒါတွေက လိုက်မမီတဲ့ ဂမ္ဘီရပညာရပ်ပဲ။ ကြုံလို့ တစ်ခုပြောပြမယ်။ ပဲခူးက အခု ကျွန်းသာယာရပ်ကွက် လို့ခေါ်တဲ့ နေရာကဖြစ်ခဲ့တဲ့ အဖြစ်ကလည်း ဂမ္ဘီရဆန် တာတို့ ပြောပြမယ်'

မဏ္ဍပ်ထိုး၊ ကန်တော့ပွဲပြင်၊ အမှိုက်ရှင်း၊ အမှိုက် ကောက်သည့် လူငယ်ကလေးများကပါ မဏ္ဍပ်ထဲတွင် ဝင်ထိုင်လိုက်ကြသည်။

'အဲဒီရပ်ကွက်က ချောင်းဘေးမှာဆိုတော့ ချောင်း ဘေးရပ်ကွက်လို့ပဲ အလွယ်ခေါ်ကြတယ်။ တစ်နေ့တော့ ချောင်းကင်မှာ မည်းမှောင်ပြီး လျှပ်စီးတွေလက် မိုးတွေ ခြိမ်းနဲ့ လေတွေပါ တိုက်နေရင်းက မိုးကြိုးပစ်ချလိုက် တာ တစ်ရပ်ကွက်လုံးကို ဆူညံသွားတာပဲ။ ပြီးတော့ လူတွေက လိုက်ကြည့်တာ လမ်းထိပ်ရပ်ကွက်ထဲကို ဝင် တဲ့နေရာက ကုက္ကိုပင်ကြီးကို မိုးကြိုးပစ်တာကိုး။ အဲဒါနဲ့ နောက်တစ်ပတ် (၇)ရက်ကြာတော့ အဲဒီလိုပဲ..'

'ဆရာဝိုင်း..အဲဒီနေရာပဲလား'

'မဟုတ်ဘူးဗျ။ နေရာရွှေ့သွားတယ်။ အဲဒီဘေးက ကုက္ကိုပင်ကို မိုးကြိုးထပ်ပစ်တယ်။ ဘယ်နှစ်ကြိမ်လည်း ဆိုရင် (၇)ကြိမ်ပဲ'

'အဲဗျ'

'ဟင်'

'ဟာ'

ဆရာဝိုင်း၏ စကားကြောင့် အားလုံးက တအံ့တသြ ဖြစ်ကြပြီး အတော်ကို စိတ်ဝင်စားလာကြသည်။

'မိုးကြိုးအပစ်ခံရတာကလည်း ကုက္ကိုပင်ကြီးတွေ ပဲ။ အဲဒါနဲ့ပဲဗျာ၊ ရှေ့နောက်မီတဲ့ လူကြီးတွေက လမ်းထိပ် မှာပဲ ရဟန်းသံဃာတွေပင့်ပြီး ပရိတ်တရားနာကြပြီး ရပ် ကွက်ထဲက အသက်(၇၀)ပြည့်ပြီးတဲ့ လူကြီးအဘိုးအဘွား (၇)ယောက်ကို ကင်ပွန်းနဲ့ ခေါင်းလျှော်ပေး အမွေးနံ့သာ ဖျန်း လုပ်လိုက်ကြတော့မှ နောက်ထပ်မိုးကြိုးထပ်မပစ် တော့ဘူး'

'အင်း..တစ်မျိုးပဲဗျာ။ နောက် ဘာဆက်ဖြစ်သေး လဲ ဆရာဝိုင်း'

'အဲ..ဖြစ်တာပေါ့ဗျာ။ မိုးကြိုးပစ်ခံရတဲ့ ကုက္ကိုပင် (၇)ပင်ကို ခုတ်လှဲကြပြီး ပင်စည်ထဲကို ဝင်သွားတဲ့ မိုးကြိုး သွားကို ရှာကြတာ ကျင်းတွေ ချိုင့်တွေဖြစ်လို့။ မိုးတွင်း ကျတော့ ရေကန်ကြီးလိုပဲ။ အဲ..အလယ်တည့်တည့်မှာ ကုက္ကိုပင် မည်းမည်းကြီးတစ်ပင် ကျန်နေတယ်။ အဲဒါကို ကြည့်ပြီး လူကြီးတွေက ခေါင်းဆေးကျွန်းရပ်ကွက်လို့ ခေါ်ခဲ့ကြရာက အခုထိပဲ အင်း..ခေါင်းဆေးကျွန်းကနေ ပြီး ကျွန်းသာယာရပ်ကွက်လို့ ထပ်ပြောင်းတယ်တဲ့လေ'

ဆရာဝိုင်းက စကားရှည်ရှည် ပြောလိုက်ရသဖြင့် ခဏနားပြီး ရေနွေးကြမ်း ငုံ့သောက်လိုက်သည်။ ကမ်း နံဘေး လှေ၊ သမ္ဗန်များ ဆိုက်ကပ်သည့်နေရာကို ပွဲထောင် လေး တစ်စင်းက ဆိုက်ကပ်လိုက်သည်။ ပွဲထောင်ပေါ်မှ ဆင်းလာသူတွေက ဦးကြိုင်၊ မောင်အေးနှင့် ကျော်ဘီဆရာ

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်း၏သား မော်ဘီဆရာလေးရွှေမင်းက အဝတ်ပိုင်းနှင့် ပတ်ထားသည့် အထုပ်ရှည်ရှည်ကိုကိုင်၍ ဆင်းလာသည်။ ပွဲထောင်မောင်းသူက လက်ပြနှုတ်ဆက်ပြီး ကမ်းက ပြန်ခွာသွားသည်။ မဏ္ဍပ်ထဲတွင် လူစုလူဝေးက အတော်ပင်များသည်။ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ စုံကြသည်။ ကန်တော့ပွဲများ၏ထိပ်တွင် မီကျောင်းခေါင်းအရိုးခြောက်ကြီး လင်ပန်းနှင့် ထည့်ထားသည်။ ဖယောင်းတိုင်၊ အမွှေးတိုင်များကို ထွန်းညှိထားသည်။ မော်ဘီဆရာဝိုင်းတို့သားအဖက ဘုရားရှိခိုး အမျှအတန်းဝေ မေတ္တာပို့နေသည်။ ရွာမှ လူကြီးတချို့ကလည်း ဘုရားရှိခိုးပြီး မေတ္တာပို့ အမျှဝေနေကြသည်။

တူးမြောင်းထဲတွင် ရေက ရေတက်ဦး။ ကမ်းနဖူးတွင် ကျင်းချိုင့်ကိုတူးထားသည့် မော်ဘီဆရာဝိုင်းက ရှေ့မှ မီကျောင်းအရိုးခေါင်းကို ပိုက်၍လျှောက်ပြီး မော်ဘီဆရာလေးရွှေမင်းက ကန်တော့ပွဲတစ်ပွဲကို ပိုက်လာသည်။ နောက်မှ လူအုပ်ကြီးကလည်း ပါလာသည်။ ရေတက်ဖြစ်၍ ကျင်းချိုင့်တူးထားသည့် နေရာတွင် ရပ်မိသည်တွင် ရေက ခြေမျက်စိမြုပ်လာသည်။ ဆရာဝိုင်းက မီကျောင်းအရိုးခေါင်းခြောက်ကို ကိုင်မြှောက်ပြီး ရေဘက်ကို မျက်နှာမူ၍ နှုတ်မှ တီးတိုးစွာ ရွတ်ဖတ်ပြီး မေခလာနတ်သမီးကို မေတ္တာပို့ အမျှဝေလိုက်သည်။ ကျင်းထဲတွင် မီကျောင်းအရိုးခေါင်းခြောက်ကို ရေဘက်ကို နှုတ်သီးထားပြီး မြေမြှုပ်လိုက်သည်။

ရေစပ်မှရော ကုန်းပေါ်ကပါ ကြည့်နေသူတို့က ပန်းမျိုးစုံကို ရေထဲကို ပစ်ချကြသည်။ ရွာသူရွာသားများက ဝမ်းသာနေသည်။

◆ ◆ ◆

မော်ဘီဆရာဝိုင်းနှင့် သားဖြစ်သူ မော်ဘီဆရာရွှေမင်းတို့က ရွာကလေး၏ ကမ်းပြိုခြင်း ဒုက္ခမှ ကယ်တင်လိုက်သည်။ အဲဒါက မီကျောင်းခေါင်းအရိုးခြောက်ကို ကမ်းနားတွင် မြေကျင်းတူး၍ မီကျောင်းခေါင်းကို နှုတ်သီးကို ရေဘက်မှာထားပြီး မြှုပ်နှံခြင်း၊ ရေငန်ပိုင်ဦးရှင်ကြီးကိုလည်း မေတ္တာပို့ခြင်း၊ မဏိမေခလာနတ်သမီးကိုလည်း မေတ္တာပို့ခြင်းများ ပြုလုပ်ပြီး ရေသတ္တဝါတို့ကိုပါ မေတ္တာပို့ အမျှဝေခြင်းများ ပြုလုပ်လိုက်သည်။ ရွာကလေး၏ ကမ်းပြိုသောဒုက္ခကို အပြီးသတ်တားဆီးလိုက်ခြင်းဖြစ်သည်။

'အေးဗျာ..ဆရာဝိုင်းရယ်၊ တို့တေးတူးမြောင်းနံဘေ မှာ နေကြတဲ့ ကျွန်တော်တို့လို ရွာလေးတွေက ဒီလိုကမ ပြိုတဲ့ ဒုက္ခအန္တရာယ်ကို ကာကွယ်ပေးတာကို ရွာလူ ကိုယ်စား ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ။ ကျွ တော်တို့ သိထားတဲ့အသိက ဒီလိုမြေပြိုမယ်၊ မြစ်ချော ကမ်းပြိုရင် စက်ကိရိယာနဲ့ လူအားနဲ့ပဲ ကမ်းဆည်ဖြ မြေဖို့ကြတာပဲ သိခဲ့ပါတယ်။ အခုလို ဂမ္ဘီရနည်းနဲ့ တ ဆီးတာကို မကြုံဖူးကြပါဘူး။ ဒါကြောင့် အချိန်က သက်သာ၊ လူတွေလည်း မပင်ပန်း၊ ငွေလည်း မကုန် အတွက် ကျေးဇူးတင်ပါတယ်'

ကမ်းဆယ်ပွဲ၊ မြေပြိုခြင်းကို ဂမ္ဘီရနည်းနဲ့ တားဆီ ပွဲတွင် တစ်ရွာလုံး၏ စုပေါင်းချက်ပြုတ်ကျွေးမွေးသည ထမင်းနှင့် ဟင်းစုံတို့ဖြင့် ညှို့ခံကျွေးမွေးလေသည်။

'ဆရာရယ်..ဒီအိမ်က ကျွန်တော်တို့မိသားစု ခိုကိုး ရာပါ။ အဖေရဲ့ချွေးနဲ့ ခွန်အားနဲ့ ရင်းထားသလို အိမ်မပြီး ခင်မှာ ဆုံးပါးသွားလို့ ဒီအိမ်ကြီးကို ပိုပြီးတန်ဖိုးထား တာပါ'

'အေး..အေး..အခုလို အကြောင်းစုံလည်း သိရ တယ်။ ဒီက ဦးဟန်တင်တို့၊ ကိုကြိုင်တို့ကပါ အကူအညီ တောင်းတော့လည်း လုပ်ကိုင်ဆောင်ရွက်ပေးပါ့မယ်'

တူးမြောင်းကမ်းဆယ်ပွဲ အပြီးတွင် တစ်ဖက်ရွာမှ မိသားစုနေတဲ့ အိမ်သစ်ကြီးမှာ နေမရ ထိုင်မရအောင် ဒုက္ခပေး ခြောက်လှန့်သောကြောင့် မော်ဘီဆရာဝိုင်းနှင့် မော်ဘီဆရာရွှေမင်းတို့ကို အကူအညီတောင်းခြင်း ဖြစ် သည်။

ရွာလူကြီး ဦးဟန်တင်၊ ဦးကြိုင်၊ ဦးအုံးငွေ၊ မော်ဘီ ဆရာဝိုင်းတို့ သားအဖတို့က နွားလှည်းနှစ်စီးနှင့် လိုက် လာကြသည်။

ရွာလယ်က ပျဉ်ထောင်အိမ်သစ်ကြီးက တစ်ရွာလုံး တွင် ခန့်ညားထည်ဝါလှသည်။ အိမ်ကြီး၏ ခြံဝင်းထဲမှ ခုံတန်းရှည်များတွင် ထိုင်လိုက်ကြသည်။ ရွာထဲမှ လူတော် များများကပါ ခြံထဲကို ဝင်လာကြသည်။

'ကဲ..ကဲ..အိမ်ရှင်ထဲက နှစ်ယောက်နဲ့ ဦးဟန်တင် ရယ်၊ ကိုကြိုင်ရယ်၊ ဒီရွာက လူကြီးနှစ်ယောက်ပါ လိုက် ခဲ့ပါ။ အိမ်ကိုကြည့်ပြီး ထာစ်ဓါတည်း ပြုလုပ်ကြရအောင်'

www.burmeseclassic.com

အိမ်ကြီးထဲကိုဝင်ကြပြီး နှံ့စပ်အောင် လိုက်ကြည့်ပြီး လှေကားမှ အပေါ်ထပ်ကို တက်ကြသည်။ သစ်အကောင်း စားများနှင့် တည်ဆောက်ထားသည့်အိမ်ကြီး။ ဘုရားခန်း ကလည်း ကျယ်ဝန်းသပ်ရပ်သည်။ ဆရာဝိုင်းက ဘုရား ရှိခိုးလိုက်သည်။ ကျန်လူများကလည်း ဘုရားရှိခိုးကြပြီး အပေါ်ထပ်ရှိ အခန်းများ၊ သစ်သားတိုင်များ၊ ပြတင်း ပေါက်များကို နှံ့နှံ့စပ်စပ်ကြည့်ပြီး အောက်ကို ပြန်ဆင်း လာသည်။

ခြံထဲမှ ခုံတန်းရှည်တွင် ထိုင်ပြီး-

'ကဲ‥ကဲ‥ဒီက အိမ်ရှင် ဒေါ်လှကြွေနဲ့ သားကြီး မောင်မြထွေး ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'ဒေါ်လှကြွေရော တစ်မိသားစုလုံး ဘာမှမဥပဒ်ပါနဲ့။ ဦး‥အဲ‥ဟို‥ဦးအဲ‥ဟို‥ဟုတ်လား။ ဒီပုဂ္ဂိုလ်ကလည်း အသက်လွန်ပြီး သူ့ဘဝသစ်ကို သွားပါပြီ။ စွဲလမ်းလို့ ဒီမှာ ရှိနေတာ မဟုတ်ပါဘူး။ အခုဖြစ်နေတာက အိမ်ဆောက် တဲ့ လက်သမားကြောင့်ရယ်၊ အိမ်မှာသုံးထားတဲ့ သစ်ထဲ က သစ်အညံ့တစ်မျိုးကြောင့်ရယ် ဖြစ်တာပါ'

'ဗျာ‥ဟုတ်ကဲ့'

'တော်ပါသေးရဲ့။ ကို‥အဲ‥ဟိုးကို မကျွတ်ဘူး။ စွဲလမ်းပြီး ခြောက်နေတာလို့ ပြောကြလို့ ကျွန်မတို့မှာ ကြောက်တာကတစ်ဖက် စိတ်ဆင်းရဲတာကတစ်ဖက် ဖြစ် နေရတာယ် ဆရာရယ်'

'အင်းပေါ့၊ အင်း‥အင်း‥ကဲ‥မောင်မြထွေးက သစ် မင်းဆိုတာ သိလား။ အဲဒါ နည်းနည်းရှာပေးပါ။ ပြီးတော့ ရွာက လက်သမားဖြစ်ဖြစ် ဖြတ်တောက်ပြန်ရိုက်တတ်ရင် လည်း ရတယ်။ အဲဒါလည်း ခေါ်ခဲ့ပါ'

'ဟုတ်ကဲ့ပါ ဆရာ'

'ဟဲ့‥ဟဲ့‥မြထွေးနဲ့ မောင်ဖူး၊ ငကြွက်တို့ လိုက် သွားကြ'

'ဟုတ်ကဲ့ ကြီးကြီး'

'ဆရာဝိုင်း သစ်မင်းက ဘာသုံးရလဲ။ ရွာမှာလည်း ရှိတယ်လေ'

'ဒီလိုဗျ ကိုဟန်တင်‥သစ်မင်းက အိမ်၊ အဆောက် အအုံ ဆောက်ပြီးလို့ သစ်ညံ့ပါမယ်။ သစ်ခြောက်၊ သစ် ဆီလူး၊ နွယ်ရစ်၊ သစ်ပျံ၊ သစ်ဖောက်ထိုး၊ သစ်ပေါက်လို မျိုး သစ်တွေပါရင် လူကို ထိခိုက်သလို စီးပွားပျက် အန္တရာယ်ပါရှိလို့ သစ်မင်းနဲ့ရိုက်ပြီး ရှင်းရတယ်။ သစ် အမျိုးအစားက များတယ်။ ဒါက နောင်ကြုံမှ ရှင်းပြပါ့ မယ်။ အခု ဒီအိမ်ဆောက်တဲ့အထဲမှာ သစ်ဆိုး သစ်ညံ့ ပါနေတယ်။ ပြီးတော့ လက်သမားရဲ့ လက်မငြိမ်မှုကြောင့် ရော မူးမူးရူးရူးနဲ့ လက်အပျင်းဖြေလိုက်တယ်နဲ့ တူပါ တယ်။ လှေကားအတက် ပျဉ်ပြားမှာ မပီမပြင်တဲ့ အရုပ် တစ်ရုပ်ခြစ်ခဲ့တာအတွက်လည်း ဒုက္ခဖြစ်နေရတာ'

ရွာသူရွာသားများက ဆရာဝိုင်းရဲ့စကားကြောင့် တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

'ဆရာဝိုင်းရေ‥သစ်မင်းပင် အသုံးဝင်ပုံလေး နည်း နည်းလောက် ရှင်းပြပါ'

'ကဲပါဗျာ၊ အနည်းအကျဉ်းတော့ ရှင်းပြမယ်။ ကျုပ် တို့ မြန်မာလူမျိုးတွေက သစ်မင်းကို ဆေးဖက်သုံးသလို အိမ်အခိုက် သစ်အညံ့တွေတွေမှာလည်း သုံးစွဲတယ်။ မှတ် ထားကြပေါ့။ သစ်မင်းက နေရာဒေသမရွေး စိုက်လို့ ရတယ်။ အဖိုပင်၊ အမပင်လို့ နှစ်မျိုးရှိတယ်။ ဆေးဖက်ဝင် မှုက သစ်မင်းပင်ဟာ ကိုယ်ဖောကိုယ်ရောင် ရောဂါဝေ ဒနာကို သွေးလိမ်းရတယ်။ ဆန်ဆေးရေနဲ့ သွေးလိမ်းရင် အကိုက်အခဲပျောက်တယ်။ အရက်နဲ့ သွေးလိမ်းရင် အအေး နာ အကိုက်အခဲပျောက်တယ်။ ကိုယ်ဝန်ဆောင် သားဖွား ခက်ရင် ဆံထိုးလုပ်ပြီး ခေါင်းက ဆံပင်ထဲမှာ ထိုးပေးရင် မွေးဖွားရ လွယ်ကူတယ်။

အိမ်အဆောက်အအုံဆောက်လို့ သစ်ဆိုး သစ်ညံ့ ပါရင် သံရိုက်သလို ရိုက်ပေးရတယ်။ အိမ်မှာ ဆောင်ထား ရင် အန္တရာယ်ကင်းတယ်။ တိုင်းရင်းသားလူမျိုးတွေက သစ်မင်းကို သိမ်းဝှားလားလို့ ခေါ်ကြတယ်။ ကရင်လူမျိုး တွေက သစ်တူဝါးလို့လည်း ခေါ်တယ်။ ဝါးတူ သစ်တူလို့ လည်း ခေါ်ကြတယ်။ တရုတ်လူမျိုးတွေက ရွှေခွက် ငွေ ခွက်လို့ ခေါ်ကြတယ်။ လာဘ်ခေါ်ကောင်းတယ်ဆိုပြီး ရွှေချ၊ ရွှေဘောင်ကွပ်ပြီး ကျောက်(ရတနာ)ခံခုံနဲ့တင်ပြီး အလုပ်ရုံ၊ စက်ရုံတွေမှာ သီးသန့်ထားတယ်ဗျာ။ ကျန်းမာ ရေးအတွက်လည်း ဆောင်ကြတယ်'

'ဟုတ်ကဲ့ပါဗျာ။ ဆရာဝိုင်း ရှင်းပြမှပဲ သစ်မင်းကို အဖိုးတန်မှန်း သိတော့တယ်'

ရွာလူကြီး ဦးကျိန်မောင်က ပြောလိုက်ပြီး ဦးဟန်

www.burmeseclassic.com

တင်ကလည်း ဆက်၍ မေးလိုက်သည်။

'ဆရာပိုင်း..ကမ်းပြုတာကို မိကျောင်းအရိုးခေါင်းနဲ့ လုပ်တာလေးပါ ရှင်းပြပါဦး'

'ဟုတ်ကဲ့ ကိုဟန်တင်၊ မိကျောင်းဆိုတာက ရေဘုရင်လေ။ ကုမ္ဘီလလို့ ဆိုထားတာပဲ။ ရေထဲမှာ အိုးလိုနေခြင်း ဆိုတဲ့အတွက် ငြိမ်တယ်၊ လှုပ်ခတ်မှု မရှိဘူး။ ဒါကြောင့် မိကျောင်းအရိုးခြောက်ခေါင်းကို ရေဘက်လှည့်ပြီး မြှုပ်ရတာ။ အဲအချိန်အခါလည်းသင့် ဂြိုဟ်နက္ခတ်လည်း စုံတယ်။ မိကျောင်းခေါင်းအရိုးခြောက်လည်း အဆင်သင့်ရလိုက်တာကြောင့်ပဲဗျ'

ဆရာပိုင်း၏ ပြောစကားဆုံးသည်နှင့် အိမ်ရှင်၏သားဖြစ်သူ မောင်မြထွေးနှင့် လူကြီးတစ်ယောက်ပါ အဖော်တွေ ရောက်လာကြသည်။

ဆရာပိုင်းက မောင်မြထွေး ယူလာသော သစ်မင်းအသားကိုချွန်ပြီး အိမ်တိုင်သုံးတိုင်တွင် သံရိုက်သလိုရိုက်ပေးပြီး လက်သမားဆရာကို လှေကားမှ ပျဉ်တစ်ချပ်ကို ခွာပြီး အသစ်လဲခိုင်းလိုက်သည်။ ခွာဖုံလိုက်သော ပျဉ်ပြားတွင် သံချောင်းနှင့် ခြစ်ထားသော လူပုံမပီမသ အရုပ်က တုတ်ထမ်းထားသည်ကို အများမြင်အောင်ပြပြီး ခွဲခြမ်းစိတ်ဖြာပြီး မီးစိုက်ခိုင်းလိုက်သည်။ အားလုံး လုပ်ကိုင်ပြီးတော့ အိမ်ရှင်များကကျွေးသော နံနက်စာကို စားကြပြီး ကန်တော့ခံ၍ ထိုရွာမှ နွားလှည်းနှင့် ပြန်လာကြသည်။

'ဆရာပိုင်းရဲ့ ဂမ္ဘီရနည်းတွေက အတော်စုံတာပဲ ဆရာရယ်'

'ဟုတ်ပါတယ်။ ဒါကြောင့်လည်း ကျုပ်ဇာ ဂမ္ဘီရ မှတ်စုလို့ ပြောရတာပါ'

နွားလှည်းက တည်းခိုသော ဦးဟန်တင်၏ အိမ်ရှေ့တွင် ရပ်လိုက်လေသည်။ ရွာထဲမှ လူအတော်များများက ရွာလူကြီး ဦးဟန်တင်၏ အိမ်ခြံဝိုင်းထဲကို ဝင်လာကြသည်။ လက်ထဲတွင် ခြံထွက်သီးနှံများနှင့် ငါးပိ၊ ငါးခြောက်များကိုလည်း လက်ဆောင်ပေး ဂါရဝပြုရန် ပါလာကြသည်။

စိုးယဉ်ထွန်း


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေးထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင်သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ရေးသားဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521


www.burmeseclassic.com

www.burmeseclassic.com

ဟိုတုန်းက မြန်မာမိန်းကလေးများသည် အသက်အပိုင်းအခြားပေါ် မူတည်၍ မိမိအရွယ်နှင့် လျော်ညီသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ရှိခဲ့ကြသည်။ မျက်မှောက်ကာလတွင်မူ ခေတ်မီတိုးတက်လာသော ယဉ်ကျေးမှု ရေစီးကြောင်းနှင့်အတူ အဘွားနှင့်မြေး၊ အမေနှင့်သမီး၊ အဒေါ်နှင့်တူမ၊ အစ်မနှင့်ညီမ ခွဲခြားမရအောင် တစ်ပြေးတည်း ပြုမူနေထိုင်လျက် ရှိကြသည်။

မြန်မာ့ရိုးရာအစဉ်အလာတွင် မွေးဖွားပြီးနောက် ခုနစ်ရက်လည်သော ကလေးကို ခေါင်းဆေး၍ခေါင်းတုံး,တုံးပေးသည်။ ထိုကလေးကို ကာလအတန်ကြာ

## ဆင်ယင်ထုံးဖွဲ့မှုကပြောသော
## မိန်းကလေးတို့ အဆင့်အတန်း





www.burmeseclassic.com

www.burmeseclassic.com

သည်အထိ ဦးခေါင်းရှေ့ ငယ်ထိပ်ပေါ်တွင် ဘဲမြီးချန်၍ ကျန်ဦးခေါင်း နေရာအားလုံးရှိ ဆံပင်များကို ရိတ်ပေးထားသည်။ ကလေး ကြီးလာသည်နှင့်အမျှ ဘဲမြီးကို တဖြည်းဖြည်း ချဲ့လာ၍လည်းကောင်း၊ ခေါင်းတုံး ,တုံးထားသော ဆံပင်ကို အရှည်ခံပြီးလည်းကောင်း ဦးခေါင်းထိပ်တည့်တည့်တွင် ဦးစွန်းဖုတ်ဟု ခေါ်သော ကြာကွက်ထားကာ ကျန်ဆံပင်များကို ရိတ်ပစ်လိုက်သည်။

ယောက်ျားလေး၊ မိန်းကလေး မခွဲခြားဘဲ ဆယ်နှစ်ခန့် အရွယ်အထိ ကြက်တောင်စည်းနှင့် ဆံရစ်ဝိုင်းကို ထားပေး၏။ ဦးစွန်းဖုတ်မှ ရှည်ထွက်လာသည့် ဆံပင်များကို စုစည်း၍ သျှောင်ထုံးလေး ထုံးလိုက်သောအခါ ပတ်ချာလည်တွင် ဆံရစ်များ ဖြစ်ပေါ်လာ၏။ ဆံပင်များကို ရတိုင်ပြီး ကွင်းဖြစ်အောင် တစ်ပတ်ရစ်လျက် ကွင်းအတွင်းမှလျှို၍ ဆံပင်စများ ထုတ်လိုက်သည်နှင့် ဆံမြိတ်အလျှားကျလေး ဖြစ်လာသည်။

မိန်းကလေးများကား ဆယ့်ခြောက်နှစ်အရွယ်အထိ ရှေ့ရှေ့မှဆံရစ်ကို ရှိမြဲအတိုင်းထား၍ ကျန်ဆံရစ်ဝိုင်းမှ ဆံပင်ကို အရှည်ခံသည်။ နားရွက်စွန်းနှင့် တညီတည်းဖြစ်အောင် ညှိပေး၍ နောက်မှတိုပြီး ရှေ့ဘက်သို့ရှည်လျက် ရှူးထားလျှင် ရှိုးရှိုးဆံတောက်ခေါ်ကာ ပတ်ပတ်လည် တညီတညာထားပါက မြို့မဆံတောက်ဟု ခေါ်သည်။

အသက်ဆယ့်ရှစ်နှစ်ခန့်ရှိ၍ အရွယ်ရောက်လာချိန်တွင် ဆံတောက်မှ ဆံပင်များကို အရှည်ခံပြီး လည်ကုပ်နောက်တွင် တစ်ပတ်လျှို့ထုံးလာကြသည်။ ယင်းကို အုပ်လုံးသွင်းသည်ဟုလည်းကောင်း၊ နောက်တွဲချသည်ဟုလည်းကောင်း ခေါ်သည်။ အချို့လည်း ဆံတောက်မှ ရှည်လျားသော ဆံပင်များ ထုံးဖွဲ့မရမီ ဆံညှပ်၊ ဘီးကုပ်တို့ဖြင့် ယာယီဖိညှပ်ထားသည်။ ဆံပင်များ အတန်ရှည်လာသော် ဆံပင်အားလုံးကို အပေါ်ပင့်တင်ပြီး တစ်ပတ်လျှို့ထုံး၍ ဆံမြိတ်ချထားကြသည်။

အရွယ်ရောက်ပြီး အမျိုးသမီးများသည် အလှူအတန်း၊ ပွဲနေပွဲထိုင်များ၌ ဆံထုံးထုံးသည့်အခါ ဘီးဆံပတ်ဆံထုံးကို အခြေခံ၍ ဆံထုံးပုံစံအမျိုးမျိုး ပြုပြင်ထုံးဖွဲ့ကြသည်။ ဘီးဆံပတ်ဆံထုံးမှာ ဦးခေါင်းထိပ်သို့ ဆံပင်များကို ပင့်တင်၍ ဘီးတစ်ချောင်းခံထုံးပြီး နောက်ဆံပင်ကို နဖူးပြင် အစွန်းနှစ်ဖက်နှင့်အမျှ အထပ်ထပ်ခွေထားသည်။ အချို့ မူလက ဆံပင်နည်းသူတို့အနေဖြင့် ဘီးငယ်ကလေးများ သုံး၍ ဆံထုံးခံတစ်ခုကိုမြှုပ်ပြီး ဆံစုများနှင့် ရစ်ပတ်ထုံးကြလေသည်။

မိန်းမပျိုလေးများက များသောအားဖြင့် ဆံထုံး၏ညာဘက်တွင် ဆံမြိတ်ဖွားချလေ့ရှိသော်လည်း မိန်းမကြီးများကမူ ဆံမြိတ်ဖွားမချဘဲ ဆံထုံးကို ကြီးကြီးခန့်ခန့် ထုံးကြသည်။ ဆံထုံးတွင် ဆံထိုး၊ ဆံညှပ်၊ ဆံကျင်တို့ကို စိန်၊ ရွှေ၊ ကျောက်သံပတ္တမြား ရတနာပစ္စည်းများ စီခြယ်ဆင်ယင်၍ ပန်းကုံးပန်းခိုင်များလည်း ပန်ဆင်ကြသည်။

မိန်းကလေးများသည် ပွဲလမ်းသဘင်မရှိ၍ သာမန်နေသည့်အခါ၌ နောက်တွဲထုံး၊ ဘီးကျော်ပတ်ဆံပင်နှင့်သာ ရိုးရိုးယဉ်ယဉ်လေး နေကြသည်။ ဘီးကျော်ပတ်ဆိုသည်မှာ ကုပ်အထက်ဆံပင်တွင် ဘီးတစ်ချောင်းစိုက်၍ ဆံပင်ကို ဘီးပေါ်မှကျော်လျက် ရစ်ပတ်ထားခြင်း ဖြစ်သည်။ ဘီးအတို ,အရှည်ကိုလိုက်၍ ရစ်ပတ်နည်းအမျိုးမျိုးရှိသေးပြီး နောက်ကကြည့်လျှင် လေယာဉ်ပျံတောင်ပံနှင့်တူသောကြောင့် လေယာဉ်ပျံဆံထုံးဟုလည်း ခေါ်ကြသည်။

ရှေးခေတ်က အသက်အရွယ်ကိုလိုက်၍ ဆင်ယင်ထုံးဖွဲ့မှုအမျိုးမျိုး ရှိခဲ့သည်။ ပုဂံခေတ်တွင် ဆံထုံးအမျိုးပေါင်း ငါးဆယ့်ငါးမျိုး ရှိခဲ့သည်ဟု အမျိုးသမီးစာဆိုရှင် ရဝေရှင်ထွေး၏ အန်ချင်းတွင် ဖတ်ရသည်။ ရဝေရှင်ထွေးသည် တောင်ငူရွှေနန်းတည် မဟာဓမ္မရာဇာမင်း၏ နန်းတွင်းကိုယ်လုပ်တော်ဖြစ်သည်။ တောင်ငူမြို့ကို အနောက်ဘက်လွှန်မင်း အလိုပြည့်သောအခါ ရဝေရှင်ထွေးကို အင်းဝသို့ ခေါ်ဆောင်လာပြီး အင်းဝတွင် နန်းတွင်းစာဆိုအဖြစ် ခစားရသည်။

ရဝေရှင်ထွေးကား ရေဝေရွာအမတ်ကြီး၏ သမီးထွေး ဖြစ်သောကြောင့် ရဝေရှင်ထွေးဟု တွင်လာခြင်း ဖြစ်၏။ ရဝေရှင်ထွေးသည် ရာသီဘွဲ့၊ ဘုရားတိုင် စသော ရတုများ ရေးခဲ့၏။ ပုဂံခေတ်ဆံထုံးနည်း ငါးဆယ့်ငါးမျိုး အန်ချင်းမှာ အကျော်ကြားဆုံး ဖြစ်ခဲ့သည်။

ယင်းအန်ချင်းမှာ-

အစောတို့လေ၊ ရတနာတွေ၊ ရွှေမိုးစွေ၍၊ သပြေမည်ခံ၊ ပြည်ပုဂံဝယ်၊ နိုင်ငံကျော်ပြော၊ ရှေးမင်းစောတို့၊ ပုံနော ဇမ္ဗူ၊ ခံတော်မူက၊ (၁) မြိတ်ပြူ (၂) မြိတ်စို့၊ (၃)

www.burmeseclassic.com

www.burmeseclassic.com

သွယ်ညို့မြိတ်လွတ်၊ (၄)ရစ်ပတ်စုလည်း၊ (၅) ရှေ့ရည်းထုံးဖွဲ့၊ (၆)တုမဲ့ရွှေရောင်၊ (၇)လျှပ်စစ်ပြက်သို့၊ (၈) စဝှက်ရောင်ပြေး၊ (၉)နှင်းသွေးမစို့၊ (၁၀) ကြာညို့ဝတ်ဆံ၊ (၁၁) ရုပ်နှိုင်းရှည့်၊ ရှုကြည့်မငြီး၊ (၁၂) ဦးပြည်းရှင်ပျော်၊ (၁၃) စင်ရော်တန်းဝဲ၊ (၁၄) ပုလဲကိုးလုံး၊ (၁၅) ဂမုန်းငုံအာ၊ (၁၆) လေသာဝေ့လည်၊ (၁၇) မြူခြည်မတင်၊ (၁၈) ယကင်ထုံထုံး၊ (၁၉) လုံးတင်ခရုချောင်၊ (၂၀) ထုံးကြောင်၊ (၂၁) ထုံးကြား၊ (၂၂) ငါးပါးမြိတ်စို့၊ (၂၃) အောင်မျိုးနိမိတ်၊ မြိတ်ရစ်လှပ၊ (၂၄) ကရဝိက်နှုတ်သီး၊ (၂၅) ဆိတ်သမီးနှင့်၊ (၂၆) ပြန်ပြီးဆွယ်ထွေ၊ (၂၇) နေအရဏ်ခံ၊ (၂၈) ညဥ့်ယံသောက်ရှူး၊ (၂၉) တိမ်ဦးနဂါး၊ (၃၀) လေးပါးရာသီ၊ (၃၁) နှိုင်းပြီးမလွတ်၊ (၃၂) နဂါးပတ်ကျော့ကွင်း၊ (၃၃) နန်းတွင်းမဉ္ဇူ၊ (၃၄) မပြုမုခ်ဝ၊ (၃၅) ပုဒ္မမှုသိဒ္ဓိ၊ (၃၆) မဏိကိုးပါး၊ (၃၇) ချရားပွင့်သေး၊ (၃၈) ယုန်ရေးလဝယ်၊ (၃၉) နေဝယ်ဥဒေါင်း၊ (၄၀) သုံးချောင်းခြူးရှက်၊ (၄၁) စဝှက်ရောင်ချော၊ (၄၂) သဘောတံခွန်၊ (၄၃) အနန္တဖုသျှ၊ မောရဂီဝါ၊ (၄၄) ဟင်္သာစာခွံ့၊ ထုံးအုံ့ခဲယဉ်း၊ (၄၅) ပုစဉ်းတောင်ဖြန့်၊ (၄၆) သည်းညွန့်လက်သင်၊ (၄၇) ကွမ်းလင်၊ (၄၈) နောက်တွဲ၊ (၄၉) မုဋ္ဌာရွဲနှင့်၊ (၅၀) ပုလဲကွန်ချာ၊ (၅၁) ရတနာမဏ္ဍိုင်၊ (၅၂) ပွင့်ခိုင်ပုဏ္ဍရိက်၊ (၅၃) နဂါးအိတ်လေးထောင့်၊ (၅၄) ရှစ်မြှောင့်၊ (၅၅) ပြန်ကာဘက်၊ ဝန်းယှက်ခေါင်ဖွေ၊ နန်းလုံးဝေမျှ၊ မြူတေစံပျော်၊ နှိုင်းမပြော်သည်၊ လွမ်းတော်မမူလှည့်လေလော၊ ဖော်ချင်းတို့လေ ဖော်ချင်းတို့..ဟူ၍ ဖြစ်သည်။

အင်းဝခေတ်တွင် အထက်ပါ ဆံထုံးမျိုးကိုပင် ဆက်လက်ထုံးဖွဲ့ကြသည်။ ထိုခေတ်မှာပင် ဗျာပါဆံချသော အလေ့ ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြသည်။ ဗျာပါဆံချခြင်းမှာ ဆံထုံးအကြားမှ နားရွက်နှစ်ဖက်အစွန်းနောက်သို့ ဆံပင်များချထားသည်ကို ခေါ်သည်။ အမရပူရ၊ ကုန်းဘောင်၊ မန္တလေးခေတ်သို့တိုင်အောင် ဗျာပါဆံချသော အလေ့ရှိခဲ့သည်။

အမရပူရခေတ်တွင် ဆံပင်နောက်တွဲထုံး ထုံးလာကြသည်။ ထိုခေတ်တွင် မင်းခမ်းဝင်ဆံထုံးတော် ခုနစ်မျိုး အဖြစ် မြိတ်ပြူ၊ မြိတ်စို့၊ မြိတ်လွတ်၊ စုလည်း၊ ယကင်၊ လုံးတင်၊ မြိတ်ရစ်တို့ကို သတ်မှတ်ထားရှိသည်။ ကုန်းဘောင်ခေတ်တွင် ထိုဆံထုံးခုနစ်မျိုးကိုပင် ဆက်လက် ထားရှိသည်။ ထို့အပြင် ပူပုံထုံးဟူသော ဆံထုံးတစ်မျိုး ခေတ်စားလာသေးသည်။ မမြကလေးက စတင်လာသော ဆံထုံးဖြစ်သည်။

မမြကလေးကို မင်းပျံချီနှင့် ဒေါ်အိတို့မှ ဖွားမြင် ငယ်နာမည် မမြကြူတ် ဖြစ်သည်။ အားလုံးက မြမြဟု ချစ်စနိုးခေါ်ကြသည်။ သာယာဝတီမင်းသည် မမြကြူတ် ကို ဟင်္သာတသူကြီး ဦးရွှေလူမှတစ်ဆင့် သိမ်းပိုက်တော် မူသည်။ အိမ်ရှေ့စံမိဖုရား ဖြစ်လာချိန်တွင် မမြကလေးဟု တွင်လာပြီး သာယာဝတီအပါအဝင် ရွှေလောင်းတိုက်တို စားရသည်။

မမြကလေးမှ သမီးတော် မဖွားကြီး ခေါ် လှိုင်ထိ ခေါင်တင်ကို ဖွားမြင်သည်။ သာယာဝတီမင်း အထွတ် အထိပ်ရောက်သောအခါ မမြကလေးအား အနောက်နန်း ထားတော်မူ၍ မဖွားကြီးကိုလည်း လှိုင်မြို့ ပေးသနားတော် မူသည်။ ရွှေဘိုမင်း ရာဇာဘိသေကခံရာ အနောက်နန်း မတော် မမြကလေးကို သီရိမဟာသုရတနာ စန္ဒာဒေဝီဘွဲ့ နှင့် သမီးတော်လှိုင်မြို့စား မဖွားကြီးကိုလည်း သီရိသု မြတ်စွာရတနာဒေဝီဘွဲ့ ပေးတော်မူသည်။

တစ်ခါသော် သာယာဝတီမင်းသည် ပြည်တွင်းရေး နှင့်ပတ်သက်၍ မသင်္ကာသူများကိုဖမ်းဆီးရာ မမြကလေး ပါဝင်ပတ်သက်နေသဖြင့် ထောင်သွင်းအကျဉ်းချထား လိုက်သည်။ သားတော်ပြည်မင်း အရေးတော်ပုံတွင် မမြ ကလေးမှာ ပြည်မင်းနှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်သည် ဟု ကုန်းစကားများကို ယုံကြည်သောကြောင့် မမြကလေး ကို ကွပ်မျက်စေသည်။ ထိုစဉ်က မမြကလေး၏ အသက် မှာ သုံးဆယ့်ခြောက်နှစ်သာ ရှိသေးသည်။

မမြကလေးကို ကွပ်မျက်ရန် အနောက်တံခါးမှ ထုတ် လာသည်။ စိတ်မချမ်းမြေ့စွာ လိုက်ပါလာသော မမြ ကလေးသည် ဆံပင်ကို နောက်ဘက်၌ ပြေလျော့လျော့ တစ်ပတ်လျှိုထုံး၍ ဆံမြိတ်ဖားလျားချထားသည်။ ထိုထုံး ဖွဲ့မှုကိုပင် အတုယူပြီး နောက်ကာလများတွင် ပူပုံထုံး ဆံထုံးဟူ၍ ထုံးလာကြသေးသည်။

ကုန်းဘောင်ခေတ်၌ပင် သာယာဝတီမင်းလက်ထက် မမြကလေး မတိုင်မီက ဘကြီးတော်ဘုရား လက်ထက် တွင် စာဆိုတော်ဦးရွှန်းဟူ၍ ပေါ်ပေါက်ခဲ့သည်။ ဦးရွှန်း

www.burmeseclassic.com

သည် လေးထပ်ကျောင်းကြီးနှင့်တကွ ရွှေမုဋ္ဌောဘုရား တည်ထားသော အမိန့်တော်ရ သူရမန၏သားဖြစ်၍ အင်းဝတွင် ကြီးပြင်းခဲ့သည်။ အဖသူ့ရမန်က ဗေဒင်ပိဋကတ်၊ နီပါတ်၊ ပြင်၊ ရာဇဝင်ဝတ္ထု၊ ရတုကဗျာတို့ကို မောင်ရွှန်း ငယ် စဉ်ကတည်းက သင်ကြားပေးသည်။

ဘကြီးတော်ဘုရား မင်းသားဘဝတွင် မောင်ရွှန်း သည် စန္ဒကျော်ခေါင်ဘွဲ့ဖြင့် ခစားရင်း ဗေဒင်သင်ပြရ သည်။ ဘကြီးတော်ဘုရား အထွတ်အထိပ်သို့ ရောက် သောအခါ နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံသော မောင် ရွှန်းကို ဆီမီးခုံရွာ၊ သာထွန်းရွာ၊ ငနန်းရွာ၊ မြစ်တိုင်းရွာ များအား စားစေသည်။ မဟာမင်းလှမင်းခေါင်ဘွဲ့လည်း ရသည်။ ရွှေဘိုမင်း၊ ပုဂံမင်းတို့ လက်ထက်များအထိ အမှုတော်ထမ်းရွက်ခဲ့ရလေသည်။

ဦးရွှန်းသည် တောင်ငူနတ်သျှင်နောင်အဖြေ၊ ဘကြီး တော် သားတော် ရွှေနားတော်သွင်းချေင်း၊ ဘကြီးတော် သမီးတော်ချေင်း၊ မဟာသုတသောမပျို့၊ မဟော်ပြာသနာ ခန်းပျို့၊ မဟော်ဥမင်ခန်းပျို့၊ သရာဘင်္ဂပျို့၊ ဂါမဏိစန္ဒပျို့၊ သောဓနကပျို့၊ ဥမ္မာဒန္တီပျို့၊ ဓမ္မဓဇပျို့များအပြင် ဆေး ကျမ်း၊ ဗေဒင်ကျမ်း၊ သတ်ပုံကျမ်းနှင့် ရတုများလည်း ရေးခဲ့သည်။

ဥမ္မာဒန္တီပျို့တွင် မြဆံကေလည်း၊ ဖြေသော်ပျံတက်၊ ဆောင့်ထက်ဝယ်၊ ကျီးငှက်တောင်ပံ၊ ပိတုန်းပျံသို့၊ ဖိတ် ဖိတ်တောက်ပြောင်ခြည်၊ တလံရှည်လျက် ဟူ၍ ဆံကေသာ၏ ကောင်းခြင်းကို ချီးကျူးဖွဲ့ဆိုထားသည်။ ဥမ္မာဒန္တီ၏ ဆောင့်ထက်၌ ပျံတက်နေသော တစ်လံမျှရှည်လျားသည့် ဆံပင်များ၏ နက်ပြောင်နေဟန်ကို ကျီးတောင်နှင့် ပိတုန်း တောင်တို့ဖြင့် နှိုင်းခိုင်းပြဆိုထားသည်။

ထိုစဉ် ရှေးက မိန်းကလေးတို့သည် မိမိအရွယ်နှင့် လျော်ကန်ပတ်သော ဆင်ယင်ထုံးဖွဲ့မှုမျိုးကို ပြုလုပ်ကြ သည်။ မိန်းကလေး၏ အသွင်အပြင် ကြန်အင်လက္ခဏာ ကို ကြည့်ခြင်းဖြင့် အပျိုဖြန်းအရွယ်၊ အပျိုအရွယ်၊ မိန်းမ ကြီးအရွယ်ဟူ၍ ဆင်ယင်ထုံးဖွဲ့မှုက သက်သေပြလျက်ရှိ သည်။ အရွယ်အစားကိုလိုက်၍ ဆင်ယင်သောကြောင့် ဆင်ယင်ထုံးဖွဲ့မှုက ထိန်းကွပ်ထားသဖြင့် ဗိုင်း ဗိုင်းကျောက်ဖိ ပိပိရိရိ ရှိခဲ့ကြသည်။

မိန်းကလေး တစ်ယောက်ကား–

(၁) ဆဝိကလျာဏ–အရေအဆင်းကောင်းမွန်ခြင်း၊
(၂) ဝယကလျာဏ–အရွယ်ကောင်းခြင်း၊
(၃) မံသကလျာဏ–နူးညံ့သိမ်မွေ့ခြင်း၊
(၄) အဋ္ဌိကလျာဏ–အရိုးအဆစ်ပြေပြစ်ခြင်း၊
(၅) ကေသကလျာဏ–ဆံပင်ကောင်းခြင်းတို့နှင့် ပြည့်စုံ ရသည်။


မိန်းကလေးတစ်ယောက်၏ ယဉ်ကျေးသိမ်မွေ့ လှပ မှုကို အကဲဖြတ်ရာတွင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံခြင်း ရှိ,မရှိ သုံးသပ်ကြသည်။

ကောင်းခြင်းငါးဖြာတွင် ဆံပင်၏ ကောင်းခြင်းသည် တစ်ခုအပါအဝင်ဖြစ်ရာ ဆံကေသာလှပမှုကို မိန်းကလေး တိုင်း အမြတ်တနိုး တန်ဖိုးထားကြသည်။ ရှေးက အမျိုး သမီးများ ဆံထုံးထုံးကြသကဲ့သို့ ယောကျ်ားများကလည်း သျှောင်ကြီးဖွေ့ ထားကြသည်။ အကြင်လင်မယားတို့၏ သံယောဇဉ်ကို သျှောင်နောက်ဆံထုံးပါဟုလည်းကောင်း၊ ဆံတစ်ပင်တင်း ချစ်ခြင်းမယားဟူ၍လည်းကောင်း ဆံပင် ဖြင့် ခိုင်းနှိုင်းပြောဆိုကြသည်။

အင်းဝရွှေနန်းကြော့ရှင်လက်ထက် ရွှေနော်ရထာ အရေးတော်ပုံတွင် ရှင်ထွေးနာသိန် တောင်ငူသို့ ထွက် ပြေးလာသည်။ သို့သော်လည်း ကျင်လည်နေထိုင်ခဲ့သော အင်းဝကိုသာ လွမ်းဆွတ်တမ်းတ အမှတ်ရလျက်ရှိသည်။ အထူးသဖြင့် အင်းဝသူ ပျိုဖြူတို့၏သဘာဝ ဆံကေသာ ပြုပြင်မှုအလှကို မျက်စိထဲက မထွက်နိုင်အောင် မြင်ယောင် နေသည်။

ထို့ကြောင့် ယင်း၏ အင်းဝသို့တမ်းတရတု အပိုဒ်(၃)တွင်–

ကျောက်တိ ခံ၍၊ မင်းဝံချက်မ၊ ဒေသမင်္ဂလာ၊ သာသနာထွန်းစည်၊ ပြည်၏တံခွန်၊ နန်းဗိမာန်နှင့်၊ ဆင်းကြန်နိကာယ်၊ ကြီးငယ်ရွယ်လတ်၊





www.burmeseclassic.com

www.burmeseclassic.com

ဆင်မှတ်တွေပြား၊ ဝတ်စားနတ်နှိုင်း၊ သင်တိုင်းရွှေပြောက်၊ စိန်ကျောက်လည်မာ၊ သူဇာယိုးဖွယ်၊ ဖျို့ရွယ်ရုပ်သွင်၊ နဖူးပြင်ဝယ်၊ ရည်ရှင်ဇောတ၊ တပ်ကြငြိစွန်း၊ မှန်စက်ဝန်းနှင့်၊ ရွှေပန်းရွှေဖြိုး၊ ညီးရရီးတည့်၊ မဏိကိုးပါး၊ ဦးကြားကြယ်ပြောင်၊ ခရုချောင်းနှင့်၊ ရွှေတောင်ထက်တွင်၊ နတ်သဘင်သို့၊ မွမ်းဖြင်ပည်းလှည့်လိမ့်တကား ..ဟူ၍ စပ်ဆိုထားသည်။

ရှေးခေတ် မယ်ဖွဲ့ကဗျာများတွင် လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို ဟူ၍လည်းကောင်း၊ ဆင်းစုံကြန်သား၊ အလွန်ရပေခက်၊ ပြုမြိတ်ရှက်နှင့် ဟူ၍လည်းကောင်း၊ ကေသာမည်းနက်၊ ယကင်မည်းမျှ၊ စုလည်းသွယ်ဝတ်၊ မမီတတ်၍၊ မြိတ်လွတ်မထုံး၊ ပုလဲကုံးတိ ဟူ၍လည်းကောင်း ဆံပင်ကို အမွှမ်းတန်ဆာဆင်ကာ ရေးဖွဲ့ခဲ့ကြလေသည်။

ဤသို့ မိရိုးဖလာ အစဉ်အလာကောင်း တစ်ရပ်ဖြစ်သော ဆံကေသာဆင်ယင်ထုံးဖွဲ့မှု အမျိုးမျိုးကို မြန်မာမိန်းကလေးများအနေဖြင့် မြတ်နိုးစွာ ထိန်းသိမ်းလာခဲ့ကြသည်။ သို့သော်လည်း ယင်းအသွင်အပြင်များကို ယခုအခါ မင်္ဂလာအခမ်းအနားများနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်သော ပွဲလမ်းသဘင်များ၌သာ တွေ့နိုင်တော့သည်။

မိန်းကလေးတစ်ယောက်၏ တန်ဖိုးကား မိမိရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်သောစွမ်းအားနှင့် ကိုယ်ကျင့်တရား စောင့်စည်းမှုရှိဖို့ပင် ဖြစ်သည်။ ယင်းတန်ဖိုးကို လက်ဝယ်ပိုင်ပိုင် မြဲမြဲစွာ ဆုပ်ကိုင်ထားနိုင်သော မိန်းကလေးသည် ဘယ်သောအခါမှ နိမ့်ကျသွားမည် မဟုတ်ချေ။

ထို့ကြောင့် မြန်မာမိန်းကလေး ပီသရန် စကားပြောယဉ်ကျေး၍ အနေအထိုင်သိမ်မွေ့ပြီး ဣန္ဒြေရှိရန် လိုအပ်လျက် ရှိနေပါသည်။

**အာကာသ(သာစည်)**

<u>**မှီငြမ်း**</u>

* မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)။
* ဦးမောင်မောင်လွင်(ဗိန္ဒာ)၊ မြန်မာစာပေသမိုင်း။


အဘဆရာကြီး **မင်းသိင်္ခ** ၏ တပည့်ရင်း

ဆရာ **မိုးသစ်ခိုင်**



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့

တဲရော့ ဗေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ [illegible]ဟာန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁၂၁၉




www.burmeseclassic.com

www.burmeseclassic.com

# စမတစ်ထောင်ဆရာတော် ချီးမြှင့်သော အစွမ်းထက်ဝိဇ္ဇာယတြာများ (၁)

ဂမ္ဘီရ–ဆရာလှမျိုး(B.Sc)

လွန်ခဲ့သော(၂)နှစ်ကျော်ခန့်က စာရေးသူ မော်ဘီမြို့ စမတစ်ထောင်ကျောင်းသို့ ရောက်ရှိသွားသောအခါ ဆရာတော်မှ စာအုပ်တစ်အုပ် မေတ္တာလက်ဆောင်အဖြစ် ချီးမြှင့်ပေးပါသည်။ (၇)နေ့သားသမီးများက စမတစ်ထောင် ဆရာတော်အား စမဘုန်းဘုန်းဟု ခင်မင်ရင်းနှီးစွာ ခေါ်ဆိုကြသည်။ ခုနစ်နေ့ ခုနစ်ရက်သားသမီး အစစအရာရာ အဆင်ပြေစေရန် စမဘုန်းဘုန်းက တစ်ပတ်လျှင် (၂)ရက် ကူညီဆောင်ရွက်ပေးပါသည်။ ရရှိလာသော အလှူငွေများကို ဘုရားစေတီတည်သော သာသနာပြု လုပ်ငန်းများတွင် အသုံးပြုသည်။ ယခုလည်း နေပြည်တော်သွား လမ်းမကြီး အနီးမှာ စေတီတစ်ထောင် တည်ထားကိုးကွယ်လျက် ရှိပါသည်။

လောကီပညာတွင် ယတြာအစီအရင် ဆောင်ရွက်ပေးရသောနည်း နှစ်နည်းရှိသည်။ တစ်နည်းမှာ ပညာရပ်ဖြင့် ဆောင်ရွက်ရသောယတြာ ဓာတ်ရိုက်ဆင်နည်းနှင့် ပညတ်ဖြင့် ဆောင်ရွက်ရသောနည်းတို့ ဖြစ်ပါသည်။ စမဘုန်းဘုန်း ဝိဇ္ဇာယတြာများကို လေ့လာသောအခါ ပညတ်ကို အခြေခံပြုလုပ်သော နည်းတွေ များသည်။ အချို့ယတြာက ဓာတ်သဘောတွေ ပါဝင်နေသည်။ ဝင်စေ၊ ရစေလိုပါက အဆွဲဓာတ်၊ အဝင်ဓာတ်တွေ အသုံးပြုသည်။ ထွက်စေလိုလျှင် တွန်းကန်သောဓာတ်ကို အသုံးပြုသည်။

စာရေးသူအား ချီးမြှင့်လိုက်သော စာအုပ်မျက်နှာစာတွင် ဝိဇ္ဇာရေမဟိဒ္ဓိပညာရပ် ဣဋ္ဌာသယလိုတရ ငွေထုပ်ကြီးနဲ့ စမဘုန်းဘုန်းဟု ရေးထားပါသည်။ ခုနစ်နေ့သားသမီးများအတွက် အထူးသိမှတ်ဖွယ်ရာ အစွမ်းထက် ဝိဇ္ဇာယတြာများ စာအုပ်ထဲ ထည့်ရေးထားတာရှိသလို နှုတ်က မိန့်ကြားတာလည်း ရှိပါသည်။ ယခု စာရေးသူအနေဖြင့် (၇)နေ့သားသမီးများ လက်တွေ့ဆောင်ရွက်နိုင်ကြစေရန် စာရေးသူကိုယ်တိုင် လက်တွေ့စမ်းသပ်ပြီး ယတြာများကို စတင်ရေးသား ဖော်ပြပေးပါမည်။

လွန်ခဲ့သောနှစ်က လှိုင်သာယာဘက်ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ငွေချေးထားရာ ပြန်မရ၍ စိတ်ပူပန်နေသည်။ တစ်နည်းအားဖြင့် ငွေတွေ ဆုံးမလိုဖြစ်နေသည်။ နောက်ဆုံးတော့ ဗေဒင်ဆရာထံ ရောက်လာပါတော့သည်။ ကျွန်ုပ်လည်း ဦးစွာပထမ ဗေဒင်တွက်ချက်ပြီး ညှို့နေသော ကံတွေ ကောင်းစေပြီး ပိတ်နေသော လာဘ်လာဘတွေ ပွင့်လာစေရန် နဝင်းယတြာချေပေးလိုက်သည်။ အကြွေးငွေကိစ္စအတွက် စမဘုန်းဘုန်းယတြာ ပေးလိုက်ပါသည်။ တစ်လခန့်အကြာတွင် သူ့ငွေတွေပြန်ရကြောင်း ကိုယ်တိုင်လာရောက်ပြောဆိုကာ နဝင်းယတြာ ချေသွားပါသည်။

**ဆုံးမလိုဖြစ်နေတဲ့ငွေ ပြန်ရစေဖော့**

မိမိတို့အနေနှင့် ငွေကြေးများ ချေးထားပြီး၊ ယုံကြည် အပ်နှံထားပြီး တစ်ဖက်မှ ပြန်မပေးသော အကြောင်းအမျိုးမျိုးပြကာ ထစ်ငေါ့ကြန့်ကြာနေခြင်း၊ ပစ္စည်းဈေး အကြွေးရောင်းထားပြီး ငွေပြန်မရခြင်း စသည်ဖြင့် ငွေအကြွေးကိစ္စ ကြုံတွေ့လာပါက အောက်ဖော်ပြပါ ဝိဇ္ဇာယတြာနည်းကို



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ လုပ်ရပေလိမ့်မည်။

အင်္ဂါနေ့ နံနက်စောစော (၇)နာရီ (၁၅)မိနစ် အချိန်တွင် မိမိတို့၏ အိမ်ဘုရား၌ ဆွမ်းတော်သုံးပွဲ၊ အောင်သပြေ (၁၀)ညွန့် ကပ်လှူရပါမည်။ ထို့နောက် ဖယောင်းတိုင် (၃)တိုင်ကို မီးထွန်းညှိပူဇော်ရမည်။ ပြီးလျှင် မိမိလက်ဝါးတွင် ပိုက်ဆံယူသွားသူ၏ အမည်နာမကို ရေးပါလေ။ ဆီတစ်စက်လည်း လက်ဝါးပေါ်တွင် ချပြီး ပွတ်ရမည်။ ဆီကို အဘယ်ကြောင့် သုံးခိုင်းရသနည်းဆိုလျှင် ကျွန်ုပ်တို့ ဗန္ဓုရလောကီအတတ် ဝိဇ္ဇာပညာရပ်တွင် အဆွဲဓာတ်တစ်ခုအနေနှင့် အသုံးပြုခြင်း ဖြစ်သည်။

နောက်တစ်ဆင့်အနေနှင့် ငွေတစ်ထောင်တန် တစ်ရွက်ကို လက်ဝါးထဲ၌ ထည့်ပြီး ရိုက်ကာ မိမိ၏နှုတ်မှ 'ငါ့ငွေ ငါ့ထံ လာပေးစေ' ဟု ပြောရမည်။

ပြီးလျှင် လက်ဝါးနှစ်ဖက်ကို ထွန်းညှိထားသည့် ဖယောင်းတိုင်တွင် ခပ်နွေးနွေးကလေး ကင်ပါ။ ကင်ပြီးလျှင် လက်ခုပ်(၆)ချက် တီးပါ။ ထိုသို့တီးရင်း မိမိ၏ လိုရာဆန္ဒကို အကျုံအနှံ ဆုတောင်းရမည်။ တစ်ပတ်အတွင်း သိသိသာသာ အောင်မြင်ပါသည်။

ကိုယ်တွေ့ဆောင်ရွက်ကြည့်ရာ တစ်ပတ်အကြာတွင် ငွေသုံးပုံတစ်ပုံ ရသည်။ သုံးပတ် သုံးကြိမ် ဆက်လုပ်ပြီးမှ အကုန်ပြန်ရပါသည်။ ထို့ကြောင့် တစ်ကြိမ်မထူးသေးလျှင် အင်္ဂါနေ့ သုံးပတ် သုံးကြိမ် ပြုလုပ်ရန် အကြံပြုလိုက်ရပါသည်။

နောက်ယတြာနည်းတစ်နည်းမှာ မိမိအပေါ် အမြင်မကြည်သူ၊ အထင်လွဲမှားနေသူ၊ အကောင်းမမြင်သူ၊ အမြင်စောင်းနေသူ စသည်တို့ ကြုံတွေ့နေပါက အမြင်ကြည်လင်စေသော ဓာတ်ယတြာနည်း ဖြစ်သည်။

## ရှင်းစေ လင်းစေ အမြင်ဓာတ်တွေ ကြည်လင်စေ

စာရွက်ပိုင်းလေး တစ်ရွက်ပေါ်တွင် မိမိအား အမြင်မကြည်လင်သူ၊ အထင်အမြင်လွဲမှားနေသူ၊ အမြင်စောင်းနေသူ၏ နာမည်ကို ရေးပါ။

ပြီးလျှင် ထိုရေးထားသည့် စာရွက်စိုင်းလေးကို မျက်မှန်တွင် ကပ်ပါလေ။ ထို့နောက် မိမိတို့ အိမ်တွင် ကိုးကွယ်ပူဇော်ထားသော ဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်၏ မျက်နှာတော်တွင် မျက်မှန်ကို ရိုရိုသေသေ တပ်ဆင်ပေးလိုက်ပါလေ။ (သို့မဟုတ်) ဘုရားတစ်ဆူဆူ၏ ဘုရားဆင်းတုတော်ရှေ့တွင်လည်း သွားရောက်လှူဒါန်းပြီး လိုရာဆန္ဒ ဆုတောင်းမှုပြုနိုင်ပါသည်။ စာကြည့်မျက်မှန် အဖြူရောင် တစ်လက်ဝယ်ပြီး စာရွက်အပိုင်းကလေး နှစ်ခုမှာ မိမိအပေါ် အမြင်မကြည်သူ၏အမည် နှစ်ရွက်စလုံးမှာ ရေးပြီး မျက်မှန်ဘယ်ညာမှာ ကပ်ရပါမည်။ (ပုံပါအတိုင်း)

မျက်မှန်ဆိုသည်မှာ အမြင်ကြည်လင်စေသည့် ဓာတ်သဘောဖြစ်သည်။ ထိုဝိဇ္ဇာယတြာနည်းကို ပြုလုပ်ပေး လိုက်မည်ဆိုပါလျှင် မိမိအပေါ် အမြင်မကြည်လင်သူများ အမြင်ကြည်လင်သွားကြပေလိမ့်မည် ဖြစ်ပါကြောင်း ရေးသားဖော်ပြထားပါသည်။

စာရေးသူ ဆောင်ရွက်ခိုင်းသူ လေး,ငါးဦးရှိပါပြီ။ အားလုံး အဆင်ပြေသွားကြသည်။ မျက်မှန် တစ်လက်တော့ ရင်းရမည်။ အိမ်ဘုရား လှူထားပါက အမြင်ကြည်လင်သွားပြီး ပြီးပါက စွန့်လိုက်ပါ။


နောက်တစ်နည်းမှာ မိမိကလည်း အကြွေးငွေ ပြန်ဆပ်ချင်၊ လောလောဆယ်လည်း ပြန်မဆပ်ပြန်မပေးနိုင်ဘဲဖြစ်နေ၊ ကြွေးရှင်ကလည်း အတင်းအဓမ္မတောင်း၊ ထိုသို့ ကြုံလာပါက အောက်ဖော်ပြပါ ယတြာကို ပြုလုပ်ပါ။

ရွှေဇာဂုံစေတီကို အာရုံပြုဆုတောင်းရသောကြောင့် စမဘုန်းဘုန်းက တောင်းဆုပြည့်စုံ ရွှေဇာဂုံ

www.burmeseclassic.com

www.burmeseclassic.com

အကြွေးယတြာအတွက်ပုံ



ဟု ရေးထားသည်။

**<u>တောင်းဆုပြည့်စုံ ရွှေတိဂုံ</u>**

ဇာတာရှင်သည် ရွှေတိဂုံဘုရားသို့ နံနက်(၈)နာရီ အရောက်သွားကာ မိမိမွေးနံထောင့် ဂြိုဟ်တိုင်၌ (၈း၁၅)နာရီအချိန်တွင် အိမ်တွင်းဆိုင်းတစ်ခု ချိတ်ဆွဲလှူဒါန်းပြီး အောင်သပြေပန်း၊ ဖယောင်းတိုင်(၅)တိုင် ထွန်းညှိပူဇော်ပါ။ ငါးပါးသီလခံယူ၍ သောဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချဖြင့် (၉)ပတ်တိတိ စိပ်ရမည်။

ပြီးလျှင် 'ရွှေတိဂုံဘုရားကြီး..ဘုရားတပည့်တော် ငွေကြေးကိစ္စ အကျဉ်းအကျပ် ဖြစ်နေပါတယ်ဘုရား၊ တစ်ဖက်မှ ငွေရှင်က ရုံးတိုင်မယ်၊ အမှုလုပ်မယ်လို့ အတင်းအကျပ် ဖြစ်နေပါသဖြင့် ခေတ္တရပ်ဆိုင်းထားပေးပါ ရွှေတိဂုံဘုရားကြီးဘုရား' လို့ သုံးကြိမ်သုံးခါ ဆုတောင်းရမည်။ ထိုသို့ဆုတောင်းရာတွင် ငွေပြန်တောင်းသူအား စိတ်ဖြင့် ဖော်ကြည့်ပြီး ဆုတောင်းရမည် ဖြစ်သည်။

သောဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ (၉)ပတ်တိတိ စိပ်ခြင်းကို ပထမတစ်ရက်တွင် ရွှေတိဂုံဘုရား၌စိပ်ပြီး ကျန်ရက်များတွင် မိမိနေအိမ်မှာပင် အမြဲဒွန်ဖြင့် ဆောင်ရွက်ရမည်။ အခက်အခဲအသီးသီး အောင်မြင်သွားပါလိမ့်မည်။

**<u>အမှုအခင်းလွတ်မြောက်ရန်အတွက်</u>**

မိမိတို့နေအိမ်၌ နံနက်(၈း၁၅)နာရီအချိန်တွင် အောင်သပြေ(၁၀)ညွန့်၊ ဖယောင်းတိုင်(၃)တိုင်၊ ငါးဖယ်ကြော် (သို့မဟုတ်) ဘယာကြော် ရရာတစ်မျိုးမျိုး ဆွမ်းတော်ကပ်ပြီး အမှုအခင်း လွတ်မြောက်ရန် လေးလေးနက်နက် ဆုတောင်းရမည် ဖြစ်ပါသည်။

**<u>အမှုအခင်း ကွင်းလုံးကျွတ်စေ၊ စီးပွားတိုးတက်စေ</u>**

မည်သည့်နေ့သားသမီးမဆို အင်္ဂါနေ့ နံနက်(၈)နာရီ (၁၅)မိနစ်အချိန်တွင် အောင်သပြေ(၁၀)ညွန့်၊ ဖယောင်းတိုင်(၃)တိုင်၊ ငါးဖယ်ကြော် ဆွမ်းတော်နှင့် ဘုရားရှင်အား ကပ်လှူပါ။ ပြီးလျှင် ငါးပါးသီလခံယူကာ အောင်ခြင်းရှစ်ပါး ဂါထာကို (၁၀)ခေါက်ရွတ်ဆိုပါ။

ဆုတောင်းသည့်အခါ 'ရွှေတိဂုံဘုရားကြီးဘုရား..တပည့်တော်၊တပည့်တော်မ ရှုပ်ထွေးသော



www.burmeseclassic.com

www.burmeseclassic.com

အမှုအခင်း ပြဿနာမှ အမြန်ဆုံး လွတ်မြောက်ရပါလို၏ အရှင်ဘုရား’ဟု သုံးခါ ဆုတောင်းပါ။ အောင်မြင်ပါလိမ့်မည်။

မွေးသည့်နေ့သားသမီးမဆို ဗုဒ္ဓဟူးနေ့ နံနက်(၇)နာရီ (၁၅)မိနစ်အချိန်တွင် အာတာလွတ်ကို ဖြတ်ပြီး ဘုရားရှင်အား ကပ်လှူပါ။ ပြီးလျှင် ငါးပါးသီလ ခံယူပြီး သောဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ (၉)ပတ်စိပ်၍ ရွှေတိဂုံဘုရားကြီးအား အာရုံပြုကာ ‘ရွှေတိဂုံဘုရားကြီး‥ဘုရားတပည့်တော်,တပည့်တော်မ အာတာလွတ် လှူပါသော စေတနာတို့ကြောင့် အမှုအခင်း လွတ်ရပါလို၏’လို့ သုံးခါ ဆုတောင်းပါ။

မည်သည့်နေ့သားသမီးမဆို ကြာသပတေးနေ့တွင် နေအိမ် အဝင်ပေါက်တွင် ကွမ်းသီးတစ်ခိုင် ချိတ်ဆွဲထားပါလေ။ ဆုတောင်းရန်ကား ‘ရွှေတိဂုံဘုရားကြီးဘုရား‥ကွမ်းသီးချိတ်ဆွဲရခြင်း အကျိုးကြောင့် အမှုအခင်းကွင်းလုံး ကျွတ်ရပါလို၏’လို့ သုံးခါ ဆုတောင်းပါ။

မည်သည့်နေ့သားသမီးမဆို သောကြာနေ့တွင် ကန်စွန်းရွက်(၁၀)စည်းအား ငါးများများရှိသည့် နေရာ မိမိမွေးနံထောင့်မှနေပြီး ငါးစာကျွေးပါ။ ‘ရွှေတိဂုံဘုရားကြီးဘုရား‥ယနေ့မှစပြီး အမှုအခင်းများ ကွင်းလုံးကျွတ်ပြီး အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ’ဟု ပြောဆိုပါလေ။

ရုံးကိစ္စသွားတိုင်း ရုံးပတီသီးတစ်တောင့်ဆောင်သွား။ ရွှေတိဂုံဘုရားကြီး၏ တန်ခိုးတော်ကြောင့် အရာရာအောင် မြင်ပါလိမ့်မည် ဖြစ်ပါကြောင်း ရေးသားဖော်ပြပေးထားပါသည်။

(ဆက်လက်ဖော်ပြပါမည်)


ဗေဒ္ဒီရဆရာလှမျိုး(B.Sc)




သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပါဠိတော်
- မာရဏပရိတ် အဘိဏှသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄




www.burmeseclassic.com

www.burmeseclassic.com

# စမတစ်ထောင်ဆရာတော် ချီးမြှင့်သော အစွမ်းထက်ဝိဇ္ဇာယတြာများ(၂)

ဂန္ထိရ-ဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်ထံသို့ ရွှေပေါက်ကံဘက်မှ ဇနီးမောင်နှံ ရောက်လာသည်။ အမျိုးသမီးဖြစ်သူက သူမ၏ယောကျ်ား သင်္ဘောတက်ရန် ကုမ္ပဏီကို သိန်း(၂၀)ပေးလိုက်ရာ အလိမ်ခံရကြောင်း စတင်ပြောဆိုပြီး ကံဇာတာကို စစ်ဆေးနိုင်ပါသည်။

ကျွန်ုပ်လည်း သက်ရောက်(သက္ကတ်)ဗေဒင်နည်း၊ လောကစံရှစ်ပါး၊ ဆန်းကျမ်း စသည့် ပညာရပ်တို့ဖြင့် စစ်ဆေးလိုက်ပါသည်။ ကြာသပတေးသက်ရောက် ဖြစ်နေပါသည်။ ကြာသပတေးသက္ကတ် အလာဘော လောကစံမှာ လူ့အတော်များများ အလိမ်ခံရ၊ ငွေရင်းနီးမြှုပ်နှံမှု မြုပ်သွား၊ အကြွေးပြန်မရ စသည်တို့နှင့် ကြုံတွေ့ရလေ့ရှိပါသည်။

ကျွန်ုပ်လည်း ဦးစွာပထမ မိမိဆောင်ရွက်နေကျ နဝင်းစီးယတြာဖြင့် ကံမြှင့်ကံဖွင့်ပေးလိုက်ပါသည်။ ငွေကတော့ ပြန်ရဖို့ မလွယ်ကူတော့ပေ။ သူတစ်ဦးတည်း မဟုတ်။ လူဆယ်ဦးလောက် ပါသွားကြသည်ဟု သိရသည်။ ကြာသပတေးသက္ကတ် ထွက်ခါနီး၊ ကုန်ခါနီး ပို သတိထားရသည်။ အမျိုးသမီးဖြစ်သူမှာ စကားပြော သွက်လက်သည်။ နောက်တစ်ကြိမ် ကြိုးစားဖို့ သူတို့အိမ်ကို ငှားပြီး ပြုလုပ်ရမည်။ အဆင်ပြေ,မပြေ ဗေဒင်ဆရာကို ဆုံးဖြတ်ခိုင်းပါသည်။ အဆင်မပြေလျှင် ဆရာ အပြစ်ဖြစ်နိုင်သည်။ ရာဟုဂြိုဟ် သက်ရောက်ဝင်ရန် တစ်လကျော် နှစ်လ ကျန်သေးသည်။ ရာဟုဝင်လျှင် လုပ်ငန်းအဆင်ပြေလာနိုင်သည်။ ထို့ကြောင့် ဆက်လက်ဆောင်ရွက်ရန် အကြံပေးသည်။

နဝင်းယတြာ သုံးကြိမ်ပြည့်အောင် ချေပေးလိုက်သည်။ တစ်လကြာသည်အထိ အခြေအနေမှာ မထူးခြားသေးပါ။ ထို့ကြောင့် စမဘုန်းဘုန်း (စမတစ်ထောင်ဆရာတော်)၏ ဝိဇ္ဇာယတြာကို ဆောင်ရွက်ခိုင်းလိုက်သည်။ ထိုသို့ ဆောင်ရွက်ခိုင်းပြီး မကြာမီကာလ နှစ်ပတ်ခန့် အကြာတွင် သင်္ဘောတက်သွားရပြီဟု ဖုန်းဆက်အကြောင်းကြားလာပါသည်။

## သင်္ဘောသားအလုပ်၊ နိုင်ငံခြားခရီးသွားခြင်း အောင်မြင်စေသော ဝိဇ္ဇာယတြာ

အချို့သည် နိုင်ငံရပ်ခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြသည်။ အချို့ သင်္ဘောသားအလုပ်ဖြင့် ပြည်ပထွက်ခွာရသည်။ အချို့မှာမူ ငွေကြေးကိစ္စအတွက်မဟုတ်ဘဲ ပညာတော်သင်များ သွားရောက်ကြသည်။ အချို့လည်း အလည်သက်သက် သွားရောက်ကြလေ၏။ ထိုသို့ သွားရောက်ကြသူများတွင် အဆင်ပြေသွားကြသည့်သူများလည်း ရှိသလို အဆင်မပြေဘဲ ထစ်ငေါ့ကြန့်ကြာနေကြသည့်သူများလည်း ရှိကြလေသည်။ အချို့မှာမူ နိုင်ငံခြားသို့ သွားရမည်ဟုဆိုကာ ငွေများ လက်လွှန်သွားကြပြီး ဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရကာ စိတ်မပျော်ရွှင်ခြင်းများကို ခံစားကြရလေ၏။

ထို့အတွက် နိုင်ငံခြားသွားရန် အခက်အခဲရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယခုဖော်ပြမည့် ယတြာအား စီရင်ပြုလုပ်ခြင်းဖြင့် ခုနစ်နေ့သားသမီးများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်များကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်၏။ ခရီးသွားလာရာ၌ အနှောင့်အယှက် အဟန့်အတား ကင်းရှင်းပြီး လွယ်ကူချောမွေ့စွာဖြင့် ရောက်ရှိသွားကြပေလိမ့်

www.burmeseclassic.com

www.burmeseclassic.com

ည်း။

ယတြာအစီအရင်မှာ မည်သည့်နေ့သားသမီးမဆို ဆူး လေဘုရားသို့ နံနက်(၇း၃၅)နာရီတွင် ရောက်အောင်သွား ၍ မီးမွှေးနံ့ထောင့်တွင် သပြေ(၁၀)ညွန့်၊ တံခွန်၊ ကုက္ကား တစ်စုံ၊ ဖယောင်းတိုင်(၁၀)တိုင် ထွန်းညှိပူဇော်ပြီး ဂြိုဟ် တိုင်ကို ရေဖြင့် ဆေးကြောပေးပါ။ ထို့နောက် ဘုရားဆင်း တုတော်ကိုလည်း ရေသပ္ပာယ်ပေးပါလေ။ ပြီးလျှင် ဘုရား ရှိခိုး၊ ငါးပါးသီလ ခံယူဆောက်တည်ပြီးလျှင် သမ္ဗုဒ္ဓေ ဂါထာကို (၃၆)ခေါက်အဓိဋ္ဌာန်ဖြင့် ရိုသေစွာ ရွတ်ဖတ် ပူဇော်ပါ။

ပြီးလျှင် တပည့်တော် (သို့မဟုတ်) တပည့်တော်မတို့ သည် ရပ်ဝေးမြေခြား နိုင်ငံခြားသို့ ငွေကြေးကိစ္စ၊ အလုပ် ကိစ္စ၊ ခရီးသွားခြင်းကိစ္စများ အခက်အခဲမရှိ ချောမွေ့စွာ ဖြင့် ရောက်ရပါစေ၊ အောင်ပါစေဟု သုံးကြိမ် လေးလေး နက်နက် အသေးစိတ် ဆုတောင်းပါ။

ထို့နောက် အင်္ဂါထောင့်၌ စာကလေး တစ်ကောင် လွှတ်ပြီး လွတ်ပြီ ကျွတ်ပြီ၊ ငါ အောင်ပြီဟု သုံးကြိမ်ကြွေး ကြော်လိုက်ပါလေ။

ရပ်ဝေးမြေခြား နိုင်ငံခြားခရီးကိစ္စ အဆင်ပြေအောင် မြင်သွားလိမ့်မည်ကို အံ့သြစွာ တွေ့ရှိရပေလိမ့်မည်။

**အကြောင်းထူးလျှင် မင်္ဂလာအောင်မောင်း တီးပါ**

ခုနစ်နေ့သားသမီးများအနေဖြင့် အိမ်ထောင်ရေး အဆင်မပြေမှုများ၊ စီးပွားရေးအဆင်မပြေ ဖြစ်နေခြင်းများ၊ ဘဝ်ငန်းတွင်း အထစ်ထစ်အငေါ့ငေါ့ အလွဲလွဲအချော်ချော် ဖြစ်နေခြင်းများ၊ ကံဇာတာမှေးမှိန်ညှိုးနွမ်းနေသူများ၊ ဘဝ အခြေအနေ မြင့်မားတိုးတက်လိုသူများအတွက် ကောင်း သည့်အတိတ်နိမိတ်ကိုဆောင်ပြီး ပြုလုပ်ရသည့် မင်္ဂလာ အောင်မောင်း အစီအရင်ကြီးကို ဖော်ပြပေးလိုက်ပါသည်။

ထိုအစီအရင်ကို စီရင်ပြုလုပ်ပြီးနောက် ခုနစ်နေ့သား သမီးများအဖို့ နေ့ချင်းညချင်းဆိုသလို အဆင်ပြေ အောင် မြင်မှုများ၊ စီးပွားတိုးတက်ခြင်းများ၊ ကံဇာတာပွင့်လန်း ခြင်းများကို တွေ့ကြုံခံစားရပေလိမ့်မည်။

မိမိနေအိမ်ဧည့်ခန်းတွင် လင်မယားတွဲရိုက်ထားသည့် ဓာတ်ပုံ ချိတ်ဆွဲရမည်။ ထိုဓာတ်ပုံ၏အောက်တွင် အောင် မောင်းကိုချိတ်ဆွဲကာ အကြောင်းကြီးငယ်ရှိတိုင်း ထူးလျှင် ထူးသလို ထိုမောင်းအား တီးပြီးလျှင် လိုရာဆုကို အကျ အနန တောင်းပါလေ။

ပြီးလျှင် "အောင်စေ၊ နိုင်စေ၊ တည်စေ၊ ပြီးစေ သတည်း" ဟု အားမာန်ပါပါဖြင့် ကြွေးကြော်ရမည်။

တစ်စကြဝဠာလုံး၊ တစ်မြို့လုံး၊ တစ်ရွာလုံး၊ တစ် မိသားစုလုံး၊ လက်ရှိတန်းကာ အောင်ကြောင်းအဖြာဖြာ ကို ရရှိလာကြပေလိမ့်မည်။

အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အင်တာဗျူး၊ အလုပ်ပြောင်းရွှေ့၊ ရာထူးတိုးတက်၊ စီးပွား တက်၊ ရောင်းပန်းဝယ်ပန်းလှ၊ အိုးပိုင်အိမ်ပိုင် စသည့်ကိစ္စ ရပ် အသီးသီးအလိုက် ယုံယုံကြည်ကြည်ဖြင့် ပြုလုပ်ကြရ ပေလိမ့်မည်။ ထူးခြားလှသည့် ဤအစီအရင်သည် လုပ် ကြည့်မှသာ သိနိုင်ပါလိမ့်မည် ဖြစ်ပါကြောင်း အထူးပင် ရေးသားဖော်ပြလိုက်ပါသည်။

ဖော်ပြပါ (စ၊ ခ၊ ဗ၊ ဝ)ဂါထာတော်ကြီးကို နေ့ည မပြတ် ရွတ်ဖတ်ပူဇော်ပေးပါက အကျိုးထူးများကို ရရှိခံ စားရပေလိမ့်မည်။ မောင်းတွင်လည်း (စ၊ ခ၊ ဗ၊ ဝ)ရေး ထားနိုင်ပါသည်။

**စ၊ ခ၊ ဗ၊ ဝဂါထာ**

စက္ခုမာ စရ မာစိရွှော၊
ခမ္ဘည္ဍ ခမ္ဘသာမိကော၊
ဗလူပေတော ဗလဒဇွော၊
ဝရဒေါဒေတု မေဝရံ။

**ကံမှာတလူလူ ဉာဏ်မှာစမ္ပူတလူ မပြတ်ထူးသည့် ဓာတ်ဘူးအစီအရင်**

မည်သည့်နေ့သားသမီးမဆို တနင်္ဂနွေနေ့ နံနက်(၉) နာရီ မိနစ်(၂၀)အချိန်တွင် အဝါရောင်ဓာတ်ဘူး (သို့မ ဟုတ်) အစိမ်းရောင်ဓာတ်ဘူး ရရာတစ်လုံးကို နေအိမ်၏ ဘုရားကျောင်းဆောင်ရှေ့တွင် ခုံမြင့်လေး တစ်လုံးပေါ်သို့ တင်ထားပါ။ ထိုဓာတ်ဘူးအဖုံးကို ဖွင့်လိုက်ချိန်တွင် ဓမ္မ ဒိပ်နိမိတ်ကောင်း စကားကို ပြောရမည်။

ငါတို့မိသားစု စီးပွားအောင်မြင် တိုးတက်စေရမယ် ဟု ပြောရမည် ဖြစ်သည်။

နံပါတ်(၂)အစီအစဉ်မှာ ဓာတ်ဘူးထဲသို့ ရွှေထီးတစ် လက်ကို စိုက်ထူရမည်။

ဘုမ္မိယဆိုးကျိုး ထီးအုပ်လို့မိုးဆိုပြီး ကောင်းသည့် နိမိတ်ယူပြီး စိုက်ထူပါ။



www.burmeseclassic.com

www.burmeseclassic.com

နံပါတ်(၃)အစီအစဉ်မှာ ထိုခွက်ဘူးထဲသို့ သာသနာ့အလံတစ်လက် ထည့်ရမည်။ ငါးထောင်သာသနာ တည်စေသော်ဟု ပြောဆိုရမည်။

နံပါတ်(၄)အစီအစဉ်မှာ ခွက်ဘူးထဲသို့ တံခွန်လုံး ထည့်ပြီးနောက် ယောက်ျားတံခွန် လူရည်ချွန်ဟု ပြောဆိုရမည်။

နံပါတ်(၅)အစီအစဉ်မှာ ထိုခွက်ဘူးထဲသို့ ယပ်တောင်တစ်ချောင်း စိုက်ထူ၍ ငါတို့မိသားစု အေးချမ်းပြီ။ အောင်မြင်ပြီဟု နိမိတ်ဖတ်ကြားလိုက်ရမည်။

အားလုံးပြီးစီးသွားလျှင် ဘုရားရှင်အား အောင်သပြေပန်းများ ဝေဝေဆာဆာ လှူရမည်။ ဖယောင်းတိုင်(၅)တိုင် ထွန်းညှိပူဇော်ပြီး ဆွမ်းတော်တစ်ပွဲ ကပ်ရမည်။ ပြီးလျှင် ထိုခွက်ဘူးအား လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ကိုင်တွယ်ပြီး ယုံကြည်စိတ် ထက်သန်စွာဖြင့် အတိတ်နိမိတ်စကားကို ဖတ်ကြားရမည်။

ဇမ္ဗူဒီပါ တောင်လက်ယာ ဩဘာနိမိတ်ဖြင့် တောင်ကျွန်းကျက်သရေ တက်နေလပုံကို တောင်းဆုခြွေလိုက်သည်။ အမျိုး၊ ဘာသာ၊ သာသနာတော်ကို တပေါင်းတည်း တစည်းတည်း စည်းစည်းလုံးလုံး ညီညီဖြဖြ ကိုယ်စီကိုယ်င စောင့်ရှောက်တော်မူနိုင်ကြပါစေသတည်း။

အောင်ရာအတိတ် အောင်နိမိတ်နဲ့ အောင်ဘိသိက်ခံ မေတ္တာခွက်ဖြင့် မပြတ်ထူး ခွက်ဘူးလေးနဲ့ အစီအမံပြု လုပ်ကာ ဖွင့်ဆိုလိုက်ပါသည်။

ချမ်းသာ ဆင်းရဲ မည်သူမဆို မင်္ဂလာစီကာ မသွေ ကျက်သရေ တက်နေလပုံကို တောင်းဆုခြွေလိုက်သည်။ အောင်ပါစေသော်၊ အောင်စေသော်၊ အောင်ကြပါစေသော်

ထိုသို့ပြောဆိုပြီးသည့်နောက် အစီအမံများ ပြုလုပ် ထားသည့် ခွက်ဘူးအား ဘုရားကျောင်းတော်ရာ၏ ညာ ဘက်တွင် (၂၇)ရက်တိတိ လှူဒါန်းထားရမည်။

မိမိရွတ်ဆိုနေကျ ဂါထာ၊ ဂုဏ်တော် ရွတ်ဆိုပူဇော် ပါ။ ဂုဏ်တော်တစ်ပါး ပုတီး(၂၇)ပတ်၊ ဂါထာတစ်ပုဒ် (၂၇)ခေါက် ရွတ်ဆိုအဓိဋ္ဌာန်ပြု ဆုတောင်းပါက ပို၍ အကျိုးထူးစေပါသည်။


မိမိတို့နေအိမ်တွင် လာဘ်ပွင့်ခြင်း၊ ငွေထုပ်ရခြင်း ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံခြင်း၊ ရွှေခွက်ဘူးလေး လှူထားသည့်အတွက် ရာထူးတိုးတက်ခြင်း၊ အလုပ်ကိစ္စ အင်တာဗျူးကိစ္စများ၊ ရေခြားမြေခြား နိုင်ငံခြားကိစ္စတို့ အောင်မြင်ခြင်း၊ စာမေးပွဲကိစ္စများ အောင်မြင်ရာ၏။ အံ့ဩဖွယ်ရာ ထိုထူးခြားလှသည့် ဝိဇ္ဇာယတြာကြောင့် တ မိသားစုလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြစ်ကြ မည်ကို ခုနစ်နေ့သားသမီးများ မျက်ဝါးထင်ထင် တွေ့မြင် ခံစားရပေလိမ့်မည် ဖြစ်ပေတော့သတည်း။

စမတစ်ထောင်ဆရာတော်က ငွေကြေး၊ အကြွေး ကိစ္စ၊ ကျန်းမာရေးကိစ္စအတွက် တနင်္လာနေ့တိုင်း ချေ ခို၊ ကျီးများကို အစာကျွေးခိုင်းသည်။ ကျီးစာကျွေးခြင်း သည် ကြီးပွားစေသောခွက် ရသည်ဟု ဆိုပါသည်။

အလျဉ်းသင့်လျှင် ဖော်ပြပေးပါမည်။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ

ဂမ္ဘီရဆရာလှမျိုး(B.S





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟာဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။ သူမသည် ကျွန်တော့် ဗေဒင်ဟောခန်းကို ယခုကဲ့သို့ ရောက်လာလေတိုင်း မေးမြန်းစရာ တစ်ခုမဟုတ်တစ်ခု အမြဲပါလာလေ့ရှိ၏။

ထိုဒေါ်ထားထားသည် သာမန်ဗေဒင်မေးသူ မဟုတ်ဘဲ ကျွန်တော့်ဆီက ဗေဒင်ပညာရပ်များကို အားလပ်ချိန်တိုင်း လာရောက်သင်ယူနေသူလည်း ဖြစ်ပေသည်။ သူမသည် ရိုးသားဖြူစင်ကာ ဈေးရောင်းချခြင်းဖြင့် မိသားစုငါးယောက် တာဝန်ကို ထမ်းရွက်နေသူဖြစ်သည်။ ထိုကဲ့သို့ ပင်ပန်းဆင်းရဲစွာ ရှာဖွေစားသောက်နေရသည့်ကြားကနေ ရပ်ရေးရွာရေး၊ သာရေး,နာရေး ကိစ္စအဝဝတို့တွင်လည်း မလစ်ဟင်းအောင် ရွက်ဆောင်နိုင်သူ ဖြစ်၏။

ထိုသို့သော ဒေါ်ထားထားသည် ကျွန်တော့်ဆီရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရခင် တို့ဆရာရေ..ဟူသည့် အာလုပ်စကားဖြင့် စတင်ပြောဆိုလေ့ရှိပေသည်။

'တို့ဆရာရေ..ဗေဒင်ဟောခန်း ပိတ်ရက်ကိုတောင် မရှောင်ဘဲ ချောက်မှန်းကမ်းမှန်း မသိရန်ရောလို့တော့ မပြောလိုက်ပါနဲ့နော်။ ကျုပ် တောင်းပန်ပါတယ်။ ကျုပ် အခု ဆရာ့ဆီလာတာ အရေးတကြီး မေးစရာရှိလို့ပါ'

'အခုမှလာပြီး အိပ်ရေးပျက်ထားတဲ့မျက်နှာနဲ့ အထူးအဆန်းလုပ် လာပြောနေပါလား။ နောက်ပြီး မြန်မာစာကို လည်း ပီပီသသ မပြောတတ်ဘူး။ ဘာလဲ၊ ခင်ဗျားက ပါ မြန်မာဗျည်းအက္ခရာတွေကို ထပ်ပြောင်းဦးမလို့လား။ မလုပ်ပါနဲ့ဗျာ၊ တော်ကြာ ယဉ်ကျေးလိမ္မာ သင်နေတဲ့ ကလေးတွေ ကမောက်ကမ ဖြစ်သွားပါဦးမယ်'

'ဆရာ..ဘာကိုဆိုလိုတာလဲ'

'ဘာဆိုလိုရမလဲဗျာ။ ခင်ဗျား ခုနကပြောတဲ့ ချောက်မှန်းကမ်းမှန်းမသိ ဆိုတဲ့စကားလေ။ ကြား,မကြား ဖူးပေါင်။ ထွင်ရင်လည်း ကြည့်ထွင်ပါ ဒေါ်ထားရယ် ကျုပ်ကြားဖူးတာက စောက်မှန်းကမ်းမှန်း မသိဘဲ ခင်ဗျာ ကျမှပဲ ချောက်မှန်းကမ်းမှန်းမသိ ဖြစ်တော့တယ်'

'အဲဒါ ဆရာဗဟုသုတနည်းလို့ ပြောတာ။ အမှန်က ကျုပ်ပြောတာက အမှန်။ မြစ်တို့၊ ချောင်းတို့မှာ ချောက် ဆိုတာရှိသလို ကမ်းစပ်ဆိုတာလည်း ရှိတယ်။ အဲဒါကို ပမာပြုလို့ မစဉ်းစားမဆင်ခြင်ဘဲ လုပ်တဲ့သူကို ရည်ညွှန်း ပြီး ဒီစကားက ဖြစ်ပေါ်လာတာ။ သိပြီလား'

'တော်တော် တော်တဲ့ ဒေါ်ထားထားပါလား။ မှတ် သားလောက်ပါတယ်။ အများတကာပြောတဲ့ စကားတစ် ခွန်းဟာ အမှားကြာ အမှန်ဖြစ်သွားတတ်ပါတယ်။ ခုတော့ ရှင်းသွားပါပြီ။ ဆိုပါဦး လာရင်းကိစ္စ'

'ကိစ္စကတော့ ကျုပ်ကို ဆရာ့က အိပ်ရေးပျက်ထား တဲ့မျက်နှာလို့ ပြောလိုက်တယ်နော်။ ဒီလိုတော်ရေ..ကျုပ် ည(၂)ချက်တီးက ရွာထဲက အမျိုးသမီးတစ်ယောက် မီးဖွားပေးခဲ့ရတယ်။ မအိပ်ရတာကတော့ နှစ်ညရှိပြီ။ ဒီ ညမှ မီးဖွားတယ်။ ယောကျ်ားလေးတော်ရေ၊ အဲဒါ မိခင် ဖခင်ရော ကျုပ်ကပါ ဒီကလေးကံဇာတာကို သိချင်ကြ လို့။ ဆရာ့ဆီ အပြေးလာမေးတာပဲ'

'ကျွန်တော် ကလေးအားလုံးအတွက်

# သင်
# ဘယ်အချိန်မှာ မွေးဖွားခဲ့သလဲ

**သာထက်ဇော်** (မကွေး)



www.burmeseclassic.com

www.burmeseclassic.com

ချုပ်ထားတာ အသင့်စီထားတဲ့ ဟောကိန်းတွေ ခင်ဗျားကို ပေးလိုက်မယ်။ မိဘနှစ်ပါးကို ဟောလည်းဟော၊ ခင်ဗျားလည်း ပညာရတာပေါ့ဗျာ။ ရော့..ယူသွား'

ကျွန်တော်သည် ဒေါ်ထားထားကို ဟောကိန်းစာရွက်များကို ပေးလိုက်လေ၏။ ဂမ္ဘီရစာဖတ်ပရိသတ်ကြီးအတွက်လည်း အကျိုးရှိလိမ့်မယ်ဟု ယုံကြည်မိပါသည်။

(က)သန်းခေါင်ကျော်တွင် မွေးဖွားသူများ၊ သန်းခေါင်ကျော်နောက်ပိုင်း (၁)နာရီ၊ (၂)နာရီကြား မွေးဖွားသူများအနေဖြင့် ဘဝတစ်လျှောက်လုံး ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများနှင့် နီးစပ်ဆက်သွယ်ရသည့် အကျိုးကို ရရှိပါလိမ့်မည်။-သင်၏ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများသည် ဇာတာရှင်အဝတွင် ကောင်းကျိုး,ဆိုးကျိုးပြုကြကုန်သော အဓိကဇာတ်ဆောင်များ ဖြစ်နေပေလိမ့်မည်။ မိဘမောင်ဖွားတို့ကြောင့် အိမ်ထောင်ရေး၊ အချစ်ရေးများ၌ အနှောင့်အယှက် အတားအဆီး တွေ့ကြုံရခြင်း၊ မိဘမောင်ဖွားများကို ငဲ့ညှာပြီး အလွယ်တကူ အိမ်ထောင်မပြုနိုင်ဘဲ နေရခြင်းတို့ ရင်ဆိုင်ရပေလိမ့်မည်။

(ခ) ညသန်းခေါင်(၂)နာရီအတွင်း မွေးဖွားသူများအနေဖြင့် ဘဝတစ်လျှောက်လုံးတွင် ခရီးတိုများ မနေမနားသွားရလိမ့်မည်။ ကိုယ်စိတ်နှစ်ပါး နားရသည်ဟုမရှိဘဲ တက်ကြွလှုပ်ရှားစွာ နေရလိမ့်မည်။ စာပေရေးသားခြင်း၊ စာပေလေ့လာခြင်း၊ စိတ်ပညာ၊ ဘာသာရေး၊ သိပ္ပံပညာလိုက်စားခြင်းတို့ကြောင့်လည်း ထူးချွန်သူဖြစ်လာလိမ့်မည်။

(ဂ) နံနက်နေမထွက်မီ မွေးဖွားသူများ၊ နံနက်အာရုဏ်တက် နေထွက်ချိန်ကြားကာလမှာ မွေးဖွားသူများအနေဖြင့် စီးပွားရေး၊ ငွေရေးကြေးရေးတွင် ကံကောင်းပေလိမ့်မည်။ ငွေကို ရှာဖွေတတ်သူများ၊ ငွေရလွယ်သူများ၊ စီးပွားဖြစ်ထွန်းသူများလည်း ဖြစ်လာပါလိမ့်မည်။ သူတို့သည် ဆရာလည်း လုပ်ချင်စိတ်ရှိကြ၏။ ယေဘုယျအားဖြင့် ဤသို့ နေမထွက်မီ နံနက်(၄း၀၀)နာရီအပါအဝင် မွေးဖွားသူများသည် စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းကိုသာ အကျိုးဖြစ်ထွန်းတတ်ကြလေသည်။

(ဃ)နံနက်နေထွက်ချိန်တွင် မွေးဖွားသူများ၊ နေထွက်ချိန်နှင့် နေထွက်ပြီး တစ်နာရီအတွင်း ဆောင်းကာလဖြစ်က နံနက်(၆)နာရီနှင့် (၇)နာရီ၊ နွေကာလဖြစ်က နံနက်(၅)နာရီနှင့် (၆)နာရီခန့် ဖြစ်၏။ မွေးဖွားသူများအနေဖြင့် ဘဝမှာ ကုသိုလ်ကံကောင်းသူများ ဖြစ်ပေလိမ့်မည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချခြင်း၊ ပျော်ရွှင်ဖျတ်လတ်၍ မျှော်လင့်ချက်ကြီးမားတတ်ခြင်းတို့ကြောင့် ဘဝတွင် ကြီးပွားအောင်မြင်သူများ ဖြစ်လိမ့်မည်။ သူတို့သည် မိမိတာဝန်ကို ခံယူဝံ့သူများ၊ အုပ်ချုပ်ကွပ်ကဲမှုတွင် ကျွမ်းကျင်ပိုင်နိုင်သူများဖြစ်ကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ပညာရပ်တစ်ခုဖြင့် အသက်မွေးမှုလုပ်ငန်းတို့၌ အောင်မြင်ကြသူများ ဖြစ်လိမ့်မည်။ သူတို့ဘဝတွင် အသက်ငယ်ရွယ်စဉ်ကပင် စတင်၍ အခြေတည် ကြီးပွားကြလိမ့်မည်။

(င) နေထွက်နှင့် နေမွန်းတည့်ကြား အချိန်တွင် မွေးဖွားသူများ၊ နံနက်နေထွက်နှင့် မွန်းတည့်ကြားအချိန် နံနက်(၈)နာရီ၊ နံနက်(၉)နာရီတွင် မွေးဖွားသူများအနေဖြင့် အပေါင်းအသင်းဆုံသူ၊ မိတ်ဆွေသင်္ဂဟပေါများသူ၊ မိတ်ဆွေသင်္ဂဟများနှင့်ပတ်သက်ပြီး အကျိုးခံစား ကြီးပွားမည့်သူလည်း ဖြစ်ပေသည်။ သူတို့သည် ငယ်စဉ်ကလေးဘဝကပင် သူငယ်ချင်း အပေါင်းအသင်းများကို တွယ်တာခင်မင်တတ်ကြပေလိမ့်မည်။ ယခုအချိန်ကာလ အပိုင်းအခြားအတွင်း မွေးဖွားသူများသည် မိမိကိုယ်ကို လုံ့လ၊ ဝီရိယ စိုက်ထုတ်ကြိုးစားခြင်းထက် အပေါင်းအသင်း မိတ်ဆွေများ၏ အကူအညီကိုယူပြီး ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်မှုရခြင်းက များပြားပေလိမ့်မည်။ ထို့ကြောင့် လူအများစုပေါင်းတွေ့ဆုံရာဖြစ်သည့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အစည်းအရုံးများ၊ သဟာယကလပ်များနှင့် ဆက်သွယ်လုပ်ကိုင်သင့်လှပေသည်။ ကုန်သည်များ၊ စီးပွားရေးသမားများ၊ ဆန်စက်ပိုင်ရှင်များ၊ အသင်းကို ဦးဆောင်လုပ်ကိုင်ခဲ့ပါမူ အောင်မြင်မှုရသင့်သလောက်မရဘဲ ဖြစ်တတ်သည်။ ထိုအချိန်ကာလအတွင်း မွေးဖွားသူများသည် အိမ်ထောင်ဖက်ကို အမှီပြု၍ ကြီးပွားချမ်းသာတတ်ပေ၏။ ထို့ကြောင့်ပင် အများအားဖြင့် သူတို့သည် အိမ်ထောင်ဖက်နှင့် စီးပွားဖက်တို့၏ လွှမ်းမိုးခြယ်လှယ်မှုကို ခံကြရရှာသည်။ ထိုသူတို့အတွက် အိမ်ထောင်ဖက်ကို အထူးသတိပြု ရွေးချယ်သင့်လှပေသည်။ မိမိအိမ်ထောင်ဖက်သည် လူကုံထံ၊ ဩဇာအာဏာရှိသူမျိုးထဲမှ ဖြစ်တတ်ခြင်း၊ မာန်မာနကြီးသူများ ဖြစ်တတ်ခြင်းတို့ကြောင့် အိမ်ထောင်ရေးတွင် အဆင်မပြေဖြစ်ရတတ်လေသည်။ ထိုသို့ အဆင်မပြေခြင်းကြောင့် ဘဝတစ်လျှောက်လုံး သာယာပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com

မှု ကင်းမဲ့တတ်သည်။ အထူးသတိချပ်သင့်ပေသည်။

(စ) နေဝင်ပြီး နှစ်နာရီအကြား မွေးဖွားသူများအနေဖြင့် ကျန်းမာရေးအထူးသတိပြုဖို့လိုပေမည်။ ဘဝတစ်လျှောက်လုံးတွင် အလွန်စိုးရိမ် အထိခိုက်နိုင်ဆုံးသော အရေးပြဿနာတို့ ကြုံရတတ်ပေ၏။ ထို့ကြောင့် ကျန်းမာရေးကို အထူးသတိပြု နေထိုင်သင့်သည်။ အထူးသဖြင့် အစာအိမ်နှင့် ဦးနှောက်အာရုံကြောဆိုင်ရာ ရောဂါများအတွက် စိုးရိမ်ရတတ်ပေသည်။ အစာမကြေ၊ လေထိုးလေအောင့်ရောဂါ ဖြစ်တတ်ခြင်း၊ စိတ်တုန်လှုပ်ချောက်ချားလွယ်ကာ နေထိုင်မကောင်း ကျန်းမာရေးညံ့လာတတ်ခြင်းများသည် ဤအချိန်ကာလ အပိုင်းအခြားအတွင်း မွေးဖွားသူများ၏ ကံကြမ္မာပင် ဖြစ်ပေသည်။

(ဆ) ညဦးပိုင်းကာလဖြစ်သည့် (၈)နာရီမှ (၉)နာရီအကြား မွေးဖွားသူများအနေဖြင့် အချစ်ရေးသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်နေတတ်သည်ကို တွေ့ရှိရ၏။ သူတို့သည် အချစ်ရေးနှင့် သံယောဇဉ် များပြားလွန်းလှသည်။ စိတ်နေစရိုက်အားဖြင့် ပျော်ရွှင်တက်ကြွစွာ နေတတ်ကြပြီး လောင်းကစားခြင်း၌ ဝါသနာကြီးတတ်၏။ ထိုသူတို့သည် ငယ်ရွယ်စဉ်ကပင် အချစ်ကိစ္စ အလွန်များပြားတတ်ပြီး အသက်အရွယ်ကြီးသော ကာလတွင် သားသမီး အလွန်များပေလိမ့်မည်။ ပွဲလမ်းသဘင်၊ စတိတ်ရှိုး၊ ဇာတ်ပွဲ၊ ပါတီပွဲ၊ ရုပ်ရှင်ဆိုပါက သူတို့သည် အလွန်နှစ်ခြိုက်တတ်ကြသည်။ သူတို့ကိုယ်တိုင်လည်း အောင်မြင်မှု ရရှိကြပေလိမ့်မည်။ တေးစီးရီးထုတ်လုပ်ရေး၊ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများဖြင့်လည်း အောင်မြင်ကြီးပွားကြလိမ့်မည်။

(ဇ) ည(၉)နာရီကျော်၍ သန်းခေါင်ယံ(၁၂)နာရီမထိုးမီကြားကာလ မွေးဖွားသူများအနေဖြင့် ဘဝတွင် တော်တော်နှင့် လူလားမမြောက်နိုင်။ အခြေမကျနိုင်ဘဲ ရှိပေလိမ့်မည်။ အသက်(၃၀)နှစ် ရောက်သည့်တိုင်အောင် တစ်အိုးတစ်အိမ်ထောင် ထူထောင်နိုင်ခြင်းမရှိဘဲ နေရတတ်သည်။ အသက်(၃၀)နှစ်ရောက်ကာမှ အလုပ်အကိုင် အခြေအနေအတည်တကျရရှိပေလိမ့်မည်။ အသက်(၃၀)နှစ်မတိုင်မီကာလတွင်မူ မိဘ၊ ဆွေမျိုးများအလယ်တွင် ကလေးဆိုးကြီးသဖွယ်ဖြစ်ကာ ဟိုဆွေမျိုးအိမ်တက် သည်ဆွေမျိုးအိမ်တက် ဆိုသကဲ့သို့ပင် လှည့်လည်နေထိုင်ပြီး ဘော်ကြော့နေထိုင်သူများ ဖြစ်နေပေလိမ့်မည်။ သူတို့သည် မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းကို အလွန်ခင်မင်တွယ်တာတတ်ကြ၏။ ကိုယ်ပိုင်အစွမ်းအစဖြင့် လွတ်လွတ်ကျွတ်ကျွတ် မဟုတ်ဘဲ ဘာမဆို မိဘ၊ ဆွေမျိုးသားချင်းများကိုပင် အားကိုးအားထားမှု ပြုကြပေသည်။ အချို့သူများသည် မိဘ၊ ဆွေမျိုးတို့၏ အိုးအိမ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေရသည်နှင့်ပင် ကိုယ့်အိုးကိုယ့်အိမ်ကို မထူထောင်နိုင်ဘဲ ရှိနေတတ်ကြသည်။ အမျိုးသမီးဖြစ်ခဲ့ပါမူ အများအားဖြင့် ကိုယ့်မိဘကို ပြုစုစောင့်ရှောက်ရင်း အပျိုကြီးဘဝနှင့် တစ်ကိုယ်တည်း ဖြစ်နေကြရတတ်သည်။ သို့သော်ငြားလည်း ထိုသူတို့သည် အိုးအိမ်မြေယာပစ္စည်းနှင့် ပတ်သက်ပြီး ကံကောင်းတတ်ကြ၏။ အဆောက်အအုံလုပ်ငန်း၊ သမဂ္ဂ၊ ပုံနှိပ်ထုတ်ဝေသူများတို့၌ မပျက်မကွက်ပါဝင်ထားသင့်ပေ၏။ စာပေအသိုင်းအဝိုင်း၊ စာနယ်ဇင်းလောကတွင် နေရာကောင်း တစ်နေရာ ရရှိလိမ့်မည်။

(ဈ) မွန်းတည့်ချိန် နီးကပ်စွာ မွေးဖွားသူများအနေဖြင့် သူတို့၌ မိမိဘဝတွင် အရေးအထားရဆုံး ကိစ္စဟူသည် တစ်ဦးချင်းစီမှာ ရှိကြစမြဲဖြစ်၏။ အချို့က အချစ်ရေး အိမ်ထောင်ရေးကို အရေးကြီးဆုံးအဖြစ် ထားကြသည်။ အချို့ကမူ ကျန်းမာရေးသည်သာလျှင် အရေးကြီးဆုံးဟူ၍ မှတ်ယူကြသည်။ အချို့ကတော့ ဆွေမျိုး၊ မိဘ၊ သားသမီးများသည်သာ အရေးပါသည်ဟု ယူဆကြပြန်သည်။ သို့သော်ငြားလည်း မွန်းတည့်(၁၂)နာရီထိုးချိန် အနီးကပ် မွေးကြသူများသည် သူတို့ဘဝတစ်သက်တာမှာ အလုပ်အကိုင်အရေး၊ ရာထူးဌာနန္တရအရေး၊ ကြီးပွားတိုးတက်ရေးသည်သာလျှင် အရေးအကြီးဆုံးဟု မှတ်ယူထားတတ်ကြလိမ့်မည်။ ထို့ကြောင့် သူတို့သည် ဘဝတွင် မလွဲမသွေ ကြီးပွားချမ်းသာရမည်ဟု မိမိကိုယ်ကို မှတ်ယူထားကြသည်။ ထိုသို့မှတ်ယူသည့်အတိုင်းလည်း အောင်မြင်မှုရ ကြပေလိမ့်မည်။ လူတို့သည် တန်ခိုးအာဏာကြီးမားခြင်း၊ ကျော်စောထင်ရှားခြင်း၊ ဌာနဆိုင်ရာ အုပ်ချုပ်ရေးတို့တွင် နေရာရခြင်းတို့ ဖြစ်လာလိမ့်မည်။ တစ်နည်းအားဖြင့် သူ တို့သည် သူ့အဆင့်အတန်းနှင့်သူ ဦးစီးခေါင်းဆောင် အကြီးအကဲ ဖြစ်တတ်ကြသူများသာ ဖြစ်ပေလိမ့်မည်။

(ည) နေမွန်းတည့်မှ နှစ်နာရီကြား မွေးဖွားသူများအနေဖြင့် ဘဝတစ်သက်တာမှာ ရပ်ရွာဒေသကို ပြောင်းရွှေ့က

www.burmeseclassic.com

www.burmeseclassic.com

နိုးအိမ်ထူထောင် အခြေစိုက်ရခြင်း၊ နိုင်ငံခြားခရီးစဉ်များ၊ သင်လယ်ရေကြောင်း ခရီးစဉ်များကို မကြာခဏသွားလာရသေလိမ့်မည်။ သူတို့သည် မွေးဖွားကြီးပြင်းသော နယ်မြေဒေသမှ ကျော်လွန်သော အရပ်ဒေသတို့တွင် ကြီးပွားတိုးတက်ချမ်းသာပေလိမ့်မည်။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသော စကားပုံသည် သူတို့အတွက် ရွေးချယ်ပေးထားသည့်အတိုင်း ဖြစ်နေပေမည်။ ထိုသူတို့၏ ထူးခြားချက်သည် သဘောတရား ရှိသေကိုင်းရှိုင်းခြင်းပင်ဖြစ်၏။ အိမ်ထောင်ဖက်၏ ဆွေမျိုးသားချင်းတို့သည် မိမိအပေါ်ကောင်းကျိုး၊ဆိုးကျိုး ထူးထူးခြားခြား ပေးလိမ့်မည်။ ထို့ပြင် ဤအချိန်အပိုင်းအခြားကာလအတွင်း မွေးဖွားသူများသည် တရားဥပဒေပညာရပ်ကို တတ်ကျွမ်းနားလည်ပြီး ဥပဒေဘက်တွင် အလုပ်အကိုင် လုပ်ကိုင်ရခြင်းများလည်း ရှိတတ်ပေသည်။

(၄) မွန်းလွဲပိုင်း(၂)နာရီမှ (၄)နာရီကြား မွေးဖွားသူများအနေဖြင့် ဘဝတစ်သက်တာတွင် ငွေကြေးဥစ္စာနှင့်ပတ်သက်ပြီး အစုလိုက်အပုံလိုက် မကြာခဏရရှိတတ်ခြင်း၊ လောင်းကစားပွဲများတွင် အနိုင်ရရှိတတ်ခြင်း၊ ထီပေါက်ခြင်းများ အကြိမ်ကြိမ်ကြုံတွေ့ရတတ်ပေသည်။ ငွေကြေးနှင့်ပတ်သက်ပြီး စစ်စစ်စီစီ ချွေတာစုဆောင်းကာ ကြီးပွားချမ်းသာခြင်းမျိုးထက် ကံကောင်းထောက်မ၍ အစုလိုက်အပုံလိုက်ရခြင်းဖြင့် ကြွယ်ဝပေလိမ့်မည်။ ထို့ပြင် အမွေအနှစ်များလည်း ရရှိကြပေမည်။ စီးပွားရေး၌ စပ်တူရှယ်ယာ လုပ်ကိုင်ခြင်းများကြောင့် အောင်မြင်မှုအများဆုံးရနေသူများလည်း ဖြစ်ပေ၏။

(၃) နေဝင်ချိန်အနီးကပ် မွေးဖွားသူများ၊ ညနေ(၄)နာရီကျော်မှ (၆)နာရီ နေဝင်ခါနီး မွေးဖွားသူများအနေဖြင့် ဦးစီးခေါင်းဆောင်လုပ်ကိုင်ရန် ဝန်လေးတတ်ကြသည်။ ဘဝတစ်လျှောက်လုံး၌ အစိုးရဝန်ထမ်း၊ လခစားအလုပ်မျိုး လုပ်ကိုင်ရတတ်ပြီး သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းလုပ်ငန်းများဖြင့်သာ အကျိုးပေးတတ်ကြမည်။ ကိုယ်ပိုင်လုပ်ငန်းဖြင့် အောင်မြင်ကြီးပွားတတ်ကြပေသည်။

ဒေါ်ထားထားသည် ကျွန်တော် ပေးလိုက်သော ကလေးများ၏ နာရီအပိုင်းအခြားအလိုက် ကံကြမ္မာဟောကိန်း စာရွက်များကို ရင်ဝယ်ပိုက်ရင်း တစ်စုံတစ်ရာမေးလိုဟန် ရှိပေသည်။

ထို့ကြောင့် ကျွန်တော်က-

'ဘာများမေးချင်သေးလို့လဲ ဒေါ်ထားထားရဲ့'

ဟု မေးလိုက်၏။

ထိုအခါ ဒေါ်ထားထားက-

'တခြားမဟုတ်ပါဘူး ဆရာရယ်။ ဒီဟောကိန်းကို ဆရာ ဘယ်ဆရာဆီကနေ သင်ကြားလေ့လာခဲ့လဲဆိုတာ မေးမလို့ပါ'ဟု ပြန်ပြောလေသည်။

ထို့ကြောင့် ကျွန်တော်က-

'ဟင်းစားလည်း ပေးပြီးပါပြီဗျာ။ ကွန်ချက်ပါ ပြခိုင်းနေသလိုမျိုး ဖြစ်နေပါပေါ့လား။ ဒီမှာ ဒေါ်ထားထား‥ ခင်ဗျားဟာလေ ဘယ်တော့မဆို တစ်မျိုးပြီးတစ်မျိုး သိချင်နေပါလား။ ခင်ဗျား ငါးဝယ်ပြီး ဟင်းချက်စားဖူးမှာပေါ့'ဟု မျက်စောင်းထိုး၍ မေးလိုက်၏။

ထိုအခါ ဒေါ်ထားထားက-

'ဘယ့်နှယ်ပြောပါလိမ့် ဆရာရယ်။ ကျုပ်အသက်နဲ့အမျှ ဝယ်စားလာတာကြာပေါ့'ဟု ခပ်ပေါ့ပေါ့ ပြန်ဖြေသည်။

'အဲဒီလို ငါးဝယ်တဲ့အခါမှာ ဘယ်မြစ်ဆိပ်၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်ချောင်ကြိုချောင်ကြားကနေ ဖမ်းလာတာလဲလို့ ဈေးသည်ကို မေးပြီးမှ ဝယ်လေ့ဝယ်ထရှိသလား။ ဒီလိုမှမဟုတ်ဘဲ မမေးမြန်းဘဲ ဝယ်လေ့ရှိသလား'ဟု ပြန်မေးလိုက်သည်။

'ကြံကြီးစည်ရာတော်။ ငါးဟင်းလေးတစ်ခွက်စားရဖို့အရေး ငါးသည်ကို အဲဒီလိုမေးပါ့မလား။ အဆင်မသင့်ရင် ငါးမရောင်းဘဲ လူကို ထရိုက်သွားရင် အခက်'

'ခင်ဗျား ဒါကျ သိသားပဲ။ ဒီလိုပဲလေဗျာ၊ ခင်ဗျား ငါးဟင်းစားရဖို့က အဓိကမဟုတ်လား။ ကျန်တာတွေ သိပ်မလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်ပြောလိုက်ပါမယ်။ ဒီဟောကိန်းက ဆရာကြီးဦးခန့်ကျော် ရေးသားခဲ့တဲ့ ကိုယ်တွေ့သုခချမ်းသာ စာအုပ်ထဲကပါဗျာ။ ကဲ‥ကျေနပ်ပြီလား။ ကျေနပ်ရင် ပြန်ပေတော့'

'ဟုတ်ကဲ့ပါ ဆရာရယ်၊ ကျေနပ်ပါတယ်။ ပြန်ပါပြီတော်'

မွေ့ဇာ ယာဝေ ရက္ခတိ မေဒိနီ

: သာထက်ဇော်(မကွေး)



www.burmeseclassic.com

www.burmeseclassic.com

မင်းနေထွန်း(ကန့်ဘလူ)

# ပညာတစ်ခု လူထုအတွက်

မန္တလေးမှာနေတဲ့ မောင်အောင်ကိုဦးက ကျွန်တော့်ဆီကို ဖုန်းဆက်လာပါတယ်။ မောင်အောင်ကိုဦး ဆိုတာက တခြားလူ မဟုတ်ပါဘူး။ ပါဝါတော့ ရေဆေးဆီလိုက်မှာ ဟိုအရင်က အလုပ်လုပ်သွားတဲ့သူပါ။ ပါဝါတော့ ရေဆေးဆီလိုက် အလုပ်ဌာနက ကျွန်တော့် တူတွေ၊ တူမတွေရဲ့ လုပ်ငန်းဆိုတော့ အဲဒီကို သွားရင်းလာရင်း တွေ့ကြုံခင်မင်ရင်းနှီးရာက သားတစ်ယောက်လို တွယ်တာခဲ့ရသူပါ။ သူကလည်း ဖခင်တစ်ယောက်လို (ဦးလေး၊ ဦးကြီးလို) လေးစားခင်မင်နေသူပါ။

ဒါ့ထက် ပိုပိုသာသာလေး ပြောရရင်တော့ တစ်ချိန်က မြန်မာ့ဗေဒင်နဲ့ ပတ်သက်နီးနွယ်တဲ့ နှစ်(၁၀၀)ပြက္ခဒိန် အလွတ်တွက်နည်း ပညာရပ်တစ်ခုကို ကျွန်တော်က သင်ကြားပေးခဲ့ဖူးသူ။ သူကလည်း အမြတ်တနိုး တန်ဖိုးထား သင်ယူခဲ့ဖူးသူပေါ့။

မောင်အောင်ကိုဦးက ဖုန်းထဲမှာ–

'အဘ··အဘကို အကူအညီလေးတစ်ခု တောင်းချင်လို့။ တခြားတော့ မဟုတ်ပါဘူး အဘရယ်၊ ကျွန်တော့်ဇနီးက ပြီးခဲ့တဲ့ နှစ်ဆန်း(၁)ရက်နေ့ကပဲ သားယောကျ်ားလေး မွေးတယ်လေ။ အဲဒါ အဘ နာမည်မှည့်ပေးစေချင်တာပါ။ ရက်(၁၀၀)ပြည့် မွေးနေ့မှာ ကင်ပွန်းတပ်နာမည်ပေးပွဲလေးတစ်ခု လုပ်မှာမို့ပါ။ အဘကူညီပါဦးနော်'

ဒါနဲ့ သူ့ဇနီး နာမည်၊ မွေးသက္ကရာဇ်၊ အသားအရောင်နဲ့ ကလေးရဲ့ အသားအရောင် (အဖြူ၊ အမည်း၊ အသားလတ်၊ အသားညို)တွေကို မေးရတော့တာပေါ့။ အောင်ကိုဦးရဲ့ အသားအရောင်၊ မွေးသက္ကရာဇ်တွေက ကျွန်တော့်ဆီမှာ သိပြီး၊ ရှိပြီးသားမို့ သူ့ဇနီးနဲ့ ကလေးအတွက်ပဲ မေးလိုက်တာပါ။ သူကလည်း ကျွန်တော်လိုအပ်တဲ့ အချက်အလက်တွေ ပြန်ပေးပါတယ်။


ဆိုပါစို့။ ဒီလိုနဲ့ ကလေးနာမည်ပေးဖို့ အကြောင်းဖန်လာတယ် ဆိုပါတော့။ ကလေးနာမည်ပေးဖို့ တွက်ချက်စဉ်းစားလိုက်တဲ့အခါမှာ ကျွန်တော့်အဖို့ အကျဉ်းအကျပ်တွေ့တော့တာပါပဲ။

ကလေးက (၁၃၇၈)ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၀)ရက်၊ တနင်္ဂနွေနေ့ဖွား၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့ဖွား ဆိုတော့ မဟာဘုတ်အရ သိုက်ဖွားပေါ့။ အဖွားကောင်းလို့ဆိုရင် ရပါတယ်။

ဒါပေမဲ့ နာမည်ပေးမှည့်ဖို့ကျတော့ ကျွန်တော်သိပ်ဘဝင်မကျတဲ့ မွေးနံ့အရင်းခံ ပဥ္စပွတ်လို့ခေါ်တဲ့ နဝင်းအုပ်နည်းကလွဲလို့ အခြားနည်းလမ်း စဉ်းစားလို့မရဘူး ဖြစ်နေတယ်။ ကျွန်တော်ကိုယ်တိုင်က ညံ့ဖျင်းတာလည်း ပါကောင်း ပါပါလိမ့်မယ်။

ကဲ··ကြည့်လိုက်ကြရအောင်။

ကျွန်တော် နားလည်လက်ခံ ယုံကြည်ထားတဲ့ ဘဝအချုပ် မဟာဘုတ်နည်းအရ ပုတိ၊ ဘင်္ဂ၊ မရဏ အိမ်တွေမှာရှိတဲ့ ဂြိုဟ်နံ့အက္ခရာတွေကို နာမည်အရင်းလုံး(အစလုံး)၊ နာမည်အဖျားလုံး(အဆုံးလုံး) မသုံးသင့်ဘူး။ သိပ်အကျဉ်းအကျပ် အခက်အခဲ ဖြစ်နေတယ်ဆိုရင်သာ နာမည်အရင်းလုံးအဖြစ် သုံးရမယ်လို့ပေါ့။ ကျွန်တော့်တစ်ကိုယ်တည်း ဆန္ဒအရတော့ နာမည်အရင်းလုံးအဖြစ်ကို မသုံးချင်တာပါ။




ရာသီခွင်




www.burmeseclassic.com


www.burmeseclassic.com




မဟာဘုတ်




နာမက္ခရ





မွေးနံတိုင်


ဘာကြောင့်လဲဆိုတော့ အဲဒီ ပုတိ၊ ဘင်္ဂ၊ မရဏ ဆိုတာတွေက ယေဘုယျလက္ခဏာအရ အနိဋ္ဌ အညံ့စားတွေ၊ နာမည်အဖျားလုံး ယူသုံးရမယ့် အထွန်း၊ သိုက်၊ ရာဇနဲ့ အဓိပတိတွေက ဣဋ္ဌအကောင်းစားတွေ။ ဒီတော့ အနိဋ္ဌအညံ့စားနဲ့ ဣဋ္ဌအကောင်းစား တွဲဖက်လိုက်ရင် အနိဋ္ဌအညံ့စားပဲ ထွက်မယ်လို့ ကျွန်တော်က ယုံကြည်လက်ခံထားတာကိုး။

ဂဏန်းသင်္ချာမှာ ရှိပါတယ်။ အပေါင်းနဲ့ အပေါင်း ပေါင်းရင် ညီမျှခြင်းဟာ အပေါင်းထွက်တယ်။ အပေါင်းနဲ့ အနုတ်၊ ဒါမှမဟုတ် အနုတ်နဲ့ အပေါင်း ပေါင်းရင် ညီမျှခြင်းဟာ အနုတ်ထွက်ပါတယ်။ ဒီသဘောပါပဲ။ ဣဋ္ဌနဲ့ ဣဋ္ဌ ပေါင်းရင် ညီမျှခြင်းဟာ ဣဋ္ဌဖြစ်ပေမယ့် ဣဋ္ဌနဲ့ အနိဋ္ဌ ဒါမှမဟုတ် အနိဋ္ဌနဲ့ ဣဋ္ဌ ပေါင်းရင်တော့ ညီမျှခြင်း အဖြေဟာ အနိဋ္ဌပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အညံ့စားအနိဋ္ဌဖြစ်တဲ့ ပုတိ၊ ဘင်္ဂ၊ မရဏတွေကို နာမည် အရင်းလုံး မသုံးချင်တာပါ။

နောက်တစ်ခုက ပုတိနဲ့ အထွန်းဟာ ပက္ခအရှိန် ဟပ်တတ်သလို မရဏနဲ့ အဓိပတိကလည်း ပက္ခအရှိန် ဟပ်တတ်တယ်လို့ သိထားလို့ပါ။ ပက္ခအတည့်ပဲဖြစ်ဖြစ်၊ ပက္ခခောက်ထိုးပဲဖြစ်ဖြစ်၊ ပက္ခဆိုတဲ့ အရှိန်ကတော့ ရှိတယ်လို့ပဲ လက်ခံထားလို့ပါ။


ဘာကြောင့် ပက္ခခောက်ထိုးဖြစ်စေ၊ ပက္ခအတည့် ဖြစ်စေ ပက္ခနဲ့ အရှိန်ဟပ်တယ်လို့ ယူဆသလဲဆိုတော့ ဘင်္ဂနဲ့ ဘင်္ဂဟာ ပက္ခလို့ ပညာရှင်ကြီးများက ဝိဂြိုဟ်ပြုခဲ့ကြတဲ့အတွက် ခေါက်ထိုး အတည့်မရှိတဲ့အတွက် ပက္ခဟာ ပက္ခပါပဲ။ ပက္ခရဲ့အရှိန်ဟာ ဟပ်ကို ဟပ်မှာပါပဲ။ ဒါကြောင့်ပါ။ ဒီတော့ ကျွန်တော့်သဘောဆန္ဒအရ ဖော်ပြထားတဲ့ မူလမဟာဘုတ်က ပုတိ၊ ဘင်္ဂ၊ မရဏဂြိုဟ်နဲ့




www.burmeseclassic.com

www.burmeseclassic.com



**ပက္ခဓောက်ထိုးဖြစ်ပုံများ**

အက္ခရာတွေကို ပယ်ထားလိုက်ပါတယ်။


အဲဒီ ပယ်ထားလိုက်တဲ့ ဂြိုဟ်နံအက္ခရာတွေဟာ နာမက္ခရ ဝဲယာတိုင်မှာလည်း အနိဋ္ဌအညံ့စားတွေအဖြစ် ဆက်လက်ပယ်ထားလိုက်ပါတယ်။ နာမက္ခရ ဝဲယာတိုင် နည်းနဲ့ နာမည်ပေး ဥပဒေသမှာလည်း အဲဒီ အနိဋ္ဌ အညံ့ စားနံဂြိုဟ် အက္ခရာတွေကို ရှောင်ကွင်းနိုင်ရင် ရှောင်ကွင်း ဖို့ ပညာရှင်များက ဝိဂြိုဟ်ပြုထားခဲ့ကြတာပဲ ဖြစ်ပါတယ်။

၅

| | |
|---|---|
| ၄ | ၃ |
| *၂ | ၁ |
| *၀ | ၆* |

ဒီတော့ ဖော်ပြထားတဲ့ ကလေးအဖို့ ယောက်ျားလေး လည်း ဖြစ်တဲ့အတွက် နာမက္ခရတိုင်အရ လက်ယာဂြိုဟ်နံ အက္ခရာတွေထဲက တနင်္ဂနွေနဲ့ အင်္ဂါပဲ ရှိနေပါတယ်။ ကြာသပတေးကတော့ ဘယ်လိုယူယူ ယူလို့ရတဲ့ ဂြိုဟ်နံ အက္ခရာ ဖြစ်ပါတယ်။ ကလေးက တနင်္ဂနွေဖွားဆိုတော့ တနင်္ဂနွေနံကို နာမည်အရင်းလုံးထားရင် ကျန်ဗ္ဗဋ္ဌတွေ ဖြစ်တဲ့ အင်္ဂါ၊ ဗုဒ္ဓဟူးနဲ့ ကြာသပတေးတွေကို နာမည် အဖျားလုံး ထားရတော့မှာပေါ့။ နာမက္ခရတိုင်အရ ဒီ သဘော ဒီလက္ခဏာပဲ ရှိတာကိုး။

ဒါပေမဲ့ မွေးနံ တနင်္ဂနွေတိုင်အရ ကြည့်ရင် အင်္ဂါ က ဘြိုရန်းဂြိုဟ်နံ အက္ခရာဖြစ်နေပြီး ဗုဒ္ဓဟူးက စတုရန်း ဂြိုဟ်နံအက္ခရာ ဖြစ်နေတာကို တွေ့ရပါတယ်။ မူလ တနင်္ဂ နွေကို အရင်းလုံး သုံးရင် ဘြိုရန်းအင်္ဂါနဲ့ စတုရန်း ဗုဒ္ဓဟူး ကို ဘယ်နည်းနဲ့မှ နာမည်အဖျားလုံးယူလို့ သုံးလို့ မရနိုင် တော့ပါဘူး။ ယူရင်၊ သုံးရင် အဲဒီနာမည်ဟာ မွေးနံတိုင် အင်္ဂဝိဇ္ဇာဗေဒင်နည်းပညာအရ ဓောက်ထိုးဖြစ်မှာ အသေ အချာပါပဲ။




**(ဓောက်ထိုး)**

ဒီတော့ ဘြိုရန်း(အင်္ဂါ)နဲ့ စတုရန်း (ဗုဒ္ဓဟူး)တို့ကိုလည်း ပယ်ရမယ့် ဂြိုဟ် နံအက္ခရာအဖြစ် သတ်မှတ်ရင် ပဋ္ဌပွတ် လို့ခေါ်တဲ့ (နဝင်း)ကြာသပတေးဂြိုဟ်နံ အက္ခရာပဲ ရှိပါတော့တယ်။

ကောင်းပြီ။ မူလမွေးနံ အရင်းခံပြီး နဝင်း(ပဋ္ဌပွတ်) မအုပ်ချင်လို့ (အမြစ် အညွန့်)နည်းနဲ့ နာမည်ပေးမလို့ စဉ်း စားလိုက်တော့လည်း အမြစ်ဂြိုဟ်ဖြစ် တဲ့ (စနေ)က မဟာဘုတ်နဲ့ နာမက္ခရမှာ ပယ်ထားတဲ့ အနိဋ္ဌ အညံ့စား(ပုတိ) ဖြစ်နေသလို အညွန့်ဂြိုဟ်ဖြစ်တဲ့ (တနင်္လာ)ကလည်း မဟာဘုတ်နဲ့ နာမက္ခရမှာ ပယ်ထား တဲ့ အနိဋ္ဌ အညံ့စား(မရဏ) ဖြစ်နေတယ်။ ပုတိနဲ့ မရဏ တွဲစပ်ပေးဖို့ ကျွန်တော် လက်တွန့်ပါတယ်။ မတွဲရဲ၊ မပေး ရဲပါဘူး။ ကျွန်တော် သတ္တိကြောင်သလားတော့ မသိဘူး။

ဒါဖြင့် သာစည်ကြိုး ပင်းယကြိုးနယ်နဲ့ နာမည်ပေး ဖို့ စဉ်းစားကြည့်ပြန်ပါတယ်။





**(အမြစ်၊အညွန့်)** **(သာစည်ကြိုး)** **(ပင်းယကြိုး)**

ရှင်းပါတယ်။ သာစည်ကြိုးနည်းကတော့ ဘယ်နည်း နဲ့မှ သုံးလို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ သိကြတဲ့ အတိုင်းပါပဲ။ နာမည်အရင်းလုံး ထားရမယ့်(သောကြာ) က မဟာဘုတ်မှာ (ဘင်္ဂ)အနိဋ္ဌ အညံ့စား ဖြစ်နေလို့ ပဲ။ ဒီတော့ (ပင်းယ)(ပနီးယ)ကြိုးနည်းကို ပြောင်းစဉ်းစား လိုက်တော့လည်း နာမက္ခရတိုင်အရ တိုင်ထိပ်(ကြာသ

www.burmeseclassic.com

www.burmeseclassic.com

တော်း)ကနေပြီး လက်ဝဲနံပါတ်(၁) (ဗုဒ္ဓဟူး)ဆီသို့ (ဓောက်ထိုး) ဆင်းသွားရမယ့် နာမည်မျိုး ဖြစ်နေလေတော့ ကျွန်တော် လက်တွန့်သွားပြန်ပါတယ်။




(ဓောက်ထိုး)

ဒါကြောင့်မို့ သာစည်ကြီး၊ ပင်းယကြီး နာမည်ပေးနည်း၊ မှည့်နည်းကိုလည်း ကျွန်တော် လက်လျှော့လိုက်ပါတယ်။ ကျွန်တော် မှားတယ်ဆိုရင် ပညာရှင်ကြီးများက ထောက်ပြဝေဖန် ပညာပေးကြပါ။

ကဲ..ရှေးက ပညာရှင်ကြီးများ ဝိဂြိုဟ်ပြုခဲ့တဲ့ (က-သစ်-ပေါ်-ဥစ်-တူ-လင်-စုတ်)ဆိုတဲ့ (ကြက်-သွန်-ဖြူ-ဥ-တစ်-လုံး-စု)လို့ လူတွေ နားလည်လက်ခံထားတဲ့ နာမည်မှည့်နည်းကို စဉ်းစားကြည့်ကြစို့ရဲ့။

၂ ကြက်
၆ သွန်
၅ ဖြူ
(၁) ဥ
၀ တစ်
၄ လုံး
၃ စု

မြင်တော်မူကြတဲ့အတိုင်းပါပဲ။ တနင်္လာ(မရဏ)၊ သောကြာ(ဘင်္ဂ) အနိဋ္ဌ အသုံးစားတွေနဲ့ ကြာသပတေး (အဓိပတိ) ဣဋ္ဌ အကောင်းတွေကို တွဲစပ်ပေးရတော့မှာလား။ ကျွန်တော် မတွဲမစပ် မပေးဝံ့ရဲပါ။ နာမက္ခရတိုင်အရလည်း လက်ဝဲနံပါတ်(၂)ကို နာမည်အရင်းပြုပြီး တိုင်ထိပ် ကြာသပတေး(၅)ဆီသို့ အမှန်အကောင်း ထိုးတက်သွားတာ မှန်ပေမယ့် နာမည်အရင်းလုံး(လက်ဝဲ)ဟာ မိန်းကလေး(မ)များမှ ပေးမှည့်ရမယ်လို့ ပညာရှင်များက ဥပဒေသပြုထားကြသကိုး။

ဟုတ်တယ်၊ ကျွန်တော့် ဇေဒင်လမ်းခရီးတစ်လျှောက် အတွေ့အကြုံအရ ယောကျ်ားလေး(ကျား)ကို နာမက္ခရတိုင် လက်ဝဲ နာမည်အရင်းလုံးနဲ့ နာမည်မှည့်ခေါ်ထားသူတွေဟာ ကိုယ်ဟန်အမူအရာ မိန်းကလေးဆန်ချင်ဆန်မယ်၊ ဆန်တယ်။ ကိုယ်ဟန်အမူအရာ မိန်းကလေးမဆန်ရင် စိတ်ထားခံယူချက် အတွေးအမြင်တွေက နူးညံ့သိမ်မွေ့ ပျော့ညံ့နေတတ်ပါတယ်။ ကျားကျားလျားလျား မာမာထင်ထင် မရှိတတ်ပါဘူး။

အဲဒီလိုပဲ မိန်းကလေးဖြစ်ပါလျက်နဲ့ နာမည်အရင်းလုံးဟာ နာမက္ခရတိုင်အရ လက်ယာ(လက်ယာ) ဖြစ်နေတဲ့သူတွေမှာလည်း နူးညံ့သိမ်မွေ့ရမယ့်အစား ကြမ်းကြမ်းထန်ထန် သွားလာပြုမူ ပြောဆိုနေတာမျိုးတွေ ယောကျ်ားတစ်ယောက်နှယ် ခက်ထန်ကြမ်းတမ်းစွာ ရှာဖွေနေရ၊ ရုန်းကန်နေရတာတွေ ရှိပါတယ်။

ဒါကြောင့် အခု နာမည်ပေးရမယ့် ကလေးကိုလည်း နာမည်အရင်းလုံး လက်ဝဲလုံး(နာမက္ခရတိုင်အရ) မပေး၊ မမှည့်လိုပါဘူး။

ကုန်ပါပြီ။ ရှိတဲ့နည်း၊ သိတဲ့နည်းတွေထဲမှာ မူလမွေးနံ(တနင်္ဂနွေ)ကို ပဋ္ဌပွတ် ခေါ် (နဝင်း)အုပ်တဲ့ နာမည်ကလွဲလို့ (မှတစ်ပါး အခြားမရှိပြီ) ဖြစ်သွားပါပြီ။ ဒါကြောင့်လည်း အဲဒီကလေးကို နာမည်အရင်းလုံး (တနင်္ဂနွေ)၊ နာမည်အဖျားလုံး (ကြာသပတေး)ထားပြီး (တံခွန်ဂိုဏ်း) (အဓိုးဂိုဏ်း) (မင်းရာဇာဂိုဏ်း) (ခြင်္သေ့သိဟရာဇာဂိုဏ်း) ရအောင် အခြားနံဂြိုဟ် အက္ခရာတွေနဲ့ တွဲစပ်မှည့်ပေးလိုက်ပါတယ်။ နာမည်(၇)မျိုး အကြမ်းပေးလိုက်ပြီး မောင်အောင်ကိုဦးနဲ့ ဇနီး မစုမွန်ကျော်တို့ နှစ်သက်ရာ တစ်ခု ရွေးဖို့ ပေးပို့လိုက်ပါတယ်။

ဒီဆောင်းပါးရဲ့ အဓိကရည်ရွယ်ချက်က နာမည်ပေးနည်း၊ နာမည်မှည့်နည်း လုံးဝ(လုံးဝ) မသိရှိသေးတဲ့ စာဖတ်ပရိတ်သတ်တွေရယ်၊ နာမည်ပေးနည်း၊ နာမည်မှည့်နည်း ကြားဖူးနားဝရှိပြီး တိတိကျကျ သိလိုသူတွေအတွက်ပဲ ဖြစ်ပါတယ်။ နောက်တစ်ခု ကျွန်တော့်ထက် ပိုသိသူ၊ တတ်သူများက ကျွန်တော့် လိုကွက်၊ ဟာကွက်တွေကို ထောက်ပြဝေဖန်ပြရင်း စာဖတ်သူတွေကို အသိအမြင်သစ်များ ထပ်ဆင့်ပေးနိုင်ရင်းပဲ ဖြစ်ပါကြောင်းခင်ဗျား။

ပညာရှင်အပေါင်းကို မညှောင်းသောဂါဝရဖြင့်

မင်းနေထွန်း(ကမ္ဘာ့သဘာ)

www.burmeseclassic.com

www.burmeseclassic.com

# လူသားတွေနဲ့ ဗိုင်းငင် လောကကို အလှဆင်ပါ

**ဆရာကံထူး(ဗေဒသုတေသီ)**

ဆင်ကန်းတောတိုး ဝါဒဖြင့် သဘောရှိ ကရောဟိ လုပ်လိုသူအချို့က ဗေဒင်ပညာကို အနှစ်သာရအားဖြင့် မမြင်၊ ဆင်ခြေများတဲ့ ပညာဟု ထင်တတ်ကြ၏။ ရက်ရာဇာ၊ ပြဿဒါး ရွေး၍ အခွင့်အလမ်းများ ဆုံးရှုံးရသည်ဟု အပြစ်တင်တတ်ကြ၏။ မလုပ်ဝံ့အောင် လက်တွန့်စေသည့် ပညာဟု သမုတ်ချင်ကြပေသည်။

မင်းတို့ထွက် ရက်ရာဇာကွလို့လည်း အားပါးတရ ကိုးကားပြောဆိုတတ်ကြပါသည်။ မင်းဟူသည် လူတို့သနင်း၊ အကြီးမြတ်ဆုံး ဩဇာအာဏာရှင်။ ဆင်သွားလျှင် လမ်းဖြစ်၏။ လမ်းထွင်နေစရာ မလိုတော့သလို လမ်းကောင်း,မကောင်းလည်း မေးနေစရာ၊ ရွေးနေစရာ မလိုတော့ပေ။

ထို့အတူပင် အဓိပတိထိုက်တဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့ ဦးစီးဦးဆောင်ကာ အဓိပတိမြောက် အလုပ်လုပ်လာလျှင် မဖြစ်နိုင်တာ မရှိ၊ ဖြစ်နိုင်သည်ချည်းပင်။ ရက်ရာဇာ၊ ပြဿဒါး ရွေးနေစရာ မလို။ ပြဿဒါးလည်း ရက်ရာဇာ ဖြစ်ပေးရပေသည်။ ဤစကားပုံကို စာရေးသူ ဤသို့ နားလည်ခံစားမိပါသည်။

မြန်မာစကားပုံ စာအုပ်၌မူ ဤစကားပုံကို 'မင်းတို့ထွက် ရက်ရာဇာ ဆိုဘိသကဲ့သို့ အကျိုးရှိအောင် ဆောင်ရွက်တတ်သောသူ ဆောင်ရွက်သည့်ရက်သည် ရက်ကောင်းရက်မြတ်ပင် ဖြစ်သည်' ဟု အဓိပ္ပာယ် ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

ဤ[illegible]တိုင်း ယူဆပါလျှင် -

အဆိုပါ ရှင်းလင်းချက်တွင် 'အကျိုးရှိအောင် ဆောင်ရွက်တတ်သောသူ ဆောင်ရွက်သည့်ရက်သည်' ဆိုတဲ့ ကဏ္ဍား ပုဒ်ကိုပင် အသေအချာ ဆင်ခြင်ကြည့်ပါဦး။ အကျိုးရှိအောင် ဆောင်ရွက်တတ်သောသူ ဆိုမှတော့ ထိုသူ လုပ်ဆောင်လျှင် ရက်ကောင်းရက်မြတ် ဖြစ်နေမှာ သေချာတော့၏။ သို့သော် အကျိုးရှိအောင် လုပ်တတ်ဖို့ကလည်း အကျိုးရှိ,မရှိကို သိဖို့ လိုအပ်လာပြန်ပါသည်။

အကျိုးရှိ,မရှိကို ကိုယ်တိုင် သိနိုင်ရင်တော့ ဗေဒင်မေးနေစရာ မလိုတော့ပါ။ သိနိုင်သူ အလွန်နည်းပါသည်။ ပစ္စုပ္ပန်အမြင်ဖြင့် ဒါကို ဒီလိုလုပ်ရင် အကျိုးအမြတ် ဒီလိုရမယ်၊ ဒီလောက်ရမယ် ဆိုတာလောက်ကတော့ သူ့နေရာနှင့်သူ သိနိုင် မြင်နိုင်ကြ၏။ ပစ္စုပ္ပန်အမြင်ကို မှားယွင်းသွားစေနိုင်တဲ့ အတိတ်ကံ လှည့်စားမှုကိုမူ သာမန်လူတို့ မြင်နိုင်ခဲပေသည်။

အတိတ်ကံက မိမိအား ပေးနေတဲ့ အခွင့်အလမ်းကောင်းကို ရက်၊ လ၊ နှစ်အလိုက် အတိအကျ အမိအရ ဆုပ်ကိုင်နိုင်ဖို့ရာလည်း အခွင့်အလမ်း ပေးထားကြောင်း သိထားမှ ဖြစ်ပေမည်။ ဗေဒင်ပညာ မကူလျှင် သာမန်လူအတွက် သိနိုင်ဖို့ရာ မလွယ်ကူလှပေ။ ဗေဒင်ပညာကူမှ သိမြင်နိုင်ပါသည်။

တကယ်တော့ ဗေဒင်ပညာဆိုတာ မိမိတို့ လျှောက်လှမ်းရမည့် ဘဝလမ်းခရီးမှာ အမှားကင်းပြီး ဆိုးကျိုးနည်းအောင် ဆင်ခြင်တုံတရားကို ပေးအပ်ပြီး ကောင်းကျိုးများ မိမိလက်ထဲ ရောက်လာအောင် လမ်းညွှန်ရင်း လောကကြီးကို ရော ဘဝကိုပါ အလှဆင်ပေးတဲ့ ဘဝအသုံးချပညာသာ ဖြစ်ပါသည်။

ဤသို့ ဗေဒင်ပညာသဘောကို လေးနက်စွာ နားလည်ခံစားနေစဉ်မှာပင် 'အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ' ဆိုပြီး ရိန်းတုံးသံ ထွက်ပေါ်လာနေ၍ အတွေးစဖြတ်ကာ ဖုန်းကောက်ကိုင်လိုက်ပါသည်။

'ဟဲလို..အမိန့်ရှိပါခင်ဗျာ'

'ဆရာကံထူးပါလားရှင့်'

'ဟုတ်ကဲ့၊ ဆရာကံထူးပါခင်ဗျာ'

'ဩော်..ဟုတ်[illegible] ဆရာ မင်္ဂလာပါ'

'ဟုတ်၊ မင်္ဂလာပါ သမီး'



www.burmeseclassic.com

www.burmeseclassic.com

'ဆရာ··သမီး ဗေဒင်မေးချင်လို့ပါ'

'ရပါတယ် သမီး၊ နာမည်က'

'အေးမိစံပါ ဆရာ'

'မွေးသက္ကရာဇ်ပြော သမီး'

'အင်္ဂလိပ်လို (၁၈-၁၂-၈၈)ပါ ဆရာ။ မြန်မာလို ကတော့ (၁၃၅၀)ပြည့်နှစ်၊ နတ်တော်လဆန်း (၁၀)ရက်၊ တနင်္ဂနွေ သမီးပါ ဆရာ'


'မွေးချိန်၊ မွေးဒေသ ပြောပါဦး'

'မွန်းလွဲ (၁)နာရီ (၅)မိနစ်၊ ဒလမြို့မှာ မွေးပါတယ် ဆရာ'

'ရပြီ၊ ဆရာ ဇာတာဖွဲ့လိုက်ဦးမယ်နော်'

'ဟုတ် ဆရာ'

ထိုသို့ အချီအချ အပြန်အလှန် မေးမြန်းပြောဆိုကြပြီး ပေးထားတဲ့ အချက်အလက်များ ဖြည့်စွက်ကာ စာရေးသူ ဇာတာဖွဲ့လိုက်ပါသည်။




မိန်လဂ်၊ မကာရ နဝင်း။ မိန်စန်း၊ ဝဂ္ဂုတ္တမ နဝင်း။ တနင်္ဂနွေ ဥစ်နဝင်း၊ စနေ နိစ်နဝင်း၊ ရာဟုက ကုမ်ရာသီ၊ ကိတ်က သိဟ်ရာသီ၊ ဝဂ္ဂုတ္တမ နဝင်း။ (၈-၈-၂၀၁၆)မှ (၈-၈-၂၀၂၂)ထိ တနင်္ဂနွေထူလဒသာ။

ဤသို့ စဉ်းစားရင်းပင်-

'ကဲ··သမီး ပြော၊ ဘာကို အဓိကသိချင်တာလဲ'လို့ လှမ်းမေးလိုက်ပါသည်။

'ဟုတ် ဆရာ၊ သမီး သိချင်တာက အဓိက အိမ်ထောင်ရေးပါ။ ဘယ်တော့ အိမ်ထောင်ကျမလဲ။ အိမ်ထောင်ရေးက ကောင်း,မကောင်း အဓိက သိချင်ပါတယ် ဆရာ'

(၁၈-၁၂-၁၉၈၈)မွေးဆိုတော့ လာမည့် (၁၈-၁၂-၂၀၁၆)ဆို အသက်(၂၈)နှစ် ပြည့်တော့မည်။ ခေတ်အနေဖြင့် ကြည့်လျှင် အိမ်ထောင်ကျပြီးနေလောက်ပြီဟု စာရေးသူ ထင်မှတ်ထားခဲ့၏။ မေးခွန်းအနေအထားအရ အိမ်ထောင်မကျသေးတဲ့ အပျိုဟိုင်းတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသောအခါ အပျိုကြီးဇာတာလည်း မဟုတ်ပါဘဲ ဘာ့ကြောင့် အိမ်ထောင်မကျသေးတာလဲလို့ စိတ်ဝင်တစား တွေးနေမိပါသည်။

အိမ်ထောင်ရေးဘာဝကို ပါပဂြိုဟ်ရှိ သင့်သလားလို့ (၇)တန့် ကန်ရာသီကို လှမ်းကြည့်ပြန်တော့လည်း (၇)တန့် ပထနီဘာဝကို ပါပဂြိုဟ်ရှိသင့်ခြင်း မရှိပါ။ အပျိုကြီးဇာတာလည်း မဟုတ်၊ ပါပဂြိုဟ်ရှိလည်း မသင့်။ ခုထိ အိမ်ထောင်လည်း မကျသေး။ ဘာ့ကြောင့်ပါလဲ။

အိမ်ထောင်ရေးဘာဝကို အားနည်းစေတဲ့ အကြောင်းများ ရှိသလားလို့ ဇာတာခွင်ရှိ (၇)တန့် ပထနီဘာဝကို စစ်ဆေးကြည့်ပါသည်။ (၁၁)တန့်၊ (၁၂)တန့်သခင် စနေသည် (၁၀)တန့် ကမ္မဘာဝ၌ ရပ်တည်ကာ ကန်ရာသီ (ပထနီဘာဝ)ကို (၁၀)တန့် အထူးမြင်ဖြင့် လှမ်းမြင်ထား



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ထို့အပြင် လဂ်နှင့်ပူးနေတဲ့ (၂)တန့်၊ (၉)တန့်သခင် အင်္ဂါဂြိုဟ်ကလည်း ကန်ရာသီ(ပထနီဘာဝ)ကို (၇)တန့် အားကောင်းကောင်းနှင့် လှမ်းမြင်ထားပါသည်။ အင်္ဂါ၊ စနေ ပါပဂြိုဟ်နှစ်လုံးက အိမ်ထောင်ရေးဆိုင်ရာ ပထနီဘာဝကို လှမ်းမြင်ထားလေတော့ အိမ်ထောင်ကျဖို့အရေး နှောင့်နှေးနေမှာ သေချာ၏။ သို့သော် အပျိုကြီးဇာတာ မဟုတ်၍ အိမ်ထောင်ကတော့ ကျကိုကျမည်။ ဘယ်တော့ ကျမလဲ။

ဒသာကာလကို ကြည့်ပြန်တော့ (၈-၈-၂၀၁၆)အထိ သောကြာထူလဒသာ စားနေခဲ့၏။ သဟာဇဘာဝနှင့် မရဏ ဘာဝသခင်ဂြိုဟ် ဖြစ်နေ၍ အိမ်ထောင်မကျနိုင်ခဲ့ပါ။ အခု လက်ရှိကာလတော့ (၈-၈-၂၀၁၆)ကပင် (၈-၈-၂၀၂၂) အထိ ခြောက်နှစ်တာ ကာလမှာ တနင်္ဂနွေထူလဒသာ စားနေပါသည်။ အာရီဘာဝသခင်မို့ အတိုက်အခံ အနှောင့် အယှက် များနေပေဦးမည်။

မူလစနေက (၁၀)တန့် အထူးမြင်ထားသလို ကောဇာ စနေကလည်း (၁၀)တန့် အထူးမြင်နေပေမည်။ ကောဇာစနေသည် (၂၆-၁-၂၀၁၇)မှစပြီး မကရာသီသို့ ရောက် ရှိပေမည်။ မကရာသီ၌ (၂)နှစ် (၆)လတိုင်အောင် ရပ် တည်နေမည်။ ထိုကာလတွင် ဇာတာရှင်၏ အိမ်ထောင် ရေးဆိုင်ရာ ပထနီဘာဝဖြစ်တဲ့ ကန်ရာသီအား (၁၀)တန့် အထူးမြင်နေမည်။

မူလ၊ ကောဇာ နှစ်ဖြာသော စနေတို့ အထူးမြင် ထားသောကြောင့် အိမ်ထောင်ကျရန် မလွယ်ကူသေးပေ။ သို့သော် အိမ်ထောင်ရေးကို တွေးတွေးပြီး ရင်လေးနေ တတ်ပေသည်။ ဒီလိုပုံနှင့် မိုးကြီးချုပ်လျှင် ဘယ်လိုလုပ်ပါ့ မလဲဆိုပြီး ဘဝနောင်ရေး တွေးတောပူပန်မှု များနေပေ မည်။

ကူညီမည့်သူ၊ မ,စမည့်နတ် မရှိနိုင်ဘူးလားလို့ ဗေ ဒင်ပညာဖြင့် ရှာဖွေကြည့်လိုက်သောအခါ -

(၁၂-၈-၂၀၁၆)တွင် ကောဇာကြာသပတေးဂြိုဟ် သည် ကန်ရာသီသို့ ရောက်၏။ (၁၁-၉-၂၀၁၇)အထိ ကန်ရာသီတွင် ရှိနေမည်။ ကန်ရာသီသည် ဇာတာရှင်၏ အိမ်ထောင်ရေးဆိုင်ရာ ပထနီဘာဝပင် ဖြစ်ပါသည်။ ကြာ သပတေးဂြိုဟ်သည် ဇာတာရှင်၏ လဂ်သခင်ဂြိုဟ်လည်း ဖြစ်ပါသည်။ ထို့အပြင် ကမ္မဘာဝသခင်လည်း ဖြစ်ပါ သည်။

ရပ်တည်တဲ့အခါ ဖွဲ့၊ လုံ့လ၊ ဝီရိယဆိုင်ရာ သဟာဇ ဘာဝ(ပြိဿရာသီ)၌ ရပ်တည်၏။ ထို့ကြောင့် မူလ ကြာသပတေး(လဂ်သခင်)က အိမ်ထောင်ရေးဆိုင်ရာ ပထနီဘာဝ ကန်ရာသီအား (၅)တန့်အမြင်ဖြင့် ထာဝရ အထူးမြင်နေပါသည်။ (၁၁)တန့် လာဘဘာဝကို (၉) တန့်အမြင်ဖြင့် မြင်ထား၏။ (၉)တန့်ကို (၇)တန့် မြင် ထားပါသည်။

ကောဇာကြာသပတေးက ပြိဿရာသီတွင် ရပ်တည် နေတဲ့ မူလကြာသပတေးကို ကိုးတန့်လှမ်း မြင်သလို မူလကြာသပတေးကလည်း ကောဇာကြာသပတေးအား (၅)တန့် လှမ်းမြင်ပါသည်။ ကောဇာနှင့် မူလ အပြန် အလှန် လှမ်းမြင်နေကြ၏။ လှမ်းမြင်နေသော ဘာဝသည် အိမ်ထောင်ရေးဆိုင်ရာ ပထနီဘာဝပင် ဖြစ်ပါသည်။

ထိုဂြိုဟ်သည် ဘဝရည်ရွယ်ချက် ရည်မှန်းချက်ဆိုင် ရာ တနုဘာဝသခင်ဂြိုဟ်လည်း ဖြစ်နေပါသည်။ ထို့ ကြောင့် ဘဝရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင် နိုင်ခြေ ရှိပါသည်။ အောင်မြင်ရမည့် ကာလဟု ဆိုရပေ မည်။ အိမ်ထောင်ပြုရန် ရည်ရွယ်ထားပါက ပြုဖြစ်သွား မည်။ မရည်ရွယ်လျှင် ပြုဖြစ်ဖို့ သိပ်မသေချာပါ။

သို့သော် ဂြိုဟ်တို့ တာဝန်နှင့် လုပ်ပိုင်ခွင့်အရဆို လျှင် ပထနီဘာဝတွင် ရောက်ရှိနေတဲ့ ကောဇာ ကြာသပ တေးဂြိုဟ်က ဇာတာရှင် အိမ်ထောင်ပြုချင်လာအောင်၊ အခွင့်အလမ်းကောင်းများ ပေါ်ပေါက်ရောက်ရှိလာအောင်၊ တကယ့်တကယ် အိမ်ထောင်ပြုဖြစ်အောင် တာဝန်ယူကာ အကျိုးဆောင်ပေးလာလိမ့်မည်။ ချစ်သူမရှိက ချစ်သူရှိလာ အောင်၊ ပိုက်ဆံမရှိက ရှိလာအောင် ကူညီပေးလိမ့်မည်။

နှောက်ယှက်နေတာက စနေ၊ အင်္ဂါပါပဂြိုဟ် နှစ် လုံး၊ ကူညီနေတာက မူလနှင့် ကောဇာ ကြာသပတေး ဂြိုဟ်နှစ်လုံး၊ အင်္ဂါ၊ စနေက ပထနီဘာဝကိုပဲ မြင်နေ၊ နှောင့်ယှက်နေပြီး လဂ်ကို မမြင်၊ မနှောင့်ယှက်နိုင်။ ကြာသပတေးက ပထနီဘာဝကိုလည်းမြင်၊ လဂ်ကိုလည်း မြင်။ အိမ်ထောင်ရေးတွက်လည်း ကူညီ၊ ကိုယ်ရေးကိုယ် တာ ရည်ရွယ်ချက်အတွက်လည်းပဲ ကူညီနေပါသည်။

လိုတိုရှင်းပြောပါက ကြာသပတေးဂြိုဟ်၏ ကူညီ



www.burmeseclassic.com

www.burmeseclassic.com

ရှုက အားကောင်းပြီး အင်္ဂါ၊ စနေတို့၏ နှောင့်ယှက်မှုက အားနည်းပါသည်။ မီးများ မီးနိုင်၊ ရေများ ရေနိုင် နိယာမ အရ မီးအားနည်းပြီး ရေအားကောင်းပါသည်။ ထို့ကြောင့် (၁၂-၈-၂၀၁၆)မှ (၁၁-၉-၂၀၁၇)အထိ တစ်နှစ်တာ ကာလ၌ ဇာတာရှင် အိမ်ထောင်ကျနိုင်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက် ဖြစ်သည့်အား လျော်စွာ ဝါတွင်းကာလကို ဖယ်ရှားလိုက်ပါက (၁၃၇၈) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက် (၁၇-၁၀-၂၀၁၆)မှ (၁၃၇၉)ခုနှစ်၊ ဝါမဆိုခင်ထိ (၂၀၁၇-ခုနှစ်၊ ဇွန်လကုန် ဇူလိုင်လဆန်းပိုင်းထိ) ကာလအတွင်းမှာ အိမ်ထောင်ကျနိုင်ပါသည်။ ထိုသို့ စိစစ်တွက်ချက်ပြီး ထိုအမြင် အတိုင်းပင် ဒေါ်မိစံအား ဟောလိုက်ပါသည်။

'ဒီနှစ် (၂၀၁၆-၁၇)ခုနှစ်မှာ သမီး အိမ်ထောင်ကျတတ်ပါတယ်'

'ဟုတ်··ဆရာ၊ အိမ်ထောင်ရေးကံ ကောင်းပါလား ဆရာ'

'အိမ်ထောင်ရေးဘာဝကို ပါပကဗ္ဗရိသင့်ထားခြင်း မရှိတာရယ်၊ အိမ်ထောင်ရေးဘာဝသခင် ဗုဒ္ဓဟူးဂြိုဟ်ကို ဝါပဂြိုဟ်အမြင်လည်း မရှိတာရယ်ကြောင့် အညံ့အဆိုးက လွတ်ပါတယ်'

'ဒါဆို ကောင်းတာပေါ့နော် ဆရာ'

'အင်း··ခုနက ပြောခဲ့သလို အင်္ဂါ၊ စနေ ပါပဂြိုဟ်တွေက အိမ်ထောင်ရေးဘာဝကို လှမ်းမြင်ထားတာတော့ ရှိတာပေါ့။ ဒါပေမယ့် ကြာသပတေးဂြိုဟ်အမြင်လည်း ရှိတာပဲလေ။ အကောင်းဘက် ဦးတည်မှာပါ'

'ဟုတ်··ဆရာ'

'ဆရာ့အယူအဆကို ပြောရင် အင်္ဂါအမြင်ကြောင့် စုဌေပမာဏနှင့် ဂုဏ်သိက္ခာပိုင်းကို အစိက ဦးတည်လွန်း နေလို့ အိမ်ထောင်မကျနိုင်တာ ထင်ပါတယ်။ ဟုတ် မလားတော့မသိ'

'ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ် ဆရာ။ စုဌေမရှိရင် အရာရာ ဒုက္ခရောက်သွားနိုင်သလို ဂုဏ် သိက္ခာ အားနည်းရင်လည်း··'

'အဲဒီ အယူအဆ၊ အဲဒီစိတ်လေးကို လျှော့နိုင် သလောက် လျှော့ချလိုက်ပါ'

'ဟုတ် ဆရာ'

'ကောင်းပြီ၊ ဆရာ ဆက်ဟောဦးမယ်နော်။ အသေ အချာ မှတ်ထားပါ'

'ဟုတ် ဆရာ'

'အိမ်ထောင်ဖက်ဖြစ်လာမယ့် ချစ်သူအင်္ဂါရပ် (တစ်) သမီးထက် အသက်ကြီးရမယ်။ ခပ်များများကြီးတာကို ပြောတာနော်။ အနည်းဆုံး ငါးနှစ်ကြီးလိမ့်မယ်။ ဦးနှင့် သမီး ဇာတာလို့ အလွယ်မှတ်ထားပါ သမီး'

'ဟုတ် ဆရာ'

'မိမိနှင့် လုပ်ငန်းတူ၊ လုပ်ငန်း ဆက်စပ်သူ ဖြစ်လိမ့် မယ်။ သို့မဟုတ် ရေကြောင်းခရီး၊ ရေထွက်ပစ္စည်း၊ သင်္ဘောသား တစ်ခုခု ဆက်စပ်လုပ်ကိုင်သူ ဖြစ်မယ်။ မွေးရပ်မတူတဲ့ တစ်နယ်တစ်ကျေးသား ဖြစ်တတ်ပါတယ်။ ဒီအင်္ဂါရပ်တွေနှင့် အားလုံးမဟုတ်တောင် အတော်အသင့် ပြည့်စုံရင်တော့ အိမ်ထောင်ရေးကံ ကောင်းပါတယ်'

'ဟုတ် ဆရာ'

'တကယ်လို့ အခု ဆရာဟောတဲ့ ကာလမှာ အိမ် ထောင်မကျခဲ့ဘူးဆိုရင်··'

'ဟုတ်၊ ပြောပါ ဆရာ'

'ဒသာအရ တနင်္ဂနွေ ထူလ၊ ဗုဒ္ဓဟူး အန္တရဒသာ စားတဲ့ (၂၅-၅-၂၀၂၀)မှ (၂-၄-၂၀၂၁)အတွင်း အိမ် ထောင်ကျလိမ့်မယ်။ အဲဒီအခါ လဂ်သခင် ကြာသပတေး ဟာ မကာရရာသီမှာ နိစ်ခံနေပြီး ကန်ရာသီကို (၉)တန့် အမြင်နဲ့ လှမ်းမြင်နေတာကြောင့် မိမိက အနစ်နာခံရတတ် ပါတယ်။ အဲဒါကြောင့် ဆရာ့အမြင်ပြောရင် (၂၀၁၆-၁၇)ခုနှစ်မှာ အိမ်ထောင်ပြုဖြစ်ရင် ပိုကောင်းပါတယ်'

'ဟုတ် ဆရာ၊ ဘယ်ကာလ အကောင်းဆုံးဖြစ်မလဲ ဆရာ'

'ဆရာ့အမြင် ပြောရရင် (၂၀၁၆-၁၇)ခုနှစ်မှာကျရင် အကောင်းဆုံးပါ။ မူလစနေနှင့် ဂောစာရစနေတို့ အိမ် ထောင်ရေးဘာဝကို (၁၀)တန့် လှမ်းမြင်ခံရတာကလွဲလို့ ကြီးမားတဲ့ပြဿနာ မရှိဘူး။ စနေကို စနေစီးတဲ့ ဆိုးကျိုး ကတော့ ရှိမှာပေါ့။ အိမ်ထောင်ရေးကို မထိခိုက်နိုင်ပါဘူး'

'ဟုတ် ဆရာ'

'ကဲ··အရေးကြီးတာ တစ်ခုပြောဦးမယ်'

'ဟုတ်၊ ပြောပါ ဆရာ'

'သမီး အိမ်ထောင်ပြု နောက်ကျနေခြင်းရဲ့ အကြောင်း

www.burmeseclassic.com

ရင်းလည်း ဖြစ်နိုင်သလို အိမ်ထောင်ရေး ထိခိုက်စေနိုင်တဲ့ အကြောင်းရင်းလည်း ဖြစ်တဲ့အရာ တစ်ခုက သမီးဇာတာမှာ လက်နှင့် စန်း မူးပြီး အဲဒီမှာ အင်္ဂါလည်း လာပူးနေတာပါပဲ'

'အဲဒါဆိုရင်'

'အဲဒါဆိုရင် မျက်နှာများတတ်တယ်လို့ ဗေဒင်ကျမ်းက ဆိုတယ် သမီး။ အဲဒါကို ရှောင်ရမယ်။ မျက်နှာများလို့၊ တစ်နည်းပြောရင် ရွေးချယ်မှုများလို့ လွဲနေတတ်သလို အိမ်ထောင်ကျပြီးနောက်လည်း ပြဿနာတက်လာတတ်ပါတယ်'

'ဟုတ် ဆရာ'

'မျက်နှာများတတ်တဲ့ အလေ့ကို ဆင်ခြင်တုံတရား သတိကလေးထားပြီး လက်ရှိပေးထားတဲ့ အခွင့်အလမ်းကို လက်မလွှတ်စေဘဲ လသာတုန်း ဗိုင်းငင်ကာ လောကကို အလှဆင်သင့်တယ်။ အလှဆင်ပါလို့ ဆရာ တိုက်တွန်းပါရစေ ''

'ဟုတ်ကဲ့ပါ ဆရာ'

ဗေဒင်ဟောပြောခြင်း ပြီးဆုံးသွားတော့မှ စာရေးသူတစ်ယောက်တည်း တွေးလက်စကို ဤသို့ ပြန်တွေးနေမိပါသည်။

မင်းတို့ထွက် ရက်ရာဇာ ဆိုပြီး ဗေဒင်ဆရာနှင့် ဗေဒင်ပညာကို လျစ်လျူရှုခဲ့လျှင် ယခုနှစ်တွင် အိမ်ထောင်ကျကိန်း ရှိသည်ကို အေးမိစံ တစ်ယောက် သိမြင်နိုင်ပါအံ့လော။

မသိမြင်နိုင်လျှင် ဘဝနှင့် ကံဇာတာ လွဲနေပေဦးမည်။ ဘဝနှင့်ကံဇာတာ လွဲနေသမျှတော့ ဘဝနှင့်ဆန္ဒလည်း ထပ်တူကျနိုင်လိမ့်မည် မဟုတ်ပေ။

**ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ**

**ဆရာကံထူး(ဝေဒသုတေသီ)**

**ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၉၉**

**၀၉ ၇၇၂ ၁၅၀ ၅၇၉**

*(မှတ်ချက်-ကာယကံရှင်ဆန္ဒအရ နာမည်နှင့် နေရပ်လိပ်စာများ လွှဲထားပါသည်။)*


နယ်လှည့်သာသနာပြု ဖိုးမေ့သိဒ္ဓိ၏တပည့်

**ဆရာမပွင့်သစ္စာထင် (Eco.)**

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင် ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

**သိုအစ်ပါသ ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်၊**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉ ၄၂၈ ၃၁၇၂၉၉

www.burmeseclassic.com

# (၂၀၁၇)ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို **အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော** ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ **အတိတ်ကံကောက်ကြောင်းပန်းချီကို** ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နုကြွရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြစ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ံ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ံ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ
ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ်၊ ဧပြီလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ငွေကြေးနည်းနည်း စုမိသည့်ကလွဲလို့ မထူးခြားနိုင်သေးပါ။ အလုပ်အကိုင်လည်း သိပ်ပြီးတော့ အဆင်မပြေနိုင်ပါ။ သားသမီး၊ လက်အောက်ငယ်သား တစ်ဦးဦး ဆေးရုံ၊ ဆေးခန်း ရောက်၍ အလုပ်ရှုပ်နေမည်။ ဝန်ထမ်းဖြစ်ပါက အလုပ်တွင် မျက်နှာငယ်ရတတ်၏။ သင်တန်းပညာတစ်ခုခု သင်ယူရလိမ့်မမည်။ အဖေ၊ အဖေနှင့်တူသောသူထံမှ အကူအညီရအံ့။ အစာအိမ် လေရောဂါ ခံစားရတတ်၍ အပူအစပ်နှင့် လေစာများကို ရှောင်စားပါ။ လက်ထပ်ခါနီးမှ နောက်ဆုတ်သွားရတတ်၏။ ဂုဏ်သိက္ခာကို ရှေ့တန်းတင်မနေဘဲ တာဝန်ကိုသာ အဓိကလုပ်ဆောင်ပါ။ မိမိရဲ့ ရန်သူအကြောင်းကို ပြောဆိုကြရင်း အိမ်ထောင်ဖက်နှင့် စကားများရတတ်ပါသည်။ နိုင်ငံခြားမှ အလုပ်ကုန်တင်သွင်းသူများ လခွဲအတွင်းမှာ သိပ်အဆင်မပြေချင်ပါ။ (၁၆)ရက်နေ့နောက်ပိုင်းမှ အဆင်ပြေသွားမည်။ ဆရာသမား နည်းစနစ်လွဲမှားမှုကြောင့် အတတ်ပညာ၊ အသိပညာဆိုင်ရာ အခွင့်အနေများ ညှိနေမည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်ဉာဏ်များလည်း မသိမသာ အားနည်းနေတတ်၏။ ကျက်ပြီးရ၊ ရပြီးမေ့ ဖြစ်နေတတ်ပါသည်။ (၇၊ ၈၊ ၉)နှင့် (၁၉၊ ၂၀)ရက်များကိုဆောင်၊ (၂၄၊ ၂၅)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၂၊ ၃၊ ၇၊ ၈၊ ၀)ပါ။

**ယတြာ** - ဗုဒ္ဓါ ဂုဏ်တော်ကို မွေးနေ့တိုင်း ပုတီးကိုးပတ်စိပ်ပေးပါ။ အဆင်ပြေလာလိမ့်မည်။

## ပြိဿလဂ် (Taurus)



(၁၅)ရက်နောက်ပိုင်း ကျန်းမာရေးအခြေအနေ ကောင်းမွန်လာမည်။ အစားအသောက်၊ အနေအထိုင် အစစရာရာ စည်းကမ်းရှိလာမည်။ ဆရာကောင်း သမားကောင်း နည်းကောင်းလမ်းမှန် တွေ့ရတတ်၏။ ငွေကြေးရလိုမှုနှင့် ဝင်ငွေပမာဏ မညီမျှနိုင်။ ပညာရေး၊ အချစ်ရေးများ အဆင်ပြေမလိုလိုနှင့် မပြေဘဲ ဝေးသွားရတတ်ပါသည်။ အလုပ်အကိုင် ကောင်းလိုက်၊ မကောင်းလိုက် ဖြစ်နေတတ်၏။ လက်ထပ်မည့်ဆဲဆဲ ကြိုဟ်ဝင်တတ်၏။ သတိထားပါ။ အိမ်ထောင်ရှင်ဆိုပါက အိမ်ထောင်ရေး မသာယာနိုင်ပါ။ ခက်ခက်ခဲခဲ ကြိုးစားပြီးမှ ရည်ရွယ်ချက်များ အောင်မြင်မည်။ မထင်မှတ်ဘဲ အလုပ်အကိုင် ရပ်တန့်သွားတတ်၏။ ကြွေးမြီလည်း တင်သွားတတ်ပါသည်။ ရသင့်ရထိုက်သည်များ မရနိုင်ပါ။ အိမ်အို အိမ်ဟောင်းသို့ ပြောင်းရွှေ့ရတတ်၏။ အကြင်နာသံယောဇဉ်များ ထားချင်စိတ် အရှိန်မကုန်နိုင်သေးဘဲ တဝဲလည်လည် ရှိနေတတ်၏။ မိမိအလုပ်၊ မိမိပညာရပ်အပေါ် စိတ်မဝင်စား ဖြစ်နေတတ်ပါသည်။ သားရေး သမီးရေး တွေးပူနေရမည်။ (၁၀၊ ၁၁)နှင့် (၂၂၊ ၂၃)ရက်များကိုဆောင်၊ (၁၄၊ ၁၅၊ ၁၆)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၈၊ ၆၊ ၀၊ ၉)ပါ။

**ယတြာ** - ပိန္နဲသီး နိုင်သလောက်ဝယ်ပြီး မွေးနေ့တွင် သွန်သင်ဆုံးမခံရ ဘုန်းသာမဏေအား လှူလိုက်ပါ။ အညံ့အဆိုးများ ကင်းစင်သွားလိမ့်မည်။

## မေထုန်လဂ် (Gemini)

အလုပ်အကိုင်ကလည်း ထင်သလောက်မဖြစ်၊ ရစရာ



ရှိတာလည်း မရ၊ အတော့်ကို ကျပ်တည်းနေမည်။ စိတ်ထောင်းတော့ ကိုယ်ကြေ နေထိုင်မကောင်းလည်း ဖြစ်လာတတ်ပါသည်။ ပညာရေးလည်း စိတ်မဝင်စားချင်၊ အိမ်ထောင်ရေးကလည်း အဆင်ပြေလိုက် မပြေလိုက်နှင့် လောကဓံပြင်းထန်နေတဲ့ ကာလပါပဲ။ အိမ်ဝယ်လိုက ဝယ်ဖြစ်သွားမည်။ သို့သော် စိတ်တိုင်းမကျနိုင်ပါ။ ဝန်ထမ်းဆိုပါက ရာထူးတိုးမည်။ စပါးလှောင်ပါက ကြိုက်ဈေး မရ၊ အရှုံးပြလိမ့်မည်။ အလှပြင်အလှဆင်သူများ ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းဆင်းရဲစွာဖြင့် အောင်မြင်နေမည်။ အချစ်ရေး အဆင်ပြေနေမည်။ သို့သော် စိတ်တိုင်းမကျနိုင်ပါ။ ငွေကြေး အဆင်ပြေမလိုနှင့် မပြေချင်။ ပေးစရာရှိသူများက နေ့ရွှေ့ ညရွှေ့ လုပ်နေတတ်၏။ သရုပ်ဆောင် အနုပညာရှင်များ မိမိကိုယ်တိုင် စိတ်တိုင်းမကျခဲ့သော်လည်း အမြင့်ဆုံး အောင်မြင်နေမည်။ ရွှေဆိုင်၊ ရွှေလုပ်သားများ အောင်မြင်ခါနီးမှ မအောင်မြင်ဘဲ ပျက်ကျသွားတတ်၏။ (၁၂၊ ၁၃)နှင့် (၂၂)ရက်များကိုဆောင်၊ (၁၉၊ ၂၀)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများတော့ (၄၊ ၁၊ ၆၊ ၅၊ ၈)ပါ။

**ယတြာ** - သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ဖတ် ပူဇော်ပါ။ အညံ့အဆိုးများ ကင်းစင်သွားလိမ့်မည်။

## ကရကဋ်လဂ် (Cancer)



ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းများနှင့် စကားများပြီး နာမည်ပျက်ရတတ်၏။ ဆင်ခြင်တုံတရားဖြင့် နေထိုင်ပြောဆိုပါ။ အိမ်ထောင်ဖက်ရဲ့ အကြွေးကိစ္စကြောင့် ခိုက်ရန်စကားများရတတ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းကို ကိုယ်တိုင်လုပ်ခြင်းဖြင့် အကျိုးထူးခံစားရမည်။ ဖက်စပ်ဆိုလျှင် အကျိုးအမြတ် မရရှိတဲ့ပြင် ပြဿနာဖြစ်တတ်ပါသည်။ စက်ဆရာမ၊ ကျောင်းဆရာမ၊ ဆေးဆိုင်များ အလုပ်ရော ဝင်ငွေပါ အထူးကောင်းမည်။ နည်းစနစ်ကောင်း၊ ဆရာကောင်း တွေ့ပြီး စာမေးပွဲအောင်သွားမည်။ အချစ်ရေးမှာ အချစ်ဟာ ပန်းသီးဟု ထင်မှတ်နေရလောက်အောင် အဆင့်မြေပြနေမည်။ ပညာသင်ရှင်းအလုပ်လုပ်နေသူများ အဓိုးအဆင်ပြေ အောင်မြင်နေမည်။



www.burmeseclassic.com

www.burmeseclassic.com

ညာဘက်မျက်စိကို တိမ်ဖုံးတတ်၏။ အိမ်ထောင်ရှင်များ တကျက်ကျက် ဖြစ်နေလိမ့်မည်။ အိမ်ထောင်ပြုလိုသူများ ပြုဖြစ်ဖို့ မလွယ်ပါ။ ဆန်ပွဲရုံများ၊ ဆန်ကုန်သည်များ အရောင်းသွက်ပြီး အထူးမြတ်စွန်းမည်။ သစ်လုပ်ငန်းရှင်များ၊ အလှကုန် ရောင်းဝယ်သူများ အရင်းအနှီး မတိုးမြှင့်သင့်ပါ။ (၁၄၊ ၁၅၊ ၁၆)ရက်များကိုဆောင်၊ (၂၂၊ ၂၃)ရက်များကိုရှောင်။ လိုရာသုံး အကျိုး ပေးဂဏန်းများကတော့ (၃၊ ၁၊ ၂၊ ၆၊ ၅)ပါ။

ယတြာ - ပန်းသစ်တော် (သို့မဟုတ်) နာနတ်သီးကို စနေထောင့် ဗြိုဟ်တိုင်ဘုရားတွင် ကပ်လှူပါ။

## သိဟ်လဂ် (Leo)



သိက္ခာရှိရှိဖြင့် ဘဝမြင့်မားနေမည်။ ရာထူးတိုးပြီး ဩဇာအာဏာ မြင့်မားနေမည်။ အချစ်ရေး၊ ပညာရေးက သိပ်မထူးခြားသေးပါ။ လုပ်ငန်းအောင်မြင်နေပေမယ့် ငွေကတော့ ခက်ခဲနေဦးမည်။ အိမ်ထောင်ရေး ပြိုကွဲချင်လောက်အောင် စိတ်ဆင်းရဲနေရမည်။ စာရိတ္တသီလခေါ် သူ့အပေါ် ပြုပေးနေကျ ဝတ္တရားကို မပျက်စေသင့်ပါ။ သင့်တွက် အကြင်နာလက်ဆောင်ကောင်းများ ဆက်တိုက်ဝင်လာလိမ့်မည်။ ဝင်ငွေလာဘ်လာဘနှင့် လက်ဆောင်ပစ္စည်းကတော့ (၁၊ ၂) (သို့မဟုတ်) (၂၈၊ ၂၉) ရက်များတွင် ဝင်လာလိမ့်မည်။ ဘဝနောင်ရေး တွေးတောပူပန်မနေပါနှင့်။ ပစ္စုပ္ပန်ကိုပဲ အမိအရဆုပ်ကိုင်ပါ။ ပဲတောင်သူများ ပဲကို လှောင်မထားသင့်ပါ။ လှောင်ထားလျှင် အရှုံးနှင့် ရင်ဆိုင်ရတတ်၏။ လယ်တောင်သူများ စပါးရောင်းခြင်းထက် ဆန်အဖြစ် ကြိတ်ရောင်းလျှင် ပို၍ အမြတ်ရနိုင်ပါသည်။ ကျန်းမာရေးကို အထူးဂရုစိုက်ပေးပါ။ ရည် [illegible]ကြီးမားတဲ့ စီမံကိန်းကြီးများ ဤလတွင် မရေးဆွဲသင့်၊ မရေးဆွဲပါနှင့်။ (၁၆)ရက်နောက်ပိုင်းတွင် သင် ကံကောင်းလာလိမ့်မည်။ (၁၇၊ ၁၈၊ ၂၆၊ ၂၇)ရက်များကိုဆောင်၊ (၂၄၊ ၂၅)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၁၊ ၃၊ ၄၊ ၇၊ ၈)ပါ။

ယတြာ - မွေးနေ့တွင် ပိတောက်တစ်ခက်၊ ပိန်းတစ်ရွက် ရောစည်းပြီး မွေးနံထောင့်မှာ လှူပါလေ။ အညံ့အဆိုးများ ကင်းစင်ပြီး အောင်မြင်သွားလိမ့်မည်။


## ကန်လဂ် (Virgo)



ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ကသိကအောက်ဖြစ်ပြီး ဘဝက နောက်ပြန်သွားနေရတတ်၏။ ကျန်းမာရေးလည်း နည်းနည်းသတိထားပါ။ အလုပ်အကိုင် ရပ်တန့်သွားတတ်၏။ အချစ်ရေး၊ ငွေကြေး၊ ပညာရေးလည်း ထင်တိုင်း ဖြစ်မလာနိုင်ပါ။ အိမ်ထောင်ရေးမှာ နောက်ဆုံးပဲဆိုတဲ့ စကားမျိုး ပြောဆိုရတတ်၏။ သို့သော် အခြေအနေအရ ခွေးတောက်ရိုး ခါးမှန်းသိလျက် ဟန်ဆောင်ပြုံးကာ မျိုချနေရမည်။ လုပ်စားမိုးခေါင်၊ ခိုးစား ခွေးဟောင် ဆိုသကဲ့သို့ အရာရာမှာ အနှောင့်အယှက် အဟန့်အတားများနှင့် တွေ့နေရတတ်၏။ ရှုပ်ပါတယ်ကွာ၊ ဖြစ်ချင်တာ ဖြစ်ပါစေတော့ဆိုပြီး အားလုံးကို လက်လျှော့လိုစိတ် ပေါက်နေတတ်ပါသည်။ စိတ်ဝင်စားမှု အားနည်းအောင် ကံကြမ္မာလှည့်စားနေခြင်းသာ ဖြစ်၏။ တကယ် လုပ် အဟုတ်ဖြစ်သွားလိမ့်မည်။ ဒုတိယမှ၊ တတိယမှ ဆက်ကြိုးစားလိုက်ပါ။ ကျော်လွှားအောင်မြင်နိုင်လိမ့်မည်။ စာပေ၊ အနုပညာရှင်များ စာပေဟောင်း၊ သီချင်းဟောင်း၊ ဇာတ်ကားဟောင်း၊ ပြန်ဆိုတေး၊ ပြန်လည်ထုတ်ဝေခြင်း များဖြင့် အကျိုးပေးနေမည်။ (၁၉၊ ၂၀၊ ၂၁)ရက်များကို ဆောင်၊ (၇၊ ၈၊ ၉)ရက်များကိုရှောင်။ လိုရာသုံး အကျိုး ပေး ဂဏန်းများကတော့ (၅၊ ၄၊ ၆၊ ၇၊ ၀)ပါ။

ယတြာ - မွေးနံထောင့်တွင် ပိတောက်(၇)ညွန့် လှူဒါန်းပြီး အိမ်ရှိ ဘုရားကို သောက်တော်ရေ ကပ်လှူပါ။ အဆင်ပြေလာလိမ့်မည်။

## တူလဂ် (Libra)



သူများပျော်လို့ မပျော်နိုင်၊ ရည်းစား ပျောက်လို့ မှိုင်နေရမည်။ ပညာမကြိုး စားခဲ့သည်ကို နှမြောလာပြီး နောင်တ ရနေမည်။ ငွေကြေးအား မချစ်တတ် တဲ့ မိမိကိုယ်ကို အပြစ်တင်နေမိတတ်ပါသည်။ အပျော် အပါးထက် အလျော်အစား များနေတတ်သောကြော အပျော်အပါးဟူသမျှ ငါနှင့်မဆိုင်ဟု နှလုံးသွင်းလိုက် သို့မှသာ အလျော်အစား နည်းသွားပေမည်။ (၁၃)ရက် နောက်ပိုင်းတွင် လက်ထပ်မင်္ဂလာ မပြုသင့်ပါ။ ပြုလျှ



www.burmeseclassic.com

www.burmeseclassic.com

များမကြာမီ ခွဲခွာရတတ်ပါသည်။ စည်းရုံးရေးဟူသမျှ ရှောင်ပါ။ မရှောင်လျှင် နောင်တွင် ရတက်မအေးနိုင် ဖြစ်နေလိမ့်မည်။ နေရင်းထိုင်ရင်း အဆင်ပြေချင်ရင်တော့ ခြင်ဆေးခွေ၊ ခြင်ဆေးရည် စတဲ့အဆိပ်ဆေးဝါးများ ရှောင်ပါ။ အထူးအောင်မြင်ပြီး အရမ်းဝင်ငွေကောင်းနေလိမ့်မည်။ မိမိရည်မှန်းချက်များ အတိုက်အခံကြားတွင် ကျဆုံးလုလု ဖြစ်နေတတ်၏။ (၁၆)ရက်ထိ မည်သည့်အတိုက်အခံကိုမှ ပြန်လှန်တိုက်ခိုက်ခြင်း မပြုပါလေနှင့်။ အလိုလို ငြိမ်းအေးပြီး အောင်မြင်လာလိမ့်မည်။ (၃၊ ၄၊ ၂၂၊ ၂၃)ရက်များကိုဆောင်၊ (၂၄၊ ၂၅)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၃၊ ၁၊ ၈၊ ၉)ပါ။

ယတြာ - မိုးပြာတောင်တံဆိပ်ပါတဲ့ သောက်ရေသန့် (၇)ဘူး လှူလိုက်ပါ။ အဆင်ပြေသွားလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



ငွေကြေးကုန်ကျမှု များနေမည်။ အိမ်ထောင်ဖက်နှင့် ကွဲကွာရတတ်၏။ (၁၂)ရက်နေ့ထိ အနှောင့်အယှက် အဟန့်အတား များနေမည်။ သကြန်ကာလမှာ တစ်ယောက်တည်းနေပြီး တစ်စိတ်တည်း မွေးနိုင်မှ အန္တရာယ်ကင်းနိုင်မည်။ သကြန်မှာ ရေပက်ခံထွက်လျှင် ရေကြောင့် မီးလောင်တတ်သည်ကို သတိပြုပါ။ (၁၃)ရက်နောက်ပိုင်းတွင် အိမ်ထောင်ပြုလိုသူများ ပြုဖြစ်သွားမည်။ စုငွေများ တမြည့်မြည့် ကုန်နေတတ်၏။ မေ့တတ်တာက ရောဂါတစ်ခုလို ဖြစ်နေမည်။ ဘယ်သူ ဘာပြောပြော ဖွဲ့မလျှော့ပါနှင့်။ သင်ကိုယ်တိုင်လည်း ဖွဲ့ကောင်းနေမှာ သေချာ၏။ ထို့ကြောင့် အချစ်ရေးလည်း ကံကောင်းနေမည်။ သို့သော် စိတ်တိုင်းကျဖြစ်မည် မထင်ပါ။ ပညာရေးမှာ မှတ်ဉာဏ်အရမ်းအားနည်းနေပြီး ကျက်ပြီးမေ့ ဖြစ်နေတတ်ပါသည်။ အလုပ်အကိုင်ကတော့ ထိပ်ဆုံးရောက်နေမည်။ အကြီးအကဲ၊ လူကြီးသူမ၊ ဖခင်၊ ဖခင်နှင့်တူသူတို့၏ ကူညီမ,စမှုကို ရတတ်ပါသည်။ အိမ်ထောင်ရှင်များ (၁၃)ရက်နေ့နောက်ပိုင်း သွေးထွက်သံယိုဖြစ်သည်ထိ အခင်းဖြစ်လာတတ်၍ မျက်နှာချင်းဆိုင်ပြီး စကားပြောခြင်း ရှောင်ပါ။ အလုပ်အကိုင်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချများတတ်ပါသည်။ အလုပ်ပြောင်းချင်စိတ်လည်း တဖွားဖွားပေါ်နေတတ်၏။ မပြောင်းပါနှင့်။ (၅၊ ၆၊ ၂၄၊ ၂၅) ရက်များကိုဆောင်၊ (၃၊ ၄)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၆၊ ၁၊ ၇၊ ၀)ပါ။

ယတြာ - မေမြို့ပန်း(၅)ပွင့်ကို ကြာသပတေးဂြိုဟ်တိုင် ဘုရားတွင် ကပ်လှူလိုက်ပါ။ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာလိမ့်မည်။


## ဓနုလဂ် (Sagittarius)



သကြန်တွင်းမှာ အထူးသတိထားပါလေ။ နှစ်ဦးစနေ ပြောင်းပြန်မွေလာတတ်၍ ချစ်ဦးစနေ မီးလိုမွေခဲ့သလားလေလို့ အော်ညည်းနေရမည်။ ထိခိုက်ဒဏ်ရာ သွေးထွက်သံယိုလည်း ဖြစ်တတ်ပါသည်။ ကိုယ်တိုင်က စည်းမဲ့ကမ်းမဲ့ဖြစ်နေကာ တွေ့သမျှနှင့် ဆန့်ကျင်ဘက် ဖြစ်နေတတ်၏။ ငွေကြေး ခက်ခဲနေသလို အလုပ်အကိုင်လည်း အဆင်မပြေဖြစ်နေမည်။ ဘဝရည်မှန်းချက်ကို ဘေးဖယ်လို့ လောလောဆယ် သကြန်အတွက်တောင် မလုံလောက်နိုင် ဖြစ်နေမည်။ အများအလယ်မှာ (သို့မဟုတ်)' မိသားစုအလယ်မှာ သိက္ခာကျရတတ်ပါသည်။ အက်ဆီဒင့်ဆန်တဲ့ ထိခိုက်ဒဏ်ရာရတတ်၍ စက်ဘီး၊ ဆိုင်ကယ်၊ ကား စီးနင်းမောင်းနှင်လျှင် အထူးသတိထားပါ။ အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ အလုပ်အကိုင်ကတော့ လုပ်ဖြစ်နေမည်။ ရည်ရွယ်ချက် ရည်မှန်းချက်များကိုလည်း အကောင်အထည်ဖော်ဖြစ်နေမည်။ နောက်ဆုံး အောင်မြင်လိမ့်မည်။ သင့်ဂုဏ်သိက္ခာကို သင်ကိုယ်တိုင် ချမိနေတတ်၏။ မိုက်ရဲသတ္တိ ကိုလျှော့။ လုပ်ရဲသတ္တိကို တိုးပေးပါ။ (၁၇၊ ၁၈၊ ၂၆၊ ၂၇)ရက်များကိုဆောင်၊ (၁၊ ၂)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၄၊ ၉၊ ၆၊ ၂)ပါ။

ယတြာ - ဗုဒ္ဓေါ ဘဂဝါကို သတိရတိုင်း ရွတ်ပေးပါ။ အညှိုးအဆိုးများ ကင်းစင်ပြီး မပြေလည်နိုင်တာ ပြေလည်လာလိမ့်မည်။

## မကာရလဂ် (Capricon)



ကျန်းမာရေးကို ဂရုစိုက်ပါ။ သူများပျော်တိုင်း လိုက်မပျော်ပါနှင့်။ သကြန် ရေကူးမှုအေးဖျားပဲ ပူနေတတ်ပါသည်။ အလွမ်းအဆွေးမာတ်တွေ သိသိသာသာ ပိုနေတတ်၏။ ဘဝကို ပြဇာတ်တစ်ပုဒ်လိုပဲ သူ့အပိုင်း

www.burmeseclassic.com

နှင့်သူ အပိုင်းလိုက် အပိုင်းလိုက် ခွဲခြားထားလိုက်ပါ။ မထားနိုင်က ပူဆွေးသောက များရလိမ့်မည်။ စည်းကမ်းတကျ သင်ယူလေ့လာထား၍ သင့်ပညာရေးကတော့ စိတ်ချရပေလိမ့်မည်။ ငွေကြေးကိစ္စ ပြောရလောက်အောင် မခက်ခဲနိုင်ပါ။ သားသမီးအရေး တွေးပူနေရတတ်ပါသည်။ အလုပ်အကိုင်ကတော့ (၁၆)ရက်နောက်ပိုင်းမှ ကောင်းစွာလည်ပတ်မည်။ အိမ်ထောင်ရေးပြဿနာ မရှိနိုင်ပါ။ ချစ်သူမရှိလျှင် (၁၊ ၂၊ ၂၈၊ ၂၉)ရက်များတွင် ရှာပါ။ တွေ့ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် စိတ်မညစ်ဘဲ ကြိုးစားပါ။ အလုပ်ကရတဲ့ ဂုဏ်သိက္ခာများ၊ အာဏာ၊ ပါဝါ၊ လုပ်ပိုင်ခွင့်များ တိုးတက်လာလိမ့်မည်။ ရည်မှန်းချက်များ လွဲချော်နေတတ်၏။ ပထမပတ်ကျော်လျှင် သင်စည်းကမ်းပျက်နေတတ်ပါသည်။ မပျက်အောင် ထိန်းသိမ်းပါ။ သို့မှသာ ရသင့်တဲ့ အခွင့်အရေးများ ရပေမည်။ (၁၀၊ ၁၁၊ ၁၂)ရက်များကိုဆောင်၊ (၃၊ ၄)နှင့် (၇၊ ၈)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းကတော့ (၅၊ ၃၊ ၁၊ ၂၊ ၄)ပါ။

**ယတြာ** - ဘူးသီးဟင်းရည်ချိုချက်ပြီး ရဟန်းသံဃာအား ဆွမ်းလောင်းပါ။

## ကုမ်လဂ် (Aquarius)



နေအိမ်ကိစ္စ အဆင်မပြေ၍ စိတ်ပူနေရမည်။ မိမိအား ဂုဏ်သိက္ခာကျအောင် ကြံစည်နေသူ အနားတွင် ရှိနေတတ်၏။ နေရင်းထိုင်ရင်း အကြွေးတင်သွားတတ်၏။ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် အပြောအဆို ဆင်ခြင်ပါ။ ပူးပေါင်းလုပ်ဆောင်ရမည့် အလုပ်များ ကောင်းကျိုးမပေးနိုင်ပါ။ အိမ်ထောင်ရေး ဖောက်ပြန်မှု၊ စပ်စွဲခံရမှု၊ ဆုံးဖြတ်ချက်မှားယွင်းမှု တစ်ခုမဟုတ်တ... ပြဿနာတက်လာတတ်၏။ မှတ်ဉာဏ်များ အားနည်းကာ ကျက်ပြီးမေ့ ဖြစ်နေတတ်၏။ အကြွေးများလည်း တောင်းလို့မရ။ ကံမကောင်းတဲ့လယ် ဆိုရပေမည်။ မည်သည့်ပညာကိုမဆို ဤလတွင် စတင်လေ့လာပါက ကုမ်လဂ်ဇာတာရှင်များအနေဖြင့် ဆရာကောင်း မတွေ့နိုင်။ နည်းစနစ်ကောင်း မရနိုင်ပါ။ ဆရာကောင်းတွေ့၊ နည်းကောင်းရပြန်လည်း ကိုယ်က စည်းပျက်ကမ်းပျက် ဖြစ်နေတတ်ပါသည်။ မိမိကိုယ်ကို ကောင်းစွာထားခြင်းဆိုတဲ့ မင်္ဂလာတရားတော်ကို လက်ကိုင်ပြုနိုင်မှ အဆင်ပြေမည်။ (၃၊ ၄၊ ၃၀)ရက်များကိုဆောင်၊ (၁၉၊ ၂၀၊ ၂၁)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၉၊ ၆၊ ၃၊ ၁)ပါ။

**ယတြာ** - ဖရဲသီးနှင့် သစ်တော်သီးကို တစ်ပန်းကန်တည်းမှာ ရောထည့်ပြီး ဘုရားကပ်ပါ။

## မိန်လဂ် (Pisces)



စုငွေကို အကြောင်းပြုပြီး အိမ်ထောင်ဖက်နှင့် စကားများရတတ်၏။ သို့မဟုတ် အိမ်ထောင်ဖက်ရဲ့ကံကြောင့် ငွေစုမိတတ်ပါသည်။ စပ်တူ ထီထိုးထားသင့်တဲ့ ကာလပါ။ အလုပ်အကိုင် အဆင်မပြေချင်ပါ။ ချဲ့ထွင်လုပ်ကိုင်ခြင်း မပြုပါလေနှင့်။ နေအိမ်နေရာဒေသနှင့် ပတ်သက်ပြီး စိတ်ပူနေရမည်။ ပညာသင်အရွယ်ဆိုပါက မိမိပညာရေးကို စိတ်မဝင်စားချင် ဖြစ်နေမည်။ ခရီးဝေးသွားလိုစိတ် ပေါက်နေတတ်၏။ မသွားသင့်ပါ။ ဖက်စပ်လုပ်ငန်း ထူထောင်ခြင်း၊ ကုမ္ပဏီထူထောင်ခြင်း မလုပ်သင့်ပါ။ မင်းမရှိရင် ကိုမနေတတ်ဘူးလို့ ကိုယ့်ဘက်က ဆိုပြနေပေမယ့် သူ့ဘက်ကတော့ တာ့တာပြနေတတ်ပါသည်။ ပါးစပ်က ဘုရား၊ဘုရား၊ လက်က ကားရား၊ကားရား ဆိုသလို ပြောတော့ အကောင်း လုပ်တော့ အစောင်း ဖြစ်နေတတ်ပါသည်။ လဂ်သခင်ရော လာဘဘာဝသခင်ပါ အပြန်သွားနေတဲ့ ကာလမို့ စည်းပျက်ကမ်းပျက် ဖြစ်နေတတ်ပြီး ရသင့်ရထိုက်သည်များလည်း မရနိုင်ဘဲ မှိုင်တိုင်တိုင်နေရတတ်ပါသည်။ လိုတိုရှင်းဟောပါက ကိုယ်ပိုင်စည်းကမ်း၊ ကိုယ်ကျင့်တရားကို မြှင့်တင်ပြီး ပုံမှန်ကြိုးစားပါ။ မထင်မှတ်ထားသည်များ အောင်မြင်လာလိမ့်မည်။ (၅၊ ၆၊ ၁၅၊ ၁၆)ရက်များကိုဆောင်၊ (၁၂၊ ၁၃)ရက်များကိုရှောင်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၆၊ ၃၊ ၁၊ ၅၊ ၄)ပါ။

**ယတြာ** - ပဲပလာတာ(၅)ချပ် ဘုရားဆွမ်းတော်ကပ်ပြီး မိသားစုဝေစားလိုက်ပါ။ ထူးခြားလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေသော်
ဆရာကံထူး(ဝေဒဗုဒ္ဓတေသီ)
☎ ၀၉ ၄၀ ၁၅၃ ၄၄၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၅၇၃



www.burmeseclassic.com

www.burmeseclassic.com

မင်းမဟော်ညွှန့်



## (၂၀၁၇)ခုနှစ်၊ ဧပြီလအတွက် ဈေးကွက်ခန့်မှန်းချက်

သိဟ်ရာသီ၌ ရာဟုဂြိုဟ် တည်ရှိသဖြင့် ချင်းစိမ်း ရှားတတ်၏။ (၆)လ မြောက်၌ လေးဆတိုး၍ အဖိုးဈေးနှုန်း တက်တတ်၏။ ကန်ရာသီ၌ ဂြိုဟ် ရှိသဖြင့် မိုးကောင်းတတ်၏။ မနုရာသီ၌ စနေဂြိုဟ် တည်ရှိနေသဖြင့် မြည် ထိန်းထစ်ချုံးသော်လည်း မိုးမရွာဘဲ ရှိလေအံ့။ တုမ်ရာသီ၌ ဗြဟ္မာဂြိုဟ် တည်ရှိသဖြင့် သတ္တဝါတို့ ချမ်းသာသုခ ရရှိကြကုန်အံ့။ မိဿရာသီ၌ ၁နွေဂြိုဟ် တည်ရှိသဖြင့် ကြိ၊ ဆီ၊ နှမ်း ရှားပါးတတ်၏။ မိဿရာသီ၌ ၄ဟူးဂြိုဟ် တည်မူ မြေလေးချောင်း သတ္တဝါတို့ ရှားအံ့။ ရွှေမပေါ်မရှား ရှိအံ့။ ပြိဿရာသီ၌ ၃ဂါ တည်မူ ဆန်စပါး ရှားအံ့။ နို့သာနီ၊ ဝါဂွမ်း၊ အထည်အလိပ်၊ အဝတ်အစား ရှားအံ့။

### ၁-၄-၂၀၁၇ (စနေနေ့)

### (၁၃၇၈)ခုနှစ်၊ တန်ခူးလဆန်း (၅)ရက်



ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော် ရှူးစမ်းရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ အားကစားလုပ်ငန်း ဆောင်ရွက်ရန်၊ ဂီတ၊အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ဆိုင်သစ်ဖွင့်၍ ကြော်ငြာဆိုင်းဘုတ်ထောင်ရန်၊ ကုမ္ပဏီကိစ္စ ဆောင်ရွက်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အလှပြင်ရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရန်၊ ရတနာသစ် ဝတ်ဆင်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ ပျိုးကြဲ ကောက်စိုက်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉:၀၀)နာရီမှ (၁၀:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးထိုက်၊ မနေနန်းနွယ်..ဟု ပေးနိုင်သည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

### -၄-၂၀၁၇ (တနင်္ဂနွေနေ့)


### (၁၃၇၈)ခုနှစ်၊ တန်ခူးလဆန်း (၆)ရက်



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ လက်ထပ်ထိမ်းမြားရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ ဆိုင်သစ်ဖွင့်ရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ အချစ်ရေးဆိုင်ရာ စကားပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ ဆေးဝါးဖော်စပ်၍ ကုသမှုခံယူရန်၊ အောင်ဘာလေထီ ထိုးရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ဝင်းမြင့်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

### ၄-၄-၂၀၁၇ (အင်္ဂါနေ့)

### (၁၃၇၈)ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်




အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယနေ့ နာမည်ကင်ပွန်းတပ်ရန်၊ လက်ထပ်ပွဲ ကျင်းပရန်၊ ဆံရိတ်၊ဆံသရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ ရတနာ ရှူးစမ်းရှာဖွေရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အနုပညာ တီထွင်ဖန်တီးရန်၊ လူမှုရေးကိစ္စ ဆောင်ရွက်ရန်၊ ခရီးသွားရန်၊ စက်ပစ္စည်းများ ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေး

www.burmeseclassic.com

www.burmeseclassic.com

လျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဆွေလွင်မော်··ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၅-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**
**(၁၃၇၈)ခုနှစ်၊ တန်ခူးလဆန်း (၉)ရက်**




မိတ်ဆွေသင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံ ရှင်ပြုရန်၊ ရတနာ ဝတ်ဆင်ရန်၊ အုတ်မြစ်ချ၍ အုတ်စီရန်၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ အစီရင်ခံစာတင်ရန်၊ အုံဖော်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှိုင်ဦးမောင်၊ မရွှေယမင်းခင်··ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

**၉-၄-၂၀၁၇ (တနင်္ဂနွေနေ့)**
**(၁၃၇၈)ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်**



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကစာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ ပန်းချီ,ပန်းပု စသော ပန်း(၁၀)မျိုး လုပ်ငန်းများ စတင်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ငွေကြေး ချေးငှား အပ်နှံရန်၊ ခရီးသွားရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အလှကုန်ပစ္စည်း ရောင်းဝယ်ရန်၊ အချစ်ရေးစကားဆိုရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်လူမော်၊ မအေးချမ်းမြင့်··ဟု ပေးနိုင်သည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မီးခိုးရောင် ဖြစ်သည်။

**၁၁-၄-၂၀၁၇ (အင်္ဂါနေ့)**
**(၁၃၇၈)ခုနှစ်၊ တန်ခူးလပြည့်**



ဘေးနှစ်ဖက်မြင်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကစာတင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်,ဆံသရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာ စကားဆိုရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဆွေဝင်းမော်··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) သင်္ကြန်အကြိုနေ့**
**(၁၃၇၈)ခုနှစ်၊ တန်ခူးလဆုတ် (၂)ရက်**



မဟာသင်္ကြန် အကြိုနေ့ဖြစ်၍ အဆောက်အအုံ တည်ရသောယုဂ် ရရှိသည်။ ထို့ကြောင့် ဘုရားတည်ရန်၊ အနေကစာတင်ရန်၊ ရှင်ပြု,နားသရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှူဒါနများ ပြုလုပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီ ညည့်ခံပွဲ စတင်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤ ကလေးကို နာမည်ပေးလိုပါက မောင်မြင့်မင်း၊ မပပမြိုင်·· ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့် ၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



www.burmeseclassic.com


www.burmeseclassic.com

**၁၅-၄-၂၀၁၇ (စနေနေ့) သင်္ကြန်အကြတ်နေ့**
**(၁၃၇၈)ခုနှစ်၊ တန်ခူးလဆုတ် (၄)ရက်**




ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိပြီး ယနေ့မှာ သင်္ကြန်အကြတ်နေ့ဖြစ်သည်။ ထို့ကြောင့် ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသ ပြုရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလုပ်ပြင်ရန်၊ အိမ်၊ခြံ၊မြေ ပန္နက်ရိုက်ရန်၊ ယာဉ်၊စက်ပစ္စည်းနှင့် တိုက်၊အိမ်၊မြေ ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံညှိခံပွဲ ကျင်းပရန်၊ အလှူအတန်း ဒါနပြုလုပ်ရန်၊ ဂမ္ဘီရအစီအရင်များ ပြုလုပ်ရန်၊ တရားဘာဝနာ ပွားများရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသောကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုး၊ မနေနန်းနွယ်..ဟု ပေးနိုင်သည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၁၆-၄-၂၀၁၇ (တနင်္ဂနွေနေ့) သင်္ကြန်အတက်နေ့**
**(၁၃၇၈)ခုနှစ်၊ တန်ခူးလဆုတ် (၅)ရက်**




ဘေးနှစ်ဖက်မြင်နက္ခတ် ရရှိပြီး မဟာသင်္ကြန်အတက်နေ့ဖြစ်၍ ယနေ့ ပညာစသင်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ စာပေကျမ်းဂန် ရေးသားရန်၊ ပန်းချီ၊ပန်းပု စသောပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ အချစ်ရေးနှင့်မေတ္တာရေးရာ စကားဆိုရန်၊ အောင်ဘာလေထီထိုးရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ဂါထာ၊မန္တန် သိဒ္ဓိတင်ရန်၊ ကုသိုလ်ဖြစ် ဖျော်ရည်နှင့် အာဟာရကုသိုလ် ပြုလုပ်ရန်၊ ဘုရားထီးတော်တင်ရန်၊ အလှူဒါနပြုလုပ်၍ ရေစက်ချရန်၊ အဝတ်အထည် လှူဒါန်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်လူမော်၊ မအေးချမ်းမြင့်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၁၇-၄-၂၀၁၇ (တနင်္လာနေ့) နှစ်ဆန်းတစ်ရက်နေ့**
**(၁၃၇၉)ခုနှစ်၊ တန်ခူးလဆုတ် (၆)ရက်**



(၁၃၇၉)ခုနှစ်၏ နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ပစ္စည်းဥစ္စာ ဆုတ်ယုတ်တတ်သောယုဂ် ရရှိသဖြင့် ယနေ့ သတ္တဝါများကို ဘေးမဲ့လွှတ်ရန်၊ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ စေတီ၊ပုထိုးများကို သန့်ရှင်းရေးပြုလုပ်ရန်၊ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက် ကုသိုလ်ယူရန်၊ လုပ်ငန်းဆိုင်းဘုတ်တင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အောင်ဘာလထီထိုးရန်၊ အလုပ်သစ်လျှောက်ရန်အတွက် ပြင်ဆင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ခရီးသွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ဆွေဦး၊ မခိုင်စပယ်..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၁၈-၄-၂၀၁၇ (အင်္ဂါနေ့)**
**(၁၃၇၉)ခုနှစ်၊ တန်ခူးလဆုတ် (၇)ရက်**



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်း၊တာတမံ ဆောက်လုပ်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ နေ့စပ်၊လက်ထပ်ရန်၊ ပညာစသင်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ စာပေကိရိယာ ဖြန့်ချိရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်မြင့်ဦး၊ မစန္ဒာမြင့်အောင်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ




www.burmeseclassic.com

www.burmeseclassic.com

အဖြူရောင် ဖြစ်သည်။

**၂၀-၄-၂၀၁၇ (ကြာသပတေးနေ့)**


**(၁၃၇၉)ခုနှစ်၊ တန်ခူးလဆုတ် (၉)ရက်**



ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်း၊ တိုင်ထူရန်၊ အိမ်တက် လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းနိုင်၊ မမြသွယ်ထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

**၂၁-၄-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ခူးလဆုတ် (၁၀)ရက်**



အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ထီးတော်တင် အလံထူရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊ အုတ်စီရန်၊ အိမ်တက် လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းသွားရန်၊ ဆေးဖော်၍ ဆေးခန်းဖွင့်ရန်၊ ကုမ္ပဏီ ထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ အိမ်ပြောင်းရွှေ့ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဦး၊ မသီတာအောင်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၂၃-၄-၂၀၁၇ (တနင်္ဂနွေနေ့)**


**(၁၃၇၉)ခုနှစ်၊ တန်ခူးလဆုတ် (၁၂)ရက်**



ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တုတူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဘုရားတည်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်,ဆံသရန်၊ အလှုပြင်ရန်၊ လယ်ယာမြေထွန်ယက်စိုက်ပျိုးရန်၊ အသီးဆွတ်ခူးရန်၊ ငွေကြေးကိစ္စဆောင်ရွက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အမှုကိစ္စ ဆောင်ရွက်ရန်၊ စက်မှုလုပ်ငန်းအတွက် ဒီဇိုင်းသစ်တီထွင် ထုတ်လုပ်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ အလှကုန်ပစ္စည်းသစ် ထုတ်လုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနိုင်နော်၊ မနေခြည်ထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၂၄-၄-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ခူးလကွယ်**



မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ အဓိဋ္ဌာန်ဝင်၍ သီလ,သမာဓိ ဆောက်တည်ရန်၊ သမထဘာဝနာတရား ပွားများရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာ ဝင်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ သစ်ပင်စိုက်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ အိမ်သစ်တက်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ လယ်ယာဥယျာဉ်သီးနှံ ဆွတ်ခူးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေလှိုင်ထွန်း၊ မစန္ဒာထွေး..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**၂၇-၄-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၂)ရက်**



ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ၊ပန်းပု လက်မှုလုပ်ငန်း စတင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ပြောင်းရွှေ့ရန်၊ စပါးရိတ်သိမ်းရန်၊ အမည်ကင်ပွန်းတပ်ရန်၊ မေတ္တာရေးရာ စကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်သိန်း၊ မမိုးသွယ်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ဝင်၍ ယတြာ အရောင်မှာ အပြာရောင် ဖြစ်သည်။

**၂၈-၄-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်**




မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ အားကစားလုပ်ငန်း လုပ်ဆောင်ရန်၊ ဂီတ၊အနုပညာ လုပ်ငန်း ဆောင်ရွက်ရန်၊ ပညာသင်ယူရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ ထီထိုးရန်၊ စာပေကျမ်းဂန် ပြုစုရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ရတနာဝတ်ဆင်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းထွန်း၊ မမြင့်မြင့်နိုင်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၂၉-၄-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၄)ရက်**

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့



ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ အိမ်သစ်တက်ရန်၊ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေထွန်းတောက်၊ မတင့်တင့်ထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

**၃၀-၄-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ ကဆုန်လဆန်း (၅)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဘုရားအနေကဇာတင်ရန်၊ ရှင်ပြု၊လက်ထပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲ၊ ပါတီဧည့်ခံပွဲများ ကျင်းပရန်၊ အချစ်ရေးရာ စကားဆိုရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ သီးနှံမျိုးစေ့ ကြဲပက်စိုက်ပျိုးရန်၊ ပညာရေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ဟိန်းနိုင်၊ မအေးချမ်းသူ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ အနီရောင် ဖြစ်သည်။

မှင်းမဟော်ဒွန်း

ဖုန်း-၀၉ ၂၅၀ ၁၈၇ ၃၃၄



www.burmeseclassic.com

www.burmeseclassic.com




(၂၀၁၇)ခုနှစ်၊ ဧပြီလအတွင်း ခနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများအတွင်း မဟာဝေဒဗ္ဗမန္တန်၊ ရှုဠဝေဒဗ္ဗမန္တန်တော်များနှင့် အခြားလာဘ,နေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားပူဇော်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားကြရပါလိမ့်မည်။

အထူးမှာ (၂၁-၄-၂၀၁၇) နံနက်(၂း၃၆း၁၃)နာရီမှ (၂၂-၄-၂၀၁၇) နံနက်(၃း၂၀း၅၉)နာရီအတွင်း၌ စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ခနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၂-၄-၂၀၁၇) နံနက်(၁း၄၃း၃၁)နာရီမှ (၂း၂၉း၃၂)နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂၂-၄-၂၀၁၇) နံနက်(၇း၂၃း၁၂)နာရီမှ (၈း၁၄း၅၀)နာရီအတွင်းတို့တွင် လာဘ်ဝင်ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ လာဘ,နေဆိုင်ရာ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားကြရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ ဧပြီလအတွင်း

[illegible]

| ရက် | ဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၃:၀၆:၀၅ | ၃:၅၂:၀၆ |
| ၂ | ၃:၀၂:၀၉ | ၃:၄၈:၁၀ |
| ၃ | ၂:၅၈:၁၃ | ၃:၄၄:၁၄ |
| ၄ | ၂:၅၄:၁၇ | ၃:၄၀:၁၈ |
| ၅ | ၂:၅၀:၂၁ | ၃:၃၆:၂၂ |
| ၆ | ၂:၄၆:၂၅ | ၃:၃၂:၂၇ |
| ၇ | ၂:၄၂:၃၀ | ၃:၂၈:၃၁ |
| ၈ | ၂:၃၈:၃၄ | ၃:၂၄:၃၅ |
| ၉ | ၂:၃၄:၃၈ | ၃:၂၀:၃၉ |
| ၁၀ | ၂:၃၀:၄၂ | ၃:၁၆:၄၃ |
| ၁၁ | ၂:၂၆:၄၆ | ၃:၁၂:၄၇ |
| ၁၂ | ၂:၂၂:၅၀ | ၃:၀၈:၅၁ |
| ၁၃ | ၂:၁၈:၅၄ | ၃:၀၄:၅၅ |
| ၁၄ | ၂:၁၄:၅၈ | ၃:၀၀:၅၉ |
| ၁၅ | ၂:၁၁:၀၂ | ၂:၅၇:၀၃ |
| ၁၆ | ၂:၀၇:၀၆ | ၂:၅၃:၀၈ |
| ၁၇ | ၂:၀၃:၁၁ | ၂:၄၉:၁၂ |
| ၁၈ | ၁:၅၉:၁၅ | ၂:၄၅:၁၆ |
| ၁၉ | ၁:၅၅:၁၉ | ၂:၄၁:၂၀ |
| ၂၀ | ၁:၅၁:၂၃ | ၂:၃၇:၂၄ |
| ၂၁ | ၁:၄၇:၂၇ | ၂:၃၃:၂၈ |
| ၂၂ | ၁:၄၃:၃၁ | ၂:၂၉:၃၂ |
| ၂၃ | ၁:၃၉:၃၅ | ၂:၂၅:၃၆ |
| ၂၄ | ၁:၃၅:၃၉ | ၂:၂၁:၄၀ |
| ၂၅ | ၁:၃၁:၄၃ | ၂:၁၇:၄၄ |
| ၂၆ | ၁:၂၇:၄၇ | ၂:၁၃:၄၉ |
| ၂၇ | ၁:၂၃:၅၂ | ၂:၀၉:၅၃ |
| ၂၈ | ၁:၁၉:၅၆ | ၂:၀၅:၅၇ |
| ၂၉ | ၁:၁၆:၀၀ | ၂:၀၂:၀၁ |
| ၃၀ | ၁:၁၂:၀၄ | ၁:၅၈:၀၅ |

## (၂၀၁၇)ခုနှစ်၊ ဧပြီလအတွင်း


[illegible]

| ရက် | ဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၈:၄၅:၄၆ | ၉:၃၇:၂၄ |
| ၂ | ၈:၄၁:၅၀ | ၉:၃၃:၂၈ |
| ၃ | ၈:၃၇:၅၄ | ၉:၂၉:၃၃ |
| ၄ | ၈:၃၃:၅၈ | ၉:၂၅:၃၇ |
| ၅ | ၈:၃၀:၀၂ | ၉:၂၁:၄၁ |
| ၆ | ၈:၂၆:၀၇ | ၉:၁၇:၄၅ |
| ၇ | ၈:၂၂:၁၁ | ၉:၁၃:၄၉ |
| ၈ | ၈:၁၈:၁၅ | ၉:၀၉:၅၃ |
| ၉ | ၈:၁၄:၁၉ | ၉:၀၅:၅၇ |
| ၁၀ | ၈:၁၀:၂၃ | ၉:၀၂:၀၁ |
| ၁၁ | ၈:၀၆:၂၇ | ၈:၅၈:၀၅ |
| ၁၂ | ၈:၀၂:၃၁ | ၈:၅၄:၀၉ |
| ၁၃ | ၇:၅၈:၃၅ | ၈:၅၀:၁၄ |
| ၁၄ | ၇:၅၄:၃၉ | ၈:၄၆:၁၈ |
| ၁၅ | ၇:၅၀:၄၃ | ၈:၄၂:၂၂ |
| ၁၆ | ၇:၄၆:၄၈ | ၈:၃၈:၂၆ |
| ၁၇ | ၇:၄၂:၅၂ | ၈:၃၄:၃၀ |
| ၁၈ | ၇:၃၈:၅၆ | ၈:၃၀:၃၄ |
| ၁၉ | ၇:၃၅:၀၀ | ၈:၂၆:၃၈ |
| ၂၀ | ၇:၃၁:၀၄ | ၈:၂၂:၄၂ |
| ၂၁ | ၇:၂၇:၀၈ | ၈:၁၈:၄၆ |
| ၂၂ | ၇:၂၃:၁၂ | ၈:၁၄:၅၀ |
| ၂၃ | ၇:၁၉:၁၆ | ၈:၁၀:၅၅ |
| ၂၄ | ၇:၁၅:၂၀ | ၈:၀၆:၅၉ |
| ၂၅ | ၇:၁၁:၂၄ | ၈:၀၃:၀၃ |
| ၂၆ | ၇:၀၇:၂၉ | ၇:၅၉:၀၇ |
| ၂၇ | ၇:၀၃:၃၃ | ၇:၅၅:၁၁ |
| ၂၈ | ၆:၅၉:၃၇ | ၇:၅၁:၁၅ |
| ၂၉ | ၆:၅၅:၄၁ | ၇:၄၇:၁၉ |
| ၃၀ | ၆:၅၁:၄၅ | ၇:၄၃:၂၃ |



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည့်

## ဂမ္ဘီရမဂ္ဂဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက၊ မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

မေးခွန်းများ

(၁) ------------------------------

(၂) ------------------------------

(၃) ------------------------------


www.burmeseclassic.com

www.burmeseclassic.com

ငြှေသည်

**မရတနာလှိုင်**

**(၂၁-၁၀-၁၉၈၁၊ ၁၄း၃၃ နာရီ၊ မုံရွာမြို့)**




**၁။** *မည်သည့်အလုပ်မျိုးဖြင့် အကျိုးပေးမည်နည်း။*

(၁၀)တန့်သခင်ဂြိုဟ် အင်္ဂါဖြစ်၍ (၇)တန့် (စီးပွားရေးဘာဝ)တွင် ရပ်တည်၍ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန်ပစ္စည်း၊ အလှကုန် လုပ်ငန်းများထဲမှ လုပ်ရတတ်သည်။

**၂။** *သားသမီး အကျိုးပေး၊ ကောင်း/မကောင်း။*


(၅)တန့်သခင်ဂြိုဟ် ၄ဟူး (၈)တန့်တွင် ရပ်တည်ပြီး (၂၊ ၁၁)တန့်သခင် ၅တေးဂြိုဟ်၊ (၁၊ ၁၂)သခင် စနေဂြိုဟ်တို့နှင့် ပူးယှဉ်သည်။ သားသမီးထဲတွင် အဆိုး၊ အကောင်း ရောနေသည်။ ကောင်းကျိုးပေးသော သားသမီးမျိုး ပါရှိနေမည်။

**၃။** *အိမ်၊ ကား ပိုင်ဆိုင်ခွင့် ရှိ/မရှိ။ ချမ်းသာမည်လား။*

(၂)တန့်သခင် ၅တေးဂြိုဟ် (ဓနကာရက) (၈)တန့်မှနေ၍ (၂)တန့်အား ပြန်မြင်ထားသည်။ ၅တေးကို (၅၊ ၈)သခင် ၄ဟူးဂြိုဟ်၊ (၁၊ ၁၂)သခင် စနေဂြိုဟ်တို့ ဝင်ပူးထားသည်။ အလတ်စား ကြွယ်ဝနိုင်သည်။ (၄)တန့်သခင် ဗြဟ္မာဂြိုဟ် (၁၀)တန့်တွင် ကံဂြိုဟ်နှင့် ပူးယှဉ် ရပ်တည်၍ (၄)တန့်အား ပြန်မြင်ထားသောကြောင့် အိုးပိုင် အိမ်ပိုင်နှင့် နေရမည့်ကိန်း ရှိသည်။

**ဒေါ်သန္တာလွင်**

**(၈-၈-၁၉၆၉၊ ၁၄း၂၇ နာရီ၊ ရန်ကုန်မြို့)**




**၁။** *လက်ရှိ စီးပွားရေးအခက်အခဲ လွှတ်မြောက်နိုင်မည့် ကာလ။*

လက်ပေါ်စီးနင်း ကောဇာသွားနေသော စနေဂြိုဟ်သည် (၂၆-၁-၂၀၁၇)တွင် မနုရာသီ၊ ကိတ်နက္ခတ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ပြောင်းလဲရောက်ရှိမည်။ မိမိ၏ ဇာတာတွင် ကိတ်ဂြိုဟ် (၁၀)တန့်တွင် ရပ်တည်နေသည်။ ယင်းကာလမှာ (၂၇-၉-၂၀၁၇)ထိ စားဝင်နေမည့် စနေထူလ၊ ဗြဟ္မာ ဘုတ္တိဒသာ ဖြစ်သည်။ စနေဂြိုဟ်သည် (၅)တန့်ဘာဝ (၆-တန့်ရာသီ)တွင် ရပ်တည်သော (၃၊ ၄)သခင် ဖြစ်သည်။ ဗြဟ္မာသည် (၇၊ ၁၂)သခင်အဖြစ် (၇)တန့်ဘာဝ (၈-တန့်ရာသီ)တွင် ရပ်တည်ထားသည်။ ကောဇာအရ ယာယီပြေလည်မှုမျိုးသာ ရနိုင်သည်။ အကောင်းကြီး မဟုတ်သေးပါ။ စီးပွားရေး ပြေလည်စွာ

www.burmeseclassic.com

www.burmeseclassic.com

လည်ပတ်ရန် (၄)နှစ်ခန့် စောင့်ရပေဦးမည်။

၂။ *အိုဇာတာ ကောင်း/မကောင်း။*


(၆-၁၀-၂၀၂၆)မှ (၆-၁၀-၂၀၄၃)တွင် ၄ဟူးထူလဒသာ စားဝင်မည်။ ၄ဟူးသည် (၈၊ ၁၁)တန့်သခင်ဖြစ်၍ (၉)တန့်ဘာဝ (၁၀-တန့်ရာသီ)တွင် ရပ်တည်နေသည်။ (၁၀)တန့်ဘာဝတွင် မိမိနှင့် ပူးယှဉ်ရပ်တည်သော ကိတ်ဂြိုဟ်ပိုင် နက္ခတ်ကို စီးထား၍ အိုဇာတာ ကောင်းပေမည်။

၃။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် စနေဂြိုဟ်သည် (၅)တန့်ဘာဝ (၆-တန့်ရာသီ)မှ မိမိပိုင် (၃)တန့်ဘာဝကို (၁၀)တန့်အထူးမြင် ကြည့်နေသည်။ ထီပေါက်ကံရှိသော်လည်း ဆုမကြီးတတ်ပါချေ။ စပ်တူထိုးမှ ပေါက်အား ပိုကောင်းမည်။ (၂၀၁၇)ခုနှစ်၊ စက်တင်ဘာလမှ (၂၀၁၈)ခုနှစ်၊ စက်တင်ဘာလအတွင်း ထီကံ စမ်းကြည့်ပါလေ။

## မခင်အေးမြင့်

**(၇-၁၀-၁၉၉၇၊ ၁၀း၁၅ နာရီ၊ သာယာဝတီမြို့)**




၁။ *လက်ရှိအလုပ် ရာထူးတိုးကိန်း ရှိ/မရှိ၊ ကာလ။*

လက်ရှိ ဂြိုဟ် ထူလ၊ ရာဟု ဘုတ္တိဒသာ စားဝင်နေပြီး (၁၈-၄-၂၀၁၈)ထိ ကြာမြင့်မည်။ ထူလဒသာသခင် ဂြိုဟ်သည် (၇၊ ၁၂)သခင်ဖြစ်၍ (၁၁)တန့်ဘာဝတွင် (၁၂-တန့်ရာသီ)၊ (၈၊ ၁၁)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်၍ အခြေအနေကောင်း၏။ ရာဟုသည် (၄)တန့်ဘာဝ (၅-တန့်ရာသီ)တွင် (၉)တန့်သခင် ၂လာနှင့် ပူးယှဉ်ရပ်တည်၍ ရာထူးတိုးရန် မဖြစ်နိုင်သေးပါ။ (၁၈-၄-၂၀၁၈)မှ (၁၈-၁၂-၂၀၂၀)တွင် ၅တေး ဘုတ္တိဒသာ စားဝင်မည်။ (၂၊ ၅)သခင်ဖြစ်၍ (၅)တန့်ဘာဝ (၆-တန့်ရာသီ)တွင် (၁၀)တန့်ရပ် ကိတ်ပိုင် နက္ခတ်ကို စီး၍ ရပ်တည်၏။ ယင်းကာလတွင် ရာထူးတိုးရန် ရှိပါသည်။

၂။ *အိမ်ထောင်ပြုသင့်သော ကာလ။ အိမ်ထောင်ရေးကံ ကောင်း/မကောင်း။*


(၇)တန့်သခင် ဂြိုဟ် တူရာသီ (၁၁)တန့်ဘာဝတွင် (၈၊ ၁၁)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်၍ ဘဝတွင် အိမ်ထောင်ကျမည်။ (၁၈-၄-၂၀၁၈)မှ (၁၈-၁၂-၂၀၂၀) အတွင်း အိမ်ထောင်ကျကိန်း အားကောင်း၍ အိမ်ထောင်ပြုသင့်သော ကာလလည်း ဖြစ်သည်။

၃။ *မိဘကို အလုပ်အကျွေးပြုနိုင်မည်လား။*

(၄)တန့်သခင် စနေ လဂ်တွင် ပူး၍ ရပ်တည်၏။ (၉)တန့်သခင် ၂လာ မိန်ရာသီ (၄)တန့်ဘာဝတွင် ရာဟုနှင့် ပူး၍ ရပ်တည်၏။ မိဘအား ထောက်ပံ့လုပ်ကျွေးနိုင်ပေမည်။

## ဒေါ်မြင့်မြင့်ရီ

**(၁၄-၇-၁၉၆၆၊ ၁၅း၁၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *ကျန်းမာရေး သတိပြုရမည့်ကာလ။*

(၁-၁၂-၂၀၁၅)မှ (၂၅-၄-၂၀၁၈)ထိ ကျန်းမာရေး အညံ့ရှိ၍ မကြာခဏ ပြဿနာကြုံရတတ်သည်။ (၂၀၁၈)ခုနှစ်တွင်း ရောက်လျှင် အထူးဂရုစိုက်ရမည်။

၂။ *အိုဇာတာ ကောင်း/မကောင်း။*

အိုဇာတာ သင့်ရုံရှိသည်။ လက်ရှိတွင် (၂၀၁၈)ခုနှစ် ဧပြီလထိ စားဝင်နေသော ထူလဒသာသခင် ၅တေးသည် (၂၊ ၅)သခင်အဖြစ် (၈)တန့်တွင် ရပ်တည်နေ၍ဖြစ်သည်။

၃။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၁၁)တန့်သခင် ၄ဟူးဂြိုဟ် (၉)တန့်တွင် ရပ်၍ (၃)တန့်အား ပြန်မြင်နေ၍ ထီပေါက်ကံ ရှိသည်။ ဆုကား မကြီးတတ်ပါချေ။ (၂၀၁၇)ခုနှစ် ပထမနှစ်ဝက်အတွင်




www.burmeseclassic.com

www.burmeseclassic.com

ထီကံ စမ်းကြည့်ပါလေ။

**မဇာသီဖြူ**

**(၆-၉-၁၉၈၃၊ ၁၁း၃၀ နာရီ၊ သုံးခွမြို့)**




၁။ *အလုပ်အကိုင်*

(၄-၁၂-၂၀၁၁)မှ (၄-၁၂-၂၀၂၁)ထိ တနင်္လာထူလဒသာ စားဝင်သည်။ (၈)တန့်သခင်ဂြိုဟ်အဖြစ် (၉)တန့်တွင် (၉)တန့်သခင် ၁နွေ၊ (၆၊ ၁၁)သခင် ၆ကြာတို့နှင့် ပူးယှဉ်ရပ်တည်နေ၏။ လုပ်ငန်း မတည်ငြိမ်။ ငွေကြေး ကျပ်တည်းနေတတ်သည်။ (၂၀၁၉)ခုနှစ်တွင်း ရောက်မှသာ အဆင်ပြန်ပြေလာမည်။

၂။ *ထီပေါက်ကံ၊ ကာလ။*

(၁၁)တန့်သခင် ၆ကြာဂြိုဟ် (၉)တန့်မှနေ၍ (၃)တန့်ဘာဝကို ပြန်မြင်ထားသည်။ ဘာဝတွင် ထီပေါက်ကံ ရှိသည်။ (၂၀၁၉)ခုနှစ်၊ မတ်လမှ အောက်တိုဘာလ အတွင်း ထီကံစမ်းကြည့်ပါလေ။

၃။ *ကျန်းမာရေး။*

လောလောဆယ် စိတ်ထောင်းကိုယ်ကြေ သရီးသရီ ဖြစ်သော ရောဂါမျိုးသာ ရှိတတ်သည်။ စိုးရိမ်ရဖွယ် မရှိပါ။


**စောစံသိန်း**

**(၅-၃-၁၉၈၅၊ ၃း၃၀ နာရီ၊ ဘားအံမြို့)**

၁။ *အိမ်ထောင်ရေး အကျိုးပေးမှာလား။*

(၇)တန့်သခင် ၂လာ (၇)တန့်တွင်ပင် ရပ်တည်၍ ၅တေးနှင့် အပြန်အလှန် အမြင်ကြုံနေ၍ အိမ်ထောင်ရေး အကျိုးပေးပါမည်။

၂။ *(၂၀၁၈)ခုနှစ်တွင် အလယ်တန်းကျောင်းအုပ် ဖြစ်မည်လား။*





(၂၈-၅-၂၀၁၇)မှ (၂၈-၇-၂၀၂၀)အတွင်း ၆ကြာထူလ၊ စနေ ဘုတ္တိဒသာ စားဝင်သည်။ ထူလဒသာသခင် ၆ကြာဂြိုဟ်သည် (၅၊ ၈)သခင်ဖြစ်၍ (၃)တန့်ဘာဝတွင် ရပ်တည်နေသည်။ ၆ကြာဂြိုဟ် (၆၊ ၉)သခင် ၄ဟူးဂြိုဟ်၊ (၄၊ ၁၁)သခင် အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်နေ၍ ရာထူးတိုးရန် ရှိသည်။ ရာထူးတိုးလျှင် နေရာပြောင်းပါ တွဲမည်။

၃။ *(၂၀၁၈)ခုနှစ်တွင် ကိုယ်ပိုင် အိုးအိမ်နှင့် နေရမည်လား။*

(၄)တန့်သခင် အင်္ဂါ (၃)တန့်တွင် ရပ်တည်သည်။ (၄)တန့်တွင် ရာဟုရပ်တည်ထားသည်။ ကိုယ်ပိုင် အိုးအိမ် ရရန် အားနည်းသည်။ အိမ်ထောင်ဖက်၏ ကံဖြင့်သာ အိုးပိုင်အိမ်ပိုင် ရနိုင်သည်။

**မသီရိဆွေ**

**(၂၇-၆-၁၉၈၀၊ ၁၀း၀၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *အိုးပိုင်အိမ်ပိုင်နှင့် ဘယ်တော့နေရမလဲ။*

(၄)တန့်သခင် အင်္ဂါ လဂ်တွင်ပူး၍ (၄)တန့် (ဗြိစ္ဆာရာသီ)အား (၄)တန့်အထူးမြင် ကြုံနေ၍ ဘာဝတွင် အိုးပိုင်အိမ်ပိုင်ဖြင့် နေရဖို့ ရှိသည်။ (၂၅-၃-၂၀၁၇)မှ (၂၅-၃-၂၀၂၇)အတွင်း ၂လာထူလဒသာ စားဝင်မည်။ ၂လာ

www.burmeseclassic.com


သည် (၄)တန့်ဘာဝတွင် ရပ်တည်၍ (၁၁)တန့်ဘာဝ (ကရကဋ်ရာသီ)ရပ် (၂၊ ၁၁)သခင် ၄ဟူးပိုင် နက္ခတ်ကို စီး၍ ယင်းကာလတွင် အိုးအိမ်ပိုင်ဆိုင်ကိန်း ရှိသည်။ အသက်(၄၀)နှစ်ဝန်းကျင် (၂၀၁၉-၂၀၂၀)ခုနှစ်တွင် အိုးပိုင်အိမ်ပိုင်ဖြင့် နေရဖို့ ရှိနေပါသည်။

၂။ *အိုဇာတာ ကောင်း/မကောင်း။*

အသက်(၆၀)နှစ်နောက်ပိုင်း အသက်(၈၀)နှစ်ကျော်အထိ စားဝင်မည့် ဒသာသခင်ဂြိုဟ်များ (ရာဟု၊ ၅တေး) တို့ မည့်လှ၍ အိုဇာတာကောင်းပါမည်။

## ဒေါ်ဌေးဌေးမြင့်

**(၂၇-၇-၁၉၆၄၊ ၁၁:၂၀ နာရီ၊ မန္တလေးမြို့)**




၁။ *လက်ရှိလုပ်နေသော စီးပွားရေးလုပ်ငန်း တိုးတက်ပါမည်လား။*

၄ဟူး ထုလ၊ ၆ကြာ ဘုတ္တိ၊ ၂လာ အန္တရဒသာသည် (၁၃-၁-၂၀၁၇)မှ (၈-၄-၂၀၁၇)ထိ စားဝင်ပေမည်။ ထုလဒသာသခင် ၄ဟူးသည် (၁၊ ၁၀)သခင်အဖြစ် (၁၁)တန့်တွင် ရပ်တည်နေ၏။ ဘုတ္တိဒသာသခင် ၆ကြာသည် (၂၊ ၉)သခင်အဖြစ် (၉)တန့်တွင် ရပ်တည်နေ၏။ အန္တရဒသာသခင် ၂လာသည် (၁၁)တန့်သခင်အဖြစ် (၅)တန့်တွင် စနေဂြိုဟ်နှင့် ပူးတွဲရပ်တည်နေသည်။ ကောင်းမယောင်သာရှိ၍ အဆင်မပြေလှပါ။ (၂၀၁၇)ခုနှစ် ဒုတိယနှစ်ဝက် ရောက်ပြီးမှ တိုးတက်မှု စမြင်ရမည်။

၂။ *စီးပွားရေးအခြေအနေ။*


ကောင်းမယောင်ယောင်နှင့် မတည်မငြိမ် ဖြစ်နေသည်။ (  ၁၇)ခုနှစ်၊ ဇွန်လနောက်ပိုင်း အဆင်ပြေလာမည်။

၃။ *ကျန်းမာရေး။*

(၂၀၁၇)ခုနှစ် နှစ်ကုန်အထိ ကျန်းမာရေးအသည့် သိသာစွာ မရှိပါ။ (၂၀၁၈)ခုနှစ်ဝင်ပြီး (၃)လအတွင်း ကျန်းမာရေးအသည့် ပေါ်တတ်ခြင်း သတိပြုပါ။

## ဦးမောင်မောင်

**(၂၂-၁၂-၁၉၄၇၊ ၃:၃၀ နာရီ၊ ကန့်ဘလူမြို့)**




၁။ *(၂၀၁၇)ခုနှစ်အတွင်း စီးပွားရေး။*

(၂၀၁၇)ခုနှစ်အတွင်း ရာဟု ထုလ၊ စနေ ဘုတ္တိဒသာ စားဝင်နေမည်။ ရာဟုသည် (၇)တန့်ဘာဝတွင် ရပ်၍ (၂)တန့်ဘာဝ (သိဟ်ရာသီ)ရပ်၊ (၁၁)တန့်သခင် ၁နွေပိုင် နက္ခတ်ကို စီးထားသည်။ စနေသည် (၁၀)တန့်ဘာဝတွင် ရပ်တည်နေ၏။ စနေသည် (၄၊ ၅)သခင်ဖြစ်၏။ စီးပွားရေး အဆိုးကြီး မဟုတ်သော်လည်း မတည်ငြိမ်ပါ။ (၁၇-၅-၂၀၁၇)ထိ စနေ အန္တရဒသာသည် မကောင်းနိုင်သေးပါ။ (၁၇-၅-၂၀၁၇)မှ (၁၂-၁၀-၂၀၁၇)အတွင်း (၂)တန့်တွင် မိမိပိုင် နက္ခတ်ကို စီး၍ ရပ်တည်သော ၄ဟူး အန္တရဒသာတွင် စီးပွားရေး ပြန်မတ်လာမည်။(၁၂-၁၀-၂၀၁၇)မှ (၁၂-၁၂-၂၀၁၇)ထိ ကိတ်အန္တရဒသာ စားဝင်မည်။ (၃၊ ၆)သခင် (၂)တန့် သန္ဓိနှင့် (၂)အံသာအကွာ ပူးယှဉ်သော ၅တေးပိုင် နက္ခတ်ကို စီးထားသော ကိတ်က စီးပွားရေး ဆက်လက်ကောင်းမွန်စေလိမ့်မည်။ တိုးတက်မှု ကြုံစေမည်။

၂။ *(၂၀၁၇)ခုနှစ်အတွင်း ကျန်းမာရေး။*

(၁၂-၁၀-၂၀၁၇)မှ (၁၂-၁၂-၂၀၁၇)အတွင်း လဂ်နှင့် ပူး၍ (၃၊ ၆)သခင် ၅တေးပိုင် နက္ခတ်ကို စီးသော ကိတ် အန္တရတွင် ကျန်းမာရေးအသည့် ကြုံစေနိုင်သည်။ ရင်ခေါင်း၊ ဝမ်းခေါင်း၊ အစာအိမ်ဆိုင်ရာ သတိထားပါ။

၃။ *အိုကိန်နှင့် အသက်အပိုင်းအခြား။*



www.burmeseclassic.com

www.burmeseclassic.com

လင်္ဂသခင် ဖြကြာဂြိုဟ် (၁၊ ၈)သခင်အဖြစ် (၃)တန့်ဘာဝ (မကာရရာသီ)တွင် ရပ်တည်၍ (၄၊ ၅)သခင် စနေဖြင့် အပြန်အလှန် အမြင်ကြုံခြင်းက အသက်ရှည်စေ၏။ (၇၀)နှစ်အထက် နေရတတ်သည်။ (၂၀၂၉)ခုနှစ်ထိ စားဝင်မည့် ထူလဒသာသခင်ဂြိုဟ် ရာဟုသည် (၇)တန့် (မာရက)ဘာဝတွင် ရပ်တည်၍ ယင်းကာလကို မကျော်လွှန်စေနိုင်ပါ။ ၎ဟူးဂြိုဟ်သည် (၉၊ ၁၂)သခင်အဖြစ် (၂)တန့် (မာရက)တွင် မိမိပိုင် နက္ခတ်ကို စီး၍ ရပ်တည်သည်။(၁၁-၁၀-၂၀၁၉)မှ (၂၉-၄-၂၀၂၂)အတွင်း သက်တမ်းကို သတိပြုပါ။ ယင်းကာလကို ကျော်လွှန်နိုင်ပါက (၂)တန့် (မာရက)ရပ် (၁၁)တန့် (ဘာဓက)သခင် ၁နွေပိုင် နက္ခတ်ကို စီးထားသော (၈)တန့် (မရဏ)သခင် ဖြကြာ အန္တရဒသာ (၁၇-၅-၂၀၂၃)မှ (၁၇-၅-၂၀၂၆) အတွင်း သက်တမ်းကုန်ဆုံးရန် ရှိနေပေသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။


ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄

## မေး၍ဖြေသည် ပရိသတ်များသို့ ပန်ကြားချက်

ဂမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လက်မှမဟုတ်ဘဲ စန်း(၂လ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။


ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ



အထူးအမိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

**ဆရာမကြီး ဒေါ်မိုးမိုး**

**စိတ်မနော အာရုံ အကြားအမြင်လက္ခဏာဖြင့် ဂျရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြေ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည့်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဦးရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဆိုင်ခန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၈၅၂ ၅၂၀ ၊ ၀၉ ၄၂၀ ၂၁၆၈



www.burmeseclassic.com

www.burmeseclassic.com

# ကေ.ပီ စနစ်
# အိမ်ထောင်ရေးနှင့် ဂြိုဟ်တို့၏ အသက်ပိုင်းဖော်ပြမှု

-ဆရာရန်နောင်ဟိန်း(B.Sc)

(၂၃-၁၂-၁၉၉၀) နံနက်(၁၁း၄၀)နာရီ၊ ရာဂျက်စသန်၊ ကိုတာ (၂၅ ၁၀' မြောက်၊ ၇၅ ၅၇' အရှေ့)တွင် မွေးဖွားခဲ့သော အမျိုးသမီး၏ ဇာတာဖြစ်သည်။ ဇာတာမှာ အောက်ပါအတိုင်း ဖြစ်သည်။




ကေ.ပီ စနစ်အရ အိမ်ထောင်ပြုခြင်းအတွက် (၇) တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်ဖြင့် သုံးသပ်ဆုံးဖြတ်ရသည်။ (၇)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၂၊ ၇၊ ၁၁)တန့်ဘာဝများအတွက် အကျိုးဆောင်ပါက ဇာတာရှင် အိမ်ထောင်ကျပေမည်။

အထက်ပါ ဇာတာတွင် (၇) တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် စနေဖြစ်သည်။ စနေဂြိုဟ်သည် (၁၊ ၁၂)တန့်သခင်အဖြစ် (၁၁) တန့်ဘာဝတွင် ရပ်တည်နေသည်။ စနေဂြိုဟ်သည် (၇) တန့်ဘာဝ သခင်ဂြိုဟ်အဖြစ် (၁၀)တန့်ဘာဝ၌ ရပ်တည်သော တနင်္ဂနွေဂြိုဟ်ပိုင်သည့် နက္ခတ်ကို စီးထားသည်။ ယင်း စနေဂြိုဟ်သည်(၁၁)တန့်ဘာဝ သခင်အဖြစ် (၇)တန့်ဘာဝတွင် ရပ်တည်သော ကြာသပတေးဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြို (၇-တန့် အမြင်) နေသည်။

သို့အတွက် (၇)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင် ဂြိုဟ် စနေသည် (၇၊ ၁၁)တန့်ဘာဝ များအတွက် အကောင်းစွာ အကျိုးဆောင်နေသောကြောင့်

www.burmeseclassic.com

(၂၊ ၇၊ ၁၁)တန့်ဘာဝများ၏ အကျိုးဆောင်ဂြိုဟ်များ

| ဘာဝ | ရပ်တည်ဂြိုဟ်ပိုင်နက္ခတ်ကို စီးသောဂြိုဟ် | ရပ်တည်ဂြိုဟ် | ဘာဝသခင်ဂြိုဟ်ပိုင် နက္ခတ်ကို စီးသောဂြိုဟ် | ဘာဝသခင်ဂြိုဟ် |
|---|---|---|---|---|
| ၂-တန့် | - | - | - | အင်္ဂါ |
| ၇-တန့် | - | - | အင်္ဂါ၊ စနေ၊ ရာဟု | ၁နွေ |
| ၁၁-တန့် | ဗြဟ္မာ၊ ကိတ်၊ ၂လာ | ဗြဟ္မာ၊ စနေ၊ ရာဟု | - | ၅တေး |

ဇာတာရှင်သည် ဘဝတွင် အိမ်ထောင်ကျဖို့ ရှိပေသည်။

သို့ဖြစ်၍ (၂၊ ၇၊ ၁၁)တန့် ဘာဝများ၏ အကျိုးဆောင် ဂြိုဟ်များသည် ၁နွေ၊ ၂လာ၊ အင်္ဂါ၊ ၅တေး၊ စနေ၊ ရာဟု၊ ကိတ်ဂြိုဟ်များ ဖြစ်ကြပေသည်။

**ဒသာကာလ**

ဆုံးဖြတ်သော နေ့၊ ရက်၊ ခုနှစ်အရ စားဝင်နေဆဲ ထူလဒသာ သခင်ဂြိုဟ်မှာ စနေဂြိုဟ် ဖြစ်သည်။ ယင်းသည် (၁၅-၁၀-၂၀၁၃)မှ (၁၅-၁၀-၂၀၃၂)ထိ စားဝင်ပေမည်။

ယင်းဒသာသခင်ဂြိုဟ် စနေသည် (၇)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင် ဖြစ်သည့်အပြင် (၇၊ ၁၁)တန့် ဘာဝများ၏ အားကောင်းသော အကျိုးဆောင်ဂြိုဟ်လည်း ဖြစ်သည်။ ဇာတာအား (၃၁-၃-၂၀၁၅)တွင် ဆုံးဖြတ် သုံးသပ်ခဲ့ရာ ယင်းကာလတွင် ဇာတာရှင်၏ အသက် (၂၄)နှစ် (၄)လတွင် ရောက်ရှိနေခဲ့ပေသည်။

**ဇာတာရှင် အိမ်ထောင်ကျမည့် အသက်ပိုင်း**

အမှန်တကယ် အိမ်ထောင်ကျမည့် အသက်ပိုင်းကို ဘုတ္တိဒသာ၊ အန္တရဒသာ၊ သုခုမဒသာ ကာလများအရ ဆုံးဖြတ်ပေးရမည် ဖြစ်သည်။ ယင်းအတွက် ဆန်းစစ်မှု အချို့ ပြုလုပ်ပေးရပါမည်။ ဒသာကာလများအတွက် အကျိုးဆောင်ဂြိုဟ်များ ရွေးချယ်ရာတွင် နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ဂြိုဟ်များကို ရွေးရခက်ဖွယ် ကြုံတွေ့ရတတ်သည်။ ယင်းအတွက် နက္ခတ်ဗေဒင်ပညာရှင်၏ ထွင်းဖောက်သိမြင်နိုင်စွမ်း(intuition) လိုအပ်ပေသည်။

သို့သော် ယင်းစွမ်းအားကလည်း ယုတ္တိဗေဒအရ ပြဿနာရှိသကဲ့သို့ တစ်ခါတစ်ရံ အကျိုးဆောင်ဂြိုဟ်များ အတွင်း တိုက်ရိုက်မပါသော ဂြိုဟ်များကလည်း ဝင်၍ လွှမ်းမိုးလုပ်ဆောင်သွားတတ်ခြင်း ရှိတတ်ပေသည်။ ယင်းအတွက် ကောဇာဂြိုဟ်သွား (သို့မဟုတ်) ယင်းသို့ လွှမ်းမိုးလုပ်ဆောင်တတ်သော ဂြိုဟ်များကို သုတေသနပြုလေ့လာသွားရန် လိုအပ်ပေသည်။ ဤအတွက် (၇)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ် သခင်ဂြိုဟ်က အောက်ဖော်ပြပါ အတိုင်း ဇာတာရှင်တစ်ဦး အိမ်ထောင်ကျနိုင်မည့် အသက်ပိုင်းကို လမ်းညွှန်၊ လွှမ်းမိုး ဖော်ပြတတ်ပါကြောင်း တင်ပြပေးလိုပါသည်။

၁နွေဂြိုဟ် (၂၅)နှစ်၊ ၂လာဂြိုဟ် (၂၅)နှစ်၊ ၃ဂါဂြိုဟ် (၂၄)နှစ်၊ ၄ဟူးဂြိုဟ် (၃၂)နှစ် (အခြားနည်းတစ်ခုအရ ၁၈-နှစ်)၊ ၅တေးဂြိုဟ် (၂၂)နှစ်၊ ဗြဟ္မာဂြိုဟ် (၂၈)နှစ်မှ (၃၄)နှစ်အတွင်း၊ စနေဂြိုဟ် (၂၆)နှစ် (သို့မဟုတ်) (၃၂)နှစ်၊ ကိတ် (၃၂)နှစ်၊ ရာဟု (၂၆)နှစ်တို့ကို ဖော်ပြပေးတတ်ပါသည်။ အချို့က ရာဟုနှင့် ကိတ်တို့ကို (၂၈)နှစ်ဟု အညွှန်းပြု ဖော်ပြမှု ရှိပါသည်။

ယင်းနည်းစနစ်ကို ကျွန်ုပ် ပုံမှန်အသုံးပြုလေ့ မရှိခဲ့ပါချေ။ သို့သော် ယင်းအချက်သည် ဇာတာများစွာအတွက် အတိတ်ကာလက အိမ်ထောင်ကျခဲ့သော အသက်ပိုင်းကို ဆန်းစစ်ရန်နှင့် ဇာတာ၏ မှန်ကန်မှုကို ဆန်းစစ်ရာတွင် လက်တွေ့ကျကျ အသုံးဝင်ခဲ့ပါသည်။ ယင်းအတွက် ဖော်ပြချက်အတိုင်း ပုံသေထား အသုံးမပြုသင့်သေးဘဲ လက်တွေ့ သုတေသနပြုကြည့်ရန်ကား လိုအပ်ပါသည်။

အထက်ပါ ဇာတာတွင် (၇)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် စနေဖြစ်နေပေရာ စနေသည် (၂၆)နှစ်ကို ဖော်ပြနေပေသည်။ စနေဂြိုဟ်က စီးထားသော နက္ခတ်သခင်ဂြိုဟ် ၁နွေမှာ (၂၅)နှစ်ကို ဖော်ပြပေသည်။ သို့ဖြစ်၍ ပျမ်းမျှအားဖြင့် (၂၅.၅)နှစ်တွင် အိမ်ထောင်ကျရန် ရှိပေသည်ဟု ယူဆရပေတော့သည်။ ဆုံးဖြတ်သော ရက်၊ လ၊ နှစ်တွင် ဇာတာရှင် (၂၄)နှစ်

www.burmeseclassic.com

www.burmeseclassic.com

(၄)လသို့ ရောက်ရှိနေရကား နောက်တစ်နှစ်ခန့်တွင် (၂၅.၅)နှစ်သို့ ရောက်ရှိပေတော့မည်။

နက္ခတ်ဗေဒင်ပညာ၏ ယေဘုယျ ဥပဒေသများနှင့် စည်းမျဉ်းများအရ အိမ်ထောင်ကျ နောက်ကျနိုင်ခြင်းအတွက် နောက်ထပ် (၆)လ ပေါင်းဖြည့်ပေးရပေမည်။ သို့အတွက် အကြမ်းအားဖြင့် (၂၀၁၆)ခုနှစ်အတွင်း ထူလ ဘုတ္တိ၊ အန္တရဒသာများကို ဆန်းစစ်သုံးသပ်ရပေမည်။

(၁၅-၁၀-၂၀၁၃)မှ (၁၈-၁၀-၂၀၁၆)ထိ စနေ ထူလ၊ စနေ ဘုတ္တိဒသာ စားဝင်နေပေသည်။ ထူလဒသာသခင်အဖြစ် စနေကို စဉ်းစားပြီးရကား နောက်ဘုတ္တိဒသာဖြစ်သော ၄ဟူး ဘုတ္တိဒသာကို စဉ်းစားကြည့်ပါမည်။ ယင်းကာလသည် (၁၈-၁၀-၂၀၁၆)မှ (၂၈-၆-၂၀၁၉)ထိ စားဝင်ပေမည်။ အိမ်ထောင်ကျနိုင်မည့် ပျမ်းမျှ အသက်ပိုင်းအတွင်း ဝင်နေပေရာ ယင်းကာလကိုပင် စဉ်းစားရပေတော့မည်။ သို့သော် ယင်း ၄ဟူးဂြိုဟ်သည် အကျိုးဆောင်ဂြိုဟ်တွင် တိုက်ရိုက်မပါဝင်ထားပါချေ။

သို့သော် (၇)တန့်သခင် ၁နွေဂြိုဟ်၊ (၃၊ ၄၊ ၈) သခင် ဖြေကြဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၍ ဖြေကြာဂြိုဟ်သည် (၁၁)တန့်ဘာဝ၏ အားကောင်းသော အကျိုးဆောင်ဂြိုဟ် ဖြစ်နေပါသည်။ သို့ဖြစ်၍ ၄ဟူး ဘုတ္တိဒသာကာလတွင် အိမ်ထောင်ကျရန် ရှိပေမည်။

## ဖြစ်ရပ် ဖြစ်ပေါ်ချိန်ကာလ

ဇာတာရှင်သည် (၂၄-၁၁-၂၀၁၆)တွင် အိမ်ထောင်ကျပေရာ ဖြေကြာ အန္တရ (၁၅-၁၁-၂၀၁၆ မှ ၈-၁၂-၂၀၁၆)အတွင်း ဖြစ်ပေသည်။

## ဘာသာပြန်သူ့ မှတ်ချက်

ထူလဒသာသခင် စနေသည် (၁၁)တန့်တွင် ရပ်တည်၍ ၁နွေနက္ခတ်၊ ရာဟုဘုတ္တိနက္ခတ်ကို စီးထားပေသည်။ ၁နွေရော ရာဟုပါ (၂၊ ၇၊ ၁၁)တန့် အကျိုးဆောင်ဂြိုဟ်များထဲတွင် ပါဝင်နေသည်။ ရာဟုသည် စနေနှင့် ပူး၍ (၁၁)တန့်တွင်ပင် ရပ်တည်ထားသည်။

ဘုတ္တိဒသာသခင် ၄ဟူးဂြိုဟ်သည် ကိတ်နက္ခတ်၊ စနေဘုတ္တိနက္ခတ်ကို စီးထားသည်။ ကိတ်သည် ၂လ်ာပိုင် ရာသီတွင် ၅တေးပိုင် နက္ခတ်ကို စီးထား၍ (၂၊ ၇၊ ၁၁)တန့်တွင်းပါ အကျိုးဆောင်ဂြိုဟ် နှစ်ခုအား ကိုယ်စား



ပြုထားသည်။ စီးဘုတ္တိနက္ခတ်သခင် စနေသည် (၁၁) တန့်တွင် ရပ်သည်။

အန္တရဒသာသခင် ဖြေကြာဂြိုဟ်သည် ဖြေကြာပိုင်နက္ခတ်၊ ၅တေးပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။ ဖြေကြာသည် (၁၁)တန့်ရပ် (၁၁-တန့် သန္ဓိနှင့် တစ်အံသာထိ ကပ်ပူး၍ ယူခြင်း)ဖြစ်၍ ၅တေးသည် (၁၁)တန့်သခင် ဖြစ်သည်။

ဒသာသခင်ဂြိုဟ် (၃)ခုလုံးသည် အကျိုးဆောင်ဂြိုဟ်များတွင် ပါဝင်နေသော နက္ခတ်သခင်၊ ဘုတ်နက္ခတ်သခင်များကိုသာ စီးထားခြင်းကား ထင်ရှားပါသည်။

ဤဆောင်းပါးကို ကေ.ပီ ဝါသနာရှင်များအတွက် ဘာသာပြန်ဆို တင်ပြရခြင်းမှာ (၇)တန့် သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်မှ အိမ်ထောင်ကျချိန် အသက်ပိုင်းဖြတ်ချက် အယူအဆအား သုတေသနပြုစေလို၍ ဖြစ်ပါသည်။ ယင်းဂြိုဟ်အလိုက် အသက်ပိုင်း ဖော်ပြချက်များကို ပုံသေယူ၍ မရနိုင်ခြင်းကလည်း သိသာထင်ရှားပါသည်။ သုတေသနပြုကာ လိုအပ်ချက်ကို ပေါင်းဖြည့်ပေးရန် လိုပါမည်။ အယူအဆသစ် တစ်ရပ်သည် အတိုင်းအတာ တစ်ခု အထောက်အပံ့ ဖြစ်စေကြောင်း တွေ့ရ၍လည်း ကေ.ပီ စနစ်ကို ဝါသနာပါသူများ အကျိုးရှိစေရန် ဖော်ပြ လိုက်ခြင်း ဖြစ်ပါသည်။ ပညာယူနိုင်ကြပါစေသတည်း။

ဆရာရန်အောင်ဟိန်း(B.Sc

ကျမ်းကိုး ＊ K.P Ezine (December 2016).

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁ ၈၄၉၀၅

www.burmeseclassic.com

www.burmeseclassic.com



ဟိန်း(ဘူမိ)

# အိမ်တွင်းသုံး သဘာဝကုထုံးနည်းများ (၁)

အဆိပ်အတောက်၊ ဓာတုဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုး များပြားလှသော ခေတ်သုံး ဆေးဝါးများကြောင့် ကမ္ဘာတွင် သဘာဝကုထုံးနည်းများ ခေတ်စားလာနေချေပြီ။ မြန်မာတို့သည် သဘာဝကုထုံးနည်းများကို စိတ်ဝင်စားကြပေရာ ဒေါက်တာရာဂျက်ဝါရီ (Dr. Rajeshwari) ၏ အိမ်တွင်းသုံး သဘာဝကုထုံးနည်းများ (Nature Cure At Home) စာအုပ်မှ ကောင်းနိုးရာရာများကို ရွေးထုတ်ကာ မြန်မာဘာသာသို့ ပြန်ဆိုတင်ပြပေးသွားပါမည်။

**သဘာဝ၏ ဥပဒေသများ**

**(The Law Of Nature)**

ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်းနှင့် သင့်တင့်မျှတစွာ နေထိုင်ခြင်းဟူသော ဥပဒေသများမှအပ အခြားမရှိပါချေ။ ယင်းအချက်သည် ရိုးရှင်းလှသော်လည်း လိုက်နာနေထိုင်ရန်ကား ခက်ခဲနေတတ်ပေသည်။ သဘာဝ၏ ဥပဒေသများကို ချိုးဖောက်ခြင်းကြောင့် ရောဂါဝေဒနာများ ခံစားရတတ်ပြီး လိုက်နာဆောင်ရွက်ပါမှ ကျန်းမာရေးကို ကောင်းစွာ ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါသည်။

သဘာဝကုထုံးနည်း၏ အရေးပါသော ဥပဒေသအချို့ကို မသိမဖြစ် အချက်များအဖြစ် ဖော်ပြပေးလိုက်ပါသည်။

၁။ ကုသခြင်းသည် ကိုယ်တွင်းမှ လာသည်။
၂။ အဆိပ်ဓာတ်များက ရောဂါရစေခြင်း၏ အကြောင်းရင်း ဖြစ်သည်။
၃။ ကိုယ်,စိတ် နှစ်ပါးလုံးကို ကုသပေးရန် လိုအပ်သည်။
၄။ ကိုယ်တွင်း သန့်စင်စေခြင်း မပါဘဲ ကုသခြင်း မမည်ပါချေ။
၅။ သင့်ဘာသာ ကုသပေးပါ။ သင့်ကျန်းမာရေးအတွက် သင့်တွင်သာ တာဝန်ရှိ၍ ဖြစ်သည်။

**ကုသခြင်းသည် ကိုယ်တွင်းမှ လာသည်**

သဘာဝ၏ အခြေအနေတွင်း နေထိုင်ရသော ဘဝသည် ကျန်းမာခြင်း မည်ပါပေသည်။ ကမ္ဘာမြေပေါ် နေထိုင်ရခြင်းသည် သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ရခြင်း ဖြစ်ပေရာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင်းသို့ အရေးပါသော အသက်ဓာတ်အား အမြဲတမ်းလို စီးလှည့်နေပေသည်။ ဘဝတာတွင် သဘာဝနှင့် အသားကျစွာ (ဝါ) လိုက်လျောညီထွေစွာ နေထိုင်ခြင်းက လူသား၏ ခန္ဓာကိုယ်နှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ပြည့်စုံသော ညီညွတ်ပြေပြစ်မှု (ဝါ) သဟဇာတဖြစ်မှုကို ဖြစ်ပေါ်စေသည်။

သို့သော် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင်းရှိ အသက်ဓာတ်အားသည် ပတ်ဝန်းကျင်နှင့် ညီညွတ်ပြေပြစ်မှု မ[illegible] ပါက ကိုယ်တွင်း၌ အပြစ်ဖြစ်ပေါ်လာရပေတော့သည်။ သို့အတွက် ခန္ဓာကိုယ်တွင် နေထိုင်မကောင်းခြင်း ရော[illegible] တစ်ခုခု ဖြစ်ပေါ်ခံစားလာရခြင်းတို့နှင့် ကြုံလာရပေတော့သည်။ ခန္ဓာကိုယ်သည် ယင်းသဘာဝတရားထံမှ စွမ်း[illegible] အင်ပမာဏတစ်ရပ် ရရှိဖို့ လိုအပ်ပေသည်။ ဆေးဝါးများက ယင်းစွမ်းအားမျိုးကို မပေးနိုင်ပါချေ။ ယင်းသဘာဝ[illegible] စွမ်းအားက ကိုယ်တွင်း အသက်ဓာတ်အားကို ထိန်း[illegible] ပေးကာ အားလုံးသော အနှောင့်အယှက်၊ အပ[illegible] များကို တားဆီးပေးပေသည်။ ဆဲလ်များနှင့် ခန္ဓာကို[illegible]



www.burmeseclassic.com

www.burmeseclassic.com

တွင်း အင်္ဂါများအတွင်း ယင်းအသက်ဓာတ်အားများကို ထိန်းသိမ်းထားနိုင်မှသာလျှင် ခန္ဓာကိုယ်တွင် ရောဂါကို ဖြစ်စေမည့် အဟန့်အတားများကို ဖယ်ရှားပစ်နိုင်ပေမည်။

**အစောင့်ဆဲလ်များ**

ဥပမာ-လူငယ်လေး တစ်ဦးသည် လက်တွင် ဒဏ်ရာအနာတရ တစ်ခုဖြင့် ကြုံတွေ့ရသည် ဆိုကြပါစို့။ သူက ဆက်လက်၍ ဆော့ကစားနေပြီး ဆေးထည့်ရန် လက်မခံဘဲ နေနေသည် ဆိုပါစို့။ အံ့အားသင့်ဖွယ်ရာပင် ရက်အနည်းငယ် အကြာတွင် ယင်းဒဏ်ရာမှာ အလိုလို ပျောက်ကင်းသွားသည်ကို တွေ့ရပေမည်။ အဘယ်ကြောင့် ပါနည်း။

ခန္ဓာကိုယ်တွင်း ဒဏ်ရာအနာတရ ကြုံရပါက ခန္ဓာကိုယ်တွင်းရှိ သေးငယ်လှသော ဆဲလ်လေးများသည် အားဖြည့်ဝလာပြီး ဒဏ်ရာဖြစ်ရာနေရာ အနီးတစ်ဝိုက်တွင် စုရုံးရောက်ရှိ မွှားများလာကာ ဒဏ်ရာပေါ်တွင် အရေပြားအသစ်ကို တဖြည်းဖြည်း အစားထိုးပေးပါတော့သည်။ ယင်းဆဲလ်လေးများကို အစောင့်ဆဲလ်များ (ဝါ) ရဲဆဲလ်များ(Police Cells) ဟု ခေါ်သည်။ အရေပြားပေါ်ရှိ ဒဏ်ရာအား ပြင်ပမှ ရောဂါပိုးမွှားများ မဝင်စေရန် တိုက်ထုတ် တားဆီးပေးသည့်အပြင် ဒဏ်ရာရဆဲလ်များကို ဆဲလ်သစ်များဖြင့် အစားထိုး ပြုပြင်ပေးပေသည်။

ဒဏ်ရာသေးငယ်ပါမူ ယင်းသို့ လုပ်ဆောင်ပေးခြင်းဖြင့်ပင် အဆင်ပြေသွားတတ်သော်လည်း ဒဏ်ရာကြီးမားပြင်းထန်ခြင်းတွင် မည်သို့ ဖြစ်ပေါ်ကြုံတွေ့ရပါမည်နည်း။

ဒဏ်ရာပြင်းထန်၍ ကြွက်သားများ စုတ်ပြတ်သွားပါက ကုသပေးခြင်း နည်းစဉ်သည် ပိုမိုနက်ရှိုင်းသော တစ်ရှူးများတွင် ဖြစ်ပေါ်ရပေသည်။ အရိုးကျိုးခြင်းကဲ့သို့သော ကိစ္စမျိုးတွင်ပင် ကျိုးသွားသော အရိုးနေရာ၌ ပျော့ပျောင်းသော တစ်ရှူးများဖြင့် ဆက်စပ်ပေးပါသည်။ တစ်ရှူးအသစ်များ မြဲမြံသည့်အထိ ခန္ဓာကိုယ်ရှိ အခြားအင်္ဂါအစိတ်အပိုင်းများကဲ့သို့ သန်မာ အားရှိလာသည်ထိ ဆောင်ရွက်ပေးပါသည်။ ဒဏ်ရာကြီးမားသော နေရာတွင် ချုပ်နှောင်ခြင်း၊ ပလာစတာအုံပေးခြင်း စသည့် ပြင်ပမှ လုပ်ဆောင်ပေးခြင်းမှာ ကိုယ်တွင်းမှ သဘာဝကျသော ကုသပေးခြင်း ဖြစ်စဉ်အား အထောက်အကူ ရစေရုံသာ ဖြစ်ပေသည်။ ဦးနှောက်တွင်းရှိ အာရုံကြောဆဲလ်များ(nerve cells) နှင့် ကျောရိုးမကြီးမှ အာရုံကြောဆဲလ်များမှတစ်ပါး အားလုံးသော တစ်ရှူးများသည် ဒဏ်ရာရပါက အရေပြားသစ်ကို ယင်းတို့ဘာသာ ဖြစ်ပေါ်ဖွံ့တည်စေနိုင်ပါသည်။

**အသက်ဓာတ်အား၏ အံ့ဖွယ်စွမ်းအား**

ပြင်းထန်သော ရောဂါဝေဒနာမျိုး ခံစားနေရသူများ (ဝါ) ပြင်းထန်သော ထိခိုက်အနာတရ ကြုံရသူများကို လေ့လာခဲ့ရာတွင် အချို့သော ဖြစ်ရပ်များ၌ ဆေးဝါးဖြင့် ထောက်မ,ကုသမှု မခံယူကြရဘဲ ပြန်လည်သက်သာကောင်းမွန်လာခြင်းကို တွေ့ရှိခဲ့ကြရသည်။

ယင်းကိစ္စမျိုးတွင် အသက်ဓာတ်အား(the vital force) သည် ခန္ဓာကိုယ်တွင်း၌ သဘာဝအလျောက် ထောက်ပံ့အားဖြည့်ပေးခြင်းက အဓိကကျကြောင်း တွေ့ရှိခဲ့ရပေသည်။ အလွန်အားနည်း၍ သေလုခမန်း အခြေအနေမျိုးမှ နာလန်ပြန်ထူလာခြင်းမျိုးတွင် ပြင်ပမှ ဆေးဝါးကုသမှုမျိုး မခံရသည့်တိုင် သဘာဝအလျောက် ကိုယ်တွင်းစနစ်မှ အလိုအလျောက် ကုသပေးခြင်း နည်းစဉ်အရ ဖြစ်ရပေသည်။

**အားနည်းသော အသက်ဓာတ်အား၏ အကျိုးရလဒ်**

အချို့သော သူများသည် အလားတူ အခြေအနေမျိုးတွင် အသက်ဓာတ်အား ကင်းမဲ့မှုကြောင့် နာလန်ပြန်မထူနိုင်ဘဲ အသက်ဘေးထိ ကြုံရတတ်ကြောင်း တွေ့ရှိရပေသည်။

ယင်းမှာ သဘာဝဥပဒေသများကို ချိုးဖောက် နေထိုင်ခဲ့မှုကြောင့် ဖြစ်ရတတ်ပေသည်။ ကိုယ်တွင်း အသက်ဓာတ်အား အားနည်းပျော့ညံ့မှုကြောင့် ပြင်ပမှ ရောဂါပိုးဝင်ရောက်မှုကို မဟန့်တား၊ မတိုက်ဖျက်ပေးနိုင်တော့ခြင်းကြောင့် ဤသို့ ဖြစ်ရခြင်း ဖြစ်ပေသည်။

သဘာဝနှင့် ညီညွတ်ပြေပြစ်အောင် မနေထိုင်နိုင်ခဲ့သောကြောင့် ကိုယ်တွင်း၌ အဆိပ်ဓာတ်များ စုပုံလာကာ အဆိပ်ဓာတ်များ အရေပြားသို့ တက်လာပါက နာကျင်ကိုက်ခဲခြင်း၊ အရေပြားပေါ်တွင် အဖု,အနာများ ပေါက်ခြင်း စသည်ဖြင့် ကြုံတွေ့ရတတ်ပေသည်။ ယင်းက ကိုယ်တွင်း အဆိပ်ဓာတ်များကို သန့်စင်ပစ်ရန် လိုအပ်နေပြီဖြစ်ကြောင်း သတိပေးချက်ပင် ဖြစ်ပါသည်။

ဟိန်း(ဘူမိ)



www.burmeseclassic.com

www.burmeseclassic.com



ရွှေတာလေး(လွိုင်လင်)

# ကလေးသူငယ် လေနာရောဂါပျောက်ဂါထာ

(၂၀၁၆)ခုနှစ်၊ စက်တင်ဘာလထဲတွင် ကျွန်တော်တို့ အဘိုး အဘွားအတွက် မြေးကလေး တစ်ယောက် ရလိုက်သည်။ ထိုမြေးကလေးမှာ ကျွန်တော်တို့နှင့် အတူနေသော သားအငယ်ကောင် ဇနီးမောင်နှံမှ မွေးဖွားလိုက်ခြင်း ဖြစ်သည်။ မြေးကလေးမှာ မိန်းကလေးဖြစ်ပြီး ဖြူဖြူဖွေးဖွေး ချစ်စရာလေးမို့ ပထမဦးဆုံး ရလိုက်သည့် ရတနာကလေးအနေနှင့် မိဘများဖြစ်ကြသော သားငယ် ဇနီးမောင်နှံတို့ အူလှိုက်အသည်းလှိုက် ဖြစ်ကြသလို ကျွန်တော်တို့ အဘိုးအဘွားများကလည်း ပြောစရာမရှိအောင် သည်းသည်းလှုပ်ကာ အချစ်ပိုကြရသည်။

မြေးကလေးမှာ စမွေးကတည်းက ဘာမျှမဖြစ်ဘဲ ရောဂါကင်းစွာ အေးအေးချမ်းချမ်း ရှိနေခဲ့သော်လည်း ရက်ပေါင်း(၂၀)ကျော်လာသောအခါ ညစဉ် (၁၁)နာရီကျော်သည်နှင့် ချော့၍မရအောင် ငိုနေတတ်လေသည်။ ငိုနေသည်မှာ ခါးကို ကော့ကော့ထိုးကာ ငိုနေခြင်းဖြစ်၏။ ငိုနေစဉ် မိခင်နို့ကိုပင် ကောင်းစွာ မစို့နိုင်။ တအီးအီး တအင်းအင်းနှင့် ဂျီကျလျက် ရှိနေ၏။

ကလေးကို လက်ပေါ်တင်၍ ဝမ်းလျားမှောက်စေပြီး ကျောပြင်ကို အသာနှိပ်ပေးလိုက်ပါက အငိုရပ်သွားသည်ကို တွေ့ရသဖြင့် ကလေးမှာ လေနာရောဂါ ခံစားနေရကြောင်း ကျွန်တော် သိလိုက်၏။ ယင်းသို့သော လေနာကြောင့် ကလေးက ထငိုနေသည့်အတွက် မိဘများအနေနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရသလို ကျွန်တော်တို့ အဘိုး အဘွားတို့မှာလည်း မြေးဖောနှင့် အိပ်ရေးပျက်ခဲ့ရသည်။

ကလေးငိုသံကြောင့် အိမ်နီးနားချင်း အသိမိတ်ဆွေများ ရောက်လာပြီး မုန့်ညင်းဆီများ လိမ်းပေးခြင်း၊ ကလေးရင်လူးဆေးများ လိမ်းပေးခြင်း၊ ကလေးလေဆေး တိုက်ကျွေးခြင်း စသဖြင့် လာရောက်ကူညီ ဆောင်ရွက်ပေးကြပါသည်။ ကလေးမိဘများကလည်း အင်္ဂလိပ်ဆေးသာမက တိုင်းရင်းဆေးဝါးများ အကူအညီဖြင့် ကလေးကို ပြုစုစောင့်ရှောက်ကြသည်။ သို့သော် ကလေးမှာ ဆေးလိမ်းတုန်းခဏ၊ ဆေးတိုက်တုန်းခဏသာ သက်သာသွားပြီး နောက်တစ်နေ့ ည(၁၁)နာရီကျော်သည်နှင့် ထုံးစံအတိုင်း ကော့လန်၍ ကျွက်ကျွက်ညံအောင် ဆူညံနေပေတော့သည်။

သည်တော့ကာ မြေးကလေး၏ဝေဒနာ လေရောဂါပျောက်ရေးအတွက် မည်သို့လုပ်ရမည်ကို ကျွန်တော် အပြေးအလွှား စဉ်းစားမိလိုက်ရာ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်က ခင်မင်ရင်းနှီးခွင့်ရခဲ့သည့် အဘအေးကို အမှတ်ရလိုက်မိသည်။

◆◆◆

(၁၉၈၁-၈၂)ခုနှစ်ကာလက ကျွန်တော်တို့ ဇနီးမောင်နှံသည် အလုံမြို့နယ်၊ သစ်တောရပ်ကွက် လှိုင်မြစ်ကမ်းနံဘေးရှိ ဖျောက်တောဟူ၍ ခေါ်မည်တွင်သော ကျူးကျော်ရပ်ကွက်ကလေး တစ်ခုတွင် အိမ်ငှားနေထိုင်ကြရာ ထိုရပ်ကွက်ကလေးထဲမှ အသက်အရွယ်အားဖြင့် (၇၀)ကျော်၊ (၈၀)ကျော် နီးပါးခန့်ရှိ အဘအေး ဆိုသူနှင့် ခင်မင်သိကျွမ်းခွင့်ရခဲ့သည်။

အဘအေး၏ နာမည်မှာ ဦးအေးဖြစ်သော်လည်း ရပ်ကွက်ထဲတွင် အဘအေးဟူ၍သာ ခေါ်ဝေါ် ခေါ်ထ ရှိကြသဖြင့် ကျွန်တော်ကလည်း အဘအေးဟု နှုတ်ကျိုးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘအေးသည် ရပ်ကွက်ထဲတွင် ကလေးသူငယ် လေနာရောဂါ ကုသရာတွင် အထူးနာမည်ကြီးသူဖြစ်ရာ သူ၏အိမ်တွင် ရုံဖန်ရံခါဆိုသလို ကလေးလေရောဂါ ဝေဒနာရှင်များ လာရောက်ကုသကြသည်ကို တွေ့မြင်နေရတတ်၏။ အထူးသဖြင့် ကလေးလေပျဉ်ချရာတွင်လည်း နာမည်ကြီးသူဟု ဆိုရပေမည်။

အဘအေးသည် ကလေးများကို လေရောဂါကုသရာ၌ အခကြေးငွေအားဖြင့် ထိုအခါက ငွေတစ်ကျပ်သာ လက်ခံသည်။ ကလေးမိဘများက စေတနာရှိစွာနှင့် ကုသခငွေစာစ်ကျပ်ထက်ပိုကာ တစ်ရာ၊ တစ်ထောင် ကန်တော့ကြသော်လည်း အဘအေးက လက်မခံ။ တစ်ကျပ်တည်းသာ လက်ခံပြီး ထိုတစ်ကျပ်ကို အလှုံမြို့နယ်၊ အောင်မင်္ဂလာ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွက် ရည်စူး၍ အာစိဏ္ဏကံစုဘူးထဲသို့ ထည့်သိမ်းလှူလေ့ရှိလေသည်။

အဘအေး ကလေးလေရောဂါ ကုသပုံမှာ ရှေးဦးစွာ သူ၏ ညာဘက်လက်မကို ဂါထာရွတ်ဆို မန်းမှုတ်ပြီး ကလေးဝမ်းဗိုက် ချက်အနီး ဘယ်ညာတစ်ဝိုက်ကို အသာနှိပ်ပေး၍ ကုသခြင်းဖြစ်၏။ အဘအေးသည် ထိုပညာကို ဝေဘာအုပ်ဘဝနှင့် တာဝန်ထမ်းဆောင်စဉ် စာဘူးတောင်းရွာမှ ကရင်အဘိုးကြီး တစ်ယောက်ဆီက ရလိုက်ခြင်းဖြစ်သည် ဟူ၏။

ထိုပညာကို ကျွန်တော်က စိတ်ဝင်စားသဖြင့် အဘအေးထံမှ တောင်းဆိုလေရာ ပထမတော့ အဘအေးက ငြင်းဆိုပြီး ချက်ချင်းမသင်ပေးဘဲ နေခဲ့သည်။

ယင်းနောက် ရက်၊ လ ကြာလာသည်နှင့်အမျှ ကျွန်တော့်ကို သားသမီးသဖွယ် သံယောဇဉ်ဖြစ်ကာ–

'အင်း..အဘလည်း အသက်က ရလာပြီ။ နေ့လား ညလားဆိုတာ မပြောနိုင်ဘူး။ မနက်ဖြန်ဆိုတာလည်း စိတ်ချရတာ မဟုတ်ဘူး။ ဒီတော့ကာ အဘပညာကို သေရွာ မယူသွားတော့ဘူး။ ငါ့သားကိုပဲ ပေးခဲ့မယ်'ဟု ဆို၍ ရွတ်ဆိုရမည့် ဂါထာနှင့် ကုသနည်းများကို မခြွင်းမချန် သင်ကြားပေးခဲ့ခြင်း ဖြစ်ပေသည်။

◆◆◆

သို့နှင့် ကျွန်တော်သည် အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း အဘအေးထံမှ ရရှိလိုက်သော ဂါထာကို ရွတ်ဆိုကာ မိမိညာဘက်လက်မကို မန်းမှုတ်ပြီး မြေးမကလေး၏ ဝမ်းဗိုက်ချက်အနီးတစ်ဝိုက်ကို အသာနှိပ်ပေးလိုက်၏။

နှစ်ရက်၊ သုံးရက်မျှ ဆက်တိုက်ဆိုသလို ညအိပ်ရာ မဝင်မီ နှိပ်ပေးလိုက်ရာ မြေးမကလေးခံစားနေရသော လေနာရောဂါမှာ နေလာနှင်းပျောက် ဆိုသလို ဘယ်ဆီ ရောက်သွားမှန်းမသိ။ ယခုဆိုလျှင် ကျွန်တော်တို့ အဘိုး အဘွားမှာ ည(၁၁)နာရီကျော်မှာကို မကြောက်ရတော့ဘဲ ရောဂါကင်းကာ အေးချမ်းစွာ အိပ်ပျော်နေသည့် မြေးမကလေးကိုကြည့်၍ ပြုံးပျော်နိုင်တော့သည်။

မိမိညာဘက်လက်မကို မန်းမှုတ်ရန် ရွတ်ဆိုရမည့် ဂါထာမှာ–

*'ဉုံ.. တောင်ကြီး၊ တောင်ငယ်၊ တောင်သုံးဆယ်၊ သက်ဆရာသက်၊*
*ဆင်းဆရာဆင်း၊ ပျောက်ဆရာပျောက်'* (၃၇)အုပ်ဟူ၍ပင် ဖြစ်ပေတော့သတည်း။



သုခီအဏ္ဏာန် ပရိဟာရမှ
ရွှေတလေး(လှိုင်သင်)

(ဤဆောင်းပါးဖြင့် လေနာရောဂါပျောက် ဂါထာနှင့် ကုသနည်းကို သင်ပေးသည့် ကွယ်လွန်သွားပြီဖြစ်သော အဘအေးအား သတိတရ ဂါရဝပြုလျက်။)



www.burmeseclassic.com

www.burmeseclassic.com



(၁)

<u>သကြိန်ကာလအမိဋ္ဌာန်</u>

(၁၉၇၇)ခုနှစ်မှစ၍ လွန်ခဲ့သောနှစ်များစွာ တောင်သုံးလုံးတောရစခန်း၌ အဘဘိုးသံ ချမှတ်ပေးသော ကျင့်စဉ်ကို ခံယူပြီး အမိဋ္ဌာန်ဝင် ကျင့်ကြံအားထုတ်ခဲ့သော နေ့ရက်များစွာနှင့်အတူ ဆရာသခင်ဖြစ်သော အဘဘိုးသံ ကို အောက်မေ့တမ်းတခြင်း ဖြစ်မိပါသည်။ ထိုစဉ်ကာ များ၌ အဘဘိုးသံ၏ တပည့်ရင်းဖြစ်ကြသော ဆရာဦး သိန်း၊ ဦးထွန်းရွှေ(ဥက္ကလာထွန်းရွှေ)၊ ဒေါ်ဝင်းရီတို့သ အဘဘိုးသံအား ပါရမီဖြည့်လျက် တောင်သုံးလုံးသ နာ ဖွံ့ဖြိုးရေးအတွက် အားကျိုးမာန်တက် ဆောင်ရွက် သူများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်သုံးလုံးတောရ
ပါရမီစခန်း၌ တာမွေမြို့နယ်
ဝါယမအသင်းမှ ဆရာဦးသိန်းဟံ၊
ဦးသိန်းဖေ၊ ဦးကျော်ထွန်း၊ ဦးအောင်သန်းတို့ အဖွဲ့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com

ထပ်မံ အားဖြည့်လျက် အဘဘိုးသံအား ပါရမီဖြည့် သာသနာပြုခဲ့ကြပါသည်။ ကျွန်တော်သည် ဥပဇ္ဈာယ်ဆရာဖြစ်သော ဆရာဦးစံသိန်း၏ တပည့်တစ်ဦးအနေဖြင့် တောင်သုံးလုံးသို့ ဆရာနှင့်အတူ ရောက်ရှိခဲ့ပြီး အဓိဋ္ဌာန်ဝင်ကျင့်ကြံအားထုတ်ခဲ့ပါသည်။ တောင်သုံးလုံး၌ အောင်ကြဖေယျ မြသိန်းတန်စေတီတော်ကြီးကို ဒုတိယအကြိမ်ငုံလျက် ဉာဏ်တော်မြှင့်ပြီး တည်နေချိန် ဖြစ်ပါသည်။

သင်္ကြန်ကာလ အဓိဋ္ဌာန်ရက်များ ဖြစ်ပါသည်။ ဆရာဦးစံသိန်းနှင့်အတူ တောင်သုံးလုံး၌ အဓိဋ္ဌာန်ဝင်ခဲ့ကြပါသည်။ ကျွန်တော်တို့အဖွဲ့တွင် ကိုအောင်ဆွေ(ချောင်းဦး) လည်း ပါဝင်ခဲ့ပါသည်။ အောင်ကြဖေယျ မြသိန်းတန်စေတီကြီး၏ တနင်္ဂနွေထောင့်အရပ်ရှိ ထွက်ရပ်ပေါက် အဘဆရာတော်ကြီးများ ဓာတ်နန်းအုတ်တိုက်နှင့် မျက်နှာချင်းဆိုင် သစ်သားခြေတံရှည် ဇရပ်ထဲ၌ ကျွန်တော်တို့ နေထိုင်လျက် ရှိပါသည်။ အဓိဋ္ဌာန်ဝင်သူများ နေကြရာ ဆရာဦးလှကြိုင်(ရွှေရင်ကျော်)တို့အဖွဲ့ လေး,ငါးဦးလည်း ရှိနေကြပါသည်။

တစ်ညတွင် ကျွန်တော်တို့အဖွဲ့ စကားဝိုင်းဖွဲ့မိကြသည်။ ဆရာဦးစံသိန်း၊ ဆရာဦးထွန်းရွှေ၊ ဦးလှကြိုင်တို့ လူကြီးများ ကျင့်စဉ်များအကြောင်း၊ အဂ္ဂိရတ်အကြောင်း ပြောဆိုနေသည်ကို ကျွန်တော်နှင့် ကိုအောင်ဆွေတို့ နှစ်ဦး နားထောင်လျက် ရှိကြသည်။

ဆရာဦးလှကြိုင်က-

'တောင်ပေါ်မှာ ဆရာစုံ၊ ဂိုဏ်းစုံ တော်တော်လာကြတယ်။ တချို့လည်း အဘဘိုးသံရဲ့ ဩဝါဒကို မခံဘဲ သူတို့သဘောနဲ့ သူတို့ လုပ်သွားကြတယ်။ တောင်ပိုင်ကြီးကို အဘအမိန့်နဲ့ ထားပေးထားလို့ပေါ့။ မဟုတ်တာ လုပ်ရင် အမှားမခံဘူး'

ဒေါ်ဝင်းရီက-

'ကိုလှကြိုင်..ပြီးခဲ့တဲ့ ပြာသိုလက အရေးကြီးကို ကျားသားအမိ လာဖူးနေကြတဲ့အချိန် ဆရာတစ်ဖွဲ့ ရောက်လာပြီး အဘဘိုးသံရဲ့ အမိန့်မခံဘဲ သူတို့အလံကိုထူ၊ စေတီတည်မယ့် စနေထောင့်မှာ စိုက်တယ်။ တောထဲက ကျားမျက်နှာ ထွက်ပြတာ ဆန်ကောဝိုင်းလောက် ရှိတယ်။ ဆရာအဖွဲ့ အလံကို ယူချိန်မရဘူး။ တောင်ပေါ်က ဆင်းပြေးရတယ်'

တောင်သုံးလုံးတောရစခန်း၌ သက်သတ်လွတ်စားရာ နယ်မြေဖြစ်သော်လည်း တချို့ဝှက်ယူလာသော သားငါးများကို စားကြသည်။ တချို့ အဘဘိုးသံ၏ အမိန့်ဩဝါဒကို မနာခံဘဲ ထင်ရာလုပ်ကြသည်။ ထိုသူများ တောင်ပေါ်၌ အန္တရာယ်တစ်ခုခု ကြုံရစမြဲ ဖြစ်သည်။

**သိုက်တောင်ထန်းပင်**

ဆရာသမားများ စကားဝိုင်း၌ ကျွန်တော်သိချင်သော ကိစ္စတစ်ခုကို မေးမိသည်။

'စေတီတော်ကြီးရဲ့ တနင်္ဂနွေထောင့်က တောင်ထန်းပင်ကို ဘာလို့မခုတ်တာလဲ ဆရာ။ စေတီကြီးကိုငုံပြီး တည်နေတာ လွတ်ပါ့မလား'

ဆရာဦးလှကြိုင်က ဆရာဦးစံသိန်းကို လှမ်းပြောလိုက်သည်။

'ရက္ခစိုးကြီး..ခင်ဗျားတပည့်ကို ရှင်းပြလိုက်ဦး။ အဲဒါ မီးခဲနော်'

ဆရာဦးစံသိန်းက ပြုံး၍-

'အဘဘိုးသံကို လျှောက်ကြည့်ပေါ့။ သိလာပါလိမ့်မယ်'

ကျွန်တော်သည် လူကြီးများ အဖြေစကားကို ကြားရ၍ ရင်ထဲ မချင့်မရဲဖြစ်မိသည်။ အဘဘိုးသံထံ နောက်နေ့ကျမှ လျှောက်ထားတော့မည်ဟု ငြိမ်နေလိုက်ပါသည်။

(၂)

**တောင်သုံးလုံးသိုက်**

မယ်တော်ကြီး ဒေါ်သာယာ၏ ထမင်းကျွေးဇရပ်မှာ နံနက်စောစော အဘဘိုးသံ ယာဂုသောက်ချိန်အမီ ကျွန်တော်ရောက်သွားပါသည်။

ကျွန်တော့်အား အဘဘိုးသံက-

'ကောင်လေး..မင်းဆရာ ရက္ခစိုးကြီးရော'

အဘဘိုးသံသည် ဆရာဦးစံသိန်းအား တပည့်ရင်းဖြစ်ခြင်း၊ သစ်ပင်အောက်၌ ပုတီးစိပ် တရားထိုင်လေ့ရှိသော ဆရာအား ရက္ခစိုးကြီးဟု မှည့်ခေါ်ထားပါသည်။

'ဆရာ..နောင်တော်ကြီးမှာ အဓိဋ္ဌာန်ပုတီးစိပ်နေပါတယ် အဘ'

'မင်း ဘာကိစ္စရှိလို့လဲ'

'စေတီကြီး တနင်္ဂနွေထောင့်က တောင်ထန်းပင်ဟာ စေတီကြီးဘေးမှာရှိနေတာ ဘာလို့မခုတ်တာလဲ အဘ'



www.burmeseclassic.com

www.burmeseclassic.com

'မင်း ညကျရင် အဲဒီမှာ အလုပ်လုပ်ကြည့်ပေါ့။ သိလာလိမ့်မယ်'

အဘဘိုးသံသည် တိုတိုတောင်းတောင်း မိန့်ကြားပြီး ထမင်းစားဇရပ်မှ တဲနန်းသို့ ပြန်ကြွသွားပါသည်။

မယ်တော်ကြီး ဒေါ်သာယာက-

'နှင့်အဘိုး ပြောသလို လုပ်ကြည့်ပေါ့ ကောင်လေး။ သည်တောင်မှာက ဝိဇ္ဇာတွေ၊ ဥစ္စာစောင့်တွေ ပေါတယ်။ လူတွေ သိပ်မလာခင်တုန်းက ညနေစောင်းဆို စေတီကြီးမှာ ဥစ္စာစောင့်တွေ လူယောင်ဖန်ဆင်းပြီး ပုတီးလာစိပ်ကြတယ်။ ဘုရားပန်းတွေ လာလှူကြတယ်။ တစ်တောင်လုံး မွှေးကြိုင်နေတာ။ မြွေဖြူကြီးတစ်ကောင်က တောင်ကို ပတ်ပြီး လှည့်လည်စောင့်ရှောက်နေတာ။ အဲဒီမြွေကြီး နှာမှုတ်သံဟာ မီးရထားစက်ခေါင်းသံလို တရှူးရှူးနဲ့'

မယ်တော်ကြီး ဒေါ်သာယာသည် ကရင်လူမျိုးပီပီ စကားကို ပွင့်ပွင့်လင်းလင်း ပြောတတ်ပါသည်။ အဘဘိုးသံကို ပါရမီဖြည့်၍ တောင်သုံးလုံး၌ လာသမျှ ဧည့်သည်များကို သမီးအငယ်ဆုံး မတင်စိုး၊ သမီးကြီး ဒေါ်နှင်းစိန်၏ သမီးဖြစ်သော မြေးများနှင့် ချက်ပြုတ်ကျွေးမွေးနေရရှာသည်။ အမိုးကြီး၏ ပဲငပိချက်နှင့် ပီလောပီနံ့ရွက်ပြုတ် တို့စရာများသည် တောင်သုံးလုံး၏ နတ်သုဒ္ဓါများပင် ဖြစ်ပါသည်။

အဘဘိုးသံရှေ့ ကွယ်လွန်သွားရှာသော အမိုးကြီး ဒေါ်သာယာအား တမ်းတသတိရမိပါသည်။

**<u>အဓိဋ္ဌာန်မြောက် ဝိဇ္ဇာရောက်</u>**

ညကာလ (၉)နာရီအချိန် အောင်ကြဖေယျ မြသိန်းတန်စေတီကြီး တနင်္ဂနွေထောင့် ဂူဘုရားအတွင်း ကျွန်တော် ပရိက်ယူ၍ အဓိဋ္ဌာန်ပုတီးစိပ်ပြီး အာနာပါနရှုမှတ်နေစဉ် တောင်ထန်းပင်မှ အိမ်မြှောင်စုတ်ထိုး၍ ကောင်းချီးပေးပါသည်။ တရားထိုင်ရာဂူအတွင်းထောင့်မှ အိမ်မြှောင်စုတ်ထိုးသံ ထပ်ပေးပါသည်။

ကျွန်တော် သမာဓိအားကောင်းနေစဉ် အာရုံမြင်ကွင်းသည် ကြည်လင်တောက်ပလာပြီး အဖြူရောင်အလင်းများဖြစ်ပေါ်၍ ရုပ်ရှင်ပိတ်ကားချပ်သဖွယ် မြင်ကွင်းကျယ်ဖြစ်ပေါ်လာပါသည်။ သင်္ကန်းဝတ် ဆရာတော်ကြီးတစ်ပါး ကြွရောက်လျှက် ကျွန်တော့်ရှေ့မှာ ရှိနေပါသည်။ မျက်နှာတော်သည် တောက်ပလွန်း၍ အာရုံမြင်ကွင်းထဲ၌ပင် အားစိုက်၍ ဖူးမြော်ရပါသည်။ ဘုန်းတော်ကြီး၏ မျက်နှာတော်မှာ မဟာနုဖူးကောင်းခြင်း၊ နားရွက်ကြီးများ ဝိုင်းကားကြီးမားခြင်း၊ မျက်လုံးအစုံက စိမ်းလဲ့ရောင်တောက်ပအားကောင်းလွန်းခြင်းကို မြင်တွေ့ရပါသည်။

အဘဘိုးသံအား လျှောက်ထားမေးမြန်းသည့်အခါ လေးကျွန်းစကြာ ဆရာတော်ဟု ပြောကြားပါသည်။ လေးကျွန်းစကြာ ဆရာတော်သည် ထွက်ရပ်ပေါက် ဝိဇ္ဇာတစ်ပါး ဖြစ်သည်။

**<u>သိုက်နန်းရှင်၏ ဓာန်ဓာန</u>**

အာရုံမြင်ကွင်းမှ လေးကျွန်းစကြာ ဆရာတော်ကြီး ကွယ်ပျောက်သွားပြီး ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါး၍ ကြက်သီးတဖြန်းဖြန်းထလျှက် ရှိပါသည်။ စိတ်ကို တည်ငြိမ်အောင် သမာဓိဖမ်း၍ အာနာပါနကမ္မဋ္ဌာန်း ပြန်လည်ရှုမှတ်စဉ် အာရုံမြင်ကွင်းသည် အထင်းသား ဖြစ်ပေါ်လာပြန်ပါသည်။ ကျွန်တော် တရားမှတ်နေရာ ဂူအောက်ကို ထိုးဖောက်မြင်နေရပြီး မင်းသားအဝတ်အစားနှင့် ပုဂ္ဂိုလ်တစ်ဦးကို မြင်တွေ့လိုက်ရသည်။ ထိုပုဂ္ဂိုလ်သည် ကျွန်တော့်ကို မော့ကြည့်လျှက် ခက်ထန်မာကျောသော မျက်နှာထားနှင့် သံတံခါး(ပန်းခက်ပန်းနွယ်များသဏ္ဌာန် ပြုလုပ်ထားသည်) နှစ်ချပ်ကို အားကုန်ဆောင့်ပိတ်လိုက်ပါသည်။ ထိုတံခါးပိတ်သံကြီး ဂိုန်းခနဲမြည်လျှက် ကျွန်တော်၏ သမာဓိစိတ်အစဉ်တို့ လွင့်ပျောက်သွားကြသည်။ ကျွန်တော့်ရင်သည် တုန်ယင်လှိုက်မောနေမိသည်။

ဇရပ်သို့ ပြန်ရောက်သည့်အခါ ဒေါ်ဝင်းရီသည် မအိပ်သေးဘဲ ထိုင်စောင့်နေပါသည်။

'မောင်လေး..အဘမိန့်ကြားလိုက်တာ ဘာထူးသေးလဲ'

ကျွန်တော်က ဖြစ်ပျက်သမျှ ပြန်ပြောပြလိုက်ပါသည်။

အစ်မကြီးဒေါ်ဝင်းရီသည် ရယ်မောလျှက်-

'မောင်လေး..မင်း မေတ္တာပို့တာ နည်းသေးတယ်။ မေတ္တာကို သေသေချာချာ ပို့ရတယ်။ သည်တောင်ထန်းပင်အကြောင်း အဘပြောပြထားလို့ တို့သိနေတာ ကြာပြီ။ တောင်သုံးလုံးရဲ့ သိုက်တံခါးဝပဲ။ တောင်ထန်းပင်ကို ဘုရားနဲ့ မလွတ်လို့ ခုတ်ဖို့ကြံလိုက်ရင် သိုက်ဂလာပြီး တောင်းပန်လို့ အဘက မခုတ်ဘဲထားတာ။ မောင်လေးက

www.burmeseclassic.com

သမာဓိအားကောင်းလို့ ကိုစံသိန်းနဲ့ တိုင်ပင်ပြီး အဘ အမိန့်နဲ့ အလုပ်လုပ်ခိုင်းတာ။ လက်တွေ့သိရလို့ ပိုကောင်းတာပေါ့'

ကျွန်တော်သည် ထိုအချိန်မှစ၍ တောတောင်ဂန္ဓာရီ စခန်းထွက်ရာ၌ အာနပါနကမ္မဋ္ဌာန်းပြီးလျှင်, မေတ္တာကမ္မဋ္ဌာန်းကိုတွဲ၍ ကျင့်ကြံအားထုတ်ခဲ့ပါသည်။

(၃)

အကျွတ်အလွတ်စေတီ

သင်္ကြန်အတက်နေ့ ဖြစ်ပါသည်။ နေမွန်းတည့်ချိန်ကျော်၍ မွန်းလွဲ(၁)နာရီခန့် ရှိပါပြီ။ ကျွန်တော်သည် တောင်သုံးလုံး၏ အလယ်တောင်ဖြစ်သော နောင်တော်ကြီးစေတီ၏ စနေထောင့်အရပ်ရှိ တောင်ကြီးပင်အောက်၌ အဓိဋ္ဌာန်ပုတီးစိပ်လျက် ရှိပါသည်။ နေ့လယ်အချိန်ဖြစ်၍ အဓိဋ္ဌာန်သမားများ အနားယူနေကြပြီး ကျွန်တော်နှင့် ကိုအောင်ဆွေတို့ နှစ်ဦး လူရှင်းလှသော နောင်တော်ကြီးစေတီ၌ အလုပ်လာလုပ်ကြခြင်း ဖြစ်ပါသည်။

ကိုအောင်ဆွေသည် ဝိပဿနာတရားကို ရှုမှတ်သည် ဖြစ်ရာ ဂူအတွင်းဝင်၍ တရားထိုင်နေပါသည်။ ကျွန်တော် ပုတီးစိပ်နေစဉ် သင်္ကြန်မိုးသည် မျှော်လင့်မထားဘဲ ရွာချလိုက်ပါသည်။ ကျွန်တော့်နားထဲ လေရောမိုးပါ ဝုန်းဒိုင်းကြဲနေသံ ကြားရသည်။ သစ်ကိုင်းသစ်ခက်တို့ ထိခိုက်သံပင် တဂျုံးဂျုံးတဂျက်ဂျက် မြည်နေကြသည်။ ကျွန်တော် ပုတီးစိပ်နေသော တောင်ကြီးပင်သည် အပင်ကြီးမဟုတ်ဘဲ လူတစ်ထိုင်စာ လွတ်ရုံရှိပြီး အရွက်များ ကြီး၍သာ အရိပ်ခိုခွင့်ရသော အပင်ငယ် ဖြစ်ပါသည်။ တောင်ကြီးပင်၏ ပင်စည်ကို မှီထားသော ကျွန်တော့်ကိုယ်လုံးသည် ပင်စည်၏ လှုပ်ရှားမှုနှင့်အတူ ယိမ်းယိုင်လှုပ်ခါနေပါသည်။

'ဒ... နဝင်ရင် ပုတီးပဏ်ရေ မမှတ်နဲ့။ သမာဓိရအောင် တစ်ထိုင်တည်း အပြီးစိပ်။ ကြာချင် ကြာပါစေ။ ဘုရားမှာ ရုပ်ခန္ဓာ လှူထားပြီးရင် ပုတီးစိပ်ချိန် အာရုံမနေနဲ့ဖြစ်စေ၊ အသံဗလံနဲ့ဖြစ်စေ နှောင့်ယှက်လာရင် မကြောက်နဲ့။ မျက်လုံးဖွင့်မကြည့်နဲ့။ သမာဓိပျက်တတ်တယ်။ မေတ္တာများများပို့ပေး။ ငါ့ပုတီးစိပ်ဂုဏ်တော်က ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်တစ်ပါးပဲ။ ဧကောဓမ္မော ပဲ။ တစ်ပါးဂုဏ်တော်ကို ကျင့်ကြံအားထုတ်ခြင်းဟာ ကျန် ရှစ်ပါးဂုဏ်တော်ကို ရစေတတ်တယ်'

အဘဘိုးသံနှင့်တွေ့စဉ် ဩဝါဒစကားများကို နားထဲကြားယောင်လာမိသည်။ အဘကိုယ်တိုင် ကြွရောက်လျက် အနားက အားပေးစကားသံလော၊ ကျွန်တော် အားတက်လာပြီး အဓိဋ္ဌာန်ပုတီးကို တစ်ထိုင်တည်းပြီးအောင် စိပ်လိုက်ပါသည်။

စောစောက ထပြေးချင်လောက်အောင် ကြားနေရသော မိုးသံ လေသံတို့ တိတ်ဆိတ်ကွယ်ပျောက်သွားကြလေပြီ။ ကျွန်တော်သည် အာနာပါနကမ္မဋ္ဌာန်းကို ဆက်လက်ရှုမှတ်နေမိသည်။ ကျွန်တော့်အာရုံထဲ မြူခိုးမြူမှုန်တို့ ထူထပ်သိပ်သည်းစွာ ကျလာကြပြန်သည်။ ထိုမြူခိုးမြူမှုန်များကြားထဲမှ ဘုရင်ဝတ်နဲ့ ပုဂ္ဂိုလ်တစ်ဦး ပေါ်လာသည်။ မျက်နှာသည် နူးညံ့သိမ်မွေ့ ခံ့ညားသော်လည်း ညှိုးငယ်နေရှာသည်။ ကျွန်တော့်ကို ကြည့်သောအကြည့်တို့ သိမ်ငယ်နေသည်။ အကူအညီလိုချင်သော မျက်နှာပေးဖြစ်သည်။ နှုတ်ခမ်းမွေးသည် စိမ်းစိုတောက်ပနေသည်။ မပီဝိုးတဝါး စကားသံ ပုဂံမြို့ကို လာခဲ့ပါတဲ့။

ကျွန်တော့်သမာဓိတို့ ရုတ်ခြည်းကွယ်ပျောက်၍ မြင်ကွင်းပါ ပျောက်ကွယ်သွားကြသည်။ ခြေသံကြား၍ မျက်စိဖွင့်ကြည့်ချိန် ကိုအောင်ဆွေသည် ကျွန်တော့်ရှေ့၌ ရပ်လျက်ရှိသည်။

'ခင်ဗျားစကားသံကြားလို့ ထွက်လာတာ။ ဘယ်သူမှလည်း မရှိပါလား။ မိုးကလည်း ကျိုးတိုးကျဲတဲ ရွာလိုက်တာ။ အဓိုက်မပြေပါဘူးဗျာ။ ဂူထဲ တရားထိုင်ရတာ အိုက်လိုက်တာ'

ကိုအောင်ဆွေသည် ပြောပြောဆိုဆို နောင်တော်ကြီးစေတီကုန်းတော်ပေါ်မှ ဆင်းသွားသည်။ ကျွန်တော်သည် နေရာမှထလျက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုမိသည်။ မိုးရေစက်တို့ စိုရွှဲနေသည်ကို မတွေ့ရ။ ကျွန်တော် အရိပ်ခို ပုတီးစိပ်ခဲ့သော တောင်ကြီးပင်လျှင် မိုးရေစက်တို့ စိုစွတ်ထားခြင်း မရှိချေ။

'နောင်တော်ကြီးစေတီမှာ ထွက်ရပ်ပေါက်ဆရာတော်ကြီးတွေ ကြွရောက်ပြီး တရားထိုင်ကြတယ်။ ကံကြုံရင် တွေ့ရလိမ့်မယ်။ ပုတီးနာနာစိပ်ပေး ကောင်လေး'

ကျွန်တော်သည် အဘဘိုးသံ၏ မိန့်မှာသည်ကို ပြန်လည်သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

<u>ကျွတ်တမ်းဝင်သွားသော ဥစ္စာစောင့်များ</u>

ကျွန်တော် နောင်တော်ကြီးစေတီ၌ တွေ့ကြုံခဲ့ရသော ဖြစ်စဉ်များကို အဘဘိုးသံအား လျှောက်ထားမေးမြန်းသည့်အခါ –

'ဘုရင်ဝတ်နဲ့ပုဂ္ဂိုလ်ဟာ မနူဟာမင်းကွ။ မင်းရဲ့ မေတ္တာနဲ့ အမျှဝေတာကို ခံယူချင်လို့ နေမှာပေါ့'

အဘဘိုးသံသည် မြို့လေးမြို့ ဂန္ဓာရီခရီး ကြွသွားဖူးသည်။ ပုဂံ၊ ပုပ္ပား၊ မန္တလေးနှင့် မကွေးမြို့များ ဖြစ်ပါသည်။ ဆရာဦးသိန်းဟံသည် အဘနှင့်အတူ လိုက်ပါသွားဖူးသည်။ ထိုခရီးစဉ်အကြောင်း တောင်သုံးလုံး၌ ဆရာဦးသိန်းဟံထံမှ ပြန်လည်ကြားသိခဲ့ရသည်။

အဘဘိုးသံသည် ပုဂံမြို့၌ မနူဟာမင်းအတွက် ကျွတ်လွတ်စေရန် အမိဋ္ဌာန်ပြု မေတ္တာပို့ပြီး ပုပ္ပားတောင်ကလပ်၌ ပုပ္ပားမယ်တော်ကြီး မယ်ဝဏ္ဏအတွက် ကျွတ်လွတ်စေရန် အမိဋ္ဌာန်ပြုခဲ့၍ မကွေးမြို့ မြသလွန်စေတီ၌ သောသောဘောကျော် ယက္ခညီနောင်အတွက်နှင့် မန္တလေးတောင်၌ မြွေကြီးနှစ်ကောင်သိုက်အတွက် အမိဋ္ဌာန်ပြု မေတ္တာပို့ခဲ့ကြောင်း သိရပါသည်။ အဘဘိုးသံ၏ ဂန္ဓာရီခရီးစဉ်၌ တောင်ပိုင်ကြီးလေးပါးနှင့် ဥစ္စာစောင့်(၄၀) ကျွတ်တမ်းဝင်သွားကြောင်းလည်း သိရပါသည်။

နောင်တော်ကြီးစေတီ တနင်္ဂနွေထောင့် တောင်ကုန်းငယ်၌ မနူဟာမင်းအတွက် အကျွတ်အလွတ်စေတီငယ်တစ်ဆူ တည်ထားခဲ့လေသည်။ သိဒ္ဓိမဟိဒ္ဓိရှင်တို့၏ အမိဋ္ဌာန်နှင့် မေတ္တာသည် အင်အားကြီးမားသော တန်ခိုးပင်ဖြစ်တော့သည်။

<u>ဝိဇ္ဇာဝှမ် ထိုးမောင်းသံ</u>

သံကြိန်အတက်နေ့ ညနေခင်းဆည်းဆာအချိန် ဖြစ်ပါသည်။ တောင်သုံးလုံး၏ဝန်းကျင်သည် တိတ်ဆိတ်လျက်ရှိသည်။ ငှက်ကလေးများ သစ်ပင်ထက်၌ အိပ်တန်းတက်ရန် တကျီကျီတကျာကျာဖြင့် အသံပေးနေကြသည်။ ကျွန်တော်နှင့် ကိုအောင်ဆွေတို့ နှစ်ယောက်တည်း နောင်တော်ကြီးစေတီ တောင်ကုန်းအောက်ခြေရှိ ရေတွင်း၌ ရေချိုးရန် ကျန်ရှိနေတော့သည်။ လူကြီးများဖြစ်သော ဆရာဦးစံသိန်း၊ ဦးလှကြိုင်နှင့် အမိဋ္ဌာန်ဝင်ကြသော ယောဂီများကို ကျွန်တော်တို့နှစ်ယောက် ရေတွင်းမှ ရေခပ်၍ ရေချိုးကြစေရန် ရေအလှူ လုပ်နေကြပါသည်။ ထိုစဉ်ကာလ၌ တောင်သုံးလုံးတွင် နွေရာသီရောက်လျှင် ရေရှားပါသည်။ တောင်ပေါ်၌ ရေတွင်းနှစ်တွင်းရှိရာ ကျွန်တော်တို့ တည်းခိုနေထိုင်သော သစ်သားဇရပ်ရှိရာ အောက်ခြေတောင်ကြော၌ အလယ်တွင်းတစ်တွင်းရှိပြီး ထိုရေတွင်းသည် နွေအခါ ရေခန်းတတ်ပါသည်။ နံနက်ကပင် ဆရာဦးလှကြိုင်တို့အဖွဲ့နှင့် ကျွန်တော်၊ ကိုအောင်ဆွေတို့ အလယ်ရေတွင်းကို ရွှံ့များ တူးဖော်၍ ဆယ်ခဲ့ကြသေးသည်။ ထို အလယ်တွင်း၌ ရေချိုး၍မရသေးပါ။ တောင်၏အောက်တွင်းသို့ဆင်း၍ ရေချိုးကြရသည်။ အောက်တွင်းကို အုတ်စီ၍ အုတ်ပေါင်ဖြင့် ဆရာဦးသိန်းဟံ မိသားစုတို့ ဒါနပြုလှူဒါန်းထားသည်။ သင်္ကြန်ရက်များ၌ ထိုစဉ်က အမိဋ္ဌာန်ဝင်သူဦးရေသည် (၅၀)ခန့်သာ ရှိပါသည်။

ဆရာသမားများ ရေချိုးပြီး တောင်ပေါ် တက်ကုန်ကြပြီ ဖြစ်သည်။ ကျွန်တော်နှင့် ကိုအောင်ဆွေတို့ ရေတွင်းမှ ရေခပ်ပြီး ရေချိုးကြသည်။ ကျွန်တော်တို့ ရေချိုးပြီးချိန် မိုးချုပ်လေပြီ။ ကျွန်တော်နှင့် ကိုအောင်ဆွေတို့ တောင်ပေါ်တက်ရန် ပြင်လိုက်စဉ် ကျောက်မောင်းထုသံ တဒုန်းဒုန်းဖြင့် လေး,ငါးချက်ထွက်ပေါ်လာပါသည်။ ကျွန်





www.burmeseclassic.com

www.burmeseclassic.com

တော်တို့နှစ်ဦး ပြိုင်တူပင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ဘယ်လိုလဲဟူသော အမေးစကားသံကို ရင်ထဲ၌ ပြိုင်တူမေးလိုက်ကြ၏။

ရေတွင်းထဲသို့ နှစ်ယောက်သား ငုံ့ကြည့်လိုက်ကြ၏။ ရေများ ဘောင်ဘင်ခတ်၍ ပွဲတင်သံ ကြားရခြင်းလော၊ ရေတွင်းထဲမှရေသည် လရောင်ဖြင့် ပကတိငြိမ်သက်နေသည်ကို မြင်ရသည်။ ထိုစဉ်မှာပင် ကျောက်မောင်းသံ နှစ်ချက် ထပ်မံကြားလိုက်ရပြန်သည်။ ကျွန်တော်တို့ တောင်နံရံများကို လှမ်းကြည့်လိုက်ကြသည်။ နောင်တော်ကြီးစေတီရှိရာ အလယ်တောင်နှင့် တစ်ဆက်တည်း သုံးလုံးမြောက် တောင်နံရံမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ ထူးဆန်းလှသည်။ ဂမ္ဘီရဆန်သော လျှို့ဝှက်ချက်တော့ ရှိနေလေပြီ။

တောင်ပေါ်မှ ဆင်းလာသော လှူသံများလည်း ကြားလိုက်ရသည်။ ကျောချင်းကပ်၍ တောင်နံရံများနှင့် တောများကို စူးစိုက်ကြည့်နေသော ကျွန်တော်နှင့် ကိုအောင်ဆွေတို့ ရေချိုးပြီးစ အအေးဓာတ်ပင်ကို သတိမထားမိကြပါ။ ဆရာဦးစံသိန်းနှင့် ဦးလှကြိုင်တို့နှစ်ဦး ကျွန်တော်တို့ကို လှမ်း၍ အသံပြုလိုက်ကြသည်။

'ကောင်လေးတွေ၊ မင်းတို့ ကြာလှချည်လား'

ကျွန်တော်နှင့် ကိုအောင်ဆွေတို့ ဆရာသမားများ အသံကြားမှ သတိပြန်ဝင်လာပြီး တောင်ပေါ် တက်ခဲ့ကြ၏။

ဆရာဦးလှကြိုင်က ကျွန်တော်တို့နှစ်ဦးအား ကျီစယ်၍-

'မင်းတို့ ဝိဇ္ဇာဂူထဲ ဝင်သွားကြပြီထင်လို့ ရက္ခစိုးကြီးက သူ့တပည့်ကို စိတ်မချလို့ လိုက်လာရတာ'

ထိုနေ့ည အမိဋ္ဌာန်လုပ်ငန်းများအပြီး ဇရပ်ထဲ၌ ဝိုင်းဖွဲ့မိကြသ[illegible] ကျွန်တော်တို့နှစ်ဦး အတွေ့အကြုံကို အစ်မကြီး ဒေ[illegible]းရံက ရှင်းပြပါသည်။ ဒေါ်ဝင်းရီသည် ထိုစဉ်က အဘဘိုးသံ၏ ဝတ်ကြီးဝတ်ငယ်ကို အနီးကပ်ပြုစုနေသူ ဖြစ်ပါသည်။

'မောင်လေး..အဲဒီကျောက်မောင်းသံက တောင်သုံးလုံးအောက်မှာ ဝိဇ္ဇာဂူရှိတယ်။ အဘဘိုးသံ တစ်ဦးတည်းရှိတုန်းက ညဘက်မှာ ကျောက်ဂူထဲဝင်ပြီး တရားကျင့်တယ်။ ထွက်ရပ်ပေါက် ဆရာတော်ကြီးတွေ မကြာခဏကြွတယ်။ ဗားမဲ့ဆရာတော်နှင့် အဘဘိုးမင်းခေါင် ဆရာတော်ကြီးတွေကြွပြီး အဘဘိုးသံကို လမ်းညွှန်ချက်ပေးကြတယ်။ အဘပထမဘိုးဘိုးအောင်နှင့် တခြားထွက်ရပ်ပေါက် ဆရာတော်ကြီးတွေလည်း ကြွတယ်။ အဲဒီဂူက တောင်သုံးလုံးရဲ့ အတွင်းစခန်းပဲ။ တောင်သုံးလုံးက ထွက်ရပ်ပေါက်သွားကြတဲ့ ပုဂ္ဂိုလ်တော်တော်များတယ်။ အဘဘိုးသံရဲ့ မိန့်မှာချက်အရ တွံတေးမြို့နယ် နတ်စင်ကုန်းရွာရှိ ကျွဲမင်းကုန်းစေတီစခန်းက အစပြုပြီး ရွှေတိဂုံစေတီတော်ကြီးမှာရှိတဲ့ နေလစေတီ အလယ်စခန်းပြုပြီး တောင်သုံးလုံးတောရဟာ ဝိဇ္ဇာတို့ရဲ့ စခန်းအဆုံးလို့ ပြောဖူးတယ်။ လူတွေ အရောက်များလာလို့ အခုတော့ ဆိုင်ရာပုဂ္ဂိုလ်တွေက ကျောက်တုံးကြီးတွေနဲ့ ပိတ်ကာထားပြီး ဂူနေရာကို ကွယ်ဝှက်ထားကြတယ်။ သီလ၊ သမာဓိအားကောင်းရင် အဓိဋ္ဌာန်ပြုပြီး အာရုံမနောမှာ ထင်အောင်ကြည့်လို့ရတယ် မောင်လေး။ ကြိုးစားကြည့်ပေါ့'

တောင်သုံးလုံး၌ နောင်သုံးနှစ်အကြာ တန်ဆောင်မုန်းလပြည့်ည၌ အောင်ကြဖေယျ မြသိန်းတန်စေတီကြီး၏ တနင်္ဂနွေထောင့်၌ အဓိဋ္ဌာန်ပုတီးစိပ်အပြီး အာနာပါန ရှုမှတ်စဉ် အဓိဋ္ဌာန်ပြု၍ အတွင်းဂူကို အာရုံမနောဖြင့် မြင်ခဲ့ရပါသည်။ ဂူအတွင်းသည် အောင်ကြဖေယျ မြသိန်းတန်စေတီကြီး၏ အလယ်ဗဟို၌ အဆုံးသတ်နေပြီး အဝင်ပေါက်သည် နောင်တော်ကြီးစေတီ၏ တောင်ခြေမှ စပါသည်။

ဂူအတွင်း မာကျူရီမီးထွန်းထားသကဲ့သို့ လင်းနေပြီး အလွန်သပ္ပာယ်လှသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ(ကြေးဆင်းတု)ကို ဖူးမြော်ရပါသည်။ ထိုဆင်းတုတော်ရှေ့၌ ရသေ့ဝတ်နှင့် ပိတ်ဖြူဝတ် ပုဂ္ဂိုလ်ကြီးများ တရားထိုင်နေကြပါသည်။ ဂူ၏ အနေအထားမှာ ဥမင်လိုဏ်ခေါင်းလမ်းကြောင်းကဲ့သို့ ရှည်လျားစွာ တည်ရှိနေပါသည်။ ဂူအတွင်းတွင် သန့်ရှင်းတောက်ပ၍ ရှင်းလင်းနေပါသည်။ ထိုအာရုံမနောအမြင်အား အဘဘိုးသံအား လျှောက်ထား မေးမြန်းသည့်အခါ 'မင်း မြင်ထိုက်လို့ မြင်ရတာပေါ့ကွာ' ဟူ၍ စကားတစ်ခွန်းသာ မိန့်ကြားပြောဆိုခဲ့လေသည်။

(၅)

သကြံန်ကာလ နှစ်ဆန်းတစ်ရက်နေ့ည ဖြစ်ပါသည်။ အချိန်အားဖြင့် ည(၈)နာရီကျော် (၉)နာရီခန့်ကျင်ခန့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

နေပါသည်။ နောင်တော်ကြီးစေတီ၌ ဆရာဦးစံသိန်းသည် အဓိဋ္ဌာန်ပုတီးစိပ်လျက်ရှိပါသည်။ ကျွန်တော်နှင့် ကိုအောင်ဆွေတို့ နှစ်ဦး အကျွတ်အလွတ်စေတီ၌ အဓိဋ္ဌာန်ပုတီးစိပ်နေကြပါသည်။ နောင်တော်ကြီးစေတီသည် အောင်ကြဖေယျ မြသိန်းတန်စေတီကြီးနှင့် လူတစ်ခေါ်စာလောက် အလှမ်းကွာဝေးလျက်ရှိပြီး တိတ်ဆိတ်လှသော တောင်စခန်းလေး ဖြစ်ပါသည်။ နေ့အချိန်မှာပင် လူပြတ်၍ ညအချိန်တွင် တော်ရုံလူများ အဓိဋ္ဌာန်သမားများ မလာကြပါ။ ကျွန်တော်တို့ တိတ်ဆိတ်လှသော နေရာကိုရွေး၍ အဓိဋ္ဌာန်ပုတီးစိပ်ကြခြင်း ဖြစ်ပါသည်။

အောင်ကြဖေယျ မြသိန်းတန်စေတီကြီးဆီမှ လူသံများ ကျွက်ကျွက်ညံအောင် ကြား၍ ကျွန်တော်တို့ အာနာပါန ကမ္မဋ္ဌာန်းကို ဖြုတ်လိုက်ကြပါသည်။ ဆရာဦးစံသိန်းမှာ အဓိဋ္ဌာန်လုပ်ငန်းပြီး၍ နောင်တော်ကြီးစေတီကို လှည့်ပတ်၍ မေတ္တာပို့နေပါသည်။

ကျွန်တော်နှင့် ကိုအောင်ဆွေတို့ ထလာသည်ကို မြင်ရ၍ ဆရာဦးစံသိန်းက-

'ဘုရားကြီးမှာ ဘာဖြစ်နေကြလဲ မသိဘူး။ သွားကြည့်ရအောင်'

ပြောပြောဆိုဆိုဖြင့် ဆရာသည် နောင်တော်ကြီးစေတီကုန်းတော်ပေါ်မှ ဆင်းသွားလေသည်။ ကျွန်တော်တို့နှစ်ဦး ဆရာ့နောက်သို့ ခပ်သွက်သွက်လိုက်ကြရပါသည်။

တန်ခူးလပြည့်ကျော် (၂)ရက်ည လရောင်သည် ထိန်ထိန်သာလျက်ရှိသည်။ အချိန်အားဖြင့် ည(၉)နာရီကျော် (၁၀)နာရီနီးပါး ရှိနေပါပြီ။ ကျွန်တော်တို့ တောင်ပိုင်ကြီးနန်းအရောက် ဘုရားကြီးမှာ လူအုပ်စုများ ဟာခနဲ ဟင်ခနဲ အော်နေကြပြီး စေတီတော်ကြီး၏ ထီးတော်ကို မော့ကြည့်နေကြသည်။ ကျွန်တော်တို့လည်း မော့ကြည့်ရာ ဟေးခနဲ အော်သံဖြင့် လူအုပ်စုကြီး ထီးတော်ဆီသို့ လက်ညှိုးထိုးပြီး အော်လိုက်ကြပြန်သည်။ စေတီတော်ကြီး၏ ထီးတော်၌ ဌာပနာတိုက်အတွင်းမှထွက်လျက် ကွန့်မြူးနေသော ပြဒါးရှင်လုံးကို မြင်လိုက်ရပါသည်။ ဉာဏ်တော်(၂၇)တောင် အမြင့်ရှိသော စေတီတော်ကြီး၏ ထီးတော်၌ ကွမ်းသီးလုံးခန့်အရွယ်ရှိသော ပြဒါးရှင်လုံးသည် ပတ္တမြားအရောင်၊ ရွှေရောင်တောက်ပ၍ အတက်အဆင်းပြုလျက် ကွန့်မြူးနေလေသည်။

ကျွန်တော်သည် ထမင်းစားဇရပ်၌ မယ်တော်ကြီး ဒေါ်သာယာ ပြောဖူးသော ပြဒါးရှင်အကြောင်းကို သတိရလာမိသည်။

'ကောင်လေး..အရင်တုန်းက သည်တောင်မှာ လူအံရောက်အပေါက် နည်းတဲ့အချိန် စေတီကြီးထဲက ပြဒါးရှင်လုံး ထွက်လာပြီး တောင်ပေါ်မှာ လျှောက်သွားနေတာ အရောင်တဝင်းဝင်းနဲ့။ ဇရပ်ထဲလည်း ဝင်လာတာပဲ။ လူတွေကြားထဲလည်း လျှောက်သွားနေတာ။ တချို့လူတွေ သူတို့ရှေ့ ရောက်လာတဲ့ ပြဒါးရှင်လုံးကို လက်နှင့် ဆုပ်ဖမ်းလိုက်တာ လက်ထဲဆုပ်မိသလို လက်ဖြန့်ကြည့်လိုက်တော့ မရှိတော့ဘူး။ ထိုက်တန်တဲ့သူ၊ သီလ,သမာဓိ ပြည့်စုံတဲ့သူတော့ ရမယ်။ အဘဘိုးသံ အဂ္ဂိရတ်ထိုးတာ ပြဒါးရှင်လုံး အောင်မြင်ခဲ့ပြီးပေမယ့် ဗားမဲ့ဆရာတော်ကြီးနဲ့ ထွက်ရပ်ပေါက် ဆရာတော်ကြီးတွေရဲ့ အမိန့်နဲ့ စေတီကြီးထဲ ဌာပနာထည့်လိုက်ရတာ'

ကျွန်တော်တို့ကိုယ်တိုင် အဘဘိုးသံ၏ ဖြစ်မြောက်ပြီး ပြဒါးရှင်လုံးကို တွေ့မြင်လိုက်ရပါပြီ။ မကြာမီ ပြဒါးရှင်လုံးသည် စေတီကြီး၏ ဌာပနာတိုက်ထဲသို့ ပြန်လည်ဝင်ရောက်သွားတော့သည်။

တောင်သုံးလုံးတောရစခန်းသည် ဗားမဲ့ဆရာတော်ကြီး၏ ဓာတ်ပန္နက်ချ ဘုရားတည်ခဲ့သော နေရာဖြစ်ပြီး ထွက်ရပ်ပေါက်ဝိဇ္ဇာများ အောင်မြင်ခဲ့ရာ နေရာထူးဖြစ်ကြောင်း သိရပါသည်။ အဘဘိုးသံ၏ ပဋ္ဌာန်းဆက်နေရာဖြစ်၍ ဗားမဲ့ဆရာတော်၊ အဘဘိုးမင်းခေါင် ဆရာတော်ကြီးများ၏ လမ်းညွှန်ချက်ဖြင့် အထိုင်စခန်းများချ၍ သာသနာပြုခဲ့ရခြင်း ဖြစ်လေသည်။

<u>အထွက်စခန်း ဝင်သွားသော အဘဘိုးသံ</u>

ကျွန်တော်သည် (၁၉၇၄)ခုနှစ်မှစ၍ တောင်သုံးလုံးနှင့် အဆက်ပြတ်သွားပါသည်။ ဆရာသခင်များနှင့်လည်း ဝေးကွာသွားခဲ့သည်။ ကျွန်တော်သည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်၍ မင်းဓမ္မတောင် ကမ္ဘာ့ဓာတ်ပေါင်းမဟာခေါင်းလောင်းစေတီမှသည် လှည်းကူးမြို့ အောင်စကြာကျောင်းတိုက် ငမိုးရိပ်ချောင်းဘေး၌ ကပ်ကျော်သုခပြည့်စုံ ဆုတောင်းပြည့် နဂါးရုံဘုရားကြီးတည်ပြီးသည်အထိ ဘုရား(၅)ဆူတည်ထားပြီး သာသနာပြုလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘဘိုးသံသည် တောင်သုံးလုံးတောရစခန်း၌ (၁၉၈၃)ခုနှစ် အချိန်ကာလက ကျွန်တော့်အား မိန့်ကြားခဲ့ဖူးပါသည်။

'ကောင်လေး..တစ်နေ့ မင်း ဘုရားတည်တဲ့ သာသနာပြုလုပ်ငန်း လုပ်ရလိမ့်မယ်။ ဘုရားတည်ဖို့ အကြောင်းဆက်လာလိမ့်မယ်။ ကြိုးစားပြီး ပုတီးနာနာစိပ်ပေး'

အဘဘိုးသံ၏ မိန့်မှာချက်များသည် ကျွန်တော့်ဘဝအတွက် သွေးထွက်အောင် မှန်ကန်နေပါသည်။ ကျွန်တော်သည် အိမ်၌လည်းကောင်း၊ ဘုရားတည် သာသနာပြုရာစခန်းများ၌ အဘဘိုးသံနှင့်တကွ ဆရာသခင်များကို နေ့စဉ် ဦးနှိမ်ရှိခိုး မေတ္တာပို့သလျက် ရှိပါသည်။ ဝန်ထမ်းဘဝနှင့်ပင် စနေ၊ တနင်္ဂနွေနေ့များ၌ အိမ်မှ ထွက်ခွာလျက် သာသနာပြုလုပ်ငန်း ဆောင်ရွက်ခဲ့သည်မှာ အနှစ်(၂၀) ကျော်ခဲ့ပါပြီ။

အဘဘိုးသံ ထွက်ရပ်လမ်းမသွားမီ (၁၉၉၃)ခုနှစ် သကြံန်ကာလ အတက်နေ့၌ နဂါးရုံဘုရားကြီးတည်နေရာ သာသနာ့စခန်း၌ အဓိဋ္ဌာန်ပုတီးစိပ်ချိန် ကျွန်တော့်ထံသို့ အဘဘိုးသံ၏ မေတ္တာအလင်းဓာတ်သည် ကြယ်တံခွန်ကဲ့သို့ တည့်မတ်စွာ ပျံသန်းရောက်ရှိ၍ ကျွန်တော့်ရင်ထဲသို့ ကိန်းအောင်းခဲ့လေသည်။

အဘဘိုးသံ ကွယ်လွန်ကြောင်း သတင်းစာထဲမှာ ကျွန်တော် ဖတ်လိုက်ရပါသည်။ အဘဘိုးသံ၏ ရုပ်ကလာပ်အား တောင်သုံးလုံးရှိ (၁၀၈)တောင်စေတီကြီးနားမှာရှိသော ကြီးမားခံ့ညားလှသည့် တိုက်ဇရပ်ကြီးအတွင်း တပည့်များနှင့် ရပ်ဝေးရပ်နီးမှ သာဓကတို့အား ကန်တော့ခံထားပါသည်။ ဆုကြီးပန်ပုဂ္ဂိုလ်ထူးဖြစ်သော အဘဘိုးသံသည် တောင်သုံးလုံးသာသနာကို ခက်ခဲပင်ပန်းစွာ အနှစ်(၅၀)ကျော်ကာလအတွင်း ပွင့်လန်းအောင် ပါရမီစခန်းဖွင့်၍ ဆောင်ရွက်ခဲ့ပြီးလေပြီ။

(၆)

<u>တောင်သုံးလုံး၏ လွမ်းမောဖွယ်ရာများ</u>

တောင်သုံးလုံးသည် သာသနာ့အရောင်တို့ ထိန်ပြောင်ပွင့်လင်းနေသည်။ မြင်ကွင်းသည် များစွာတိုးတက်ပြောင်းလဲခြင်း ရှိနေပါပြီ။ အဘဘိုးသံ၏ ပါရမီဖြည့်ဖက်တပည့်ကြီးများကိုလည်း တချို့တွေ့ခဲ့ရပါသည်။ ကျွန်တော်သည် နောက်ဆုံးဂါရဝပြု ကန်တော့ခြင်း အဘဘိုးသံ ရုပ်ကလာပ်၏ ခြေဖဝါးနှစ်ဖက်ကို နဖူးဖြင့်တိုက်၍ ကန်တော့ခဲ့ပါသည်။ ဆရာကြိုင်(ကွယ်လွန်)၏ ဇနီးသည် မျက်ရည်ပြည့်လျှမ်းသော မျက်လုံးများနှင့် ကျွန်တော့်ကို အားငယ်စကား ဆိုပါသည်။

'အဘ မရှိတော့ ခိုကိုးရာမဲ့ပါပြီ ငါ့မောင်ရယ်'

ဆရာကြိုင့်ဇနီး ပြောစကားကြောင့် ကျွန်တော့်ရင်ထဲ အဘဘိုးသံကို တမ်းတလွမ်းမောမိရပြန်ပါသည်။

တောင်သုံးလုံးနောင်တော်ကြီးစေတီသို့ ကျွန်တော်ရောက်သွားပါသည်။ အဘဘိုးသံ၏ တပည့်တစ်ဦးဖြစ်သူ ဆရာရွှေ(အုတ်ကြင်း) တရားအားထုတ်ရန် ဆောက်လုပ်ထားသည့် တိုက်ဇရပ်ထဲမှ ဆရာရွှေ၏ဇနီးက မျက်ရည်စက်လက်နှင့် ပြောပါသည်။

'အဒေါ်တို့တော့ ဆရာရွှေ မရှိတဲ့နောက် အဘကိုအားကိုးပြီး နေရတာ။ အဘမရှိတော့ ခိုကိုးရာမဲ့ပါပြီ'

ထမင်းစားဇရပ်ကြီးဘက် ရောက်၍ ထမင်းဝင်စားစဉ် အဘဘိုးသံ၏ သမီးများဖြစ်သော မတင်စိုးနှင့် ဒေါ်သန်းစိန်တို့ ညှိုးငယ်သော မျက်နှာနှင့်ပင် ဒါနကုသိုလ်ပြုလျက် ရှိကြသည်။ တောင်သုံးလုံး၌ နှစ်များစွာနေထိုင်၍ အဘဘိုးသံအား ပါရမီဖြည့်ခဲ့သော တာမွေမှ ဦးအောင်သန်းကို တွေ့ရပြန်တော့လည်း တောင်သုံးလုံး၌ တ ဆောင်မုန်းလ တပျော်တပါး ပိစပ်(ဗီးစပ်)ဆေး ချက်က သည်ကို အမှတ်ရမိပါသည်။

အံနန္တဆီချက်ရာတဲ၌ အဘဘိုးသံ၏ တပည့်တစ်ဦးဖြစ်သူ ဦးသိန်းဖေလည်း ကွယ်လွန်သွားရှာပါပြီ။ တောင်သုံးလုံး ရက္ခမူဆား၏ အဓိကပံ့ပိုးသူ ဖောင်ကြီးမှ ဦးမော်စီသည် ကျန်းမာလျက် ကောင်းစွာ နှုတ်ဆက်ရှသည်။ တောင်သုံးလုံး၌ အဘဘိုးသံနှင့်အတူ တောင်သုံးလုံးစခန်းကြီး သာသနာပွင့်လင်းအောင် ပါရမီဖြည့်ကြသော တပည့်ဟောင်းကြီးများတို့သည် အဘဘိုးသံအရင် ကွယ်လွန်ခြင်း ရှိခဲ့ကြလေပြီ။

တောင်သုံးလုံးအဝင်ဝ တောစပ်၌ မယ်တော်ကြီးဒေါ်သာယာဂူကို ဒူးတုပ်ရှိခိုးကန်တော့ခဲ့ပါသည်။ ကျွန်တော့်လည်ချောင်းထဲ၌ အမိုးကြီး(ဒေါ်သာယာ)၏ ပဲငါးချက်သည် အနံ့ထွက်လျက် ရှိနေဆဲဖြစ်ပါသည်။

တောင်သုံးလုံးသို့ သွားရာလမ်းသည် သာယာကျေးရွာအထိ ကတ္တရာခင်းထား၍ ဖြောင့်ဖြူးသာယာ

www.burmeseclassic.com

ပါပြီ။ (၁၉၇၇)ခုနှစ်ကာလဆီက လှည်းလမ်းသာရှိ၍ ကျောက်သယ်ကားများသာ ရံဖန်ရံခါ သွားလာတတ်ပြီး ကျွန်တော်တို့တစ်တွေသည် သံသယာကုန်းဘုရားလမ်းမှ ကုန်းသာဒင်းရွာတောင့်ကြောသို့ ကရင် ဖထီးမုတ်ဆိတ်၏ ဘူးတို့လှေဖြင့် ရေလမ်းတစ်ဝက် ကုန်းလမ်းတစ်ဝက် သွားခဲ့ကြရသည်။ နွေအခါ ရေစပ်စပ် လယ်ကွက်ထဲ တစ်ထွာခန့်ရှိသော မြှော့ကြီးများ တွယ်ကပ်ခြင်း ခံကြရသေးသည်။ တောင်သုံးလုံးသို့သွားရာ စာသူငယ်လမ်းသည် ရှည်လျား၍ သံသယာကုန်းဘုရားလမ်းမှ ခြေကျင်အသွားများကြသည်။

ထိုစဉ်ကာလ တောင်သုံးလုံး၌ အခိဋ္ဌာန်ပြီး၍ အဘဘိုးသံ တဲနန်းသို့ဝင်ပြီး အဘဘိုးသံအား ကန်တော့နှုတ်ဆက်ကြပါသည်။

ဆရာဦးစံသိန်း၊ ဦးထွန်းရွှေ(ဥက္ကလာထွန်းရွှေ)၊ ဒေါ်ဝင်းရီ၊ ဦးသိန်းဟံနှင့် ကျွန်တော်တို့အား အဘဘိုးသံက–

'တွေ့ဆုံကြုံကွဲ ဖြစ်မြဲဓမ္မတာပေါ့ကွာ။ ပြန်ကြဦးပေါ့။ မောင်သိန်းဟံကတော့ နောက်အပတ် လာဦးမယ် မဟုတ်လား'

အဘဘိုးသံ၏ တောက်ပသော မျက်လုံးအစုံသည် သားသမီးအရင်းများ ခွဲခွာရသကဲ့သို့ ခဏမျှ အရောင်မှိန်သွားပါသည်။

'ပြောသာ ပြောရတယ်၊ အဘ စိတ်မကောင်းဘဲ ကျန်ခဲ့တာ'

ဒေါ်ဝင်းရီသည် အပြန်လမ်း ကုန်းသာဒင်းကျေးရွာ အရောက်တွင် မျက်ရည်စို၍ အဘဘိုးသံကို သတိတရ ရှိနေပြန်သည်။ လွမ်းမောဖွယ်ရာ အမှတ်တရများ ဖြစ်ခဲ့ပါသည်။

အဘဘိုးသံ အထွက်စခန်းသို့ ကြွမြန်းသွားခဲ့လေပြီ။ ကျွန်တော်တို့အား ထားရစ်ခဲ့လေပြီ။ အဘဘိုးသံအား အမှတ်ထင်ထင် သတိရနေတိုင်း အဘဘိုးသံ၏ ဝိဇ္ဇာလမ်းစဉ်၊ ဝိဇ္ဇာကျင့်အဓိဋ္ဌာန်ပါရမီလမ်းကို ကျွန်တော်တို့ ဆက်လက်လျှောက်လှမ်းကြရမည်သာ ဖြစ်တော့သည်။

**သိန်းထွန်းသစ်**




**စိတ်မဖနောအာရုံ အကြားအမြင် လက္ခဏာ**

**ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး**

**ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ**

(ဂု)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့ဝင်လာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368




www.burmeseclassic.com

www.burmeseclassic.com



# အောင်ချိန်အွား
## ဒေါ်သံနှင့် ဂျို့ရှုဖြစ်ရပ်ဆန်း

'ခင်မရေ..ခင်မရေ'

ခေါ်သံကြီးကို နားထဲက ကြားနေရသည်။ နိုးတစ်ဝက် အိပ်တစ်ဝက် မှိန်းနေရာက ဒေါ်ခင်ခင်အေး လန့်နိုးသွားသည်။ အချိန်သိရန် အိပ်ခန်းခုတင်ခြေရင်းရှိ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ ငါးဝပ်အား မီးရောင်နှင့် နံနက်(၄)နာရီ တိုးပြီးချိန်ဖြစ်ကြောင်း ခပ်ဝါးဝါးမြင်ရသည်။

'ခင်မရေ..ခင်မရေ'

ကောင်းကောင်းနိုးလာသည့်တိုင်. ခေါ်သံကို ထ
ကြားရသည်။ အိပ်ရင်းကြက်သီးထရှ်ကျောထဲက

www.burmeseclassic.com

သွားၿပီ။ ခင်မ-ခင်မ၊ သူ့နာမည်ကို ခင်မဟုခေါ်သည့် ဘိုးဘိုး မရှိခဲ့သည်မှာ အနှစ်သုံးဆယ်ဝင် ကျော်ခဲ့ပြီ။ မယ်မယ်က ဘိုးဘိုးတစ်ဦးသာ သူ့ကို ဒေါ်ခင်ခင်အေးကို ခင်မ-ခင်မရေဟု ချစ်စနိုးခေါ်ခဲ့ဖူးသည်။ သူ(၁၅)နှစ် အရွယ်တွင် ဘိုးဘိုးဆုံးသွား၍ နောက်ထပ်၍ နာမည်ခေါ်သည့် သူ မရှိတော့ပြီ။

သူ နားစွင့်နေသည်။ နောက်ထပ် ခေါ်သံမကြားရတော့။ အိပ်ချင်မူးတူးနှင့် ထထိုင်ပြီး နှစ်ယောက်အိပ် ခုတင်၌ အိပ်နေသော သူ့ဘေးက ညီမ ဒေါ်ခင်ခင်လေးကို ငုံ့ကြည့်သည်။ လေးနာရီခွဲကျော် ငါးနာရီမှ ထနေကျမို့ အိပ်ကောင်းဆဲ။ သူလည်း ခါတိုင်း လေးနာရီခွဲထက်စော၍ မနိုး၊ မထ။ ခေါင်းရင်းခန်းမှ ယောက်မ ဒေါ်မြင့်မြင့် ဘုရားဝတ်ပြုသံကြားမှ သူတို့ အပျိုကြီးညီအစ်မ ထ၍ ဆွမ်းချက် ဟင်းချက် မီးဖိုချောင်အမှုပြုကြသည်။

ဒေါ်ခင်ခင်အေးတို့ ယခုနေသောအိမ်သည် ရန်ကုန်မြို့၊ လသာမြို့နယ်ရှိ ကမ်းနားလမ်းမှ နှစ်ထပ်တိုက်တစ်လုံး၏ အပေါ်ထပ်၌ဖြစ်သည်။ ရန်ကုန် ကမ်းနားလမ်းရှိ ထိုဝန်းကျင်မှ တိုက်များသည် (၁၉၁၅)ခုနှစ်ဝန်းကျင်က ဆောက်သော တိုက်ကြီးများဖြစ်သည်။ ရှေးဟောင်းပုံဟု ယခု (၁၉၈၅)ခုနှစ်အချိန်နှင့် နှိုင်း၍ဆိုနိုင်သည်။

တိုက်ခန်းများသည် ရှေ့-နောက် ပေ(၁၀၀)ခန့်ရှည်လှသည်။ အနံကတော့ (၁၅)ပေခန့်သာရှိသည်။ ဟိုနောက်ဆုံးခန်းတွင် အိမ်သာ၊ ရေချိုးခန်းနှင့် ထမင်းချက်မီးဖိုဆောင်ခန်းရှိသည်။ သူ့ရှေ့တွင် ထမင်းစားခန်း၊ သူ့ရှေ့တွင် စတိုခန်း၊ သူ့ရှေ့တွင် ဒေါ်ခင်ခင်အေးတို့ ညီအစ်မ အိပ်ခန်း၊ သူ့ရှေ့တွင် အစ်ကိုကြီး ဦးသန်းယောက်မ ဒေါ်မြင့်မြင့်တို့၏ သားနှစ်ယောက် အိပ်ခန်း၊ ထိုအိပ်ခန်းရှေ့တွင် အစ်ကိုကြီးတို့ အိပ်ခန်း။ ထိုအိပ်ခန်းရှေ့တွင် ဧည့်ခန်းနှင့် ဘုရားခန်းကျယ် ရှိသည်။ တိုက်အပေါ်ထပ်ကို သစ်သားလှေကားနှင့် တည့်တည့်ကြီး အထစ်(၂၀)တက်ရအောင် မြင့်သည်။

လှေကားဆုံး၍ သူတို့ တိုက်ခန်းဝင်ရန် တံခါးသည် ဒေါ်ခင်ခင်အေးတို့ အိပ်ခန်းတံခါးနှင့် ဓားလွယ်ခုတ်တွင် ရှိသည်။ အခန်းများကို (၁၀)ပေပတ်လည် အများအားဖြင့် ခွဲထားပြီး မီးဖိုချောင်နှင့် ထမင်းစားခန်းတို့က (၁၀)ပေ (၁၄)ပေစီ။ ဧည့်ခန်းနှင့် ဘုရားခန်းက အနံ(၁၅)ပေ အလျား (၁၆)ပေရှိသည်။ အိပ်ခန်းများဘေးတွင် စင်္ကြံရှည်ရှိပြီး အခန်းများကို မျက်နှာကြက်အထိ နံရံကန့်ကာထားသည်။

အခန်းများ၏ ခေါင်းရင်းဘက်တွင် ပြတင်းပေါက်တစ်ခုစီရှိသည်။ ခြေရင်းဘက်တွင် အဝင်အထွက်တံခါးရှိသည်။ အိမ်ခန်းများသည် မှောင်၍ လေဝင် လေထွက်ကောင်းလှသည်။

ဤတိုက်ခန်းရှည်ကြီးကို သူတို့အစ်ကိုကြီးက ပါတီဌာနချုပ်က အရာရှိကြီးမို့ ပြည်သူ့ပိုင် သိမ်းစဉ်က အခန်းကို ပြန်ချပေးထားခြင်း ဖြစ်သည်။

'ရန်ကုန်မြို့လယ်မှာလည်းဖြစ်၊ ကမ်းနားလမ်းမှာမို့ ရန်ကုန်မြစ်ကို မျက်နှာမူထားတာလည်းဖြစ်တော့ တာကယ့်နေရာကောင်းပါကွ။ လေကောင်းလေသန့်လည်း ရတာယ် ညီမ'

'ရှမ်းကြိုက် နွားချောပေါ့ အစ်ကိုကြီး၊ ညီမတို့အခန်းက နောက်နားမှာမို့လား မသိဘူး။ မြစ်က တိုက်လာတဲ့လေ သိပ်မရောက်ဘူး။ လှေကားသံဘက်ကျာတံခါး ဖွင့်ထားရင်တော့ လှေကားက တက်လာတဲ့လေကို ရတယ်'

'ခေါင်းရင်းက ပြတင်းပေါက်တွေ ဖွင့်ထားပေါ့'

'ဟိုဘက်တိုက်နံရံနဲ့က သုံးပေလောက်သာကွာတော့ သိပ်ကပ်လွန်းတယ်။ လေသိပ်မရပါဘူး'

'အောင်မယ်၊ သိပ်ချေးများမနေနဲ့။ ဒီလောက်ကျယ်တဲ့တိုက်ခန်း ရန်ကုန်မှာ ရှားသလားမပြောနဲ့။ ကြက်ကောင်းလို့ ခုလိုနေရာမှာ ခုလို ချောင်ချောင်ချိချိနေရတာ'

'အို..ဒါပေမဲ့ တိုက်ကြီးက အိုဟောင်းဖြီး ထရံတွေက မိုးတွင်းဆို မှိုတက်သေး။ မှိုနံ့တွေရတယ်။ အနံ့လည်း သိပ်မကောင်းဘူး။ မှောင်လည်း မှောင်တယ်။ နေရတာ တစ်မျိုးကြီးပါ အစ်ကိုကြီး'

'တော်စမ်းပါ၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်တယ်။ သိပ်မတွေးနဲ့'

အစ်ကိုကြီးက စိတ်ပြော၍သာ ငြိမ်ပြီးလိုက်နေဖြစ်သည်။ ရောက်စက နေရတာ စိတ်ကျဉ်းကျပ်သည်။ ကြာတော့လည်း ရိုးသွားသည်။ ယခုဆို ဤတိုက်ခန်းတွင် နေခဲ့သည်မှာ ရှစ်နှစ်ပင် ကြာခဲ့ပြီ။ ဘာမျှမထူးခြားခဲ့။ ကျန်းမာရေးမကောင်းဘဲ နုံးချည့်ချည့်ဖြစ်သည်ကတော့ တစ်နှစ်ခန့် ကြာခဲ့ပြီ။

ယနေ့နံနက်ကျမှ ထူးထူးဆန်းဆန်း ထဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟင်..မမ၊ ဘာဖြစ်လို့ ငှတ်တုတ်ကြီး ထထိုင်နေတာလဲဟင်'

'မမကို တစ်ယောက်ယောက်က ခေါ်နေသံကြားလို့ ထပြီး နားစွင့်နေတာ'

'ဘယ်သူက ခေါ်လို့လဲ။ ဘယ်က အသံလဲ'

'ခေါ်တဲ့အသံက ခင်မရေ..ခင်မရေနဲ့'

'အို..အဲဒီလို ဘယ်သူက လာခေါ်မှာလဲ'

'အေးဟဲ့၊ အဲဒီလိုခေါ်တာက ဘိုးဘိုးပဲဥစ္စာ။ အခု အဲဒီလို ခေါ်နေလို့'

'ဟာ..ဘိုးဘိုးက မရှိတော့တာ ကြာပြီ။ မမ အိပ်မက် မက်နေတာများလား။ ဒါနဲ့ ခေါ်တဲ့အသံက ယောကျ်ားသံပဲလား'

'အေး..ယောကျ်ားသံလိုပဲ။ သိပ်တော့ မသဲကွဲဘူး'

'အစ်ကိုကြီးကများ နောက်ပြီး ခေါ်သလား။ နေ.. ညီမလေးသွားကြည့်မယ်။ မမမြင့်တော့ ဘုရားရှိခိုးနေပြီ'

ဒေါ်ခင်ခင်လေးက ငေါက်ခနဲထ၍ ရှေ့ဘက်ခန်းဆီ သွားသည်။ ဖွင့်ထားသောတံခါးမှ လိုက်ကာကိုဟ၍ အခန်းထဲ ခေါင်းလျှိုကြည့်သည်။ အစ်ကိုကြီးက ကျောပေး၍ တစောင်းအိပ်နေသည်။ ငြိမ်လို့။ သို့ဖြင့် အခန်းပြန်လာသည်။

'အစ်ကိုကြီးကဖြင့် အိပ်ကောင်းတုံး။ မမကိုခေါ်တဲ့ ပုံမပေါ်ဘူး။ ကိုယ့်ဟာကိုယ် ကယောင်ချောက်ချား ဖြစ်နေပြန်ပြီထင်တယ်။ ခုတလော မမကြည့်ရတာ ရူးကြောင်မူးကြောင်နဲ့'

'ထားပါတော့။ အခု လေးနာရီခွဲတော့မယ်။ မီးဖိုချောင် ဝင်ကြစို့'

ထိုနေ့ည စည့်ခန်းတွင် လူစုံခိုက် ဒေါ်ခင်ခင်အေးက အစ်ကိုကြီးသန်းကို မနက်ကဖြစ်ပုံ ပြောပြသည်။

'အေး..အခုတလော ညီမကြည့်ရတာ ခပ်ကြောင်ကြောင်နဲ့။ ဟို..အေးရိပ်သာက ဆရာဝန်ပြတော့ ဘာပြောလဲ'

'အားနည်းတယ်။ ပရက်ရှာကျတယ်ဆိုပြီး ဆေးပေးတယ်။ တစ်ခါတလေ မူးနောက်နောက်ဖြစ်တယ်ဆိုတော့ စတင်မက်တီး(စ်)ဆေးတွေ သောက်ခိုင်းတယ်'

'ဟုတ်မယ်။ အားနည်းရင် အဲ့လို ကယောင်ချောက်ချား ဖြစ်တတ်တယ်။ ဘယ့်နှယ် လွန်ခဲ့တဲ့အနှစ်သုံးဆယ်ကျော်က ကွယ်လွန်သွားတဲ့ ဘိုးဘိုးက ညီမကိုလာခေါ်မှာတဲ့လား။ ကြံကြီးစည်ရကွာ'

ဤတွင် ဒေါ်ခင်ခင်အေး ဆင်ခြေမပေးဖြစ်တော့။ သို့သော် နောက်သုံးရက်အကြာ ညဘက်ကြီး ခေါင်းချချိန်တွင် ဒေါ်ခင်ခင်အေး အိပ်၍မပျော်တပျော် အချိန်မှာပင် ခေါ်သံကြားရပြန်သည်။

'ခင်မရေ..ခင်မရေ'

အိပ်ချင်နေ၍ မျက်လုံးပင် ဖွင့်၍မရ။

'ခင်မရေ..ခင်မရေ'

ခေါ်ပြန်ပြီဟုဆိုကာ မျက်လုံးဖွင့်ကြည့်သည်။ ငါးတိုင်အား အလင်းရောင်တွင် ဘေးဝဲယာ လျှောက်ကြည့်သည်။ ဘာမျှထူးထူးထွေထွေ မမြင်ရ။

'ခင်မရေ..ခင်မရေ'

ဟုတ်သည်။ အသံက အခန်းအပြင်ဘက်မှ လာခြင်းဖြစ်သည်။ ထပ်ခါ၊ထပ်ခါ ခေါ်သံကြားမှတော့ မျက်လုံးကျယ်လာသည်။ နေရာတွင် ထထိုင်သည်။

'ဟင်..မမ၊ အိပ်မပျော်လို့လား'

'အေးဟေ့၊ အိပ်ပျော်သလိုလိုပဲရှိသေး ခေါ်သံကြားရလို့'

'ခေါ်သံ၊ ဟုတ်လား'

'ဟုတ်တယ်၊ ခေါ်သံ'

'ခင်မရေလို့ ခေါ်ပြန်ပြီတဲ့လား'

'အင်း'

'ညီမလေးဖြင့် ဘာမှမကြားမိပါလား'

'အိပ်ပျော်နေလို့ နေမှာပေါ့'

'မပျော်သေးဘူး။ မူးနောက်နောက်နဲ့မို့ မှိန်းနေတုန်းရှိသေး။ မမ ထထိုင်တာ သိရလို့ မေးတာ'

'မေးမနေနဲ့။ ပြန်အိပ်ကြစို့'

'ထပ်မခေါ်တော့ဘူးလား'

'မကြားတော့ပြန်ဘူး'

သို့ဖြင့် နှစ်ယောက်သား ပြန်အိပ်ဖြစ်ကြသည်။

နောက်နေ့မနက် ပဲပြုတ်နှင့် ထမင်းကြော် တစ်ဝိုင်းတည်း စားကြစဉ်-

'ညက ညီမကို ခင်မရေ..ခင်မရေလို့ ခေါ်သံထပ်ကြားရတယ် အစ်ကိုကြီး'

'ဟေ..ဟုတ်ရဲ့လား။ ဘယ်အချိန်ကလဲ'



www.burmeseclassic.com

www.burmeseclassic.com

'အိပ်ရာဝင်ပြီး မကြာခင် ကိုးနာရီခွဲလောက်ကပါ'

'အေး..ညီမတို့လို စောစောအိပ်တတ်တဲ့သူတွေအဖို့ ကိုးနာရီဆိုတာ သက်ကြီးခေါင်းချချိန်။ အဲဒီလို အိပ်ရာဝင်ပြီး အိပ်ပျော်ခါစ အချိန်နဲ့ ညသန်းခေါင်အချိန်ရယ်၊ မနက်အရုဏ်တက်အချိန်ရယ် လူတို့ ကယောင်ကတမ်း ဖြစ်တတ်တယ်။ ညီမတို့လည်း ခေတ်ပညာတတ် အစိုးရဝန်ထမ်းတွေပဲ သိမှာပေါ့။ အဲဒီလို အိပ်မပျော်တပျော်နဲ့ နိုးတစ်ဝက် မနိုးတစ်ဝက် အချိန်မျိုးမှာ လူတွေရဲ့ အာရုံနောက်တတ်တယ်တဲ့။ အဲဒါကြောင့် ကမ္ဘာ့စိတ်ပညာရှင်များအဖွဲ့ရဲ့ လေ့လာချက်က ဆိုတယ်။ လူတွေ တစ္ဆေခြောက်ခံရ ရှိလေ့ရှိထ အချိန်တွေဟာ ညအိပ်မပျော်တပျော်နဲ့ မနက်မနိုးတနိုး အချိန်တွေမှာ ဖြစ်လေ့ရှိတယ်တဲ့။ ဆိုလိုတာက အမှန်အားဖြင့် တစ္ဆေခြောက်ခံရတာ မဟုတ်ဘူး။ လူတွေရဲ့ ဦးနှောက်ကျပ်မပြည့်တဲ့ အဲလိုအချိန်မျိုးမှာ အာရုံထွေပြားပြီး တစ္ဆေတွေ၊ သရဲတွေ၊ မြေဖုတ်ဘီလူးတွေစသဖြင့် မြင်တတ်ကြပြီး ဒါကို တစ္ဆေခြောက်တယ်လို့ ဆိုလိုကြတာပါ'

'ဟုတ်ပါတယ်။ ညီမလည်း ဖတ်ဖူးပါတယ်။ အခုဟာက အသံကြားရတာ။ တစ္ဆေခြောက်ခံရတာ မဟုတ်ဘူး'

'အေးလေ၊ အဲဒီအသံက သေသွားတာ ကြာပြီဖြစ်တဲ့ ဘိုးဘိုးရဲ့ အသံဆိုတော့ ဘိုးဘိုး တစ္ဆေခြောက်ခံရသလို ဖြစ်မနေဘူးလား'

'အင်း..အဲဒီခေါ်သံကြားရချိန်မှာ ကြက်သီးတဖြန်းဖြန်းထပုံထောက်တော့ တစ္ဆေများလားမှ မသိတာ'

'တော်တော့။ အဲဒီအစွဲကြောင့် ဥပါဒါန်ဖြစ်လိမ့်မယ်။ ကျန်းမာရေးသာ ဂရုစိုက်။ ဆရာဝန်ကို ရက်ချိန်းမပျက်သွားပြနော်။ ဟုတ်ပြီလား'

ဒေါ်ခင်ခင်အေး ဆရာဝန် ပြကာမှ ပို၍နေမကောင်းဖြစ်လာသည်။ အထူးကုထံ လွှဲပြောင်းပေးခြင်းမှာ အကြောရောဂါတစ်မျိုး ဖြစ်နိုင်ဟုဆိုသည်။ ဦးနှောက်နှင့်အာရုံကြောဆေးရုံသို့ တက်ရောက်ကုသခံရသည်အထိ အခြေအနေဆိုးလာတော့သည်။ ဆေးရုံကဆင်းပြီး Follow up လုပ်ရန် ချိန်း၍ လာပြသည်။

'ကြားသေးလား၊ အဲဒီခေါ်သံ'

အထူးကုဆရာဝန်ကြီး စောစိုင်းမွန်က မေးသည်။

'နေ့တိုင်း မကြားရပေမယ့် တစ်ရက်ခြား တစ်ခါတော့ ကြားကြားနေပါတယ်'

ဆရာဝန်က ဆေးကောင်းကောင်းတွေပေး၍ သောက်စေသည်။ ဒီကြားထဲ ခေါ်သံက စိပ်လာသည်။

'ဒီလိုလုပ်။ အခုဖြစ်ပုံက သွေးရိုးသားရိုး ဟုတ်ပုံမရဘူး။ ပယောဂဆရာနဲ့ ပြကြည့်ရအောင်'

ဒေါ်မြင့်မြင့်၏ အကြံပေးချက်အရ ပယောဂဆရာဦးဇော်ဂျီမြိုင်ကို ပင့်၍ပြသည်၊ ကုသည်။ ပို၍ဆိုးလာသည်။ ညပိုင်းရော မနက်ပိုင်းပါ ခေါ်သံတွေ ကြားကြားနေရာမှ နေ့လယ် တစ်ရေးအိပ်လျှင်ပင် ခေါ်သံက ကြားနေရသည်။

'ခင်မရေ..ခင်မရေ..ခင်မရေ'

'ဟော..ဆက်တိုက်ခေါ်နေပြီ။ မမ နေလို့မရတော့ဘူး။ လိုက်သွားတော့မယ် ညီမလေး'

'အို..နေဦး၊ မလိုက်နဲ့ မမ။ အစ်ကိုကြီး လာနေပြီ'

ဦးသန်း အနားရောက်လာသည်။

'သတိထား ညီမ' ဟု ပြောဆိုအားပေးသည်။

'အသံတွေက ဆက်နေတယ်။ ခေါ်နေပြီ။ ခေါ်သံတွေ ကြားနေပြီ။ ညီမလိုက်သွားရတော့မယ် အစ်ကိုကြီး'

ဒေါ်ခင်ခင်အေးအသံ တိမ်ဝင်သွားပြီး ဇက်ကျိုး၍ ငြိမ်သွားလေသည်။ အသက်ပါ ပါသွားပြီတည်း။

ခေါ်သံ၊ ခင်မရေ..ခင်မရေ..ခေါ်သံ၊ ခေါ်သံမျှ ကြားရုံဖြင့် ဒေါ်ခင်ခင်အေး အသက်ပါ ဆုံးခဲ့ပုံမှာ ထူးဆန်းလေစွတကား။

ပို၍ဆန်းသည်ကား နောက်သုံး,လေးလ အကြာတွင် ဒေါ်ခင်ခင်လေး ကွယ်လွန်သည်။ သူ့အစ်မကဲ့သို့ပင် ခင်မရေ..ခင်မရေ ဟူသောအသံ။ ခေါ်သံကို ကြားကြားလာရပြီး ကုမရဘဲ ဆုံးသွားခဲ့သည်။

ဦးသန်းလည်း ညီမနှစ်ဦး ဆုံးရှုံးသော ထိုတိုက်ခန်းတွင် ဆက်မနေရဲတော့ဘဲ သူ့ဝိတ်နှင့် လျှောက်၍ရသော မင်းမနိုင်တိုက်ခန်းသို့ ပြောင်းရွှေ့ခဲ့သည်။

သို့သော် သိပ်မကြာခင်မှာပင် ဦးသန်းဇနီး ဒေါ်မြင့်မြင့်လည်း ခေါ်သံကြားလာရသည်။

အစပိုင်းကတော့ သူ့ယောကျ်ား ညအိပ်စဉ် ယောင်၍ခေါ်သော အသံဟု ထင်ခဲ့သည်။ ထိုခင်မရေဟူသော ခေါ်သံမျိုး ဒေါ်မြင့်မြင့်မှ မကြားဖူးခဲ့သည်ကိုး။ ကြားဖူး

www.burmeseclassic.com

ခဲ့သော ဦးသန်းက အစွဲဖြစ်၍ အိပ်ပျော်စဉ် ထယောင်၍ ခေါ်ခြင်းဖြစ်သည်။

"ခင်မရေ…ခင်မရေ"

ဒေါ်မြင့်မြင့် လန့်နိုး၍ နားစွင့်သည်။ သူ့ခင်ပွန်းက တခေါ်ခေါ်နှင့် အိပ်မောကျနေ၏။

သို့သော် နောက်နေ့တွင် သူ ကောင်းကောင်းအိပ်မပျော်ခင် –

"ခင်မရေ…ခင်မရေ"

ဦးသန်းက အိပ်ပျော်လျက် ယောင်၍ခေါ်နေသည်။ ဒေါ်မြင့်မြင့် မှတ်နိုးလိုက်ရသည်။ မကြာပါ၊ ညစဉ်ညတိုင်း ၌ ခင်မရေ…ခင်မရေ ခေါ်သံကြားကြားပြီး ဒေါ်မြင့်မြင့် နှလုံးတုန် ရင်ခုန်လာသည်။ ခေါင်းမူးလာသည်။ တစ်ခါတစ်ရံ ခင်မရေ ခေါ်သံကြားပြီး မူး၍အော့အန်သည်။


လ,အနည်းငယ်ကြာသော် ခေါ်သံ၏နောက်ကို ဒေါ်မြင့်မြင့် လိုက်ပါရင်း အသက်ပျောက်ခဲ့လေ၏။

ခေါ်သံကြောင့် အိမ်ထောင်စုမှ လူသုံးယောက် သေခဲ့ခြင်းကို ခေတ်ပညာတတ်များ ယုံ၏လော၊ မယုံလျှင် ပုံပြင်ဟု မှတ်ရန်မှာလည်း ဤဖြစ်ရပ်သည် စိတ်ကူးယဉ်ဇာတ်လမ်း မဟုတ်ပါ။

အမှန်တကယ် ဖြစ်ရပ်မှန်ဇာတ်လမ်းဟု ဆိုရပါသည်။ ကိုယ်တိုင်တွေ့သိခဲ့သော ဖြစ်ရပ်မို့ မှတ်တမ်းတင်ခဲ့ပါသည်။ ထိုတိုက်ခန်းများတွင် နေခဲ့သော ထိုသူများထိုသို့ သေဆုံးခဲ့ဖူးပါသည်။

ဤဇာတ်လမ်း နောက်ကွယ်ရှိ လျှို့ဝှက်နက်နဲသော အဖြစ်များ ရှိပေဦးမည်ကိုမူ ကြားဖူး၊ သိဖူး၊ တွေ့ဖူး၊ ပတ်သက်ဖူးသူများသာ အမှန်ကိုသိလျက် မျှသိပ်ထား ကြခြင်း ဖြစ်ပေရော့မည်။ အကယ်၍ ဦးသန်းတို့ ရှစ်နှစ်ကျော်နေခဲ့သော တိုက်ခန်းရှည်ကြီး၏ အောက်ထပ်တွင် ဌာနကြီးတစ်ခုက သိုနှိုးသတ်ဆေးသိုလှောင်ခဲ့သည့် ပိုးသတ်ဆေးကိုဒေါင်အဖြစ် အသုံးပြုခဲ့သည်ဆိုပါက ဤဖြစ်ရပ်နှင့် ဆက်စပ်မှုရှိပါ၏လောဟု ပဟေဠိထုတ်ရပေမည်တည်း။

**အောင်ချိန်ဘွား**

ရှေ့မြင်း ®

(အမှတ်တံဆိပ်)

ကျိုးပေါင်းလိမ်းဆေး



သုံးစွဲနိုင်သောရောဂါများ

လည်ပင်းကျိုးပေါင်း၊ ပခုံးဆစ်ကျိုးပေါင်း၊ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်ကျိုးပေါင်းတက်ခြင်းနှင့် အဆစ်လွဲ၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ အုံးလွဲခြင်းဝေဒနာများ၊ အရိုးအကြောနာ ရောင်ရမ်းခြင်း၊ ဒူးနာ၊ ခါးနာ၊ လက်ကြောထုံးခြင်းနှင့် ထုံကျင်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

(မှတ်ချက်) ။ ။ အညောင်းထိုင်သူများ၊ တရားထိုင်သူများနှင့် အားကစားသမားများအတွက် "အကြောပြေ ဓာတ်ကြောလိမ်းဆေး" အဖြစ်လည်း အသုံးပြုနိုင်ပါသည်။

သုံးစွဲကြည့်ပါ၊ ထူးခြားကြောင်း လက်တွေ့ခံစားရမည်။

"အမှန်ကန်ဆုံး ရွေးချယ်မှု"

တိုင်းရင်းဆေးတံဆိပ်မှတ်ပုံတင်အမှတ် TMR 010304 (0216)

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၁၂/၂၀၁၁၊ တာစာလေ/တိုး (၁၁၈၅)

ကြော်ငြာခွင့်ပြုချက်အမှတ် ၀၀၁၀၀၁ (တနယ်ဝင်း) ၀၉၁/၁၀၀၃

တီရှစ်အသီးအရွက်နှင့် ၄င်းတို့နှင့်ဆက်စပ်သောပစ္စည်းများ (လုံး၀) မပါဝင်ကြောင်းအာမခံပါသည်။

ဆေးလက်ကားရရှိနိုင်သည့်ဆေးဆိုင်ကြီးများ

ကိုလှစိုး (သိမ်ကြီးဈေး)၊ အာရောဂျ (၂၄ လမ်းထိပ်၊ သိမ်ကြီးဈေး)၊ ဆန်းဦးအောင်ဆေးဆိုင် (သိမ်ကြီးဈေး)၊ ပင်လာဈေးရှိ သုခချမ်းသာဆေးဆိုင်၊ မင်းသားဆေးဆိုင်၊ အာရောဂျဆေးဆိုင်၊ ကျေးဇူးရှင်ဆေးဆိုင်၊ ကိုသက်နိုင်ဆေးဆိုင် နှင့် ပြည်တော်သာဆေးဆိုင် (ဗိုလ်ချုပ်ဈေးသစ်) တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် 09 49 255192




www.burmeseclassic.com

www.burmeseclassic.com

**ကျော်မင်းညွန့်**(လှည်းကူး)

# အောင်ဂါထာတော်

(တစ်)

ကျွန်မသည် ဘာသာရေး အလွန်ကိုင်းရှိုင်းသော အဘွားဖြစ်သူနှင့် ငယ်စဉ်ကတည်းက အတူနေကြီးပြင်းလာခဲ့ရသူတစ်ဦး ဖြစ်ပါသည်။ ကျွန်မ လူမှန်းသိတတ်ခါစကပင် မိဘနှစ်ပါးကို မမြင်ခဲ့ဖူးပါ။ မိဘနှစ်ပါးကိုယ်စား အဘွားကပင် ကျွေးမွေးသုတ်သင် ယုယခြင်း ခံခဲ့ရပါသည်။

မြေးအဘွားနှစ်ယောက် အိမ်ဆိုင်လေးဖွင့်၍ သင့်တင့်စွာ နေခဲ့ရပါသည်။ အခါကြီးရက်ကြီးနေ့များတွင် အဘွားသည် အိမ်ဆိုင်ကိုပိတ်၍ ရွာဦးဘုန်းတော်ကြီးကျောင်းသို့





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုခေါ်ကာ ဥပုသ်သီလယူလေ့ရှိပါသည်။ နေ့စဉ် အိပ်ရာဝင်တိုင်း ကျွန်မအား ဘုရားရှိခိုးနှင့် ဗုဒ္ဓဂါထာတော်တစ်ပုဒ်ကို မရမနေ အာဂုံဆောင်ခဲ့ရပါသည်။

ကျွန်မမှာ ဉာဏ်ထိုင်းသူဖြစ်၍-

'မြေးရယ်..ကလေးက ဉာဏ်နည်းရှာတော့ အခု အဘွားတိုင်ပေမယ့် သီရသ္မိဂါထာတော်ကိုသာ ရအောင် ရွတ်ပေတော့' ဟုဆိုကာ ဤဂါထာတော်တစ်ပုဒ်တည်းကိုပင် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်စေပါသည်။

ကျွန်မလည်း ထိုဂါထာတော်ကို ကလေးဘဝ ဆော့ကစားရင်း၊ လမ်းသွားရင်း၊ ထမင်းစားရင်း အချိန်ရှိသရွေ့ ရွတ်ဆိုပူဇော်ခဲ့ပါသည်။

ထိုအချိန်က ဤဂါထာတော်၏ အနက်အဓိပ္ပာယ်နှင့် ဂုဏ်ကျေးဇူးကို လုံးဝမသိခဲ့ပါ။ အစိမ်းသရဲများ ဤဂါထာတော်ကို ကြောက်၍ အနှောင့်အယှက် မပေးနိုင်ဆိုသည်မျှသာ သိရှိခဲ့ရပါသည်။ အရိုးစွဲအကျင့်ပါနေ၍သာ မရွတ်ဆို မပူဇော်မိပါက ပြုဖွယ်အမှုတစ်ခုခု လိုနေသည်ဟုထင်၍ ထုံနေအောင် ပူဇော်ရွတ်ဆိုမိခြင်း ဖြစ်ပါသည်။

မှတ်မှတ်ရရ ကျွန်မ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သောနေ့တွင် ကျွန်မတို့ရွာနှင့် (၄)မိုင်ခန့် ကွာဝေးသော ရွှေစားငြိမ်းစေတီဘုရားပွဲသို့ မိန်းမဖော်များနှင့် သွားကြပါသည်။

ကျွန်မတို့ရွာလေးသည် တစ်ဆယ့်နှစ်လပတ်လုံး လုပ်ကိုင်စားသောက်၍ မရပါ။ မိုးတွင်းသာ စပါးစိုက်၍ ကျန်အချိန်များတွင် မြေကြီးပပ်ကြားအက်၊ ရေကြီးမိုးခေါင်ဒဏ်ကို ခံစားရသောရွာ၊ စပါးတစ်မျိုးတည်းသာ စိုက်၍ရသောအရပ်။ ကျန်အချိန်များတွင် မြေပပ်ကြားအက်၍ မည်သည့်သီးနှံမှ စိုက်ပျိုး၍မရသော ရေကြီးမိုးခေါင်အရပ်။

ဘုရားပွဲကျင်းပသော ရွှေစားငြိမ်းစေတီတော်မှာ ကွင်းခေါင်ခေါင်တွင်ရှိသော ရှေးဟောင်းမွန်စေတီတော် ဖြစ်ပါသည်။ ရွာနီးချုပ်စပ် ကျေးရွာများနှင့်လည်း မနီးဘဲ ကွင်းထဲရှိ ကုန်းမို့မို့ထက်တွင်တည်ရှိကာ အရိပ်အာဝါသ ကောင်းလှပါသည်။

ကုန်းထက် ရင်ပြင်တော်ပေါ်တွင် ကြီးမားလှသော ကြာမျိုးစုံ ပွင့်နေသည့် ရေကန်ကျယ်ကြီးနှင့် ခရေ၊ ပိတောက်၊ ပျဉ်းမပင်ကြီးများ ရှိ၏။ ကန်ထဲတွင် နဂါးသိုက်ရှိ၏။ စွပ်ကြောင်းကျယ်ကြီးများ တစ်ခါတစ်ရံ တွေ့ရတတ်ပါသည်။ ထိုစဉ်က ရင်ပြင်တော်ပေါ်ရှိ ဘုန်းကြီးကျောင်းတွင် သီတင်းသုံးသည့် ကိုယ်တော်မရှိဘဲ ကျွန်မတို့ရွာရှိ အရှေ့ကျောင်းဆရာတော် ဦးယုန်မှ အုပ်ချုပ်၍ ပွဲတော်ရက်များတွင် စည်ကားလှသည်။

ထိုရွှေစားငြိမ်းစေတီတော်မှ ရုံဖန်ရံခါ ရောင်ခြည်တော်များ ကွန့်မြူးသည်ကိုလည်း ကျွန်မတို့ မကြာခဏ ဖူးတွေ့ရပါသည်။

ထိုစဉ်က ဘုရားပွဲတွင် အငြိမ့်ထည့်၍ အငြိမ့်ငတ်နေသော ရွာသားများ၊ ရွာဝန်းကျင် ကျေးရွာများမှ အိမ်စောင့်မှလွဲ၍ ရွာလုံးကျွတ် လှည်းတပ်ဖွဲ့ကာ လာကြပြီး တောသူတောင်သားများ ထုံးစံအတိုင်း တစ်အားလွတ်ပျော်ကြပါသည်။

ကျွန်မကမူ ထုံနေပြီဖြစ်သော သီရသ္မိဂါထာတော်ကြီးကို ရွတ်ဖတ်ရင်း သူငယ်ချင်း မိန်းမဖော်များနှင့် လှည်းထက်မှ လိုက်ပါလာခဲ့ပါသည်။

ဘုရားပွဲတွင်း လှည်းဝိုင်းတွင် လှည်းကို နေရာချကာ ရင်ပြင်တော်ထက်သို့ အမှိုက်သိမ်း၊ တံမြက်လှည်းကုသိုလ်ယူရန် မိန်းမဖော်အဖွဲ့လိုက် တက်ခဲ့ကြပါသည်။ ရင်ပြင်တော်ပေါ်ရှိ သိမ်ဇရပ်၊ တန်ဆောင်းများတွင် ခိုနှင့် လင်းနို့ချေးများကို သန့်ရှင်းကုသိုလ်ယူကြပါသည်။

♦ ♦ ♦

ညဘက် ကမ္ဘောဇခင်စန်းဝေအငြိမ့် ကြည့်နေသော်လည်း ကျွန်မ စိတ်မပါတော့ပါ။ စိတ်ထဲ စနောင့်စနင်းဖြစ်နေပါသည်။ မကြာမီ လှည်းထက်မှ အတူကြည့်နေသော သူငယ်ချင်း မြစန်းကြည်တစ်ယောက် ဝုန်းခနဲ ထခုန်ကာ 'ငါ့ကို ဘာမှတ်နေသလဲ။ တစ်ခါတည်း အသေသတ်မယ်' ဟု ကြိမ်းဝါးအော်ဟစ်ကာ ရင်ဘတ်တအုံးအုံးထုကာ ပွဲကြမ်းပါတော့သည်။

အငြိမ့်၏ ဆွဲဆောင်မှုကြောင့် ငြိမ်သက်နေရာမှ မြစန်းကြည် ပွဲကြမ်းမှုကြောင့် ကျွန်မတို့ လှည်းဝိုင်းတွင် လူများ အုံလာကြပြီး အငြိမ့်ပင် ရပ်သွားပါသည်။

မြစန်းကြည် ပြောပြချက်အရ ကွင်းပိုင်ပူးကပ်ခြင်းဟု သိရပြီး မြန်မာနှင့် ကရင်လိုပါ ပြောဆိုကြိမ်းမောင်းနေပါသည်။ ကျောင်းပေါ်မှ ဆရာတော်ဆီ ခေါ်သွားဟုသာ ဝိုင်းအုံနေသော ဝိရိယသတ်က အကြံပေးပါသည်။ မိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကို လှည်းတပ် ဝိုင်းရံထားသော လူများကြားမှ သယ်ဆောင်သွားရန် မလွယ်ကူပါ။ ကျွန်မ ရုတ်ခြည်းအကြံရ၍ သောက်ရေဘူးထဲမှ ရေတစ်ခွက်ခပ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား လက်အုပ်ချီ၍ သိရသွိဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပြီး ထိုဂါထာရေမန်းဖြင့် ဦးခေါင်းထက်မှ ပွတ်သပ်ချ ထိုရေမန်းကို တိုက်လိုက်မှ ကွင်းပိုင်ထွက်သွားပြီး မြစန်းကြည်လည်း နံနက်မိုးလင်းမှ အိပ်နေရာမှ နိုးသည်။ သူ့မိဘများ၊ အစ်ကိုများက ကျေးဇူးစကား ဆိုကြပါသည်။

ကျွန်မကမူ ကျွန်မကို ကျေးဇူးစကားမဆိုဘဲ မြတ်စွာဘုရားရှင်တော်မြတ်ကိုသာ ထာဝရမမေ့သင့်ကြောင်း ပြောဆိုခဲ့ပါသည်။

ထိုအချိန်က ကျွန်မ ထုံနေအောင် ရွတ်ဖတ်သရဇ္ဈာယ်ထားသော ဤဂါထာတော်၏ အစွမ်းကြောင့် သူငယ်ချင်းတစ်ယောက်၏ အသက်ကို ကယ်နိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ပို၍ယုံကြည်မှုလေးနက်လာခဲ့ရသော ကျွန်မသည် ဤဂါထာတော်ကို ဘုရားရှိခိုးပြီးတိုင်း သက်စေ့ပုတီးစိပ်၊ အိပ်၊ ထိုင်၊ သွားလာ၊ လဲလျောင်းရင်းလည်း နေ့စဉ်နိစ္စဓူဝ မမေ့မလျော့ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါသည်။

ကျွန်မ အသက်နှစ်ဆယ်အရွယ်တွင် မြို့မှ စပါးပွဲစား ကိုသိန်းအောင်နှင့် အိမ်ထောင်ကျ၍ သျှောင်နောက်ဆံထုံးပါ ရန်ကုန်မြို့သို့ လိုက်ပါခဲ့ရပါတော့သည်။

အဘွားကမူ 'မြေးရယ်‥ငါ့မှာလည်း တွယ်စရာသံယောဇဉ် မရှိတော့ပါဘူး။ တရားဘာဝနာမဲ့ အားထုတ်ပါတော့မယ်' ဆိုကာ ကွယ်လွန်သည်အထိ သီလရှင်ဘဝသို့ ကူးပြောင်းသွားပါတော့သည်။

◆◆◆

(နှစ်)

ခင်ပွန်းဖြစ်သူ ကိုသိန်းအောင်မှာ လူရိုးသဘောကောင်းတစ်ယောက် ဖြစ်သော်လည်း ပွဲစားပီပီ အသောက်အစား ရှိတတ်ပါသည်။

ကုန်သည်မျိုးရိုး အရောင်းအဝယ်သမားဖြစ်၍ တစ်မြို့တစ်နယ်သို့ သွားလာရောင်းဝယ်ရပါသည်။ ဘုရားကိုမူ ဝတ္တရားကျေ အိပ်ရာဝင် အိပ်ရာထ ပုဆိန်ပေါက် ဦးသုံးကြိမ်ချလေ့ရှိပါသည်။ ဘာသာရေးခံယူချက် အားနည်းသော သာမန်မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တစ်ဦးသာ ဖြစ်ပါသည်။

ကျွန်မကမူ ခင်ပွန်းသည် သွားလမ်းသာ လာလမ်းဖြောင့်စေရန် ပြုလုပ်နေကျ နိစ္စဘတ်ထက် ရတနာမြတ်သုံးပါးကို ပို၍လေးစား ယုံကြည်လာပြီး ဝိပဿနာရှုမှတ်ခြင်းကိုပါ ပြုလုပ်လာခဲ့သည်။ လက်စွဲ သိရသွိဂါထာတော်ကိုလည်း မေ့လျော့ခြင်း မရှိခဲ့ပါ။ အထူးသဖြင့် ပရိတ်ကြီး(၁၁)သုတ်နှင့် ဤဂါထာတော်ကြီးကို နေ့စဉ် ဘုရားရှေ့တွင် မပြတ်ပူဇော်ခဲ့ပါသည်။

စီးပွားရေးအခြေအနေ ကောင်းလာ၍ ကိုယ်ပိုင်အိမ်လေးနှင့် နေထိုင်လာနိုင်ပါသည်။ သမီးနှစ်ယောက်မိခင်ဖြစ်လာ၍ ခင်ပွန်းအား အသောက်အစား လျှော့ခိုင်းပါသည်။ သူကလည်း အသောက်အစား လျှော့လာပါသည်။ အိမ်တွင် မိသားစုကုန်စုံဆိုင်လေး ဖွင့်ထားပြီး ကိုသိန်းအောင်ကမူ ပွဲစားပီပီ နယ်ထွက်မြဲ။ ကျွန်မကမူ နံနက်စောစောနှင့် ညအိပ်ရာဝင်တိုင်း သမီးနှစ်ယောက်နှင့်အတူ ဘုရားရှိခိုး၊ မေတ္တာပို့၊ ပုတီးစိပ်၊ သိရသွိဂါထာတော်နှင့် ပရိတ်ကြီး(၁၁)သုတ်ပူဇော် စသည်ဖြင့် အလွန်စိတ်ချမ်းသာရပါသည်။

'သမီးတို့‥အဖေပါ မိသားစုနဲ့အတူဆို သိပ်ကောင်းမှာနော်' ဟုပင် ပြောမိသည်အထိ။

ခင်ပွန်းသည်ကမူ အသောက်အစား လျှော့လာသော်လည်း အသောက်အစားနေရာတွင် ဘုရား၊ တရားကို အစားမထိုးနိုင်သေး။

◆◆◆

ဤသို့ဖြင့် နေလာခဲ့ရာ သမီးကြီး မီးမီး (၁၅)နှစ်အရွယ်တွင် ခင်ပွန်းသည်မှာ တစ်နယ်တကျေးတွင် နောက်အိမ်ထောင်ပြုလိုက်ကြောင်း ကြားသိရပါသည်။ အိမ်ထောင်ဦးစီး မရှိတော့၍ စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ ရှက်ခြင်း၊ ဝမ်းနည်းခြင်းများ လွန်စွာခံစားရပါသည်။

ဘဝဝဋ်ကြွေးဟု ခံယူ၍ သမီးနှစ်ယောက်ကို ယခင်ကထက် ပိုဂရုစိုက်ပါသည်။ စုဆောင်းငွေများ ထုတ်၍ အိမ်ဆိုင်လေးကို ပို၍ဖြည့်ဆည်းပေးပါသည်။ သမီးတို့နှင့်အတူ ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင် လုပ်ငန်းများ ပို၍လုပ်လာနိုင်ပါသည်။

ခင်ပွန်းအား သီးခြားမေတ္တာပို့သပါသည်။ ဆန့်ဆုံ

www.burmeseclassic.com

စား ကံကုန်သွား ဆိုသော်လည်း ကြီးမားသော သံသော ဇဉ်နှင့်အတူ သူရော နောက်အိမ်ထောင်အတွက်ပါ စိတ်ပူမိပါသည်။

အိမ်ဆိုင်လေးမှာလည်း ရောင်းအားဝယ်အား ဖြိုကောင်းလာ၍ အခြေမပျက် နေနိုင်ခဲ့ပါသည်။ ကလေးနှစ်ယောက် စားစရိတ်၊ ကျောင်းစရိတ်၊ မိသားစုစရိတ်များမှာ မနည်းသော်လည်း ထွက်ငွေ ဝင်ငွေ မျှတပါသည်။

သမီးတို့အား သမီးတို့ အခု အမေတို့ မိသားစုကို ဘုရား တရားက ကျွေးနေတာကွယ့်။ အားထားစရာအမှန်ဟာ ဘုရား၊ တရား၊ သံဃာပဲ။ အဓိကအရာ ထားရမှာက မိဘ၊ ဆရာသမားပဲ။ စေတနာကောင်းထား၊ စေတနာကောင်းရင် ကံကောင်းတယ်။ စေတနာယုတ်ရင် ကံပုပ်မယ်။ ဘုရားမမေ့သူဟာ ငွေကြေးပြတ်ကောင်း ပြတ်မယ်၊ ဘယ်တော့မှ မငတ်ဘူးဆိုတာ မှတ်ထားကြ

ဖခင်ဖြစ်သူနှင့် အတူမနေရသော်လည်း မိခင်ကျွန်မက သမီးနှစ်ဦးအား ဘာသာရေးနှင့်တွဲ၍ ဆုံးမသည်ကိုလိုက်နာကြသဖြင့် လီမ္မာရေးခြားရှိကာ ဘာသာရေးကိုင်းရှိုင်း၍ ဝမ်းသာရပါသေးသည်။

တစ်နေ့ ကျောင်းပိတ်ရက်ဖြစ်၍ သမီးတို့ကို ဆိုင်စောင့်ထား၍ ဈေးဝယ်ထွက်ခဲ့သည်။ ကုန်ဈေးတန်းတွင် နို့ဆီ၊ သကြား၊ ထောပတ်များ ဝယ်ယူပြီး ဗိုလ်ချုပ်ဈေးသို့ ကုန်ဝယ်ထွက်ခဲ့ပြန်ပါသည်။ ကုန်ဝယ်တွက်ချက်ပြီး ငွေရှင်းမည်အပြု ပိုက်ဆံအိတ် ပါမလာတော့ပါ။

ကုန်စိမ်းတန်းမှ သကြား၊ နို့ဆီ၊ ထောပတ်ဆိုင်တွင် မေ့ကျန်ခဲ့ခြင်း ဖြစ်နိုင်ပါသည်။

ချက်ချင်းပင် ကုန်ဈေးတန်းသို့ ပြန်သွားပြီး စိတ်တွင်းမှလည်း ဤငွေများသည် ရိုးသားစွာ ရှာဖွေရယူထားသော ငွေကြေးများ ဖြစ်ပါသည်။ ဤငွေများဖြင့် မိသားစု၏ စားဝတ်နေရေးနှင့် ဘာသာရေးအတွက် ဆောင်ရွက်ရပါသည်။ ဥစ္စာရှင်းမှန်က ပြန်ရပါစေ ဟု သစ္စာတရားကို တိုင်တည်၍ သိရသ္မီဂါထာတော်ကြီးကိုလည်း ရွတ်ဆိုပူဇော်ခဲ့ပါသည်။

ကုန်ဈေးတန်း ထောပတ်ဆိုင်တွင် ငွေတစ်သိန်းပါ ကျွန်မ၏ ပိုက်ဆံအိတ်ကို ဆိုင်ရှင်က သိမ်းထားရာမှ ပြန်ပေးပါသည်။

◆◆◆

(သုံး)

ကျွန်မမှာ ကြာသပတေးသမီးဖြစ်၍ မွေးနေ့တိုင်း ဗိုလ်တထောင်စေတီတော်ကြီးတွင် သိရသ္မီဂါထာတော်ကြီးကို သက်စေ့ပုတီးစိပ်လေ့ရှိပါသည်။ အပြန်တွင် လမ်းလျှောက်၍ ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီတော်အား ဖင်ရောက်ကြည်ညိုစမြဲ။

အမှတ်ထင်ထင် ထိုနေ့ (၁၃-၉-၁၉၉၅)ရက်၊ ကြာသပတေးနေ့၊ ည(၇)နာရီ ကျွန်မ ဗိုလ်တထောင်ဘုရားမှ ရွှေဘုန်းပွင့်စေတီသို့ ခြေကျင်လျှောက်လေ့ရှိပါသည်။

ပုဇွန်တောင် ကြက်တန်း၊ သာယာကုန်းလမ်းနှင့် အ.မ.က(၄) ပုဇွန်တောင်ကျောင်းရှေ့အရောက် ကျွန်မနှင့် မျက်နှာချင်းဆိုင်လာနေသော လူသုံးယောက်က ကျွန်မအား တစ်ယောက်က ပါးစပ်ပိတ်၊ တစ်ယောက်က ချိုင်းကြားညှပ်ထားသော လက်ကိုင်အိတ်လုပြေး တစ်ယောက်က တွန်းလှဲပါသည်။

ထိုနေရာတွင် မီးတိုင်မရှိ မှောင်နေပါသည်။

ကျွန်မလည်း လဲကျရာမှ အော်ဟစ်အကူအညီတောင်းရပါတော့သည်။

ထိုစဉ် လူရွယ်တစ်ဦးက ကျွန်မအား ဆွဲထူအကူအညီပေး၍ လုယက်သွားသူများနောက်သို့ အော်ဟစ်အကူအညီတောင်း၍ အပြေးလိုက်ပါတော့သည်။ လုယက်သူများက (၅၂)လမ်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ် ပြေးကြရာ ပုဇွန်တောင်ယာဉ်ထိန်းရဲများ၊ ပုဇွန်တောင်စခန်းရဲများက ဝိုင်းဝန်းဖမ်းဆီးကြရာ နှစ်ယောက်မိပါသည်။

လွတ်လာသော လုယက်သမား တစ်ယောက်မှာ ကျွန်မအား အကူအညီပေးသော လူရွယ်နှင့် (၅၂)လမ်းကြားရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ရှေ့ရှိ တိုက်မိယာဉ်များ ရပ်ထားရာ လမ်းပေါ်တွင် ထိုးကြိတ်နေကြပါသည်။ ယာဉ်ထိန်းတပ်ဖွဲ့၊ ပုဇွန်တောင်ရဲစခန်းမှ ရဲများနှင့် လူအုပ်က ဝိုင်းဖမ်းဆီး၍ ပုဇွန်တောင်ရဲစခန်းတွင် စစ်ဆေးကြရာ ကျွဲချိုလေးခွ ချွန်တစ်ချောင်း၊ ဖန်ဂေါ်လီများ၊ စက်သီးကုံးများနှင့် ရှစ်လက်မနှင့် ခြောက်လက်မ အရှည်ရှိ နှစ်ဖက်သွား ဓားနှစ်ချောင်း ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ပါသည်။

ကျွန်မနှင့် ကူညီသူ လူရွယ်ကိုသာ ဓားနှင့်တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သော် ကျွန်မ မတွေးဝံ့တော့ပါ။

ကျွန်မက အခြေအနေကို ပုဇွန်တောင်ရဲစခန်းမှ အိမ်သို့ ဖုန်းဖြင့် အကြောင်းကြားလိုက်ရာ သမီးနှစ်ယောက်နှင့်အတူ မိသားစုနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေသော ခင်ပွန်းသည်ပါ သမီးများနှင့်အတူ လိုက်လာသည်ကို တွေ့ရပါတော့သည်။ ဒုတိယအိမ်ထောင်နှင့် အပြီးအပိုင်ရှုံးတွင် ကွာလာခဲ့ကြောင်းလည်း သိရပါသည်။

သားရွှေအိုးထမ်းသောကိန်းဟုသာ ကျွန်မ ဆိုချင်ပါတော့သည်။

<u>**သိရသ္မီဂါထာတော်ကြီး**</u>

ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုး၊ ရောဂါအမျိုးမျိုးမှ ကင်းလွတ်စေနိုင်သော ဂါထာတော်ဖြစ်ပါသည်။ ဤဂါထာတော်ကို အိပ်ရာဝင်တိုင်း အမြဲရွတ်ဖတ်လျှင် အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း၊ ချမ်းသာခြင်း အကျိုးများ မုချရရှိနိုင်ကြောင်း ရှေးဘိုးဘွားအစဉ်အဆက် ဆိုရိုးပြုကြသည်။

<u>**မှတ်ချက်**</u>

နာမကျန်းသော အခြားသူအတွက်ဖြစ်စေ၊ တစ်စုံတစ်ယောက်အတွက်ဖြစ်စေ ရွတ်ပါက မေနေရာတွင် တေမမ နေရာတွင် တဝဟု အစားထိုး ရွတ်ဆိုရမည်။ ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချ စိပ်နိုင်ပါသည်။



**ပါဠိ**

သိရသ္မိံ (မေ) ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တောစ ဒက္ခိဏေ၊
ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋကတ္တယံ။
ပစ္ဆိမေ (မမ) အာနန္ဒော၊ စတုဒ္ဒိသာ ခီဏာသဝါ၊
သမန္တာ လောကပါလာစ၊ ဣန္ဒာဒေဝါသဗြဟ္မကာ၊
ဧတေသံ အာနုဘာဝေန၊ သဗ္ဗေဘယာ ဥပဒ္ဒဝါ၊
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အနက်**

ဗုဒ္ဓသေဋ္ဌော-ဘုရားမြတ်သည်၊ မေ-တပည့်တော်၏။ သိရသ္မိံ-ဦးခေါင်းထက်၌ (တို့ဋ္ဌတု-တည်ပါစေသတည်း)၊ သာရိပုတ္တောစ-အရှင်သာရိပုတ္တရာသည်ကား၊ ဒက္ခိဏေ-လက်ယာပခုံး၌၊ မောဂ္ဂလာနော-အရှင်မဟာမောဂ္ဂလာန်သည်၊ ဝါမအံသေ-လက်ဝဲပခုံး၌၊ ပိဋကတ္တယံ-ပိဋကတ်သုံးပုံသည်၊ ပုရတော-အရှေ့အရပ်၌ (တို့ဋ္ဌတု-တည်နေပါစေသတည်း)။

အာနန္ဒော-အရှင်အာနန္ဒာသည်၊ မမ-တပည့်တော်၏၊ ပစ္ဆိမေ-အနောက်အရပ်၌၊ တို့ဋ္ဌတု-တည်နေပါစေသတည်း)၊ ခီဏာသဝါ-ရဟန္တာအရှင်မြတ်တို့သည်၊ စတုဒ္ဒိသာ-အရပ်လေးမျက်နှာတို့၌ တည်နေပါစေသတည်း။

သဗြဟ္မကာ-ဗြဟ္မာနှင့်တကွ ဖြစ်ကုန်သော၊ ဣန္ဒာဒေဝါစ-သိကြား၊ နတ်မင်းတို့သည်လည်းကောင်း၊ လောကပါလာစ-လောကကို စောင့်သော နတ်တို့သည်လည်းကောင်း၊ သမန္တာ-ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာတို့၌ (တို့ဋ္ဌတု-တည်ကြပါစေကုန်သတည်း)။

ဧတေသံ-ထိုဘုရား၊ တရား၊ သံဃာ၊ သိကြား၊ ဗြဟ္မာတို့၏၊ အာနုဘာဝေန-တန်ခိုးတေဇော် အာနုဘော်တို့ကြောင့်၊ သဗ္ဗေ-အလုံးစုံသော ဘယာဘေးတို့သည်လည်းကောင်း၊ ဥပဒ္ဒဝါ-ဥပဒ္ဒဝေါတို့သည်လည်းကောင်း၊ အနေကာ-များစွာကုန်သော၊ အန္တရာယပိ-အန္တရာယ်တို့သည်လည်းကောင်း၊ အသေသတော-အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိနဿန္တု-ပျောက်ပျက်ကြပါစေကုန်သတည်း။

(မှတ်ချက်-ကာယကံရှင် ဒေါ်နီလာခိုင်၏ ပြောပြချက်)

ထာဝရမေတ္တာဖြင့်
ကျော်မှင်းညွှန့်(ကညင်းကူး)

www.burmeseclassic.com

# ရန်နိုင်
## ပန်းပိတောက်နှင့်



မနက်လေးနာရီခွဲတွင် ထွက်နေကျ။ ဘောင်းဘီကို အကျအနဝတ်၊ ဖိနပ်ကိုစီး၊ တုတ်ကောက်ကိုယူ၊ ရေဒီယိုက အဆင်သင့်။ အဆောင်အယောင် ပြည့်စုံသည့်အခါ အခန်းမှ အပြင်ထွက်သည်။ ရာသီဥတုက အအေးဓာတ်ပက်ဖျန်းသည့်ခံရမှုက ထူးထူးခြားခြား။ အအေးထည်ကို သတိရသည်။ သည်လိုရာသီဥတုတွင် တုတ်ကောက်အစား ထီးက လိုအပ်ပါသည်။

လမ်းလျှောက်စဉ် အမှန်တကယ်အားပြုထောက်ကူသည့် တုတ်ကောက်မဟုတ်၊ တုတ်ကောက်ကို ချိုင်းတွင်ညှပ်လျက် ဟန်ပါပါ လမ်းလျှောက်သည့်အခါ အင်အားက တစ်မျိုး။ ယခုအခါ တုတ်ကောက်အစား ထီးရှည်တစ်ချောင်းက အဲရေးအပါဆုံး။ တုတ်အစား ထီးကို ချိုင်းညှပ်ရသည်။ လမ်းလျှောက်ရင်း မိုးရွာလျှင် အခက်။ အကာအကွယ်ရသည်။ လမ်းလျှောက်လျှင် ချွေးတစို့စို့မှ သည် မိုးရေအအေးဓာတ်က သရုပ်ပျက်သည့်သဘော။ ကျန်းမာရေးကိုပင် ထိခိုက်စေသည်။

ဤသို့ မနက်အစော လမ်းလျှောက်လေ့ကျင့်ရေးအတွက် ဟန်တပြင်ပြင်။ ထိုအခါက ကိုရွှေမိုးကို သတိရသည်။

အထူးသတိရသည်။ သူ့ကြောင့် ပေါ်ထွက်လာမည့် သင်္ကြန်မိုးကို သတိမပြုသေး။ သင်္ကြန်မိုးနှင့်အတူ ပန်းပိတောက်ကို မတွေးမိသေး။

အပူပြင်းသော ရာသီတွင် မိုးရွာခြင်းကြောင့် အအေးဓာ ရရှိသည်ကိုပင် ကိုရွှေမိုးကို ကျေးဇူးတင်မဆုံး။

အပြန်လမ်းတွင် ဓာတ်မီးတိုင်တို့ အနားယူကုန်သည



www.burmeseclassic.com

www.burmeseclassic.com

စောစောက ရှင်းလင်းစွာ အိပ်စက်နေသောလမ်း။ ယခုသူလည်း အိပ်ရာမှ နိုးလေသည်။ စတင်လှုပ်ရှား ရှပ်ထွေးလာသည်။ ထူးထူးခြားခြား ပိတောက်ပန်းပွင့်နေခြင်းက လူများကို ဆွဲဆောင်နေသည်။ မနက်စောစော အသွားတုန်းက သတိမထားမိ။ ပိတောက်နံ့သင်းပျံ့ပျံ့ကိုသော်မျှ မခံစားမိ။

မြန်မာပြည်အား စိတ်ကောက်နေသော ကိုရွှေမိုးက ရွာသွန်းဖြိုးတော်မူသည်။ အိမ်တွင် မွေးထားသော ခွေးကလေးပိစိသည်ပင် တအံ့တဩ။ သူက ကိုရွှေမိုးကို မမြင်ဖူးသေးသောကြောင့် ဟောင်လိုက်သည်မှာ အတော မသတ်။

သင်္ကြန်မတိုင်မီကတည်းက မျှော်လိုက်ရသည့် ကိုရွှေမိုး။ ပူလိုက်သည်ကလည်း ချစ်ချစ်တောက်။ အိုဇုန်းလွှာကြီး ပေါက်သွားသလိုလို။ ခရမ်းလွန်ရောင်ခြည်များဖြင့် ရောင်စုံပန်းချီကားသဖွယ် ရဲရဲတောက်။ လူသားတိုင်း ရွှေမိုးကို တမ်းတမ်းတတ။ လူတို့နှင့်အတူ ပိတောက်တို့သည်လည်း မျှော်တလင့်လင့်။ သင်္ကြန်မိုးဆို၍ ရုပ်ရှင်ကားသာ ကြည့်လိုက်ကြရသည်။ ကိုရွှေမိုးက မရွာ။

သင်္ကြန်နှင့် ပိတောက်က အတွဲအဖက်။ ပိတောက်ဆိုသည်က အတာကူးမည့် ကာလ၏နိမိတ်။ မိုးမရွာသဖြင့် ပိတောက်နှင့်သင်္ကြန် လွဲခဲ့ရသည့်နှစ်။ ပိတောက်မပွင့်ဘဲ အတာကူးသွားသည်။ သင်္ကြာရာဇ်ကိန်းဂဏန်းများ ပြောင်းလွဲကုန်သည်။ သည်အခြေအနေကို ပိတောက်က သိလိုက်မည် မဟုတ်။

အချိန်ကျတော့ ကိုရွှေမိုး ပဲများ၍ မနေသာ။ ယခု ပိတောက်တို့လည်း အလန့်တကြား ထပွင့်ကြသည်။ သို့သော် သူ၏မိတ်ဆွေ သင်္ကြန်နှင့်လည်း မတွေ့တော့။ ပိတောက်မပါဘဲ သင်္ကြန်က အဲဖော်မဲ့စွာ ခရီးနှင်သွားရရှာသည်။ မြန်မာတို့၏ခုနှစ်များ ပြောင်းလဲမှုကို ပိတောက်က အူကြောင်ကြောင် အကြည့်မှားနေတော့မည်။

◆◆◆

မည်သည့်အချိန်ဖြစ်စေ ပိတောက်ဆိုလျှင် ချစ်သူခင်သူက အများသား။

ဂီတစာဆိုများကလည်း ပိတောက်ကို မြတ်နိုးသည်။ နတ်သျှင်နောင် သီချင်းတွင် ကြားဖူးကြပါလိမ့်မည်။

'ပိတောက်တွေ ရွှေရည်လူးကြတဲ့အနေ××× ပုလဲငုံစံပယ်ဖြူ ဖူးခိုက်ဝေဝေ××× ပန်းမျိုးစုံရာသီစုံ ကူးခဲ့ပေါ့လေ××× ချစ်သူကိုရည်စူး ခူးတဲ့လို့ခြွေ×××'

နှစ်သည့်စာသား။ ပိတောက်၏ သရုပ်က ပီပီပြင်ပြင်။ ပိတောက်ရွက်များက ဖင်လုံးပြည့် စိမ်းလန်းစိုပြည်။ အစိမ်းရောင်နှင့် အဝါရောင်ကို သဘာဝက တွဲဖက်ပေးသည်ကို ပိတောက်တို့ ရွှေရည်လူးသည်ဟု တင်စားချက်က တကယ့်ရသ။ ပိတောက်ပွင့်ပြီဆိုလျှင် အရွက်စိမ်းများကို ပိတောက်က ဖုံးသည်။ တစ်ပင်လုံး ဝါဝါထိန်ထိန်မို့ ရွှေရည်လူးသည်ဟု ဆိုလေသလား။

ပိတောက်ဝါကို အမွှမ်းတင်ကြသည့်နည်းတူ ပိတောက်စိမ်းဆိုသည့် တေးကလည်း အချစ်၏ အပြောင်းအလွဲကို ကိုးကားသည်။

'လေယူရာဘယ်ညာတိမ်း မြဝတ်လွှာသူယိမ်း××× အသွင်မတိမ် တမင်စိမ်းလေသည့် ပိတောက်စိမ်း×××'

တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက်ဟုလည်း သစ္စာခိုင်မြဲမှုကို ပိတောက်ဖြင့် ဖော်ပြပြန်သည်။

တစ်ယောက် နှမနဲ့ ပိတောက်အလှကို မမေ့တယ်။ ပန်ချင်စမ်းပါသည် ပိတောက်ဖူးကိုတဲ့ မောင်ခူးကာပေးဖူးတယ်ဟုလည်း ပိတောက်ဖြင့် အချစ်ချော့တေးကို ရေးဖွဲ့သည်။

'ပိတောက်ပွင့်ရက်ဝယ် မောင်လာနေကျကွယ်မို့ ပိတောက်တွေ နွေစဉ်ပွင့်ပါစေ' ဟု ဆုပန်နေရသည်ကလည်း မခေါနိုင် မပန်းနိုင်။

ပိတောက်ကို ချစ်မြတ်နိုးကြသကဲ့သို့ တစ်ဖက်တွင် အပြစ်မြင်သူကမြင်။ ခရေပင်အောက်က ပိတောက်ချစ်သူဟု ရန်တွေ့တေးများလည်း ရှိသည်။ သူ့အတွေးကလည်း မဆိုး။ ခရေဆိုသည်က မွှေးနိမ့်ပန်း၊ အကြွေပန်း။ သို့သော် ရနံ့က ကြာရှည်ခံသည်။ ပိတောက်က တစ်မနက်သာ ဖူးပွင့်သည့် အလှဆန်ဆန်ပန်း။ သူ့ရနံ့ကလည်း တစ်မနက်ထက်မပို။ သို့ပါလျက် ခရေကို မငဲ့မညှာစွန့်ခွာပြီး ပိတောက်ကိုမှ ချစ်လေသူအား ယူကျုံးမရ မချင့်မရဲ။

◆◆◆

ပိတောက်ကို အနုပညာရှင်တို့၏အမြင်က အလှဆန်ဆန်။ ပိတောက်ကို လောကဓံတရားဖြင့် အမြင်ကတစ်မျိုး။ မိုးဦးစာတ်ကလေးရသဖြင့် ဖူးရပွင့်ရသောပိတောက်။ လှလည်းလှသည်၊ မွှေးလည်းမွှေးသည်။ ရှားလည်းပန်းမို့

www.burmeseclassic.com

လူတို့ အလုအယက် ခူးကြ၊ ခုတ်ကြ၊ ပိုင်းကြသည်ကို ပိတောက်ပန်းခူးသည်ဟု ဆိုကြသည်။ အမှန်တော့ ပိတောက်အပေါ် ရိုင်းပျရက်စက် စော်ကားချိုးဖျက်နေကြခြင်းသာ။ မကြာခင် အကိုင်းအခက်တို့ ပျက်ကြွေရုပ်ဆိုးသွားစေသည်။

ပိတောက်၏ သဏ္ဌါရသဘောကို ဆင်ခြင်နိုင်မှ တရားတွေ့နိုင်မည်။

ခူးနေ၊ ချိုးနေသူကလည်း ပြန်လည်ရောင်းချမည့်သူ။ မိသားစုအလိုက် သိုက်သိုက်ဝန်းဝန်း။ အပင်ပေါ် တက်သူကတက် အကိုင်းအခက်အလိုက် ချိုးဖွဲ့ပစ်ချပေးသည်။ မြေပြင်တွင်လည်း အစုလိုက် အပုံလိုက်။ လမ်းဘေးပိတောက်ပင်ဖြစ်သော်လည်း သူတို့မိသားစုအတွက် လုပ်ပိုင်ခွင့်ချ ရယူထားသည့်အလား။ မျက်နှာထားက ခပ်တင်းတင်း ခပ်ထည်ထည်။

အခြားအပင်တစ်ပင်တွင်မူ မိသားနှစ်စု စကားများနေသည်။ သူရသင့်သည်၊ ငါရသင့်သည် ငြင်းခုံနေကြဆဲ။ တစ်ယောက်က ဖျန်ဖြေသည်။ ပိတောက်ပန်းများကို ဈေးသို့ သယ်သူကသယ်၊ နေရာတွင်ပင် အရောင်းအဝယ်ဖြစ်သူလည်းရှိ၊ ပိတောက်ပန်းများ ဝယ်ယူရရှိသူကလည်း တပျော်တပါး။

သူသူငါငါ ပိတောက်ပန်းခက်များဖြင့် အလုကြီးကမ်းကုန်နေကြသည်။

လမ်းလျှောက်ထွက်လာသဖြင့် ပိတောက်ပန်းဝယ်ရန်ငွေက မပါ။ အခမဲ့တောင်းယူရန်လည်း မဝံ့မရဲ။ အောက်ကျနောက်ကျ မလုပ်ချင်။ မသုံးမလို ပိုလျှံသော ပိတောက်ကိုင်းများကိုသာ မြေပေါ်တွင် အပုံလိုက်။ လုံးပတ်အနေတော် အကိုင်းတစ်ကိုင်းကို ကောက်ယူလိုက်သည်။

အိမ်နှင့်လည်း နီးနေသဖြင့် ကိုယ်တိုင် ပိတောက်ကိုင်းကို ထမ်းလာသည်။ ခြံထောင့်တစ်နေရာတွင် သံတူးရှင်းဖြင့် မြေကျင်းတူးလိုက်သည်။ သစ်ကိုင်း၏ ထိပ်စကို ပလတ်စတစ်ဖြင့် အုပ်စည်းသည်။ ပင်စည်အရင်းပိုင်းကို ကျင်းသို့ ထိုးထည့်လိုက်သည်။ အဆိုပါအကိုင်းမှ အညွန့်အကိုင်းရွက်နုများ မကြာခင် ထွက်လာပေလိမ့်မည်။ ပိတောက်မျိုးဆက်သစ်ကို ပိုင်ပိုင်နိုင်နိုင် စိုက်ပျိုးပြုစုပျိုးထောင်လိုက်ခြင်းဖြစ်သည်။

မြေသို့ ရေလောင်းရင်း ဖြစ်ပေါ်လာမည့် ကိုယ်ပိုင်ပိတောက်ပင်မှ နောက်နှစ် (သို့မဟုတ်) နောက်တစ်နှစ်တွင် ပိတောက်များ ပွင့်လာပေလိမ့်မည်။ အတွေးဖြင့်ကြည်ကြည်နူးနူး။

ကိုယ့်ပိတောက်ပင်မှ ပွင့်လာမည့် ပိတောက်ပန်းတို့အား မည်သူ့ကိုမျှ ခူးခွင့်မပေး။ ကိုယ်တိုင်လည်း မခူးမခြွေ။ အပင်ပေါ်တွင် သည်အတိုင်းကလေး အလှသာကြည့်နေလိုက်မည်။ အတွေးက အစွန်းသို့ရောက်သည်။ ယခုမှ သစ်ကိုင်းသဘာဝသာ ရှိသေးသည်။ အပင်ဖြစ်မည်၊ မဖြစ်မည်ပင် မသေချာသေး။ စဉ်းစားကြည့်တော့ ရယ်စရာ။ အတွေးအမြင်ကလည်း အံချော်လွဲမှား။

ပိတောက်ပန်းကိုမှ ကိုယ်က ငယ်ကျွမ်းဆွေ။ ဆယ်ကျော်သက် အရွယ်ကတည်းက စွဲလမ်းမှု။ ပိတောက်ကိုလည်း ချစ်သည်၊ မြတ်နိုးသည်။ ရှားရှားပါးပါးမို့ တန်ဖိုးထားသည်။ ပိတောက်ပွင့်ရန်ရက်ကို မျှော်လင့်တောင့်တသည်။ ပိတောက်အား အလေးအနက်ထားသည်။ ပိတောက်အတွက် ဂုဏ်လည်းယူသည်။ ပိတောက်ပန်းရနံ့က ကိုယ့်ကို အဆွဲဆောင်ဆုံး။

ပိတောက်ပန်းရနံ့ရလျှင် မနမ်းဘဲမနေနိုင်။ ပိတောက်ပန်းရနံ့က မိမိအား ချိုမြိန်စေသည်။ စိတ်အင်အားအပြည့်ဝဆုံး။ တစ်နှစ်တွင် တစ်ရက်တည်းသာ နမ်းခွင့်ရရှိသည့် ပိတောက်ရနံ့။

မိမိအား ပန်းပိတောက်နှင့်ပတ်သက်၍ မိသားစုကတားမြစ်သည်။ ဆေးပညာရှင်များကလည်း သတိကြပ်ကြပ်ပေးထားသည်။ မဆင်ခြင်ပါက အကျိုးနည်းမည့်သဘော။ ပိတောက်ပန်းပွင့်စဉ် ပန်းပိတောက်အား အိမ်သို့ယူမလာရန် သတိထားကြသည်။ အိမ်ရှိဘုရားသို့ပင် ပန်းပိတောက် တင်မလှူရဲခြင်း၏ တရားခံမှာ မိမိကိုယ်တိုင်။

မတွေ့ရလျှင် အကောင်းသား။ ပိတောက်ပန်းရနံ့ကို မရှူရှိုက်ရလျှင် ကောင်းမည်။ ပိတောက်ပန်းများကိုတွေ့ကြုံလျှင် နမ်းမိသည့်အဖြစ်ကို ကျူးလွန်ဖြစ်သည်။ ပိတောက်ပန်းရနံ့က မိမိခန္ဓာသွေးသားလည်ပတ်မှုတွင် အဟန့်အတား။ သွေးသားက လက်မခံနိုင်သော ပန်းပိတောက်ရနံ့။ တစ်ကိုယ်လုံး အဖုအပိမ့်များဖြင့် ရဲရဲတွေလျက်။ တစ်ရက်တာကာလပတ်လုံး ကိုယ်ခန္ဓာ ယားယံခြင်းက အခံရခက်စွာ။ ပန်းပိတောက်နှင့် မတည့်သဖြင့်ဖြစ်ပေါ်လာသည့် ရောဂါဆန်း။ မတည့်မှန်းသိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

မနမ်းဘဲ မနေနိုင်သည်ကပင် သွေးသား၏ လှုံ့ဆော်မှုများ လား။

ပန်းပိတောက်နှင့် ကိုယ်နှင့် မတည့်သည့် အလဲဂျစ် ဟု ဆရာဝန်ကပြောသည်။ ကုသရမည့်နည်းမှာ ပိတောက်ပန်းအနံ့ကို ရှောင်ရှားရန်။ အချို့က လိပ်ပုစွန် စားမိသည့်အတွက် ယားယံခြင်း။ အချို့က အမဲသားနှင့် မတည့်။ အချို့က မှိုသား မစားသုံးရ။ မိမိကျတော့ ပိတောက်နံ့ မရှူရဟု။ မိမိနှင့် မသင့်အပ်၊ မတည့်အပ်သော ကိုယ်ခံစားရမည့် ရောဂါဒဏ်ကို ခံစားရင်း ပန်းပိတောက် ပွင့်လာရင် ကိုယ်က ဆင်ခြင်ဆဲကိစ္စ။ ကြာရှည်မခံသော် ပိတောက်ပန်း၏ သဘာဝကို တည်မြဲခြင်းအမြင်ဖြင့် မှားယွင်းခင်တွယ်နေမိပြန်သည်။

ပျက်ကြွေခြင်း ဖြစ်ပျက်တရားသဘောကို မတွေးထင်မိသည့်အဖြစ်။

တကယ်တော့ ဇာတိတစ်ခုကို စတင်လိုက်မိသည်။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သံသရာ စက်ဝိုင်းကြီးတွင် လည်ပတ်တော့မည်ဟု တွေးမြင်မိသော် တရားသဘော။ ကိုယ်ပိုင် ပိတောက်ပင်တစ်ပင်အပေါ် ငါစွဲထားလိုက်မိသည်ကို မသိလိုက် မသိဘာသာ။

နွေရာသီ ကုန်ဆုံးခြင်းနှင့် မိုးရာသီ၏ စတင်ခြင်း အတွက် ပိတောက်က ရှေ့ပြေးနိမိတ်။ အတာသင်္ကြန် မတိုင်မီ နှစ်ဟောင်းကာလနှင့် သင်္ကြန်အလွန် နှစ်သစ် ကာလ အကူးအပြောင်းကိုလည်း ပိတောက်က လက္ခဏာ သင်္ကေတပြသည်။ ပိတောက်သည် ပြောင်းလဲခြင်းနိယာမ ၏ သဘောသဘာဝ။ ပိတောက်ကို တွေ့မြင်ခံစားရခြင်း က တစ်စုံတစ်ခု ပြောင်းလဲတော့မည်ကို ကြိုတင်သိရှိနိုင် သည်။

မိမိတို့သည် အိုခြင်းဒုက္ခကို စတင်ခံစားနေကြရ သည်။ မကြာခင် နာခြင်းဒုက္ခ၊ သေခြင်းဒုက္ခများသို့ ပြောင်းလဲခံစားရတော့မည်ကို ပိတောက်မှတစ်ဆင့် တရား ပြနေသလိုလို။

◆◆◆

ဆံပွင့်သည်မှာ ကြာချေပြီ။ အလုပ်ထဲတွင် လူကြီးများက သပ်သပ်ရပ်ရပ်မှ ကြိုက်ကြသည်။ သူတို့နှင့် တွေ့ဆုံရတော့မည်ဆိုလျှင် ခေါင်းကိုဖြီးရသည်မှာ အကျအန။ ရုံးခန်းထဲက မှန်တွင် အထပ်ထပ်ကြည့်၊ ကျေနပ်လောက်မှ လူကြီးနှင့် တွေ့ရသည်။ ဆံဖြူနေသည်ကို ဆေးဆိုးလျက် ကာကွယ်ပြုပြင်ရသည်။

လူကြီးက မညာမတာဆူ၍ ကြိမ်းမောင်း၍ ကောင်းအောင် ကိုယ်က ငယ်ရုပ်ဆောင်ရပြန်သည်။ ခေါင်းဖြူ စွယ်ကျိုး အိုကြီးအိုမပုံစံပေါက်လျှင် လူကြီးက မကြိုက်။ အသက်ကြီးသည်ကို သတိထားမိသွားလျှင် မလိုလား။ လူကြီးက သူတို့ခိုင်းသမျှ သွက်သွက်လက်လက် လှုပ်ရှားနိုင်မှ။ .

ရာထူးသည် အသက်နှင့် လိုက်လျောညီထွေ တိုးတက်နေမှ ကောင်းသည်။ မည်သည့်အသက်အရွယ် ရှိနေပါစေ ရာထူးမြင့်မြင့်တွင် တာဝန်အသစ်ကို ထမ်းဆောင်ခွင့်ရမှ သွေးသစ်ဟု ဆိုနိုင်သည်။ သို့မဟုတ်ပါက ရာထူးဟောင်းတွင် နှစ်ချို့တာဝန် ထမ်းဆောင်ရသည့်အခါ သူသူငါငါ ငြီးငွေ့တတ်သည်က ဓမ္မတာ။ ထိုအခါ တက်ကြွမှုနှင့် အလှမ်းဝေးကွာသည်။

ကိုယ့်အဖြစ်က ဤသို့။ ရာထူးက အနိမ့်ဆုံး၊ အငယ်ဆုံး။ သို့သော် ကိုယ်က အသက်အရွယ်အကြီးဆုံး။ ဒုတိယအရာရှိချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်က အသက်ခပ်ငယ်ငယ်။ အထက်ကြိုက် နာမည်ကောင်းရနေသူများ။ ရာထူးခေါင်းပုံဖြတ်၍ ဤဌာနသို့ ဝင်လာကြသည်။ ရှိလှမှ အသက်အရွယ်က လေးဆယ့်ငါးဝန်းကျင်။ အားလုံးသော လူငယ်များကြားတွင် ကိုယ်တစ်ယောက်က ထိုင်ကားရုး ထကားရုး။

ရာထူးအရ ဖယ်ချန်ထား၍လည်း မကောင်း။ အသုံးကလည်း မတည့်။ မြန်မြန်ပင်စင်ယူလျှင် မိမိနေရာကို လူငယ်တစ်ယောက်ယောက် ဆွဲတင်လိုက်နိုင်က တက်ညီလက်ညီ။သူတို့အားလုံး၏ တူညီသောစိတ်ထားဖြင့် အားရပါးရ။ သည်စကားမျိုး ကြားနေရသည်က မကြာခဏ။ စိတ်မသက်သာဖွယ်။ သူတို့လူငယ်များ လူကြီးနေရာသို့ ရနေကြသော်ငြား လူကြီးစိတ်မမွေးနိုင်ကြ။ သူတို့အား အထက်၊အထက်လူကြီးများက သတိထားမိဖို့ အသိအမှတ်ပြုခံရဖို့ချည်း ဦးစားပေး။ ပုံမှန်လုပ်သင့်လုပ်ထိုက်သည့် တာဝန်များကိုမူ မေ့မေ့ပျောက်ပျောက်။ ပေါ်လွင်ထင်ရှားမှုများနောက်သို့ တကောက်ကောက်။

ကိုယ့်ဘဝကလည်း လုပ်ပိုင်ခွင့်ကာလ အမှုထမ်းရန် ကျန်နေသေးသဖြင့် မစွန့်ခွာနိုင်။ မိမိအား မလိုလားသော



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်တွင် အနေဆင်းရဲ ပင်ပန်းခက်ခဲလှ၏။ စိတ်က မပျော်။ ပိုင်ရှင်ကြီးမားသည်က မိမိအား နေရာရှိမနေစေလိုသော ဆန္ဒသဘောသာ။ သည်အလုပ်ကို ကိုယ်တိုင်လေးစားသည်။ ငယ်စဉ်ကတည်းက လုပ်လာသည့်အလုပ်။ အများကောင်းစားအောင် စီးပွားရေးဘက်မှ အားပေးရသည့်စနစ်။

ငွေကြေးထိန်းသိမ်းပေးရသည်။ အလွဲသုံးစား မရှိအောင် တာဝန်ယူရသည်။ အလုပ်နှင့် ပတ်သက်၍ နည်းနည်းမှ မလျှော့တမ်း သတိထားသည်။ ငွေကြေးကိစ္စတွင် မိမိသည် အဟာန့်အတား ဖြစ်လာသည်။ မိမိမရှိလျှင် ကောင်းသည်ဟု ထင်မြင်သူများမှာ ငွေကြေးကိစ္စ အလွဲသုံးရန် လိုလားသူများသာဖြစ်သည်။ မိမိသည် သူတို့အတွက် အဟာန့်အတားသက်သက်။

ကိုယ်စွဲလမ်းနမ်းမည့် ပိတောက်ပန်းနှင့် ကိုယ်ထမ်းဆောင်ဆဲ အလုပ်တာဝန်ဝတ္တရားများက တန်းတူညီတူ။ ပိတောက်သည် ကိုယ့်နှောင်ရေး အပြောင်းအလွဲကို အသိပေးနေသည်။ ယနေ့အထိ နိုင်ငံတော်က ထုတ်ပေးသောလစာငွေကြေး အခြောင်အယောင်များကို ပြန်အပ်ရတော့မည့်ကာလမှာ မနက်ဖြန် (သို့မဟုတ်) ဘယ်သောခါ။

တလောက အရာရှိကြီးတစ်ယောက် အခမ္ဘအငြိမ်းစားပေးခံလိုက်ရသည်။ သူ တာဝန်ရှိစဉ်က နိုင်ငံခြားသို့ အကြိမ်ကြိမ်အခါခါ။ အလွန်ငွေသုံးနိုင်သည့် ပုဂ္ဂိုလ်ကြီး။ ဒေါ်လာကို အုပ်လိုက်ကိုင်စွဲနိုင်သူမို့ ကိုယ့်မှာ အငေးသား။ သူစီးသည့်ကားက အမျိုးမျိုး။ တစ်ခါနှင့်တစ်ခါ မတူ။ အလုပ်မှ နားလိုက်ရပြီးနောက် အိပ်ရာထဲ ဗုန်းဗုန်းလဲလေတော့သည်။ စံတုန်းက စံနိုင်သလောက် ခံရသည့်အလှည့်တွင် သူ မခံနိုင်။

ကျွန်တော် သူကဲ့သို့ မသုံးနိုင်။ ဖြုန်းနိုင်ရန် အခွင့်အရေးက မရှိ။ အနားယူသည့်အခါ သူကဲ့သို့ ခံစားနိုင်ပါမည်လား တွေးမိသည်။ ပန်းပိတောက်ကို နှစ်စဉ် နမ်းရှိုက်မည်လား။ ပိတောက်ပင်၏ သင်္ခါရပျက်စီးနေမှုကို ဆင်ခြင်ရမည်လား။ ပန်းပိတောက်၏ အပြောင်းအလွဲသဘောကို တွက်ချက်ကြည့်ရမည်လား။

ရန်နိုင်


**ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်**
Ph.D (Hon - Doctor of Astrology)
[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]
**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**
အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။
စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။
**အခန်း(၄)၊ အနောက်ဘက်မုခ်၊ မြေသို့နှစ်တောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈၂၇**



**ဒေါက်တာယတြာဆေဒိ**
Ph.D (India)., M.Sc (Chemistry)
ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်…
**ကြိုးတင်**
**ရက်ချိန်းယူပါ**
လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၁၀၇၃၅**

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ

# မျိုးဇော်အောင်

# ရွှေပင့်ကူစံအိမ်က တစ္ဆေကြီး

'အား'

ညသည် တိတ်ဆိတ်ငြိမ်သက်နေရာမှ ရုတ်တရက် အားဟူသော ထိတ်လန့်ချောက်ချားဖွယ် ငယ်သံပါအောင် အော်သံကြောင့် လှုပ်ရှားသက်ဝင်သွားလေ၏။

ချောက်ချားထိတ်လန့်ဖွယ်ကောင်းသော အော်သံကြီးမှာ ရွှေပင့်ကူစံအိမ်ကြီးဆီမှ ထွက်ပေါ်လာသော တစ္ဆေအော်သံပင် ဖြစ်လေသည်။

အနီးပတ်ဝန်းကျင်မှ အိမ်များ နိုးထလာကြသည်။ ကျွန်တော်သည်ပင် အိပ်ပျော်စပင် ရှိသေးသည်။ ယင်း ငယ်သံပါ အော်သံကြီးကြောင့် နိုးသွား၏။ အပြင်သို့ ထွက်ကြည့်ရာ လူအတော်များများကို ခြံအပြင်ဖွင် တွေ့ရှိရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

'ဘာဖြစ်တာလဲဗျာ။ အော်သံကြီးကလည်း ကြောက်စရာကောင်းလိုက်တာ'

ကျွန်တော်က ဘေးနားရှိတဲ့ လူတစ်ယောက်ကို လှမ်းမေးလိုက်သည်။

'ဒီနေ့က လပြည့်နေ့ပဲဗျာ။ ရွှေပင့်ကူစံအိမ်ကြီးထဲက တစ္ဆေအော်သံပဲ နေမှာပေါ့ဗျာ'ဟု ဖြေသည်။

ယခင်လည်း ယခုကဲ့သို့ လပြည့်နေ့တိုင်း ကြုံတွေ့နေကျဖြစ်မည် ထင်သည်။

ကျွန်တော်က ထိုအရပ်မှာ ဧည့်သည်တစ်ယောက်မျှသာဖြစ်၍ ထိုကိစ္စကို မသိပေ။ ရုပ်ရှင်သမား၊ စာပေသမား တစ်ယောက်အနေဖြင့် လေ့လာစရာ၊ စိတ်ဝင်စားစရာ တစ်ခုတော့ ကြုံရပြီဟု စိတ်ထဲ တွေးထင်လိုက်မိလေ၏။

ရွှေပင့်ကူစံအိမ်ကြီးက ပန်းကနုတ်တွေနဲ့ ထွင်းထုပြုလုပ်ထား၍လည်း ကျွန်တော့်အနေဖြင့်-

'စံအိမ်ကြီးက ရှေးဆန်လိုက်တာဗျာ။ ကျွန်တော်ရောက်ကတည်းက အဲဒီရွှေပင့်ကူစံအိမ်ကြီးကို စိတ်ဝင်စားနေတာဗျ'

ဟု ကျွန်တော်က ပြောလိုက်ရာ ၎င်းပုဂ္ဂိုလ်က-

'ဟင်း၊ ခင်ဗျားစိတ်ဝင်စားရင် ခင်ဗျားဒုက္ခရောက်လိမ့်မယ်။ အဲဒီရွှေပင့်ကူစံအိမ်ကြီးက ကျိန်စာတိုက်ထားတဲ့ စံအိမ်ကြီးဗျာ။ စံအိမ်ကြီးပိုင်ရှင် အရှင်သခင်ကတော့ ဦးရွှေကိုယ်တော်လေး။ ခုတော့ မရှိတော့ဘူး၊ သေပြီ။ ကျိန်စာကြောင့် မကျွတ်မလွတ်နဲ့ ဒီစံအိမ်ကြီးမှာ တစ္ဆေကြီး ဖြစ်နေတာ။ လပြည့်ညတိုင်း အော်သံတို့၊ သီချင်းသံတို့၊ စောင်းတီးခတ်သံတို့ ကြားရလေ့ရှိတယ်။ အဲဒီလိုကြားပြီးရင် မနက်ဖြန်ဆို ဦးဗေဒါ ရပ်ကွက်ထဲ ရောက်လာလိမ့်မယ်။ ဝင်လာပြီးရင် သူပြောလိမ့်မယ်။ ငိုယိုသံတွေ မကြားချင်ဘူး။ ရယ်မောပျော်ရွှင်နေသံကိုပဲ ကြားချင်တယ်။ ဗေဒါ ရေပြာမှာ နေလာတာ ကြာပြီနော်။ သတိထား.. သတိထားကြ။ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ကြလို့ ပြောတတ်တယ်ဗျာ'ဟု ပြောပြလေ၏။

ကျွန်တော် စိတ်ဝင်စားမိလေ၏။ ရေပြာရွာသည် ပျော်စရာကောင်းသော အရပ်ဒေသတစ်ခု ဖြစ်လေသည်။ ထို့ထက်မူ ဗေဒါဆိုသူကို ကျွန်တော် ပို၍စိတ်ဝင်စားမိလေ၏။

ကျွန်တော်သည် ဗေဒါဆိုသူအား အထူးအဆန်း ဖြစ်မိသည့်အလျောက် သူ့အကြောင်းကို လေ့လာစူးစမ်းချင်စိတ်လည်း ဖြစ်မိရလေ၏။ ဗေဒါဟူ၍ အလွယ်ခေါ်မိသော်လည်း အမှန်တော့ ၎င်း၏အသက်အရွယ်မှာ ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးခန့် ရှိလေ၏။

၎င်း၏ ရုပ်ဆင်းသဏ္ဌာန်မှာ ညှဉ်းသိုးသိုးနှင့် ဖိုသီဖတ်သီဖြင့် ဖျင်ကြမ်းတိုက်ပုံ အဟောင်းကြီးကို ဝတ်ဆင်ထားပြီး ရင်ဘက်တစ်ခုလုံး စမအက္ခရာအင်းများကို ထိုးထားသည်။ အမြင်အားဖြင့်မူ မသပ်မရပ် ရှိလေ၏။

ကျွန်တော်သည် ၎င်းဗေဒါခေါ် ဦးဗေဒါကြီးနောက်သို့ ခပ်လှမ်းလှမ်းမှ အရိပ်အခြည်ကြည့်ပြီး မယောင်မလည်ဖြင့် လိုက်သွားလေ၏။

ဦးဗေဒါသည် ရေပြာသုသာန်တစ်စပြင် သင်္ချိုင်းကုန်းသို့ ဝင်ရောက်သွားလေ၏။ ကျွန်တော်သည် သင်္ချိုင်းကုန်းအတွင်းသို့ ရုတ်တရက် မဝင်ရောက်သေးဘဲ သင်္ချိုင်းကုန်းအစပ်မှနေ၍ ဟိုဒီအကဲခတ်ကြည့်သည်။ ၎င်းဦးဗေဒါသည် ဇရပ်တစ်ခုပေါ်သို့ တက်ရောက်သွားသည်ကို မြင်တွေ့ရလေ၏။

ကျွန်တော်သည် သင်္ချိုင်းကုန်းအတွင်းသို့ ဝင်ရောက်သင့်၊မသင့်ကို ခေတ္တရပ်လျက် စဉ်းစားလိုက်၏။ စိတ်ထဲမှာလည်း ၎င်းဦးဗေဒါ၏ အကြောင်းကို လွန်စွာစိတ်ဝင်စားနေမိသောကြောင့် နောက်ဆုံး၌ သင်္ချိုင်းကုန်းအတွင်းသို့ ကျွန်တော် ဝင်လိုက်မိလေတော့၏။ မယောင်မလည်ဖြင့် ဇရပ်နားထိ လျှောက်သွားလိုက်၏။

ဇရပ်နား ရောက်တော့-

'ဟေ့..ဒီမယ် မောင်ရင်၊ မင်း ဒီကို ဘာလာလုပ်တာလဲ'ဟု ဦးဗေဒါက ဇရပ်ပေါ်မှနေ၍ ကျွန်တော့်ကို စိမ်းစိမ်းစူးစူး အကဲခတ်ကြည့်ကာ မေးလေ၏။

ကျွန်တော်ကလည်း လေးလေးစားစား ရိုရိုသေသေဖြင့်-

'ဦးနဲ့ စကားပြောချင်လို့ ဦးဆီလာခဲ့တာပါ'ဟု ပြန်၍ အဖြေပေးလေ၏။

'မောင်ရင်က ကျုပ်နဲ့ စကားပြောချင်လို့ ဟုတ်လား။ ဒါနဲ့ နေစမ်းပါဦး၊ မောင်ရင်က ဘယ်သူတုံး။ ဟောဒီရေပြာရွာမှာ မောင်ရင့်ကို ကျုပ် တစ်ခါမှ မမြင်ဖူးဘူး'

ဟု ဦးဗေဒါက ပြောလိုက်ရာ ကျွန်တော်က-

www.burmeseclassic.com

'ကျွန်တော်က ရေပြာရွာသား မဟုတ်ပါဘူး။ ရန်ကုန်ကပါ ဦး။ သူကြီး ဦးဖိုးမောင်က ဒီရေပြာရွာမှာ ရုပ်ရှင်ရိုက်လို့ ကောင်းတယ်။ ရှုကွင်းရှုကွက် ပသာဒအစုံရှိကြောင်း ပြောပြလို့ ရုပ်ရှင်ရိုက်ဖို့ ရိုက်ကွင်းလာရှာရင်း ဧည့်သည်အဖြစ် ခဏနားခိုနေတာပါ။ ကျွန်တော့်အမည်က မျိုးဇော်အောင်လို့ ခေါ်ပါတယ်ဦး'

ဟု ဖြေကြားလိုက်ရာ-

'မောင်ရင်က ရုပ်ရှင်ဒါရိုက်တာလား'ဟု ၄င်းက မေးလေ၏။

'ဟုတ်ကဲ့၊ ကျွန်တော် ဒါရိုက်တာတစ်ယောက်ပါ' ဟု ကျွန်တော်က ပြန်၍ ဖြေကြားလေ၏။

ဦးဗေဒါသည် စိတ်ဝင်စားသွားဟန်ဖြင့် ကျွန်တော့်ကို ကြည့်၍-

'မောင်ရင် ကျုပ်ဆီလာတဲ့ အကြောင်းရင်းက ဘာမေးချင်လို့၊ ဘာစူးစမ်းချင်လို့လဲ'ဟု မေးလေ၏။

'ကျွန်တော် ဦးကို စိတ်ဝင်စားလို့။ နောက်ပြီး ရွှေပင့်ကူစံအိမ်ကြီးကိုလည်း စိတ်ဝင်စားလို့။ ကျွန်တော်ရိုက်ကူးမယ့် ဇာတ်ကားကလည်း ဝိညာဉ်စံအိမ်တော် ဖြစ်နေလို့။ အဲဒီလိုတိုက်ဆိုင်မှုတွေကြောင့် ကျွန်တော် ဦးဆီ လာခဲ့တာပါ။ သိချင်တာလေးတွေ၊ မေးစမ်းချင်လို့ပါ ဦး'ဟု ကျွန်တော်က ပြောလိုက်ရာ ၄င်းဦးဗေဒါကြီးက ဘေးတွင်ချထားသော လွယ်အိတ်ကြီးထဲက ကွမ်းအစ်ကလေးထုတ်ပြီး ကွမ်းကို ပါးစပ်တွင်းထည့်၍ ငုံလိုက်လေ၏။

ပြီး ကျွန်တော့်အား သေချာအကဲခတ်ပြီး-

'ဒီမယ် မောင်ရင်၊ တိုက်ဆိုင်တာကတော့ လောကမှာ ရှိတတ်ပါတယ်။ ဒါပေမဲ့ ရွှေပင့်ကူစံအိမ်က တစ္ဆေအကြောင်းတော့ မမေးပါနဲ့ကွာ။ မေးတဲ့လူတိုင်း သေ,သေသွားလို့။ မင်းမေးရင် မင်းလည်း သေလိမ့်မယ်'ဟု ပြောလေ၏။

မေးတဲ့လူတိုင်း သေသေသွားတယ်ဆိုသော ဦးဗေဒါကြီး၏ စကားကို ကျွန်တော့်အနေဖြင့် မယုံကြည်နိုင်ပေ။

ထို့ကြောင့် ကျွန်တော်က-

'ရွှေပင့်ကူစံအိမ်အကြောင်း မေးရုံနဲ့ သေတယ်ဆိုတာကတော့ မဖြစ်နိုင်ဘူး ထင်ပါတယ် ဦး'

ဟု မေးလိုက်လျှင် ၄င်းဦးဗေဒါကြီးက-

'မယုံရင် မင်းစမ်းကြည့်ပေါ့ကွာ။ စမ်းကြည့်တော့ သိရမှာပေါ့'ဟု ဆိုလေ၏။

'မေးရုံနဲ့ သေတယ်ပဲ ထားပါတော့။ ဘယ်ပုံဘယ်နည်း သေတယ်ဆိုတာတော့ ဦး ပြောပြနိုင်တယ် မဟုတ်လား'ဟု ကျွန်တော်က မေးလိုက်၏။

ထိုအခါ ဦးဗေဒါက ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး-

'တစ္ဆေခြောက်လို့ သေတာပေါ့ မောင်ရာ။ ဘာဆန်းတာ မှတ်လို့။ မယုံတဲ့လူတွေ သုံးလေးယောက်လောက်ရှိတယ်။ အဲဒီအတိုင်းပဲ တစ္ဆေအခြောက်ခံရလို့ ကြောက်လန့်ပြီး သေခဲ့ကြတာ၊ နေစမ်းပါဦး၊ မောင်ရင်က အယုံအကြည်မရှိဘူးနဲ့ တူတယ်။ ယုံယုံ,မယုံယုံ စမ်းသပ်တာမျိုးတော့ သွားမလုပ်လေနဲ့။ မောင်ရင် ဒုက္ခရောက်သွားလိမ့်မယ်'ဟု ဦးဗေဒါက ပြောရင်း ကျွန်တော့်ကို သတိပေးလေသည်။

အမှန်ပြောရလျှင် တစ္ဆေသရဲကို ကျွန်တော်မမြင်ဖူးပေ။ သို့သော် စာပေကျမ်းဂန်၌ တစ္ဆေသရဲနှင့်ပတ်သက်သည့် ပေတဝတ္ထုများကိုမူ ကျွန်တော်ဖတ်ဖူးလေ၏။ ရှိသည်ဟုလည်း ယုံကြည်လေ၏။

ဦးဗေဒါ ပြောသကဲ့သို့ တစ္ဆေခြောက်၍ ကြောက်လန့်ပြီး သေရသည်ဆိုသော စကားကိုမူ ကျွန်တော့်ရင်ထဲသိပ်ပြီးဘဝင်မကျလှပေ။ မဖြစ်နိုင်ဟု သံသယဝင်မိ၏။ တစ်စုံတစ်ယောက်၏ပယောဂ ပါလိမ့်မည်ဟု ယူဆမိလေ၏။

'တစ္ဆေခြောက်လို့ သေတယ်ဆိုတာတော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ စဉ်းတော့ စဉ်းစားစရာပဲ ဦး'

ဟု ကျွန်တော်က ကိုယ့်အထင်နှင့်ကိုယ် ဝေဖန်သလို ပြောလိုက်မိရာ ဦးဗေဒါက-

'မင်းက ဘယ်လိုစဉ်းစားမိတာလဲ'ဟု ကျွန်တော့်ကို ပြန်၍ မေးလေ၏။

ထိုအခါ ကျွန်တော်က-

'တစ္ဆေခြောက်လို့ မဟုတ်ဘဲ တခြားနည်းနဲ့များ သေတာလားလို့ ကျွန်တော်တွေးမိတယ် ဦး'ဟု ပြောလိုက်လေ၏။

'တခြားနည်းလမ်းက ဘာလို့ မင်းထင်လဲ'ဟု ဦးဗေဒါက မေးပြန်လေ၏။

'တခြားနည်းလမ်းလို့သာ ထင်တာပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

လည်း သေသေချာချာတော့ မသိပါဘူး'

ဟု ကျွန်တော်က ဖြေလိုက်ရာ ၄င်းက–

'ကိုယ်မသိတဲ့ကိစ္စကို မသိသလိုဘဲ နေလိုက်ပါ မောင်ရာ၊ အန္တရာယ်များပါတယ်။ ရွှေကိုယ်တော်လေးက ရွှေပင့်ကူစံအိမ်ကြီးထဲမှာ မကျွတ်မလွတ်သေးဘူးဆိုတာ သေချာတယ်'ဟု ပြောလေ၏။

'ရွှေကိုယ်တော်လေးနဲ့ အဲဒီရွှေပင့်ကူစံအိမ်ကြီးက ဘယ်လိုပတ်သက်မှုရှိလို့လဲ ဦး။ ရွှေကိုယ်တော်လေး အကြောင်းကို ကျွန်တော် စိတ်စင်စားတယ်။ ဦး သိ သလောက် ကျွန်တော့်ကို ပြောပြနိုင်မလား'ဟု ကျွန် တော်က မေးမြန်းလိုက်လေ၏။

'ရွှေကိုယ်လေးဆိုတာ ဒီရွှေပင့်ကူစံအိမ်ကြီးရဲ့ အရှင် သခင်ပဲ။ မဟာမျိုး မဟာနွယ်တွေထဲမှာ မျုးမတ်မျိုးရိုးက ဆင်းသက်လာတယ်လို့ ပြောတာပဲ။ ကျုပ်လည်း သေ သေချာချာတော့ မသိဘူး။ သူ ရေပြာကို ရောက်လာပြီး ရွှေပင့်ကူစံအိမ်တော်ကြီးကို သူ့စိတ်တိုင်းကျ တည်ဆောက် ခဲ့တယ်။ မိသားစု(၃)ယောက်နဲ့ အိမ်ဖော်အစေခံ(၅) ယောက်တို့ နေထိုင်ခဲ့ကြတယ်။ သူ့မိန်းမက ဒေါ်ခင်မကြီး လို့ ခေါ်တယ်။ သားကတော့ မောင်မောင်လေးလို့ ခေါ် တယ်။ ရွှေကိုယ်တော်လေးတို့မိသားစု ရေပြာကို ရောက် လာကြပြီး ရွှေပင့်ကူစံအိမ်တော်ကြီး ဆောက်အပြီး နှစ် နှစ်လောက်ကြာတော့ ဒေါ်ခင်မကြီးနှင့် မောင်မောင်လေး တို့ ကားမှောက်ပြီး သေဆုံးခဲ့ကြတယ်။ ရွှေကိုယ်တော် လေးဟာ သူ့ဇနီးနှင့် သားကို ကောင်းကောင်းမွန်မွန်ပဲ ရေပြာသုသာန်မှာ ဂူသွင်းမြှုပ်နှံ သင်္ဂြိုဟ်ခဲ့တယ်။ နောက် တော့ သူ့အော်စတင်အေဖိုးတီဆိုတဲ့ ကားကို မီးရှို့ဖျက် ဆီးခဲ့တယ်။ ဒီကားကြောင့် ငါ့ဇနီးနဲ့ ငါ့သား သေရတယ် ဆိုပြီး စိတ်ထိခိုက်ခံစားမှုနဲ့ ဖျက်ဆီးခဲ့တယ်လို့ ဆိုတယ်။ အဲ··နောက်(၃)နှစ်လောက်ကြာတော့ ရွှေကိုယ်တော်လေး က ဒီရွှေပင့်ကူစံအိမ်ကြီးမှာပဲ ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုး ချ သေခဲ့တယ်လို့ ကြားတာပဲ။ ရွှေကိုယ်တော်လေးရဲ့ အလောင်းကို ကျုပ်ကိုယ်တိုင်ပဲ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ရ တာ'ဟု ဦးဗေဒါက စိတ်လိုလက်ရ ကျွန်တော့်ကို ပြောပြ လေ၏။ ထို့နောက် ၄င်းကပင်–

'မောင်ရင်က စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာမို့လို့ ပြောပြတာ။ ကျုပ် ဘယ်သူ့ကိုမှ အဲဒီအကြောင်း မပြော ပြခဲ့ဖူးဘူး'ဟု ဆိုကာ စကားကို အဆုံးသတ်လိုက်လေ၏။

ကျွန်တော်လည်း ဦးဗေဒါအား–

'ကျေးဇူးတင်ပါတယ် ဦး'ဟု ဆို၍ ဦးဗေဒါအား နှုတ်ဆက်ကာ သချိုင်းကုန်းဇရပ်မှ ထွက်ခွာခဲ့လေတော့ သတည်း။

◆◆◆

နောက်တစ်နေ့၌ သတင်းဆိုးတစ်ခုကို ဈေးထဲသွား နံနက်စာစားရင်း ကြားခဲ့ရလေ၏။ ယင်းသတင်းဆိုးမှာ ရွှေပင့်ကူစံအိမ်ကတာဗွေကြီး ရွှေကိုယ်တော်လေးမှ ခြောက် လှန့်၍ ရေပြာရွာသား မောင်ဇာက်ခါး တစ်ယောက် အကြောက်လွန်ပြီး သေဆုံးခဲ့သည်ဟူသော သတင်းပင် ဖြစ်လေသည်။

မောင်တက်ခါးအား အသုဘချသောအခါ၌ အိမ်မှ သင်္ချိုင်းကုန်းအထိ ကျွန်တော်လိုက်လံပို့ဆောင်ပေးခဲ့လေ ၏။ အမှန်တော့ မောင်တက်ခါး ဆိုသူကို ကျွန်တော်မသိ ပေ။ သို့သော် ကျွန်တော်သည် ၄င်းသေမှုသေခင်းကို စိတ်ဝင်စားမိသောကြောင့် မောင်တက်ခါး၏ အသုဘကို လိုက်ပါပို့ဆောင်ခဲ့ခြင်း ဖြစ်လေ၏။

သင်္ချိုင်းကုန်းသို့ရောက်၍ မောင်တက်ခါးအလောင်း ကို မြေချသောအခါ ကျွန်တော် အလောင်းကို သေသေချာ ချာ အကဲခတ်ကြည့်မိလေ၏။ မောင်တက်ခါး၏ မျက်နှာ ပြင်တစ်ခုလုံး ဘာဒဏ်ရာမရှိ။ ပကတိမူလမျက်နှာအတိုင်း ပင်။ သို့သော် လည်ပင်းကို ကြည့်လိုက်သောအခါ လက် ပင်းရိုးတစ်ခုလုံး ညိုပုပ်ပြီး ရောင်နေ၏။ တစ်စုံတစ် ယောက်က တုတ်နှဲ့သော်လည်းကောင်း၊ သံတုတ်နှင့်သော် လည်းကောင်း ရိုက်နှက်ထားပုံရလေ၏။ သို့မဟုတ် မောင် တက်ခါး လည်ပင်းရိုးကို တစ္ဆေကြီးက ကုပ်ချိုးသတ် ထားသည့်ပုံလည်း ထင်လို့ရပါသည်။

အလောင်းမြေကျ၍ အားလုံးပြန်ကြသောအခါ ကျွန် တော်လည်း လူအုပ်တွေနှင့်အတူ ပြန်ဖို့လုပ်စဉ် ဦးဗေဒါ ကြီး ကျွန်တော့်အနားသို့ ရောက်လာကာ–

'အဲဒါပဲ မောင်ရင်ရေ။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင် ပါပြီး စပ်စုလို့ ရွှေကိုယ်တော်လေးက ကုပ်ချိုးသတ်လိုက် တာ'ဟု ပြောလေ၏။


ကျွန်တော်က–

'ကုပ်ချိုးသတ်တာ မဟုတ်ဘူး ဦး။ လည်မျိုကို



www.burmeseclassic.com

www.burmeseclassic.com



သံတုတ်တို့၊ မာကျောတဲ့ ပစ္စည်းတွေနဲ့ အဆက်မပြတ် ရိုက်သတ်တာ။ အပြင်အမှတ်တမဲ့ကြည့်ရင် ကုပ်ချိုးသတ်သလို ထင်ရအောင် လုပ်တာ ဦး'ဟု ပြန်၍ပြောလိုက်ပြီး ဦးဖေဒါကို နှုတ်ဆက်ကာ ပြန်လေ၏။

ထို့နောက် ကျွန်တော်တည်းခိုသောအိမ်သို့ ရောက်လျှင် ရှာခံ ကိုဖိုးသာကိုခေါ်ပြီး ရေပြာအနီးတစ်ဝိုက်သို့ ဝိညာဉ်စံအိမ်တော် ဇာတ်ကားအတွက် ရိုက်ကွက်ရှုခင်းများကို သေသေချာချာ လိုက်လံကြည့်ရှုပြီး ဓာတ်ပုံပါ တစ်ခါတည်း ရိုက်ထားလေသည်။

သုံးလေးရက်ခန့် ကြာပြီးသောအခါ၌ ရွှေပင့်ကူစံအိမ်ကြီးဆီမှ ချောက်ချားဖွယ် အော်ဟစ်သံကို ကြားရပြန်လေ၏။ ထိုညကား လပြည့်ည။ တပေါင်းလဖြစ်သည်။

ကျွန်တော်သည် ရွှေပင့်ကူစံအိမ်ကြီးကို စိတ်ဝင်စားနေသူဖြစ်သောကြောင့် အဖော်မခေါ်ဘဲ ထိုအိမ်ကြီးဆီသို့ တစ်ယောက်တည်း လျှို့ဝှက်စွာ ထွက်လာခဲ့လေ၏။

ရွှေပင့်ကူစံအိမ်အနားသို့ ရောက်သောအခါ 'အား‥အား'ဟူသော အသံနက်ကြီးနဲ့ အော်သံကြီးကို စံအိမ်ကြီးအတွင်းမှ ကြားလိုက်ရလေ၏။

ကျွန်တော် ဝိတ်ထားသော ခြံဝင်းတံခါးကို ကျော်ဝင်ပြီး စံအိမ်ကြီးအတွင်းသို့ သစ်ရိပ်ခိုကာ ချွတ်နင်း၍ ဝင်လိုက်၏။ ရွှေပင့်ကူစံအိမ်ကြီးအတွင်းမှ အလင်းရောင်မှိန်မှိန်ပျပျသာရှိသည်။ ဖယောင်းတိုင်၏ အလင်းရောင်ဟု ထင်၏။ မသဲမကွဲသော အသံကိုလည်း ခပ်သဲ့သဲ့ကြားရလေ၏။

'မင်းက ဒီလောက်ညှဉ်းပန်းနှိပ်စက်တာတောင် တော်တော်ခေါင်းမာတဲ့ကောင်ပဲ။ မင်းအဖေလက်ထက် ပိုင်ဆိုင်တဲ့ နန်းစဉ်ရတနာတွေက မင်းအသက်လောက် တန်ဖိုးမရှိပါဘူးကွာ။ မင်းအသက်နဲ့ အဲဒီရတနာတွေကို လဲလိုက်ရင် အခုချက်ချင်း မင်းကို ငါလွှတ်ပေးလိုက်မယ်။ ဘယ့်နှယ်လဲ ရွှေကိုယ်တော်လေး။ မင်း အဲဒီနန်းစဉ်ရတနာတွေ ဘယ်မှာ ဝှက်ထားလဲ'ဟူသော အသံသည် 'ကျွန်တော့်နားဆီသို့ သဲကွဲစွာ ဝင်လာသည်။

သို့သော် ထိုအသံရှင်ကား မှောင်ရိပ်လွှမ်းခြုံထား၍ သဲသဲကွဲကွဲ ပီပီပြင်ပြင် မမြင်,မတွေ့ရပေ။ ကျွန်တော်လည်း အသံလာရာ အလင်းရောင်မှိန်ပျပျရှိရာသို့ ချွတ်နင်း၍ ဖြည်းဖြည်းသွားလေ၏။

အလင်းရောင်တစ်ဝက် ကျရောက်နေသော နေရာတွင်ကား သံကြိုးဖြင့် တုပ်နှောင်ထားသော လူတစ်ယောက်ကို တွေ့ရ၏။ ထိုလူမှာ ရွှေကိုယ်တော်လေးဆိုသူဖြစ်မည်ဟု ကျွန်တော့်စိတ်က ထင်၏။ ၎င်းတို့ မရိပ်မိအောင် ကျွန်တော် ၎င်းတို့အနားသို့ တိုးလျှောက်သွားလိုက်၏။

ထိုအချိန်မှာပင် သံကြိုးများဖြင့် အတုပ်အနှောင်ခံထားရသော ပုဂ္ဂိုလ်က ကျွန်တော့်ကို မမျှော်လင့်ဘဲ မြင်တွေ့သွားဟန်ဖြင့် -

'ကျွန်တော့်ကို ကယ်ပါဦးဗျာ၊ ကျွန်တော့်ကို ကယ်ပါဦး'ဟု အော်ဟစ်အကူအညီတောင်းလေ၏။

ထိုပုဂ္ဂိုလ်၏ အော်ဟစ်အကူအညီတောင်းမှုကြောင့် ကျောခိုင်း၍ သံတုတ်ကို ကိုင်ဆွဲထားသောလူသည် ကျွန်တော်ရှိရာဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်လေ၏။

'ဟင်‥မင်း‥မင်း'

'ဟာ‥ခင်ဗျား ဦးဖေဒါ'

ကျွန်တော် အံ့ဩ၍သွားသလို ဦးဖေဒါလည်း ကျွန်တော့်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသောအခါ အံ့ဩတုန်လှုပ်သွားပုံရလေ၏။ နှစ်ယောက်သား မှင်တက်နေရာမှ ဦးဖေဒါက ရုတ်တရက် လှုပ်ရှားလာကာ ကိုင်ထားသော ၎င်းလက်တွင်းမှ သံတုတ်ဖြင့် ကျွန်တော့်ကို တစ်အားလွှဲ၍ရိုက်ကာ စတင်တိုက်ခိုက်လေတော့၏။ ကျွန်တော့်မှာ အသင့်ရှိနေသူဖြစ်သောကြောင့် အသာအယာရှောင်တိမ်း

www.burmeseclassic.com

လိုက်ပြီးလျှင် လူချင်း ပူးကပ်လိုက်ပြီး သံတုတ်ကို အမိအရ လုယူလိုက်လေ၏။

ဦးဖေဒါမှာ ကျွန်တော့်ကဲ့သို့ လူငယ်တစ်ယောက်မဟုတ်သောကြောင့် ကျွန်တော်၏ တိုက်ခိုက်မှုအောက်တွင် ငြိမ်ကျသွားလေတော့၏။ ဦးဖေဒါဆီမှ သံတုတ်ကို လုယူ၍ နှစ်ချက်ဆင့်ပြီး ရိုက်ထည့်လိုက်သောကြောင့် ဖြစ်၏။ ဦးဖေဒါကား သတိလစ်၍ မေ့မြောနေပြီ ဖြစ်လေ၏။

'ကျေးဇူးပါပဲ ငါ့တူရယ်၊ ဦးက ဟောဒီ ရွှေပင့်ကူစံအိမ်ကြီးက ရွှေကိုယ်တော်လေးပါ။ ဖေဒါဆိုတဲ့ကောင်က ဦးရဲ့ကျွန်ယုံ သစ္စာမရှိတဲ့ ခွေးတိရစ္ဆာန်ကောင်။ ကျွေးသောလက်ကို ပြန်ကိုက်တဲ့ခွေး။ အလကားကောင်။ ငါ့သားနဲ့ မယားကိုလည်း သူပဲ သတ်လိုက်တာ။ ကားဘရိတ်ကို ဖောက်ပြီး လုပ်ကြံခဲ့တာ။ ငါ့ကိုလည်း တစ်နှစ်နီးပါး မသေရုံ ထမင်းကျွေးပြီး နှိပ်စက်ခဲ့တာ။ အခုတော့ သစ္စာမဲ့တို့ သွားရာလမ်းအတိုင်း သူ့ဇာတ်သူ သိမ်းသွားပြီ။ ကောင်းတယ်။ ငါ့တူ မင်းမှာဖုန်းပါရင် ရဲစခန်းကို အကြောင်းကြားလိုက်ပါ။ ရွှေပင့်ကူစံအိမ်တော်က လူသတ်သမား ဖေဒါဆိုတဲ့ကောင်ကို ဖမ်းမိထားတယ်။ အမြန်ဆုံး လာဖမ်းပါလို့'ဟု ရွှေကိုယ်တော်လေးက အကူအညီတောင်းသဖြင့် တုပ်နှောင်ထားသော သံကြိုးကို ဖြုတ်ပေး၍ ရဲစခန်းသို့ ကျွန်တော် အမြန်ဆုံး ဆက်သွယ်လိုက်လေတော့၏။

ထိုအချိန်၌ ညည်းညူသံနှင့်အတူ ဦးဖေဒါ သတိလစ်နေရာမှ ပြန်၍သတိရလာပြီးလျှင် ကျွန်တော့်ကို ခုခံတိုက်ခိုက်လာသဖြင့် ကျွန်တော်က သူ့ထက်ဦးအောင် ကိုင်ထားသော သံတုတ်ဖြင့် ရိုက်ထည့်လိုက်လေ၏။

'ဖြောင်း..အား..'ဟူသော အသံကြီးနှင့်အတူ စံအိမ်အတွင်းသို့ ဝင်ရောက်လာကြသော ကားစက်သံများကို ကြားလိုက်ရလေ၏။ ယင်းကားစက်သံများမှာ အာဏာပိုင် ရဲတပ်ဖွဲ့မှ ကားများဖြစ်ကြောင်း ကျွန်တော် ကောင်းစွာ သိလိုက်လေသတည်း။

**ဒါရိုက်တာမျိုးဇော်အောင်**


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကျ၊ ဆွမကျ၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ဝဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉း




www.burmeseclassic.com


www.burmeseclassic.com

'ဒီက အစ်ကို ရှမ်းကုန်းစု ရောက်ပါပြီ။ ဆင်းလို့ ရပါပြီ'

အဝေးပြေးကားစပယ်ယာ၏အသံကြောင့် သက်ဝေသည် ကျောပိုးအိတ်ကိုလွယ်၍ ကားပေါ်က ဆင်းခဲ့သည်။ သက်ဝေကားမှ ဆင်းသည်နှင့် ကားက ဆက်လက်ထွက်ခွာသွားပါသည်။ ရှမ်းကုန်းမှတ်တိုင်တွင် ဆင်းသူမှာ သက်ဝေ တစ်ယောက်တည်းသာ ဖြစ်သည်။ မရောက်ဖူးသော ဒေသဖြစ်၍ ခရီးသွားဖော်ကို အကူအညီတောင်းရန် စိတ်ကူးထားသော်လည်း ဆင်းသူ မရှိ၍ ရှေ့ဆက်ရမည့် ခရီးအတွက် သူ့ချစ်သူ နှင်းဆီ၏စာကို ပြန်လည်စဉ်းစားလိုက်ရသည်။

'ရှမ်းစုကို လေးနာရီလောက် ရောက်လိမ့်မယ်။ ရှမ်းစုရောက်ရင် မြေနီလမ်းအတိုင်း နှစ်မိုင်လောက် လျှောက်လာရင် ယမားချောင်းကို တွေ့လိမ့်မယ်။ ချောင်းစပ်မှာ ကူးတို့လှေတွေ ရှိတယ်။ လှေနဲ့ ဒီဘက်ကမ်းကို ကူးလိုက်တာနဲ့ ဘုရားငုတ်တိုရွာကို ရောက်ပြီ။ အထက်တန်းကျောင်းကို မေးပြီး လာခဲ့ပါ။ အထူးပြောစရာရှိတာက ယမားချောင်းအထိ လမ်းလျှောက်လာရင် လမ်းမှာတွေ့တဲ့ လူကို စကားမပြောမိအောင် နေပါ။ ဘာကိုကျွေးကျွေး မစားပါနဲ့။ ဘာကိုပေးပေး မယူမိပါစေနဲ့။ ရှမ်းကုန်းနဲ့ ဘုရား

# ကောင်းဆော်
## ညဘက်တွေ့ခဲ့ရသော အိမ်ကြီးနှင့် မိသားစု





www.burmeseclassic.com

www.burmeseclassic.com

ငုတ်တိုရွာကြားမှာ ဘာရွာမှ မရှိလို့ လူကို တွေ့ဖို့လည်း မရှိပါဘူး။ မိုးတွင်းကာလဖြစ်လို့ တောင်ကျချောင်းရေ ရှိတတ်တာကလွဲရင် အခြား ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး'

နှင်းဆီ၏စာကို အခေါက်ခေါက် ဖတ်ထားသဖြင့် အလွတ်ရနေပြီ ဖြစ်သည်။ နှင်းဆီနှင့် တွေ့ရတော့မည်ဟု တွေးလိုက်တိုင်း ကြည်နူးမိသည်။ နှင်းဆီနှင့် နှစ်ဖက်မိဘများ သဘောတူပြီးဖြစ်၍ မကြာမီ လက်ထပ်ရတော့မည်။ နှင်းဆီမှာ အလယ်တန်းပြမှ အထက်တန်းပြဆရာမအဖြစ် တိုးမြှင့်ခြင်းခံရ၍ လွန်ခဲ့သော ခြောက်လကမှ ဘုရားငုတ်တိုသို့ ပြောင်းခဲ့ရခြင်း ဖြစ်သည်။ နှင်းဆီ ပြောင်းချိန်က သက်ဝေမှာ စာရေးဆရာ တစ်ဦးအနေဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းသို့ စာပေဟောပြောပွဲအတွက် ခရီးထွက်နေရသဖြင့် လိုက်မပို့နိုင်ခဲ့ပါ။ နှင်းဆီက စာမှန်မှန်ရေးသဖြင့် နှင်းဆီ နေရေးထိုင်ရေး အဆင်ပြေကြောင်းသိရ၍ ကျေနပ်ခဲ့ရသည်။ အထက်တန်းကျောင်း၏ နောက်တွင် နယ်မှ လာသော ဆရာများအတွက်နှင့် ဆရာမများအတွက် ကျောင်းဆောင်နှစ်ဆောင်ရှိသဖြင့် ဆရာမများစု၍ နေထိုင်ခွင့်ရကြောင်း သိရသည်။ ယခု သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် ဆက်ဆက်လာခေါ်ပါဟု စာရေးသဖြင့် လိုက်ခဲ့ရခြင်း ဖြစ်သည်။

ကားသည် လမ်းတွင် နှစ်ကြိမ်ခန့် ပျက်သဖြင့် ညနေလေးနာရီ ရှမ်းကုန်းသို့ ရောက်ရမည့်အစား ခြောက်နာရီမှ ရောက်ခဲ့သည်။ တစ်လမ်းလုံး မိုးမရွာခဲ့သော်လည်း ရှမ်းကုန်းတစ်ဝိုက်တွင် မိုးသဲသဲမဲမဲ ရွာထားပုံရသည်။ ကားအဆင်းတွင်လည်း မိုးရွာသဖြင့် ကျောပိုးအိတ်မှ မိုးကာကို ထုတ်ယူဝတ်ရသည်။ အရှေ့ဘက်သို့သွားသည့် မြေနီလမ်းကို တွေ့သဖြင့် အမြန်လျှောက်ခဲ့သည်။ သတ်မှတ်ချိန်ထက် နှစ်နာရီခန့် နောက်ကျသဖြင့် ယမားချောင်းသို့ရောက်ရန် အမြန်လျှောက်လိုသော်လည်း လမ်းတွင် မိုးရေကြောင့် ရွှံ့များဖြင့် ချောနေသဖြင့် အမြန်လျှောက်၍ မရဘဲ သတိထား၍ လျှောက်နေရသည်။ မိုးမှောင်ကျလာသဖြင့် လမ်းမမှားရအောင် ဂရုစိုက်ရသည်။

လမ်းခရီးတွင် လူတစ်ဦးတစ်ယောက်မှ မတွေ့ရ၍ တံကောင်းသည် ထင်ပါသည်။ နေမဝင်ခင် ချောင်းသို့ ရောက်ရန် အားစိုက်၍ လျှောက်ခဲ့သော်လည်း မိုးမှောင်နေသဖြင့် လမ်းမမှားရအောင် သတိထားရသည်။ ညနေ ခြောက်နာရီကျော်မှ ရေစီးသံကို ကြားရသည်။ ရေသံကြား၍ ချောင်းနှင့်နီးပြီဟု ခန့်မှန်းမိ၍ အားတက်ရသည်။ ခြေလှမ်းသွက်သွက်ဖြင့် ဆက်လက်လျှောက်ခဲ့ရာ ရှေ့တွင် ယမားချောင်းကြီး တွေ့လိုက်ရသည်။ ချောင်းမှာ သိပ်မကျယ်လှသော်လည်း ရေစီးမှာ အလွန်ကြမ်းနေပါသည်။ ချောင်းကမ်းစပ်တစ်ဝိုက်တွင် ကူးတို့လှေကို ရှာသော်လည်း လှေတစ်စင်းမှ မမြင်ရပါ။ တစ်ဖက်ကမ်းက ဘုရားငုတ်တိုရွာကြီးကို မြင်နေရသော်လည်း ကူးတို့လှေမရှိ၍ အခက်တွေ့နေရသည်။ ညမှောင်သွားပါက ဒုက္ခရောက်တော့မည်ဟု စိုးရိမ်စိတ်များ ဝင်လျက်ရှိပါသည်။

'မောင်ရင်က ဘုရားငုတ်တိုကို သွားမလို့လား'

အသက်ငါးဆယ်ခန့် အသားညိုညို သျှောင်တစောင်းနှင့် လူကြီးတစ်ဦးကို ရုတ်တရက် တွေ့လိုက်ရပြီး ထိုလူကြီးက သူ့ကိုကြည့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ်။ ဘုရားငုတ်တိုရွာကို သွားချင်လို့ပါ။ လှေမမြင်လို့ ရှာနေတာပါ'

'တောင်ကျရေ ကြမ်းလွန်းလို့ ကူးတို့လှေသမားတွေ စောစောသိမ်းသွားကြတယ်။ ခါတိုင်း နေဝင်အထိ ရှိတတ်ကြတာပဲ။ ဒီနေ့မှ မိုးက သည်းလိုက်တာ။ ကျုပ်လည်း အရေးကြီးကိစ္စရှိလို့ ဟိုဘက်ကမ်း ကူးမလို့ လာခဲ့တာ ဒီလို ရေကြမ်း လေကြမ်းနဲ့ဆို မကူးနိုင်တော့ပါဘူး။ အိမ်ကိုပဲ ပြန်ရတော့မယ်'

'ဦးရဲ့အိမ်က နီးသလား'

'နီးတာပေါ့။ မောင်ရင် ကျုပ်အိမ် လိုက်ခဲ့လေ။ ရေကျမှ ဟိုဘက်ကမ်းကူးတာပေါ့'

'ဒီဘက်ကမ်းမှာ ရွာမရှိဘူးလို့ ကြားဖူးလို့ပါ'

'ကျုပ်တို့ရွာက ရွာကြီးပါ။ ဟိုအရင်ကတည်းက ရှိပါတယ်'

သက်ဝေမှာ လမ်းမှားပြီး ရောက်လာသလားဟု သံသယရှိပြန်သည်။

'ဦးတို့ရွာက တော်တော်ဝေးသလား'

'မဝေးပါဘူး။ ဒီချောင်းဘေးတင် ရှိတာပဲ။ မိုးမှောင်နေလို့ ရွာကို မမြင်ရတာ'

သက်ဝေ စဉ်းစားမရအောင် ရှိနေသည်။ နှင်းဆီက ရွာမရှိပါဟု စာရေးသော်လည်း ရွာက ချောင်းကမ်းစပ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ရှိနေသည်။ သူ လမ်းမှားပြီး တစ်နေရာရာ ရောက်နေခြင်း ဖြစ်ရမည်ဟု တွေးမိပြီး ဘာဆက်လုပ်ရမလဲဟု တွေးနေမိသည်။

'ကဲ‥လာပါ၊ ကျုပ်အိမ်ကိုသာ လိုက်ခဲ့ပါ။ ဟိုဘက်ကမ်းက ကူးလို့မရနိုင်တော့ဘူး။ မိုးရွာထဲမှာနေရင် မောင်ရင် ဒုက္ခရောက်မှာပေါ့။ ကျုပ်နာမည် ဦးမြဒင်ပါ။ လူကြီး လူကောင်းပါ။ ဒီနယ်တစ်ဝိုက်မှာ ကျုပ်ကို မသိတဲ့လူ မရှိပါဘူး'

မကြာမီ နေဝင်တော့မည်ဖြစ်၍ သက်ဝေ စဉ်းစားရခက်နေသည်။ ယခုလို မိုးမိထားချိန် နွေးနွေးထွေးထွေး နေသင့်သည်မှာ မှန်သော်လည်း နှင်းဆီ၏စာအရ တွေ့သည့်လူကို စကားမပြောရန် မှာထားပါလျက် သူ့အိမ်ကို မလိုက်ခဲ့အောင် ရှိနေပါသည်။ သူတွင် ကျင့်ကြံထားသော စရဏတရား အားကောင်းသည်ဖြစ်၍ နာနာဘာဝ၊ တစ္ဆေ၊ မှင်စာ၊ သိုက်စောင့်၊ စုန်းကဝေနှင့် ကျတ်တို့ကို မှုစရာမလိုကြောင်း သိပြီးဖြစ်၍ ညွှန်ကြားထားသော ဆရာသခင်များ၏ စကားများကို ပြန်လည်ကြားယောင်လာမှ ယုံကြည်စိတ်ဝင်လာပြီး ထိုလူကြီးနှင့် လိုက်ကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

'ဟုတ်ကဲ့ပါ ဦး၊ ဦးက လက်ခံမယ်ဆိုရင် လိုက်ခဲ့ပါရစေ'

'လိုက်ရမှာပေါ့။ မလိုက်ရင် မောင်ရင် ဒုက္ခရောက်မှာ အသေအချာပဲ'

ဦးမြဒင်က ရှေ့ကသွား၍ သူ နောက်က လိုက်ခဲ့သည်။ ခဏသွားလိုက်ရုံဖြင့် မီးရောင်များ လင်းလက်နေသော အိမ်ကြီးတစ်ဆောင်ကို တွေ့လိုက်ရသည်။ ကျွန်းသားများဖြင့် ခမ်းနားလှပနေသော နှစ်ထပ်အိမ်ကြီးကို မြင်လိုက်ရ၍ သူ အံ့သြသွားပါသည်။ အိမ်ထဲ ရောက်သည်နှင့် ကျွန်းလှေကားကြီးမှာလည်း ဝင့်ထည်ကြွားဝင့်စွာ တွေ့လိုက်ရသည်။

'လာပါ မောင်ရင့်၊ အိမ်ပေါ် သွားရအောင်ပါ'

လှေကားကြီးမှာ ခမ်းနားထည်ဝါရုံသာမက လှေကားထစ်တိုင်းတွင် ကောဇောများ ခင်းထားသဖြင့် ခြေနင်းရမည်ကိုပင် မဝံ့မရဲဖြစ်နေပါသည်။ လှေကားရင်းတွင် သူ့ကို အပြုံးနှင့် ကြိုဆိုနေသူကို မြင်လိုက်ရ၍ သူ အလွန်အံ့သြသွားပါသည်။ သူချစ်ရသူ နှင်းဆီက သူ့ကို အပြုံးနှင့် ကြိုဆိုနေသည်ကို တွေ့လိုက်ရသည်။ နှင်းဆီကို သည်အိမ်တွင် တွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့၍ ကြက်သေ,သေကာ ငေးနေမိသည်။

'သူက ကျုပ်ရဲ့ တစ်ဦးတည်းသော သမီးစံပယ်။ သမီးစံပယ်‥ဒါ အဖေခေါ်လာတဲ့ ဧည့်သည်ပါ။ သူ့ကို အပေါ်ထပ် ခေါ်သွားပေးလိုက်ပါ'

ဦးမြဒင်က သူ့သမီးစံပယ်ဟု ပြောပြမှ နှင်းဆီမဟုတ်ကြောင်း သိလိုက်ရသည်။ နှင်းဆီနှင့် ခွဲမရအောင် တူနေသော စံပယ် ဖြစ်နေပါသည်။

'ကျွန်တော့်နာမည် သက်ဝေပါ'

စံပယ်၏နောက်သို့လိုက်ရင်း သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။ စံပယ်မှာ နှင်းဆီနှင့် ရုပ်ရည်တူသည်သာမက သွားပုံလာပုံ၊ လှုပ်ရှားပုံနှင့် စကားပြောသည့် အသံပါ တူနေကြောင်း တွေ့ရသည်။ စံပယ်ဟု ဖွင့်မပြောပါက နှင်းဆီဟု ထင်နေမည် အမှန်ဖြစ်သည်။

အိမ်အပေါ်ထပ်မှာလည်း ခမ်းနားပါသည်။ သက်ဝေအား ဆိုဖာပေါ်တွင် ထိုင်ခိုင်းပြီး မစံပယ်က အခန်းထဲမှ လုံချည်နှင့် အင်္ကျီအသစ်များ ယူလာပြီးကာ သက်ဝေကို ပေးပါသည်။

'ဒါ စံပယ့်အစ်ကိုကြီးရဲ့ အဝတ်တွေပါ။ လုံးဝမဝတ်ရသေးပါဘူး။ ကိုသက်ဝေ အဝတ်တွေ လဲလိုက်ပါဦး'

'ကျေးဇူးတင်ပါတယ် မစံပယ်။ ကျွန်တော်က အဝတ်အသစ်တွေ မဝတ်တတ်လို့ပါ။ ကျွန်တော့်မှာပါတဲ့ အဝတ်ပဲ လဲဝတ်လိုက်ပါ့မယ်'

'အဝတ်လဲပြီးရင် ကိုသက်ဝေ အနားယူလိုက်ပါဦး။ စံပယ် ညစာအတွက် ပြင်လိုက်ဦးမယ်'

'မစံပယ်‥ကျွန်တော် အဝတ်လဲပြီးရင် ဘုရားဝတ်ပြုချင်လို့ ကျွန်တော့်ကို ဘုရားခန်းပြခဲ့ပါ'

သက်ဝေ၏ စကားကြောင့် မစံပယ် မျက်နှာပျက်သွားသည်ကို သတိထားလိုက်မိသည်။

'အားနာလိုက်တာ ကိုသက်ဝေရယ်။ ဘုရားစင်က ဟောင်းနေလို့ အဖေက အသစ်လုပ်ဖို့ အပ်ထားတာ မရသေးလို့ လောလောဆယ် ဘုရားခန်း မရှိသေးပါဘူး'

'ဪ‥ဟုတ်ကဲ့၊ ဒါ အရှေ့အရပ် ထင်တယ်။ အရှေ့အရပ်ကို မျက်နှာမူပြီး ဘုရားကို အာရုံပြုရင်လည်း ရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

မစံပယ် အောက်ထပ်သို့ ဆင်းသွားသည်။ သက်ဝေသည် ဘုရားကို အာရုံပြုလိုက်သည်။

သက်ဝေ ဘုရားကို ရည်မှန်းပြီး ရှိခိုးဦးခိုက်လိုက်သည်။ တိုက်ပွဲတစ်ခုနှင့် ကြုံနိုင်သဖြင့် ကျောပိုးအိတ်ထဲက သိမ်ဝင်ပုတီးကို လည်တွင်ဆွဲကာ အင်္ကျီစနှင့် ဖုံးလိုက်သည်။ သိမ်ဝင်သပိတ်တွဲတွင် အင်းချထားသော ဂါထာကို အိတ်ထဲ ထည့်လိုက်သည်။ ဂါထာတော်များကို အထပ်ထပ် ရွတ်လိုက်သည်။ အပြင်လောကတွင် အမှောင်ဖုံးချေပြီ။

'ကိုသက်ဝေ..ညစာ အသင့်ဖြစ်ပါပြီ'

မစံပယ်က အပေါ်တက်လာပြီး လှေကားအလယ်မှ အော်ပြောလိုက်ပါသည်။

'ဟုတ်ကဲ့ပါ။ ကျွန်တော် လာခဲ့ပါ့မယ်'

သက်ဝေသည် ဂါထာကို ပြီးအောင်ရွတ်လိုက်သည်။ ဂါထာရွတ်ရင်း ဘိုးဝိဇ္ဇာ၏ ပုံရိပ်ကိုမြင်ယောင်ပြီး အဘိုး၏ စကားသံကို ကြားယောင်နေမိပါသည်။

'ငါ့မြေး မင်း အန္တရာယ်တစ်ခုနဲ့ ကြုံဖို့ရှိတယ်။ ရွှေတိဂုံဘုရား ဝိဇ္ဇာတန်ဆောင်းမှာ ကိုးရက်အဓိဋ္ဌာန် ပုတီးစိပ်လိုက်ပါ။ ကိုးရက်ပြည့်ရင် အဘ လာကြည့်မယ်။ အဓိဋ္ဌာန်ကို အောင်မြင်အောင် ကြိုးစားပါ'

အဘညွှန်ကြားသည့်အတိုင်း ဝိဇ္ဇာတန်ဆောင်းတွင် ကိုးရက်အဓိဋ္ဌာန် ဝင်ခဲ့ပါသည်။ အဘစေခိုင်းသည့် ဂါထာကိုရွတ်၍ အဓိဋ္ဌာန်ပုတီးစိပ်ခဲ့ပါသည်။ အဓိဋ္ဌာန်ပြည့်သည့်နေ့တွင် အဘ ရောက်လာပြီး မေးမြန်းစစ်ဆေးပါသည်။ အဘက နောက်ထပ်ပုတီးစိပ်နည်းများ ပေးပြီး အန္တရာယ်ရှိသည့်တိုင် အောင်မြင်စွာ ကျော်လွှားနိုင်တော့မည်ဖြစ်ကြောင်း ပြောပါသည်။ ကိုယ်တိုင်လည်း ယုံကြည်မှု အပြည့်ရှိခဲ့ပါသည်။ အန္တရာယ်နှင့် တွေ့နိုင်သည်ဟု သိရ၍ ပုတီးကို ပိုမိုစိပ်ကာ ကြိုတင်ပြင်ဆင်ခဲ့ပြီးဖြစ်ရာ ယခုတွေ့ရသောတိုက်ပွဲကို အောင်မြင်အောင် ဆင်နွှဲရန် ရဲရဲဝံ့ဝံ့ အောက်ထပ်သို့ ဆင်းခဲ့ပါသည်။ စားပွဲတွင် အသင့်စောင့်နေသော မစံပယ်ကို တွေ့လိုက်ရသည်။

'ကိုသက်ဝေ ထိုင်ပါ'

'မစံပယ်..ကျွန်တော်တစ်ယောက်တည်း စားရမှာလား။ ဦးတို့ရော မစားသေးဘူးလား။ မစံပယ်ပါ တစ်ခါတည်း စားလိုက်ပါလား'

'မစံပယ်တို့ အိမ်သားတွေက ညနေလေးနာရီဆိုရင် ညစာ စားလေ့ရှိပါတယ်။ ကိုသက်ဝေအတွက် ညစာ အမြန်ရအောင် ခေါက်ဆွဲကြော်လိုက်ရတာပါ။ ခေါက်ဆွဲကြော် ပူပူနွေးနွေး စားလိုက်ပါ'

မစံပယ်က အငွေ့ထွက်နေသော ခေါက်ဆွဲပန်းကန်ကို သက်ဝေ၏ရှေ့တွင် ချပေးလိုက်သည်။ ခေါက်ဆွဲကြော်မှာ စားချင်စဖွယ် အနံ့က မွှေးကြိုင်နေပါသည်။ သက်ဝေက ခေါက်ဆွဲပန်းကန်ကို ကြည့်လိုက်ရာ ထူးခြားမှုရှိကြောင်း သိလိုက်ရသည်။ မစံပယ် ပန်းကန်များ ဆေးနေစဉ် အိတ်ထဲတွင် ယူဆောင်လာသော သိမ်ဝင်သပိတ်နှင့် အင်းချပ်ကို ထုတ်ယူလိုက်ပြီး ခေါက်ဆွဲပန်းကန်အောက်သို့ ထိုးသွင်းလိုက်သည်။ နှုတ်ကလည်း အင်းချပ်တွင်ပါသော ဂါထာကို ကိုးခေါက်ရွတ်လိုက်သည်။ ခေါက်ဆွဲကြော်ကို မျက်ခြည်မပြတ် ကြည့်နေရာ ခေါက်ဆွဲကြော်ထဲမှ အငွေ့များ ထွက်လာပြီး မကြာမီ ခေါက်ဆွဲကြော်မှ ခေါက်ဆွဲဖတ်များမှာ တစ်စ,တစ်စ အသွင်ပြောင်းပြီး တီကောင်များ လွန့်လူးနေသည်ကို မြင်ရတော့သည်။

သက်ဝေသည် စားပွဲအနီးတွင် တွေ့မြင်ရသော ပလတ်စတစ်အိတ်ကိုယူ၍ ခေါက်ဆွဲကြော်များကို လောင်းထည့်လိုက်သည်။ မစံပယ် မမြင်အောင် အမြန်လုပ်လိုက်ရသည်။ မကြာမီ မစံပယ်သည် သံပရာရည်ဖျော်ထားသည့် ဖန်ခွက်ကို ဇွန်းနှင့်ထည့်၍ ယူလာသည်ကို တွေ့ရသည်။

'ခေါက်ဆွဲကြော်က ကောင်းလိုက်တာဗျာ။ ကျွန်တော် အကုန်စားလိုက်တယ်'

'ကိုသက်ဝေ မဝသေးရင် ထပ်ကြော်ပေးဦးမယ်လေ'

'ဝပါတယ်ဗျာ။ နောက်ထပ် မစားနိုင်တော့ပါဘူး'

'ဒါဆို ဒီသံပရာရည်ကို သောက်လိုက်နော်။ စံပယ် နာနတ်သီး ခွဲလိုက်ဦးမယ်'

သက်ဝေသည် မစံပယ် နာနတ်သီးခွဲနေချိန် သံပရာရည်ဖန်ခွက်အောက်သို့ အင်းချပ်ကို ထိုးသွင်းလိုက်ပြန်သည်။ သံပရာရည်မှာ ကြည့်ရင်း,ကြည့်ရင်း ပွက်ပွက်ဆူလာပါသည်။ ရေများ ငြိမ်သက်သွားသောအခါ သံပရာရည်မှာ အမည်းရောင်သို့ ပြောင်းသွားကြောင်း တွေ့လိုက်ရသည်။ မစံပယ်ကို ကြည့်လိုက်ရာ နာနတ်သီးခွဲနေသည်ကို မြင်

www.burmeseclassic.com

ရသဖြင့် ခေါက်ဆွဲကြော်ထည့်ထားသော ပလတ်စတစ်အိတ်နှင့် သံပရာရည်ခွက်ကိုယူ၍ အနီးဆုံး ပြတင်းပေါက်ဆီသို့သွားကာ အပြင်သို့ သွန်ချလိုက်သည်။

အပြင်လောကတွင် မှောင်နေပြီဖြစ်၍ မည်သူမှ မြင်လိုက်ဟန် မတူပါ။

'ကိုသက်ဝေ..ညှော်ခန်းကို ကြွခဲ့ပါ။ သစ်သီးတွေ ပြင်ထားတာ စားပါဦး'

မစံပယ်က ခေါ်သဖြင့် ညှော်ခန်းသို့သွား၍ ထိုင်လိုက်သည်။ စားပွဲပေါ်တွင် နာနတ်သီး၊ ငှက်ပျောသီး၊ အခြားသစ်သီးများဖြင့် ခင်းထားသည်ကို တွေ့မြင်ရပါသည်။ ရေနွေးကြမ်းနှင့် လက်ဖက်ပွဲကလည်း အသင့်ရှိနေပါသည်။ ထိုအချိန် ဦးမြဒင်နှင့် လူရွယ်တစ်ဦး အိမ်ထဲသို့ ဝင်လာကြပါသည်။

'မောင်ရင်..ညစာစားပြီးပြီလား'

ဦးမြဒင်က စတင်နှုတ်ဆက်သဖြင့် အလိုက်သင့် ပြန်ပြောလိုက်ရသည်။

'စားပြီးပါပြီ ဦး။ မစံပယ်ရဲ့ ခေါက်ဆွဲကြော်က ကောင်းလွန်းလို့ အဝစားလိုက်တာ ဗိုက်တင်းနေပြီ'

'ဒါ ကျုပ်သားလေ၊ မိတ်ဆက်ပေးရဦးမယ်။ သူ့နာမည် မောင်လွင်ပါ'

'တွေ့ရတာ ဝမ်းသာပါတယ် ကိုလွင်။ ကဲ..ဦးရော ကိုလွင်ပါ ခဏထိုင်ကြပါဦး။ မစံပယ်လည်း ခဏလာပါ။ အားလုံးကို ပြောစရာရှိလို့ပါ'

ဦးမြဒင်၊ ကိုလွင်နှင့် မစံပယ်တို့မှာ မျက်နှာချင်းဆိုင်တွင် ဝင်ရောက်ထိုင်လိုက်ကြသည်။ သက်ဝေသည် အိမ်သားများကို တစ်ဦးစီ ကြည့်လိုက်ပြီးမှ ဦးမြဒင်ကို ပြောလိုက်သည်။

'ကဲ..ဦးမြဒင်၊ ကိုလွင်ရော မစံပယ်ပါ ကျုပ်ပြောတဲ့စကားကို သေသေချာချာ နားထောင်ပါ။ ကျုပ်ဟာ ဒီနယ်မြေကို တစ်ခေါက်မှ မရောက်ဖူးပေမယ့် ကြိုတင်သိထားတာက ဒီနေရာမှာ ရွာမရှိဘူးဆိုတာ ကြိုတင်သိထားပါတယ်။ အခု ဒီနေရာမှာ ရွာကိုတွေ့ရပြီး အိမ်ကြီးတစ်အိမ်ကို ရောက်ခဲ့တယ်။ ကျုပ်ရောက်လာတဲ့ အိမ်သားတွေက ဧည့်ဝတ်ပြုကြပါတယ်။ ဒါပေမဲ့ ကျုပ် ဘယ်သူဆိုတာ အားလုံးမသိကြတော့ ကျုပ်အတွက် အဆင်ပြေဖို့ ဖြစ်လာတယ်။ တကယ်တော့ ကျုပ်ဟာ ဝိဇ္ဇာလမ်းစဉ်ကို ကျင့်ကြံနေတဲ့လူပါ။ ကျုပ်ကို ဝိဇ္ဇာကြီးတစ်ပါးက အမြဲစောင့်ရှောက်နေပါတယ်။ ကျုပ်ကို ဘယ်လို နာနာဘာဝကမှ နှောင့်ယှက်စော်ကားလို့ မရပါဘူး။ အခု အိမ်သားတွေက ကျုပ်ကို ပညာစမ်းကြတယ်။ ကျုပ်မှာသာ ပညာခံမရှိရင် ခင်ဗျားတို့လက်ထဲ ကျရောက်ပြီပေါ့။ ဒီအိမ်မှာ ဘုရားခန်း မရှိတာကို သိရကတည်းက ခင်ဗျားတို့ ဘယ်သူတွေဆိုတာ သိလိုက်ရပါတယ်။ ကဲ..ပထမဆုံး မစံပယ်ကို မေးပါရစေ။ ခေါက်ဆွဲကြော်မှာ ဘာတွေနဲ့ ကြော်ပြီး ကျုပ်ကို ကျွေးသလဲ'

မစံပယ်မှာ ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းငုံ့ပြီး တုန်ယင်လျက် ရှိပါသည်။ ဦးမြဒင်နှင့် ကိုလွင်တို့မှာလည်း မျက်နှာပျက်နေကြပါသည်။ သက်ဝေက အားလုံးငြိမ်နေသည်ကိုကြည့်၍ အောင်မြင်ခံ့ညားသော အသံဖြင့် ပြောလိုက်သည်။

'ကျုပ်က ပညာနဲ့ ကြည့်လိုက်တော့ အားလုံးမြင်တယ်။ ခေါက်ဆွဲကြော်ကိုလည်း မစားဘူး။ သံပရာရည်လည်း မသောက်ဘူး။ အခု ဒီမှာ ငှက်ပျောသီးနဲ့ နာနတ်သီးတွေ ကျွေးနေပြန်ပြီ။ ဒီအသီးတွေကရော အစစ်အမှန်တွေပဲလား'

အားလုံးခေါင်းငုံ့လျက် ငြိမ်နေကြပါသည်။ မည်သူမှ စကားပြန်မပြောသဖြင့် သက်ဝေက ဆက်၍ ပြောလိုက်သည်။

'ကဲ..အားလုံးကို ကျုပ် လက်တွေ့ပြမယ်။ ဒီအသီးအနှံတွေကို ကြည့်ကြပါ'

သက်ဝေက အိတ်ထဲက အင်းချပ်ကို ထုတ်ယူလိုက်ပြီး ငှက်ပျောသီးဖန်းအောက်သို့ ထည့်လိုက်သည်။ အိမ်ရှင်များက ဘာများဖြစ်လေမလဲဟု ငှက်ပျောသီးများကို ထိတ်လန့်စွာ ငေးကြည့်နေကြသည်။ ငှက်ပျောသီးများမှ အခိုးအငွေ့တလူလူ ထွက်လာသည်ကို မြင်ရပြီး မကြာမီ ငှက်ပျောသီးများက သစ်ရွက်ခြောက်များ ဖြစ်သွားသည်ကို တွေ့လိုက်ကြရသည်။ သက်ဝေက အသံမာမာနှင့် ခက်ထန်စွာ ပြောလိုက်သည်။

'ကဲ..ဦးမြဒင်၊ ကျုပ်ကို ဘာရည်ရွယ်ချက်နဲ့ ဒီလို လုပ်တယ်ဆိုတာ ပြောပါဦး'

ဦးမြဒင်မှာ မနေသာတော့ဘဲ အသံတုန်တုန်နှင့် ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီလိုပါ မောင်ရင်၊ ဦးတို့က စေတနာနဲ့ ကူညီတာပါ'

'မှန်မှန်မပြောရင် ပြောတဲ့နည်းကို သုံးရမယ်။ ခင်ဗျားတို့ ဘယ်သူတွေလဲ ပြောပါ'

'ကျုပ်တို့ လူသားအစစ်တွေပါ'

'ကဲ..ခင်ဗျားတို့ လူသားအစစ် ဖြစ်တယ်ဆိုရင် ကျုပ်ပုတီးကို လည်မှာ ဆွဲကြည့်ပါ'

သက်ဝေက လည်ပင်းမှ ပုတီးကို ဆွဲထုတ်လိုက်ရာ ပုတီးကို မြင်သည်နှင့် ဦးမြဒင်မှာ ထိတ်လန့်တုန်လှုပ်နေပါသည်။ ခေါင်းကို တွင်တွင်ခါလျက် ရှိပါသည်။

'ပုတီးကို လည်မှာ မဆွဲရဲရင် ကိုင်ရုံလေး ကိုင်ကြည့်စမ်းပါ'

ဦးမြဒင်မှာ ချွေးများရွှဲလျက် တောင်းပန်နေပါသည်။

'ကျုပ် မကိုင်ဝံ့ပါဘူး'

'ကဲ..ဒီမှာ ကြည့်လိုက်ကြဦး'

သက်ဝေက ပုတီးကို နာနတ်သီးပန်းကန်ပေါ်သို့ ဝဲ၍ပြလိုက်ရာ နာနတ်သီးများမှာ မီးတောက်ဖြစ်လာပြီး ချက်ချင်းလောင်ကျွမ်းကာ ပြာများ ဖြစ်သွားပါတော့သည်။

'ကဲ..ခင်ဗျားတို့ ဘယ်သူတွေလဲ။ ဘယ်ဘုံသားတွေဆိုတာ ပြောပါ။ မပြောရင် ဒီပုတီးအစွမ်းနဲ့ ခင်ဗျားတို့ သုံးယောက်ရော ဒီအိမ်ကိုပါ မီးရှို့ခဲ့မယ်'

သက်ဝေသည် စကားဆုံးသည်နှင့် ပုတီးကုံးကို ဦးမြဒင်၏ လည်ပင်းကိုစွပ်ရန် ရွယ်လိုက်သည်။ ပုတီးကုံးဝဲလာသည်နှင့် ဦးမြဒင်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်လာပြီး လက်အုပ်ချီ၍ တောင်းပန်ပါသည်။

'ကျုပ် ပြောပါ့မယ် ဆရာရယ်၊ ဆရာ့ရဲ့ပုတီးကို ပြန်သိမ်းထားပေးပါ'

'ကဲ..ဒါဆိုပြော၊ ခင်ဗျားတို့က ဘယ်သူတွေလဲ'

'ကျတ်တွေပါ ဆရာ'

'ကျွန်ုပ်က ခင်ဗျားတို့နဲ့ ရန်သူလည်း မဟုတ်ဘဲ ဘာပြုလို့ ပညာစမ်းရတာလဲ'

'ဘာရယ်မဟုတ်ပါဘူး ဆရာ။ ဒီအချိန် ဒီနေရာကို ရောက်လာတဲ့ လူသားတွေကို ကျီစယ်ချင်တဲ့သဘောနဲ့ စမိ နောက်မိတာပါ။ ဆရာ့ရဲ့ ပညာအစွမ်းကို လေးစားပါတယ် ဆရာ။ ကျွန်တော်တို့ အပြစ်တွေကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

'ဘာဗျ၊ တောင်းပန်ရုံနဲ့ ကျုပ်က ကျေနပ်ရတော့မှာလား'

'ဆရာ ကျေနပ်တဲ့အထိ ဆောင်ရွက်ပေးပါ့မယ်'

'ကောင်းပြီ။ ဒါဆိုရင် ကျုပ် ချက်ချင်း ဟိုဘက်ကမ်းကို ကူးချင်တယ်'

'ရပါတယ် ဆရာလေး။ ကျွန်တော် စီစဉ်ပေးပါ့မယ်'

'ဒါဆို အခုချက်ချင်း သွားမယ်။ ကျွန်တော် အိမ်ပေါ်ထပ်က ကျွန်တော့်ပစ္စည်းတွေ ယူလိုက်ဦးမယ်'

သက်ဝေသည် အိမ်ပေါ်ထပ်သို့တက်၍ သူ၏အဝတ်ယောင်းများကို ကျောပိုးအိတ်တွင်ထည့်၍ အမြန်ဆင်းလာခဲ့သည်။

'ဆရာလေး..ကမ်းနားမှာ ကူးတို့လှေ အသင့်ရှိပါတယ်။ လာပါ၊ ကျွန်တော် လိုက်ပို့ပါ့မယ်'

'ဒါဆို သွားကြမယ်'

သက်ဝေက ရှေ့က ထွက်ခွာပြီး ခြံအပြင်သို့ ထွက်လိုက်သည်။ ဦးမြဒင်က နောက်ကကပ်၍ လိုက်ပါလာပါသည်။ အိမ်ပြင်ရောက်သည်နှင့် သက်ဝေက သတိရ၍ အိမ်ကြီးကို ပြန်ကြည့်လိုက်ရာ အိမ်ကြီးကို လုံးဝမတွေ့ရတော့ မီးရောင်ပင် မရှိတော့။ မှောင်အတိကျလျက် တွေ့လိုက်ရသည်။

ခဏလမ်းလျှောက်လိုက်သည်နှင့် ယံမားချောင်းသို့ ရောက်ခဲ့ရသည်။ ရေကျသွားပြီဖြစ်၍ ချောင်းရေက ညင်သာစွာစီးလျက် ရှိနေပါသည်။ ကမ်းနားတွင် အသက်ခြောက်ဆယ်ခန့် ကူးတို့သမားကြီး တစ်ဦးနှင့် လှေတစ်စင်းကို အသင့်တွေ့ရသည်။

'ဆရာလေး..လှေပေါ် တက်ပါ။ ကူးတို့သမားက ဟိုဘက်ကမ်းရောက်ရင် ဆရာလေး သွားချင်တဲ့ အိမ်အထိ လိုက်ပို့ပေးပါလိမ့်မယ်'

သက်ဝေ လှေပေါ် တက်လိုက်သည်နှင့် လှေက ထွက်ခဲ့သည်။ မိုးလေကင်းလွတ်၍ ကောင်းကင်တွင် ကြည်လင်နေပါသည်။ ညဦးလေပြည်နှင့် တိတ်ဆိတ်သော ညချမ်းတွင် လှေစီးရသည်မှာ ငြိမ့်ညောင်းလှပါသည်။

ဘုရားငုတ်တိုရွာကြီးက သူ့ကို ကြိုဆိုလျက်ရှိနေပါတော့သည်။

ကောင်းသော်

www.burmeseclassic.com

အေးမြသော ည၏ ဝတ်ရုံလွှာသည် ဆောင်းနှင်းမြူ ခပ်ပါးပါးဖြင့် တောင်နှင့်တောကို လွှမ်းခြုံထား၏။ အဘိုးပု၏ အဂ္ဂိရတ်တဲကလေးတောင်ဘက် တစ်ခေါ်လောက်တွင်ရှိသော စမ်းချောင်းကလေးအထက် ဝဲဘက်တွင် ဝါးတစ်ပြန်ကျော် အမြင့်မှသည် ဝါးနှစ်ပြန်ခန့်အထိ



www.burmeseclassic.com

www.burmeseclassic.com

မြူတိမ်ရေငွေ့တန်း ဖြူပြာလွဲလွဲကို လရောင်ဖြင့် မြင်တွေ့နေရ၏။

အဘိုးပု၏ ရှေ့တွင်ရှိသော ထင်းမီးဖိုပေါ်မှ စစ်သုံးဟန်းကောချိုင့်အတွင်းတွင် ရေနွေးတို့သည် ပွက်ပွက်ဆူနေလေပြီ။ အဘိုးပုသည် ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော လက်ဖက်ခြောက်ထုပ်ထဲမှ အနည်းငယ်



# ဂျိုင်ဆိုး (မြို့ရှုပြည်)

## အဘိုးပုနှင့် လုနီကလေး

## ထန်းတောဘုရင် ဇေညီထင်

ယူ၍ခပ်လိုက်ပြီး မလှမ်းမကမ်းရှိ ဝါးရုံကိုင်းတွင် ဓီးကွက်တစ်ကောင် နားလိုက်သဖြင့် ဝါးရုံကိုင်းရော ဓီးကွက်ပါ တငြိမ့်ငြိမ့်ဖြင့် နိမ့်တုံမြင့်တုံ ဖြစ်၍နေလေသည်။

အဘိုးပုသည် အနည်းငယ် အေးစပြုလာပြီဖြစ်သော ဆောင်းဦးညချမ်းကို ကာကွယ်ရန်အလို့ငှာ စစ်သုံးဆွယ်တာကြီးကို ယူငင်ဝတ်ဆင်လိုက်ပြီး မီးဖိုဘေးတွင် ထိုင်ကာ ရေနွေးကြမ်းကို ခွက်နှင့်ခပ်၍ တဖူးဖူးနှင့်မှုတ်ရင်း

www.burmeseclassic.com

လက်ဖက်ခြောက် အရသာခံလျက် သောက်၍နေလေ၏။

ညစဉ် ပြုနေကျ ဘုရားရှိခိုးခြင်းကိစ္စ၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိစ္စတို့ ပြီးစီးပြီဖြစ်၍ အိပ်စက်အနားယူရန်သာရှိတော့သည် ဖြစ်သော်လည်း မအိပ်ချင်သေးသည်နှင့် ဆေးတံကို ဆေးတစ်ဆုံဖြည့်ကာ မီးညှိဖွာရှိုက်ရင်း ခြေဆန့်လက်ဆန့် အနားယူနေလိုက်၏။ တော၏ ညချမ်းသည် တစ်ကိုယ်တည်း နေတတ်သူတို့အဖို့ သာယာလေစွတကား။

နံနက်က နေထန်းတစ်ဖျား မကျော်မီကပင် တာဝန်ခံထားသော အဂ္ဂိရတ်ထိုးမှုကိစ္စ ပြီးစီးခဲ့၍ ကျန်အချိန်များဝယ် ဆေးမြစ်ဆေးဥ ရှာဖွေစုဆောင်းရင်း မီးလောင်ကုန်းတောင်အခြေရှိ ရသေ့ကလေး ကျောင်းသခ်မ်းသို့လည်း ရောက်ခဲ့သေး၏။ ရသေ့ကလေးက စွန့်ကြဲလိုက်သော ကြံသကာခဲကလေးများကို သတိရသဖြင့် စက္ကူဖြင့် ထုပ်ထားသည်ကို ဖြေရန် ယူကြည့်လိုက်သော် ပုရွက်ဆိတ်ကလေးများ အပြုံလိုက် အခဲလိုက် ဝင်ရောက်စားသောက်နေကြသည်ကို တွေ့လိုက်ရသဖြင့် အသာအယာယူငင်ပြီး တစ်ခဲချင်း မြေသို့ချကာ အာဟာရဒါနပြုလိုက်ပြီး "စားကြ၊ စားကြကွယ်" ဟုလည်း နှုတ်က ဆိုလိုက်လေသည်။

"ဘာတွေ စားခိုင်းနေသတုန်းဗျ" ဟူသော အသံနှင့်အတူ ရုတ်တရက်ပေါ်လာသော လူနီကလေးတစ်ဦး၏ ပုံရိပ်ကြောင့် အဘိုးပု ခေတ္တတော့ ထိတ်ခနဲ ဖြစ်သွားလေသေး၏။

ပြီးမှ "ဘာရယ်မဟုတ်ပါဘူးဗျာ၊ ပုရွက်ဆိတ်ကလေးတွေကို ကြံသကာခဲတွေ ချကျွေးနေတာ။ သူတို့က ဒီနားမှာ ဒါမျိုး စားရခဲတယ်" ဟု ဖြေပြော ပြော၏။

ပြီးနောက် ယခင်ရက်များကမူ အစုလိုက် ခုနစ်ယောက်စလုံး စုံညီစွာ တစ်ပြိုင်တည်း လာရောက်လေ့ရှိကြသော်လည်း ယနေ့မှ ထူးထူးခြားခြား တစ်ယောက်တည်း သီးခြားရောက်လာသော လူနီကလေးကိုကြည့်ရင်း "ဒီနေ့ တစ်ယောက်တည်းပါလား။ ကျန်တဲ့သူတွေ မပါကြဘူးလား" ဟု မေးလိုက်၏။

"မပါဘူးဗျ။ သူတို့ခြောက်ယောက်စလုံး ဒီနေ့ ဒဏ်ပေး ထိနေတယ်"

"ဘယ်လို ဒဏ်ပေး ထိတာလဲ"

"တာဝန်ပျက်ကွက်လို့လေ။ သိုက်နန်းချုပ်အမိပတိဘိုးဘိုးကြီးက အပြစ်ပေးထားတာ"

"ရော်··ဘာတာဝန်များ ပျက်ကွက်လို့တုံး"

"မဇ္ဈိမဒေသက လင်းလွန်းမျိုးစေ့ သွားကောက်ခိုင်းတာ ရောက်အောင်မသွားဘဲ ကျောက်တော်မြို့က မဟာမုနိဘုရား ဝင်ဖူးပြီး အဲဒီကသိုက်နန်းဝင်တွေနဲ့ ပျော်ပါးနေကြတာ လာရင်းကိစ္စ မေ့ကုန်ကြလို့"

"ဟား··ဟား··ဟား··ဖြစ်မှဖြစ်ရပလေ။ ဒါဆို သူတို့ကို ဘယ်လိုအပြစ်ဒဏ် ပေးထားတာတုန်းဗျ"

"ကျုပ်တို့ ကိုယ်ပိုင်ဣဒ္ဓိပါဒ်ကို မသုံးဘဲ ဟိုးတောင်ခြေကင်ပွန်းစခန်းက ရေတော်တစ်ဖလားစီယူပြီး ကျိုက်ထီးရိုးစေတီနားက ရုပ်ပွားတော်ကြီးကိုကပ်တဲ့ သောက်တော်ရေအိုးကို တစ်နေ့သုံးကြိမ် သုံးခေါက် ရေသွားဖြည့်ပေးရတာဗျ"

"ဟာ··ပင်ပန်းလှချည်ရဲ့ဗျာ။ ဒါနဲ့ ခေါက်ရေပြည့်၊ မပြည့်ကို ဘယ်လိုသိမလဲ"

"ခင်ဗျားတို့ လူ့လောကနဲ့ မနှိုင်းနဲ့လေဗျာ။ ကျုပ်တို့လောကက ကတိသစ္စာ ပျက်ယွင်းလို့ရတဲ့လောကမဟုတ်ဘူး။ နောက်ဆုံး ကုန်ကုန်ပြောရရင် မုသာဝါဒတောင်မရှိဘူး"

"အင်း···သူတို့တော့ ဆင်းလိုက် တက်လိုက်နဲ့ လျှာထွက်နေတော့မှာပဲ"

"ဘယ်တတ်နိုင်မလဲဗျာ။ သူတို့အပြစ်နဲ့သူတို့ဆိုတော့လည်း အပြစ်ဒဏ်ကျေအောင် လုပ်ရတော့မှာပဲ"

"ခင်ဗျားကျတော့ တစ်ယောက်တည်း ဘာလို့ကျန်ခဲ့တာလဲ"

"ဟား··ဟား··ကျုပ်က ကံကောင်းတာဗျ။ အဲဒီနေ့က သူတို့ကို လင်းလွန်းစေ့ သွားကောက်ခိုင်းပြီး ကျုပ်ကိုကျတော့ လေပျံ့ဂမုန်းဝတ်ဆံ သွားစုခိုင်းတာလေ။ လေပျံ့ဂမုန်းတွေက ဒီတော ဒီတောင်တွေမှာ ပေါမှပေါ"

"ခင်ဗျားက ကံကောင်းတာပေါ့ဗျာ။ ဒါနဲ့ နေစမ်းပါဦး။ ခင်ဗျားမှာ နာမည်ရှိသလား။ ကျန်တဲ့သူတွေကိုရော ဘယ်လိုခေါ်သလဲ ပြောပါဦး"

"ရှိတာပေါ့ဗျ၊ မရှိဘဲနေမလား။ သက်မဲ့တွေတောင် ခေါ်စရာ အမည်တစ်ခုခုတော့ ရှိသေးတာပဲ။ ကျုပ်ရဲ့ နာမည်က စည်ထင်တဲ့ဗျ။ ကျန်တဲ့ခြောက်ယောက်ရဲ့ နာမည်တွေကို အစဉ်လိုက် ပြောပြမယ်။ ကျုပ်ပြီးတော့

www.burmeseclassic.com

တင်မှတ်တဲ့၊ တင်မှတ်ပြီးတော့ ကပ်ကျော်တဲ့၊ ကပ်ကျော်ပြီးတော့ နော်ခမ်းတဲ့၊ နော်ခမ်းပြီးတော့ ရမ်းဆိုး၊ ရမ်းဆိုးပြီးတော့ မိုးဂေါင်၊ မိုးဂေါင်ပြီးတော့ အောင်သာတဲ့ဗျ'

'ဘာတဲ့··စည်ထင်၊ တင်မှတ်၊ ကပ်ကျော်၊ နော်ခမ်း၊ ရမ်းဆိုး၊ မိုးဂေါင်၊ အောင်သာတဲ့လား။ ခေါ်ရတာတော့ အလွယ်သားကလား။ နေစမ်းပါဦး၊ အလယ်လူ တစ်ယောက်ဖြစ်တဲ့ နော်ခမ်းဆိုတဲ့လူက ရှမ်းနာမည်ပေါ့နော်'

'ဟုတ်တယ်ဗျ။ နော်ခမ်းက လူ့ဘဝတုန်းက ကျေးသီးစော်ဘွားကြီးရဲ့ လူယုံတော်ဗျ။ ဂုံရှမ်းအနွယ်ဝင်တွေလို့ ပြောတာပဲ'

'အင်း··ဟုတ်ပါပြီ။ ဒါဖြင့် ကိုစည်ထင်ကရော လူ့ဘဝတုန်းက ဘယ်လိုတုန်းဆိုတာ ပြောပြပါဦး'

'ကျုပ်က ဘဝရှင်အလောင်းမင်းတရားကြီးရဲ့ လက်ရွေးစင်ခြောက်ကျိပ်ရှစ်ယောက်မှာ ပါခဲ့တဲ့ သူရဲကောင်းစာရင်းဝင် တစ်ယောက်ပေါ့လေ။ ကျုပ်ကို လယ်ခင်ရွာမှာ မြန်မာသက္ကရာဇ်(၁၀၉၂)ခုနှစ်၊ ပြာသိုလပြည့်နေ့မှာ မွေးတယ်။ ငယ်နာမည်က ငမိုက်စည်တဲ့ဗျ။ ကြီးလာတော့ စည်ထင်လို့ ကျုပ်တို့ကိုးကွယ်တဲ့ ဆရာတော်က ပြောင်းပေးတာနဲ့ စည်ထင် ဖြစ်ခဲ့ရပါသဗျာ'

◆◆◆

ထန်းပင်ထန်းတော ပေါသည့်အရပ်၊ မြေဆီမြေဩဇာ ကြွယ်ဝလွန်းသောအရပ်၊ မဏိပူရအာသံဘက်ဆီမှ ကသည်းလူမျိုးတို့ ဆင်းသက်လာကာ အခြေချသည့်အရပ်၊ သည်အရပ်ဝယ် စည်ထင်တို့ မိသားစုက ထန်းတောပိုင်၊ ယာပိုင်၊ ဆင်ပိုင်၊ မြင်းပိုင် လူချမ်းသာတွေ။

စည်ထင်၏ မိဘများက ထန်းတောကို အခြားထန်းလုပ်သားတွေထက် သားဖြစ်သူ စည်ထင်ကို သာ၍စိတ်ချသည်။ ထန်းပင်ထန်းတောနှင့် ပတ်သက်လျှင် စည်ထင်က သူများတကာထက် သာသည်။ ထန်းတက်၊ ထန်းလှီး ကျွမ်းကျင်သည်မို့ ထန်းကိုင်ကောင်းအဖြစ် ရွာတွင် နာမည်ရသူ ဖြစ်၏။

နာမည်ရမည်ဆိုလည်း ရလောက်စရာဖြစ်၏။ စည်ထင်သည် ထန်းလုပ်ငန်း၏ အဦးအစ ကုန်ကြမ်းရဆောင်ခြင်းဖြစ်သော ထန်းရည်ချိုခံယူရာတွင် စံမတူ တစ်ဖက်ကမ်းခပ်၏။ ထန်းရည်ချိုထွက်ရာ ထန်းစပြင်ပုံပြင်နည်းနှင့် ထန်းရည်ကို ဥတုရည်၊ နေရည်၊ လေရည် ကျွမ်းကျင်စွာ ခွဲခြားနိုင်ရုံမျှမက မြစ်နှင့်နီးသော ထန်းတော၊ မြစ်နှင့်ဝေးသော ထန်းတော၊ တစ်ခုနှင့်တစ်ခုမတူအောင် ထန်းဖို့ ညှပ်ပြင်တတ်သဖြင့် စည်ထင် ကိုင်တွယ်သော ထန်းတောမှ မြူငါးဆယ် ကျရသော်လည်း အခြားသူများမှာ အစိတ် သုံးဆယ်ပင် မရတတ်သေးသဖြင့် ထန်းသမား အချင်းချင်း လေးစားရသော ဟူ၏။

'အိုဗျ··ကိုရင်စည်ထင်ငဲ့၊ ကျုပ်တို့ ထန်းတောရောက်တုန်းရောက်ခိုက် ကျုပ်ဆီက ထန်းသမားတွေကို ပညာလေးများ သွန်သင်ပေးခဲ့ပါဦးလားလေ။ သည်နှစ် ထန်းကိုင်တာ လက်ပြောင်းသွားတာနဲ့ ထန်းရည်အရက အရင်လို မကျတော့ဘူးဗျာရဲ့'

'အင်း··ကျုပ် ထန်းတစ်ပင်လောက် အရင်စမ်းတက်ကြည့်နှင့်မယ်။ ပြီးတော့ ပြောတာပေါ့'

'ဒါဆိုလည်း ထန်းကဝိသဘောပါဗျာ။ ဟဲ့··ခေင်နဲ့ညို ဘာငေးနေကြတာလဲ။ ဟိုမှာ ယင်းထောင် သွားယူပေးလိုက်ချေစမ်း'

'မလိုပါဘူး ဦးရီးတော်ရာ။ ဒီအမြင့်လောက်ကို ရင်းထောင်အားကိုးနေရ ဘယ်ဟန်ကျပါတော့မတုံး။ နေပါစေ ကိုရင်ငခင်ရာ'

ပြောပြောဆိုဆို ယင်းထောင်ကိုပင် မထောင်တော့ဘဲ သွက်လက်ဖျတ်လတ်စွာဖြင့် မျောက်တစ်ကောင်အလားပေါ့ပါးလျင်မြန်စွာ ရင်းခွဲရှိရာသို့ ခဏနှင့် တက်ရောက်သွားပြီး ရင်းခွဲလှေကားမှ ဆက်တက်ရန် ထန်းဖိုစို့ငုတ်ရှုံ့ကို ရလိုက်သဖြင့် 'ထန်းခိုင်လက်ချောင်း ပန်းမပေါက်ခင် ညှပ်တုတ်ဝင်ထားတဲ့ ထန်းပင်ကိုးဗျ' ဟု ပြောလိုက်၏။

ဦးရီးဟု အခေါ်ခံရသူမှာ စည်ထင်ကို မော့ကြည့်နေလျက်က ထန်းလက်ကြားသို့ မရောက်သေးခင် လမ်းခုလတ်ကပင် ထန်းညှပ်တုတ်ကို ခန့်မှန်းပုံ မှန်နေလေသဖြင့်–

'ဟုတ်ပါ့ ကိုရင်စည်ထင်ရာ။ ကျုပ်လူတွေပေါ့၊ ရှေ့လောကြီးပြီး ညှပ်တုတ်စောစောဝင်ထားကြတာလေ' ဟု စည်ထင် ကြားအောင် ပြန်လည်အော်ကာ ပြောလိုက်၏။

အတန်ကြာလျှင် • စည်ထင်သည် ထန်းပင်ပေါ်မှ ဆင်းလာပြီး–

www.burmeseclassic.com

'ကိုယ့်ဆရာတို့ . . ထန်းခိုင်လက်ချောင်းတွေ ပန်း မပေါက်ခင် ညှပ်ဝင်ထားကြပုံ ထောက်ရင်တော့ မဟုတ် မှလွဲရော ကိုရင်တို့ဟာ ညောင်ဦးသားတွေ ဖြစ်ဖို့များ တယ်'

'ဟုတ်ပါသကော ကိုရင်စည်ထင်ရာ၊ ခေါ်ရော ညီ ရော ညောင်ဦးသားချည်းပါပဲ'

'ဘယ်နယ်ကပဲဖြစ်ဖြစ်ပါဗျာ၊ အရေးမကြီးပါဘူး။ အရေးကြီးတာက ထန်းစနတုန်း ညှပ်ဝင်တာတော့ တယ် မကြိုက်ချင်ဘူး။ ကျွမ်းကျင်ရင် တော်ရဲ့၊ မကျွမ်းကျင်ဘဲ နဲ့ ညှပ်ကိုင်တော့ ထန်းစနာပြီး ကွဲသွားရင် ထရေလိုက် (ထန်းရည်လိုက်) နည်းသွားရောဗျ'

'ဟုတ်ကဲ့ပါ ကိုရင်ရာ၊ နောက်အပင်တွေကျ ပန်းစုံ မှ ညှပ်ဝင်ပါ့မယ်'

'ပြီးတော့ ပြောရဦးမယ် ဦးရှိးတော်ရေ၊ ခုလို ထန်းဖို ညှပ်ရာသီမှာ ညှပ်တုတ်လက်ချောင်း လုံးဝမခြောက်ဘဲ ဆေးရိုးချောင်းအထိ ထရေယို(ထန်းရည်ယို)တာလိုချင်ရင် ထန်းစလက်ချောင်းတစ်ချောင်းကို တစ်မျက်နှာ လေး ခေါက် ငါးခေါက် ညှပ်ပေးပါ။ ပြီးရင် အရင်းပိုင်းကို နည်းနည်းဖိပေးပြီး အဖျားကို ညှပ်လျှောက်သွားပေါ့။ နောက်ဆုံးကျ ထန်းခိုင်ချောင်းအရင်းကို သုံးချက်စီလောက် သာ နာနာဖိထားပေးခဲ့ရင် နောက်ပိုင်း အရိုးစားတဲ့အထိ ထန်းရည်ချို မယိုရင် ပြောချင်သလိုသာ ပြောရော့ဗျ'

'ပြောစရာလား ကိုရင်ရာ၊ ခုလောက် သိရတာတင် ကျေးဇူးတင်လှပါပကော'

'နေဦး ဦးရှိးတော်၊ ပြောစရာကျန်သေးတယ် ဦးရှိး တော်ရဲ့။ ထန်းတောက မြစ်နဲ့ သိပ်မဝေးတော့ကာ ထန်းဖို ညှပ် ညှပ်တုတ်ကိုင်ရင် နာနာကိုင်ဖို့ လိုလိမ့်မယ်။ မညှာ နဲ့။ ဟိုးမြစ်နဲ့ဝေးတဲ့ နေရာတွေမှာ ညှပ်တုတ်ပေါ့ပေါ့ညှပ် လို့ ထရေကျ(ထန်းရည်ကျ) သွက်ပေမယ့် မြစ်နဲ့နီးရင် ပေါ့လို့မရတော့ဘူး။ ပေါ့ပေါ့ညှပ်လို့ကတော့ ထရေအရ နည်းပြီသာမှတ်'

'ဟုတ်ကဲ့ပါခင်ဗျာ။ မှတ်သားထားလိုက်ပါပြီ' ဟု ခေါ်နှင့် ညီတို့သည် နှစ်ဦးသား တိုင်ပင်ထားသည့်ကဲ့ သို့ ဖြေကြားလိုက်ရင်း ညီက လက်ထဲမှ ပြောင်းဖူးဖက် ဆေးလိပ်တစ်စည်းကို လက်နှစ်ဖက်နှင့် ရိုသေစွာ လှမ်း ပေးလျက်က-

'ဆရာ့စေတနာ၊ ဆရာ့ပညာကို ဒီဆေးလိပ်စည်းနဲ့ ပူဇော်ဂါရဝပြုပါတယ်ခင်ဗျာ'

'သာဓု . . သာဓု . . သာဓုဗျ'

'ဒါနဲ့ ကိုရင်စည်ထင်က စံပယ်တောင်အနောက် ဘက်ကိုစွာသွားရမတုန်းဗျ'

'အင်း . . တိုင်းရေးပြည်မှုအတွက် သွားရမှာလေ။ ခု ဘတော်အောင်ဇေယျဟာ စစ်မက်လှုသူ စုဆောင်းနေတာ ခင်ဗျားတို့လည်း အကြားသားမို့လား။ အဲဒါ ဆင်တစ်စီးနဲ့ ကျုပ်တပ်တော်ဝင်ဖို့ အမိန့်တော်ရှိတော့ကာ စံပယ်တောင် အနောက် ဝေဘူလဝေဘာလတောင် မရောက်ခင် ကပိုင် နယ်မှာ လွှတ်ထားသဟာ သွားကောက်မလို့ပလေ'

'ဒါနဲ့ ဘတော်အောင်ဇေယျက လက်ရုံးမီးတောက် တယ်လို့ ကြားတာ ဟုတ်စ'

'ဟုတ်မယ်ဗျ။ ဘတော်က ကြားသိသသူတွေ အား လုံးကို စကားမပြန့်ဖို့ နှုတ်ပိတ်ထားလို့သာ။ ဘတော် လက်ရုံး မီးတောက်တာ သူ့မယား မျက်မြင်တဲ့ဗျ'

'ဒါဆို ဘတော်အောင်ဇေယျဟာ မင်းလောင်း သေ ချာပြီပေါ့လေ'

'သေချာတာပေါ့ဗျာ။ ဟိုတလောကတောင် မင်း လောင်း အခေါ်ခံရတဲ့ ငချစ်ညိုနဲ့ တစ်ယောက်ချင်း လက် ရည်ယှဉ်ကြသေးတာ သူ့မသာ ကိုယ်မသာ ဆိုပေမယ့် ဘတော်အောင်ဇေယျရဲ့ဘုန်းကံကို သင်း မယှဉ်နိုင်တော့'

'ငချစ်ညို ရှုံးသွားရောလား'

'ထွက်ကိုပြေးရတာပါဗျာ'

◆◆◆

စည်ထင်သည် ဆင်တစ်စီးနှင့် မုဆိုးဘိုရွာအခြေသို့ ရောက်လတ်သော် ယခင်ရောက်နှင့်ပြီးဖြစ်သော တစ်ရွာ တည်းသား ငစံရဆိုသူက ဆီးကြို၍ ဦးအောင်ဇေယျထံ ခစားစေ၏။ ဦးအောင်ဇေယျက စကားကြာကြာ ပြော မနေ။ သူ၏ ရဲဘက်လက်ရုံးကြီး ဦးလွင်ထံသို့ စည်ထင် ကို ဆင်နှင့်တကွ အပ်နှံ၍ လေ့ကျင့်စေ၏။

စည်ထင်သည် နေ့အခါတွင် သူ၏ ဆင်ယဉ်ကို တိုက်ဆင်အဖြစ် အသုံးပြုရန် လေ့ကျင့်ရင်း သူပါ ဓားရေး လှံရေး ဝင်ရောက်လေ့ကျင့်ရ၏။ ရွာသို့လည်း မပြန်ရ တော့။ ထန်းတောကိုလည်း အခြားလူငှားနှင့် လုပ်ကိုင်စေ ရန် လူကြုံဖြင့် အကြောင်းကြားလိုက်၏။ မိမိကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဦးအောင်ဇေယျ၏ ရဲမက်တော်တစ်ယောက်ဖြစ်ချင်လွန်းသူမို့ ဂုဏ်ယူမဆုံးဖြစ်၍နေလေသည်။

အထိုးအခုတ်၊ အသတ်အပုတ် ဝါသနာကြီးလှ၍ လူလုံးလူဖန် တောင့်တင်းသော ငစည်ထင်ကို ဦးလွင်ကလည်း သဘောကျ၏။ သို့ကြောင့် ငစည်ထင်၏ ဆင်ကို ဆင်ဦးစီး တစ်ယောက်ထံ လက်လွှဲစေ၍ ငစည်ထင်ကို ဓားရေး၊ လှံရေးကိုသာ ဖိဖိစီးစီးလေ့ကျင့်စေကာ ငစည်ထင်၏ တိုက်ရည်တိုက်သွေး မြင့်မားပုံကို သိလိုက်ရသော ဦးအောင်ဇေယျကိုယ်တိုင် လက်ရွေးစင် စစ်သည်တော်စာရင်းသို့ သွင်းစေရန် အမိန့်တော်ရှိလေသည်။

ငစည်ထင်၏ ထန်းတောကို ဆက်လက်လုပ်ကိုင်ရန် လူငှားမရသေးမီ ငစည်ထင်၏ ဖခင်ကိုယ်တိုင် ယာယီသဘော ထန်းတက်၊ ထန်းကိုင် ဝင်ရောက်တာဝန်ယူထားရ၏။ ငစည်ထင်၏ တစ်ဦးတည်းသော အစ်ကိုဖြစ်သူမှာလည်း ဘုရားပွဲတစ်ခုသို့အသွား အခြားရွာသားများနှင့် မြင်းစီးအပျော်ကျူးကြရာက မြင်းနင်းခံရသဖြင့် ခြေသလုံး သွင်သွင်ကျိုးကာ ဒုက္ခိတတစ်ပိုင်း ဖြစ်နေရသူမို့ ဖခင်ဖြစ်သူကို မကူနိုင်အား။

တစ်နေ့တွင် ငစည်ထင်တို့ လေ့ကျင့်ရေးကွင်းသို့ မြင်းတစ်စီးနှင့် လူတစ်ယောက် ပေါက်ချလာပြီး ရွာမှ ငစည်ထင်၏ဖခင် ထန်းပင်ပေါ်မှ ခြေချော်ကျသဖြင့် အနိစ္စရောက်ကြောင်း အမင်္ဂလာသတင်းကို ပြောကြားလာ၏။ ငစည်ထင်လည်း ဖခင်ကြီးအတွက် ကြီးစွာသော စိတ်မကောင်းခြင်းဖြင့် ဖခင်ကြီး၏ နာရေးအသုဘကိစ္စကို ပြန်လည်စီစဉ်ဆောင်ရွက်ရပြန်၏။

ဖခင်ကြီး၏ နာရေးကိစ္စ ပြီးမြောက်၍ မုဆိုးဘိုသို့ မပြန်မီညဝယ် အိပ်မက်ထဲ၌ ဖခင်ကြီးရောက်လာပြီး မုဆိုးဘိုသို့ သူပါ လိုက်လာမည်ဖြစ်ကြောင်း ပြောကြားလာသည်ကို ထင်ရှားစွာ မြင်မက်ရ၏။

ထူးခြားသည်မှာ သူ အပြန်ဝယ် ငစည်ထင် စီးနေကျ မြင်းမှာ ပုံမှန်ထက်ပို၍ ပင်ပန်းနေပြီး ဝန်ပိုဝန်လေး သယ်ဆောင်နေရသည်ကဲ့သို့ ယခင်ထက် အားစိုက်ပြေးနေရပုံမှာ သိသာလှ၏။

ငစည်ထင် တစ်ဦးတည်းကိုသာ ကျောပေါ်တင်၍ ကဆုန်စိုင်းလာသည်ဆိုသော်လည်း ခရီးတာအဝေးအကွာမှ မတွင်သေးမီ မောဟိုက်ချက် ဖိစီးလွန်းသည်မို့ ထန်းတော တစ်တောအဝင်တွင် ခေတ္တနားကာ မြင်းကို ရေတိုက်ရ၏။ မြင်းမှာ ငြိမ်သည်မရှိ။ တစ်ချက်,တစ်ချက်လည်း လန့်နေပြန်သေး၏။

ဤတွင်မှ ငစည်ထင် ရိပ်မိလေကာ 'အဘရာ·· ခင်ဗျား လိုက်လာသလား။ လိုက်လာရင်လည်း မြင်းကို မစပါနဲ့ဗျာ။ ကျုပ်မြင်း ဖွဖောက်သွားပါဦးမယ်'ဟု ကျယ်ကျယ် ပြောလိုက်၏။

ငစည်ထင်သည်သို့ ပြောလိုက်လေမှ မကြာမီတွင် မြင်းမှာ ကူနွှေ့ရလာပြီး ဆီးသွားခြင်း၊ ရေသောက်ခြင်း၊ ချာရုပ်ခြင်း၊ ဟီခြင်းတို့ ပြုနိုင်တော့လေသည်။

◆◆◆

မြောက်ဘက်တစ်ခို မုဆိုးဘို၊ မိုးနိပါစို့ ညည်းနှင့်တို့။ တိုင်းရက်သည့် ပတ္တလာ၊ မိုးရွာသည်နှင့် အသင့်ပဲ။ တို့မေလေး မကျေဖျက်၊ မြောက်ဘယ်ကယ်တဲ့ ဟိုတစ်ခို ပြေးစို့နှစ်ကိုယ်။ ဆိုင်းစိုစိုက ရန်လုံးဖြိုပါတဲ့၊ ပြည်ရွှေဘို ထိုမြို့မှာ မိုးနိစို့လေးဟူသော တဘောင်သီချင်း စာသားကား သဘင်သည်ရော ရပ်သူရွာသားများပါမကျန် ကလေး,လူကြီး နှုတ်ဖျားဝယ် ဆိုကြသူတကာ အရသာခံလျက် ဝက်ဝက်ကွဲ ကျော်ကြားလေရကား။ ကုန်းဘောင်ခေတ်ဦးအစ ရတနာသိင်္ခ မြို့တည်နန်းတည် ဘဝရှင် အလောင်းမင်းတရားကြီးလောင်းလျာ ဦးအောင်ဇေယျအတွက် ရှေ့ပြေးနိမိတ်များပင် ဖြစ်နေလေသည်မှာ အောင်အတိတ်ဆောင် တဘောင်ထိပ်ဖြင့် အောင်နိမိတ်ဆောင်နေလေသည်တကား။

ထိုနေ့က နံနက်မိုးမလင်းမီ ပဲသင်းကောက်ထွက်ကြသော မုဆိုးဘိုရွာသူတို့မှာ ရွာပြင်သို့ရောက်ပြီး မကြာမီပင် ရွာသို့ ပြန်ဝင်လာကြ၏။ အကြောင်းကား ရွာအပြင်တစ်လျှောက်၌လည်းကောင်း ထန်းတောအရိပ်အခြည်များ၌လည်းကောင်း လူစိမ်းသူစိမ်းတို့များစွာကို တွေ့မြင်ခဲ့ရသည့်အပြင် ဒိုင်းလွှားကာများ ဓား၊ လှံ၊ လေးမြားတို့ ကိုင်ဆောင်ထား၍ မပီပြင်မိုးတဝါး အရုဏ်ဦးအလင်းရောင်တွင်ပင် ထင်ရှားစွာ တွေ့မြင်နေရသည့် ဆင်တပ်စု၊ မြင်းတပ်စုတို့ကိုကြည့်ရင်း အထိတ်တလန့်ဖြင့် နောက်ကြောင်းပြန်ပြေးလာကြသူတို့သာ ဖြစ်၏။

သက္ကရာဇ်(၁၁၁၃)ခုနှစ်တွင် မွန်တို့သည် အင်းဝရွှေမြို့တော်ကို တိုက်ခိုက်သိမ်းပိုက်ပြီး နယ်အနှံ့ ဖြန့်ကြက်



www.burmeseclassic.com

www.burmeseclassic.com

စစ်ကစားနေသည်ကို သူတို့ဒေသအခေါ် ဖိုးအောင်ဗေယျ သည် မုဆိုးဖို (ခေါ်) မုဆိုးဘိုကို မြို့အဖြစ် သတ်မှတ်ကာ အသင့်အတင့်သော မြို့ရိုး၊ ကျုံး၊ မြောင်း၊ ကတုတ် စသည်တို့ဖြင့် တည်ဆောက်ကာရံကာ စစ်ရေးသတိ မပြတ်ရှိလျက် ငံ့လင့်ထားပြီးသား ဖြစ်၏။

ယခုကား မျှော်လင့်ထားသည့်အတိုင်း မွန်တို့ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြချေပြီ။

◆◆◆

ငစည်ထင်သည် ကိုယ်ပေါ်မှ ချွေးတို့ကို လက်နှင့် သပ်ချလိုက်ပြီး ပုဆိုးခါးတောင်ကိုဖြေကာ ခန္ဓာကိုယ်အနှံ့ သုတ်လိုက်၏။ ပြီးလျှင် မြေတွင် စိုက်ထားသောလှံကို ပြန်လည်ဆွဲနုတ်လိုက်ပြီး ထန်းပင်ဆီသို့ အားနှင့်ပစ်လိုက် သဖြင့် စိုက်ဝင်သွားကာ လှံရိုးယမ်းခါနေသည်ကို ပြုံးစစ ဖြင့်ကြည့်ရင်း အနားယူနေကြသူများရှိရာ ရေနွေးကြမ်း ဝိုင်းသို့ ဝင်လာခဲ့လိုက်၏။

'ထိုင်ပါဦး နောင်တော်ကြီးရဲ့၊ အနားလေးများယူပြီး လက်ဖက်ရည်ခါးကလေးများလည်း သုံးဆောင်ပါဦး။ သည်မှာ မြေပဲကြော်ကလေးကလည်း ဆိမ့်သနဲ့'

'ကိုရင်စံပရဲ့ အတွင်းတော်က သတင်းတွေရော ဘာ တွေများ ထူးဆန်းသတင်းဆိုတာ ကြားစမ်းပါရစေဦး။ ရေနွေးလေးလည်း သောက်ရင်းပေါ့'

'ထူးတာပေါ့ဗျာ။ ဖိုးအောင်ဗေယျတို့၊ ဦးထွန်းတို့၊ အစီအမံတွေကို ကြိတ်ပြီး တိုင်ပင်နေတာတော့ နေ့တိုင်း ပဲဗျ။ မွန်တွေက စစ်လည်းပန်းနေပြီ။ သူတို့မှာ နောက် ပိုင်း ထောက်ပံ့ရေးကလည်း အားနည်းနေသလို အမြောက် မီးပေါက် သေနတ်တွေကလည်း မီးကျိုးမောင်းပျက်တွေ များတယ်လို့ သိထားတယ်'

'အင်း..တစ်နေ့နေ့တော့ ကျိန်းသေပေါက် ထွက်ကို တိုက်မှာပဲ။ တိုက်တဲ့အခါကျရင် ရှေ့တန်းက တိုက်ခွင့် ရပါစေလို့သာ ဆုတောင်းနေရတာပ။ ရွှေဘိုသား ကျား မကြောက်တဲ့ရဲစွမ်းကို ပြလိုက်ချင်တာ ပြေးသာတွေ့လိုက် ချင်စမ်းပါဘိတော့တယ်'

'သည်းခံပါဦး နောင်တော်ရယ်။ အချိန်အခါ မကျ သေးဘူးလေ။ ခုလည်း ရွာပေါင်း လေးဆယ့်ခြောက်ရွာ စလုံး ထန်းလုံးတပ်တွေ ကာရံထားဖို့ အမိန့်တော် ထုတ် ဆင့်ထားတယ်။ နောင်တော့်ကိုလည်း လက်ရွေးစင်စာရင်း ဝင်ဖြစ်ရေး ကြိုးစားစေချင်တယ်လို့ ဦးလွင်က နံနက် ညီလာခံ အပြန်မှာ ပြောသတဲ့'

'အင်း..ကျုပ်ကလည်း လက်ရွေးစင်ဖြစ်ချင်တာပ လေ။ ကျုပ်အချစ်တော်ဆင်ကြီး မိုးညိုကိုတောင် တခြား ဦးစီးလက်အပ်ပြီး တိုက်ခိုက်ရေးအတွက် လက်ရည်သွေး နေတာ နောင်တော်တို့ အမြင်သားပဲမဟုတ်လား'

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ဟုတ်ပါ့'

ငစည်ထင်၏ဆန္ဒသည် ဖိုးအောင်ဗေယျ လက်အောက် တွင် မှီခိုရသည်မှာ သူ့အတွက် အကျိုးမယုတ်နိုင်ဟု တွက်ဆ၏။ ဖိုးအောင်ဗေယျသည် ဘုန်းရှင် သမ္ဘာရှင် ဖြစ်ပြီး ကြံရည်လုပ်ရည် ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်၍ ထိုသို့ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝသောသူထံ၌ ခစား ခြင်းဖြင့် သူ၏အနာဂတ်ကို တောက်ပစေမည်ဟုလည်း တထစ်ချ ယုံကြည်သူ ဖြစ်လေသည်။

မွန်တို့ဝိုင်းရံထားခြင်းကို ကြံ့ကြံ့ခံရင်း အချိန်အခါ ကောင်းကိုစောင့်လျက် စစ်ပရိယာယ်ကြွယ်ဝစွာ စစ်ပြင် ဆင်ထားသော ဦးအောင်ဗေယျ၏ ခံစစ်သည် ဆယ်မိုင် ပတ်လည်ရှိပြီး ရွာပေါင်း(၄၆)ရွာကိုလည်း ဆင်၊ မြင်း၊ လူ၊ လက်နက်၊ ရိက္ခာပါမကျန် စည်းရုံးသိမ်းသွင်းပြီးသား ဖြစ်လေသည်။ မုဆိုးဘိုရွာ၏ အဝန်းအဝိုင်းကိုလည်း ပန္နင်၊ ရင်တား၊ စကြံ စသည်တို့ ပြည့်စုံအောင်တည် ဆောက် ကာ စစ်ရေးမလစ်ဟင်းအောင် ကြံစည်၍ အသင့်ပြင် ဆင်ထားလေသည်။

ငစည်ထင်တို့ ရဲမက်လောင်းများကို အရည်အချင်း စစ်ဆေးအကဲဖြတ် အမှတ်ပေးကြသော ဦးတွန်နှင့် အဖွဲ့ တော်သားတို့က ကျန်လူများနှင့်တကွ ငစည်ထင်ကိုပါ လက်ရွေးစင်သူရဲအဖြစ် ရွေးချယ်လိုက်ကြလေရာ ငစည် ထင်မှာ ဝမ်းသာ၍ မဆုံးပြီ။

ပထမဦးဆုံး ချီးမြှင့်မြောက်စား၍ အသိအမှတ်ပြုခံရ ခြင်းသည် နောင်အနာဂတ်အတွက် လမ်းသစ်ဖောက်လုပ် ခြင်းပင်ဖြစ်၏ဟု ငစည်ထင် ခံယူ၏။ ဖိုးအောင်ဗေယျ ၏ လက်မှတ်တော် ရေးထိုးထားသော ပဝါနီစကို လက် မောင်းတွင် ချည်နှောင်ပေးလိုက်စဉ် မင်းခေါင်နော်ရထာ ဦးတွန်၏ မျက်နှာကိုကြည့်၍ ပြုံးပြရင်း ဝမ်းသာလွန်းစွာ ကြက်သီးဖြန်းဖြန်းထမိပါသေး၏။

ထိုညတွင် ငစည်ထင် အိပ်မက်မြင်ပြန်လေသည်။

www.burmeseclassic.com

ထိုအိပ်မက်တွင် ကွယ်လွန်သူ သူ၏ဖခင်ကြီး ရောက်လာပြီး 'သူရဲဟူတိုင်း အတင့်မရဲလင့်။ စစ်တလင်းတွင် မြင်းကို မစီးနှင့်။ ငါ ဘေးကိုမြင်သည့် မောင့်မှာ မိခင်ကြီးကို စောင့်ရှောက်ရန် တာဝန်ရှိသေးသည်'ဟု မှာကြားသွားလေသည်။

ထိုအိပ်မက်ကို နံနက်လင်းသော် မမေ့ဘဲ ပြန်လည်သတိရနေရာ ပြင်ပတွင် ထင်ရှားစွာ လာရောက်ပြောကြားသည်ကဲ့သို့ မမေ့နိုင်ဘဲ အာရုံတွင် စွဲ၍နေလေ၏။

ဖိုးအောင်ဇေယျသည် (၄၇၈)တာအဝန်းအဝိုင်းရှိသော မုဆိုးဘိုကို ဗဟိုပြု၍ (၄၆)ရွာ ထန်းလုံးတပ်ကာအတွင်းတပ်ပေါင်း(၄၅)တပ်ဖြင့် ခံစစ်တိုက်စစ်ကို စနစ်တကျစီမံ၏။ ဖိုးအောင်ဇေယျ၏ စစ်ထွက်မိန့်ခွန်းမှာ ပြတ်သားလွန်းစွာ သမိုင်းတွင်၏။ နောင်းလူတို့ အလေးဂရုပြုစရာဖြစ်၍ ကြားသိခဲ့ရသူ ငစည်ထင်မှာ ရင်ဝယ်စွဲကာနေလေ၏။

ထိုမိန့်ခွန်းကား စစ်သဘောဆိုသည်မှာ လူနည်းသည်၊ များသည် လိုရင်းမဟုတ်။ စွန့်စားခြင်းသာ အကြောင်းရင်း ဖြစ်သည်။ မြန်မာ့ရဲ့ သွေးအစစ် နဂါး၏ ဦးနှောက်ဖောက်၍ စားလေ့ရှိသော ဂဠုန်ငှက်ကဲ့သို့ သတ္တိနှင့်ပြည့်စုံသော ဗိုလ်မှူးတပ်မှူးတို့နှင့် စစ်ဦးဘီလူးပါဆိုသလို ထွက်တိုက်မည်။ သင်းတို့ ခံနိုင်မည်လော၊ မခံနိုင်၍ ဆုတ်လျှင် အင်းဝတိုင်အောင် လိုက်လံတိုက်ခိုက်မည်။ မွန်တို့ ဗိုလ်ခြေအင်အား များသော်လည်း စွန့်စားလုပ်ကြံရည် ငါတို့ကို မတန်ရာ။ တစ်ခြင်တစ်ရွေးမျှ စိန်စစ်ကျောက်ကို မြေလုံးတောင်ရှိလင့်ကစား ကြေမွအောင်မစွမ်းရာသကဲ့သို့ ငါတို့တပ်ကို သင်းတို့ ဖျက်နိုင်မည်လော။ ငါတို့တွင် မျိုးရိက္ခာ အပြည့်အစုံရှိသည်။ သင်းတို့ စစ်ညောင်း၍ ရိက္ခာလည်း ပြတ်စေဦး။ ရေမိုးလည်း ငတ်စေဦး၊ စစ်တို့၏သဘောသည် အဦးအစ ပွဲလမ်းမရလျှင် အားပျော့သည်။ သို့ဖြစ်၍ ကြံ့ကြံ့ခံလေ။ သင်းတို့ စစ်နွမ်းသည့်ကာလ ငါကိုယ်တိုင် ထွက်၍ တစ်ဟုန်တည်း တိုက်တော်မူမည်။

◆ ◆ ◆

ငစည်ထင်သည် လက်စွဲတော်လှံကို သ၍။ ဓားကို သွေး၏။ ကျောက်ကာထွက် ကျောက်ချောဖြင့် အရောင်တင်၏။ လက်လက်ထနေသောဓားကို လေထဲတွင် တဝှစ်ဝှစ်ဖြင့် ဝှေ့ယမ်းစမ်းသပ်၏။ သူရဲကောင်း၏ စိတ်အာရုံဝယ် တိုက်စိတ်ခိုက်စိတ်တို့ ပြည့်နှက်နေပြီး လက်ရုံးသွေးတို့မှာ ထာဝစဉ် ဆူဝေနေတော့သည်။

ထိုနေ့က ဖိုးအောင်ဇေယျ(အလောင်းဘုရား)၏ တိုက်မိန့်ဟစ်ကြွေးသံ ကြားရပြီးသည်နောက် ညရောက်သော် မိမိတပ်မှ စေလွှတ်လိုက်သော သေိုင်းစပ်သည် ရန်သူ့တပ်ကြား ထိုးဖောက်ဝင်ရောက်ပြီး ကောက်ရိုးထုံးတင် လှည်းကတုတ်များစွာကို မီးရှို့ရာ မြို့ပြင်ရှိ ဝန်းရံထားသော မွန်တပ်များကို မီးရောင်ဖြင့် ထင်ရှားစွာမြင်ရသဖြင့် မြို့ရိုးထိပ်ဆီမှနေ၍ သေနတ်မီးပေါက် ဒူးလေး၊ မြားတို့ဖြင့် ပစ်ခတ်တိုက်ခိုက်ကြ၏။

ငစည်ထင်တို့ တပ်သားကျော်တစ်သိုက်မှာ လက်ယားလှပြီ။ မိမိတို့တိုက်ရန့် အချိန်အခါကလည်း မကျသေး၊ တိုက်မိန့်လည်း မရသေး၍ ဟန်တပြင်ပြင် လက်တဆဆ သွေးကြွ၍မဆုံး။ ငစည်ထင်မှာ တပ်တော်ဖွဲ့စည်းသောအခါ မင်းကျော်ပျံချီဘွဲ့ခံ ဦးကောင်းတပ်တွင် စာရင်းဝင်၍ သေနတ်ကိုင် တပ်သားကျော်အဖြစ် တာဝန်ထမ်းရမည် ဖြစ်သည်။ သေနတ်ဟူသည် အဝေးပစ်လက်နက်သာဖြစ်၍ တိုက်ခိုက်ရသည်မှာ အားမရလှ။ ဓားတို့၊ လှံတို့လောက် စေးစေးပိုင်ပိုင် မရှိ။

သို့ကြောင့် ငစည်ထင်သည် လှံကို ကျောတွင်သိုင်း၏။ ဓားကို ခါးမှာချပ်၏။ သေနတ်ကိုမူ ကျည်လုံးအသင့်ဖြည့်လျက် ရန်သူကိုရင်ဆိုင်ရန် အစဉ်မျက်နှာမူထားသည်ကဲ့သို့ ရှိလေသည်။

(၁၁၁၄)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်၊ သောကြာနေ့၊ မွန်းလွဲနှစ်ချက်တီးကျော် နှစ်မောင်းတွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ကိုယ်တော်တိုင် အောင်တံခွန်လွှားလွှားလွင့်လျက် သားတော်နှစ်ပါး၊ မြင်းရည်တက်များနှင့်တကွ (၄၆)ရွာခေါင်းအစု အမှုထမ်းလက်နက်စွဲ သူရဲအပေါင်းခြံရံ၍ စည်တော်ရှမ်းကာ အရှေ့မျက်နှာ လက်ယာတံခါးမှ ရွှေထီးဖြန့်ကာ ထွက်တော်မူလေပြီ။

တံပိုးခရာမှုတ်သံများနှင့်အတူ ငစည်ထင်တို့ တောင်ဘက်တပ်တောင်စုလည်း ရန်သူတပ်တွင်းသို့ ကျည်ရောက်၊ လှူရောက်၊ မြားရောက် လူဝင်အလျှဉ်နှုန်းကိုမြင့်လျက် ဝင်ရောက်ပစ်ခတ် ထိုးခုတ်ကြလေသည်။

အစကနဦးတွင် သေနတ်ဖြင့် ပစ်နေရသည်ကို ငစည်ထင်၏စိတ်၌ တရားမျှတမှုမရှိဟု ထင်မြင်မိနေသေး

www.burmeseclassic.com

သည်။ မိမိက သေနတ်ဖြင့် ကျကျနနချိန်ရွယ်၍ ပစ်လိုက်တိုင်း တစ်ဖက်ရန်သူမှာ ကားခနဲ့ ကားခနဲကျ၍သွားလေသည်ကို သနားနေမိပြန်လေ၏။ သူရဲကောင်းတို့မည်သည်မှာ တစ်ဖက်လူတို့ အခွင့်ပေးရမည်၊ တစ်ဖက်သတ် အနိုင်မယူရဟု စိတ်ဝယ် စွဲမှတ်နေပြန်၏။

မကြာမီတွင် သေနတ်လည်း ကျည်လုံးပစ်ရန် မရှိပြီ။ မိမိနှင့် ရဲဘော်တစ်ဦးလည်း ညာသံကိုပေးလျက် တစ်ချွင်ချွင် ဓားသံပေးကြလေပြီ။ စေည်ထင်သည် လက်တွင်ကိုင်ထားသောသေနတ်ကို ကျောတွင် စလွယ်သိုင်းလိုက်ပြီး ခါးမှဓားကိုထုတ်ကာ လေတွင်ဝင့်ရင်း ထွေးလုံးနေကြပြီဖြစ်သော စစ်တလင်းအတွင်းသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေတော့၏။

စေည်ထင်၏ရှေ့တွင် မင်းခေါင်နော်ရထာ ဦးတွန်သည် စီးတော်မြင်း နေက်ပိုက်ကို စီး၍ ရန်သူ့တပ်ကို ထိုးဖောက်နှင်းချေနေ၏။ ဦးတွန်၏ ဓားချက်မှ လွတ်ထွက်လာသော ရန်သူတို့ကို စေည်ထင်သည် လုံးဝအလွတ်မပေး။ ပါးစပ်ကလည်း ‘ရွှေဘိုသားကွ။ သတ္တိရှိသသူလာကြစမ်း။ ကျား‥ကျား’ ဟု ဝမ်းခေါင်းသံကြီးဖြင့် ဟစ်ကြွေးကာ ဓားစွမ်းပြလျက်ရှိ၏။

တစ်စုံးထိုး ပြေးတက်လာကြသော ရန်သူ့တို့မှာ တပ်ဦးကျိုးကာ မြို့တွင်း ရောက်လုနီးအထိ ပေါက်ဝင်ကြလေ၏။ ထိုသူတို့မှာ မင်းကျော်ပျံချီ ဦးကောင်း၏တပ်လက်ချက်ဖြင့် မြေပြင်ဝယ် အတုံးအရုံးကျဆုံးကုန်ကြ၏။ စစ်ပွဲတွင် အနိုင်ရသူတို့ထုံးစံ ရန်သူ့လက်နက် ငါ့လက်နက်ဟု သဘောထားကာ ရန်သူ့သေနတ်တို့ကိုကောက်၍စုစည်း၏။

ဦးတွန် ဓားဖြင့်တွက်လိုက်၍ မြေသို့ကျသွားသော ရန်သူ၏ မြင်းသည် လူမပါဘဲ အလွတ်ပြေးလာသည်ကို မြင်လိုက်သဖြင့် အပြေးသွားကာ ပါးချပ်ကြိုးကို ဆွဲလျက် မြင်းကုန်းနှီးပေါ်သို့ လေ၏ လျင်မြန်ခြင်းမျိုးဖြင့် တက်လိုက်၏။

တိုက်မြင်းတစ်ကောင် လက်ဝယ်ရရှိလိုက်သည်မှ စေည်ထင်သည် ဓားကို ခါးရှိဓားအိမ်တွင်းသို့ ပြန်သွင်းလိုက်ပြီး လက်စွဲတော်လှံကို လေတွင်ကစားရင်း ထွေးလုံးရစ်ပတ်ဖြစ်နေကြသော သူ့လူငါ့လူကြားမှ ရန်သူကို ရွေး၍ တိုက်လေ၏။ ရန်သူတို့ အကျအဆုံးများကြချေပြီ။

တစ်ချိုတွင် လဲကျနေသူ ရန်သူကို ဂရုမမူဘဲ ဘယ်ဘက်နံဘေးမှ ရန်သူကိုသာ အာရုံစိုက်၍ လှံလျှင်နှင့်ထိုးသတ်ရန် အားပြုနေခိုက် လဲကျနေသူက ဓားနှင့် တွက်လိုက်သဖြင့် မိမိ၏ပေါင်သည် ပူခနဲ မျက်ခနဲ ဖြစ်သွားသလို မြင်း၏ပေါင်ရင်းကိုပါ ဓားဖျား ထိုးစိုက်ဝင်သဖြင့် မြင်းပါ ဟန်ချက်ပျက်သွားလေ၏။ ထို့ကြောင့် လဲကျနေသော ရန်သူကို ပြန်၍အာရုံစိုက်လျက် တစ်ဖက်ရန်သူတစ်ဦး၏ လှံလျှင်က စေည်ထင်၏ ရင်ဝမှသည် ကျောသို့ထုတ်ချင်းပေါက်၍ မြင်းပေါ်မှ ကျရလေပြီ။

စေည်ထင်လည်း တိုက်မြဲတိုက်ဆဲတိုက်၏။ သို့သော် မိမိ၏ ထိုးခုတ်မှုများမှာ အရာလည်း မထင်တော့။ တစ်ဖက် ရန်သူသည် သူနှင့် မျက်နှာချင်းဆိုင် ရှိနေသော်လည်း သူ့ကို မမြင်သကဲ့သို့ရှိ၏။ ထိုနည်းတူစွာ မိမိလူများသည်လည်း မိမိကို ဂရုမမူကြ။

ခဏအကြာတွင် စေည်ထင်၏သူငယ်ချင်း ငစဲမှတ်မှာ မြေတွင် သွေးအလိမ်းလိမ်း ဖုန်အလူးလူးဖြင့် အသက်ဝိညာဉ်ကင်းမဲ့နေပြီကို တွေ့လိုက်ရသော်လည်း ငစဲမှတ်လည်း နှစ်ကိုယ်ခွဲထားသည်ကဲ့သို့ တိုက်မြဲတိုက်လျက်ရှိနေသည်ကို မြင်ရပြန်လေရာ ဒွိဟများ သံသယများဖြင့် ကြောင်တောင်တောင် ငူတူတူဖြစ်မိပြန်လေသည်။

သည်တွင် မိမိ၏နောက်မှ မိမိအား ပခုံးဖက်၍ လာရောက်နှစ်သိမ့်သူတစ်ဦး ပေါ်လာ၏။

မည်သူနည်းဟု လှည့်ကြည့်လေသော် စေည်ထင်၏ ဖခင်ကြီး ဖြစ်၍နေပြီး ‘စစ်တလင်းတွင် မြင်းကို မစီးလင့်ဟု ငါမှာစကား နင်နားခါးသလော။ ခုတော့ အသက်နှင့်ကိုယ် အိုးစားကွဲရချေပြီ စေည်ထင်။ လာ‥လိုက်ခဲ့’ ဟု ဆိုကာ ပခုံးကို ပုတ်လိုက်သဖြင့် လေကဲ့သို့၊ ငှက်မွှေးကဲ့သို့ ပေါ့ပါးစွာဖြင့် အနီးရှိ ထန်းပင်ထက်သို့ ရောက်ခဲ့ကြလေသည်။

စေည်ထင်သည် ဘဝရှင် အလောင်းမင်းတရား၏ တံခွန်အလံကိုလည်း လှမ်းမြင်ရ၏။ မိမိ၏ ရဲဘော်ရဲဘက်များ၏ ရဲရဲတောက် တိုက်ပွဲဝင်နေကြပုံကိုလည်းကောင်း မြို့ရိုးစည်းအတွင်းမှ ကျုံးကုတ်ကျားခဲ ခုခံကာကွယ်နေကြသူတို့ကိုလည်းကောင်း မြင်တွေ့နေရသော်လည်း မိမိ ဘာမှ မတတ်နိုင်တော့ချေတကား။ မိမိကား ဘဝပြောင်းခဲ့လေပြီ။ ဘာတတ်နိုင်တော့မည်နည်း။

www.burmeseclassic.com

မိမိ၏ ချစ်လှစွာသော မိခင်ကြီးကိုလည်း မြင်တွေ့လိုစိတ်ဖြစ်လာကာ မိမိရွာသို့လည်း ရောက်သွားပြန်၏။ မိခင်ကြီးသည် အိမ်ရှေ့တာလင်းပြင်တွင် ဆန်ပြာနေရာမှ စပါးလုံးများကိုကြိုပက်၍ ကြက်များကို ကျွေးနေ၏။ မိမိအနားသို့ ရောက်လာသည်ကိုလည်း သိဟန်တူပုံမပေါ်။ မိမိအိမ်ဝိုင်းအပြင်ဘက်မှ လမ်းလျှောက်လာသော မိထွေးနှောင်းကို မြင်ရပြန်၏။ မိထွေးနှောင်းသည် ခြံတံခါးကို အသာလှစ်၍ အိမ်ဝိုင်းအတွင်းသို့ ဝင်ရောက်လာ၏။

ငစည်ထင်သည် အားရဝမ်းသာ နှုတ်ဆက်ပါသော်လည်း မိထွေးနှောင်းသည် မိခင်ကြီး၏ အနားသို့ ဝင်ရောက်ထိုင်ကာ အာလာပသလ္လာပ စကားများသာ ပြောကြားနေကာ မိမိအားမမြင်။ မိမိနှုတ်ဆက်သည်ကိုလည်း မကြားပေ။

ငစည်ထင်သည် အလိုလိုဝမ်းနည်းလာ၏။ မျက်ရည်များ ရစ်ဝိုင်းလာသလိုဖြစ်ပြီး လေအဟုန်ကဲ့သို့ ပြေးထွက်လိုက်၏။ ရွာနှင့်တကွ လယ်ကွင်းပြင်များ၊ ထန်းတောများသည် ရိပ်ရိပ်ကျန်ရစ်လျက် တစ်ရေးရေးဖြင့် ဝေး၍ဝေး၍…။

◆◆◆

'ဒါပါပဲ ကိုပုကြီးရယ်၊ ကျုပ်အဖြစ်ကတော့ အဲဒီအချိန်ကတည်းကစလို့ မဏ္ဍရာဘိုးဘိုးကြီးဆီမှာ ဝင်ပြီး ခစားရတယ်။ နောက်တော့ ညောင်ပင်နီဘိုးဘိုးကြီးက တာဝန်ပေးလို့ ပုဂံက ဘုရားသိုက်တစ်ခုမှာ တာဝန်ယူရတယ်။ ကျုပ်တို့ ဘဝကလည်း အလုပ်နဲ့လက် မပြတ်ပါဘူးဗျာ'

'နားထောင်လို့လည်း ကောင်း၊ ဗဟုသုတလည်း ရသကိုးဗျ။ ဒါဖြင့် ခင်ဗျားကို ဒီနေ့ကစပြီး ကိုစည်ထင်လို့ပဲ ခေါ်ရတော့မယ်'

'ခေါ်ပါဗျာ..ခေါ်ပါ၊ ကြိုက်သလို ခေါ်ပါ'

'ဒါဖြင့် ထန်းတောဘုရင် ငစည်ထင်လို့ ခေါ်ရင်ရော'

'ရတာပါပဲဗျာ။ ထန်းတောဘုရင် ငစည်ထင်တဲ့လား။ ဟား..ဟား..ဟား'

လှိုင်စောဦး(မြို့ရွှေပြည်)

Dictionary for All

THALUN
Bookstore
Yangon

သာလွန်
အင်္ဂလိပ်–မြန်မာ
အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ထွန်းဝတ်လမ်းထောင့်၊ ဝန်းသဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၄၂၄၀၈၊ ၂၄၅၃၀၈
အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ထွန်းဝတ်လမ်း(အထက်)၊ ဝန်းသဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ၂၂၈၀
၀၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၉၉၂၂၈

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဝမ္မိရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်သင်ကြားပညာရှင်

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီထ၊ သဓာမိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

တူညီထပ်ညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စေး၊ ထကြာအစီအရင်များ ဝီယလာဘ်ဖွင့်

## ဂမ္ဘီရအဆောင်များ မှာဇော်ခြင်းဖြင့်

## ဘဝအောင်မြင်မှုကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်ဇာတာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမတရားဇာတ်ထားနှင့်အညီ ထလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ထုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် အထူးသကြာ စီရင်ပေးပါသည်။

**Prediction in English Language is offered.**

---

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထွော)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုဆိုင်းမျက်ချိန်းယူပါ



www.burmeseclassic.com

www.burmeseclassic.com



## ကြုံတွေ့ခဲ့ရသော
## စွဲလမ်းမှုသံယောဇဉ်
## ကျော်ငြိမ်းကျော်(ဝါးခယ်မ)

ကျွန်တော် ယနေ့အထိ သရဲတစ္ဆေ ကိုယ်တွေ့မြင်ခဲ့ဖူးခြင်း မရှိခဲ့ပါ။

ရုပ်ရှင်ထဲမှာ မြင်ရသော သရဲတစ္ဆေတွေက အလွန်ပင် ကြောက်စရာကောင်းလှသည်။

မျက်လုံးပြူးပြူး၊ အစွယ်ငေါငေါ၊ ဆံပင်ဖွားလျားချကာ လူတွေကို ခြောက်လှန့်ခဲ့သည်။

ကျွန်တော်ကိုယ်တိုင် အိပ်မက်နှယ်နှယ် ကြုံခဲ့ရသော ဖြစ်ရပ်ဆန်း တစ်ခုကား ရှိခဲ့ဖူးသည်။ ဤအကြောင်းကို မဂ္ဂဇင်းများ၌ ရေးခဲ့ပြီး ဖြစ်ပါသည်။

အကြောင်းကား မကျွတ်မလွတ်သော ကျွန်တော်တို့အိမ် မူလပိုင်ရှင် ကုလားကြီး ဦးချင်းနီ အကြောင်းပင် ဖြစ်ပါသည်။

ယခုတော့ ကုလားကြီး ဦးချင်းနီလည်း ကျွပ်သွား



www.burmeseclassic.com

www.burmeseclassic.com

ပြီ ထင်ပါသည်။ အရိပ်အယောင်မျှ မမြင်ရတော့ပါ။

သူ့ကို ကျွန်တော် အိပ်မက်စဉ်က သရဲတစ္ဆေပုံစံနှင့် မြင်မက်ခြင်း မဟုတ်ပါ။

မူလ ကတုံးပြောင်၊ ဗိုက်ရွဲရွဲ၊ စွပ်ကြယ်အဖြူဝတ် ကုလားကြီး ပုံစံနှင့်သာ မြင်မက်ခြင်း ဖြစ်ပါသည်။

'မကြာခင် ကျွတ်တော့မှာပါ။ ပစ္စည်းအပေါ်မှာ စွဲလမ်းမိလို့ မကျွတ်မလွတ်ဖြစ်နေတာ။ သူ့အတွက် အလှူလုပ်ပြီး အမျှအတန်းဝေလိုက်ပါ'

ထိုစဉ်က နာမည်ကြီးသော တမန့်ချောင်းဆရာတော်၏ မိန့်ကြားချက်နှင့် ကျွန်တော်တို့မိသားစု ကောင်းမှုလုပ် အမျှအတန်းဝေသောကြောင့် ကုလားကြီး ဦးချင်းနီ ကျွတ်သွားဟန်တူပါသည်။

စွဲလမ်းမှုသည် မကျွတ်မလွတ်ခြင်း၏ တရားခံပင် ဖြစ်ပါတော့သည်။

အမတ်ကြီး ဦးပေါ်ဦးသည် ကွယ်လွန်သောအခါ သူ၏ လက်တစ်ဖက်ကို ခေါင်းအပြင်ထုတ်စေခဲ့သည်။

သဘောကား သေလျှင် သူနှင့် ဘာမှမပါကြောင်း သံဝေဂရစရာ တရားသဘောပါသော ဆောင်ရွက်ချက်ပင် ဖြစ်ပါသည်။

ယောမင်းကြီးဦးဘိုးလှိုင်သည် ကွယ်လွန်အံ့သည်ကို သိ၍ ငယ်သူငယ်ချင်းကို အနားခေါ်ကာ ဝတ်တက်ခြင်း၊ တရားသဘော ဆွေးနွေးခြင်း ပြုခဲ့ပေသည်။

ရုပ်ရှင်မင်းသားကြီး ဇေယျာသည် ဦးစွာ အိမ်မှာ တရားကျင့်ခဲ့သည်။ ထို့နောက် စစ်ကိုင်းချောင်မှာ သင်္ကန်းကြီး ဝတ်ကာ ပျံလွန်ခဲ့သည်။

ဒေါက်တာအေးမောင်သည် သူပိုင် တိုက်တာပစ္စည်း အားလုံးကိုလှူရန် ဆွေမျိုးများအားလုံးကို အကြောင်းကြားခဲ့၏။

အားလုံး သဘောတူသောအခါ ရေစက်ချ လှူဒါန်းခဲ့လေသည်။

ဆရာတော်ဦးဇော်သည် မယ်တော်ကြီး၏ အစွဲအလမ်း သံယောဇဉ်ကို စကားတစ်လုံးနှင့် လမ်းမှန်ပို့ဆောင်ပေးခဲ့လေသည်။

'တစ်သံသရာလုံး ငိုခဲ့ရတာ မဝသေးဘူးလား ဒကာမကြီး' တဲ့။

စွဲလမ်းမှုကြောင့် ခြောက်လှန့်ခြင်း မဟုတ်သော်လည်း ဝုန်းဒိုင်းကျဲကာ သူရှိကြောင်းပြသည့် ဖြစ်ရပ်နှစ်ခုကို ကျွန်တော် မျက်မြင်ကြုံခဲ့ဖူးပါသည်။

ဖြစ်ရပ်တစ်ခုက မနက်ခင်းတွင်ဖြစ်၍ ဖြစ်ရပ်တစ်ခုက ညခင်းတွင် ဖြစ်ပါသည်။

ဝေဝေမြင့်..

အသက်အားဖြင့် နှစ်ဆယ်ကျော်ဝန်းကျင်သာ ရှိပါသည်။ ရုပ်ရည်ချောမောသူလေးဖြစ်ကာ ဆယ်တန်းအောင်ပြီးနောက် မြို့နယ်သမဝါယမတွင် ဝင်ရောက်လုပ်နေသူလေး ဖြစ်ပါသည်။ သူ့ဖခင်၊ သူ့အစ်ကို၊ သူ့ဦးလေးတို့မှာ ကုန်သွယ်ရေး(၁) ဝန်ထမ်းများ ဖြစ်ပါသည်။

ဝေဝေမြင့်တွင် ဦးလေးနှစ်ယောက်ရှိသည်။ ဦးအိသာမှာ ကုန်သွယ်ရေးဝန်ထမ်းဖြစ်၍ ဦးညွန့်တင်မှာ တိုင်းရင်းဆေးဆရာတစ်ဦး ဖြစ်ပါသည်။

သူတို့အိမ်က ကျွန်တော်တို့နေသော ကမ်းနားလမ်း (ယခု ယမုံသီတာလမ်း) ကမ်းနားအလယ်နားတွင် ဆွေမျိုးအုပ်စုလိုက် နေထိုင်ကြပါသည်။

ဝေဝေမြင့်က ကမ်းနားဘက်တွင်ရှိသော ဦးလေးဖြစ်သူ ဦးညွန့်တင်အိမ်မှာ အနေများပါသည်။ ဦးညွန့်တင်၊ ဒေါ်စိန်တင်တို့မှာက သားသမီးမရှိပါ။ ဝေဝေမြင့်သည်သာ သူတို့သားသမီး ဖြစ်နေပါတော့သည်။

ဦးညွန့်တင်သည် ဆေးကုသည့်ကိစ္စဖြင့် မကြာခဏ ရွာများသို့ ခရီးထွက်လေ့ရှိပါသည်။ ခရီးထွက်လျှင် တစ်ခါတစ်ရံ ဝေဝေမြင့်နှင့် ဇနီးဖြစ်သူ ဒေါ်စိန်တင်ပါ ခေါ်သွားတတ်ပါသည်။ ထိုအခါ အိမ်ကို သော့ခတ်၍ သွားတတ်ကြ၏။

တောက ပြန်လာလျှင် ကောက်ညှင်း၊ ပဲ၊ ပြောင်းရာသီထွက် သီးနှံများ ပါလာတတ်သည်။ ဆန်မှာ ဝယ်စရာ မလိုပါ။ တောက ပြန်လာလျှင် အိတ်လိုက် ပါလာတတ်သည်။

'မောင်မိုး..ညကျ အိမ်ကို လာဦးကွာ။ တောက ကောက်ညှင်း ပါလာတယ်။ ဆီထမင်း ထိုးစားကြမယ်'

'ဟုတ်တယ် ကိုမိုး၊ ဖိုးဇော်ကိုလည်း ခေါ်ထားတယ်။ သူက မယ်ဒလင်ပါ ယူခဲ့မယ်တဲ့'

ဝေဝေမြင့်ကပါ ကျွန်တော့်ကို ဝင်ပြောလိုက်သည်။

ထိုညက သီတင်းကျွတ်နောက်ဆုံးညဖြစ်၍ ကောင်းကင်မှာ မီးပုံးပျံများကို မကြာခဏ မြင်တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးညွန့်တင်အိမ်မှ မယ်ဒလင်သံနှင့် သီချင်းဆိုသံက ညအလှကို ဖြည့်စွက်လျက် ရှိနေတော့သည်။

ဖိုးဇော်က မယ်ဒလင်တီးကောင်းသလို ဝေဝေမြင့်က လည်း အဆိုကောင်းသည်။

'ချစ်သူလာရာလမ်း××× မှန်းဆ ဒီအချိန်××× မီးမှန် အိမ် လက်မှာချလို့××× မေ့အသည်းက မတည်ငြိမ်×××'

ဝေဝေမြင့်က ခံစားချက်နှင့် ဆိုနေခြင်းသာ ဖြစ်တော့ သည်။

ဝေဝေမြင့်ချစ်သူက ကျွန်တော်တို့ ရွာသားပင်ဖြစ်၏။ ဆယ်တန်းအောင်ပြီးနောက် ဗိုလ်သင်တန်းတက်နေသူ ဖြစ် တော့သည်။

'ဝေဝေမြင့်··နှင့်အသံက ဒီည အရမ်းကောင်းတယ်။ အဆိုကျော်ကြီး မာမာအေးလို ငိုရှိုက်သံတောင် ပါနေ သလိုပဲ'

ဆီထမင်းစားရင်း ဖိုးဇော်က ဝေဝေမြင့်ကိုကြည့်ကာ ပြောလိုက်သည်။

ဝေဝေမြင့်ကား ရှက်၍ထင့်၊ ရယ်လျက်သာနေတော့ သည်။ ရယ်သာ ရယ်သည်၊ သူ့မျက်ဝန်းမှာက မျက်ရည်စ တွေနှင့်။

'ဩော်··ငယ်ကချစ်တဲ့ ငယ်ကျွမ်းပေပဲကိုး'

ထိုညက ဖိုးဇော် မည်သို့ခံစားခဲ့ရသည်မသိ။ သံ သရာဆုံး သီချင်းနှင့် ဝိုင်းကို အဆုံးသတ်သွားခဲ့သည်။

'မေတ္တာဖြန့်မှ လန်းကြမယ်သာယာ×××'

◆◆◆

သီတင်းကျွတ်ည လပြည့်ဝန်းက ထိန်ထိန်သာလျက် ရှိနေတော့သည်။

ထိုစဉ်က ကျွန်တော်သည် ပန်းချီဆွဲတတ်သူဖြစ်၍ ရွာသစ်ကမ်းနား ယမုံသီတာလမ်းတစ်လျှောက် ပန်းချီ ကာတွန်းပုံများ ဆွဲကာ ပြသခဲ့သည်။

ယခင်က ယခုကဲ့သို့ ရွာသစ်မှာ လျှပ်စစ်မီးမရသေး ပါ။ မြေအိုးလေးများကို ရေနံဆီထည့် မီးဇာတပ်ကာ ပြုလုပ်ရပါသည်။

ကာတွန်းပုံများကိုတော့ ဖယောင်းတိုင်ထည့်ကာ ထွန်းခဲ့ပါသည်။

ကျွန်တော်နှင့် အတူနေစဉ် ကူညီလုပ်ကိုင်ပေးသူမှာ ဦးညွန့်တင်၊ ဦးအိသာတို့ ညီအစ်ကို ဖြစ်ပါသည်။

အမျိုးသမီးထဲက ညိုညို၊ အေးမိ၊ ဝေဝေမြင့်တို့က ဝိုင်းကူညီကြပါသည်။

စိတ်အရှည်ဆုံးမှာ ဝေဝေမြင့်ဦးလေး ဦးညွန့်တင် ဖြစ်ပါသည်။

ကာတွန်းပုံး ဆီမီးခွက်များကို သူ့အိမ်မှာပင် သိမ်း ပေးခဲ့ပါသည်။

ငယ်ကျွမ်းဆွေ ဇာတ်ကားထဲကသို့ပင် ထိုညက ဝေ ဝေမြင့်ချစ်သူ ဝေထွန်းတစ်ယောက် ခေတ္တပြန်ရောက်နေ ခဲ့သည်။

သူတို့သဘောကိုသိ၍ နှစ်ဖက်လူကြီးများကလည်း နားလည်မှုရှိခဲ့ကြသည်။

ဖိုးဇော် မယ်ဒလင်နှင့် ငယ်ကျွမ်းဆွေ သီချင်းကို သူတို့နှစ်ဦး ဆိုခဲ့ကြသည်။

'မှတ်မိပါတယ် အတူးရေ×××မှတ်မိပါတယ် အသက် ရေ'

အပိုဒ်တွင် ဖိုးဇော်က မယ်ဒလင်တီး ရပ်ကာ-

'မှတ်မိပါတယ် အထွန်းရေ၊ မှတ်မိပါတယ် အမြင့် ရေ လုပ်စမ်းပါ။ ဘယ့်နှယ် အတူး အသက် လုပ်နေရ တာလဲ'

ဖိုးဇော် အပြောကြောင့် ကျွန်တော်တို့ ဝိုင်းရယ်မိခဲ့ကြ သည်။ အပျော်ရိက်တွေက ညအခါ ကြွေပျက်သွားသော ကြယ်လေးများသဖွယ် တိုးလျှိုးပျောက်ကွယ်သွားကြလေ ပြီ။ ချစ်ပြီး လွမ်းသည် ဇာတ်လမ်းကို သူတို့က ရလိမ့် မည်ဟု မထင်ခဲ့။ သူတို့ က,ရသည့် အလွမ်းဇာတ်ကား နာလွန်းလှချေသည်။

သေကွဲ၊ ရှင်ကွဲတဲ့။ ရှင်ကွဲက ပြန်ဆုံနိုင်ပေသေး သည်။ ယခု သူတို့ကွဲပုံကတော့ ယခင်က ယခုလို ခေတ် မီ ဆေးရုံကြီး ဝါးခယ်မမြို့မှာ မရှိသေးပါ။

ဝေဝေမြင့်ကို မမျှော်လင့်ဘဲ စွဲကပ်လာသည့် ဝေဒနာ ကား အဆုတ်ရောင်သော ရောဂါပင် ဖြစ်ပါတော့သည်။ ကျွန်တော့်စာပေမိတ်ဆွေ ကဗျာဆရာ နှောင်းသစ်မှာ ထို ဝေဒနာ ဖြစ်ခဲ့ဖူးပါသည်။ ယခုအခါ ခေတ်မီကုသခံယူ ကြောင့် ဝဖြိုးကာ ကဗျာရေးဆဲ ရှိနေပါသည်။

ကံကြမ္မာကိုပင် ပုံချရပါတော့မည်။ ဝေဝေမြင့်တစ် ယောက် ထိုဝေဒနာနှင့်ပင် သူချစ်သော အဖေ အမေ ချစ်သူ၊ ဦးလေး၊ မိတ်ဆွေများကို အပြီးတိုင် စွန့်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါတော့သည်။

ကျွန်တော်ကား မီးမှိန်မှိန်သီချင်း ရေဒီယိုမှလာတိုင်း မယ်ဒလင်တီးသမား ဖိုးဇော်ကိုလည်းကောင်း၊ အဆိုကောင်းသော ဝေဝေမြင့်ကိုလည်းကောင်း မျက်စိထဲ မြင်ယောင်မိကာ နှမြောတသ,သမဆုံး ဖြစ်ခဲ့ရပါတော့သည်။

ဩော်..တွေ့ကြုံဆုံကွဲပါတကား။

◆◆◆

'ဝုန်း..ဒိုင်း'

'ကျွလိ..ကျွလိ'

ညဆယ်နာရီခွဲ ရုတ်ရုတ်သဲသဲ အသံများကြောင့် ကမ်းနားလမ်းရှိ လူအားလုံး လမ်းအပြင် ပြေးထွက်ကြည့်ကြသည်။

ကျွန်တော်လည်း မဂ္ဂဇင်းပို့ရန် စာရေးနေရာမှ ထွက်ကြည့်လိုက်သည်။

'ဘာတွေဖြစ်ကုန်တာလဲ'

ကျွန်တော်က ဖိုးဇော်ကိုတွေ့၍ မေးကြည့်လိုက်သည်။ ဖိုးဇော်သည် ထိုစဉ်က ကျွန်တော့်အိမ် ခြေရင်းအိမ်တွင် နေသူဖြစ်ပါသည်။

'မသိဘူး။ ဦးညွန့်တင်တို့အိမ်ဘက်က ခုံတွေ လဲကျသံ ကြားရတာပဲ'

ကျွန်တော်နှင့် ဖိုးဇော် လက်နှိပ်ဓာတ်မီး ကိုယ်စီထိုးလျက် ဦးညွန့်တင်တို့အိမ်ဘက် လျှောက်သွားလိုက်ကြသည်။ ညက လကွယ်ညဖြစ်၍ ဦးညွန့်တင်အိမ်မှာ မှောင်မည်းလျက်ရှိနေသည်။

ရှေ့မှာ အိမ်ကို ဝိုင်းကြည့်နေကြသော ဦးအိသာ၊ ဦးမောင်မောင်၊ ဒေါ်လှကြိုင်၊ ဒေါ်ရွှေတင်၊ ဒေါ်တင်အုန်းတို့အား တွေ့လိုက်ရ၏။ သူတို့သည် အိမ်နီးနားချင်းများဖြစ်ကြသည်။

'ဒီကောင် ညွန့်တင်တို့လင်မယား ကောင်မလေးကို ခေါ်မသွားဘူး ထင်တယ်'

ဦးညွန့်တင်တို့ လင်မယားမှာ ထုံးစံအတိုင်း တောဆင်း၍ ဆေးရောင်းနေကြဟန်တူပါသည်။ အိမ်ကြီးတသော့ခတ်ထား၏။

အိမ်ထဲမှာက ကုလားထိုင်များ လဲကျသံ၊ တွန်းရွေ့သည့် အသံများနှင့် ဆူညံလျက် ရှိတော့သည်။

'ကောင်မလေးဆိုတာ ဘယ်သူ့ကို ပြောတာလဲ'

ဖိုးဇော်က ဦးအိသာအား ကပ်ကာ မေးလိုက်သည်။

'ဘယ်သူရှိရမလဲ။ သူတို့ မွေးစားသမီး တူမ ဝေဝေမြင့်ပဲပေါ့'

ဝေဝေမြင့် ကွယ်လွန်ခဲ့သည်မှာ လချီပင်ကြာခဲ့ပြီဖြစ်၏။

ထူးဆန်းနေ၍ ကျွန်တော်လည်း မနေနိုင်တော့ ဝင်မေးမိရတော့သည်။

'ဝေဝေမြင့်မှန်း ဘယ်လိုလုပ် သိတာလဲ'

'သူတို့ တောသွားတိုင်း အသံပေးပြီး ခေါ်သွားတာတတယ်။ အဲဒီလိုခေါ်သွားရင် အိမ်မှာ ဘာသံမှ မကြားရဘူး။ အေး..မေ့လို့ ခေါ်မသွားရင်တော့ အခုလို ဒုန်းဒိုင်းနဲ့ သောင်းကျန်းတော့တာပဲ'

ကျွန်တော် မေမေကြီးဒေါ်မိအိမ်မှာ နေခဲ့စဉ်ကအဖြစ်ကို သွားသတိရမိလိုက်သည်။

ဟိုကတော့ ခုလို ဝိညာဉ်မဟုတ်၊ လူခြောက်လေး သောင်းကျန်းခြင်းသာ ဖြစ်တော့သည်။ မေမေကြီး ဒေါ်မိတန်းလျားမှာ ဒေါ်ကြည်စိန်ဆိုသော အမျိုးသမီးကြီးတစ်ဦး ငှားနေခဲ့သည်။

သူ့မှာက လျှို့ဝှက်ထားသော လူခြောက် သားတစ်ယောက်ရှိနေသည်။ တစ်ည ဒေါ်ကြည်စိန် ရုပ်ရှင်သွားကြည့်ရာတွင် မခေါ်မိ၍ ဤသို့ပင် အိမ်မှာ ပြောင်းဆန်အောင် သောင်းကျန်းခဲ့သည်။

သည်လို သောင်းကျန်းလို့လည်း သူ့ဝှက်ဖဲပွင့်ကာ ကျွန်တော်တို့ သိခဲ့ရခြင်း ဖြစ်ပါတော့သည်။

နှစ်များစွာ ကြာခဲ့ပါပြီ။ ကျွန်တော် တစ္ဆေသရဲ ယနေ့တိုင် ကိုယ်တွေ့ မမြင်ခဲ့ဖူးပါ။ စွဲလမ်းမှုကြောင့်ဖြစ်သော ဖြစ်ရပ်များစွာကိုကား ကြုံဖူးခဲ့ပါသည်။

ယခုအခါ မယ်ဒလင်ဝိဇ္ဇာ ဖိုးဇော်၊ အဆိုကောင်းသော ဝေဝေမြင့်၊ ဝေဝေမြင့်၏ ယော်ကျွမ်းချစ်သူ ဗိုလ်ကြီးဝေထွန်း၊ ဦးအိသာ၊ ဦးညွန့်တင် စသည်တို့ မရှိတော့ပါ။

နားထဲတွင်ကား ဖိုးဇော်ကိုယ်တိုင် မယ်ဒလင်တီးဆိုခဲ့သော သံသရာဆုံး သီချင်းကိုသာ ကြားယောင်နေမိပါတော့သည်။

ကျော်မိုးလွင်(ဝါးခယ်မ)

www.burmeseclassic.com

သက်တမ်းရင့် တစ္ဆေကြီးတစ်ကောင်ရဲ့ နာမည်က ရမ္မတဲ့။

အိမ်အို အိမ်ပျက်တွေမှာ ခိုအောင်းပြီး ခြောက်လှန့်တတ်တဲ့ တစ္ဆေမျိုးတော့ မဟုတ်ဘူး။ သူက အဆောက်အအုံဟောင်းတွေမှာ မှီကပ်နေရတာထက် လူတွေကြားမှာ နေရတာကို ပိုပြီးမနောခွေ့တတ်တယ်။ ရမ္မဟာ ကျူဖ်မိတ်ဆွေ ဝိညာဉ်ပူးသူ ဂျင်မ်ဝီလ်ကီရဲ့ အုပ်ထိန်းသူ ဒါမှမဟုတ် ထိန်းချုပ်သူလည်း ဖြစ်တယ်။ ဝီ(လ်)ကီကိုလည်း ပုံမှန်ဝင်ပူးလေ့ရှိတတ်တယ်။

တကယ်တော့ ဝိညာဉ်ပူးသူတိုင်းမှာ အဲဒီလို အထိန်းအကွပ်တွေ ရှိတတ်ကြစမြဲပါ။ သူတို့ဟာ တခြားဘဝက နေ လာရောက်ပူးပေါင်းပြီး အကူအညီပေးလေ့ရှိကြတယ်။ ပြီးတော့ ဝိညာဉ်ပူးပြပွဲတွေကျရင် ဝိညာဉ်ပူးသူရဲ့ နှုတ်ကို စီးပြီး လူတွေရဲ့ ရှေ့ဖြစ် နောက်ကြောင်းတွေကို ဖွင့်ချပြတတ်ကြတယ်။

ရမ္မဟာ ဝီ(လ်)ကီ ကလေးဘဝကတည်းက အိပ်ပျော်နေတုန်းမှာ ဝင်ပူးပြီး စကားတွေ ပြောခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

သူဟာ နိုင်းမြစ်အထက်ပိုင်းကို ပြည်နှင်ဒဏ်ပေးခံခဲ့ရသူတစ်ယောက်လို့ ပြောပြခဲ့တယ်။ သူ့အသက်ကတော့ ယုံဖို့အတော်ခက်တယ်။ လက်ရှိ လူ့သက်တမ်းနဲ့တွက်ရင် သူ့မွေးနေ့ နှစ်ပတ်လည်ခဲ့တာ အကြိမ်လေးထောင် ပြည့်သွားပြီတဲ့လေ။ ပြီးတော့ သူဟာ ထူးခြားဆန်းကြယ်တဲ့ ဘာသာတစ်ခုရဲ့ အဆင့်မြင့် ဘုန်းတော်ကြီးတစ်ပါးလို့ ပြောခဲ့တယ်။ အဲဒီဘာသာဝင်တွေဟာ လိုဏ်ဂူကြီးတွေထဲမှာ မီးထွန်းညှိပူဇော်ပြီး ဝတ်ပြုဆုတောင်းပွဲတွေ ကျင်းပလေ့ရှိကြတယ်လို့လည်း ရှင်းပြခဲ့တယ်။

ကျုပ်မိတ်ဆွေ ဂျင်(မ်)ဝီ(လ်)ကီဟာ စကော့တလန်တောင်ပေါ်သား တစ်ယောက်ပါ။ သူ့ဇာတိမြေမှာ မွေးရာပါ အကြားအမြင်ရတဲ့ကိစ္စဟာ အထူးအဆန်း မဟုတ်ပါဘူး။ မိသားစုတွေကြားမှာ ထမင်းစား ရေသောက်တာလိုသဘောထားကြတယ်။ ရွာတိုင်းလိုလိုမှာလည်း ဗေဒင်ဆရာတွေ ရှိတတ်ကြတယ်။ တစ္ဆေသရဲ မယုံကြည်သူကိုလူရာမသွင်းချင်ကြဘူးတဲ့။ သူ့ဘဝတစ်လျှောက် တစ္ဆေသရဲတွေကြားမှာ ကျင်လည်ခဲ့ရချိန်က ပိုများတယ်လို့ ဝီ(လ်)ကီက ပြောပြခဲ့ဖူးတယ်။

'ကျွန်တော်က လူရှင်ထက် လူသေတွေကို ပိုပြီးသဘောကျတယ်ဗျ။ ဘာကြောင့်တုန်းဆိုတော့ လူသေတွေက ဘာဒုက္ခမှ မပေးဘူးလေ။ ကျွန်တော့်အချစ်ဆုံး မိတ်ဆွေတွေဟာ တစ္ဆေတွေချည်းပဲ'

ဝီ(လ်)ကီက အလေးအနက် ပြောခဲ့တာပါ။

ကျုပ်ဟာ စုန်း၊ နတ်၊ တစ္ဆေတွေကို ယုံကြည်တဲ့သူမဟုတ်ပါဘူး။ သို့ပေမယ့် ဘဝပြောင်းသွားတဲ့သူတွေနဲ့ သူ တရင်းတနှီး ဆက်ဆံပုံအသေးစိတ်တွေကို တစ်နေ့



www.burmeseclassic.com

ကျရင် မေးဖို့ စေးထားခဲ့တယ်။ ဒါ့အပြင် ရမ္မဟာ ရာစုနှစ်ပေါင်းများစွာ အသက်ရှည်ပြီး အနာဂတ်ကို ကြိုမြင်နိုင်တဲ့ ဝိညာဉ်ဆိုတာ အမှန်ပဲလား၊ ဒါမှမဟုတ် သူ့ရဲ့ မသိစိတ်က ဖန်တီးထားတဲ့ စိတ်ကူးယဉ် ဇာတ်ကောင် သက်သက်ပဲလား ဆိုတာကို ကွဲကွဲပြားပြား သိအောင်လုပ်ဖို့လည်း ကြိတ်ကြံထားခဲ့တယ်။

တကယ်တမ်းကျတော့ ကျုပ် မမေးဖြစ်ခဲ့ဘူး။ ကြိတ်ကြံထားတဲ့ ကိစ္စကိုလည်း အကောင်အထည်မဖော်ဖြစ်ခဲ့ပါဘူး။ သူ့လုပ်ရှားဆောင်ရွက်မှုတွေက ကျုပ်ရဲ့သံသယတွေကို ချေဖျက်ပစ်လိုက်လို့ပါ။ ဝီ(လ်)ကီဟာ နတ်မျက်စိရထားသူလို့ ပြောရမလိုပါပဲ။ သူဟာ ရောဂါလက္ခဏာတွေကို အလိုလိုသိနေပြီး အလွယ်တကူပဲ ခွဲခြားနိုင်တယ်။ လိုအပ်ရင် သဘာဝလွန်နည်းတွေနဲ့ ကုသပေးတတ်လို့ပဲ ဖြစ်ပါတော့တယ်။

◆◆◆

ဝိညာဉ်ပူးသူတွေဟာ လူထူးဆန်းတွေပါ။

ကျုပ်သိရသလောက် သူတို့ဟာ စာရိတ္တယိုယွင်းနေသူတွေ၊ ဉာဏ်ရည်နိမ့်သူတွေ မဟုတ်ပါဘူး။ တချို့ဆိုရင် ဘွဲ့ရ ပညာတတ်တွေပါ။ သူတို့မှာ နွေးထွေးတဲ့ နှလုံးသား ရှိကြတယ်။ ချစ်စရာကောင်းတဲ့ လူသားတွေပါပဲ။ ကျုပ်ကတော့ သူတို့ကို လူသားတွေရဲ့ အဖိုးတန် သဘာဝအရင်းအမြစ်တစ်မျိုးပဲလို့ ယုံကြည်မိတယ်။

တွေးကြည့်လေ။ ကျုပ်တို့ဟာ မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြားမှာ တုန်လှုပ်ချောက်ချားစရာ အဖြစ်တွေကို မလွဲမသွေ ကြုံကြရမှာပါ။ အဆင့်မြင့်တဲ့ ဝိညာဉ်ပူးသူတွေဟာ အဲဒါတွေကို ဘယ်လိုရင်ဆိုင် ကျော်လွှားရမယ်ဆိုတဲ့ နည်းလမ်းတွေကို လမ်းညွှန်ပေးနိုင်ကြပါတယ်။

ဂျင်(မ်)ဝီ(လ်)ကီဟာ အသက်ရှစ်နှစ်လောက်ကတည်းက ဝိညာဉ်လောကနဲ့ အဆက်အသွယ်ရခဲ့တာပါ။ တစ်ပြိုင်နက်တည်းမှာပဲ အနာဂတ်ကို ကြိုမြင်နိုင်တဲ့ စွမ်းရည်ထူးကိုပါ ရခဲ့ပါတယ်။ တစ်ခါတော့ သူတို့ရွာက ဖန်းပဲဖိုထဲမှာ လူတွေ အတုံးအရုံးသေနေတဲ့ မြင်ကွင်းက သူ့အာရုံမှာ ပေါ်လာခဲ့တယ်။ သိပ်မကြာပါဘူး၊ အဲဒီဖန်းပဲဖိုဟာ ပေါက်ကွဲပြီး တစ်စစီ ဖြစ်သွားခဲ့ပါတော့တယ်။

သူဟာ အဆင့်မြင့်ဝိညာဉ်ပူးသူ တစ်ယောက်ပါ။ ဝိညာဉ်ပူးတဲ့ကိစ္စကိုလည်း ယုံကြည်ကိုးကွယ်မှုတစ်မျိုးလို အလေးထားခဲ့တယ်။ သူရခဲ့တဲ့စွမ်းရည်နဲ့ အများကောင်းကျိုး ဆောင်ရွက်မယ်လို့ မူလကတည်းက ရည်ရွယ်ထားခဲ့တယ်။ လက်တွေ့မှာလည်း စွန့်လွှတ်အနစ်နာခံပြီး လုပ်ခဲ့တာတွေကို တွေ့ရတယ်။ သူဟာ ယုံလွယ်သူတွေကို လှည့်စားပြီး အယောင်ဆောင် ဝိညာဉ်ပူးတဲ့ လုပ်ရပ်ကို မုန်းသူတစ်ယောက်လည်း ဖြစ်ပါတယ်။

အစကနဦးမှာတော့ လူတိုင်း သူ့လို အကြားအမြင်တွေ ရနေကြမှာပဲလို့ ထင်ခဲ့သတဲ့။ သူ့အထင်လွဲမှားနေတာကို နောက်မှ သိခဲ့ရတယ်။ ဝီ(လ်)ကီရဲ့ဖခင်ဟာ သဘောထား တင်းမာတဲ့ စကော့တလန် ခရစ်ယာန်ဂိုဏ်းဆရာ တစ်ယောက်ပါ။ သားဖြစ်သူ အကြားအမြင် ရနေမှုကို အမြင်မကြည်ပါဘူး။ အမြဲလို ဝေဖန်ကန့်ကွက်ခဲ့ပါတယ်။

ဝီ(လ်)ကီဟာ အကြားအမြင် စရပြီးကတည်းက ရမ္မကို သတိထားခဲ့မိတယ်။ မကြာခဏ ကိုယ်ပျောက် မိတ်ဆွေကြီး ရမ္မနဲ့ မနောချင်း ဆက်သွယ်ခဲ့ကြတယ်။ ဒါ့အပြင် သူ့ရဲ့ အုပ်ထိန်းသူ ရမ္မဟာ ကြုံတောင့်ကြုံခဲ ကိုယ်ထင်ပြခဲ့ဖူးသတဲ့။ 'အရပ်ထောင်ထောင်မောင်းမောင်း၊ အိစက်ညက်ညောတဲ့ ဝတ်ရုံကြီးနဲ့ မင်းပေါက်စိုးပေါက် ပုံမျိုး။ ခေါင်းပေါင်းမှာလည်း ကြယ်ပုံစံအမှတ်အသားတွေက အပြည့်။ ဒါပေမဲ့ လိုအပ်တဲ့အခါ သူ့ကို လက်ယပ်ခေါ်တတ်တဲ့ ညိုတိုတိုလက်ကြီးကိုသာ များသောအားဖြင့် တွေ့ခဲ့ရတယ်။

ဝီ(လ်)ကီဟာ ကလေးဘဝတစ်လျှောက်လုံး တောင်ပေါ်က လူ့သူကင်းတဲ့ နေရာတွေကိုသွားပြီး မနောဆက်သွယ်မှုတွေနဲ့ ပျော်မွေ့နေလေ့ရှိပါတယ်။

ဒီလိုနဲ့ပဲ သူ့အသက် တစ်ဆယ့်နှစ်နှစ်အရွယ်မှာ ထူးဆန်းတဲ့ အစွမ်းရဲ့ အထွတ်အထိပ်ကို ရောက်လာတော့တယ်။ ရမ္မက သူ့ကိုယ်စား ပြောနိုင်အောင် နှုတ်ကို စဖွင့်ပေးခဲ့တာပဲ ဖြစ်ပါတယ်။

'ကျွန်တော့်ဘဝမှာ သေတဲ့အထိ မမေ့နိုင်တဲ့ နှလုံးတုန် ရင်ခုန်စရာ အတွေ့အကြုံပါပဲ။ သမားရိုးကျမဟုတ်တဲ့ အာရုံခံစားမှုမျိုးနဲ့ မသိစိတ်နယ်ထဲကို လျှောခနဲရောက်သွားခဲ့တာပါ။ ခန္ဓာကိုယ်ကြီးထဲကနေ လွတ်ထွက်သွားအောင် နောက်ကျောဘက်က တွန်းထုတ်သလို ခံစားလိုက်ရတယ်'

ဝီ(လ်)ကီက ပြန်ပြောခဲ့တာပါ။ အဲဒီတုန်းက ခံစား



www.burmeseclassic.com

www.burmeseclassic.com

ချက်တွေကိုလည်း ဆက်ပြောပြခဲ့တယ်။

'ရုတ်တရက်ကြီးမို့ တုန်လှုပ်ချောက်ချားသွားရတယ်။ တစ်ချိန်တည်းမှာပဲ ဝိညာဉ်ရဲ့ကျေးကျွန် ဖြစ်သွားမှာကို တွေးကြောက်လာခဲ့တယ်။ ငယ်သေးတာကိုး။ ဒါကြောင့် ကြောက်လန့်ပြီး ကြွေပန်းကန်ကို ဗီရိုကြီးကို ပြေးဆောင့် တိုက်လိုက်မိတယ်။ အဲဒီတော့မှပဲ ဝင်ပူးနေတဲ့ ရမ္မလည်း ပြန်ထွက်သွားပါရော။ ရမ္မနဲ့ ကျွန်တော်တို့က စကတည်းက ယဉ်သကိုလို့ ဆိုရမလိုပါပဲ။

ဝီ(လ်)ကီဟာ သူ့ကိုယ်သူ လူထဲက သာမန်လူတစ်ယောက်လို့ပဲ ခံယူထားပါတယ်။ ဘာကြောင့်လဲဆိုတော့ တခြားဝိညာဉ်ပူးသူတွေလိုပဲ သူ အိပ်ပျော်နေချိန်ဖြစ်ဖြစ်၊ နိုးနေတဲ့အခါပဲဖြစ်ဖြစ် ဝိညာဉ်တွေ ဝင်ပူးတတ်ကြလို့ပါပဲ။ ထူးခြားတာက ရမ္မ ဝင်ပူးပြီဆိုရင်တော့ သူ့အသိစိတ် လုံးဝကင်းသွားတတ်တာပဲ ဖြစ်ပါတယ်။

◆◆◆

အွန်တာရီယိုဒေသက နယ်ပွားမားကက်မြို့။

ဂျင်(မ်)ဝီ(လ်)ကီနဲ့ ကျုပ် ပထမဆုံး ကြုံတွေ့ခဲ့ကြတဲ့ နေရာပါ။ အဲဒီမှာ သူ့ရဲ့ထူးဆန်းလှတဲ့ အမြင်အာရုံအစွမ်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်ခဲ့ရတယ်။ အဲဒီနောက်ပိုင်း သိပ်မကြာခင်မှာပဲ ကျုပ်ဟာ ရမ္မနဲ့ နဖူးတွေ့ဒူးတွေ့ ဆုံခဲ့ရတော့တယ်။ ဝီ(လ်)ကီရဲ့ သဘာဝလွန် စွမ်းရည်ပြပွဲမှာ အသေအချာ မှတ်စုလိုက်ရေးထားခဲ့တယ်။ ဒါမှသာ ဖြစ်စဉ်အသေးစိတ်ကို အစီအစဉ်တကျ ပြန်ဖော်နိုင်မှာကိုး။

သူနဲ့ကျုပ် အရင်က တစ်ခါမှ မဆုံခဲ့ဖူးပါဘူး။ ကျုပ်ဟာ သဘာဝလွန်စွမ်းရည်တွေနောက် တကောက်ကောက် လိုက်လေ့လာနေတဲ့ ခရစ်ယာန်ဘုန်းတော်ကြီး တစ်ပါးလို့ပဲ ပြောထားခဲ့တယ်။ အာလာပသလ္လာပစကားကို နှစ်ကိုယ်ကြားပြောရင်း ကျုပ်တို့ရဲ့မိတ်ဆွေအဖြစ်ကို နိဒါန်းပျိုးခဲ့ကြတယ်။ သူဟာ စကားပြောရင် တစ်ဖက်သားရဲ့ မျက်နှာကို တည့်တည့်ကြည့်ပြီး ဘယ်တော့မှ မပြောဘူး။ ခေါင်းပေါ် ကျော်ကြည့်ရင်း ပြောလေ့ရှိတယ်။ သူ့အကျင့်ကြောင့် ကျုပ်စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတယ်။ အဲဒါကို ရိပ်မိသွားတယ် ထင်ပါရဲ့။ ချက်ချင်းပဲ ရှင်းပြလာခဲ့တယ်။

'ကျွန်တော်က ခင်ဗျားရဲ့ ကိုယ်ရောင်ကိုယ်ဝါကို အကဲခတ်နေတာဗျ။ စိတ်နဲ့ ရုပ်ပိုင်းဆိုင်ရာ အရေးကြီးတဲ့ အထောက်အထားတွေကို သိရအောင်လေ။ ခင်ဗျားရဲ့ ကိုယ်ရောင်ကိုယ်ဝါက တော်တော်ကောင်းတာပဲ။ လှုပ်ခါနေတဲ့ နှင်းဆီရောင်ဗျ။ အဲဒါဟာ သတ္တိ ဗျတ္တိရှိသူရဲ့ သင်္ကေတပဲ။ ကဲ..အခု ကျွန်တော့်ရဲ့ ခိုနားရာနေရာကလေးကို လိုက်ကြည့်ပါဦး'

အဲဒါက ဘုရားရှိခိုးကျောင်းငယ်ကလေးနဲ့ ခပ်ဆင်ဆင်ပါပဲ။ ဝိညာဉ်ပူးပြပွဲတွေလုပ်ဖို့ ရည်ရွယ်ထားပုံရတယ်။ တံခါးမကြီး တစ်ခုတည်းရှိပြီး ပြတင်းပေါက်လုံးဝမရှိဘူး။ နံရံတွေပေါ်မှာ ဘာသာရေးနဲ့ဆိုင်တဲ့ ပုံတွေကို တန်ဆာဆင်ထားတယ်။ တိဗက်က ဒလိုင်းလားမားရဲ့ ဓာတ်ပုံကြီးကိုလည်း ချိတ်ဆွဲထားတယ်။ ဘေးချင်းယှဉ်လျက်မှာတော့ ယောဘမန်း ရေးဆွဲခဲ့တဲ့ ခရစ်တော်ရဲ့ ဦးခေါင်းပိုင်းပုံ မိတ္တူကို တွေ့ရတယ်။ အဲဒီပုံဟာ ခရစ်တော်နဲ့ အနီးစပ်ဆုံးတူတယ်လို့ ရမ္မက ပြောခဲ့သတဲ့။ အဲဒီအခိုက်မှာပဲ ဝီ(လ်)ကီဟာ ကျုပ်ရဲ့ လက်ပတ်နာရီကို ရုတ်တရက် ဆွဲဖြုတ်ယူပြီး ပြောလာခဲ့တယ်။

'ခင်ဗျားရဲ့ လှုပ်ခါနေတဲ့ ကိုယ်ရောင်ကိုယ်ဝါကို နောက်ယောင်ခံလိုက်မလို့ဗျ'

စကားဆုံးတာနဲ့ သူဟာ လက်တန်းပါတဲ့ ကုလားထိုင် တစ်လုံးပေါ် ထိုင်ချလိုက်တယ်။ မျက်လုံးအစုံကိုမှိတ်ပြီး အာရုံစူးစိုက်လိုက်တယ်။ သူဟာ စိတ်ကို ဘဝင်ကျပြီး မိန်းမောသွားတဲ့အထိ လွှတ်မထားလိုက်ဘူး ထင်တယ်။ သိစိတ်နဲ့ မသိစိတ်ရဲ့ကြား အစပ်နေရာမှာ ထိန်းထားလိုက်ပုံရတယ်။ ပြီးတော့ ကျုပ်ရဲ့ လက်ပတ်နာရီကို လက်ညှိုးနဲ့ ခပ်ဖွဖွလေး ခေါက်နေခဲ့တယ်။ အဲဒါဟာ စိတ်တန်ခိုးနဲ့ ခန့်မှန်းတွက်ဆနေတာပါပဲ။ ခဏကြာတော့ ယောဟယောဒိုင်းဒိုင်း ပြောလာပါရော။

'ဒီလက်ပတ်နာရီကို ခင်ဗျားအမေက ပေးခဲ့တာပဲ။ သူကတော့ လွန်ခဲ့တဲ့နှစ်နှစ်က ဆုံးသွားပြီလေ။ အင်း.. ခင်ဗျားအမေက သေသွားသွားတယ်၊ ကျန်းမာရေးကတော့ ခေါင်ခေါင်မြည်ပါပဲကလား။ ကျန်းမာပြီး အရွယ်တင်တာကိုလည်း သိပ်ဂုဏ်ယူခဲ့တဲ့ သူပဲ'

အဲဒီနေရာမှာ ကျုပ်နှလုံးသား လှုပ်ခါသွားခဲ့ရတာပါပဲ။ အမေက အသက်ခြောက်ဆယ်ကျော်တဲ့အထိ ခေါင်းတစ်ချောင်းမှ မဖြူခဲ့ဘူးလေ။ သူပြောခဲ့တဲ့အတိုင်း လွန်ခဲ့တဲ့နှစ်နှစ်က နှလုံးရောဂါနဲ့ ရုတ်တရက် ဆုံးသွားခဲ့တာ

www.burmeseclassic.com

ပါ။ ဝီ(လ်)ကီဟာ အမေ့အကြောင်း တော်တော်လေးဆက်ပြောခဲ့တယ်။ များသောအားဖြင့်တော့ မှန်ပါတယ်။ တချို့နည်းနည်းလွဲတာတော့ ရှိတာပေါ့။ ဝေခွဲလို့ မရတာတွေလည်း ပါတယ်။ ဥပမာပြောရရင် အမေ့ကို သင်္ဂြိုဟ်တုန်းက ဆင်ပေးထားတဲ့ ရင်ထိုးအကြောင်း ဝီ(လ်)ကီက ပြောပြခဲ့တယ်။ ဟုတ်,မဟုတ် လုံးဝမမှတ်မိတော့ပါဘူး။ ကျုပ်အဖေအကြောင်းကိုလည်း သူဆက်ပြောခဲ့သေးတယ်။

'ခင်ဗျားအဖေက တစ်ထပ်အိမ် သေးသေးကလေးနဲ့ နေတာပဲ။ ထူးခြားချက်တစ်ခုလည်း တွေ့ရတယ်။ အိမ်ရှေ့တံခါးမကြီးက ဆေးသုတ်မထားဘူး။ ဒါပေမဲ့ အသစ်စက်စက်ကြီးပဲဗျ'

အဲဒါက အမှန်ပါပဲ။ မုန်တိုင်းဒဏ်ခံ တံခါးအသစ်တပ်ထားပေမယ့် ဆေးလုံးဝ မသုတ်ရသေးဘူးလေ။

'ဒီကိုလာခါနီး ခင်ဗျားတို့သားအဖ စကားလက်ဆုံကျခဲ့သေးတယ်။ ခင်ဗျားတို့ မိသားစုနဲ့ သူလာနေသင့်, မသင့် ဆွေးနွေးခဲ့ကြတာလေ။ ခင်ဗျားက အတူလာနေစေချင်တယ်။ သူက ချီတုံချတုံ ဖြစ်နေတယ်။ ပြောရရင် ခင်ဗျားအဖေက တော်တော်ခေါင်းကြောမာတဲ့ လူကြီးပဲဗျ'

သူပြောတဲ့အတိုင်း ကွက်တိပါပဲ။ ဝီ(လ်)ကီဟာ လက်ပတ်နာရီကလေးကို လက်နဲ့ အသာခေါက်ရင်း ဆက်ပြောလာတယ်။

'အခု ခင်ဗျားတို့မိသားစု နေတဲ့နေရာကို အာရုံယူကြည့်လိုက်ဦးမယ်။ အင်း…အိမ်ခြေက သိပ်မများဘူး။ ရပ်ကွက်အလယ်မှာ မိန်းလမ်းမတစ်ခုတည်း ရှိတယ်။ ခင်ဗျားတို့အိမ်က လမ်းအစွန်မှာပဲ။ ကုန်းကမူကလေးပေါ်မှာ ဆောက်ထားတာ။ အိမ်က ကြီးပေမယ့် ဟောင်းနေပြီ။ မနီးမဝေးမှာ ချောင်းကလေးတစ်ခု ရှိတယ်'

ဝီ(လ်)ကီ ပြောတာတွေ တစ်ခုမှ မလွဲပါဘူး။ သူဟာ ရောက်တတ်ရာရာတွေကို ပြောခဲ့တာ နာရီဝက်လောက် ကြာတယ်။ သူ့ကို ကြည့်ရတာ လိုင်းပေါင်းစုံဖမ်းလို့ရတဲ့ လူသားရေဒီယို တစ်လုံးလိုပါပဲ။ အာရုံထဲပေါ်လာသမျှကို တတွတ်တွတ် ဆက်ပြောခဲ့တယ်။

'ခင်ဗျားရဲ့ ဘုရားရှိခိုးကျောင်းအတွင်းပိုင်းကို အပြာနုရောင်သုတ်ထားတာ သိပ်မကြာသေးပဲကိုး။ အိမ်မှာမွေးထားတဲ့ ကြောင်ကလည်း သေသွားတော့ ကလေးတွေ ပျင်းနေရှာတယ်။ အဲ…ခင်ဗျားမိန်းမရဲ့ ကျန်းမာရေးကလည်း တစ်နေ့ရွှေ တစ်နေ့ငွေပါပဲလား။ မပူပါနဲ့၊ မကြာခင် ဒေါင်တင်းအောင် ကောင်းသွားမှာပါ'

သူဟာ စက္ကန့်ပိုင်းလောက် နှုတ်ဆိတ်သွားတယ်။ မျက်စိမှိတ်ထားလျက်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီးမှ စကားဆက်လာတယ်။

'အင်း…ခင်ဗျားတို့အိမ် ဧည့်ခန်းက သိပ်မှုမမှန်ချင်ဘူး။ အလိုလိုနေရင်း ပစ္စည်းတွေ ဟိုရွှေ့ဒီပြောင်းနဲ့။ စိုးရိမ်စရာတော့ မရှိပါဘူး။ ခင်မင်လို့ နှောက်ပြောင်တဲ့ သဘောနဲ့ ခြောက်လှန့်တာပါတဲ့'

သူပြောခဲ့သမျှတွေကို စာရေးလိုက်မှတ်ခဲ့တာမို့ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းလောက်က အတိအကျမှန်တာ တွေ့ရတယ်။ ကျန်တဲ့အထဲမှာ တစ်ပိုင်းတစ်စ မှန်တာလည်း ပါရဲ့။ အဓိပ္ပာယ်ဖော်မရတာတွေလည်း ရောနေတယ်။ ကုလားထိုင်ပေါ်မှာ မျက်စိမှိတ်ထိုင်ရင်း ဒိုးခနဲ ဒက်ခနဲ ပြောနိုင်တဲ့ ဝီ(လ်)ကီရဲ့ အံ့မခန်းစွမ်းရည်ကို ကြက်ကန်းဆန်အိုးတိုးမိတာပါလို့ နှိမ်ချမပြောနိုင်ပါဘူး။

ဂျာမန်စိတ်ပညာရှင် ပါမောက္ခ ဂါးထရုရှ်မိုင်းဒလားဟာ အဲဒီလိုအကြားအမြင်စွမ်းရည်တွေကို နှစ်ပေါင်းများစွာ လေ့လာသုတေသနပြုခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဝိညာဉ်ပူးပြီး မနောချင်း ဆက်သွယ်မှုနဲ့ အကြားအမြင်ပေါက်တဲ့ ကိစ္စတွေကို ကံကောင်းထောက်မမှု၊ ရမ်းသမ်းမှန်းဆမှုနဲ့ တိုက်ဆိုင်မှုတွေပဲဆိုပြီး မဝေဖန်သင့်ဘူးလို့



www.burmeseclassic.com

မှတ်ချက်ပေးခဲ့ပါတော့တယ်။

◆◆◆

ဂျင်(မ်)ဝီ(လ်)ကီရဲ့ စိတ်နယ်လွန် အသိစွမ်းရည်က တော့ လက်ဖျားခါလောက်ရဲ့။

တစ်နေ့မှာ သူ့ကို ကြိုပြောမထားဘဲ မိတ်ဆွေနှစ်ယောက်ကို ခေါ်သွားခဲ့တယ်။ ပထမတစ်ယောက်ကို သူပြောခဲ့တာတွေက အတော်လေး လွဲချော်ခဲ့တယ်။ သို့ပေမယ့် ဒုတိယတစ်ယောက်ကိုကျတော့ တုန်လှုပ်ချောက်ချားပြီး အခန်းထဲက ဒရောသောပါး ထွက်ပြေးသွားလောက်တဲ့အထိ မှန်အောင် ပြောနိုင်ခဲ့တယ်။ သူပြောခဲ့တာကိုလည်း ကြည့်ပါဦး။

'ခင်ဗျားအမေဟာ ပြင်းထန်တဲ့ ဝေဒနာကို ဖြည်းဖြည်းချင်း ခံစားရတဲ့နည်းနဲ့ သေကြောင်းကြံသွားတာပဲ။ မသေခင်အထိ နှစ်တော်တော်ကြာအောင် ယောက်ျားရဲ့ ပစ်ပယ်ခံခဲ့ရတယ်။ ပြန်ပေါင်းထုတ်ဖို့ ပြောတာကိုယောက်ျားက ခါးခါးသီးသီး ငြင်းလိုက်လို့ အဲဒီလို ရက်တရက် သေကြောင်းကြံသွားခဲ့တာပဲ။ ဟင်··ကြည့်စမ်း၊ ခင်ဗျားကလည်း အမေ့လမ်းစဉ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ ကြံနေတာကိုး။ သေနတ်တစ်လက်တောင် အသင့်ဆောင်ထားတယ် မဟုတ်လား။ လုံးဝမလုပ်လိုက်ပါနဲ့။ အဲဒါ ယာယီထွက်ပေါက်ပဲ ဖြစ်လိမ့်မယ်။ ပြဿနာတွေက ပြေလည်သွားမှာ မဟုတ်ဘူး'

အဲဒီမိတ်ဆွေဟာ ခုတော့ ဝန်ကြီးတစ်ယောက် ဖြစ်နေပါပြီ။ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝမှာ ဆက်လက်ရှင်သန်လျက်ပေါ့။ ဝီ(လ်)ကီဟာ သူ့ရဲ့အတွင်းစိတ်ထဲအထိ နိုက်နိုက်ချွတ်ချွတ် သိမြင်ခဲ့တာပဲလို့ ပြန်ပြောပြခဲ့တယ်။ သူ့အမေကလည်း အနာဖန်ဆေးရည် အပြင်းတွေ သောက်သွားတာတဲ့။ ဝီ(လ်)ကီ ပြောခဲ့တာတွေဟာ သူ့အတွက်သွေးထွက်အောင် မှန်ပေမယ့် ပထမတစ်ယောက်တုန်းကဘယ်လိုဖြစ်ပြီး လွဲချော်ခဲ့ရတာပါလိမ့်။ အကြောင်းရင်းတွေကိုတော့ ဝီ(လ်)ကီကိုယ်တိုင်တောင် ကွဲကွဲပြားပြားသိလိမ့်မယ် မထင်ဘူး။

သေချာနိုင်တဲ့ အကြောင်းတစ်ချက်တော့ ရှိတယ်။ ဝိညာဉ်ပူးသူနဲ့ ဝင်ပူးချင်တဲ့ ဝိညာဉ်တို့ရဲ့ မနောချင်းဆက်သွယ်မှု အခြေအနေပါပဲ။ အပူးခံရသူဟာ ဝင်ပူးမယ့်ဝိညာဉ်ရဲ့ မနောဓာတ်ကို ချက်ချင်း ခံစားရမယ်ဆိုရင် မနောချင်းဆက်သွယ်မှုက အထစ်အငေါ့မရှိ မြန်ဆန်နိုင်တာပေါ့။ ပြီးတော့ အပူးခံသူဟာ ဝင်ပူးမယ့် ဝိညာဉ်အပေါ်မှာ သံသယကင်းပြီး ယုံကြည်လေ အကြားအမြင်အာရုံသန့်လေပါပဲ။

'ခင်ဗျားရဲ့ ဒုတိယမိတ်ဆွေကို မြင်လိုက်ရတာနဲ့ မနောဆက်သွယ်လာမှုကို ချက်ချင်း သိလိုက်တာဗျ။ သူအခန်းထဲကို ဝင်လာကတည်းက သူ့အမေရဲ့ဝိညာဉ် လိုက်လာပြီး ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့တော့တာ။ တကယ်တော့ အဲဒါဟာ တစ်ခါတလေကြုံတဲ့ ဝိညာဉ်နဲ့ မနောဓာတ်ချင်း ဆက်သွယ်တဲ့ ရိုးရိုးနည်းကို သုံးခဲ့တာပါ။ သူပြောသမျှ ပြန်ပြောပြလိုက်ရုံပဲလေ။ ကျွန်တော့်ကို အမြဲထိန်းချုပ်ပြီး ပြောပေးနေတာကတော့ ရမ္မပေါ့။ အလွဲပြောမိတာတွေက သူ့အပြစ် လုံးဝမဟုတ်ပါဘူး။ ကျွန်တော်နားကြားလွဲလို့ပဲ ဖြစ်မယ်'

နောက်ပိုင်းမှာ ဝီ(လ်)ကီက ပြန်ရှင်းပြခဲ့တာပါ။

ကျုပ်တို့လို ကြားလူတွေကတော့ သူတို့ချင်း ဆက်သွယ်ပြောဆိုနေကြတာကို မြင်ရ၊ ကြားရတာ မဟုတ်ဘူးလေ။ ဝိညာဉ်ပူးသူ ပြန်ပြောသမျှပဲ သိရတာမဟုတ်လား။ ဝီ(လ်)ကီရဲ့ ထိန်းချုပ်သူ ရမ္မဆိုတာ ယာဉ်အသွားအလာကို ကြီးကြပ်ရတဲ့ မန်နေဂျာလိုမျိုး ဖြစ်မှာပေါ့။ သူဟာ တခြားဘဝက ဝိညာဉ်အမျိုးမျိုးတွေရဲ့ သတင်းစကားမျိုးစုံကို စုစည်းထားပြီး သူ ထိန်းချုပ်ထားသူကတစ်ဆင့် သင့်လျော်သလို ပြန်ပြောပြခိုင်းတာပါပဲ။

တစ်နည်းပြောရရင် ရမ္မလို ဝိညာဉ်မျိုးကို ဟောပြောပွဲ တစ်ခုက အခမ်းအနားမှူးနဲ့ တူတယ်လို့ ပြောရင်လည်းရမယ်ထင်ရဲ့။ အလှည့်ကျ ဟောပြောမယ့်သူတွေကို ပရိသတ်နဲ့ မိတ်ဆက်ပေးရတာမျိုးပေါ့။ ဒါကြောင့် ဒီနေရာမှာ ထိန်းချုပ်သူဆိုတာ ဝိညာဉ်ပူးသူကတစ်ဆင့် ဆက်သွယ်ချင်တဲ့ ဝိညာဉ်တွေကိုပါ ကွပ်ကဲပေးရသူလို့ပြောရင် သဘောတူမယ် ထင်ပါရဲ့။

◆◆◆

သက်တမ်းရင့် တစ္ဆေကြီး ရမ္မနဲ့ မျက်နှာချင်းဆိုင်တွေ့ရပါပြီ။

ပြောရရင် ပြဇာတ်ဆန်ဆန်ပါပဲ။ ဝီ(လ်)ကီရဲ့အိမ်မှာ ဝိညာဉ်ပူးပြပွဲ လုပ်ခဲ့တဲ့ တစ်ညနေခင်းမှာပါ။ ပရိသတ်သိပ်မများပေမယ့် အခန်းလေးက ကျဉ်းနေတယ်။ ဒါနဲ့ပဲ

www.burmeseclassic.com



အခန်းကြီးတစ်ခန်းကို ရွှေ့ခဲ့ရတယ်။ ရမ္မကို ဂုဏ်ပြုတဲ့အနေနဲ့ အခန်းထဲမှာ အီဂျစ်ရှေးရာပုံစံအတိုင်း မွှမ်းမံခြယ်သလို့ပေါ့။ နံရံတစ်ခုပေါ်မှာ ဖာရိုးဘုရင်တစ်ပါးရဲ့ ဦးခေါင်းပုံ ကြေးသွန်းရုပ်ကြီးကို ချိတ်ဆွဲလို့။

အခန်းထဲ ရောက်နေကြသူတွေက စုစုပေါင်း ငါးယောက်။ ဝီ(လ်)ကီရဲ့မိတ်ဆွေ ဝိညာဉ်ပူးသူ အမျိုးသမီးနဲ့ အဖော်မိန်းမပျို၊ ပြီးတော့ ကျုပ်ပေါ့။ ကျုပ်တို့ဟာ အကြားအမြင်စွမ်းအားတွေ တိုးတက်လာအောင် စီရင်ထားတဲ့ ဂမ္ဘီရစက်ဝိုင်းထဲမှာ အစဉ်အလာအတိုင်း နေရာယူထားကြတယ်။ အဲဒီစက်ဝိုင်းထဲမှာ ထိုင်နေသူတွေဟာ ဝိညာဉ်ပူးသူအတွက် လိုအပ်တဲ့ စိတ်စွမ်းအင်ကို ဝိုင်းကူဖြည့်ပေးမယ့် ဘက်ထရီတွေနဲ့ တူတယ်လို့ ယုံကြည်ထားကြတယ်။

ဖယောင်းတိုင်တွေပဲ ထွန်းထားလို့ တစ်ခန်းလုံး ခပ်မှိန်မှိန်သာ လင်းနေတယ်။ သို့ပေမယ့် ရှိသမျှအားလုံးကိုတော့ ထင်ထင်ရှားရှား မြင်နေရတယ်။ ကျုပ်တို့ဟာ တစ်ယောက်ကိုတစ်ယောက် အကူအညီပေးဖို့ အသင့်ဖြစ်နေကြတယ်ပေါ့။ ဒါကြောင့် ဝိညာဉ်ပူးပြပွဲပုံစံထက် စုပေါင်းဝတ်ပြုဆုတောင်းပွဲနဲ့ ပိုတူနေတော့တယ်။ ဝီ(လ်)ကီက ပွဲကို စဖွင့်လိုက်တယ်။

'ကဲ..ရမ္မကို တိုင်တည်ပင့်ဖိတ်ချိန်ကျပြီ'

သူက ပြောပြောဆိုဆို ဖိနပ်တွေချွတ်ပြီး လည်စည်းကိုလည်း လျှော့လိုက်တယ်။ လက်တန်းပါတဲ့ ကုလားထိုင်ပေါ် ဝင်ထိုင်ပြီး မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။ နောက်တော့ ရမ္မကို စိတ်နဲ့ ဖိတ်ပင့်လိုက်ပါရော။ ပြီးတာနဲ့ ဘဝင်ကျပြီး မိန်းမောသွားတဲ့အထိ စိတ်ခရီးနှင်ဖို့ အသင့်ပြင်လိုက်တော့တယ်။

ဝီ(လ်)ကီရဲ့ အသက်ရှူသံက တဖြည်းဖြည်းပြင်းပြီး လေးလံလာတယ်။ ဝေဒနာတစ်ခုခုကို ခံစားလိုက်ရသလို မျက်နှာတစ်ချက် ရှုံ့သွားတယ်။ ခဏကြာတော့ တစ်ကိုယ်လုံး ပျော့ပျောင်းသွားပြီး အကြောလျှော့သလိုမျိုး ကိုယ်ကို တွန့်လိမ်လိုက်တယ်။ နောက်ဆုံးမှာတော့ ဆာလာအိတ်ခွံတစ်လုံး တွန့်ခွေကျသွားသလို တစ်ကိုယ်လုံး ကွေးညွတ်သွားခဲ့တယ်။ ဝီ(လ်)ကီဟာ ကုလားထိုင်ပေါ်မှာ အရုပ်ကြိုးပြတ် ကျသွားသလို ရှေ့ကို ကိုင်းကိုင်းကြီး ဖြစ်နေတော့တယ်။ အသက်မရှိတော့တဲ့အတိုင်းပါပဲ။

ဝီ(လ်)ကီရဲ့ ခြေထောက်ကို စမ်းကြည့်တော့ ကနဦးမှာ သွေးခုန်ပုံက လှုပ်တယ်ဆိုရုံကလေးပဲ တွေ့ရတယ်။ နောက်တော့ အပေါ်ဘက်ကို ပြန်စီးပြီး ဆ◌က်သွားတယ်။ ပြန်ဆင်းလာပြီး တစ်ခါပြန်တက်သွားပြန်ရော။ နောက်ဆုံးမှာ ဆောင့်တက်သွားတော့တယ်။ ဝီ(လ်)ကီရဲ့ ခြေထောက်သွေးကြောကို ကျုပ်ကိုယ်တိုင် စမ်းသပ်ပြီး စောင့်ကြည့်ခဲ့တာပါ။ သေပြီးတဲ့ ခန္ဓာကိုယ်ထဲကို အသက်ပြန်ဝင်လာတဲ့ ပုံစံမျိုးလားလို့လည်း တွေးခဲ့မိတယ်။ အဲဒီအခိုက်မှာ ဘေးနားမှာရှိတဲ့ ဝီ(လ်)ကီရဲ့ဇနီးက ကျုပ်အင်္ကျီလက်မောင်းစကိုဆွဲပြီး တိုးတိုးပြောလာခဲ့တယ်။

'အဲဒါ ရမ္မပဲ။ သူ ဝင်လာနေပြီ'

ဝီ(လ်)ကီရဲ့ခေါင်းဟာ ဆတ်ခနဲ နောက်လန်သွားတယ်။ မျက်လုံးတွေကတော့ စုံမှိတ်ထားလျက်ပဲ။ ရုတ်တရက် နဖူးအလယ်ကို လက်မနှင့်ထောက်ပြီး ပုလင်းဖော့ဘူးဆို့ကို လှည့်ဖွင့်တဲ့ပုံမျိုး လှုပ်ရှားလိုက်တယ်။ အဲဒီပုံစံလှုပ်ရှားမှုဟာ ရမ္မ အမှန်တကယ်ရောက်လာပြီဆိုတာကို ကနဦးပြတဲ့ သင်္ကေတပဲလို့ ဝီ(လ်)ကီက နောက်ပိုင်းမှာ ပြောပြခဲ့တယ်။ ပြီးတော့ အဲဒါဟာ ဝိညာဉ်ပူးသူရဲ့ တတိယမျက်လုံးလို့ခေါ်တဲ့ အမြင်အာရုံကို ဂမ္ဘီရနည်းနဲ့ ဖွင့်ပေးတာလည်း ဖြစ်တယ်လို့ ရှင်းပြခဲ့တယ်။

နောက် ခဏလောက်ကြာတော့ ဝီ(လ်)ကီဟာ ခေါင်းကို မတ်မတ်ကြီးဆန့်လိုက်တယ်။ လက်နှစ်ဖက်ကို ခေါင်းဘတ်ရှေ့မှာ ဖြည်းဖြည်းချင်း ကြက်ခြေခတ်ယှက်လိုက်တယ်။ အရှေ့တိုင်း◌ အရိုအသေပေးတဲ့ ပုံစံမျိုးလိုပေါ့။ နောက်ဆုံး ခေါင်းကို မသိမသာ ညွတ်လိုက်ေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ တစ်ပြိုင်တည်းမှာပဲ ဝီ(လ်)ကီရဲ့ မျက်နှာထားက ပြောင်းသွားတယ်။

မျက်နှာပေါ်က အင်္ဂါရပ်တွေ ပြောင်းသွားတာ မဟုတ်ဘူးနော်။ ပါးရေနားရေတွန့်နေတဲ့ အသက်ကြီးပိုင်း မင်းစိုးရာဇာ တစ်ယောက်ပုံမျိုး ပေါက်သွားတာ။ သဘောမနော ကောင်းတဲ့ ဝီ(လ်)ကီရဲ့ နှုတ်ခမ်းဖူးဖူးတွေဟာလည်း ပါးပါးနဲ့ တင်းတင်းစေ့ထားတဲ့ပုံစံ ဖြစ်သွားပါရော။ ပြီးတော့ အရှေ့တိုင်းဆန်တဲ့ မျက်နှာပေါက်။ ကျုပ်တို့ရှေ့မှာ ထိုင်နေတာ ဂျင်(မ်)ဝီ(လ်)ကီ မဟုတ်တော့ပါဘူး၊ ရမ္မဖြစ်သွားပါပြီ။

'ဝိညာဉ်ကမ္ဘာက မင်္ဂလာနှုတ်ခွန်းဆက်သမှုတွေ ပါးလိုက်ပါတယ်။ သင်တို့ကို ဘုရားသခင် ကောင်းချီးပေးတော်မူပါစေ'

ရမ္မရဲ့ အသံသြသြကြီးကို ပထမဆုံး ကြားလိုက်ရတာပါ။ ရင်ထဲတောင် တုန်ခါသွားရတယ်။ အသံသြစာနဲ့ ပြည့်ပြီး ပဲ့တင်သံခတ်နေတယ်။ တစ်ခန်းလုံး ဟိန်းထွက်သွားတယ်။ ဝီ(လ်)ကီရဲ့ ဖင်ကိုအသံလေးတော့ နည်းနည်းရောပါနေတယ်။ သို့ပေမယ့် ရသံကို ကျယ်ကျယ်ပြောတတ်တဲ့ စကော့လေသံမျိုးကိုတော့ တစ်စကလေးတောင် မကြားရတော့ဘူး။ အဲဒီအစား နိုင်ငံခြားလေသံ တစ်မျိုးက မသိမသာလွှမ်းနေခဲ့တယ်။ ပြီးတော့ သွားကို စေ့ပြီး မပီမပြင်နဲ့ပြောတဲ့ အသံမျိုးပါပဲ။

စကားကို စီကာပက်ကုံး ဖွဲ့နွဲ့ပြောဆိုပုံကလည်း ဝီ(လ်)ကီရဲ့ဟန်နဲ့ လုံးဝကွဲပြားသွားတယ်။ ရမ္မ ဝင်ပူးပြီး ပြောနေတုန်း အသံဖမ်းထားတဲ့ တိပ်ခွေကို ဝီ(လ်)ကီရဲ့ အဖေဆီ ပို့ပေးခဲ့ဖူးပါတယ်။ အဘိုးကြီးက သူ့သားအသံမဟုတ်မှန်း ချက်ချင်း သိခဲ့တယ်လေ။ လုံးဝမျှော်လင့်မထားဘဲ ရမ္မဟာ ကျုပ်ကို တည့်တည့်ကြီးလှည့်ကြည့်လာခဲ့တယ်။ မျက်စိစုံမှိတ်လျက်ကြီးနဲ့လေ။ ကြည့်ရတာ သဘာဝလွန် အာရုံအစွမ်းနဲ့ မြင်နေပုံရတယ်။ ရုတ်တရက် ကျုပ်ကို လှမ်းပြောလိုက်တယ်။

'ကျွန်ုပ်တို့က မေတ္တာပို့သလိုက်ပါတယ်။ ချစ်စွာသော မိတ်ဆွေကြီး၊ သင်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာပါတယ်။ သင်နဲ့တကွ သင့်မိသားစုကို ဘုရားရှင် ကောင်းချီးပေးပါစေ'

ကျုပ်ကလည်း ယဉ်ကျေးဖွယ်ရာ ပြန်ပြောလိုက်ရတယ်။

'သင့်ကိုလည်း ဘုရားသခင် ကောင်းချီးပေးပါစေ ရမ္မ၊ ခုလို အလွယ်တကူ ဆုံတွေ့ခွင့်ရလို့ ပြောမပြနိုင်အောင် ဝမ်းသာရပါတယ်'

(ကြည့်စမ်း၊ ကျုပ်ဟာ အာဂတခွေကြီးတစ်ကောင်နဲ့ လူလူချင်းပြောသလိုမျိုး ဆက်ဆံခဲ့ရတာပါပဲလား။)

ရမ္မဟာ ကျုပ်ရဲ့ ပုဂ္ဂလိက ရည်မှန်းချက်တွေအကြောင်း ပြောပြီး အနာဂတ်အတွက်လည်း ကြိုဟောခဲ့တယ်။

'ခင်ဗျားဟာ သတင်းစာသမားတစ်ယောက် ဖြစ်လာလိမ့်မယ်'

အဲဒီတုန်းက ကျုပ်ရည်မှန်းချက် မဟုတ်ပေမယ့် စောဒကမတက်ဘဲ ပြန်မေးလိုက်မိတယ်။

'အနာဂတ်အကြောင်းတွေကို ဘယ်လိုလုပ်ပြီး ကြိုတင်ပြောနိုင်ရတာလဲဗျ'

'တောင်ထိပ်တစ်ခုပေါ်ကနေ အောက်ဘက် တောင်ကြားထဲကို အပေါ်စီးက လှမ်းကြည့်ရသလိုပါပဲ။ တောင်ကြားဆိုတာက ဒီခေတ် ဒီကမ္ဘာကြီးပေါ့။ အတိတ်နဲ့ အနာဂတ် ဖြစ်စဉ်တွေကတော့ မျက်စိတစ်ဆုံး မြင်နေရတဲ့ တောင်အောက်က ကျေးလက်ဒေသ မြင်ကွင်းကျယ်ကြီးနဲ့ တူတယ်။ အဲဒီမှာ အနာဂတ်အကြောင်းတွေက ဟိုးအဝေးက ပစ္စည်းတစ်ခုကို လှမ်းကြည့်ရသလို မှုန်ဝါးဝါးပေါ့။ အဲ--ပစ္စုပ္ပန်နဲ့နီးတဲ့ အနာဂတ်ကိုတော့ ပိုပြီးပြတ်ပြတ်သားသား မြင်ရတယ်။ ဒါကြောင့် အနာဂတ်ဖြစ်စဉ်တစ်ခုကို အတိအကျ ပြောဖို့ကျတော့ ပစ္စည်းတစ်ခုကို အကွာအဝေးအလိုက် ခန့်မှန်းရတာနဲ့ တူတယ်။ နီးလာလေလေ အသေးစိတ် ပိုမြင်လာရလေပဲ'

ရမ္မဟာ စက္ကန့်ပိုင်းလောက် နားလိုက်ပြီးမှ ဆက်ပြောခဲ့တယ်။

'ကျုပ်တို့ကို အရာရာတိုင်း သိတယ်လို့ မထင်နဲ့။ ခင်ဗျားတို့ထက် နည်းနည်းလေး ပိုသိတာပဲရှိတယ်။ ကျုပ်တို့ဆီမှာ အနားယူတဲ့ ဂေဟာတွေ ရှိတယ်။ ရုတ်တရက် ထိတ်လန့်တကြားနဲ့ သေသွားတဲ့သူတွေကို အဲဒီမှာထားပြီး ပြုစုစောင့်ရှောက်ပေးတယ်။ ရောက်နေတဲ့ဘဝသစ်နဲ့ အံဝင်ခွင်ကျ နေတတ်အောင် ကူညီပေးတယ်။ ခင်ဗျားဆွေမျိုး တစ်ယောက်လည်း အဲဒီကို ရောက်နေတယ်။

www.burmeseclassic.com

သူ့ကိုယ်သူ သေသွားပြီဆိုတာကို လက်မခံချင်သေးတဲ့ အမျိုးသမီးတစ်ယောက်ပဲ။ အရင်ဘဝမှာပဲ ရှိနေသေးတယ်လို့ အစွဲကြီးနေတယ်။ ဝိညာဉ်လောကနဲ့ ဒီကမ္ဘာလောကကို မခွဲခြားနိုင်သေးဘူး။ သေသေချာချာ ရှင်းပြလိုက်ရင်တော့ သဘောပေါက် လက်ခံသွားမယ် ထင်တယ်။ အဲဒီအခါကျရင် ဝိညာဉ်လောကမှာ ကောင်းကင်ဘုံထက်တောင် ကျင့်ဝတ်တွေ ပိုများနေတာပါ သိသွားပြီး လန့်ဖျပ်သွားမှာတောင် စိုးရတယ်'

(အဲဒီအမျိုးသမီးအကြောင်းကို သိပ်စိတ်မဝင်စားလို့ အသေးစိတ် မမေးခဲ့ပါဘူး။)

ရမ္မဟာ တချို့သော ဘာသာရေးအယူသီးသမားတွေရဲ့ အားနည်းချက်ကိုလည်း ချင့်ချိန်ပြီး ပြောသွားခဲ့တယ်။

'သူတို့ရဲ့ အထင်ကရ မှားယွင်းချက်ကတော့ ငရဲပြည်မှာ ထာဝရခံစားရတယ်ဆိုတဲ့ ဩဝါဒအလွဲပဲ။ နောက်ဘဝဆိုတာ လူတစ်ဦးချင်းစီရဲ့ စိတ်သဘောထားပေါ်မှာ မူတည်နေတယ်။ ဉာဏ်ပညာနဲ့လည်း သဘောပေါက်မှု အနုအရင့်အလိုက် ဘုံအဆင့်ဆင့် ကွဲပြားသွားကြတာ။ နာမ်ပိုင်းဆိုင်ရာ ဆင့်ကဲပြောင်းလဲမှု အခြေအနေပေါ် မူတည်ပြီးတော့လည်း မှီခိုရမယ့်ဘုံတွေ ပြောင်းသွားနိုင်တယ်။ အကျင့်သီလ ဘယ်လောက်ခေါင်းပါးတဲ့ ဝိညာဉ်ဖြစ်ဖြစ် အဆုံးမဲ့ ကွယ်ပျောက်ပျက်သုဉ်းသွားတယ်ဆိုတာ မရှိဘူး။ တချို့ဆိုရင် ဘာသာယက်ပြီး ဆင်းသွားတဲ့ ငရဲအောက်ဆုံးကနေတောင် ပြန်တက်လာနိုင်ကြသေးတယ်'

ခရစ်တော်ဟာ သူနေတဲ့ဘုံထက် အဆများစွာမြင့်တဲ့ ဘုံမှာ သူတော်စင်တွေနဲ့အတူ မွေ့လျော်နေတယ်လို့လည်း ရမ္မက ပြောပြခဲ့တယ်။ လူ့သက်တမ်းနဲ့တွက်ရင် တစ်နှစ်ကိုတစ်ကြိမ် ခရစ်တော်နဲ့ သူ တွေ့ဆုံခွင့်ရတဲ့ အကြောင်းလည်း ပါတယ်။ သူဟာ တခြားအဖွဲ့သားတွေနဲ့လည်း စကားလက်ဆုံကျခဲ့တယ်။ တစ်ဦးချင်းအလိုက် သင့်လျော်တဲ့ အကြောင်းတချို့ကို ပြောခဲ့တာပါ။

ဝိညာဉ်ပူးတဲ့အမျိုးသမီး ဝီ(လ်)ကီရဲ့ ဇနီးကတော့ မဟုတ်ဘူးဆိုရင် ပြစ်တင်ဆုံးမခံရလို့ အတော်တုန်လှုပ်သွားခဲ့တယ်။ သူ့ရဲ့ စရိုက်ဆိုးတွေကို ပြင်ခိုင်းပုံရတယ်။ အမျိုးသမီးဟာ မျက်ရည်ပေါက်ကြီးငယ်တွေ ကျလာတယ်။ ရမ္မနဲ့ အဲဒီအမျိုးသမီးတို့ဟာ တစ်ခန်းလုံး ဘယ်သူမှ နားမလည်တဲ့ ဘာသာစကားနဲ့ ပြောဆိုခဲ့ကြတာပါ။ အမျိုးသမီးရဲ့အမူအရာ အချိုးပြောင်းသွားပြီး ရမ္မရဲ့ ပဲ့ပြင်ဆုံးမမှုကို နာခံလိုက်နာမယ်လို့လည်း ကတိပေးလိုက်ပုံရတယ်။ ရမ္မဟာ လက်နှစ်ဖက်ကို ကောင်းချီးပေးတဲ့ဟန်နဲ့ မြှောက်လိုက်ရင်း နှုတ်ဆက်စကား ပြောလိုက်ပါတယ်။

'ကဲ..ကိုယ့်ဘုံ ကိုယ်ပြန်ဖို့ အချိန်တန်ပြီ။ ငြိမ်းချမ်းကြပါစေ။ နောက်တစ်ခါ ပြန်ဆုံတဲ့အချိန်အထိ ဘုရားသခင်ရဲ့ စောင့်ရှောက်မှုကို ခံကြရပါစေ'

စကားအဆုံးမှာ လက်နှစ်ဖက်ဟာ ဝီ(လ်)ကီရဲ့ ပေါင်ခွင်ကြားကို ပျော့ခွေကျသွားတယ်။ အိုမင်းနေတဲ့ ရှေးခေတ်ပေါင်းက လူကြီးပုံစံ မျက်နှာကြီးဟာလည်း ရှေ့ဘက်ကို တဖြည်းဖြည်း ကိုင်းညွတ်ကျလာတယ်။ နောက်ဆုံး မေးစေ့က ရင်ဘတ်နဲ့ ထိတော့မှပဲ ရပ်သွားတော့တယ်။

ခန္ဓာကိုယ်ကြီးကလည်း ကြည့်နေရင်းက သိသိသာသာကြီးပဲ လူသေတစ်ပိုင်းလို ပြန်ဖြစ်လာတော့တယ်။ ဇက်ကျိုးပြီး အသက်ထွက်သွားသလိုပါပဲ။ သို့ပေမယ့် စက္ကန့်ပိုင်းအတွင်းမှာပဲ ဝီ(လ်)ကီဟာ ပြန်ပြီးလှုပ်လှုပ်ရှားရှားလာခဲ့တယ်။ မျက်နှာကိုရှုံ့မဲ့ရင်း ခါးကြောဆန့်လိုက်တော့တယ်။ တစ်ချက်သမ်းဝေပြီး မျက်လုံးတွေကို ပွတ်သပ်နေခဲ့တယ်။ မျက်လုံးတွေ တဖြည်းဖြည်းပွင့်လာပြီး မျက်တောင်ခတ်ရင်း အိပ်ချင်မူးတူးသံနဲ့ ပြောလာတော့တယ်။

'ဘယ်လိုလဲ၊ အခြေအနေကောင်းကြရဲ့လား။ ရမ္မက ဘာတွေများ ပြောသွားလဲ'

◆◆◆

ရမ္မဆိုတာ ဘယ်သူပါလိမ့်။

ဝိညာဉ်ပူးသူတွေ ဘဝင်ကျသွားချိန်မှာ ဝင်ပူးပြီး ထိန်းချုပ်စေစားတတ်သူကို ရမ္မဟု ခေါ်သည်လို့ ပြောရမလိုပါပဲ။ သို့ပေမယ့် ရမ္မဟာ ဝီ(လ်)ကီ့ တစ်ယောက်တည်းကိုသာ ထိန်းချုပ်ပြီး ဝင်ပူးနိုင်ပုံရတယ်။ ဒါကလည်း သူ့အတွက် အခွင့်ထူးတစ်ခုရခဲ့တာပါ။ ရှင်းပြပါ့မယ်။

ကျုပ်ဟာ နိုင်ငံအတော်များများကို လှည့်လည်စွန့်စားပြီး ခရီးသွားမှုဆိုး လုပ်ခဲ့ဖူးတယ်။ ဒါကြောင့် ရမ္မလို ဝိညာဉ်တွေ တစ်လှေကြီးနဲ့ အကျွမ်းတဝင် ဖြစ်ခဲ့ရတယ်။ တချို့ဆိုရင် သူ့ထက်ဓိတောင် အရောင်အဝါ ပိုပြီးတောက်ပကြ

www.burmeseclassic.com

သေးတယ်။ အဲဒီဝိညာဉ်တွေထဲက အမှတ်ရသလောက် ပြောပြမယ်။

သူ့ကိုယ်သူ ဝမ်နီတုလို့ပြောတဲ့ လူနီရိုင်းတစ်ယောက်နဲ့ သူ့သမီး၊ နာမည်ခေါ်ရခက်တဲ့ တရုတ်ပညာရှိ တစ်ယောက်၊ မေရီမာတင်ဆိုတဲ့ စကော့လုံမပျိုကလေး၊ အဗ္ဗဒူအဘူလာဆိုတဲ့ အာရေဗျသူရဲကောင်းတစ်ယောက်၊ နောက်တစ်ယောက် ရှိသေးတယ်။ သူ့အကြောင်း သူပြန်မပြောချင်တဲ့ အင်္ဂလိကန် ဘုန်းကြီးတစ်ပါး။ သူ့ရဲဘောကြောင့်ပြီး သေခဲ့ရတာမို့ သူ့နောက်ကြောင်းတွေ ပြန်ပြောရမှာ ရှက်နေသတဲ့လေ။ အဲဒါ ကျုပ်နဲ့ရင်းနှီးခဲ့တဲ့ တစ္ဆေတချို့ပါ။ သူတို့ဟာ လူတိုင်းကို ဝင်ပူးလို့ မရပါဘူး။ ရမ္မလို ပုံသေထိန်းချုပ်ဝင်ပူးနိုင်တဲ့သူနဲ့ ကြုံဖို့ဆိုတာကတော့ အကြောင်းပေါင်းစုံမှ ဖြစ်နိုင်တာပါ။

တကယ်လို့ သင်ဟာ ဝိညာဉ်ပူးသူတစ်ယောက်ယောက်နဲ့ ကံအားလျော်စွာ ရင်းနှီးခဲ့မယ် ဆိုပါတော့။ သူ့ရဲ့ယုံကြည်မှုကိုလည်း အထိုက်အလျောက် ရတယ်ထားလိုက်။ ဒါဆိုရင် သူ့ရဲ့ထိန်းချုပ်မှုဟာ ဘယ်လောက်ယုံကြည်အားထားရကြောင်းတွေကို အားတက်သရော ပြောပြလာပါလိမ့်မယ်။ အဲဒီလိုပုံစံနဲ့ သူ့အသက်ကို ရမ္မက အကြိမ်ကြိမ် ကယ်ခဲ့ပုံတွေထဲက တစ်ခုကို ဝီ(လ်)ကီက ပြောပြခဲ့ဖူးတယ်။

'ဒုတိယကမ္ဘာစစ်တုန်းက ဗြိတိသျှ ကုန်သွယ်ရေကြောင်းလိုင်း သင်္ဘောတစ်စင်းပေါ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။ အဲဒီနေ့က ကျုပ်တော်တို့သင်္ဘောဟာ အီတလီက ဘေရီဆိပ်ကမ်းမှာ ကျောက်ချထားခဲ့တယ်။ မမျှော်လင့်ဘဲနဲ့ ရမ္မက ကျွန်တော့်အာရုံကို လှုပ်နှိုးလာခဲ့တယ်။ အရေးပေါ်ကိစ္စ ကြုံလာပြီဆိုတာ သိလိုက်တယ်။ ရမ္မရဲ့ ချက်ချင်းဝင်ပူးချင်တဲ့ဇောကြောင့် ကျွန်တော်လည်း အဲဒီနေရာမှာပဲ မေ့မြောသွားခဲ့တယ်။ ကျွန်တော့်အကြောင်း သိတဲ့ သင်္ဘောသားတွေကလည်း အံ့ဩတကြီး ဝိုင်းအုံလာကြတာပေါ့။ အဲဒီမှာပဲ ရမ္မက နှုတ်စီးပြီး ပြောတော့တာပဲ။

'သုံးရက်အတွင်းမှာ သေကျေပျက်စီးမှုတွေနဲ့ ကြုံရလိမ့်မယ်။ သတိထားနေပေတော့'တဲ့လေ။

သူပြောတဲ့အတိုင်းပါပဲ၊ နောက်သုံးရက် အကြာမှာဂျာမန် ကျွမ်းထိုးဗုံးကြဲလေယာဉ်တွေက ကျွန်တော်တို့သင်္ဘောအုပ်ကို ရုတ်တရက်ဝင်တိုက်တော့ ကုန်ပါရောလား။ ရမ္မရဲ့ ကျေးဇူးကြောင့် ကျွန်တော်ကတော့ ခုလို ပြန်ပြောပြနေနိုင်တာပါပဲ'

◆◆◆

ဂျင်(မ်)ဝီ(လ်)ကီရဲ့ ရမ္မဆိုတာ ဘာပါလိမ့်။

ဝင်ပူးပြီး ဩဇာပါတဲ့အသံနဲ့ ပြောတာဟာ မသိစိတ်ဖုံးနေချိန်မှာ ဝီ(လ်)ကီကိုယ်တိုင်ပဲ ပြောခဲ့တာလား။ ဒါမှမဟုတ် လက်လှမ်းမမီတဲ့ တစ်နေရာမှာရှိတဲ့ အရင်းအမြစ်တစ်ခုခုက ထွက်လာတဲ့အသံများလား။ ဘာကြောင့်တုန်းဆိုတော့ ရမ္မဟာ သာမန်အချိန်မှာရှိတဲ့ ဝီ(လ်)ကီနဲ့ ဘယ်လိုမှ ပတ်သက်ဆက်စပ်မှုမရှိဘဲ သီးခြားသတ်သတ်ဖြစ်နေလို့ပါပဲ။ ပြီးတော့ ရမ္မက ဒီကမ္ဘာမြေနဲ့ မသက်ဆိုင်တဲ့ သီးခြားဘုံတစ်ခုမှာ သီးခြားဘဝတစ်ခုနဲ့ ရပ်တည်နေတာလေ။

ဘာပဲပြောပြော သူတို့ချင်းကတော့ ဆက်သွယ်မိနေကြတာ အမှန်ပါပဲ။ သို့ပေမယ့် ရမ္မနဲ့ ဝီ(လ်)ကီတို့ကြားမှာလည်း သဘောချင်း မတိုက်ဆိုင်တာလေးတွေ ရှိပါတယ်။ တချို့ကိစ္စတွေက လူရယ်စရာမျိုးဖြစ်သလို ကြောက်ခမန်းလိလိ ဆိုးရွားတဲ့ အကြောင်းတွေလည်း ရှိခဲ့တယ်။ ဒါကြောင့်ပဲ တစ်ခါတုန်းက ဝီ(လ်)ကီဟာ တကယ့်ကို စိတ်ကုန်ခန်းပြီး နောင်တရသံနဲ့ ပြောခဲ့တယ်။

'ကိုယ့်ကိုယ်နဲ့ သူများစိတ်လို ဖြစ်နေရတာကို ကြာတော့ စိတ်ပျက်လာတယ်။ ဒါကြောင့် ကျွန်တော့်ခန္ဓာကြီး





www.burmeseclassic.com

www.burmeseclassic.com

ကို ရမ္မက အပြီးအပိုင်လွဲယူသွားရင် သိပ်ကောင်းမှာပဲလို့ မကြာ,မကြာ တွေးမိခဲ့တယ်ဗျ'

အဲဒါကိုကြည့်ရင် ရမ္မက မူလခန္ဓာပိုင်ရှင်ဖြစ်ပြီး ဝီ(လ်)ကီက သူ့ရဲ့ကိုယ်ပွားပဲလို့ ယူဆရမလို ဖြစ်နေတော့တယ်။ တချို့အဖြစ်အပျက်တွေမှာ ရမ္မဟာ ကြိုတင်အရိပ်အယောင်တောင် မပြဘဲ ရုတ်တရက် ဝင်ပူးလေ့ရှိတယ်။ များသောအားဖြင့် ဝီ(လ်)ကီ အိပ်မောကျသွားချိန်မျိုးတွေမှာပေါ့။ ဒါ့အပြင် ဝီ(လ်)ကီရော သူပါ ဒုက္ခရောက်ပြီးဘေးတွေ့မယ့် လုပ်ရပ်မျိုးတွေ မလုပ်နိုင်အောင် ရုတ်တရက် အတင်းအကျပ်ဝင်ပူးပြီး ဟန့်တားခဲ့တာ နှစ်ကြိမ်လောက် ရှိတယ်။ အဲဒါတွေက ဝီ(လ်)ကီရဲ့ အကျင့်စရိုက်နဲ့ သက်ဆိုင်နေလို့ အသေးစိတ် ပြောမပြတော့ပါဘူး။

ဒုတိယကမ္ဘာစစ်တုန်းက ဗြိတိသျှ ကုန်သွယ်ရေကြောင်း သင်္ဘောပေါ်မှာ အသက်ဘေးက ရှောင်နိုင်အောင် ရုတ်တရက် ဝင်ပူးပြီး ကြိုတင်သတိပေးခဲ့တဲ့အကြောင်း ပြောပြခဲ့ပြီးပါပြီ။ စင်စစ်မှာတော့ အဲဒါဟာ ဝီ(လ်)ကီနဲ့ လုပ်ဖော်ကိုင်ဖက် သင်္ဘောသားတွေ အကျိုးသက်သက် မဟုတ်ပါဘူး။ ကျုပ်တို့လူတွေကြားမှာ သူ ဆက်ပြီး ရှင်သန်နိုင်ဖို့အတွက်လည်း ပါပါတယ်။ ဒီကမ္ဘာမြေနဲ့ သူဆက်သွယ်နိုင်ဖို့ မဏ္ဍိုင်က ဂျင်(မ်)ဝီ(လ်)ကီလေ။ ဒီတော့ ဝီ(လ်)ကီ မရှိရင် ရမ္မဆိုတာလည်း ပျောက်ဆုံးသွားရတော့မှာ ဖြစ်လို့ပါပဲ။

ဝီ(လ်)ကီရဲ့ဘဝထဲကို ရမ္မဝင်ရောက်ခဲ့တာဟာ သူတို့သားအဖ နှစ်ယောက်ရဲ့ ဆက်ဆံရေးအပေါ် အခြေခံခဲ့တယ်ဆိုတဲ့ သဲလွန်စကို တွေ့ခဲ့ရတယ်။ သူ့အဖေနဲ့ ပတ်သက်ပြီး ဝီ(လ်)ကီက ပြောပြခဲ့ဖူးတယ်လေ။

'ဝိညာဉ်လောကနဲ့ ဆက်သွယ်ခဲ့တဲ့ ကျွန်တော့်ကို အဖေက အမြဲလိုလို နှိပ်ကွပ်ခဲ့တာဗျ။ ကိုယ်ပိုင်အစွမ်းအစ မရှိတဲ့ အရှုံးသမားလို့လည်း မြင်ခဲ့တာ'

ဝီ(လ်)ကီရဲ့ အဖေဟာ စိတ်ဓာတ်အလွန်မာကျောတဲ့ သူပါ။ ဗြိတိသျှစစ်တပ်ထဲဝင်ပြီး အိန္ဒိယမှာ တာဝန်ကျခဲ့ဖူးတယ်။ ဒီတော့ ပိရမစ်နဲ့ပတ်သက်တဲ့ ပုံပြင်ဇာတ်လမ်းတွေနဲ့ ကုလားအုပ်တွေအကြောင်း ပြောပြခဲ့တာ သားငယ်လေး ဂျင်မီရဲ့ မသိစိတ်ထဲအထိ စွဲနေခဲ့ပုံရတယ်။ ဒါ့အပြင် သူ့အဖေဟာ အိန္ဒိယလိုလည်း ထမင်းစားရေသောက် ပြောနိုင်တယ်လေ။ ဒီတော့ ရမ္မဟာ ဝီ(လ်)ကီရဲ့ အစားထိုး အဖေများ ဖြစ်လေမလား။ ဝီ(လ်)ကီရဲ့ မသိစိတ်ထဲက တောင့်တမှုအရ မေ့ပျောက်နေတဲ့ အတိတ်ဖြစ်စဉ်တွေကနေ ပြန့်ပြီးဖော်ထုတ်ဖန်တီးခဲ့တာများလား။

ဘာပဲပြောပြော ရမ္မ လုပ်လိုက်သမျှ ရင်ထိတ်စရာတွေချည်းပဲ ဆိုတာကတော့ မငြင်းနိုင်ပါဘူး။ သူဟာ ကျုပ်တို့အတွက် မိတ်ဆွေကောင်းတစ်ယောက်ပါ။ ကျုပ်ကိုယ်တွေ့ကြုံခဲ့ရတဲ့ အံ့ဖွယ်ထူးကဲ ဖြစ်ရပ်တစ်ခု ရှိခဲ့တယ်။ တစ်နေ့မှာ ဝီ(လ်)ကီဟာ ကျုပ်ဇနီးသည်ဆီကို မမျှော်လင့်ဘဲ ဖုန်းဆက်လာပါတယ်။

'ဟဲလို..မစ္စမာရီယွန်၊ ခင်ဗျားတို့သမီးလေး အပြင်းဖျားနေတာကို ရမ္မက စိတ်ပူနေတယ်။ မကြာခင်မှာ မနောဓာတ်လွှတ်ပြီး ကုပေးမယ်လို့လည်း ပြောတယ်ဗျ'

အဲဒီအချိန်တုန်းက ဝီ(လ်)ကီဟာ ကျုပ်တို့နဲ့ မိုင်သုံးရာလောက်ကွာတဲ့မြို့မှာ နေတာပါ။ သူနဲ့ အဆက်အသွယ်ပြတ်နေတာလည်း အတော်ကြာခဲ့ပါပြီ။ သူက ဖုန်းထဲကနေ ဆက်ပြောခဲ့ပါတယ်။

'ခင်ဗျားသမီးလေးကို အခု သွားကြည့်လိုက်ပါဦး။ ရောဂါလျော့ပြီး ဘက်သာသွားပါပြီ'

ကျုပ်ဇနီး မာရီယွန်ဟာ ဝီ(လ်)ကီ ဖုန်းမချခင်မှာပဲ အပြေးတစ်ပိုင်း ထွက်သွားခဲ့တယ်။ အနားရောက်သွားတော့ မာရီယွန်ဟာ မျက်လုံးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရတယ်။ ဆရာဝန်နဲ့ အနီးကပ်ကုသပေးနေရတဲ့ သမီးလေးဟာ အဖျားသက်သာပြီး မျက်နှာလေး လန်းဆန်းနေတာ တွေ့လိုက်ရလို့ပါပဲ။ ဝီ(လ်)ကီဆီက ဖုန်းမလာခင်ကလေးကပဲ သမီးလေးကို ကြည့်ခဲ့သေးတယ်လေ။ လက်ဖျားခါလောက်တဲ့ ရမ္မရဲ့ အစွမ်းပါပဲ။ မိုင်သုံးရာလောက်ဝေးတဲ့ နေရာကနေ စက္ကန့်ပိုင်းအတွင်း မနောဓာတ်နဲ့ ကုသပေးလိုက်တာလေ။ ကျုပ်စိတ်ထဲကနေ ကြွေးကြော်လိုက်မိတယ်။ ရမ္မ ကြားလောက်ပါရဲ့။

'အို..ရမ္မ၊ သင် ဘယ်သူပဲဖြစ်ပါစေ ကျွန်ုပ်လေးစားစွာနဲ့ ဦးညွှတ်ဂါရဝပြုပါတယ်'

**ကျော်ဇော(စားကုန်)**

Ref : ALLEN SPRAGGETT ၏ MY FRIEND, THE GHOST ကို သင့်လျော်အောင် ပြန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးရူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။


အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။


**လူကြီး** ။ ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

www.burmeseclassic.com

## မည်းမည်းကောင်ကြီးနှင့် စုန်ချည်ဆန်ချည်

(၁)

မိုးကလေးက တစိမ့်စိမ့် ရွာသွန်းနေသည်။ အချိန်က ညကိုးနာရီထိုးခန့် ရှိပြီဖြစ်သည်။ ကိုထွန်းဇော်သည် သူ၏ ပရိဘောဂ်တက္ကစီကားလေးကို ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာရင်း ခရီးသည်ရှာနေသည်။ တနင်္ဂနွေနေ့ညဖြစ်သည်ကလည်း တစ်ကြောင်းမို့ တခြားညများထက် ပို၍ လူခြေပြတ်နေသလားဟုပင် သူထင်မိသည်။ သို့သော်လည်း သူက အံ့နာခ မပေးရဘဲ မိမိကားကို မိမိ





www.burmeseclassic.com

www.burmeseclassic.com

မောင်းသူတစ်ယောက် ဖြစ်သောကြောင့် ဆီဖိုးလောက်ကိုသာ ဦးစားပေး ရှာရသည်။ အခြားသူများကို အုံနာခရအောင် အရင်ရှာစရာ မလိုပေ။ သူနေထိုင်သည့်နေရာက မြောက်ဥက္ကလာပ၊ (ည)ရပ်ကွက်ဖြစ်သဖြင့် မြောက်ဥက္ကလာ လမ်းကြုံခရီးသည်ကိုသာ တင်ရန် သူ ဆုံးဖြတ်လိုက်၏။

ကိုထွန်းဇော်သည် ဆူးလေဘက်မှ မောင်းနှင်လာရင်း ယောက်လမ်းမှတ်တိုင်သို့ ရောက်သောအခါ ခရီးသည်တစ်ယောက်က ကားကို လက်တားသဖြင့် ရပ်ပေးလိုက်လေ၏။ ထိုသူသည် ဂျင်းဘောင်းဘီနှင့် ကုတ်အင်္ကျီ ဝတ်ဆင်ထားပြီး အသက်အားဖြင့် လေးဆယ်ဝန်းကျင်ခန့်ဟု ခန့်မှန်းမိလိုက်သည်။ လက်ထဲတွင်လည်း လက်ဆွဲသေတ္တာ တစ်လုံးကို ကိုင်ဆွဲထားသေးသည်။

ကိုထွန်းဇော်က မေးလိုက်၏။

'ဘယ်သွားမလို့လဲ ဆရာ'

'မြောက်ဥက္ကလာအဝိုင်းကြီးကို သွားမလို့'

'လေးထောင်ပဲ ပေးပါ'

ထိုအခါ ထိုသူသည် ဈေးမဆစ်တော့ဘဲ ကား၏ ရှေ့ခန်းတံခါးကို ဖွင့်ကာ ဝင်ထိုင်လိုက်သည်။ ကားပေါ်ရောက်ရောက်ချင်း ထိုသူက-

'အစ်ကိုရေ..ကျွန်တော် မြောက်ဥက္ကလာကားတွေ စောင့်နေတာဗျ။ လာပေမယ့် လာသမျှ ဘီအမ်ကားတွေကလည်း လူကျပ်ပြီး စီးချင်စရာ မရှိလို့ တက္ကစီပဲ ငှားဖြစ်တော့တာ'

'အေးပေါ့ဗျာ၊ ဒီအချိန်ဆို လိုင်းကားကြီးတွေက မရှိတော့ဘူး။ အောက်ဆိုက်ကားတွေပဲ ရှိတော့တာကိုး'ဟု ကိုထွန်းဇော်က ထိုသူ၏ စကားကို အလိုက်အထိုက် ပြန်ပြောလိုက်လေ၏။

'ဒီခေတ်က ညဘက် တက္ကစီစီးရင် ခရီးသည်ကလည်း ကားသမားကို မယုံကြည်၊ ကားသမားကလည်း ခရီးသည်ကို မယုံကြည်တော့ဘူးဗျာ'ဟု ထိုသူက ပြော၏။

'ဟုတ်တယ်ဗျ။ ကျွန်တော်တို့လည်း ကိုယ့်ကို ဒုက္ခပေးမယ့် ခရီးသည်နဲ့ ကြုံလာရင် ပြန်လည်ခုခံဖို့ တုတ်၊ ဓား၊ ငရုတ်သီးမှုန့်ပါ ဆောင်ထားရတယ်ဗျာ'ဟု ကိုထွန်းဇော်က ပြန်ပြောလိုက်၏။

ထိုအချိန်တွင် မိုးကလည်း ခပ်ဖွဲဖွဲရွာသွန်းနေရာမှ တဖြည်းဖြည်းသည်းလာသည်။ ကိုထွန်းဇော်သည်လည်း ကားကလေးကို ကမ္ဘာအေးဘုရားလမ်းတစ်လျှောက် ခပ်မှန်မှန် မောင်းနှင်လာခဲ့၏။ ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ မီးပွိုင့်တစ်ခုသို့အရောက် မီးပွင့်က မီးနီပြနေသဖြင့် ကိုထွန်းဇော်သည် ကားကို ခေတ္တရပ်လိုက်သည်။ ထိုအချိန်တွင် လမ်းတစ်ဖက်အခြမ်းရှိ သစ်ပင်မြင့်ကြီး တစ်ပင်အပေါ်မှ မည်းမည်းအရာကြီး တစ်ခုသည် ကိုထွန်းဇော်၏ ကားကလေးအပေါ်သို့ လွှားခနဲ ခုန်ချလာသည်ကို တွေ့လိုက်ရလေသည်။ ကားကလေးသည်လည်း သိမ့်ခနဲ တုန်ခါသွားတော့သည်။ သို့သော်လည်း ကိုထွန်းဇော်ကသာ သတိထားမိပြီး ခရီးသည်ကတော့ လုံးဝသတိထားမိဟန်မတူဘဲ ပါးစပ်ကနေ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းနေသေး၏။

'ဘုရား..ဘုရား'ဟု ကိုထွန်းဇော် ကြောက်လန့်ပြီး စိတ်ထဲက ရေရွတ်မိလိုက်သည်။ စောစောက သစ်ပင်ပေါ်က ခုန်ချလိုက်သည့် မည်းမည်းအကောင်ကြီးသည် ပရိဘောက်ကားကလေး၏ နောက်ဖုံးခန်း (လူထိုင်သည့်အခန်းမဟုတ်)ထဲတွင် ဝင်ထိုင်နေသည်ကို ကားနောက်ကြည့်မှန်ကနေတစ်ဆင့် ကိုထွန်းဇော် မြင်တွေ့လိုက်ရသောကြောင့်ပင်ဖြစ်၏။ ပရိဘောက်ကားနောက်ခန်းက အခြားကား နောက်ခန်းများထက် ပိုကျယ်သောကြောင့် ထိုမည်းမည်းကောင်ကြီးထိုင်ဖို့ နေရာရသွားတာများလားဟုလည်း ကိုထွန်းဇော် တွေးမိတွေးရာ တွေးလိုက်မိသေးသည်။

စိုးရိမ်စိတ်က ကြီးစိုးပြီး ထိတ်လန့်သွားဖြင့် ကားစတီယာတိုင် ခါယမ်းသွားသောကြောင့် အနားရှိ ခရီးသည်က-

'ဘယ်လိုဖြစ်တာလဲဗျ။ မိုးရေတွေကြောင့် လမ်းချော်နေလို့လား'

ဟု မေးတော့-

'အေးဗျာ..လမ်းကလည်း ဒီချော်တွင်းကုန်းနဲ့ (၁၀၆)ကြားမှာဆို လှိုင်းတွေ နည်းနည်းရှိတယ်'ဟု ပြန်ဖြေလိုက်လေ၏။

သို့သော်လည်း ထိုမည်းမည်းအကောင်ကြီးကို ကိုထွန်းဇော်ကသာ မြင်ဟန်တူသည်။ ခရီးသည်ကတော့ မြင်ဟန်မတူပေ။ ကိုထွန်းဇော်လည်း ထိုအကြောင်းကို

www.burmeseclassic.com

ခရီးသည်အား မပြောဖို့ ဆုံးဖြတ်လိုက်သည်။ သူ့နည်းသူ့ဟန်နှင့်သူ မြင်ခဲ့ရင်တော့ နှစ်ယောက်သား ပူးပေါင်းပြီး တစ်ခုခု ပြုလုပ်ကြမည်။ အခုတော့ ကြောက်စိတ်တွေကို ဖယ်ရှားပြီး ရသမျှ ဘုရားစာများကို ရွတ်ဆိုကာ ကားကို ဆက်လက်မောင်းနှင်လာခဲ့သည်။

ကားမောင်းနေရင်း ကိုထွန်းဇော်သည် တစ်စုံတစ်ခုကို တွေးတောလိုက်တော့မှ စိတ်သက်သာရာ အနည်းငယ် ရသွားသော်လည်း ကြောက်ရွံ့စိတ်က လျော့ပါး၍မသွားပေ။

(၂)

တစ်ခါတုန်းက ဖြစ်သည်။ ကိုထွန်းဇော်တို့အိမ်ကို ဆွမ်းခံကြွလာသော ကိုယ်တော်တစ်ပါးက မေးဖူးသည်။ ထိုဦးပဉ္စင်းက ကိုထွန်းဇော်တို့ ကိုးကွယ်သော ဘုန်းကြီးကျောင်းတွင် ပုံမှန်သီတင်းသုံးသော ဦးပဉ္စင်းမဟုတ်ပေ။ အထက်အညာမှ ကြွချီလာသည့် အာဂန္တုဦးပဉ္စင်းတစ်ပါးသာ ဖြစ်သည်။

'ဒကာကြီးက ကားမောင်းတာဆိုတော့ ညဉ့်နက်တာတွေ ဘာတွေများရှိလား'

'တင်ပါ့ဘုရား၊ တချို့ညတွေဆိုရင် တော်တော်လေးကို ညဉ့်နက်ပါတယ်' ဟု ကိုထွန်းဇော် ပြန်လည်လျှောက်ထားလိုက်သည်။

'ဦးပဉ္စင်းလည်း လောကီပညာတွေကို နည်းနည်းပါးပါး လိုက်စားဖူးတယ်။ ဒကာကြီးက ညဘက် ကားမောင်းတာဆိုတော့ မကောင်းတဲ့ ပရလောကသားတွေရဲ့ အနှောင့်အယှက်ကို မကြုံနိုင်ဘူး မပြောနိုင်ဘူးလေ'

'တင်ပါ့ဘုရား'

'အဲဒီတော့ ဒကာကြီးကို ဦးပဉ္စင်း လက်ဖွဲ့တစ်ခု ပေးလိုက်မယ်။ အဲဒီလက်ဖွဲ့ကို ကိုယ်နှင့်မကွာထားရင် ပရလောကသားတွေ ဒကာကြီးကို တော်ရုံတန်ရုံ ဒုက္ခမပေးနိုင်တော့ဘူး။ ဒါပေမဲ့ အမှတ်မထင် ခြောက်လှန့်တာတွေကိုတော့ ကြုံကောင်းကြုံနိုင်တယ်။ အကယ်၍ သူတို့တစ်တွေနဲ့ မတော်တဆကြုံခဲ့ရင် သူတို့တွေ ဒကာကြီးကို ခြောက်လှန့်ရုံကလွဲလို့ အသက်အန္တရာယ်ဖြစ်အောင် တိုက်ရိုက်မလုပ်နိုင်ဘူးဆိုတာ ယုံထားပါ' ဟုမိန့်ကာ ထိုအာဂန္တုဦးပဉ္စင်းသည် ကိုထွန်းဇော်အား လက်ဖွဲ့ကလေးတစ်ခု ပေးဖူးလေ၏။

ထို့ကြောင့် ကိုထွန်းဇော်သည် ထိုလက်ဖွဲ့ကလေးကို ငွေကြုတ်အထဲတွင် ထည့်၍ လည်ပင်း၌ အပ်ချည်ကြိုးကလေး တစ်ချောင်းနှင့် ဆွဲထားသည်။ အခု အရေးအကြောင်း ကြုံတော့မှ ထိုဦးပဉ္စင်း ပြောသည်ကို ပြန်သတိရမိ၏။ စတီယာရင်ကို လက်တစ်ဖက်ကထိန်းရင်း အခြားလက်တစ်ဖက်ဖြင့် လည်ပင်းကို စမ်းကြည့်လိုက်သောအခါ ငွေကြုတ်ကလေးရှိနေသည် တွေ့မိသဖြင့် ထိုမည်းမည်းကောင်ကြီးသည် မိမိကို တိုက်ရိုက်ဒုက္ခမပေးနိုင်လောက်ဟု ယုံကြည်မိသည်။

(၃)

သည်လိုနှင့် ကားကလေးသည် မြောက်ဥက္ကလာကုန်းတံတားကြီးကိုကျော်ပြီး ငါးလမ်းမှတ်တိုင်နှင့် နှစ်ရပ်ကွက်ဈေးမှတ်တိုင်ကြားသို့ အရောက်တွင် လူတစ်ယောက်က ကားကို လက်လှမ်းတားသည်ကို တွေ့မြင်လိုက်ရသည်။

အနားရှိ ခရီးသည်က–

'လမ်းကြုံရင် တင်လိုက်ပါဗျာ။ ကျွန်တော်က ရှေ့အဝိုင်းကြီးဆိုရင် ဆင်းတော့မှာ'

'ကျေးဇူးပါပဲဗျာ' ဟုပြောပြီး ကားရပ်ပေးလိုက်တော့ အသက်သုံးဆယ်ခန့် လူရွယ်တစ်ယောက် ဖြစ်သည်ကို တွေ့လိုက်ရသည်။

'ဘယ်သွားမလို့လဲ ညီလေး'

'အောင်မင်္ဂလာအဝေးပြေးကို သွားမလို့'

'လာ..လာ..နှစ်ထောင်ပဲပေး။ နောက်ခန်းက တက်လိုက်' ဟု ပြောလိုက်သည်။

ထိုလူရွယ်ကလည်း ကားတံခါးဖွင့်ပြီး နောက်ခန်းမှာ တက်ထိုင်လိုက်သည်။ ကိုထွန်းဇော်သည် ကားနောက်ကြည့်မှန်ကနေ အကဲခတ်လိုက်သောအခါ နောက်ဆုံးခန်းထဲတွင် ထိုင်နေသော မည်းမည်းကောင်ကြီးသည်လည်း ငြိမ်သက်စွာ လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။ ထိုအကောင်ကြီးကို ယောက်လမ်းမှ တက်ခဲ့သောသူရော အခုတက်လိုက်သောသူပါ သတိထားမိဟန် မတူကြပေ။ ထူးခြားမှုတစ်ခုကတော့ အရင်တုန်းက ကားလီဗာကို အသာလေးတင်လိုက်ရုံမျှနှင့် ပြေးသောကားကလေးသည် ထိုမည်းမည်းအကောင်ကြီး ရောက်လာတော့ ပန်းအပြည့်တင်ထားသော ကုန်တင်ကားကြီးသဖွယ် လီဗာကို ဖော်

www.burmeseclassic.com

တော်ဖိနင်းတော့မှ ကားရွေ့လျားသည်ကို သတိပြုမိသည်။ ကြောက်စိတ်ဖြစ်ပေါ်နေသည့်ကြားမှ ငါ့ဆီတွေတော့ ကုန်ပါပြီဟုလည်း ကိုထွန်းဇော် တွက်ဆမိလိုက်သေးသည်။

မြောက်ဥက္ကလာအဝိုင်းသို့ ရောက်သောအခါ ကိုထွန်းဇော် ကားရပ်လိုက်သည်။ ရှေ့ခန်းရှိလူက 'ကျေးဇူးပဲ အစ်ကို' ဟု ပြောပြီး ကားတံခါးဖွင့်ကာ ဆင်းသွားသည်။

ကိုထွန်းဇော်သည် မည်းမည်းကောင်ကြီးနှင့် အနီးဆုံးနေရာတွင် ရောက်ရှိနေသည့် နောက်ခန်းက လူရှုယ်အတွက် စိုးရိမ်သွားကာ 'ညီလေး...ရှေ့ခန်းကို ပြောင်းထိုင်လေ။ စကားပြောဖို့ အဖော်ရတာပေါ့' ဟု ပြောလိုက်သည်။

နောက်ခန်းမှ လူရွှယ်သည်လည်း ရှေ့ခန်းသို့ ပြောင်းထိုင်လိုက်သည်။ လူရွှယ် နောက်ခန်းမှ ရှေ့ခန်းသို့ ပြောင်းထိုင်သည်နှင့်တစ်ပြိုင်နက် စောစောက နောက်ဖုံးခန်းထဲထိုင်နေသည့် မည်းမည်းကောင်ကြီးသည်လည်း နောက်ခန်းသို့ပြောင်းပြီး ရောက်လာသည်ကို ကိုထွန်းဇော် မြင်လိုက်ရပြန်သည်။ ထိုအကောင်ကြီး၏ ဦးခေါင်းသည် ကားကလေး၏အမိုးနှင့် ထိလုထိခင်ဖြစ်နေသည်ကိုလည်း သတိပြုမိသည်။ ကိုထွန်းဇော်သည်လည်း ခေါင်းနားပန်းတွေ ကြီးသွားကာ ကြက်သီးတွေ တဖြန်းဖြန်း ထသွားတော့လေ၏။ ထိုမည်းမည်းကောင်ကြီးသည်ကား သူနှင့်အနီးဆုံး ကားနောက်ခန်းသို့ပင် ရောက်ရှိလာချေပြီ။ နှာခေါင်းထဲတွင်လည်း ညှီစို့စို့အနံ့များကို ရနေရ၏။ မိုးရွာနေသဖြင့် ကားကို အဲယားကွန်းဖွင့်ပြီး မောင်းသော်လည်း ညှီစို့စို့အနံ့ ရနေသည်မှာ ထိုမည်းမည်းကောင်ကြီး၏ ပယောဂကြောင့် သေချာနေ၏။ လူရွှယ်ကတော့ သူ့ပုံစံကို ကြည့်ရသည်မှာ မည်းမည်းကောင်ကြီးကို လုံးဝသတိထားမိဟန်မတူ။ လက်ကိုင်ဖုန်းကိုတောင်ထုတ်ပြီး ကောက်ပွတ်နေလိုက်သေး၏။

'ညီလေးက အဝေးပြေးဂိတ်ကို ခရီးသည် သွားကြိုမလို့လား'

လူရွှယ်၏ လက်ထဲတွင် ခရီးဆောင်အိတ်တစ်လုံးမှ မပါသဖြင့် ကိုထွန်းဇော်က မှန်းဆပြီး မေးလိုက်၏။

'မဟုတ်ဘူး အစ်ကိုရ၊ နယ်က ကျွန်တော့်သူငယ်ချင်း တစ်ယောက် အဝေးပြေးဂိတ်ထဲက တည်းခိုခန်းတစ်ခုမှာ ဒီည တည်းတယ်။ သူက ဖုန်းဆက်ပြီးခေါ်လို့ ကျွန်တော် သူ့ကို သွားတွေ့တာ' ဟု ထိုလူရွှယ်က ပြန်ရှင်းပြသည်။

သူက ဖုန်းပွတ်ခြင်းကို ခဏရပ်နားလိုက်ပြီး ကားနောက်ကြည့်မှန်ကို ကြည့်ကာ-

'နောက်က ဘီအမ်ကား တော်တော်ဒုက္ခပေးတယ် အစ်ကို။ ကျော်ချင်လည်း ကျော်တာမဟုတ်ဘူး။ လီဗာကို တဖြိုဖြိုနင်းပြီး နောက်က စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေသလိုပဲ' ဟု ဆိုသည်။

'ဒီလိုပါပဲ ညီလေးရာ။ အစ်ကိုတို့အဖို့ကတော့ နေ့စဉ်နှင့်အမျှဆိုသလို ရိုးနေပါပြီ။ ဒါနဲ့ ညီလေး၊ နှာခေါင်းထဲမှာ အနံ့တစ်ခုခု ရမိလား' ဟု ကိုထွန်းဇော်ကမေးလိုက်သည်။

'မရပါဘူး အစ်ကို၊ ဘာဖြစ်လို့လဲ။ ပုံမှန်ပါပဲ။ အစ်ကို့နှာခေါင်းထဲမှာ ဝိုင်ယာညှော်နံ့တွေဘာတွေ ရလို့လား'

'ဘာမှမဖြစ်ပါဘူးကွာ။ ညီလေး မရဘူးဆိုလည်း ပြီးတာပါပဲ။ အစ်ကို့စိတ်ထင်ပဲ ဖြစ်မှာပါ' ဟု ပြန်ပြောလိုက်သည်။

သည်အတိုင်းဆို သေချာသည်က ထိုမည်းမည်းကောင်ကြီးထံမှ ညှီစို့စို့အနံ့များကို ရနေသည်က သူတစ်ယောက်တည်းသာဖြစ်၏။ ကားပေါ်တွင် လိုက်ပါစီးနင်းသော ခရီးသည်နှစ်ယောက်စလုံး ထိုမည်းမည်းအကောင်ကြီးကို မမြင်တွေ့ရဘဲ မိမိတစ်ယောက်တည်းသာ မြင်တွေ့ပြီး အနံ့များကိုပါ ရနေသဖြင့် 'ကံတော်တော်ဆိုးနေပြီလားဟုလည်း' ထင်မိလိုက်သည်။

ခါတိုင်းညများဆိုလျှင် ကန်သာယာလမ်းဆုံနှင့် ခြောက်ကွေ့အကြား ကားလမ်း ပိတ်ဆို့တတ်သော်လည်း သည်ကနေ့ညတွင် ညဉ့်နည်းနည်းနက်၍လားမသိ၊ တော်တော်လေး လမ်းရှင်းနေသဖြင့် ခရီးစဉ်က လိုအပ်သည်ထက် ပိုမြန်နေသည်။ ကိုထွန်းဇော်သည် စိတ်ကို တည်ငြိမ်စွာထားကာ ကားမောင်းလာရင်း နောက်ဆုံးတွင် အောင်မင်္ဂလာအဝေးပြေးဝင်းသို့ ရောက်ရှိလာခဲ့သည်။ ခရီးသည်လူရွှယ်လေး လိုအပ်သည့်နေရာသို့ ပို့ဆောင်ပေးပြီးသောအခါ ကားအပေါ်တွင် သူနှင့် မည်းမည်းကောင်ကြီးသာ ကျန်ရှိတော့သည်။

'ဟေ့ကောင်ကြီး၊ ကားပေါ်က ဆင်းတော့လေ။ ငါ



www.burmeseclassic.com

www.burmeseclassic.com

က အိမ်ပြန်တော့မှာ'ဟု ပြောသော်လည်း ထိုအကောင်ကြီးက ကားနောက်ခန်းမှာ ဆက်လက်ထိုင်နေဆဲပင် ဖြစ်သည်။

ကြောက်စိတ်များက ငယ်ထိပ်သို့ ရောက်ရှိနေသော်လည်း သတိကင်းကွာ၍ မရပေ။ အကယ်၍ သတိလွတ်ပြီး ကြောက်အားလန့်အားနှင့် မောင်းနှင်ခဲ့လျှင် မတော်တဆမှု တစ်ခုခုဖြစ်ပါက နောက်ဆက်တွဲပြဿနာ၏ ဆိုးကျိုးကိုလည်း သူ သိနားလည်မိ၏။

ကိုထွန်းဇော်သည် ဦးနှောက်ကို ရုတ်တရက်အလုပ်ပေးလိုက်သောအခါ ဟာ..ရေဝေးသင်္ချိုင်းကို မောင်းလိုက်မှပဲဟု တွေးမိလိုက်၏။

ထို့ကြောင့် ကားကလေးကို အောင်မင်္ဂလာကားဝင်းနှင့် မလှမ်းမကမ်းတွင်ရှိသော ရေဝေးသင်္ချိုင်းအနားသို့ မောင်းလိုက်ပြီး-

'ဟော့ကောင်ကြီး၊ မင်း ဆင်းတော့လေ။ မင်းအိမ်ရောက်ပြီ'ဟု ပြောသော်လည်း ထိုကောင်ကြီးက တုတ်တုတ်မျှမလှုပ်။ ငါးမိနစ်မျှ ကားရပ်ပြီး စောင့်သော်လည်း အရာမထင်။ ထို့နောက် တစ်ဖန် ပြန်မောင်းသောအခါ ကားကလည်း ပိုလေးလံလာသလို ခံစားရပြီး လီဗာကို တော်တော်လေး ဖိနင်းနေရ၏။

ထိုစဉ် ကိုထွန်းဇော်သည် ရုတ်တရက် အကြံရလိုက်ပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းဆီသို့ မောင်းနှင်လိုက်သည်။ ခရေပင်လမ်းခွဲသို့အရောက် ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်သောကြောင့် ကြောက်လန့်မှုဒီဂရီက အရှိန်မြင့်လာသော်လည်း ဘုန်းကြီးပေးခဲ့သော လက်ဖွဲ့ကလေးကြောင့် မိမိကိုယ်မိမိ ပြန်လည်အားတင်းမိသည်။



ထို့နောက် မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ရောက်သောအခါ နှင်ချသော်လည်း ကားပေါ်မှ မဆင်းဘဲ ပေကပ်ကပ် လုပ်နေသည်။ တော်တော်လေးကို ခေါင်းမာသော မည်းမည်းကောင်ကြီးနှင့် ကြုံတွေ့နေရပြီ ဖြစ်သည်။ တွေးရင်းတောရင်း နောက်ဆုံးတွင် ကိုထွန်းဇော်သည် အကြံတစ်ခု ရသွားသည်။

'အေး..ဟုတ်ပြီ။ မင်းက မင်းလာခဲ့တဲ့ နေရာကို ပြန်ပို့ပေးမယ်'ဟု ပြောကာ ကိုထွန်းဇော်သည် ထိုကောင်ကြီး မူလပထမ ခုန်ဆင်းခဲ့သော သစ်ပင်ကြီးရှိရာ ကမ္ဘာအေးဘုရားလမ်းမ တစ်နေရာသို့ ပြန်ပို့ရန် ဆုံးဖြတ်လိုက်သည်။ မင်္ဂလာဒုံစစ်သင်္ချိုင်းမှ ကမ္ဘာအေးဘုရားလမ်းဆီသို့ ပြန်မောင်းရမည့်ခရီးက နီးလှသည်တော့ မဟုတ်။

(၄)

လမ်းတွင် ခရီးသည် တစ်ဦး၊နှစ်ဦးစ လက်ပြတားသည်ကို ကြုံသော်လည်း ကားမရပ်ပေးတော့။ ထိုကောင်ကြီး စတင်လိုက်ပါလာသော နေရာသို့သာ တိုက်ရိုက်မောင်းနှင်လာခဲ့သည်။ အချိန်က ညဆယ့်တစ်နာရီထိုးခန့် ရှိပြီ ဖြစ်၏။ ကမ္ဘာအေးဘုရားလမ်းမကြီးသည်လည်း ခါတိုင်းညများထက် ပို၍တိတ်ဆိတ်နေသယောင် ခံစားရ၏။

ထို့နောက် မည်းမည်းကောင်ကြီး ခုန်ချခဲ့သော သစ်ပင်ကြီးအနားသို့ အရောက်တွင် ကားကို ရပ်တန့်လိုက်သည်။

ကိုထွန်းဇော်သည် ကားထဲမှ ထွက်လိုက်ပြီး နောက်ခန်းထဲသို့ လက်ညှိုးညွှန်လိုက်ကာ-

'ကဲ..ဟော့ကောင်ကြီး၊ မင်းနေရာအမှန် ရောက်ပြီ။ မင်း ငါ့ကားပေါ်က ဆင်းဖို့ကောင်းပြီ'ဟု ဆိုလိုက်သောအခါ ထိုမည်းမည်းကောင်ကြီးသည် လူစကား နားလည်သည့်အလား ကားမှန်ကို ဖောက်ထွင်းပြီး သစ်ပင်ကြီးအပေါ်သို့ လွှားခနဲ ပြန်လည်ခုန်တက်သွားသည်ကို ကိုထွန်းဇော် မြင်တွေ့လိုက်ရသည်။ ထိုအခါကျတော့မှသာ သူ ဟင်းချနိုင်တော့သည်။ အကယ်၍ ထိုကောင်ကြီး မဆင်းခဲ့သော် နောက်ဆုံးလက်နက်အဖြစ် အာဂန္တု ဦးပဉ္စင်း ပေးခဲ့သော လက်ဖွဲ့ဖြင့် ထိုအကောင်ကြီးကို ဝင်ပေါက်ဖို့အထိ အဆုံးစွန်ဆုံး ကိုထွန်းဇော် တွေးတောပြီးပြီ ဖြစ်လေသည်။

'ဘုရား..ဘုရား..ငါ့စိတ်ကူး မှန်သွားလို့။ အတော် ဒုက္ခပေးတဲ့ ကောင်ကြီးကွ'ဟု စိတ်ထဲက ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးတစိမ့်စိမ့်ရွာသွန်းသောည ဖြစ်သဖြင့် ပြင်ပ ရာသီဥတုက မအေးသော်လည်း ကိုထွန်းဇော် တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေသည်။ အစတုန်းကတော့ ကိုယ့်ဇော နှင့်ကိုယ် သတိမထားမိ။ ထို့နောက် ကိုထွန်းဇော်သည် ကားကို နောက်ကြောင်းပြန်လှည့်လိုက်ပြီး မြောက်ဥက္ကလာဘက်သို့ ဦးတည်မောင်းနှင်လိုက်သည်။

ကားထဲတွင် စောစောက ရရှိခဲ့သော ညှီစို့စို့အနံ့မှာလည်း လုံးဝပျောက်ကွယ်သွားပြီး ကား၏ လီဗာသည်လည်း ဖိနင်းစရာ မလိုတော့ဘဲ မူလအနေအထားသို့ ပြန်လည်ရောက်ရှိသွားပြီ ဖြစ်သည်။ ကားကလေးသည်လည်း ပေါ့ပေါ့လေး ပေါ့သွားသလို ခံစားမိလိုက်ရ၏။

မနက်ဖြန်ခါ မနက်သို့ ရောက်မှသာ ထိုကောင်ကြီး ထိုင်သွားခဲ့သော နေရာများအား တရော်ကင်ပွန်းတို့ဖြင့် ဆေးကြောပြီး ပရိတ်ရေများဖြင့် ဖျန်းပက်ရဦးမည်။

ထိုစဉ် အင်္ကျီအိတ်ထဲတွင် ထည့်ထားသော ဖုန်းက မြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။ ဇနီးသည်မခင်ထားဆီက ဖြစ်သည်။

'ရှင် ပြန်မလာသေးဘူးလား။ ဘယ်အော်ဒါတွေ ရနေလို့လဲ'

'အေးဟေ့၊ ငါ့ကားပေါ်မှာ တစ်ခါမှ မတင်ဘူးသေးတဲ့ ခရီးသည်ကြီး လိုက်ပို့နေရလို့ဟေ့'ဟု စိတ်ပေါက်ပေါက်နှင့် အော်ပြောလိုက်သည်။

ထိုအခါ တစ်ဖက်က ပြန်ပြောသည်။

'ဒါဆို နိုင်ငံခြားသားကြီးလား။ ဖြစ်နိုင်ရင် ဒေါ်လာနဲ့ တောင်းကြည့် ယောကျ်ားရေ'ဟု ပြောပြီး ဖုန်းချသွားသည်။

ဪ..မိန်းမတွေများ ကိုယ့်ယောကျ်ား ဘာဖြစ်လို့ ဖြစ်မှန်းမသိ။ စိတ်ပူရကောင်းမှန်းလည်း မသိဘူး။ ပိုက်ဆံရဖို့လောက်ပဲ ကြည့်နေတာ။ ဒေါ်လာရဖို့ နေနေသာသာ ဟေ့။ ဟိုကောင်ကြီးက နင့်လင်ကိုတောင် ကုပ်ချိုးမသွားတာ ကံကောင်းဟု ကိုထွန်းဇော်စိတ်ထဲက ရေရွတ်လိုက်လေသည်။

မျိုးထက်နန္ဒ


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လေးယေါ်မဂ်

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး — ဟီမဝန္တာ သွေးသန့်ဆေး

ခရုသင်း — သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္ဆိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လေးယေါ်မဂ် အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

www.burmeseclassic.com

(၁)

ကျွန်ုပ် ငယ်စဉ်က အကြောင်းများကို ပြန်လည်စဉ်းစားရာတွင် ရွာအနီးရှိ သခွတ်ပင်ကြီးမှ သခွတ်ပွင့်များ ကောက်ယူသည်ကို ပြန်လည်အမှတ်ရမိ၏။

## မင်းသန့်ကျော်

## သခွပ်ပင်က သရဲ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ မွေးရာဇာတိမှာ ပဲခူးတိုင်းအနောက်ခြမ်းရှိ အိုးသည်ကုန်းမြို့၊ ရေတွင်းကြီးရွာဖြစ်ပြီး အလွန်ကြီးမားသော ရေတွင်းကြီးတစ်တွင်း ရှိသောကြောင့် ရေတွင်းကြီးရွာဟု အမည်တွင်ခြင်း ဖြစ်လေသည်။

မည်မျှကြီးသနည်းဆိုသော် ရေတွင်းအဝသည် အချင်း (၁၀)တောင်ခန့်ကျယ်ပြီး အနက်မှာ (၁၅)တောင်ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။ မြေကြီးပေါ်တွင် လူခါးလယ်လောက်အထိ အုတ်များ စီထားပြီး ကွန်ကရစ်ကိုင်ထားလေသည်။ ရေခပ်ရာတွင် မောင်းတက်၌ တပ်ဆင်ထားသော ရေပုံးဖြင့် ခပ်ရပြီး ထိုမောင်းတက်ရေပုံးမျိုး (၂)ခု ထားရှိပေးလေသည်။

နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး ရေခန်းသည်ဟူ၍ မရှိ။ ရေသည် အလွန်ပေါများစွာ ထွက်လေ့ရှိ၏။ ညနေတိုင်ဆိုလျှင် ရေခပ်သော လုံမပျိုတို့သည် ရေအိုးကိုယ်စီနှင့် တန်းစီနေလေသည်။ ရေရှားသည့် အချိန်များတွင် အနီးအနား ရွာများမှပါ ရေစည်လှည်းများဖြင့် လာရောက်ခပ်ယူကြလေသည်။

ရေတွင်းအနီးတွင် ရေချိုးရန် နေရာတစ်ခုကို ရေတွင်းနှင့် မလှမ်းမကမ်းတွင် စီစဉ်ပေးထားပြီး ပန်းပင်၊ စားပင်၊ သီးပင်များဖြင့် အမြဲစိမ်းစိုနေလေသည်။

ထိုရေတွင်းကြီးနှင့် လယ်တစ်ကွက်ကျော်လောက်တွင် သရက်ပင်ကြီး(၅)ပင် တန်းစီပေါက်လျက်ရှိပြီး ထိုသရက်ပင်ကြီးများနှင့် လယ်(၁၅)ကွက်ကျော်ခန့်တွင် သခွတ်ပင်ကြီးတစ်ပင် ရှိလေသည်။

သခွတ်ပင်ကြီး၏ ပင်စည်လုံးပတ်မှာ ယောက်ျားကြီး (၂)ယောက် လက်ချင်းယှက်၍ ဖက်ထားသလောက် ကြီးလေသည်။ သခွတ်ပင်ကြီး၏သက်တမ်း မည်မျှရှိပြီဆိုသည်ကို မည်သူမျှ မပြောနိုင်ကြချေ။

ထိုသခွတ်ပင်ကြီးမှ ဖြာထွက်နေသော များပြားလှစွာသော အကိုင်းအခက်များတွင် သခွတ်ရွက် စိမ်းစိမ်းကလေးများဖြင့် ပြည့်လျက်ရှိပြီး တပေါင်းလဆန်းလောက်တွင် အဖူးကလေးများ ထွက်လာလေသည်။ တပေါင်းလဆုတ်လောက်တွင် အဖူးကလေးများသည် အပွင့်အဖြစ် ပြောင်းလဲကြပြီး လေအခတွင် မြေသို့ ကြွေကျကြသဖြင့် မြေပေါ်တွင် သခွတ်ပွင့်မွေ့ရာကြီး ခင်းထားသကဲ့သို့ မွေးမွေးလှပနေလေသည်။

ထိုသခွတ်ပွင့်များကို အလုပ်ရှုပ်ခံ၍ မည်သူမျှ မကောက်ကြချေ။ ကျွန်ုပ်မှာ သခွတ်ပွင့် ကောက်ရသည်ကို ဝါသနာပါသည်နှင့် နံနက်(၄)နာရီခန့်တွင် အိပ်ရာမှ ထပြီး ညီဖြစ်သူ မောင်ကျော်ဝင်း(ဒုအရာခံဗိုလ် အငြိမ်းစား၊ မော်ဘီလေတပ်)ကို အဖော်ခေါ်ကာ သခွတ်ပွင့်ကောက် သွားလေ့ရှိ၏။

ကျွန်ုပ်တို့သည် သခွတ်ပွင့်ထည့်ရန်အတွက် ပုဆိုးလုံကွင်းကြီးများလုပ်ကာ တစ်ဖက်မှ ကြိုးချည်ပြီး တစ်ယောက်တစ်ကွင်း ယူဆောင်လာကြ၏။

ထိုနှစ်က ကျွန်ုပ်၏ဖခင်သည် ကျန်းမာရေးမကောင်းသဖြင့် ယတြာချေသည့်အနေဖြင့် ရေတွင်းကြီး ဘုန်းကြီးကျောင်းတွင် ဦးပဉ္စင်းဝတ်လျက် ရှိလေသည်။

ကျောင်းထိုင်ဆရာတော်သည် သခွတ်ပွင့်ဟင်းချိုကို အလွန်ကြိုက်၏။ သခွတ်ပွင့်ဟင်းချိုနှင့် သရက်သီးစိမ်းမျှင် ငါးပိထောင်းသည် အလွန်လိုက်ဖက်သော တောရွာဓလေ့ဟင်းလျာ ဖြစ်လေသည်။

ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်ပို့ရာတွင် သခွတ်ပွင့်ဟင်းချိုပါရေးအတွက်လည်း အလေးထားရသည်ဖြစ်ရာ ကျွန်ုပ်တို့ ညီအစ်ကို သခွတ်ပွင့်ကောက်သည်မှာ ထိုအကြောင်းလည်း ဖြစ်လေသည်။

ကောက်ယူပြီး သခွတ်ပွင့်များကို အဖျားကလေးများကိုဖြတ်ကာ ဟင်းချိုချက်ရပြီး ကျန်သောအရိုးကို လေးစိတ်ခွဲကာ အထဲမှ ဝတ်ဆံကလေးများ ထုတ်ပစ်ပြီး နေခြောက်လှန်းရ၏။ ထိုသခွတ်ရိုးခြောက်ကိုလည်း ဖြုတ်ကာ သေးသေးကလေးများဖြစ်အောင် ဖြတ်တောက်ပြီး ဆီပြန်ချက်လျှင် အလွန်ထမင်းမြိန်သော ဟင်းတစ်ခွက် ဖြစ်ပါသေးသည်။

ထို့ပြင် သခွတ်ပွင့် မဖြစ်သေးသော အဖူးကလေးများကိုစုး၍ မျက်လုံးထဲ ညှစ်ချလိုက်ပါက မျက်စိကြည်လင်လေသည်။

ထိုအကြောင်းများကြောင့်ပင် ကျွန်ုပ်တို့ ညီအစ်ကိုသည် မည်သူမျှ အလေးထားကာ ကောက်ယူမှုမရှိသော သခွတ်ပွင့်ကို နံနက်စောစောထကာ ကောက်ယူကြခြင်းဖြစ်လေသည်။

ထိုနေ့သည် လဆုတ်ရက်ဖြစ်၍ နံနက်စောစောတွင် လသာတတ်လေရာ ကျွန်ုပ်တို့ ညီအစ်ကိုသည် ပုဆိုးလုံ

www.burmeseclassic.com

ကွင်း တစ်ယောက်တစ်ခုဖြင့် လသာသာတွင် သခွတ်ပွင့် ကောက်ရန် ထွက်လာကြလေသည်။

လမ်းတွင် ကျွန်ုပ်တို့ညီအစ်ကို နှစ်ယောက်အပြင် အခြားတစ်ယောက် ပါသည့်အလား ဖိနပ်သံကို ကျွန်ုပ်တို့ ဘေးမှ ကြားရသဖြင့် ကျွန်ုပ်တို့သည် တိုင်ပင်ထားသည့် အလား ရပ်တန့်လိုက်ကြပါသည်။ ထိုအခါ ဖိနပ်သံကို မကြားရတော့ပါ။ ဆက်လျှောက်လာသောအခါ ဖိနပ်သံ ကို ကြားရပါသည်။

ကျွန်ုပ်သည် ကြက်သီးများ ထလာကာ ဆံပင်များ ထောင်လာသည်ဟု ခံစားရပြီး ညီအစ်ကိုနှစ်ယောက်သား သည် လက်ချင်းတွဲကာ သခွတ်ပင်ကြီးရှိရာသို့ ပြေးကြ ပါတော့သည်။ ထိုအခါ ဘေးမှ ကြားရသော ဖိနပ်သံမှာ လည်း ပြေးလိုက်လာသကဲ့သို့ အသံများ ကြားရပါသည်။

ကျွန်ုပ်တို့သည် သခွတ်ပင်ကြီးအောက် ရောက်မှပင် သက်ပြင်းချကာ အမောဖြေနိုင်ကြပါသည်။ သခွတ်ပင် ကြီး အောက်တွင်ကား ကြွေကျနေသော သခွတ်ပွင့်များ သည် ဖွေးဖွေးလှုပ်အောင် ရှိနေသည်ကို လရောင်တွင် မြင်ရပါသည်။

ထိုစဉ် သခွတ်ပင်ပေါ်သို့ လူတစ်ယောက် တက်သွား သည့်အလား ခြေသံများ ကြားရပါသည်။ တက်သွားသူ သည် သခွတ်ပင် အကိုင်းအခက်များကို တွယ်ကာတက် သွားသဖြင့် သခွတ်ကိုင်းများ လှုပ်ယမ်းကျန်ခဲ့သည်ကို မြင်ရပါသည်။ ထိုလှုပ်ယမ်းသွားသော သခွတ်ကိုင်းမှ သခွတ်ပွင့်များသည် ဖွဲခနဲ ကြွေကျလာကြပါသည်။

ကျွန်ုပ်တို့သည် သခွတ်ပွင့်များကို အငမ်းမရကောက် လိုက်၊ ပုဆိုးလုံကွင်းထဲသို့ ထည့်လိုက်ဖြင့် လုပ်နေကြစဉ် လမ်း၌ကြားရသော ခြေသံကိုလည်းကောင်း၊ သစ်ပင်ပေါ် တက်သွားသံကိုလည်းကောင်း မေ့သွားကြပါသည်။

ထိုစဉ် ကျွန်ုပ်ကောက်နေသောနေရာ၏ အပေါ်တည့် တည့်ရှိ သခွတ်ကိုင်းတစ်ကိုင်းသည် လေတိုက်ခြင်းလည်း မရှိ၊ မည်သူမျှလည်း မလှုပ်ရပါဘဲနှင့် သွက်သွက်ခါ အောင် လှုပ်ယမ်းလာကာ အပွင့်များ ကြွေကျလာကြပါ သည်။ ကျွန်ုပ်အပေါ်သို့ မော်ကြည့်လိုက်ရာ သခွတ်ကိုင်း သည် မူလအတိုင်း ငြိမ်သက်လျက်ရှိပါသည်။

ထူးတော့ ထူးခြားတာပဲဟူသောအတွေးသည် ကျွန်ုပ် ၏ ဦးနှောက်အတွင်း ပေါ်လာကာ သခွတ်ပင်ပေါ်ကို သတိထားကြည့်မိပါသည်။

သခွတ်ကိုင်း တစ်ကိုင်းပြီး တစ်ကိုင်းသည် ဆက်၍ လှုပ်ယမ်းသွားရာ မျောက်တစ်ကောင် သစ်ကိုင်းများပေါ် တွင် ဆော့နေသည့်အလား ထင်ရပါသည်။

ကျွန်ုပ်တို့ ညီအစ်ကိုလည်း သခွတ်ပွင့်များ ပုဆိုးလုံ ကွင်း(၂)ကွင်းပြည့်အောင် ရပြီဖြစ်၍ ပုဆိုးလုံကွင်းများ ကိုထမ်းကာ ပြန်လာကြပါသည်။

အပြန်တွင်လည်း ကျွန်ုပ်တို့ဘေးမှ လျှောက်လာသော ဖိနပ်သံကို ကြားရပါသည်။ မိုးအနည်းငယ်လင်းပြီဖြစ်၍ တစ်ဦးကိုတစ်ဦး ကောင်းစွာမြင်နေရချိန် ဖြစ်ပါသည်။ သို့သော် ဖိနပ်သံကိုသာ ကြားရ၍ အသံပိုင်ရှင်ကိုမူ မမြင်ရပါ။ ထိုဖိနပ်သံသည် ကျွန်ုပ်တို့ ခြံဝရောက်သည် တွင် ပျောက်ကွယ်သွားပါတော့သည်။

(၂)

ကျွန်ုပ်တို့ ညီအစ်ကိုသည် သခွတ်ပွင့်ကို နေ့စဉ် ကောက်ကြ၏။ နေလှန်းထားသော သခွတ်ရိုးခြောက်များ ပင် အတော်အတန် ရရှိနေလေပြီ။ သခွတ်ပွင့် တစ်ပြည် ပြုတ်လို့ တစ်ဆုပ်မရဆိုသော စကားပုံရှိပါသည်။ မှန်ပါ သည်။ နေလှန်းစဉ်က နီးကြောဖျာကြီး (၃)ချပ် (၄)ချပ် ခင်းကာ လှမ်းကြည့်ရသော်လည်း ရရှိသော သခွတ်ရိုး ခြောက်မှာ နေလှန်းစင်ကထက် လျော့နည်းကာ (၄)ပုံ (၁)ပုံမျှသာ ရှိပါတော့သည်။

သခွတ်ပွင့်ကောက်စဉ် ကျွန်ုပ်တို့ညီအစ်ကို ကြုံတွေ့ ရသောအဖြစ်မှာ သရဲခြောက်ခြင်းသာဖြစ်သည်ဟု ကျွန်ုပ် ၏ ညီက ပြောပါသည်။ ဟုတ်လည်း ဟုတ်လောက်ပါ သည်။

နောက်တစ်နေ့တွင် သခွတ်ပွင့် ကောက်သွားရာ၌ လမ်းတွင် ဘေးမှ ဖိနပ်သံကြားရခြင်း၊ အပင်ပေါ် တက် သွားသံကို ကြားရခြင်း၊ သစ်ကိုင်းများ လှုပ်သွားသည်ကို မြင်ရခြင်းတို့မှာ ယခင်နေ့ကအတိုင်းဖြစ်သော်လည်း ယနေ့ ထူးခြားသည်မှာ ကျွန်ုပ်တို့ ကောက်ယူထားသော ပုဆိုးလုံ ကွင်းများသည် သခွတ်ပင်ကြီးတွင်မှီ၍ ထောင်ထားခြင်း ဖြစ်သော်လည်း သခွတ်ပွင့်ထည့်ရန် သွားသောအခါ ထောင်ထားသော ပုဆိုးလုံကွင်းများ လဲကျပြီး အထဲ ထည့်ထားသော သခွတ်ပွင့်များသည် တစ်စုံတစ်ယောက် က နှောင့်ယှက်သကဲ့သို့ဖြစ်ကာ ပြန့်ကျဲကုန်ခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ကျွန်ုပ်၏ ညီဖြစ်သူက ကျွန်ုပ်အား အစိပ္ပာယ်ပါသော မျက်လုံးများဖြင့် လှမ်းကြည့်ပြီး သခွတ်ပွင့်များကို ကောက်ထည့်ကာ ပုဆိုးလုံကွင်းကိုထမ်း၍ ကျွန်ုပ်တို့ အိမ်ပြန်လာကြပါသည်။

ထိုအဖြစ်မျိုးကို ရက်ဆက်တွေ့ကြုံလာရသောအခါ ကျွန်ုပ်သည် သရဲခြောက်တာနေမှာပဲဟု တွေးမိလေ၏။ သို့သော် ကြောက်တော့ မကြောက်ပါ။ ကျွန်ုပ်တို့ကို ကြောက်အောင်၊ လန့်အောင် ခြောက်လှန့်နေခြင်းမျိုး မဟုတ်သဖြင့်လည်း ကြောက်စိတ်မပေါ်ခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်သည် ထိုကိစ္စကို ရွာထဲ၌ ကျွန်ုပ်တို့ အလေးစားဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သော ဘကြီးဦးပြုံးချိုအား ညဘက်တွင် ပြောပြပါသည်။

ထိုအချိန်၌ ရေဒီယိုများ ပေါ်စအချိန်ဖြစ်ကာ ကျွန်ုပ်တို့ အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်မှ ဦးချစ်မောင်က ရေဒီယိုတစ်လုံး ဝယ်လိုက်လေသည်။ ဦးချစ်မောင်သည် ရွာထဲတွင် ပိုက်ဆံအရှိဆုံးဖြစ်ရာ ပေါ်ဦးပေါ်ဖျား ရေဒီယိုတစ်လုံး ဝယ်လိုက်ခြင်းဖြင့် ကျွန်ုပ်တို့ရွာတွင် ရေဒီယိုရှိပြီဟူသောဂုဏ်ကို ယူနိုင်လေသည်။ ထိုစဉ်က တစ်ရွာတွင် တစ်လုံး မရှိသေးပါ။ ရေဒီယိုသည် ညနေ(၅)နာရီမှ စတင်ထုတ်လွှင့်ရာ ဦးချစ်မောင်သည် ရေဒီယိုကို ညနေ(၅)နာရီတွင် ဖွင့်လေသည်။

ရွာထဲမှ လူကြီး၊လူငယ်အပေါင်းသည် ညစာထမင်းကို စောစောစားကာ ဦးချစ်မောင်အိမ်ရှေ့ လမ်းပေါ်တွင် ရေဒီယိုနားထောင်ရန် တသီးတသန့်ကြီး ရောက်ရှိနေကြလေသည်။ အချို့က ရေနွေးအိုးနှင့်၊ ပန်းကန်နှင့်၊ ဆေးလိပ်ခွက်နှင့် အကျအန ရောက်လာကြခြင်း ဖြစ်ပါသည်။

ထိုစဉ်က ရေဒီယိုမှလွှင့်သော ကြော်ငြာသီချင်းများထဲတွင် ဟံသာအေး နိုင်လွန်ကြော်ငြာကို ကျွန်ုပ် အကြိုက်ဆုံး ဖြစ်လေသည်။

ဘကြီးဦးပြုံးချိုသည်လည်း ဆေးတံကြီးခဲကာ ရေဒီယိုနားထောင်ရန် ဦးချစ်မောင်အိမ်ရှေ့သို့ ရောက်ရှိပြီး အကျအန နေရာယူကာ ထိုင်နေလေပြီ။

ကျွန်ုပ်သည် ဘကြီးဦးပြုံးချို အနားသို့သွားကာ–

'ဘကြီးပြုံး၊ ဘကြီးပြုံး··ကျွန်တော်တို့ညီအစ်ကို နှစ်ယောက် မနက်အစောကြီး သခွတ်ပွင့်ကောက် သွားကြတာ သရဲခြောက်ခံရလို့'

'ဟေ··ပြောစမ်းပါဦးကွ'

ကျွန်ုပ်က သရဲခြောက်ခံရပုံကို အသေးစိတ်ပြောပြလိုက်သောအခါ–

'အေး··မင်းပြောသလိုဆို သရဲခြောက်တာ ဖြစ်နိုင်ပါတယ်။ မင်းတို့လုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို အမျှအတန်းဝေကွာ။ သူ သာဓုခေါ်နိုင်တယ်ဆိုရင် ကျွတ်သွားမှာပဲ။ မင်းတို့ကိုလည်း ခြောက်မှာမဟုတ်တော့ဘူး။ ဒီသခွတ်ပင်ကြီးက တို့မွေးခင်ကတည်းက ရှိတာကွ။ သက်တမ်းတော်တော်ကြာပြီဆိုတော့ သရဲရှိချင်လည်း ရှိနိုင်တာပဲလေ'

(၃)

သို့နှင့် ကျွန်ုပ်သည် အမျှအတန်းဝေနိုင်ရန် ကောင်းမှုကုသိုလ်တို့ကို စဉ်းစားပါသည်။ ထိုနေ့တွင် ကျွန်ုပ်၏ဖခင်သည် ရဟန်းဝတ်နေရာမှ လူထွက်လာပါသည်။

ရဟန်းဝတ်ရာမှ လူထွက်လာသူတို့ ထုံးစံအတိုင်း မိမိဝတ်ရုံခဲ့သောသင်္ကန်းကို အိမ်သို့ယူလာပြီး အိမ်ရောက်မှ လျှော်ဖွပ် မီးပူတိုက်ကာ ဆရာတော်ထံသွား၍ အပ်နှံရပါသည်။

ညနေပိုင်းတွင် အဖေသည် ကျောင်းမှ ပြန်လာပြီး မိမိဝတ်ရုံခဲ့သော သင်္ကန်းကို ယူလာပြီး အချိန်မရှိတော့၍ နောက်နေ့မှ လျှော်ဖွပ် မီးပူတိုက်တော့မည်ဟု ဆုံးဖြတ်ကာ ဘုရားစင်ပေါ်တွင် တရိုတသေ တင်ထားလိုက်ပါသည်။

ထိုသင်္ကန်းကို မြင်ရာမှ ကျွန်ုပ်သည် အကြံတစ်ခု လက်ခနဲ ပေါ်လာပါသည်။ သင်္ကန်းကိုယူကာ သခွတ်ပင်သို့သွား၍ အမျှအတန်းဝေမည်ဟု စဉ်းစားလိုက်၏။

ကျွန်ုပ်၏ အကြံကို အဖေ သိသောအခါ–

'လူလေးရယ်··အမျှအတန်းဝေတယ်ဆိုတာ ကောင်းမှုကုသိုလ် ကိုယ်တိုင်လုပ်ထားတဲ့ လူတွေမှ ကောင်းတာပေါ့။ အဖေ (၉)ရက်တောင် သာသနာ့ဘောင် ဝင်ခဲ့တာပဲ။ အဖေကိုယ်တိုင် အမျှအတန်းဝေမှာပေါ့။ မနက်ဖြန် သခွတ်ပွင့် ကောက်သွားရင် အဖေ လိုက်ခဲ့မယ်လေ'

ကျွန်ုပ် ဝမ်းသာသွားမိသည်။

နောက်နေ့ သခွတ်ပွင့်ကောက်သွားလျှင် အဖေပါ

www.burmeseclassic.com

လိုက်မည့်အကြောင်းကို ကျွန်ုပ်ညီဖြစ်သူအား ပြောပြထားလိုက်ပါသည်။

(၄)

နောက်တစ်နေ့ နံနက်စောစောတွင် အဖေသည် သင်္ကန်းတစ်စုံကို ရင်ဝယ်ပိုက်၍လည်းကောင်း၊ ကျွန်ုပ်နှင့် ညီလေးတို့က ပုဆိုးလုံကွင်းများကို ယူ၍လည်းကောင်း သခွတ်ပင်ကြီးရှိရာသို့ လာခဲ့ကြပါသည်။

ယနေ့ ထူးခြားသည်မှာ သခွတ်ပင်ကြီးသို့ လာစဉ်ဘေးမှ ကပ်ပါလာသူ၏ ဖိနပ်သံကို မကြားရတော့ပါ။ ကပ်ပါလာသူ မရှိဟု ယူဆရပါသည်။

ထို့ပြင် သခွတ်ပင်ကြီးသို့ ရောက်သောအခါ အပင်ပေါ်တက်သည့် လှုပ်ရှားမှုများကိုလည်းကောင်း၊ အကိုင်းများ လှုပ်ယမ်းနေမှုများကိုလည်းကောင်း၊ သခွတ်ပွင့်များကို ပုဆိုးလုံကွင်းထဲမှထုတ်၍ ဖြန့်ကျဲထားခြင်းများကိုလည်းကောင်း မကြုံရတော့ပါ။

သခွတ်ပင်ကြီးသို့ ရောက်သောအခါ အဖေသည် သင်္ကန်းကို မြှောက်ပြ၍-

'ကဲ..သခွတ်ပင်ကြီးကိုမှီတင်းနေထိုင်တဲ့ပရလောကသားရေ၊ ကျွန်ုပ်(၉)ရက်တာ ပဋ္ဌာန်းဝတ်ခဲ့တဲ့ ကောင်းမှုကို မင်းကိုလည်း အမျှပေးဝေပါတယ်။ အမျှရပြီး သာဓုခေါ်နိုင်ပါစေ'

ကျွန်ုပ်တို့ သားအဖ သုံးယောက်သားသည် ပြိုင်တူပင်-

'အမျှ..အမျှ..အမျှ..ယူတော်မူကြပါဗျို့'

'သာဓု..သာဓု..သာဓု'

အမျှအတန်းပေးဝေပြီး သာဓုသုံးကြိမ် ခေါ်ဆိုလိုက်ကြပါသည်။ ထို့အချိန်မှစ၍ ထိုသခွတ်ပင်ကြီးတွင် သရဲခြောက်ကြောင်း သတင်းကို မကြားရတော့ပါ။

ထိုနေ့ကလည်း အမေသည် ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်ပို့သေးရာ ဆွမ်းဟင်းအဖြစ် သခွတ်ပွင့်ဟင်းချိုတစ်ခွက် သရက်သီးနှင့် မျှင်ငါးပိထောင်း တစ်ခွက်၊ သခွတ်ရိုးခြောက် ဆီပြန်ဟင်း တစ်ခွက်တို့ ပါဝင်သည်ကို တွေ့ရပါကြောင်း တင်ပြလိုက်ရပါသည်။

မင်းသန့်ကျော်(ဇီးကုန်း)


ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

**ဂမ္ဘီရ ဆရာလှမျိုး (B.Sc)**

**ဧအောင်ကောင်းမြ(သာကေတ)**

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

❖ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

❖ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

❖ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

❖ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဂင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

ဟောခန်းလိပ်စာ အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**ကြိုတိုင်းအောင် စာပေနှင့် ဟောခန်း**

ဟောပြောအချိန် နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှလာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။


www.burmeseclassic.com

# ခွဲမသွားနိုင်ပါဘူး အချစ်ရယ်

## ဘုန်း(မြောက်ဥက္ကလာ)



***I'll Never Leave You Ever by Reni Morris.***

*သေပြီးနောက် ဘဝသည် ပြီးဆုံးသွားသလား၊ (သို့မဟုတ်) နောက်ထပ်ဘဝတစ်ခု ပြန်ဖြစ်သလား ဆိုသည်ကို. ကျွန်တော်တို့ မသိနိုင်ကြပါ။*

*အောက်တွင် ဖော်ပြမည့် အဖြစ်အပျက်အရ အသက်ရှင်မှုနှင့် ဆက်စပ်သည့် ထူးဆန်းသော အကြောင်းများ ရှိနေသည်ကိုတော့ သင်သိပေလိမ့်မည်။ အားလုံး အချစ်ကြောင့်. ထာဝရရှင်သန်နေခြင်း ဖြစ်သည်။*

နေဝင်ပြီးနောက်ပိုင်းတွင် ကောင်းကင်သည် မှောင်လာ၏။ မည်းနက်သော တိမ်တိုက်များက တောင်ထိပ်ကို ဖုံးအုပ်ထားသည်။ လျှပ်စစ်မီးများ တဝင်းဝင်းလက်ပြီး ကျယ်လောင်သော မိုးခြိမ်းသံများ အဆက်မပြတ် ထွက်ပေါ်နေသည်။

မော်ရာသည် သီးနှံကိုဒေါင် အမိုးအောက်တွင် တိတ်ဆိတ်စွာ ရပ်နေသည်။ လေတိုက်သဖြင့် နက်မှောင်သော ဆံပင်များ လွင့်ပျံနေသည်။ သူမသည် လေထဲတွင် ယိမ်းထိုးလှုပ်ရှားနေသော သစ်ပင်များကို စိုက်ကြည့်နေသည်။

'မော်ရာ အချစ်ကလေး‥အထဲ ဝင်လေကွယ်။ မင်းတစ်ကိုယ်လုံး မိုးစိုနေပြီ'

သူမချစ်သူ၏ ခေါ်သံကို မကြားပေ။ လယ်တော ပေါ်သို့ ပျံသွားသော စင်ရော်တစ်ကောင်၏ အော်သံတို နားစွင့်နေသောကြောင့် ဖြစ်သည်။ အေးလာသဖြင့် သိုး မွေးခြုံထည်ကို တင်းကျပ်စွာ ခြုံလိုက်သည်။ အတွင်း သို့ ဝင်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

အိရန်တိုက သူမလက်ကို အသာအယာဆွဲပြီး မှောင်

www.burmeseclassic.com



ထဲ ခေါ်သွားသည်။ သူ၏ ပူနွေးသော ထွက်သက်လေသည် သူမပါးပြင်ပေါ်သို့ လာဟပ်သည်။ သူ့အနမ်းများ၊ ကြင်နာ ချော့မြှူသော စကားလုံးများကြောင့် စိတ်ချမ်းသာသွားသည်။ သူ၏ စကားလုံးများသည် သူမခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွား သည်။

အီရန့်တို့၏ လက်မောင်းများ အကြားတွင် ငြိမ်သက်စွာ လဲလျောင်းရင်း ခေါင်မိုးပေါ်သို့ ကျလာသော မိုးပေါက်များ ကျသံကို နားထောင်နေသည်။ မိုးပေါက်ကျသံများ တဖြည်းဖြည်း တိတ်သွား၏။ သူမနှင့်အတူ အီရန့်တို့ ရှိနေသည့် ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်နေသည်။

မိုးတိတ်သွားချေပြီ။ မုန်တိုင်းလည်း မရှိတော့။ ရေတံလျှောက်မှ မြေပေါ်သို့ ရေကျသံကိုသာ ကြားရတော့သည်။ မော်ရာသည် ကောက်ရိုးအခင်းပေါ်တွင် လှဲနေရာမှ ဆေးတံဖွာဖြည့်နေသော အီရန့်တို့ကို ကြည့်နေသည်။ ဆေးအနံ့မှာ မွှေးနေသည်။

တံခါးအစပ်ကြားမှ လရောင် ထိုးဝင်လာသည်။ အလင်းရောင်သည် ကြမ်းပေါ်တွင် ပြောက်ကျားပြောက်ကျား လင်းနေသည်။ ကြမ်းပေါ်တွင် ကြွက်တစ်ကောင် အော်မြည်ပြေးသွားသည်။

'မော်ရာ'

'ဘာလဲ အီရန့်တို'

'သူ သံသယမဝင်သေးဘူးလား'

'ကျွန်မ ဂရုမစိုက်ဘူး။ သူ့ကို မုန်းတယ်။ သူ့အချစ်ဟာ အဆိပ်နဲ့တူတယ်။ ကျွန်မကို မွန်းကျပ်စေတယ်။ နေမကောင်းပြီးကတည်းက သူ ပိုဆိုးလာတယ်။ ကျွန်မကို အမြဲစောင့်ကြည့်နေတတ်တယ်။ အို·· အီရန့်တို၊ သူ ဘာကြောင့် မသေနိုင်သေးတာလဲ ဟင်'

အီရန့်တိုက သူမကို သူ့ဘက်သို့ ဆွဲယူလိုက်သည်။ သူမ၏ နူးညံ့သော ဆံပင်များကို ပွတ်သပ်ပြီး ချော့နေသည်။ သူမသည် ကလေးတစ်ယောက်ကဲ့သို့ ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'အချိန်တန် သူသေမှာပါကွယ်။ အိုဝင်ဟာ အမြဲ အသက်ရှင် မနေနိုင်ပါဘူး။ သူသေရင် မင်း ဘာလုပ်မလဲ'

'ကျွန်မ ရှင့်ကို အားလုံးလွှဲပေးမယ် အီရန့်တို။ မြေကွက်ဟာ သီးနှံအတွက် ကောင်းတယ်။ လာမယ့်နွေဦးပေါက်မှာ သိုးအကောင်ငါးဆယ် ထပ်တိုးလိမ့်မယ်။ ရှင် ကျွန်မကို လာကူရမယ်။ ကူမှာလားဟင်'

'ကူမှာပေါ့ အချစ်ရယ်'

'အီရန့်တို··ကျွန်မ ရှင့်ကို သိပ်ချစ်တာပဲ'

သူမက အီရန့်တိုကို မွတ်သိပ်စွာနမ်းရင်း ပြောသည်။

'ကျွန်မတို့ ဘယ်တော့ ထပ်တွေ့ကြမလဲဟင်'

'ပြတင်းပေါက်မှာ မီးအိမ်ချိတ်ထားရင် ကိုယ်လာခဲ့မယ်လေ။ အခု မင်းပြန်ဖို့ အချိန်တန်ပြီ မော်ရာလေး'

ဝိုဒေါင်တံခါးပေါက်သို့ လျှောက်လာကြ၏။ တံခါးမဖွင့်ခင် အီရန့်တိုသည် သိုးမွေးခြုံထည်ကို သူမကိုယ်ပေါ်တွင် လွှမ်းခြုံပေးလိုက်လေသည်။ ထို့နောက် နမ်းပြန်သည်။

'နောက်မှ တွေ့ကြမယ်'

'အဲဒီအချိန်ကို ကိုယ်မျှော်နေပါတယ် မော်ရာ'

အတန်ကြာအောင် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ထားကြသည်။ ထို့နောက် အီရန့်တိုသည် လက်ဖြုတ်ပြီး မှောင်ထဲသို့ ဝင်သွားတော့၏။ သွယ်မြင့်သော ကိုယ်လုံးသည် မှောင်ထဲတွင် ပျောက်သွား၏။ သူ့နာမည်ကို အော်ပြီး ခေါ်လိုက်ချင်သေး၏။ သို့သော် လည်ချောင်းမှ အသံက ထွက်မလာပေ။

လယ်တောသို့ ပြန်လာချိန်တွင် သူမဂါဝန်သည် မြေကြီးပေါ်တွင် တရွတ်တိုက်ပါလာသည်။ တံခါးရှေ့တွင်ရပ်ပြီး ကွက်လပ်ဆီသို့ လှည့်ကြည့်လိုက်သည်။ လ,ဝင်သွားပြီဖြစ်သဖြင့် အမှောင်ထုကိုသာ မြင်ရသည်။ တံခါးဖွင့်ပြီး အတွင်းသို့ ဝင်လိုက်သည်။ ထို့နောက် တံခါးပြန်ပိတ်လိုက်သည်။

လေငြိမ်သွားပြီဖြစ်သည်။ လယ်ကွင်းပေါ်တွင် တိတ်ဆိတ်မှု လွှမ်းနေသည်။

သူမရင်ထဲ ဟာနေသည်။ အီရန့်တို မရှိလျှင် သူမဘဝသည် ဘာမှအဓိပ္ပာယ် မရှိပေ။ သူမကို အီရန့်တိုကသာ ပျော်ရွှင်မှု ပေးနိုင်ပေသည်။

မီးအိမ်မှ မီးရောင်သည် အခန်းထဲတွင် မှိန်ဖျော့စွာ လင်းနေသည်။ အိုဝင်သည် သူမ၏ ဂါဝန်ရှေ့လျားသံကို ကြားနေရသည်။ သူမသည် မီးအိမ်ကို စားပွဲပေါ် တင်လိုက်၏။ သူမကို လှည့်ကြည့်လိုက်သော်လည်း သူမ့က သူ့ကို မကြည့်ပေ။ မီးဖိုကိုသာ မီးမွှေးနေသည်။ သူမ မျက်နှာပေါ်မှ စိတ်ပျက်မှုကို သူမြင်မှာ စိုးသောကြောင့်လည်းဖြစ်သည်။ အိုဝင်သည် သူ့ဇနီး၏ လှုပ်ရှားမှုတိုင်းကို မြတ်နိုးစွာ လိုက်ကြည့်နေမိသည်။

'မော်ရာ'

သူမ လှည့်ကြည့်သော်လည်း မျက်လုံးချင်း မဆုံအောင် နေလိုက်သည်။

'မင်း ဘယ်သွားနေလဲ၊ ငါ မမြင်ပါလား'

'မုန်တိုင်းကြောင့် ကြက်ခြံတံခါး ပွင့်သွားတယ်။ ကြက်ကလေးတွေ မပျောက်အောင် လိုက်ဖမ်းနေရတယ်'

'အချစ်မော်ရာ··မင်းဆံပင်တွေလည်း ပွနေတယ်။ ခေါင်းဖြီးပေးမယ်။ ကိုယ့်အနား လာထိုင်ပါလားကွာ'

စိတ်ပျက်စရာကောင်းသော ညနေခင်း စလေပြီ။ ကျန်းမာချိန်က သူသည် သူမအလိုကို အမြဲဖြည့်ဆည်းခဲ့၏။ သူမဆံပင်ကို ဖြီးသင်ပေးခဲ့၏။

မော်ရာသည် ခုတင်စွန်းတွင် ဝင်ထိုင်လိုက်၏။ အိုဝင်က သူမမေးစေ့ကိုကိုင်ပြီး မျက်နှာကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

သူမသည် တစ်ချိန်က သူမချစ်ခဲ့သူ၏ မျက်နှာကို စိုက်ကြည့်ရင်း စိတ်ကျဉ်းကျပ်နေ၏။ တစ်ချိန်က ပြည့်တင်းစိုပြည်သော မျက်နှာသည် ပိန်လှီချောင်ကျနေ၏။ သူ၏ ချိုင့်ဝင်နေသော မျက်လုံးများက သူမကို စိုက်ကြည့်နေသည်။ စက်ဆုပ်ရွံရှာမှုကို ခံစားနေရသဖြင့် သူမ နဖူးတွင် ချွေးစို့လာ၏။ အိုဝင်သည် သူမခေါင်းကို ဘီးဖြင့် ဖြီးသင်ပေးနေသည်။ မျက်နှာပေါ် ဖုံးနေသော ဆံပင်များကို ပိန်လှီသော လက်ချောင်းများဖြင့် အသာဖယ်ရှားပေးလေသည်။ အေးစက်သော လက်ချောင်းများက သူမမျက်နှာ လာထိသည်။ သေမင်း၏ အနမ်းများကဲ့သို့ သူမခံစားနေရသည်။ သူမ အော်ဟစ်ငိုလိုက်ချင်သည်။ ထိုအခိုက်မှာပင် သူ့လက်များ အောက်သို့ ကျလာသည်။ ဘီးသည် ကြမ်းပေါ်သို့ ကျသွားလေသည်။

'ငါ မောနေပြီ မော်ရာ၊ အတော်အသင့်ကြာပြီကောင်း

www.burmeseclassic.com

သွားပါပြီလေ’

သူမ ဘီးကို ပြန်ကောက်လိုက်သည်။ အိုဝင်က သူမကို လှမ်းဆွဲသည်။

‘ငါ မင်းကို သိပ်ချစ်တယ် မော်ရာ။ မင်းအတွက် ငါ ဘာမှ မစွမ်းဆောင်နိုင်တဲ့အတွက် စိတ်ဆင်းရဲပါတယ်။ ဒါပေမဲ့ ငါ တဖြည်းဖြည်းပြန်နေကောင်းလာမှာပါ။ ငါ့ကို ယုံပါ မော်ရာ။ မင်းကို ငါ မခွဲနိုင်ဘူး’

‘ကျွန်မ သိပါတယ်။ ကဲ··ရှင် အိပ်ဖို့တော်ပြီ’

‘ကိုယ့်ကို နမ်းစမ်းပါ’

မျက်စိမှိတ်ပြီး အိုဝင်ကို နမ်းလိုက်သည်။ သူမ မျက်နှာရှုံ့သွားသည်ကို သူ သတိမထားမိပါစေနှင့်ဟု ဆုတောင်းမိသည်။ သူမ ရင်ခုန်သံကို အိုဝင်ကြားမှာ စိုးမိသည်။ သူမ နှုတ်ခမ်းဖြင့် အေးစက်ရှုံ့တွသော နဖူးကို ပြီးစလွယ် ထိလိုက်သည်။ အိုဝင်က သူမကိုယ်ကို ဆွဲယူပြီး နှုတ်ခမ်းအစုံကို အားရပါးရ နမ်းလိုက်သည်။ သူက ပြန်လွှတ်သောအခါ ယိမ်းယိုင်စွာဖြင့် လျှောက်လာရင်း သူမ နှုတ်ခမ်းကို သုတ်ပစ်လေသည်။ မငိုမိခင် အခန်းထဲမှ ခပ်မြန်မြန်ထွက်လာခဲ့သည်။ အပြင်သို့ ရောက်သောအခါ အေးမြသောလေကို အားရပါးရ ရှူလိုက်သည်။ လည်ချောင်းတွင် ပျို့လာပြီး အော့အန်ချင်စိတ်ပင် ပေါ်လာသည်။ တစ်ကိုယ်လုံး တုန်ယင်နေတော့သည်။

မော်ရာသည် ချောင်းစပ်သို့ ဆင်းလာ၏။ လက်ဖြင့် ရေခပ်ယူပြီး မျက်နှာသစ်လိုက်သည်။ အထီးကျန်ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။ သူမ မခံစားနိုင်တော့ပါ။ ဒါကို အဆုံးသတ်ရပေတော့မည်။ သူမ အသက်ငယ်သေးသည်။ ကျန်းမာဖွံ့ဖြိုးသည်။ ဘဝကို ပျော်ပါးခံစားနိုင်ခွင့် အများကြီးရှိသည်။ သူမအချစ်ကို အီရန့်တိုအား ပေးရမည်။ အိုဝင် သေတော့မည်။ သို့သော် ဘယ်တော့ သေမှာလဲ။ သူသည် မျှော့တစ်ကောင်ကဲ့သို့ သူမ၏ ပျော်ရွှင်မှုကို စုပ်ယူနေသည်။ ဒီတော့ အိုဝင် သေမှဖြစ်မည်။

◆◆◆

မော်ရာသည် အဖြူရောင်သစ်သားအပျော့အား ဓားဖြင့် ကျွမ်းကျင်စွာ လှီးနေသော အဘွားအို၏ လက်များကို စိုက်ကြည့်နေ၏။ အဘွားအို၏ နောက်တွင် ဖွင့်ထားသော တံခါးပေါက်ရှိသည်။ ထို့ကြောင့် စင်ပေါ်တွင် တန်းစီထားသော ခေါင်းမပါသည့် အရုပ်များကို မြင်နေရသည်။ အရုပ်များသည် သေးသွယ်သော ခြေတံများပေါ်တွင် မတ်မတ်ရပ်နေကြ၏။ လက်ချောင်းများတွင် လက်သည်းများ အစုံအလင်ရှိကြသည်။

‘ဘာကိစ္စလဲ’

အဘွားအိုက တံတွေးပြစ်ခနဲ ထွေးလိုက်ပြီး မေးသည်။ လက်ခုံဖြင့် ပါးစပ်ကိုလည်း ဖိသုတ်နေ၏။

‘ကျွန်မ အဒေါ့်အလုပ်ကို စိတ်ဝင်စားလို့ပါ။ အဘွားဟာ ဒီလုပ်ငန်းမှာ နာမည်ကြီး တစ်ယောက်ပဲကိုး’

အဘွားအိုက စိတ်ဝင်စားဟန် မပြဘဲ အလုပ်ဆက်လုပ်နေသည်။ အဘွားကြီးမျက်နှာမှာ အရေးအကြောင်းများဖြင့် ရှုံ့တွနေသည်။

‘အရုပ်လိုချင်လို့လား’

‘ဟုတ်ပါတယ်’

‘ညည်း··ဘယ်လောက်ပေးမှာလဲ’

‘အဘွား တောင်းသလောက် ပေးပါ့မယ်’

အဘွားကြီး ကျေနပ်စွာ ခေါင်းညိတ်ရင်း ပြုံးလိုက်သောကြောင့် မျက်နှာတင်းသွားပြီး သွားမရှိသော သွားဖုံးများ ပေါ်လာသည်။ ထို့နောက် ထိုင်ရာမှထပြီး အထဲဝင်သွား၏။ သစ်သားလုံး တစ်ခုနှင့် ခေါင်းမပါသော အရုပ်တစ်ရုပ် ကိုင်ပြီး ပြန်ထွက်လာလေသည်။

‘ယောကျ်ားလား၊ မိန်းမလား’

‘ယောကျ်ား’

‘သူ့ပုံကို ပြောပြစမ်း၊ ဘာမှချန်မထားနဲ့နော်။ ဒါမှ အတိအကျ တူမှာ’

မော်ရာသည် အိုဝင်၏ ရုပ်သွင်ကို အသေးစိတ်ဖြည်းဖြည်းချင်း ပြောပြလိုက်သည်။ သစ်သားမှ အစများ အောက်သို့ ကျသွား၏။ သစ်သားမှာ တဖြည်းဖြည်းသေးသွားသည်။ အဘွားကြီးသည် ခေါင်းကို အသေးစိတ် ရုပ်လုံးဖော်နေ၏။ လိုအပ်လျှင် မော်ရာကို မေးပြန်သည်။

မကြာခင် အိုဝင်၏ ဝါဖျော့ဖျော့ မျက်နှာပေါ်လာ၏။ အသက်ရှိသည်ဟု ထင်ရအောင် တူလှသည်။ မျက်လုံးကို သစ်ခေါက်မှရသော ဆေးဖြင့် ခြယ်သောအခါ ကြည့်နေသည်ဟုပင် ထင်ရသည်။ ထိုမျက်လုံးများသည် မော်ရာအား ကြည့်နေ၏။ မျက်တောင်ခတ်နေသည်ဟုလည်း ထင်ရ၏။ ခေါင်းအား သေးသွယ်သော လည်တံတွင် တပ်လိုက်ပြီးနောက် အိုဝင်၏ ပန်းပုရုပ်တုသည် ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com

သွားတော့၏။ မော်ရာသည် အရုပ်ကို မယုံကြည်နိုင်စွာ ကြည့်နေ၏။ သူမသည် အိုဝင်ကို မြင်နေရချေပြီ။

'ဘယ်နှယ့်လဲ တူရဲ့လား'

'အတိအကျပါပဲ ဘယ်လောက်ပေးရမလဲ အဘွား'

'သိုးပေါက် နှစ်ကောင်၊ အခု မယူသေးပါဘူး။ ညည်းဆန္ဒရှိတဲ့အတိုင်း ဖြစ်လာပြီးမှ ယူမယ်။ သဘော ပေါက်ရဲ့လား'

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်။ ကျွန်မ ကတိပေးတဲ့အတိုင်း ရပါစေ့မယ်'

အဘွားကြီး ကျေနပ်သွားပြီး အရုပ်ကို မော်ရာအား ပေးလိုက်သည်။ အိမ်သို့ပြန်လာစဉ် မော်ရာ ကျေနပ်အားရနေသည်။ တောင်ပေါ်ကို တက်လာချိန်တွင် နေရောင်သည် သူမကျောပေါ် ထိုးကျနေ၏။ လေထဲတွင် ဆံပင်များ လွင့်နေသည်။ အလွန်လွယ်ပါလားဟု တွေးရင်း သူမ လက်ထဲမှ အရုပ်ကို ငုံ့ကြည့်ပြီး အားရစွာ ပြုံးမိသည်။ လွတ်မြောက်ရေးသော့သည် သူမလက်ထဲတွင် ရှိနေလေပြီတကား။

လယ်တောသို့ ပြန်ရောက်လျှင် အရုပ်အား သစ်သားစားပွဲပေါ်တွင် တင်ထားပြီး ချက်ပြုတ်နေလိုက်သည်။ သူမအား တစ်ယောက်ယောက်က စောင့်ကြည့်နေသလိုလည်း ခံစားနေရသည်။ ပတ်ဝန်းကျင်ကို လိုက်ရှာကြည့်သည်။ မည်သူကိုမှ မတွေ့ရပေ။ အရုပ်သည် သူမ ထားသည့်အတိုင်း စားပွဲပေါ်မှာပင် ရှိနေ၏။ သို့သော် ခေါင်းလှည့်ပြီး အသက်ဝင်သော မျက်လုံးအစုံက သူမ လှုပ်ရှားမှုတိုင်းကို လိုက်ကြည့်နေသည်ဟု ထင်ရသည်။ မော့နေသော မျက်နှာပေါ်တွင် နတ်ဆိုးနှင့်တူသော အပြုံးမျိုးလည်း ပေါ်နေသည်။ အရုပ်၏ အကြည့်က သူမကို ဖုံးလွှမ်းနေသည်။ အရုပ်၏ မျက်လုံးများကို သူမ ကြောက်နေသည်။ သူမသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ရှုံ့နေသော မျက်နှာကို စိုက်ကြည့်နေမိပြီးနောက် အရုပ်ကို သွားယူပြီး ဂျုံအိတ်ထဲသို့ ထည့်လိုက်၏။

'မော်ရာ'

အိုဝင်၏ ခေါ်သံဖြစ်သည်။

ဆက်ထားသော တံခါးဖွင့်၍ အခန်းဝတွင် ရပ်နေမိသည်။ သူမ ပြန်ထူးသင့်ကြောင်း သိသော်လည်း အသံမထွက်ဘဲ ဖြစ်နေသည်။ အိုဝင်သည် ခုတင်ပေါ်တွင် ထိုင်နေသည်။ သူ့မျက်နှာပေါ်တွင် ထူးဆန်းသော အရိပ်များ ပေါ်နေသည်။ သိုးမွေးစောင်ကို ကိုင်ထားသော လက်ဖမိုးများ ယောင်နေသည်။

'မော်ရာ၊ မင်း ဘယ်မှာလဲ။ ငါ့မျက်စိတွေ မမြင်ရတော့ဘူး'

ရုတ်တရက် အိုဝင်ကို သနားစိတ် ပေါ်လာသည်။ သူသည် ချည့်နဲ့အားနည်းစွာဖြင့် ခုတင်ပေါ်တွင် လပေါင်းများစွာ နေခဲ့ရ၏။ သူမကို ချစ်လွန်းသောကြောင့် သူ ဤမျှကြာအောင် အသက်ရှင်နေခြင်းဖြစ်သည်။ ခုတင်ဆီသို့ သူမ လျှောက်သွားခဲ့သည်။

'ဘုရားသခင်၊ ငါ့မျက်လုံးတွေ ကန်းနေပါလား။ ဘာမှ မမြင်ရတော့ဘူး။ မှောင်နေတယ်။ ငါ ကြောက်တယ် မော်ရာ၊ ငါကြောက်တယ်။ ငါ့ကို ဖက်ထားစမ်းပါ၊ ဖက်ထားပါကွယ်'

'ရှင် အိပ်မက်,မက်နေတာပါ အိုဝင်။ ငြိမ်ငြိမ်နေပါ၊ ငြိမ်ငြိမ်နေ။ ကျွန်မ ရေသွားခပ်မယ်'

မော်ရာသည် သူ့လက်ကို ဖြုတ်၍ အခန်းထဲမှ ခပ်မြန်မြန်ထွက်လာခဲ့၏။ အဖြစ်အပျက်ကို သူမ သိလာ၏။ ဂျုံအိတ်ကို ဖွင့်၍ အရုပ်ကို ယူလိုက်သည်။ မျက်နှာပေါ်မှ ဂျုံမှုန့်များကို ဖယ်ရှားပြီး ပြတင်းပေါက်တွင် တင်ထားလိုက်သည်။ မျက်နှာကို သူမဘက်သို့ လှည့်မထားပေ။ အဘွားကြီးသည် အလွန်တော်လှသည်။ အရုပ်၏ အာရုံခံစားပုံကို သူမ အံ့ဩမိသည်။ ဤအရုပ်သည် အသက်ရှင်နိုင်သလို သေနိုင်၏။ အိုဝင် အမြန်ဆုံးသေရစေမည်ဟု ဆုံးဖြတ်လိုက်သည်။ သူ့အတွက် ဝဋ်ဒုက္ခမှ ကျွတ်သွားသလို သူမအဖို့လည်း ကောင်းရပေမည်။

ယနေ့ည သူ အိပ်ပျော်သွားသည်နှင့် အရုပ်ကို မီးရှို့ရန် ဆုံးဖြတ်လိုက်၏။ အိုဝင် ဘာမှခံစားရတော့မည် မဟုတ်ပေ။

သစ်သားလူရုပ်သည် ကြီးမားသော မီးဖိုထဲတွင် လျှင်မြန်စွာ လောင်ကျွမ်းသွားပေလိမ့်မည်။

အိုဝင်သည် ရေအေးတစ်ခွက် သောက်ပြီးနောက် ခေါင်းအုံးပေါ် ပြန်လှဲလိုက်သည်။ တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်လာ၏။ မျက်စိပြန်မြင်လာ၏။ ပြတင်းပေါက်မှ နေရောင်ထိုးသဖြင့် မျက်တောင်တဖျတ်ဖျတ်ခတ်နေသည်။ တကယ့်အဖြစ်နှင့်တူသော အိပ်မက်ဆိုး ပြီးသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူမှာ ထိတ်လန့်မောပန်းစွာ ကျန်ရစ်ခဲ့သည်။ သူချစ်သော မော်ရာကို စိုက်ကြည့်နေမိသည်။ သူ မျက်ရည်ဝဲနေသည်။

သူမ၏ ကိုယ်လုံးမှာ ကျက်သရေ ရှိလှသည်။ ပြတင်းပေါက်မှ ဝင်လာသော နေရောင်သည် စောင်ဖြန့်ခင်းနေသော မော်ရာ၏ ဆံပင်များပေါ်သို့ ဖြာကျနေသည်။

သူ့အနားတွင် မော်ရာ ရှိသဖြင့် ကျေနပ်မိသည်။ သူ့မျက်ခွံများ လေးလံပြီး အိပ်ချင်လာသည်။ မကြာခင် ဝေဒနာအားလုံး မေ့ပျောက်၍ အိပ်ပျော်သွားတော့၏။

မော်ရာသည် ပြတင်းပေါက်တွင် ရပ်၍ ဝင်လုဆဲ နေကို ကြည့်နေ၏။ တောင်၏ တစ်ဖက်တွင် အလင်းရောင် အားပျော့လာသည်။ သူမစိတ်မှာ ငြိမ်းထန့်စွာ လှုပ်ရှားနေသည်။ ညနေခင်း၏ မှိုင်းပြာသော ရောင်ခြည်အောက်တွင် တောင်တန်းများသည် ငြိမ်သက်စွာ တည်ရှိနေသည်။ သစ်ပင်များမှာ မားမားမတ်မတ် ထောင်တက်နေသည်။ အပေါ်မှ အပြာရောင်ကောင်းကင်သည် ကတ္တီပါအပြာစလို လွှမ်းထားသည်။ ကောင်းကင်မှ ကြယ်များသည် ညအမှောင်ကို ငုံ့ကြည့်နေကြသည်။

လယ်တောတစ်ခွင်လုံး တိတ်ဆိတ်နေသည်။ မော်ရာသည် မီးဖိုဘေးတွင် ဒူးထောက်ထိုင်ရင်း ထင်းတုံးများကို ထည့်နေ၏။ ထင်းများမှာ ခြောက်သွေ့နေသဖြင့် မကြာခင် မီးတောက်လာ၏။ မီးရောင်ကြောင့် နံရံတွင် အရိပ်များ ထင်လာသည်။ လေတိုက်သဖြင့် မီးရောင်မှာ လှုပ်ရှားနေသည်။ အရိပ်များ လှုပ်ရှားနေပုံမှာ ယစ်ပူဇော်ပွဲကို ငရဲသားများကခုန်ပြီး ကြည့်နေသည်နှင့်တူ၏။ မီးတောက်သည် အပေါ်သို့ အရှိန်ပြင်းစွာ ထိုးတက်နေ၏။ ဆာလောင်နေသော သားရဲနှင့် တူလှလေသည်။

မော်ရာသည် ပြတင်းပေါက်သို့ လျှောက်သွားပြီး အရုပ်ကို ယူလိုက်သည်။ နောက်ဆုံးကြည့်ခြင်းမျိုးဖြင့် အရုပ်မျက်နှာ သေချာစွာ ကြည့်နေ၏။ ထို့နောက် မီးဖိုထဲသို့ ပစ်ချလိုက်၏။ သူမ ရင်ခုန်နေသည်။ ဝေဒနာပြင်းထန်စွာ ခံစားရဟန်ဖြင့် အော်သံသည် သူမနားထဲသို့ တိုးဝင်လာ၏။ မော်ရာသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်၏။ အသံအမြန်ပျောက်ပါစေဟုလည်း ဆုတောင်းနေသည်။ သို့သော် ဝေဒနာမချိမဆံ့ အော်သံကို ကြားနေရဆဲ ဖြစ်သည်။

မျက်စိပိတ်ထားသော လက်ကို ခွာ၍ မီးဖိုထဲကို ကြည့်လိုက်သည်။ အရုပ်ပြာကျသွားပြီဟု မျှော်လင့်မိသည်။ သို့သော် အရုပ်မှာ နီရဲသော ထင်းတုံးများပေါ်တွင် ယခုတိုင် ရှိနေဆဲ ဖြစ်သည်။ မီးအပူကြောင့် တွန့်လိမ်နေသည်။ အလွန်မုန်းတီးသော မျက်လုံးများဖြင့် သူမကို ပြန်စိုက်ကြည့်နေသည်။ အိုဝင်၏ ကြောက်စရာကောင်းသော အသံမှာ ပိုကျယ်လာသည်။ ဘုရားသခင် သူမ နားမထောင်နိုင်တော့ပါ။ တုန်ယင်သော နှုတ်ခမ်းများအကြားမှ သူမ အသံထွက်လာသည်။ သေပါတော့၊ ဘာကြောင့် ရှင် မသေသေးတာလဲ။

အိုဝင်၏ အော်သံမှာ ဆက်ထွက်နေဆဲ ဖြစ်သည်။ အော်သံသည် သူမနားထဲသို့ စိမ့်ဝင်လာသည်။

မော်ရာသည် မီးပြောင်းကိုယူ၍ မီးထိုင်မှုတ်နေ၏။ ခေါင်းတိုင်ထဲသို့ မီးညွှန့်များ ခုန်တက်လာသည်။ မခံမရပ်နိုင်အောင် ပူလာသည်။ ထို့နောက် ထင်းများက ကုန်သွားပြီး မီးတောက်လည်း ငြိမ်ကျသွား၏။ အရုပ်သည် ယိမ်းယိုင်ပြီး တောက်နေဆဲ ထင်းတုံးများပေါ်သို့ လဲကျသွားတော့၏။ အရုပ်မှာ မည်းမှောင်နေ၏။ လူ့အသားကို မီးလောင်သည့် အနံ့မျိုး ရှူရှိုက်နေရသည်။

မျက်လုံးများ မီးလောင်သွားပြီဖြစ်သည်။ မည်းနက်သော မျက်လုံးအိမ်များက အပေါ်သို့ လှမ်းကြည့်နေသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ပုံသဏ္ဌာန်ကို မြင်ရသဖြင့် ကြောက်ပြီး နောက်ကို ဆုတ်လိုက်သည်။ မျက်နှာကို အုပ်ထားလိုက်သည်။ သို့သော် ထိုသဏ္ဌာန်သည် သူမ စိတ်အာရုံထဲသို့ စွဲဝင်သွားပြီ ဖြစ်၏။

သူမ တစ်ကိုယ်လုံး တုန်ယင်နေသည်။ အော်သံ မကြားလိုသဖြင့် နားကိုလက်ဖြင့် ပိတ်ထားလိုက်သည်။ သို့သော် သနားစရာကောင်းသော အော်သံသည် နားထဲမှ မထွက်ပေ။ နားများ အူလာသည်။ အရုပ်၊ အရုပ်ကို ယူလိုက်တော့။ ထိုအသံများကို နားထဲတွင် ကြားနေရသည်။ အရုပ်သည် ပြာထဲတွင် လဲကျနေ၏။ ကိုယ်လုံးဆီမှ မီးခိုးများ အူထွက်နေသည်။ အရုပ်ကို မီးဖိုထဲမှ ထုတ်ရပေတော့မည်။

သို့မဟုတ်ပါက သူမ ရူးပေလိမ့်မည်။ မော်ရာသည် အရုပ်ကို မီးဖိုထဲမှ ဆယ်၍ ခါးစည်းအဝတ်ဖြင့် သုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ညအမှောင်ထဲသို့ ပြေးထွက်လာခဲ့၏။ ဦးတည်ရာမဲ့ ထွက်ပြေးလာခြင်းမျိုး ဖြစ်၏။ မကြာခဏ မြက်ပေါ်တွင် ချော်လဲတော့သည်။ နောက်ဆုံးတွင် သူမ ဆက်မပြေးနိုင်တော့ပေ။ ထိုအခိုက် သူမရှေ့တွင် ကျောက်တွင်းပေါင်းကို တွေ့လိုက်ရလေသည်။ မော်ရာသည် ကျောက်တွင်းအစပ်သို့ သတိထားပြီး လျှောက်လာခဲ့၏။ ထို့နောက် အထုပ်ကိုဖြေ၍ အရုပ်အား ကျောက်တွင်းထဲသို့ ပစ်ချလိုက်၏။ အရုပ်သည် နက်ရှိုင်းသော ကျောက်တွင်းအောက်သို့ ကျသွားလေတော့၏။

ကျောက်တွင်းထဲမှ သေးငယ်စူးရှသောအော်သံ ထွက်ပေါ်လာပြီးနောက် ညသည် ပြန်လည်တိတ်ဆိတ်သွားတော့၏။ မော်ရာသည် ကျောက်တွင်းထဲသို့ အချိန်အတော်ကြာအောင် ငုံ့ကြည့်နေခဲ့သေး၏။ သူမနားထဲတွင် အူနေသည်။ သို့သော် သစ်ပင်များကို လေတိုက်သံနှင့် သူမ ရင်ခုန်သံကိုသာ ကြားနေရသည်။ နောက်ဆုံးတွင် အိုဝင် သေပြီဖြစ်ကြောင်း သူမ သိလိုက်သည်။

အိမ်သို့ ပြန်ရောက်သောအခါ မီးဖိုတွင် မီးရှိနေသေးကြောင်း တွေ့ရသည်။ မီးရှိန်သည် သူမ၏ အေးစက်သော နဖူးပြင်ကို လာဟပ်လေသည်။ လူ့အသားကို မီးလောင်သောအနံ့မှာ ယခုတိုင် ပျံ့နှံ့နေဆဲ ဖြစ်သည်။ အလောင်းကို မြုပ်နှံရန်ရှိကြောင်း သူမ သိသည်။ အခက်ခဲဆုံးအလုပ် ပြီးသွားပြီဖြစ်သည်။ ကျန်သောအလုပ်မှာ အခက်အခဲမရှိတော့ပေ။ အလောင်းသည် ကလေးတစ်ယောက်ထက် ပိုလေးမည် မဟုတ်ပေ။ အလောင်းကို ကိုင်တွယ်ရမည်ကို တွေးပြီး ကျော့စိမ့်သွားသေးသည်။ အီရန်တိုကို သတိရလိုက်မိသည်။

တုန်နေသောလက်ဖြင့် မီးအိမ်ကို ထွန်းလိုက်သည်။ ထို့နောက် အလယ်ခန်းတံခါးကို ဖွင့်လိုက်သည်။ မီးရောင်သည် အခန်းထောင့်ရှိ ခုတင်ပေါ်သို့ ရောက်သွား၏။ ခုတင်ပေါ်တွင် ဘာမှမရှိပေ။ စောင်မှာ သားရိုင်းတစ်ကောင်က ကိုက်ဖြတ်ထားသကဲ့သို့ စုတ်ပြတ်နေပြီး အပုံလိုက် ဖြစ်နေ၏။ အဝတ်စုတ်များကို မွှေနှောက်ကြည့်သောအခါတွင် တစ်ခါက လူတစ်ယောက်ဖြစ်ခဲ့သည့် မည်းနက်သော ပုံသဏ္ဌာန်တစ်ခုကိုသာ မြင်လိုက်ရ၏။ ရှုံ့တွနေသော ထိုအရာသည် ဟောက်ပက်ဖြစ်နေသော မျက်လုံးအိမ်ဖြင့် မျက်နှာကြက်ကို မော့ကြည့်နေ၏။ ခေါင်းတွင် ဆံပင်မရှိတော့ပေ။ လက်သည်းလည်း မရှိတော့ပေ။ လက်မောင်းငုတ်တို နှစ်ချောင်းသည် ခဲနေသော သွေးအိုင်ထဲတွင် ကျနေ၏။

သူမ အကြည့်သည် မီးလောင်ပြီး ကောက်ကွေးနေသော ခြေထောက်များအပေါ်သို့ ရောက်သွားပြန်၏။ အရေပြားမှာ မီးကျွမ်းသွားလေပြီ။ အရိုးများပင် ပေါ်နေ၏။ ရှည်လျားသော လက်သည်းများကို ပြာထဲတွင် တွေ့ရသည်။ အရိုးစုသည် ပျက်စီးနေသော အရုပ်တစ်ရုပ်လို ကြမ်းပေါ်တွင် ပုံကျနေ၏။

သူမ ငယ်သံပါအောင် အော်လိုက်မိသည်။ ထို့နောက် သတိမေ့သွားတော့၏။ သူမနှင့် ရင်းနှီးသော အသံကို ကြားရသည်။ သူမ နာမည်ကို ခေါ်နေသည်ဟု ထင်ရသည်။ အသံသည် ပိုကျယ်လာ၏။ ပြတ်သားလာ၏။ မျက်လုံးဖွင့်ကြည့်လိုက်သည်။ အိမ်မက်ဟု ထင်မိသေးသည်။ သူမ မြင်နေရသည်မှာ အီရန်တို၏ မျက်နှာဖြစ်သည်။ အီရန်တိုက သူမနာမည်ကို ခေါ်နေသည်။ အိပ်မက်မဟုတ်ဘဲ အမှန်တကယ်ဖြစ်ကြောင်း သူမ သိလိုက်သည်။

'အီရန်တို ကျွန်မကို ဖက်ထားစမ်းပါ။ ကျွန်မကြောက်တယ်၊ သိပ်ကြောက်တယ်'

အီရန်တိုက သူမကို ဆွဲထူလေသည်။ အီရန်တိုကို ဖက်၍ သူမ တိုးတိတ်စွာ ငိုတော့သည်။ အီရန်တိုသည် သူမအား ကုလားထိုင် တစ်လုံးတွင် ထိုင်ခိုင်းပြီး ခေါင်းကို ပွတ်သပ်ပေးသည်။

'လယ်တောက မီးရောင်ကို ကိုယ်မြင်ရတယ်။ တစ်ခုခုဖြစ်နေပြီထင်လို့ ချက်ချင်းလာခဲ့တာ'

'အို·· အီရန်တိုရယ်၊ ဒါဟာ သိပ်ကြောက်စရာကောင်းတာပါပဲရှင်'

သူမ အသံတိမ်ဝင်သွားသည်။

ထိုကြောက်စရာကောင်းသော အဖြစ်အပျက်အား မည်ကဲ့သို့ ပြောပြရမည်ကို သူမ မသိတော့ပေ။ ဘာပဲဖြစ်ဖြစ် အားလုံးအဆင်ပြေတော့မည်။ အီရန်တိုကလည်း ဘာလုပ်ရမည်ကို သိပေမည်။ ကြောက်ရွံ့နေသော ကလေးတစ်ယောက်ကဲ့သို့ အီရန်တိုကို ဖက်ထားသည်။ သူမ ပါးပြင်တွင် မျက်ရည်များ ရွှဲစိုနေသည်။

'ပြောနိုင်ရင် ပြောပြစမ်းပါ။ အိုဝင့်အကြောင်းလော



www.burmeseclassic.com

www.burmeseclassic.com

သူ သေပြီလား'

အိုဝင်··အိုဝင်၏ အမည်ကို ကြားလိုက်သည်နှင့် ကြမ်းပေါ်တွင် လဲကျနေသော ရုပ်ပျက်ဆင်းပျက်သတ္တဝါန်ကို သူ ပြန်မြင်ပြီး ကြောက်စိတ်များ ဝင်လာပြန်သည်။ ဒါကို အီရန့်တို မမြင်စေသင့်ပါ။ သို့သော် သူ့အကူအညီကို ယူလိုလျှင် ထိုအရာကို သူ မြင်ပေမည်။ ထိုအလုပ်ကို သူမ တစ်ဦးတည်း မလုပ်နိုင်ပေ။

'အီရန့်တို··ကျွန်မကို ကူညီပါ။ ကျေးဇူးပြုပြီး ကူညီပါ။ ဒီလို ဖြစ်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး'

တစ်ခုခု မှားယွင်းနေပြီဖြစ်ကြောင်း အီရန့်တို သိလိုက်သည်။ အိုဝင်သေမည်ကို မျှော်လင့်ပြီးသား ဖြစ်သဖြင့် ထို့အတွက် သူမ ဤမျှအထိ တုန်လှုပ်ချောက်ချားနေသည်မှာ ထူးဆန်းနေသည်။ အိုဝင်ကို သေစေလိုကြောင်း သူမသည် သူ့ကို မကြာခဏ ပြောခဲ့၏။ သူမတွင် သူ နားမလည်သော ထူးဆန်းမှုရှိနေသည်။ သူမကို နောက်ထပ် ဘာမှမမေးတော့ဘဲ သူ့ဘာသာ သိအောင် လုပ်ရန် ဆုံးဖြတ်လိုက်သည်။ အီရန့်တိုသည် ထရပ်ပြီး တံခါးကို ဖွင့်လိုက်သည်။ မော်ရာက နောက်မှ လိုက်လာသည်။

အီရန့်တို မီးအိမ်မြှောက်လိုက်သည်။

'အို··ဘုရားသခင်'

သူ တိုးတိုးလေး ရေရွတ်လိုက်သည်။ ကြမ်းပေါ်မှ အရာကို မြင်ရသောကြောင့်ဖြစ်သည်။ မော်ရာက မငြိမ် မလှုပ် ရပ်နေသည်။ သူမကို မေးသော အီရန့်တို၏ လေသံမှာ တင်းမာနေလေသည်။

'မင်း သူ့ကို ဘယ်လို လုပ်ခဲ့သလဲ။ မှန်မှန်ပြောစမ်း၊ မင်း ဘာလုပ်ခဲ့သလဲ'

'ဒီလိုပဲ လုပ်ရမယ် အီရန့်တို၊ ကျွန်မ သည်းမခံနိုင်တော့ဘူး။ ဒီကိစ္စဟာ လွယ်လွယ်နဲ့ ပြီးသွားမယ်လို့ ကျွန်မ ထင်ခဲ့တာ'

အီရန့်တိုသည် အခန်းထဲသို့ ပြန်ဝင်လာပြီး သူမကို မယုံကြည်နိုင်သော အကြည့်ဖြင့် ကြည့်နေသည်။ သူမမှာ ငယ်ရွယ်နုပျိုသည်။ သို့သော် မျက်နှာပေါ်မှ အလှကို သူ ရှာမတွေ့တော့ပေ။ သူမကိုသာ စိုက်ကြည့်နေမိသည်။ အကြည့်ကို သူမဆီမှ လွှဲလိုက်သည်။

'ရှင့်အတွက် ကျွန်မ လုပ်ခဲ့တာပါ အီရန့်တို။ ကျွန်မကို မထားခဲ့ပါနဲ့၊ ကျွန်မ ရှင့်ကို ချစ်ပါတယ်။ ရှင့်အတွက် ကျွန်မ ဘာမဆို လုပ်မှာပဲ၊ ဘာမဆို'

'မင်း သူ့ကို သတ်လိုက်သလား'

'ကျွန်မ လက်နဲ့ မဟုတ်ဘူး အီရန့်တို။ ရှင်မြင်ပါတယ်၊ ကျွန်မ လက်နဲ့ မသတ်ပါဘူး'

'ဒါဖြင့် ဘယ်လိုလဲ'

သူ့ဆီကို တိုးသွားသည်။ မျက်ရည်များ ကျနေသည်။

'ရှင်မြင်တဲ့ အရုပ်ကလေးပါပဲ။ အဲဒါကို ကျွန်မ မီးပုံထဲ ထည့်ခဲ့တယ်။ ဒါပေမဲ့ မီးမလောင်ဘူး။ အဘွားကြီးဟာ သစ်သားအစိမ်းနဲ့ လုပ်ပေးလိုက်တယ်။ မီးမလောင်နိုင်ဘူးဆိုတာ ကျွန်မ မသိခဲ့ပါဘူး'

သူမ ပြောသဖြင့် သူ အားလုံးသိလိုက်သည်။ အလွန် ထိတ်လန့်တုန်လှုပ်ပြီး စက်ဆုပ်ရွံရှာသွားလေသည်။ သေတော့မည့် လူတစ်ယောက်အား ဤမျှရက်စက်သည်ကို သူ မယုံနိုင်အောင် ဖြစ်နေ၏။ ထိုမိန်းကလေးသည် သူ့လက်မောင်းများအကြားတွင် အလွန်နူးညံ့ပျော့ပျောင်းခဲ့၏။ အချစ်ဖြင့် နွေးထွေးခဲ့၏။ အခုတော့ သူမမျက်နှာကို မမြင်ချင်တော့ပေ။ အပြစ်ကင်းစင်မှုသည် သူမထံမှ စွန့်ခွာသွားပြီ ဖြစ်၏။

'ဒါဟာ အောက်လမ်းအတတ်ပဲ။ သူ့ကို မင်း ဒီလို လုပ်တာ အံ့သြလို့ကို မဆုံးဘူး။ သူ သေတော့မှာပါကွာ။ အချိန်နည်းနည်းပဲ စောင့်ရမှာများကွာ'

သူမ ဘာမှမပြောနိုင်တော့ပါ။ မတ်တတ်ပင် ရပ်မနေနိုင်တော့ဘဲ သူ့ရှေ့တွင် ဒူးထောက်ချလိုက်၏။ အီရန့်တိုသည် ငိုနေသော သူမကို ကြည့်ပြီး ရင်နာမိသည်။ သူမသည် တစ်ချိန်က အချစ်ဖြင့် နူးညံ့နွေးထွေးခဲ့သော လက်များဖြင့် သူ့ခြေထောက်ကို ဖက်၍ တောင်းပန်နေသည်။ သို့သော် သူမကို သနားစိတ်မဝင်တော့ပါ။ စိတ်ဆိုးခြင်း၊ ကြောက်ရွံ့ခြင်းများကို ပေါင်းစပ်ခံစားနေရသည်။ စုန်းအတတ်များနှင့် သူ မပတ်သက်လိုပါ။ သူ ကြောက်နေသည်။ ဤနေရာမှ အမြန်ထွက်သွားလိုစိတ်သာ ပေါ်နေသည်။

'အရုပ်ကို မီးမလောင်ဘူးပေါ့'

'ဟုတ်တယ်၊ မလောင်ဘူး'

'အခု ဘယ်မှာလဲ'

'ကျောက်တွင်းထဲ ပစ်ချလိုက်ပြီ။ ဒါ ကောင်းပါတယ် အီရန့်တို၊ အစပျောက်သွားပါပြီ'

www.burmeseclassic.com

'မင်း နားမလည်ပါဘူး။ ဒါကို မီးရှို့ဖျက်ဆီးရမယ်၊ အရုပ်ဟာ အခုအထိ အသက်ရှိနေတုန်းပဲ။ ကျောက်တွင်းထဲမှာပေမယ့် တန်ခိုးရှိနေသေးတယ်။ ငါ အခုသွားမယ်'

သူမ မတားနိုင်ခင်မှာပင် အီရန်တိုသည် တံခါးဖွင့်ပြီး ထွက်သွားတော့သည်။

'အီရန်တို၊ ကျွန်မကို မထားခဲ့ပါနဲ့။ အီရန်တို၊ ကျွန်မကို စောင့်ပါဦး'

မော်ရာသည် တကြော်ကြော်အော်ရင်း ညအမှောင်ထဲသို့ ပြေးထွက်လာခဲ့သည်။ ဘာမှ မမြင်ရသဖြင့် ကျောက်တုံးများနှင့် ခလုတ်တိုက်မိသဖြင့် မြက်ပင်များပေါ်သို့ မကြာခဏလဲကျခဲ့၏။

'အီရန်တို··အီရန်တို'

သူမအသံသည် တောင်နံရံများမှတစ်ဆင့် ပဲ့တင်သံအဖြစ် ပြန်ရောက်လာ၏။ ပြန်ထူးသံ မကြားရပေ။

မော်ရာသည် ကြောက်ရွံ့မှု စိတ်ပျက်မှုကို ခံစားရင်း ဆက်ပြေးလာခဲ့၏။ သူမ အလွန်မောပန်းလာသည်။ အေးမြသော လေသည် သူမကိုယ်လုံးအား လက်သည်းများဖြင့်ကုတ်ခြစ်သလို ရှေ့မှ တိုက်ခတ်နေ၏။ လေတိုက်သံအကြားမှ တစ်ယောက်ယောက်၏ သူမနာမည်ခေါ်သံ ထွက်ပေါ်လာသည်။ သူမရပ်ပြီး နားထောင်လိုက်သည်။ လေတိုက်သံအကြားမှ ထိုအသံ ထွက်ပေါ်လာပြန်သည်။ ခပ်ဝေးဝေးမှ အလင်းရောင်တစ်ခုကိုလည်း မြင်ရသည်။

'မော်ရာ၊ ကိုယ် ဒီမှာပါ'

'အီရန်တို၊ ကျွန်မကို စောင့်ပါဦး'

အသံထွက်ပေါ်လာပြန်၏။

အလင်းရောင်ရှေ့သို့ တိုးလာသည်။

'အချစ် မော်ရာ··မင်းကို ကိုယ်စောင့်နေပါတယ်။ မင်းကို ကိုယ် ဘယ်တော့မှ ခွဲမသွားပါဘူးကွယ်'

သူမသည် အလင်းရောင်ရှိရာသို့ ဝမ်းသာအားရ ပြေးသွားခဲ့၏။ ထို့နောက် အောက်သို့ ကျသွားတော့၏။ အောက်သို့အရှိန်ဖြင့် ကျသွားသော သူမကိုယ်လုံးအား အသားမရှိသော အိုဝင်၏ လက်မောင်းများက ဆီးကြိုပွေ့ပိုက်ခြင်းကို ခံလိုက်ရလေတော့သတည်း။

ဘနှင်း(မြန်မာပြန်)


# ဆရာရန်အောင်ဟိန်း (B.Sc)

## (ခရစ်ရှနားမှုတီး ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဆိုးတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၏ အနောက်တောင်ဘက်တွင်ရှိ၍ မြို့နှင့်တစ်မိုင် သုံးဖာလုံဝေးသော မြို့ဆင်ခြေဖုံး ရွာလေးတစ်ရွာ ဖြစ်၏။

ရွာလေးက အိမ်ခြေ(၈၀)နီးပါးမျှရှိပြီး အရှေ့ဘက်တွင် မြစ်မခချောင်း၊ တောင်ဘက်တွင် မြောင်းကြီးဘက်မှ စီးဆင်းလာသည့် ဓမ္မကျ လယ်ကျရိုးနှင့် မြောက်ဘက်နှင့် အနောက်ဘက်၌မူ ကြို့ပင်ကောက်သို့ သွားသော ယခင် စစ်ရှောင်လမ်း၊ သစ်နဖားလမ်းက သွယ်ပတ်ထားရှိပြီး ရွာထိပ် သစ်နဖားလမ်းဘေးတွင် မိုးသဲခေါ် ဘုရားပျက်ကုန်းကြီး တစ်ခုရှိ၍ ရွာ၏အမည်မှာ ယခင် မိုးသဲဘုရားကို အစွဲပြုကာ မိုးသဲတောရွာဟု အမည်တွင်သည့် ရွာလေးတစ်ရွာ ဖြစ်သည်။

ကျွန်တော်တို့ရွာ၌ ဦးသန်းထွန်း၊ ဒေါ်ခင်ဌေးမြင့် မိသားစုတို့ ရွာအလယ်ပိုင်းတွင် ရှိသည်။ ထိုမိသားစု၌ မိဘနှစ်ပါးအပြင် ထွန်းကြီး၊ အောင်ကိုမြင့်၊ မသူဇာ၊ သန့်ဇင် ဆိုသည့် သားသုံးယောက်နှင့် သမီးတစ်ယောက် ရှိ၏။ သားသမီးတွေထဲတွင် ထွန်းကြီးက အကြီးဖြစ်သည်။ အားလုံး ရိုးရိုးအေးအေး နေထိုင်ကြသူများဖြစ်၍ လယ်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြသူများ ဖြစ်၏။

၄င်းတို့၏လယ်မှာ မိုးသဲဘုရားပျက်ကုန်းအနီးတွင်



# နေဝန်းနီ

# သိုက်နန်းရှင်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ လယ်က မြေကောင်းယာကောင်းများဖြစ်သဖြင့် မိုးသဲတောရွာတွင်တော့ အတော်အတန် စီးပွားဥစ္စာ ပြေလည်ကြသူများ ဖြစ်ကြ၏။

သို့သော် အချို့ကမူ ဦးသန်းထွန်း၊ ဒေါ်ခင်ဌေးမြင့်တို့၏ အကြီးဆုံးသားကြီးဩရသ ထွန်းကြီးမှာ သိုက်ကလာသူဖြစ်၍ စီးပွားဥစ္စာများ သိုက်ကပေးသဖြင့် နေ့ချင်းညချင်း တိုးတက်လာကြခြင်းဖြစ်သည်။ ဖြစ်ထွန်းလာကြခြင်း ဖြစ်သည်ဟု ထင်ကြေးပေး ပြောကြသည်။

ထွန်းကြီးကလည်း ထူးဆန်းသည်ဟုဆိုရမည်။ ငယ်စဉ်ကစ အရွယ်ရောက်လာသည့်တိုင် တစ်ယောက်တည်း စကားပြောတတ်သည်။ ညအချိန် မိုးသဲစေတီပျက် အုတ်ပုံဘေးရှိ ရှားဖြူပင်ကြီးတွေအောက် သွားသွားထိုင်နေတတ်သည်။

အစတော့မိဘတွေက ထွန်းကြီး ပျောက်သောကြောင့် တခြားနေရာများ၌ လိုက်လံရှာဖွေတတ်ကြသော်လည်း နောင်၌မူ အထာပေါက်သွားကြသဖြင့် ထွန်းကြီး ပျောက်သည်နှင့် ဘုရားပျက်ကုန်းမှ ရှားဖြူပင်ကြီးများအောက်၌ရှိကြောင်း အတပ်သိနေကြတော့သည်။

ဤထွန်းကြီးနှင့် ပတ်သက်၍ပင် ယခုတင်ပြမည့် မိုးသဲစေတီဘုရားပျက်မှ သံယောဇဉ်မလေး ဇာတ်လမ်းလေးက ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

♦ ♦ ♦

တစ်နေ့ ရွာထဲ၌ ထွန်းကြီး ပျောက်သည့်သတင်းက အုံးအုံးကျွက်ကျွက် ဖြစ်သွားသည်။ အစ၌ ဦးသန်းထွန်း၊ ဒေါ်ခင်ဌေးမြင့်တို့က သူတို့သား မိုးသဲဘုရားကုန်းမှာပင် ရှိမည်ဟုထင်၍ အေးနေကြသော်လည်း နေဝင်ချိန်အထိ ထွန်းကြီး ပြန်ရောက်မလာနိုင်သည့်အဆုံး ထွန်းကြီး သွားနေကျ ရှားဖြူပင်ကြီးတွေဆီ လိုက်ခဲ့ကြသည်။

သို့သော် ထွန်းကြီး မတွေ့။ နောက်တစ်နေ့တွင်လည်း ပြန်မလာ။ ရှာတော့လည်း မတွေ့။ သုံးရက်မြောက်နေ့တွင်တော့ ထွန်းကြီးအတွက် တစ်ရွာလုံး စိတ်ပူကာ ရွာနီးချုပ်စပ်ရှိ ရွာတွေ၊ တောချုံအုံကြားတွေအထိ ဖြန့်ကြက်ရှာကြည့်။ ရှိသမျှ တောတွေ၊ ချုံတွေ၊ ကိုင်းပင်တွေကြား တောနင်းရှာကြသည်။ သည်လိုနှင့် လေးရက်မြောက်နေ့ ရောက်လာ၏။

'ကိုသန်းထွန်းရယ်၊ ကျွန်မသားလေး တွေ့ပါတော့မလားတော်။ တွေ့အောင် ရှာပေးပါနော်။ ကျွန်မသားလေး တွေ့အောင် ရှာပေးပါ'

မိခင်ဖြစ်သူက မျက်ရည်လေးစစဖြင့် ဖခင်ဖြစ်သူကို ပြောသည်။

'အေးပါ ဌေးမြင့်ရယ်။ ခုလည်း ရှာနေတာပဲဟာ။ နှံ့နေပြီကွာ၊ ရှာရတာလဲ'

'ကျွန်မသားလေး ရှိမှရှိပါတော့မလား'

'အင်း..စဉ်းစားရတော့ ဖြစ်နေပြီပေါ့ကွာ'

ဦးသန်းထွန်းက ခေါင်းကုတ်ရင်း ပြန်ပြောသည်။ ၎င်းတို့အိမ်သို့ ထွန်းကြီးကိုရှာပြီး ပြန်လာသူရွာသားအချို့က စိတ်ပျက်လက်ပျက် ခေါင်းယမ်းကြသည်။

'ခရီးပဲ လွန်သွားတာလား၊ ဒါမှမဟုတ် ချောင်းထဲပဲ ပါသွားတာလား။ တစ်ခုခုတော့ ဖြစ်ပြီထင်တယ်'

ရွာသားတစ်ယောက်က မှတ်ချက်ပြုလိုက်၏။

'ကျွန်မတို့လည်း ခါတိုင်းလိုပဲ ဘုရားပျက်ကုန်းက ရှားဖြူပင်ကြီးတွေဆီ သွားတာထင်လို့ အေးနေလိုက်ကြတာပါတော်'

ထိုအချိန် ရွာသားတစ်ယောက် ရေးကြီးသုတ်ပျာနှင့် ရောက်လာသည်။

'ထွန်းကြီး မသေဘူးဗျ။ ထွန်းကြီးရှိတယ်။ ကျုပ်ထွန်းကြီးကို တွေ့ခဲ့တယ်'ဟု အမောတကော ရောက်ရောက်ချင်း ပြောသည်။

'ဘယ်မှာတွေ့ခဲ့တာလဲ။ ဖမ်းသာလိုက်တာတော်'

ဒေါ်ခင်ဌေးမြင့်က သားကို တွေ့ခဲ့သည် ဆိုသဖြင့် အားရဝမ်းသာ မေးလိုက်သည်။ အားလုံး ထိုရွာသားကို ဝိုင်းကြည့်လိုက်ကြသည်။

'ဘုရားပျက်ကုန်းရဲ့ နောက်ဘက်က တန်ကြီးပေါ်က တောင်ပို့ဘေးမှာဗျ'

'စစ်ပင်ကြီးပေါက်နေတဲ့ တောင်ပို့လား'

'ဟုတ်တယ်။ ထွန်းကြီး တောင်ပို့ဘေးက စစ်ပင်ကြီးကိုမှီပြီး ထိုင်နေတာ။ ကျုပ်က မင်းပျောက်လို့ မင်းအဖေနဲ့အမေ စိတ်ပူနေကြတယ်။ တစ်ရွာလုံးလည်း မင်းကို လိုက်ရှာနေကြတယ်။ ပြန်လိုက်ခဲ့လို့ခေါ်တော့ နမော်လေးကို စောင့်နေတာ။ နမော်ပြန်လာမှ သူနဲ့အတူ ပြန်ခဲ့မယ်လို့ ပြောတယ်။ ကျုပ်လည်း ခေါ်မရတော့အဆုံး ပြေးလာပြောတာ'

www.burmeseclassic.com

www.burmeseclassic.com

ထိုရွာသား စကားအဆုံး အားလုံး မိုးသဲစေတီဘုရားပျက်ကုန်းရှိ ကန်သာယာဆီသို့ ပြေးခဲ့ကြ၏။ ကန်ပေါင်ပေါ်ရှိ စစ်ပင်ကြီးအောက်မှ တောင်ပို့ကြီးဘေးတွင် ထွန်းကြီးကို တွေ့လိုက်ကြရသည်။

မိဘများနှင့် ရွာသူရွာသားများက ထွန်းကြီးကို အိမ်မှ ထွက်သွားသည်မှာ ယနေ့ပါနှင့်ဆို လေးရက်ရှိပြီဖြစ်ကြောင်း၊ ထွန်းကြီး ပျောက်သည့်အတွက် တစ်ရွာလုံး စိုးရိမ်ပူပန်စိတ်များဖြင့် အသည်းအသန်ရှာခဲ့ကြရကြောင်း၊ မည်သည့်နေရာသို့သွားနေ၍ မတွေ့နိုင်ခြင်း ဖြစ်ပါသနည်းဟု စသည်ဖြင့် ပြောဆိုမေးမြန်းကြ၏။

ထွန်းကြီးကတော့ သူ့အိမ်မှ ထွက်လာသည်မှာ တစ်မနက်သာရှိသေးကြောင်း တွင်တွင်ပြန်ပြောလေသည်။ သို့ကြောင့်ပင် နောက်ဆုံး ထွန်းကြီးကို အလျှော့ပေး၍ အိမ်သို့ ပြန်ခေါ်ခဲ့ရသည်။ သို့သော် ထွန်းကြီးကတော့ လွယ်လွယ်ပြန်လိုက်လာခြင်းမဟုတ်။ သူ့နှမတော်လေးကို စောင့်ရှောက်သည်ဟု ပြောနေသည့်အတွက် အတင်းဆွဲလွဲခေါ်ခဲ့ရခြင်း ဖြစ်လေသည်။

◆◆◆

နောက်တစ်နေ့၌ ကျွန်တော် ထွန်းကြီးဆီသို့ ထွက်လာခဲ့သည်။

သူတို့အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက် ဝါးကွပ်ပျစ်ပေါ်တွင် တစ်ယောက်တည်း ညှိုးငယ်စွာ ထိုင်နေသော ထွန်းကြီးကို အဆင်သင့် တွေ့လိုက်ရ၏။

'ထွန်းကြီး နေကောင်းလား'

ရောက်သည်နှင့် ကျွန်တော်သည် ထွန်းကြီးဘေးတွင် ဘေးချင်းယှဉ်ထိုင်ရင်း မေးလိုက်၏။

'နေကောင်းပါတယ်ဗျာ။ ဒါပေမဲ့ ကျုပ် စိတ်မကောင်းဘူး'

ထွန်းကြီးက ငေးငေးငိုင်ငိုင်ဖြင့် မပွင့်တပွင့် ဖြေလိုက်သည်။

'ဘာကြောင့် စိတ်မကောင်းတာလဲ ကလေးရဲ့။ စိတ်မကောင်းစရာ ဘာများရှိလို့လဲ'

'ကျုပ် မပြောချင်ပါဘူးဗျာ'

'ပြောပါကွ။ ဦး ကူညီနိုင်ရင်လည်း ကူညီရတာပေါ့'

'တကယ်ပြောတာလား'

ထွန်းကြီးက အားတက်သရော မေးလိုက်သည်။

သို့သော် ခဏအတွင်းမှာပင် 'ဒါပေမဲ့ ဦးတို့လည်း ကူညီနိုင်မယ် မထင်ပါဘူးဗျာ' ဟု အားငယ်စိတ်ပျက်စွာ ပြောရင်း ခေါင်းငုံ့သွားသည်။

'ပြောလိုက်လေ သားကြီး၊ သားကြီး ဘာကြောင့် စိတ်မကောင်းတာလဲဆိုတာ ဦးကို ပြောပြလိုက်။ ဦးက သားကြီးကို ကူညီမှာ'

ထိုအချိန် အိမ်ထဲမှ ထွက်လာသည့် အမေလုပ်သူ ဒေါ်ခင်ဌေးမြင့်က တိုက်တွန်းလိုက်သည်။

ထိုအခါ ထွန်းကြီးသည် မသက်မသာဖြင့် သက်ပြင်းရှည်တစ်ချက်ကို ဆွဲချလိုက်ပြီး ကျွန်တော့်ကို အားကိုးတကြီး ကြည့်လိုက်၏။

'ဦးကူညီမယ်ဆိုရင်တော့ ကျုပ်ပြောပြမယ်ဗျာ။ ကျုပ်ကိုသာ တကယ်ကူညီပါ'

ဟု ဆို၍-

'ဒီလိုဗျ ဦးရဲ့'ဟု အစချီပြီး သူ့ဇာတ်လမ်းကို အောက်ပါအတိုင်း ပြောပြပါလေတော့သည်။

◆◆◆

ထိုနေ့က ထွန်းကြီးသည် မြနန်းနွယ်နှင့်တွေ့ရန် မိုးသဲစေတီဘုရားပျက်ကုန်းသို့ မိုးမလင်းတလင်းအချိန်တွင် ညည်းသူမျှ မသိအောင် ထွက်ခဲ့သည်။

မြနန်းနွယ် ဆိုသည်က ထွန်းကြီး၏ချစ်သူ။

ဘုရားကုန်းရှိ နန်းတော်ကြီး၏ပိုင်ရှင်။ ထွန်းကြီး သူ့ဖခင် လယ်လုပ်ရာသို့ ထမင်းပို့လိုက်ရင်း၊ နွားကျောင်းရင်း မြနန်းနွယ်နှင့် သူ စတွေ့သည်။ တွေ့တွေ့ချင်းပင် မြနန်းနွယ်က သူနှင့် ထွန်းကြီးမှာ အတိတ်က ချစ်သူများဖြစ်ကြောင်း၊ ကွဲကွာခဲ့ကြသည်မှာ ကြာပြီဖြစ်ကြောင်း၊ နေ့စဉ်နှင့်အမျှ ချစ်သူကို မျှော်နေရကြောင်း လွမ်းလွမ်းဆွေးဆွေးနှင့် ပြောပြသည်။ နောက်တော့ ထွန်းကြီးကိုယ်တိုင်လည်း မြနန်းနွယ်ကို အချစ်ကြီး ချစ်ခဲ့သည်။ မြနန်းနွယ်နှင့်သူ ဘုရားပျက်ကုန်း ရှားဖြူပင်ကြီးအောက်မှာ အမြဲတမ်းလို တွေ့ကြသည်၊ ဆုံဖြစ်ကြသည်။ မတွေ့ရ မနေနိုင်အောင် ဖြစ်လာကြ၏။

တစ်ခါတစ်ရံ မြနန်းနွယ်က ထွန်းကြီးအိမ်အထိ ညအချိန် ရောက်ရောက်လာတတ်ပြီး ထွန်းကြီးကို ခေါ်သွားတတ်သည်။ ထွန်းကြီးနှင့်အတူ လျှော်ကန်သင်းပေါ်ရွေဖြတ် လမ်းလျှောက်ကြ၊ ကန်ပေါင်ပေါ်က စစ်ပင်ကြီး

www.burmeseclassic.com

အောက်ထိုင်လိုက်ကြ။ ဒန်းစီးကြနှင့် အပျော်ကြီး ပျော်ခဲ့ကြ၏။ သည်ကြားထဲ ကြိုကြား,ကြိုကြား မြနန်းနွယ်၏ ရုံရွှေတော်များ၊ အထိန်းတော်၊ အချီတော်များပါ ပါလာတတ်သည်။ ထိုနေ့များ၌ ထွန်းကြီး အလွန်ပျော်သည်။ ထွန်းကြီးနှင့် မြနန်းနွယ်ကို သူတို့အားလုံးက သီချင်းတွေ သီဆိုကြ၊ ကပြကြနှင့် ဖျော်ဖြေကြသည်။ တစ်ခါတလေ ဝိုင်းကြီးပတ်ပတ် ကစားကြသည်။ ထိုအခါများ၌ ထွန်းကြီးပါ ရောယောင်ပါတတ်၏။

တစ်ခါတလေတော့ မြနန်းနွယ်က သူက သာယာဝတီသတိုးနော်ရထာဘုရင်၏ သမီးတော်ဖြစ်ပြီး ထွန်းကြီးက တပ်မှူးလေး သီဟဗလဖြစ်ကြောင်း၊ တပ်မှူးလေးက ဖခမည်းတော် မင်းမြတ်၏ လူယုံတော်တပ်မှူးတစ်ဦးဖြစ်သည့်အတွက် နန်းတော်တွင်း တံခါးမရှိ ဓားမရှိ ဝင်ထွက်ခံစားနိုင်ကြောင်း၊ ထိုသို့ခစားရင်းမှ မြနန်းနွယ်နှင့် ချစ်သူဘဝ ရောက်ခဲ့ကြရကြောင်း၊ ခြေရာတစ်ထောင် ငမဲကောင်နှင့် အမိတ္တေဘာဒန အမတ်ကြီးတို့၏ တော်လှန်ပုန်ကန်မှုကြောင့် ကွဲကွာခဲ့ကြရကြောင်း၊ ကော်ထိုးကျဘက်မှာ ဖခမည်းတော် ငမဲတောင် လက်ချက်ဖြင့် နတ်ရွာစံပြီကြားသည်နှင့် မြနန်းနွယ်လည်း မယ်တော်မိဖုရားကြီးနှင့် အတူ အတွင်းပစ္စည်းများ ယူဆောင်၍ ရုံရွှေတော်အနည်းအကျဉ်းနှင့် ခွေးတော် ဝက်လုကတော် တည်ထားကိုးကွယ်ခဲ့သော မိုးသဲစေတီရှိရာ မိုးသဲတောရွာဘက် ထွက်ခဲ့ပြီး ပါလာသမျှ ရတနာများကို စေတီအနီးတွင်ဝှက်ကာ မထင်မရှားနေ၍ မြို့တော်အခြေအနေနှင့် ချစ်ရသူ တပ်မှူးလေး သီဟဗလ၏ သတင်းကို စုံစမ်းခဲ့ရကြောင်း အထောက်တော်တစ်ဦးမှ တပ်မှူးလေး သီဟဗလ ရန်သူတပ်တွေကို တွန်းလှန်တိုက်ခိုက်ရင်း ဦးတစ်ရာဘက်တွင် ကျဆုံးသွားပြီဖြစ်ကြောင်း ကြားရသည်နှင့် စေတီတော်မြတ်၌ ဖြစ်လေရာ ဘဝတိုင်း၌ ရန်အပေါင်းမှကင်းဝေး၍ ချစ်သူနှင့် ပေါင်းသင်းရသည့်ကိုယ် ဖြစ်ရပါလိုကြောင်း ဆုတောင်းပြီး အဆင်မပြေသော ဘဝအတွက် စိတ်နှလုံး ချုံးချုံးကျ၍ နောက်ဆုံး ထိခိုက်သေဆုံးခဲ့ရကြောင်း ဝမ်းနည်းပက်လက်ဖြင့် မျက်ရည်များ ဖြိုင်ဖြိုင်ကျရင်း ပြောပြတတ်သည်။ သည်အခါတိုင်း ထွန်းကြီးက–

'ဝမ်းနည်းပူဆွေးသောက ဖြစ်မနေပါနဲ့တော့ နှမတော်ရယ်။ အခုပြန်လည်ဆုံတွေ့ကြပြီပဲ။ တိတ်တော့နော်၊ တိတ်တော့' ဟု ချော့နေကျ။

သည်လိုနှင့် ရက်တွေ၊ လတွေ ကြာလာသည်။

တစ်နေ့ မြနန်းနွယ်က ထွန်းကြီးအား လပြည့်နေ့ နံနက်စောစော သူ့ဆီလာခဲ့ရန် သူ့ကို စောင့်ရှောက်နေသည့် အဘိုးနှင့် တွေ့ပေးမည်ဖြစ်ကြောင်း၊ အဘိုးကလည်း ထွန်းကြီးကို တွေ့လိုကြောင်း၊ သူစံနေသော နန်းတော်ကြီးသို့လည်း ခေါ်သည်ဖြစ်ကြောင်း ပြောသည့်အတွက် ထွန်းကြီး နံနက်စောစော ထွက်လာခဲ့ခြင်း ဖြစ်၏။

မြနန်းနွယ်နှင့် အမြဲတမ်းတွေ့နေရသော်လည်း မြနန်းနွယ် စံနေပါသည်ဆိုသော နန်းတော်ကြီးအတွင်းသို့ မရောက်ဖူးခဲ့။ မြနန်းနွယ်ကလည်း ဘယ့်တုန်းကမှမခေါ်။ သို့ကြောင့်ပင် သူကိုယ်တိုင်ပင် နန်းတော်ကြီးကို ရောက်ဖူးချင်နေသည်။ သို့ကြောင့်ပင် အဖေ၊ အမေနှင့် ညီ,ညီမတို့မနိုးခင် တိတ်တဆိတ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

◆◆◆

ဘုရားကုန်းအဝင် ရောက်သည်နှင့် မြနန်းနွယ်ကို အဆင်သင့် တွေ့လိုက်ရသည်။ မြနန်းနွယ်သည် ထွန်းကြီးကိုမြင်သည်နှင့် ပြေးလာကြို၍ ထွန်းကြီးလက်ကို ဆွဲလိုက်သည်။

'မောင်တော်··ကြွတော်မူပါ'

ထွန်းကြီးက မြနန်းနွယ် ဆွဲခေါ်ရာသို့ ပါလာခဲ့၏။

'အဘိုးက မောင်တော်ကို အဆင်သင့် စောင့်နေပါတယ်'

မြနန်းနွယ်က ပြောရင်း ရှေ့မှသွားသည်။ မြနန်းနွယ် သွားနေသည်မှာ ဘုရားပျက်ကုန်းဆီ ဖြစ်သော်လည်း သွားရင်းသွားရင်း အတော်လေး လျှောက်မိသည်နှင့် နန်းတော်ကြီးတစ်ခု၏ တံခါးဝသို့ ရောက်သွားသည်။

အသားမည်းမည်း၊ သွားခေါခေါ၊ မျက်လုံးပြူးပြူးနှင့် အားကောင်းမောင်းသန် လူကြီးနှစ်ယောက်က တင်းပုတ်ကြီး တစ်ယောက်တစ်ခုကိုင်ရင်း တံခါးပေါက်အဝင်ဝ တစ်ဖက်တစ်ချက်တွင် စောင့်နေသည်။ မြနန်းနွယ်နှင့် ထွန်းကြီး ရောက်လာသည်နှင့် ခါးညွှတ်အရိုအသေပေးရင်း နန်းတော်အဝင် တံခါးမကြီးကို ဖွင့်ပေးလိုက်၏။

'လာ··မောင်တော်'

အတွင်းဘက်ဝင်ရာ လမ်းရှစ်လျှောက်တွင် ဖန်မြ မှန်မြေများဖြင့် ဖိတ်ဖိတ်တောက်နေသည်။ ခြေချရက်စရာ



www.burmeseclassic.com

www.burmeseclassic.com

ပင်မရှိ။ နန်းတော်ကြီး၏ နံရံများကလည်း ရွှေများဖြင့် အိစက်ရွှန်းလက်နေ၏။ တစ်နန်းတော်လုံး ဝါဝင်းလင်းထိန်လျက် ရှိသည်။

ထွန်းကြီးသည် နန်းတော်ကြီးကိုကြည့်၍ အံ့အားသင့်လျက်ရှိ၏။ အဆောင်အယောင် အခန်းခန်းတို့က ခြူးနွယ်ခြူးခက်၊ ပန်းဆိုင်ပန်းခက်တို့ဖြင့် ထွန်းကြီး တစ်သက်မမြင်ဖူးခဲ့သည့် အရာများပင်ဖြစ်၏။ အခန်းကြီးများကလည်း ကျယ်ဝန်းလှသလို အခန်းတိုင်းကိုလည်း ဂန္ဓာရာစ်တိုင်းဖြစ် မယောဂ်ကနီ ကော်ဇောကြီးများ ခန်းလုံးပြည့်ခင်းထားသည်။

မြနန်းနွယ်နှင့် ထွန်းကြီးလည်း တစ်ခန်းဝင် တစ်ခန်းထွက် တစ်ခန်းကျော် တစ်ခန်းဖြတ်နှင့် လျှောက်လာကြရာ အတော်လေးလျှောက်မိကြသည်နှင့် အခန်းကျယ်ကြီးတစ်ခုသော ရောက်လာသည်။

အခန်းကြီးကို တံခါးနီကြီး ပိတ်ထားသည်။ မြနန်းနွယ်က ထိုတံခါးနီထိပ်၌ ရပ်လိုက်၏။ ထို့နောက် တံခါးကို လက်နှင့် ပုတ်လိုက်ရာ တံခါးနီကြီးက တကျွီကျွီမြည်၍ ပွင့်သွားသည်။

အခန်းကြီးပွင့်သွားသည်နှင့် အရောင်မျိုးစုံတို့က ပြိုးပြိုးပြက်ပြက် အခန်းတွင်းမှ ပွင့်အံထွက်လာသည်။ ထွန်းကြီးသည် အခန်းကြီးကို တအံ့တသြ ကြည့်လိုက်၏။ အခန်းကြီးတစ်ခုလုံး စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့် ပြည့်ကျပ်လျက်ရှိသည်ကို တွေ့လိုက်ရသည်။ ပြိုးပြိုးပြက်ပြက် ထွက်ပေါ်နေသည့် အရောင်မျိုးစုံတို့သည် ထိုရတနာတို့၏ အရောင်များဖြစ်ကြောင်း သတိထားလိုက်မိ၏။

'မောင်တော်··အဲဒီရတနာတွေကို ရှုစားတော်မူပါဘုရား'

'များလှချေလား နှမတော်'

'မှန်ပါ။ အဲဒီရတနာတွေဟာ မောင်တော်နဲ့ နှမတော်တို့ နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်အတွက် လှူဒါန်းပူဇော်ဖို့တဲ့ ရတနာတွေပါ။ အဲဒီရတနာတွေ ရန်သူမျိုးတွေ မနှောင့်ယှက်၊ မယူငင်နိုင်အောင် နှမတော် တာဝန်ယူ စောင့်ရှောက်ထားတာပါ။ ကြာလှပါပြီ မောင်တော်။ နှမတော်လည်း မောင်တော့်ကိုစောင့်ရင်း မောင်တော် တစ်နေ့ နှမတော်ဆီကို ရောက်လာမှာပဲလို့ မျှော်လင့်ရင်း ဒီနန်းတော်ကြီးထဲမှာ ရတနာတွေကို စောင့်ရှောက်ရင်း စောင့်နေခဲ့ရတာ ကြာခဲ့ပါပြီ။ အဲဒီအတွက်ပဲ အဘိုးက နှမတော်ကို မောင်တော်ကို သူ့ဆီရောက်အောင် ခေါ်ခဲ့ရမယ်လို့ အမှာအထားရှိတာပါ'

မြနန်းနွယ်က ထွန်းကြီးကို ရတနာများပြကာ ရှင်းပြသည်။

ထွန်းကြီးက ဘာမျှမပြော မြနန်းနွယ် ပြောသမျှ ခေါင်းညိတ်နေ၏။ မြနန်းနွယ်နှင့် ပတ်သက်လာလျှင် သူ၌ ဘာမျှပြောစရာမရှိ။ စတွေ့စကပင် မြနန်းနွယ် ပြောသကဲ့သို့ သူ့ကိုယ်သူ တပ်မှူးလေး သီဟဗလဟု ခံယူခဲ့သည် မဟုတ်ပါလား။

'လာ··မောင်တော်'

မြနန်းနွယ်က ထွန်းကြီးကို ရှင်းပြပြီးသည်နှင့် အခန်းကြီး၏ဘေးမှ လမ်းလေးအတိုင်း ဆက်သွားသည်။ ထွန်းကြီးကလည်း မြနန်းနွယ်၏နောက်မှ ထက်ကြပ်မကွာလိုက်ခဲ့၏။ အခန်းကြီးလွန်သည်နှင့် အထက်သို့တက်သော လှေကားကြီးကို တွေ့လိုက်ရသည်။ မြနန်းနွယ်က လှေကားထိပ်၌ရပ်၍ ထွန်းကြီးကို တစ်ချက်ပြန်ကြည့်ကာ ပြုံးပြလိုက်ပြီး လှေကားပေါ် ဆက်တက်သွားသည့်အတွက် ထွန်းကြီးလည်း တက်လိုက်ခဲ့၏။

လှေကားက သာမန်လှေကားမျိုးမဟုတ်။ ရွှေတို့ဖြင့် အိစက်ညက်ညောနေသော ရွှေလှေကားကြီးဖြစ်ပြီး အထစ်ပေါင်း မြောက်မြားစွာ ဖွဲ့စည်းထားသော လှေကားဖြစ်သည်။ ထွန်းကြီး လှေကားကြီးတက်ရင်း လူများ ညောင်းလာသည်။ ရှေ့ဆက်တက်ချင်စိတ် မရှိတော့။ ထိုအချိန် မြနန်းနွယ်က ထွန်းကြီးကို လက်လာဆွဲလိုက်၏။ ထိုခဏ ထွန်းကြီး ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ခနဲဖြစ်သွားကာ လေပေါ် မြောက်တက်သွားသလို ခံစားလိုက်ရပြီး ချက်ချင်း အဘိုးရှိရာ အခန်းကြီးထဲ ရောက်သွား၏။

အဘိုးကို ဟင်္သာပြဒါးရောင်တောက်နေသည့် ကုလားထိုင်ကြီးပေါ်တွင် အခန့်သား ထိုင်နေသည်ကို တွေ့လိုက်ရသည်။

◆◆◆

ခန့်ညားသော ဥပမိရုပ်နှင့် ဦးပေါင်းပေါင်း ဝတ်ဖြူစင်ကြယ်ဝတ်၍ စိပ်ပုတီးကိုင်ထားသည့် အဘိုးက ကြည်ငြိမ်သော အပြုံးဖြင့်ပြုံးရင်း ထွန်းကြီးကို ကြည့်၍ ထိုင်··

www.burmeseclassic.com

www.burmeseclassic.com

မြေးလေး၊ ထိုင်‥ထိုင်' ဟု ပြောပြီး သူ့ရှေ့မှ ကုလားထိုင်တွင် ထိုင်ရန် ညွှန်ပြလိုက်၏။

'ဟုတ်ကဲ့ပါ အဘိုး'

ထွန်းကြီးက အဘိုးညွှန်ပြရာ ကုလားထိုင်ပေါ် ထိုင်ရင်း 'အဘိုး တွေ့ချင်တယ်ဆိုလို့' ဟု ဆိုလိုက်သည်။

အဘိုးက ခေါင်းတဆတ်ဆတ်ညိတ်ကာ-

'ဟုတ်တယ် အဘိုး တပ်မှူးလေးကို တွေ့ချင်နေတာ။ မြေးက ဟိုလွန်ခဲ့တဲ့ဘဝက သတိုးနော်ရထာရဲ့ ကိုယ်ရံတော်တပ်မှူးလေးပါ။ တစ်နည်းပြောရရင်တော့ သတိုးနော်ရထာရဲ့ သမီးတော် မြနန်းနွယ်သခင်မလေးရဲ့ ချစ်သူ တပ်မှူးလေးပေါ့။ ကံမကောင်း အကြောင်းမလှလို့ ရှေးဘဝက မဆုံဖြစ်ကြပေမယ့် သမီးတော်မြနန်းနွယ်လေးရဲ့ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာနဲ့ သံယောဇဉ်တွေနဲ့ တပ်မှူးလေးနဲ့ ပြန်လည်ဆုံတွေ့ခွင့် ရရပါစေဆိုတဲ့ ဆုတောင်းကြောင့် ပြန်လည်ဆုံတွေ့ခဲ့ကြတာ။

အင်း‥ဒါပေမဲ့ တွေ့ကြပြန်တော့လည်း မျဉ်းပြိုင်နှစ်ခုလို ဖြစ်နေရတဲ့ဘဝ။ သမီးလေးခမျာ မြေးကို ဆုံစည်းဖို့ စောင့်မျှော်နေရတာပါ။ ကာလတွေလည်း ကြာခဲ့ပါပြီ။ မြနန်းနွယ် မြေးမလေးကို အဘိုး သနားလှပြီကွယ်။ အဖော်မဲ့ဘဝနဲ့ တစ်ကိုယ်တည်းနေရတဲ့ သူ့အတွက် အဖော်လိုနေပါပြီ။ ဒါကြောင့် အဘိုးမြေး တပ်မှူးလေးအနေနဲ့ မြနန်းနွယ်လေးဆီလာဖို့ အဘိုး တိုက်တွန်းချင်တဲ့အတွက် ခေါ်ခိုင်းရတာပါ'

အဘိုးစကားအဆုံး ထွန်းကြီး မြနန်းနွယ်ကို ကြည့်လိုက်သည်။ မျှော်လင့်တကြီး သူ့ကို ပြန်ကြည့်နေသည့် မြနန်းနွယ်ကို တွေ့လိုက်ရ၏။ မြနန်းနွယ်၏ မျက်နှာလေးက မျှော်လင့်တောင့်တမှုတို့နှင့်အတူ မသိမသာ ရှမ်းလျ ညှိုးရော်နေ၏။

'မြေး‥ဒီကို ရောက်လာတာနဲ့အမျှ ဒီနန်းမကြီးကို မြေးနဲ့ မြနန်းနွယ်တို့အတူတကွ စောင့်ရှောက်ကြပါတော့။ အဘိုးရတနာတွေအားလုံးနဲ့ နန်းတော်ကြီးတစ်ခုလုံး အပ်ပေးပါ့မယ်'

အဘိုးက သူ့စကားကို အဆုံးသတ်လိုက်ပြီး ထွန်းကြီးကိုကြည့်၍ 'ဘယ်လိုလဲ' ဟု မေးလိုက်သည်။

ထွန်းကြီးသည် မြနန်းနွယ်၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း သက်ပြင်းမောမောလေး ချလိုက်သည်။

ထို့နောက် 'ဟုတ်‥ဟုတ်ကဲ့ပါ အဘိုး' ဟု ခေါင်းညိတ်လိုက်လေ၏။

◆◆◆

ထွန်းကြီးသည် သူ့စကားအဆုံး၌ ဟူးခနဲ လေရှည်တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

'ကျုပ်အဖြစ်က အဲဒါပဲ ဦး။ ကျွန်တော် မြနန်းနွယ်နဲ့ အတူနေဖို့ ကတိပေးခဲ့ပြီးပြီ။ ကျုပ်လည်း ကတိပေးလိုက်ရော မြနန်းနွယ် တစ်အားပျော်သွားတယ်ဗျာ။ ကျုပ်ကို ကန်ပေါင်ပေါ်လိုက်ပို့ရင်း တေးတကြော်ကြော်ဆိုလို့။ သူ ကျုပ်ကို ဒီအတိုင်း မခေါ်ဘူး။ ကျုပ်မိဘတွေအတွက် ရတနာတွေပေးပြီးမှ ခေါ်မယ်လို့လည်း ပြောတယ်။ ကျုပ်ကလည်း သဘောတူတယ်။ အဲဒီမှာတင် မြနန်းနွယ်ဟာ နန်းတော်ကြီးထဲ ရတနာတွေယူဖို့ဆို ပြန်သွားလို့ ကျုပ်စောင့်နေတုန်း အဖေတို့တွေ ရောက်လာပြီး အတင်းခေါ်ကြတာဗျာ။ ခုလောက်ဆို နမတော်မြနန်းနွယ် ကျုပ်ကို မတွေ့လို့ ဒေါင်ချာစိုင်းနေလောက်ပြီ'

(မှတ်ချက်-ဒေါင်ချာစိုင်းဆိုသည်မှာ ဒေသိယစကားဖြစ်၍ ဗျာများနေလောက်ပြီဟု ဆိုလိုရင်းဖြစ်သည်။)

ပြောရင်း ပြောရင်း ထွန်းကြီးအသံက လှိုက်မောလာ



www.burmeseclassic.com

www.burmeseclassic.com

၏။ မျက်နှာတွင်လည်း ကြေကွဲရိပ်များက အထင်းသား။

ကျွန်တော်လည်း ထွန်းကြီး စကားများကို နားထောင်ရင်း စိတ်မသက်မသာ ဖြစ်မိ၏။ ထွန်းကြီး ပြောနေသော စကားများမှာ အမှန်တွေပဲလား၊ ဒါမှမဟုတ် စိတ်ရောဂါသည် တစ်ယောက်၏ စကားတွေလား ဆိုသည်ကို ကျွန်တော် မဝေခွဲတတ်၊ မပြောတတ်။

ထူးခြားသည်မှာ ထွန်းကြီး ပျောက်နေသည်မှာ သုံးရက်လောက်ဖြစ်သော်လည်း ထွန်းကြီးကတော့ မြနန်းနွယ် ခေါ်ရာ နန်းတော်ကြီးအတွင်းသို့ လိုက်သွားသည်မှာ တစ်ခဏသာဟု ဆိုခြင်းဖြစ်သည်။

ထို့ထက် ပိုမိုထူးခြားသည်မှာ ထွန်းကြီးကို သူ့မိဘများနှင့် ကျွန်တော်တို့ အားလုံးက စိတ်မကျန်းမမာ(စိတ်ရောဂါ)ကုဆေးရုံသို့ပို့ရန် စီစဉ်နေစဉ်မှာပင် ထွန်းကြီးသည်–

“ကျုပ်ကို နှမတော်လေးမြနန်းနွယ် ခေါ်နေပြီဗျာ။ ကျုပ်လည်း မြနန်းနွယ်ကို မခွဲနိုင်တော့ဘူး။ ကျုပ်သွားတော့မယ်။ ကျုပ်ကို မတားကြပါနဲ့တော့၊ မတားကြပါနဲ့တော့”ဟု အော်ရင်းဟစ်ရင်း အကောင်းသား အမွန်သားကြီးကနေ သုံးရက်မြောက်နေ့၌ သေဆုံးသွားခြင်းပင် ဖြစ်တော့၏။

◆◆◆

ဤအဖြစ်က ဆယ်စုနှစ်(၂)စု နီးပါးလောက်တော့ ကြာခဲ့ပါပြီ။

သို့သော် ဤအမှန်တကယ်ဖြစ်ခဲ့သောအဖြစ်က ကျွန်တော်တို့ မိုးသဲတောရွာ၌တော့ ယနေ့ထက်တိုင် မမေ့နိုင်ကြဘဲ ပုံပြင်လေးတစ်ပုဒ်လို မိုးသဲဘုရားစေတီပျက်အတွင်းက သံယောဇဉ်ဇာတ်လမ်းလေးအဖြစ် ပြောနေကြတုန်းပင် ဖြစ်ပါတော့သည်။

<u>ဝန်ခံချက်</u>

ဤဇာတ်လမ်းလေးမှာ အမှန်ဖြစ်ခဲ့သည့် ဇာတ်လမ်းလေးဖြစ်ကြောင်းနှင့် ကာယကံရှင်များ၏ ခွင့်ပြုချက်အရ အမည်နာမများကို အမှန်အတိုင်း တင်ပြရေးသားခြင်းဖြစ်ပါကြောင်း…။

နေဝန်းနီ






www.burmeseclassic.com

www.burmeseclassic.com

ဒီနှစ် သီတင်းကျွတ်မှာမှ တိတ်တိတ်အေးနှင့် ကျွန်တော် ပြန်ဆုံကြခြင်းဖြစ်သည်။ ယခုအချိန်မှာတော့ ဒီကောင်က မအူပင်မြို့မှာ ခရိုင်အင်ဂျင်နီယာမှူးကြီး ဖြစ်နေပေပြီ။

# လူငယ်ဘဝ ဂျှို့ရှုအချစ်

## ချစ်ရဲဇွန့် (တောင်ငူနိုး)



www.burmeseclassic.com

www.burmeseclassic.com

တွေ့တွေ့ချင်းပင် တိတ်အေးသည် ကျွန်တော့်အား ဝမ်းသာအားရနှင့် ဖက်လှဲတကင်းကြိုဆိုသည်။ မတွေ့ကြရသည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါး ကြာခဲ့ပြီကိုး။

ထို့နောက် နှစ်ယောက်သား သူ၏ ကားလေးဖြင့် မြို့ထဲတွင် လက်ဖက်ရည် သောက်ဖို့ ထွက်ခဲ့ကြလေသည်။

'ငါက မင်းကို စာရေးဆရာဖြစ်မယ် မထင်ဘူးကွ။ မင်းစာတွေ ငါဖတ်ရပေမယ့် မင်းလို့ မထင်ဘူးလေ။ ရွာနာမည်ပါပေမယ့် မင်းကိုကျော်ပြီး ဘယ်သူဖြစ်မလဲဆိုတာ စဉ်းစားမိသေးတယ်။ မင်းက ဟိုတုန်းက ဇရွတ်သုတ်ခ အကောင်ဆိုတော့ ဖြစ်နိုင်မယ် မထင်လို့ပါ'

'အောင်မယ်၊ မင်းကရော ဇရွတ်သုတ်ခကောင်ပါပဲ။ အတူတူပဲကိုများ'

'ဟုတ်ပါတယ်ကွာ။ မင်းပြောလည်း ပြောစရာပဲကိုး။ မင်းရော ငါပါ ဇရွတ်တွေချည်းပဲ။ ဟိုကောင်လေတပ်ထဲက မျိုးချစ်ဆိုတဲ့ကောင်လည်း အတူတူပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ ငါ့ရွာအတွက် မင်းကို ငါကပိုပြီး ဂုဏ်ယူပါတယ်ကွာ'

'ဘာဖြစ်လို့တုန်းကွ။ တို့စာရေးဆရာဆိုတာ ခုခေတ်မှာ ငမွဲတွေကွ'

'အာ..ဒီလိုလည်း ဘယ်ဟုတ်မလဲ။ ဂုဏ်ပြုထိုက်လို့ ဂုဏ်ပြုတာပေါ့။ ကျောင်းဆရာတို့၊ ဆေးရာတို့၊ ဗေဒင်ဆရာ၊ ဆရာဝန်၊ စစ်ဗိုလ်၊ လက်သမားဆရာ၊ ပန်းရန်ဆရာဆိုတာ ရွာတိုင်းမှာ ရှိက်သတ်လို့ မကုန်ဘူးကွ။ အဲ..စာရေးဆရာကတော့ ရွာတိုင်းမှာ မရှိဘူး။ ရှိလည်းလူနည်းစုကွ။ ရှားပါးပစ္စည်းလိုပဲ။ အဲဒါကို ဂုဏ်ယူတတ်ရမယ်ကွ'

'အေးကွာ၊ မင်းပြောမှပဲ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ချင်သွားတယ်'

'ရွာက တိုးတက်ပြောင်းလဲလာလိုက်တာကွာ။ အရင်က ကြက်ဟင်းခါးသီးလမ်းလို့ ခေါ်လောက်တဲ့ ရွာလယ်လမ်းမကြီးဟာ ကတ္တရာလမ်းတွေဘာတွေဖြစ်လို့'

တိတ်အေးက လက်ဖက်ရည်ဆိုင်ထဲမှ လမ်းမကို ကြည့်ရင်း ပြောလိုက်သည်။

'ဟ..ဒီစတိုးဆိုင်ကြီးနေရာက ဆရာလေးဦးတင်ရွှေတို့အိမ်ကြီး ဘယ်ပျောက်သွားတုန်းကွ။ အရင်က အိမ်ရှေ့မှာ ပန်းခြံလေးတောင် ရှိသေးတယ်'

'အိမ်ကြီးက အနောက်ဘက်မှာလေ။ ဒီစတိုးဆိုင်ကြီးက အရင်က ပန်းခြံနေရာလေးပေါ့'

ထိုခေတ်အခါက နယ်မြေမအေးချမ်းသဖြင့် ရွာကို မကြာခဏ သူပုန်ဝင်လေ့ရှိသဖြင့် ရွာလယ်လမ်းမပေါ်ရှိ အိမ်များသည် ဓားပြရန်ကို ကြောက်၍ လမ်းနှင့်ဝေးရာ နောက်နားကျကျတွင် အိမ်ဆောက်ကြလေ့ရှိသည်။ ထိုအိမ်ကြီးကို လယ်ပိုင်ရှင် စပါးပွဲစားကြီး သူဌေးကြီး ဦးလူညွန့်က ခြံဝင်းကျယ်ကြီးထဲတွင် ရေးဆန်ဆန် တိုက်ခံနှစ်ထပ် ပျဉ်ထောင်အိမ်ကြီးကို အခိုင်အခံ့ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ခြံစည်းရိုးကို သံဆူးချွန်များဖြင့် ကာရံထားသည်။ အိမ်ရှေ့ရှိ မြေကွက်ကျယ်တွင် ပန်းအလှများ စိုက်ပျိုးကာ ပန်းခြံပြုလုပ်ထားသည်။ ပန်းခြံထဲတွင် ခုံတန်းဖြူဖြူလေးများ ချထားသလို အဖြူရောင်ဒန်းတစ်ခုလည်းရှိသည်။ သူဌေးကြီး ဦးလူညွန့်နှင့် ဇနီးတို့ ကွယ်လွန်ပြီးနောက် သားသမီးများမှာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်မြို့များတွင် အခြေချနေထိုင်ကြသဖြင့် ဤအိမ်ကြီးတွင် မည်သူမျှ မနေထိုင်ကြတော့ဘဲ ဒီအတိုင်း သော့ခတ်ထားကြသည်မှာ နှစ်အတော်ကြာသည်။ နောက်ပိုင်းတွင် ဤအိမ်ကြီးသို့ ဦးလူညွန့်၏ မြစ်တစ်ဦးဖြစ်သူ ပန်းချီဆရာလေးကိုတင်ရွှေတို့ ဇနီးမောင်နှံ လာရောက်နေထိုင်ကြသည်။

ဆရာလေးကိုတင်ရွှေနှင့် ဇနီးသည် တောင်ငူနှမ်း အ-ထ-က တွင် ကျောင်းဆရာအဖြစ် တာဝန်လာကျသဖြင့် အဘိုးဖြစ်သူ၏ခြံတွင် လာရောက်နေထိုင်ကြခြင်းဖြစ်သည်။ အိမ်ကြီးက သူတို့လင်မယား နှစ်ယောက်အတွက် ကြီးလွန်းလှသည်။

ဤအိမ်ကြီးအကြောင်းကို တိတ်အေးက တခုတ်တရမေးသဖြင့် ကျွန်တော် တစ်စုံတစ်ခုကို သတိရသွားသည်။

'ငါသတိရပြီ။ ဒီအိမ်ကြီးက ကောင်မလေးကို မင်းသတိရသွားတယ် မဟုတ်လား'

'အေးကွ၊ ငါတောင် ကောင်းကောင်းမမှတ်မိတော့ဘူး'

'အောင်မာ၊ မမှတ်မိစရာလား။ မင်းနဲ့ငါ စိန်သီရိရုပ်ရှင်ရုံမှာ ပိုစတာကြည့်ဖို့အသွား ဒီအိမ်ကြီးရှေ့ရောက်တော့ ဒန်းပေါ်က ကောင်မလေးကို ငမ်းကြသေးတယ် မဟုတ်

www.burmeseclassic.com

လား'

'အေး..ဟုတ်ပြီ၊ မှတ်မိပြီ။ မင်းက အဲဒီလောက်ပဲ သိတာကိုး။ ငါလျှို့ဝှက်ထားတဲ့ နောက်ဆက်တွဲဇာတ်လမ်းကိုသိရင် ပိုပြီးအံ့သြသွားမယ် မောင်'

'မင်းမှမပြောတာ ငါ ဘယ်သိမလဲကွ။ ဟိုတုန်းက ဘာလို့မပြောတာလဲ'

'ငါ..ငါ..ရှက်လို့ကွ'

'အောင်မာ..အရှက်မရှိတဲ့ သရက်စေ့ကများ'

'ငါ့အဖြစ်က တော်တော်လေးလည်း ဆန်းကြယ်တယ်ကွ။ ဟိုတုန်းက မင်းကို ပြောပြရင် မင်းတို့ ငါ့ကို ဝိုင်းလှောင်မှာ ကြောက်လို့ မပြောခဲ့တာဘဲကွ'

'ကဲ..ဒါဖြင့် အဲ..ဟိုတုန်းက ဒိုင်လျှို့ဖွိုင်လျှို လုပ်ထားတဲ့ကိစ္စကို အခု မင်း ငါ့ကို ပွင့်လင်းမြင်သာရှိအောင် လျှောက်တင်ပေလော့'

'မင်းကတော့ စာရေးဆရာ ပီသပါပေတယ်။ ရေးကွက်ရဖို့ နှိုက်ထုတ်နေပြန်ပါပြီ။ ကဲ..ငါပြောပြပါ့မယ်ကွ။ အဖြစ်က ဒီလို..'

◆◆◆

ကျွန်တော်တို့ ကိုးတန်းနှစ်က ဖြစ်သည်။ ကျောင်းလွှတ်သည်နှင့် အိမ်ကို တန်းမပြန်သေးဘဲ လွယ်အိတ်ကိုယ်စီနှင့် ရုပ်ရှင်ရုံတွင် ယနေ့ညပြသမည့် ရုပ်ရှင်ဇာတ်ကား ပိုစတာကြည့်ရန် ထွက်ခဲ့ကြသည်။ ဆရာလေးကိုတင်ရွှေတို့လင်မယား နေထိုင်သည့် အိမ်ကြီးရှေ့ရှိ ပန်းခြံထဲမှ ဒန်းပေါ်တွင် မိန်းကလေးတစ်ဦး ထိုင်နေသည်ကို တွေ့သဖြင့် နှစ်ဦးသား ခြေလှမ်းတွေ တန့်သွားကြသည်။ လှပချော့မောသော ခေတ်ဆန်သော ထိုမိန်းကလေးထံသို့ အကြည့်တွေ ရောက်သွားကြကာ ပြိုင်တူငေးမိုက်သည်။

'ဟော့ကောင် တိတ်အေး၊ ကြည့်စမ်း။ အဲဒါ ဘယ်သူလေးလဲ မသိဘူး။ ခြေသလုံးသားလေးတွေက ဝင်းနေတာပဲကွာ'

'ဟာ..မင်းကလည်း မျက်နှာလေးကလည်း ရှင်းနေတာပဲကွ။ ဘယ့်နှယ် မျက်နှာကို မကြည့်ဘဲ ခြေထောက်ကိုများ ငေးရတယ်လို့'

ကောင်မလေးသည် ထိုစဉ်က ခေတ်စားလှသော အိုမီဂါဆံပင်ပုံ ပုံစံလေးနှင့်ဖြစ်သည်။ ဂါဝန်တိုလေးဝတ်ထားသဖြင့် ခြေသလုံးသားလေးများ ထင်းခနဲ ဝင်းခနဲ ပေါ်လွင်နေသဖြင့် ပြောခြင်းဖြစ်သည်။ တိတ်အေး ပြောသည်မှာလည်း မမှား။ မျက်နှာလေးကလည်း မြင်သူတကာငေးရလောက်အောင် လှသည်။ သို့နှင့် နှစ်ယောက်သား ခြံစည်းရိုးသံတိုင်များအနားသို့ ပြိုင်တူချဉ်းကပ်လိုက်ကြသည်။

'သူ့ကလေးက ဆရာလေးတင်ရွှေရဲ့ ညီမလား၊ တူမလား၊ ဆွေမျိုးသားချင်းများလား မသိဘူးကွ'

'ဆရာလေးကတော်ရဲ့ ညီမလည်း ဖြစ်နိုင်တာပဲ'

နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း ဤအိမ်ကြီးသို့ သူဌေးကြီးဦးလူညွန့်၏အနွယ်ဝင် သားသမီးမြေးမြစ်များ ရောက်လာလေ့ရှိသည်။ ယခုလို နွေရာသီကျောင်းပိတ်ရက် မဟုတ်ဘဲ ရောက်လာသူမှာ မည်သူဖြစ်မည်နည်း။ သူဌေးကြီး၏ ဆွေစဉ်မျိုးဆက်ထဲကသာ ဖြစ်လိမ့်မည်။ မိန်းကလေး၏အနီး မြက်ခင်းပြင်ပေါ်တွင် အနက်ရောင် ခွေးကြီးတစ်ကောင်က လျှာကြီးထွက်လျက် ဆောင့်ကြောင့်ထိုင်နေသည်။

'ပြွတ်'

ကျွန်တော်က နှုတ်ခမ်းကိုစုကာ စုတ်သပ်၍ အသံပေးလိုက်သည်။

'အာ..ဟော့ကောင်၊ ဆရာလေး အိမ်ထဲက မြင်သွားဦးမယ်'

'မမြင်ပါဘူးကွ၊ ပန်းခြံကြီးကွယ်နေတဲ့ဥစ္စာ'

စုတ်သပ်လိုက်သည့်အသံ ကြားသွား၍ ထင်သည်။ ကောင်မလေးက လှည့်ကြည့်လိုက်သည်။ ကျွန်တော်တို့ နှစ်ယောက်ကို မြင်သွားသဖြင့် မျက်လုံးကလေးအစုံ ဝိုင်းစက်သွားကာ နှုတ်ခမ်းနှစ်လွှာ ဟတတဖြစ်သွားသည်။ ဒါမျိုးကျတော့ တိတ်အေးတို့က လျင်သည်။ ကျွန်တော့်ရှေ့တွင် အလျှင်အမြန် ဝင်ရပ်လိုက်ကာ မိန်းကလေးကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး လက်ပြလိုက်သည်။ သူမသည် စိတ်ဆိုးဟန်မပြဘဲ ပြုံးလျက် ရှက်စနိုးဖြင့် ခေါင်းကို အသာငုံ့သွားသဖြင့် တိတ်အေး ပို၍အားတက်သွားသည်။

'မနက်ဖြန် ကျောင်းလွှတ်ရင် လာဦးမယ်နော်'

သူမက ဦးခေါင်းကို ပြန်မော့ရင်း ပြုံးပြနေသည့်အတွက် တိတ်အေးကို ကျွန်တော်ပင်မနာလိုတိုရှည်ဖြစ်သွားကာ-



www.burmeseclassic.com

www.burmeseclassic.com

'ဟော့ကောင်··လာ၊ သွားကြမယ်။ တော်ကြာ ဆရာလေး တွေ့သွားရင် အန္တရာယ်နေရဦးမယ်'

ပြောပြောဆိုဆိုနှင့် တိတ်အေးကို ကျွန်တော် ထိုင်နေရာမှ အတင်းဆွဲခေါ်ခဲ့သည်။ ဒါတောင် ဒီကောင် ကျေနပ်ပုံမရသေး။ ကောင်မလေးကို လက်တပြပြလုပ်ရင်း ကျွန်တော်ဆွဲခေါ်ရာသို့ ယက်ကန်,ယက်ကန်နှင့် ပါလာသည်။ သူကလေးကတော့ မျက်လုံးရွဲကြီးတွေနဲ့ စိုက်ကြည့်ရင်း မျက်တောင်များကို ပုတ်ခတ်,ပုတ်ခတ်လုပ်ရင်း ကျန်ရစ်ခဲ့လေသည်။

နောက်တစ်နေ့ ကျောင်းလွှတ်ချိန်မှာ တိတ်အေးက ကျွန်တော့်အား-

'မင်း မနေ့ကဆီ မသွားတော့ဘူးလားကွ'

'မသွားတော့ပါဘူးကွာ။ မင်းယုတို့နဲ့ ဘောလုံးကန်ဖို့ ချိန်းထားတယ်ကွ။ မင်းက သွားမလို့လား'

'ဟော့အေး၊ ငါ့ကို အမေခိုင်းထားလို့ကွ'

အမှန်တော့ ဒီကောင် သွားဖို့ ရည်စူးထားပြီးသား။ ကျွန်တော်ပါလျှင် သူ့အတွက် ခလုတ်ဖြစ်မှာမို့ ကျွန်တော့်ကို ပထုတ်နေခြင်းဖြစ်သည်။ သူက အရင်ဦးအောင် မေးပြီး ကျွန်တော်ကို တစ်ပတ်ရိုက်ဖို့ ကြံနေခြင်း ဖြစ်သည်။ ထိုနေ့ကစပြီး နေ့စဉ် ဘောလုံးကန်နေသောကြောင့် တိတ်အေးနှင့် လေးငါးဆယ်ရက်လောက် ညနေပိုင်း မတွဲဖြစ်တော့ချေ။

ထိုနေ့က တိတ်အေးသည် ကျွန်တော့်ကို တစ်ပတ်ရိုက်ပြီး တစ်ယောက်တည်း ကောင်မလေးဆီ စက်ဘီးနှင့် ထွက်ခဲ့သည်။ ခုံတန်းလျားပေါ်တွင်ထိုင်ကာ ပန်းတွေကို သီကုံးနေသော မိန်းကလေးကို အခန့်သင့်ပင် တွေ့သည့်အတွက် စက်ဘီးကို ခြံစည်းရိုးအနားသို့ ထိုးရပ်လိုက်ပြီး ခြံစည်းရိုးအုတ်ဖိနပ်ခုံပေါ်တွင် ခြေကို ဟန်ပါပါ ထောက်လိုက်သည်။

'ရှူတ်··ရှူတ်··ဟိတ်'

သူ့အသံကြား၍ မိန်းကလေးက လန့်သွားပုံရသည်။

'နာမည်ဘယ်လိုခေါ်သလဲဟင်'

'သိဘူး။ ဟိုမှာ တွေ့သွားမယ်။ သွားပါတော့'

'ဟင့်အင်း··သွားပါဘူး၊ တွေ့တွေ့ပေါ့။ နာမည်ပြောမှ'

'သွားပါရှင်။ ကျွန်မနာမည်က မအိမ်စည်တဲ့။ ကဲ··ကျေနပ်ပလား'

တိတ်အေး ကျေနပ်စွာပြုံးလိုက်သည်။ ဒီလောက်ဆို (၇၅)ရာခိုင်နှုန်းသေချာပြီ။ အင်္ကျီအိတ်ကပ်ထဲမှ အသင့်ရေးလာခဲ့သော ရည်းစားစာကို မိန်းကလေးမြင်အောင် ထုတ်ပြပြီး ထိုစဉ်က ကျွန်တော်တို့ လူငယ်တွေကြားမှာ ရေပန်းစားလှသော ဆရာသုမောင်၏ အချစ်ဟု အမည်ရသော ဝတ္ထုစာအုပ်ကြားတွင်ညှပ်ကာ သံတိုင်များကြားမှာ ထိုးသွင်းပြီး ကမ်းပေးလိုက်သည်။

မိန်းကလေးက နှုတ်ခမ်းဖူးဖူးလေးကို စုတုတုလုပ်ရင်း 'ထားခဲ့'ဟု ပြောလိုက်သည်။

တိတ်အေးက အုတ်ဖိနပ်ပေါ် ဝတ္ထုစာအုပ်ကို တင်ထားခဲ့ပြီး နှုတ်ခမ်းတွင် လက်ဖဝါးကိုကပ်ကာ ပွတ်ခနဲဖလိုင်းကစ် တစ်ချက်ပေးကာ စက်ဘီးကိုနင်းပြီး ထွက်ခဲ့သည်။ ခုံတန်းလျားပေါ်တွင် ရှက်ပြုံးလေးနှင့် ကျန်ရစ်ရှာသော မိန်းကလေး၏ အမူအရာက သူ့မျက်လုံးထဲက မထွက်သဖြင့် ထိုညက တစ်ညလုံး တိတ်အေး တစ်ယောက် အိပ်မရခဲ့ပေ။

နောက်တစ်နေ့ ကျောင်းလွှတ်သည်နှင့် အဖြေတောင်းဖို့ တစ်ယောက်တည်း ထွက်ခဲ့သည်။ ဒီနေ့တော့ သူမကို အနီးကပ် တွေ့မြင်ရပေပြီ။ သူမသည် ခြံစည်းရိုးအနီးရှိ ပန်းချုံမှ ပန်းများကို ခူးနေသည်။ သူ့ကိုတွေ့တော့ မျက်ခုံးနှစ်ဖက်ကို ပင့်တင်ကာ အံ့သြသွားသည့်ပုံစံမျိုး လုပ်ပြသည်။

'မအိမ်စည်··တို့ကို အဖြေမပေးသေးဘူးလားကွာ'

သူ တိုးညင်းသော အသံဖြင့် မအိမ်စည်ထံမှ အဖြေကို တောင်းလိုက်သည်။ သူမက ကြောက်ရွံ့နေဟန်ဖြင့် ဘေးဘီကို အကဲခတ်ရင်း အိမ်ကြီးရှေ့မြေကွက်လပ်တွင် ပက်လက်ကုလားထိုင် တစ်လုံးချပြီး သတင်းစာထိုင်ဖတ်နေသော ဆရာလေးတင်ရွှေကို လက်ညှိုးထိုးပြလိုက်ပြီး 'ဟိုမှာ··တွေ့သွားမယ်။ မနက်ဖြန်မှလာ'ဟု ကြိတ်၍ တိုတိုပြတ်ပြတ် ပြောလိုက်ပြီး ပြေးထွက်သွားသည်။

ခွေးမည်းကြီးကလည်း သူ့သခင်မနောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

◆ ◆ ◆

ယနေ့သည် မနေ့က မအိမ်စည် ပြောခဲ့သည့် မနက်ဖြန်ဖြစ်သည်။ တိတ်အေးစိတ်ထဲ၌ ကျောင်းလွှတ်ခဲနေ

www.burmeseclassic.com

သည်။ ကျောင်းလွှတ်ခေါင်းလောင်းထိုးသည်နှင့် လွယ်အိတ်ကိုပင် ပြန်မထားတော့ဘဲ စက်ဘီးကိုဆွဲလျက် မအိမ်စည်လေးဆီသို့ အပြင်းနှင်းခဲ့လေသည်။ ယခုလောက်ဆို မအိမ်စည်တစ်ယောက် သူ့ကို အဖြေပေးဖို့ အိမ်ရှေ့ပန်းခြံလေးတွင် လည်ပင်းညောင်ရေအိုး ဖြစ်နေပေရော့မည်။

အိမ်ရှေ့ခြံစည်းရိုးနားတွင် စက်ဘီးထိုးရပ်လိုက်သည်နှင့် မျက်လုံးက ခုံတန်းလေးဆီ ရောက်သွားသည်။ မအိမ်စည်လေး ဘယ်ရောက်နေလေသနည်း။ ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်ကာ ရှာဖွေပါသော်လည်း အရိပ်အယောင်မျှမတွေ့။ သူ၏ရင်တွေ တဆတ်ဆတ် တုန်ခါနေသည်။ ခုံတန်းလေးကို သူ မျှော်ကြည့်လိုက်တော့ ခုံတန်းပေါ်တွင် ဆရာသုမောင်၏ အချစ်ဝတ္ထု စာအုပ်လေးမှာ အထီးကျန်လွှန်းလှသည်။

‘သူ ငါနဲ့ မျက်နှာချင်းဆိုင်ဖို့ ရှက်နေတာဖြစ်မယ်။ ဝတ္ထုစာအုပ်ကြားမှာ သူ့အဖြေရှိမယ်။ သူ ငါ့ကို တစ်နေရာရာက စောင့်ကြည့်နေမှာပါ’

ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်လိုက်မှ ရင်ခုန်ခြင်းတို့အနည်းငယ်ပြေပျောက်သွားသလိုလို ခံစားလိုက်ရသည်။ ခက်သည်က စာအုပ်ကို သူ ဘယ်လိုယူရမလဲ ဆိုတာပင်။ အဖြေကို သိချင်ဇောကြောင့် ခြံဝင်းထဲသို့ အရဲစွန့်ပြီးဝင်ရန် သူ ဆုံးဖြတ်လိုက်သည်။

တံခါးအနီးသို့ကပ်ကာ လက်နှင့် အသာတွန်းကြည့်လိုက်သည်။ စေ့ရုံစေ့ထားသဖြင့် ကျွီခနဲ ဟသွားသည်။ လူတစ်ကိုယ်စာ ဟသွားသော အပေါက်မှ ကိုယ်ကိုစောင်းကာ ဝင်လိုက်သည်။

ပန်းခြံများကို အကာအကွယ်ပြုလျက် လေးဖက်တွားကာ ပုန်းလျှိုးကွယ်လျှိုးနှင့် ခုံတန်းအနီးသို့ ချဉ်းကပ်သွားလိုက်သည်။ လက်လှမ်းမီသည်နှင့် စာအုပ်ကိုလှမ်းဆွဲကာ အမြန်ဖွင့်ကြည့်လိုက်သည်။ သူ၏လက်တွေက တုန်ခါနေသလို ရင်ခုန်သံတွေက မြန်နေသည်။ စာအုပ်ကိုဖွင့်ပြီး အပြန်ပြန်အလှန်လှန် လှန်လှော်ရှာဖွေပါသော်လည်း စာအုပ်ကြားတွင် ဘာမှမတွေ့ရသဖြင့် သူ စိတ်ဓာတ်အကြီးအကျယ်ကျသွားသည်။

‘ဟိတ်ကောင်··ငါကြည့်နေတာ ကြာပြီ။ မင်း ဘာလာလုပ်တာလဲ’

နောက်က ရုတ်တရက်ပေါ်လာသော အသံကြောင့် သူ ခေါင်းနားပန်းတွေပါ ကြီးသွားသည်။ ဆရာလေးတင်ရွှေသည် ပေါက်တူးကိုဆွဲလျက် သူ့ဆီ လျှောက်လာသည်။ သူ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။

‘မင်းလက်ထဲကဟာ ဘာလဲကွ’

‘ဟို··ဟို··ကျွန်တော့်စာအုပ်လေး ဒီမှာရောက်နေလို့’

‘ဟုတ်မှာပေါ့၊ မနေ့က ရင်ရွှေနဲ့ မင်းယူ လာသွားသေးတယ်။ မင်း သူတို့ကို ငှားလိုက်သေးလား။ သူတို့ ကျန်ခဲ့တာနေမှာပေါ့။ ဒါနဲ့ မင်းက ဒီကိစ္စနဲ့ပဲလား။ မင်းစာအုပ်ရရင် ပြန်တော့’

သူ··မအိမ်စည်လေးကို ရှာဖို့ရှိနေသေးသည်။

ထို့ကြောင့်-

‘ဟို··ရုန်ကာပန်းချီပြိုင်ပွဲဝင်မလို့ ဆရာ့ဆီ လာတာပါ’

‘ဩော်··မင်းလည်း ပြိုင်ပွဲဝင်ချင်လို့လား။ ဒါဆို အိမ်ထဲ လိုက်ခဲ့’

တိုတ်အေး ရေငတ်တုန်း ရေတွင်းထဲ ကျသွားသည်။ ဆရာ့နောက်ကလိုက်ရင်း မျက်လုံးအစုံကို အလုပ်ပေးသွားသည်။ မအိမ်စည်လေးသည် လုံခြုံအောင် ပုန်းနိုင်လွန်းလှသည်။ အိမ်ပေါ်ရောက်တော့ ဆရာလေးတင်ရွှေက မနှစ်က ဆုရသည့်ပုံများ၊ တပည့်များ ရေးဆွဲထားသည့် ပန်းချီကားများကို ပြသရင်း ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းပြသည်။ ဆရာ့စကားကို နားထောင်နေသော်လည်း မျက်လုံးက ဂနာမငြိမ် မအိမ်စည်လေးကိုသာ ရှာဖွေနေမိသည်။

ရှာဖွေနေရင်းမှ ညှိခန်းနံရံတွင် ချိတ်ဆွဲထားသော ဆရာတို့မိသားစု ဆွေစဉ်မျိုးဆက်များ၏ ဓာတ်ပုံဆီသို့ အကြည့်က ရောက်သွားသည်။ ပန်းချီကားထဲမှ မိန်းကလေး၏ပုံကို တွေ့ဖူးသလိုရှိသည်နှင့် အသေအချာစိုက်ကြည့်လိုက်သည်။ ဆံပင်အရှည်နှင့် အိုမီဂါပုံ။ ဒါပဲကွာသည် မအိမ်စည်မှ မအိမ်စည်လေးပါ။ ဝတ်ထားသော ဂါဝန်ဝတ်စုံ၊ ခုံတန်းလျားလေး၊ ခွေးနက်ကြီး အကုန်တူသည်။

သူ ဟိုတုန်းက ဆံပင်အရှည်နဲ့ ဖြစ်မှာပေါ့ဟု တွေးလိုက်မိသည်။

ထို့ကြောင့် ဆရာ့အား-

‘ဆရာ··ဒီပုံက မအိမ်စည်ရဲ့ပုံ မဟုတ်လား’



www.burmeseclassic.com

www.burmeseclassic.com

'အောင်မယ်…မင်းက ငါ့အဘွားနဲ့ သိလို့လား'

'ဗျာ..ဒါ ဆရာ့အဘွား၊ ဟုတ်လား'

'ဟုတ်တယ်လေ။ ငါတို့ အဘိုးကစပြီး ဆွေစဉ်မျိုးဆက်ရဲ့ ဓာတ်ပုံတွေကို ငါ ပုံတူဆွဲပြီး မှတ်တမ်းတင်ထားတာ။ ခဲပန်းချီပေါ့ကွာ။ ဓာတ်ပုံထဲက ဒေါ်အိမ်စည်ဆိုတာ ငါ့အဘိုးရဲ့ ညီမအငယ်ဆုံး။ ငါ့ရဲ့ အဘွားလေးပေါ့။ အပျိုဘဝက ရိုက်ထားတာလေ'

'သူ..အဲ..အဘွားက အခု ဘယ်မှာလဲ ဆရာ'

'ဆုံးသွားတာ ကြာပြီ။ အဘိုး၊ အဘွားတွေ တစ်ယောက်မှ မရှိတော့ဘူးလေ။ အဘွားလေးဒေါ်အိမ်စည်က ဆယ့်ငါးနှစ်အရွယ် အပျိုပေါက်အရွယ်ကတည်းက ဆုံးသွားရှာတာ။ သူ့ဓာတ်ပုံကိုကြည့်ပြီး ဆွဲထားတာ'

ဆရာပေးသော ဓာတ်ပုံအယ်လ်ဘမ်ကို သူယူကြည့်လိုက်တော့ မအိမ်စည်၏ ဓာတ်ပုံများကို တွေ့လိုက်သည်။ ဓာတ်ပုံထဲက ဒေါ်အိမ်စည်သည် သူ့ကို အဖြေပေးမည့် မအိမ်စည်လေးပါပဲ။ သို့သော် သူ မယုံချင်။ ဆရာ့အိမ်တွင် အိုမီဂါဆံပင်ပုံနှင့် မအိမ်စည်လေး ရှိချင်ရှိမည်။

ထို့ကြောင့်–

'ဒါနဲ့ ဆရာမ ဘယ်သွားလဲ ဆရာ'

'နောက်ဖေးမှာ ချက်နေပြုတ်နေတုန်းကွ။ တို့လင်မယား နှစ်ယောက်တည်းဆိုတော့ ကျောင်းလွှတ်တာနဲ့ သူ့မှာ ချက်တယ် ပြုတ်တယ်နဲ့ မအားရရှာပါဘူး'

တိတ်အေး စိတ်ဓာတ်ကျသွားသည်။ မအိမ်စည်သည် လူမဟုတ်၊ ဤအိမ်ကြီး၏ မိသားစုထဲမှ မကျွတ်မလွတ်သေးသော ပရလောကသားသာ ဖြစ်ပေမည်။

'ဆရာ..ဒေါ်အိမ်စည်ဆိုတာ အဘွားကြီးပေါ့နော်'

'ငါ့အဘွားပါ ဆိုနေမှ၊ ခုနေ မသေသေးရင် အသက်ရှစ်ဆယ်ကျော်ပြီကွ'

တိတ်အေးတစ်ယောက် ထိုနေ့က ဆရာလေးကိုတင်ရွှေတို့အိမ်မှ ခေါင်းငိုက်စိုက်ချကာ ပြန်ခဲ့ရသည်။ အိမ်ရောက်တော့ သူ့အမေကို မေးကြည့်သည်။ မိခင်ဖြစ်သူ၏ အဖြေကလည်း ဆရာလေး၏ အဖြေနှင့် ထပ်တူဝင် ဖြစ်လေသည်။

'ဒါဆို မင်းချစ်သူ မအိမ်စည်လေးဆိုတာ ခေါင်းတုန်လည်တုန် အသံတုန်တုန်လေးနဲ့ ချစ်စရာလေးပေါ့'

'သောက်ခွေး၊ မင်းတို့ ငါ့ကို အဲဒီလို ဝိုင်းနောက်ကြမှာစိုးလို့ ဟိုတုန်းက ငါ မပြောတာကွ။ ကိုးတန်း(ဝိဇ္ဇာ)ကသောင်းဖေ ညဘက်ရွာမှာ လူပျိုလှည့်ရင်း ချေးတွင်းထဲပြုတ်ကျတာ မင်းတို့ သိသွားလို့ ကျောင်းမှာ ချီးပေသောင်းဖေဆိုပြီး မင်းတို့ လက်ချက်နဲ့ နာမည်တွင်သွားရော မဟုတ်လား'

'ဟား..ဟား..ဟား..ဟား..အဲဒီတုန်းက မသိလိုက်တာ နာတယ်ကွာ။ နို့မို့ဆို မင်လည်း ခေါင်းတုန်ယောကျ်ားတို့၊ အမယ်ကြီးအို လင်တို့ နာမည်တွင်ဦးမှာ'

'သေချာတာပေါ့ကွာ'

ထို့နောက် ရယ်ရင်းမောရင်း နှစ်ဦးသား လက်ဖက်ရည်ဆိုင်မှ ထပြန်ခဲ့ကြလေသည်။

(အမှန်တော့ ထိုမိန်းကလေးသည် ဒေါ်အိမ်စည် ဝင်စားသော ဆွေစဉ်မျိုးဆက်ထဲက ဆရာလေးတင်ရွှေ၏ တူမတစ်ယောက်သာ ဖြစ်သည်ကို တိတ်အေးတစ်ယောက် ယနေ့တိုင် မသိရှာလေသည်တကား။ စာရေးသူ)

**သျှင်ရဲထွဋ်(တောင်စွန်း)**

***(မအူပင်ခရိုင် အင်ဂျင်နီယာရုံးမှ ဦးတိတ်အေးသို့ အမှတ်တရ..။)***



www.burmeseclassic.com



စခန်းမှူးရှေ့တွင် အလေးပြုပြီး ကောလီ မတ်တတ် ရပ်နေ၏။

အမှုတွဲများ ထိုင်ဖတ်နေသော စခန်းမှူး ဦးကျော်ခိုင်က မျက်ခွံ တစ်ချက် ပင့်ကြည့်၏။

'ထိုင်ကွာ၊ မင်းကို ဆရာ တိုင်ပင်စရာ တစ်ခု ရှိလို့'

'ဟုတ်ကဲ့ပါ ဆရာ'

စခန်းမှူးက မျက်မှန်ကိုချွတ်ကာ မျက်နှာကို လက်ကိုင်ပဝါနှင့်သုတ်ပြီး ကောလီကို ကြည့်ပြန်၏။ သူ့ခါးကို မတ်မတ်ဆန့်လိုက်စဉ် စကား ထွက်လာသည်။

'မင်းကို ငါ ရွေးပြီးခေါ်ရ တာက အရေးကြီးတဲ့ အမှုတစ်ခု စုံစမ်းခိုင်းမလို့'

'ဟုတ်ကဲ့ပါ ဆရာ'

'မင်း ဆလုံတွေ၊ ပသျှူးတွေ စကားတော့ ကောင်းကောင်း ပြောတတ် ဆိုတာတတ်ပါတယ်နော်'

'ပြောတတ်ပါတယ် ဆရာ။ ကျွန်တော့်အမေ၊ အဖေတွေက ဆလုံတွေပါ'

'အေးလေ၊ အဲဒါကြောင့်လည်း ငါ့တပ်ဖွဲ့ထဲက မင်းကို တမင်ရွေးခေါ်တာပါ'

'ဟုတ်..ဟုတ်ကဲ့ခင်ဗျ'

'မင်း စိန့်ပီတာကို သိလား'

'ဘယ်စိန့်ပီတာလဲ ဆရာ'

'သြော်..မင်းတို့ နယ်သူနယ်သားတွေက ကျွန်းပိုင်လေး ခေါ်ကြတဲ့ စိန့်ပီတာကွာ'

'ကျွန်းပိုင်ကြီးသား စိန့်ပီတာဘင်ဆင်ကို ပြောတာလား ဆရာ'

စခန်းမှူးက ခေါင်းညိတ်၏။

ကောလီက စခန်းမှူးမျက်နှာကို စိုက်ကြည့်နေသည်။

မင်းကျော်

စိန့်ပီတာ ထုတ်လုပ်သော မြန်မာ့ရေငုပ်သင်္ဘောကြီးများ

အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

'တို့ သတင်းရထားတယ်ကွ။ စိန်ပီတာလူတွေဟာ မြိတ်က အံပေါင်းဆိုတဲ့ တရုတ်ဆီမှာ ဆေးလာလာဝယ်တယ်တဲ့။ ပြီး မင်းတို့က ရှမ်းကြီးလို့ခေါ်တဲ့ ဟိုဘက်က မိန်းမတွေရော တို့ဘက်က မှောင်ခိုမိန်းမတွေနဲ့ရော ရှုပ်နေတယ်တဲ့။ အဲဒါခု မင်းကို ပထာမအနေနဲ့ စုံစမ်းခိုင်းချင်လို့ ဖြစ်ပါတယ်နော်'

'ဟုတ်ကဲ့၊ ဖြစ်ပါတယ် ဆရာ'

'မင်းက မဟီဇာတီဆိုတော့ စိန်ပီတာကို သိလား'

'သူ့ကို ဒီက ဆလုံတိုင်း၊ ပသျှူးတိုင်း သိကြပါတယ် ဆရာ။ စိန်ပီတာဆိုတာထက် ကျွန်းပိုင်လေးဆို လူတိုင်းလိုလို သိကြပါတယ်ခင်ဗျာ'

'အေး..ဟုတ်ပြီ၊ ကဲ..မင်းသိတဲ့ စိန်ပီတာအကြောင်းလည်း ငါ့ကို ပြောပြစမ်းပါဦး'

'ဟုတ်ကဲ့၊ သူ့အဖေအကြောင်းက စပြီးပြောပြမှ ပြည့်စုံမယ် ထင်ပါတယ် ဆရာ'

'အေးပါ၊ ပြောပါ'

'သူ့အဖေက ပေါ်တူဂီလူမျိုးပါ ဆရာ'

'ဟဲ..ဟဲ..ပေါ်တူဂီဖြစ်ပါလိမ့်မယ်ကွာ'

'ဟုတ်ကဲ့ပါ။ ကျွန်တော်တို့က ကျွန်တော်တို့ စကားနဲ့ မှတ်ကျိုးနေလို့ပါ ဆရာ။ အဲဒီသူ့အဖေ မစ္စတာဘင်ဆင်ကြီးဟာ ကျွန်တော်တို့ မလိကျွန်းစုဘက်ကို အင်္ဂလိပ်အုပ်ချုပ်တုန်းကပင် ရောက်လာတယ်လို့ အဖေက ပြောဖူးပါတယ်။ တချို့ကလည်း ပင်လယ်ဓားပြချင်း ပစ္စည်းလုတိုက်ခိုက်ကြရာက မစ္စတာဘင်ဆင်ကို သင်္ဘောပေါ်က ပစ်ချခဲ့ကြတာ ဖြစ်မယ်လို့ မှန်းကြပါတယ်။ သူ့အဖေကို ကျွန်တော်တို့ ဆလုံအဘိုးကြီး တစ်ယောက်က ပင်လယ်နားက ကောက်လာခဲ့တယ် ဆိုပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ဆီမှာ ပုလဲတွေ၊ ငှက်သိုက်ဆေးတွေကို တရုတ်တွေ၊ ရှမ်းကြီးတွေက ဘိန်းနဲ့ အလဲအလှယ် လုပ်နေကြချိန်လို့ ပြောပါတယ်။

မစ္စတာဘင်ဆင်က ပုလဲတွေ၊ ငှက်သိုက်ဆေးတွေ တန်ဖိုးကြီးမှန်းသိတော့ သူလည်း အရောင်းအဝယ်လုပ်ရင်းက တစ်စင်ထောင်ခဲ့တယ် ပြောကြပါတယ်။ နောက်တော့ သူက ဆလုံမ တစ်ယောက်နဲ့ အကြောင်းပါတော့ ဆလုံတွေ၊ ပသျှူးတွေက ရသမျှ ပုလဲတွေ၊ ငှက်သိုက်တွေကို သူ့ဆီမှာပဲ အရောင်းအဝယ်လုပ်ကြတော့ သူက အကြီးအကျယ် ချမ်းသာလာတယ်။ သူ့မှာ ပုလဲနက် တစ်လုံးလည်း ရှိထားတော့ သူ့ကို ပုလဲနက်ရှင်လို့လည်း ခေါ်ကြတယ်။

မစ္စတာဘင်ဆင်ဟာ ကျွန်းကောက်ကျွန်းကို အင်္ဂလိပ်ဆီမှာ ပတ္တာခံ(ဂရန်) ယူထားတယ်တဲ့။ အဲဒါကြောင့် နောက်တော့ သူ့ကို ကျွန်းပိုင်ကြီးလို့ပဲ ခေါ်ကြတော့တယ်။ ကျွန်းကောက်ဆိုတဲ့ နာမည်တောင် ပျောက်ပြီး ကျွန်းပိုင်ကြီးကျွန်းလို့ပဲ လူသိများပါတယ်။ သူ့အဖေကို ကျွန်းပိုင်ကြီးလို့ ခေါ်ကြသလို သူ့သား စိန်ပီတာဘင်ဆင်ကိုလည်း ကျွန်တော်တို့ ဆလုံ၊ ပသျှူးတွေက ကျွန်းပိုင်လေးလို့ပဲ ခေါ်ကြပါတယ်'

'ကောင်းပြီ၊ ခု မင်း စုံစမ်းရမှာက စိန်ပီတာအကြောင်းနော်။ မစ္စတာဘင်ဆင်အကြောင်း မဟုတ်ဘူး။ မစ္စတာဘင်ဆင် ဆိုတာရော ခုရှိသေးလား'

'ဆုံးသွားတာ ကြာပါပြီ ဆရာ၊ ကျွန်တော်တို့ ငယ်ငယ်တုန်းကတည်းကပါ'

'စိန်ပီတာဟာ မင်းပြောတဲ့ ဆလုံမက မွေးတာလား'

'မဟုတ်ပါဘူး ဆရာ။ ဘာမလဲဆိုတော့ ကျွန်တော်လည်း မသိပါဘူး။ ချောတော့ တော်တော်ချောတယ်ရယ်လို့ အဖေက ပြောဖူးတယ်'

'ဟင်း..ဟင်း..အဲဒီ မင်းပြောတဲ့ ဘာမကော ခုရှိသေးလား'

'မရှိတော့ပါဘူး ဆရာ'

'စိန်ပီတာအဖေမှာ ဟိုဘက်ကမ်းမှာလည်း မိန်းမ တစ်ယောက်၊ နှစ်ယောက် ရှိသေးတယ် ပြောကြတယ်။ စိန်ပီတာကိုမွေးတဲ့ အမေဟာ ဆလုံပသျှူးမ မဟုတ်ဘူးလို့လည်း ပြောကြတယ်'

'ကဲ..မစ္စတာဘင်ဆင်နဲ့ သူ့မိန်းမတွေ အကြောင်းတော့ ထားလိုက်ပါတော့ကွာ။ ငါသိချင်တာက စိန်ပီတာအကြောင်းပါ။ စိန်ပီတာဟာ ခေတ်ပညာတတ်လို့လည်း ဆရာတို့ စုံစမ်းလို့ရတယ်'

'ဟုတ်ပါတယ် ဆရာ၊ စိန်ပီတာဟာ မော်လမြိုင်ကောလိပ်က အဏ္ဏဝါဗေဒဗီဇဆိုလား ပညာရပ်နဲ့ ဘွဲ့ရပြီး ခု သူ့ကျွန်းမှာ အုန်းခြံတွေ အမြောက်အမြားစိုက်ပြီး မိကျောင်းမွေးမြူရေးလည်း လုပ်နေတယ်လို့ ကြားပါတယ်'

'စိန်ပီတာနဲ့ ပတ်သက်လို့ မင်း သိတာ ဒါပဲလား'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ပါ ဆရာ'

'ငါ ကြားထားတာက စီးပွားရေး မသမာမှုတွေ၊ ကျောက်မျောင်ခိုအရောင်းအဝယ်တွေ လုပ်နေတယ်ဆိုတာ ရော မင်း မကြားမိဘူးလား'

'ဒါတော့ ကျွန်တော် လုံးဝမကြားမိပါဘူး။ ခု ဆရာ ပြောတော့မှ သိရပါတယ်'

စခန်းမှူး ဦးကျော်ခိုင်သည် သက်ပြင်းတစ်ချက်ချ ကာ ရဲတပ်သား ကောလီကို စူးစူးနစ်နစ်ကြည့်၏။ ကော လီမှာ သူ့အကြည့်ကြောင့် မနေတတ် မထိုင်တတ် ဖြစ် သွားသည်။

'မင်းဟာ ငါတို့ရဲတပ်ဖွဲ့ ရဲဘော်တစ်ယောက်ဆိုတာ ရော စိန်ပီတာ သိနိုင်မလား'

'မသိနိုင်ပါဘူး ဆရာ။ သူ့ကိုသာ ကျွန်တော်က သိနေတာပါ'

'မင်းက သူ့ကို သိနေတယ်ဆိုတော့ သူနဲ့မင်း စကား ပြောဖူးလို့လား'

'မပြောဖူးပါဘူး ဆရာ'

'စကားမပြောဖူးဘဲနဲ့ ဘယ်လိုလုပ်သိလဲကွ'

'မြင်ဖူးတာ အများပြောတာ ကြားဖူးလို့ပါ ဆရာ'

'ကောင်းပါပြီ။ မင်း ညနေ တစ်ခေါက်လာခဲ့ဦး။ ဆရာ မင်းကို အထူးမှာစရာရှိသေးတယ်။ ဒါ အထူးလျှို့ ဝှက် တော့စီးကရက်နော်။ မင်းနဲ့ ငါကလွဲရင် ဘယ်လူမှ သိလို့မဖြစ်တဲ့ ကိစ္စကြီးနော်။ မနက်ဖြန် မှနက်ကစပြီး စိန်ပီတာနဲ့ပတ်သက်လို့ အမှုကြီးတစ်ခု စုံစမ်းရမယ်။ စိန် ပီတာအကြောင်း သူ့ဆီမှာခိုင်းထားတဲ့ ဆလုံလေး ပသျှူး တွေက စပြီးသိအောင် မင်း စုံစမ်းတော့'

'ဟုတ်ကဲ့ပါ'

◆◆◆

'ဘယ်ပို့ပေးရမလဲ။ ပုလဲကျွန်းကိုလား'ဟု ဆလုံကြီး က မေး၏။

'ကျွန်းပိုင်ကြီးကျွန်းကိုပါ'

ကူးတို့သည်ကြီးက ဗိုက်သားစကားနှင့် မေးသည်ကို ကောလီကလည်း ဗိုက်စကားနှင့်ပင် ပြန်ပြောလိုက်၏။

'ဦးကြီး··ကျွန်းပိုင်ကြီးကျွန်းကိုတော့ သိပါတယ် နော်'

ကောလီက သေချာအောင် ထပ်မေး၏။

မြိတ်ကျွန်းစုတွေက များပြားလှသဖြင့် ကျွန်းပိုင်ကြီး ကျွန်းဆိုပြီး တစ်ကျွန်းကျွန်းကို ပို့ထားခဲ့မှာစိုး၍ သေချာ အောင် မေးရ၏။

'သိပါတယ်၊ ငါတို့ငယ်ငယ်က ကျွန်းကောက် ခေါ် တာပေါ့။ ငှက်ရဲကျွန်းမရောက်မီ ဒီဘက်ကကျွန်းပါ။ ငါ အရင်လည်း ကူးတို့ပို့ဖူးပါတယ်'

'ဟုတ်ကဲ့၊ ဦးကြီး ကျွန်းပိုင်လေးကိုတော့ သိမှာပေါ့'

'သိတာပေါ့။ ဟိုနှစ်ရက်လောက်ကတောင် မိန်း ကလေး နှစ်ယောက်နဲ့ လူရွယ်တစ်ယောက်ကို ကျွန်းပိုင် လေးဆီ သွားပို့ရသေးတယ်'

'ဒါဆို သူတို့ ကျွန်းပိုင်လေးဆီ ရှိနေကြဦးမှာပေါ့'

'ဒါတော့ ငါဘယ်သိမလဲ'

'သူတို့ပြန်ရင်လည်း ဦးကြီးကူးတို့လှေနဲ့ပဲ ပြန်ကြ မယ် မဟုတ်လား'

'ဟမ်းမလေး၊ ကျွန်းပိုင်လေးမှာ စက်လှေတွေ ပေါ လွန်းလို့ မောင်ရာ၊ ဘယ်အချိန်ပြန်ပြန် ကျွန်းပိုင်လေးက လိုက်ပို့မှာပေါ့။ သူတို့ အပြန်ကို ငါ ဘယ်သိမှာလဲ'

ကောလီ ခဏနှုတ်ဆိတ်သွားသည်။

ရဲထဲမရောက်မီ မဟီတွင် ကျောင်းနေတုန်းက ကျွန်း ပိုင်ကြီးကျွန်းကို သူ တစ်ခါရောက်ဖူးသည်။ အိမ်ခြေ တစ်ဆယ်ကျော်လောက်သာရှိ၏။ လှေတွေကတော့ ဆလုံ တွေ ထုံးစံအတိုင်း တစ်အိမ်တစ်စင်း ရှိကြ၏။ မြိတ်မြို့ တွင် စက်ဘီးမော်တော်ဆိုင်ကယ်များ ပေါသလိုပင်။ သူ တို့ကလေးများသည် လှေအပြိုင်စီးပြီး သူဦးငါဦး လှော် ခတ်နေကြသည်ကိုလည်း မြင်ခဲ့ရသည်။

ကျွန်းဦးတွင် ခြေတံရှည်ဆောက်လုပ်ထားသော သွပ် မိုး၊ ပျဉ်ကာ ကျွန်းပိုင်ကြီးအိမ်ကိုလည်း သူ့အဖေပြ၍ မြင်ခဲ့ရ၏။ ပင်လယ်ကမ္ဘီးပင်များ ဝန်းရံထားသဖြင့် အိမ် နားဝန်းကျင်တွင် လေတိုက်တိုင်း တရှဲရှဲအသံများကို ကြား နေရသည်။

အိမ်ကြီး၏ အနောက်ဘက်တွင် ချောင်းပေါက် တစ် ခု ရှိသည်ကိုလည်း အမှတ်ရမိသည်။ ကောလီအဖေသည် ထိုချောင်းပေါက်ထဲက လှေနှင့်ဝင်၍ ကျွန်းပိုင်လေးတို့ ငါးမန်းတောင် ရောင်းခဲ့သည်။ ထိုစဉ်က ချောင်းပေါက် ထဲတွင် စက်လှေတစ်စင်း၊ နှစ်စင်းကိုလည်း မြင်ခဲ့ရ၏ ထိုစက်တပ်လှေနှင့် ကျွန်းပိုင်လေးက ပင်လယ်ထဲ ထွက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ဖက်နိုင်ငံကိုလည်း သွားသည်ဟု သိရ၏။

'ကျွန်းပိုင်လေးက ခုဘာလုပ်လဲ ဦးကြီး'

'အုန်းခြံတွေ စိုက်တယ်'

'နောက်တော့ရော'

ကူးတို့သည်ကြီးက ကောလီကို တစ်ချက်လှည့်ကြည့်သည်။ ကူးတို့လှေဖင် အသွားနေးသွားသည်ကို သတိထားလိုက်မိ၏။

'မိကျောင်းလည်း မွေးတယ်လေ။ ဘာဖြစ်လို့လဲ'

'ဘာမှမဟုတ်ပါဘူး။ စကားစပ်မိလို့ မေးကြည့်တာပါ။ မိကျောင်းမွေးတယ်ဆို မိကျောင်းလည်း ဝယ်မှာပေါ့'

အဘိုးကြီးမျက်နှာပေါ် အပြုံးရိပ်သန်းသွား၏။

'ဟုတ်တယ်။ ခု မင်းက မိကျောင်းရောင်းဖို့ လာစုံစမ်းတာလား။ တစ်ပါတည်း ယူလာရောပေါ့ကွယ်။ ငါတို့ကျွန်းပိုင်လေးက မိကျောင်းဆို အကြီး၊ အသေးမရွေး အကုန်ဝယ်တယ်။ ဟိုဘက်ကမ်းက ရှမ်းကြီးတွေကိုလည်း တစ်ဆင့်ပြန်ရောင်းတယ်'

'ဟိုဘက်ကမ်းကလည်း ဒီဘက်မှာ မိကျောင်းလာဝယ်တာ ရှိလား'

'ရှိပြီကော။ မိကျောင်းဝယ်သူတွေ ခြေချင်းလိမ်နေကြတာ သုံးလေးနှစ်တောင် ရှိနေပြီ'

'သူတို့တွေက မိကျောင်းကို ဘာလို့ဝယ်ကြတာလဲ အဘ'

ကောလီက ပိုရင်းနှီးအောင် အဘခေါ်၍ မေးလိုက်၏။

'မသိဘူးလေကွယ်၊ တစ်ဖက်နိုင်ငံမှာတော့ တစ်အားပိုက်ဆံရဆိုပဲ။ အဲဒါကြောင့် တို့ကျွန်းပိုင်လေးတောင် ခု မိကျောင်းတွေ ဝယ်မွေးလုပ်နေတာပေါ့။ သူ့အဖေ ကျွန်းပိုင်ကြီး ရှိတုန်းကတော့ ပုလဲနဲ့ ငှက်သိုက်ဆေးပဲ ဝယ်လှောင်တာ။ အဲဒီတုန်းက ငါတို့ဆီ မိကျောင်းတွေ ပေါမှပေါ။ မောင်ရင်ကရော ဘယ်ကလဲ'

'ကျွန်တော် ကျောက်မောင်နှမဘက်ကပါ အဘ'

'အဲဒါကြောင့် မင်း ဗိုက်သံဝဲနေတာ'

အဘိုးကြီးစကားကို ကောလီက ပြုံးမိ၏။

'အဘတို့ကြားတော့ ဟိုဘက်ကမ်းက လူတွေ ကျောက်မောင်နှမဘက်မှာ မိကျောင်းတင်မကဘူး၊ ပင်လယ်ရေမြှုပ်တွေ၊ ကျောက်ပွင့်ကနုကမာကောင်တွေလည်း ဝယ်ကြတယ် ကြားတယ်။ ဟုတ်လား'

'ဟုတ်ပါတယ် အဘ'

'ဂုံညှင်းသီးတွေလည်း ဝယ်ကြတယ်ဆို။ ဂုံညှင်းသီးများ ဘာလုပ်ကြမှာလဲနော်'

'ဟုတ်ကဲ့။ ကြားတော့ ကြားပါတယ်။ ကျွန်တော်လည်း အဘလိုပဲ ဘာလုပ်ဖို့ ဝယ်ကြမှန်း မသိပါဘူး'

ကျွန်းပိုင်လေး စိန်ပီတာအကြောင်း ဦးတည်ချက်ပျောက်သွားမှာစိုးသဖြင့် ကောလီက မသိဘူးဟု တမင်ပြောလိုက်သည်။

အမှန်က ဂုံညှင်းသီးတွေ ဝယ်ကြခြင်းမှာ ဆပ်ပြာလုပ်ရာတွင် သုံးသလို ကျောက်မွတ်၊ ကျောက်ခက်၊ ကျောက်ကြိုးတွေမှာ ကျောက်ကျောလုပ်ရာတွင် အသုံးပြုကြောင်း ကောလီ ကြားထားသည်။

စကားတပြောပြောနှင့် လာကြရာ ရေသူမကျောက်ဆောင်ကျောက်တန်းတွေကို လှမ်းမြင်ရပြီ။ မကြာမီ ကျွန်းပိုင်လေးရှိရာ ကျွန်းကို ရောက်လာကြသည်။

ကူးတို့သည် ဆလုံကြီးက သူ့အား ကျွန်းကောက်ကျွန်းလှေဆိပ်တွင် လှေကပ်ပေး၏။ ကူးတို့သည်ကို လှေခရှင်းပေးပြီး ကောလီရွာဘက် ထွက်လာသည်။

ဆယ်စုနှစ်များစွာ ကြာသွားပြီဖြစ်သဖြင့် ကျွန်းကောက်ကျွန်း၏ တောတောင်ရေမြေများသည်လည်း အပြောင်းအလဲရှိသွားပြီ။ အိမ်ခြေအသစ်တွေကိုလည်း မြင်နေရ၏။ ကောလီမှာ သတိရှိရှိသွားရမည်ဖြစ်သဖြင့် သွားရင်းလာရင်း ပတ်ဝန်းကျင်ကိုလည်း သတိနှင့် ကြည့်လာရသည်။

ငယ်စဉ် သူ့အဖေနှင့် သူ တစ်ခေါက်ရောက်ဖူးခဲ့စဉ်က ကူးတို့ဆိပ်သည် ဓနိတောထဲမှာဟု ထင်၏။ ခြေသလုံးမြုပ်လုနီးပါး ရွှံ့ကျွံသည်ကိုလည်း သတိရမိသည်။ ယခု သူတက်လာသော ကူးတို့ဆိပ်ကမူ ကျောက်ခဲကျောက်လုံးတွေ ခင်းထားသဖြင့် လုံးဝရွှံ့မကျွံပေ။ ဓနိပင်များကိုလည်း မမြင်ရတော့။

တစ်အိမ်နှင့်တစ်အိမ် ခေါ်တကြား မြင်တပြင်တွင် အုန်းခြံအုန်းတောတွေ ရှိနေသဖြင့် ယခင်ကလို ပင်လယ်ကဗွီးပင်များကြားထဲက ဆလုံအိမ်များကို ထင်ထင်ရှားရှား မမြင်ရ။ အုန်းသားတွေ ဈေးကောင်းလာသဖြင့် ဆလုံများ အုန်းခြံစိုက်လာကြပြီ။ ယခင်ကလို အလေ့ကျပေါက်



www.burmeseclassic.com

www.burmeseclassic.com

သော အုန်းပင်အသီမ်အမှွားလည်း မရှိတော့။ ကြီးထွားမှု ကြာလွန်းတတ်သော ပင်လယ်ကဗွီးပင်များပင်။ ယခု တော့ မြင့်မားဝေသီ မိုးထိုးနေကြပြီ။

ကဗွီးပင်ပေါ် အသိုက်ဆွဲ ရှာတည်နေကြသော စာ ကလေး ရှာတွေကတော့ ဆလုံများ၏ အုန်းခြံနှင့်အပြိုင် စည်ကားနေ၏။ ပင်စည်ကြီးတွေကမူ လူတစ်ဖက်နီးပါး ရှိနေကြပြီ။

ယခင်ကလို ကျွန်းပိုင်ကြီးအိမ်ကို ထီးတည်းမားမား မမြင်ရသဖြင့် လမ်းတွင် တွေ့ရသော ဆလုံလေးတစ် ယောက်ကို မေးယူရသည်။ ကောင်လေးက ဟိုနားမှာဟု ပြောသဖြင့် သဲကုန်းတန်းလေးရှိ လူသွားလမ်းကလေး အတိုင်း လျှောက်လာရသည်။

အုန်းတစ်ပင်ရင်းက ကျွန်းပိုင်ကြီးအိမ်ကို ကောလီ လှမ်းကြည့်လိုက်၏။ ခြေတံရှည်အိမ်အောက်တွင် ပလတ်စ တစ်ကြိုးကုလားထိုင်များနှင့် ဝိုင်းပတ်ထိုင်နေကြသည့် လူလေးယောက်ကို လှမ်းမြင်ရသည်။ နှစ်ယောက်က အမျိုးသား နောက်နှစ်ယောက်က အမျိုးသမီး။ သူတို့ အလယ်က ခုံပေါ်တွင် ပုလင်းများနှင့် ဖန်ခွက်များ၊ ပန်း ကန်များကို မြင်ရ၏။ သူတို့သည် စကားဖောင်ဖွဲ့နေကြ ၏။

တခြားလူသားများ တစ်ဦးတစ်ယောက်မျှ မရှိသော သီးခြားကမ္ဘာတစ်ခုသို့ ရောက်နေကြသလို ရယ်မော စကားပြောဆိုနေကြသံတို့က လွတ်လပ်ကျယ်လောင်လွန်း လှသည်။

နည်းနည်းလှမ်းသဖြင့် စကားသံများကိုတော့ ပီပီ သသ မကြားရ။ ကောလီသည် သူ့အဝတ်အဆင်များကို ဂရု တစိုက်ကြည့်ပြီး ကျွန်းပိုင်လေးအိမ်ကြီးရှေ့ ရောက် လာ၏။

ကာကီရောင်အင်္ကျီစုတ် ပသျှူးဘောင်းဘီပွနှင့် လှော် တက်တစ်ချောင်းထမ်းကာ မားမြှောင်ခါးထိုး၍ သူ့အိမ်ရှေ့ က ဝင်လာသော ကောလီကို သူတို့သည် အရှိုင်းအစိုင်း တစ်ယောက်အား ရုတ်တရက်မြင်လိုက်ရသလို အားလုံး က ဝိုင်းကြည့်နေကြ၏။ သို့သော် ကောလီက ခြေလှမ်း မပျက်။

ကျွန်းပိုင်လေး စိန်ပီတာက ထလာပြီး မေး၏။

'ဘာကိစ္စလဲ'

'ကျွန်းပိုင်လေး မိကျောင်းဝယ်တယ် ကြားလို့'

'ဟုတ်တယ်။ ဘယ်နှစ်ကောင် ပါလဲ၊ လှေပေါ်မှာ လား'

'ခု ပါမလာသေးဘူး။ လာစုံစမ်းတာပါ။ အိမ်မှာ ရထားတာတော့ ရှိတယ်'

'ယူလာခဲ့လေ။ ကျုပ်ဝယ်ပါတယ်'

'ဘယ်ဈေးပေးလဲ'

စိန်ပီတာက ကောလီကို အံ့ဩသလိုကြည့်ပြီး-

'အသေး,အကြီး ကြည့်ပေးတာပေါ့။ ကျုပ်ဆီမှာ ဈေးမနည်းရပါဘူး။ဟိုဘက်ကမ်းက လူတွေထက် အများ ကြီး ပိုပေးပါတယ်'

'သတင်းကြားပါတယ်။ ကျွန်းပိုင်လေးမှာ မိကျောင်း မွေးတဲ့ အိုင်တွေတောင် ရှိတယ်ဆိုတာလည်း ကြားပါ တယ်။ ဒီမှာတစ်ဆင့်ဝယ်ပြီး ကျွန်းပိုင်လေးက ဟိုဘက် ကမ်း သွားသွားရောင်းတာလား'

ကောလီက မသိမသာကြည့်၍ မေးလိုက်၏။ ကျွန်း ပိုင်လေး မျက်နှာနည်းနည်းတည်သွားသည်။

'လောလောဆယ် မရောင်းသေးပါဘူး။ ဘာဖြစ်လို့ လဲ'

'ဟိုဘက်မှာတော့ ရောင်းနေကြတယ်။ ဟိုဘက် ကမ်းက လူတွေလည်း ခြေရာချင်းထပ်နေတာ။ မိကျောင်း သာ မဟုတ်'

'ဟုတ်မှာပေါ့။ ကိုယ့်အရပ်သား ကိုယ့်ပြည်သားတွေ တော့ မရောင်းကြဘဲ ရှမ်းကြီးတွေ၊ မလေးတွေပဲ ရောင်း နေကြတယ်ဆိုတာ ကျုပ်လည်း ကြားပါတယ်။ ကျုပ်က သူတို့ထက် ဈေးပိုပေးပါမယ်ဆိုတာတောင် လာမရောင်း ကြဘူး။ တိုင်းတစ်ပါးသား တစ်ပြည်သားတွေကိုပဲ ရောင်း နေကြတာ။ ဒါ ကိုယ့်နိုင်ငံ ကိုယ့်လူတွေအပေါ် သစ္စာ ဖောက်တာပဲ။ ကျုပ်အမေက ဆလုံ၊ ဒီအရပ်သူဆိုတာ ကြားဖူးမှာပေါ့'

'ဟုတ်ကဲ့၊ ကြားဖူးပါတယ်။ ကျုပ်ကလည်း ဆလုံ ပါ ကျွန်းပိုင်လေး။ အဲဒါကြောင့် ..အဲဒါကြောင့် ရောင်း ချင်းရောင်းရင် ကိုယ့်လူမျိုးပဲ ရောင်းမယ်ဆိုပြီး လာမေး တာပါ။ ကျုပ်တို့ ဆလုံတွေအကြောင်း ကျွန်းပိုင်လေး သိပါတယ်။ ကျုပ်လာတာက အရှေ့ရောင်းအဝယ်ကိစ္စကို စမ်းရင်း ကျွန်းပိုင်လေး မွေးထားတယ်ကြားတဲ့ မိကျောင်း

www.burmeseclassic.com

အိုင်ကိုလည်း ကြည့်ချင်တာပေါ့နော်။ ကျုပ်တို့ဆီမှာ ဒီလို လုပ်တတ်တာ ကျွန်းပိုင်လေး တစ်ယောက်ပဲ ပေါ်ဖူးသေးတယ်။ ကျုပ်တို့ ဟိုတုန်းက ကြားတောင် မကြားဖူးပါဘူး။ အဲဒါကြောင့် ကြည့်ချင်တာလည်း ပါတာပေါ့နော်'

'ကောလီ၏စကားကို စိန်ပီတာ သဘောကျသွားပုံရ၏။ ထို့ကြောင့် သူ့မျက်နှာမှာ ချက်ချင်း အပြုံးရောင် သန်းလာသည်။ စိန်ပီတာနှင့် ကောလီတို့ ပြောဆိုနေကြသည်ကို အကဲခတ်ကြည့်နေကြသော လူရွယ်နှင့် မိန်းမရွယ် နှစ်ယောက်ကလည်း အပြုံးနှင့် လှမ်းကြည့်နေကြ၏။ ပူအိုက်သော နွေသမယဖြစ်သဖြင့် စိန်ပီတာနှင့်တကွ အားလုံး ဘောင်းဘီတို၊ စပို့ရှပ်နှင့်ချည်းသာ။

'ခင်ဗျား မိကျောင်းရောင်းမှာက ဘယ်နှစ်ကောင်လဲ။ အကြီး,အသေးရော ဘယ့်နှယ်လဲ'

'အော့အက်(တောက်တဲ့)ရွယ် နှစ်ကောင်နဲ့ တံတောင်ကျော် တစ်ကောင်ပါပဲ'

'သုံးကောင်ပေါ့'

'ဟုတ်ကဲ့'

'ယူလာခဲ့ပါ။ မိကျောင်းမွေးထားတာ ကြည့်ချင်ရင်လည်း သွားကြည့်ပါ။ ဟိုက အုန်းခြံနောက်တင်ပဲ။ ဒါနဲ့ ခင်ဗျားဖမ်းထားတဲ့ မိကျောင်းတွေ ဘယ်တော့လာရောင်းမှာလဲ'

'နောက်သားပေါက်မတစ်အုပ် ကျုပ်မြင်ထားတာ ရှိသေးတယ်။ နောက်တစ်ပတ်လောက်ပေါ့။ သွားကြည့်လိုက်ဦးမယ်။ မိကျောင်းမွေးတယ်ဆိုတာ ကျုပ် မကြားဖူး၊ မမြင်ဖူးလို့ပါ'

စိန်ပီတာက ပြုံးပြီး ခေါင်းညိတ်ပြ၏။ ကောလီလည်း စောစောက စိန်ပီတာ ညွှန်ပြသော အုန်းခြံနောက်ဘက် ထွက်လာ၏။

ဘာကို သဘောကျနေကြသည်မသိ။ သူ ခြေလှမ်းတစ်ဆယ် မပြည့်မီပင် အိမ်အောက်က စိန်ပီတာတို့ လူသိုက် တဟားဟားရယ်မောနေကြသံကို ကြားလိုက်ရသည်။

(ဆက်ရန်)

ဖိုးကျော့


# ပုရောဟိတ် ဆရာဦးမြတ်စံ ၏

# အသုံးချ ဂမ္ဘီရဝေဒ စာအုပ် ထွက်ပါပြီ

လစဉ်ထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော လက်ရွေးစင်ဆောင်းပါးများ စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။

ဂမ္ဘီရပညာရပ် လိုက်စားသူများ၊ ဘဝတွင် တွေ့ကြုံနေရသော အခက်အခဲများကို ဤစာအုပ်မှ ကူညီဖြေရှင်းပေးနိုင်ပါသည်။

စာအုပ်မှာယူလိုပါက ပင်ရင်းဖြန့်ချိရေး

ဆရာဦးအောင်သန်း၊ ပြည့်ဝရောင်ရှင် စာပေတိုက်၊ သုမင်္ဂလပုံနှိပ်တိုက်၊

☎ ၀၉ ၄၅၀၀၆၂၄၂၅

www.burmeseclassic.com

ကျွန်ုပ်သည် ဂမ္ဘီရဝတ္ထုများကို ရေးသားရာ၌ မိမိ၏ ကိုယ်တွေ့ဂမ္ဘီရ ဝတ္ထုများအပြင် အခြား၊အခြားသော ပုဂ္ဂိုလ်များ၏ ကိုယ်တွေ့ဂမ္ဘီရဇာတ်လမ်း ဝတ္ထုများကို လည်း ၄င်းတို့၏ ပြောပြချက်အရ ရေးသားဖော်ပြလေ့ ရှိပေ၏။

ယခုဖော်ပြမည့် ဂမ္ဘီရဝတ္ထုဇာတ်လမ်းမှာ ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်း ဝတ္ထုဇာတ်လမ်း မဟုတ်ပေ။ ကျွန်ုပ်၏မိတ်ဆွေကြီး ကိုဆန်နီ၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်းဝတ္ထုသာ ဖြစ်လေ၏။ ၄င်း၏ ပြောပြချက်အရ ခွင့်လည်းခွင့်ပြုသောကြောင့် ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပေ၏။

ကျွန်ုပ်၏မိတ်ဆွေကြီး ကိုဆန်နီဆိုသူမှာ ဂီတသမား တစ်ယောက် ဖြစ်သကဲ့သို့ အီဂျစ်တို့၏ ဂမ္ဘီရပညာတစ်ရပ်ဖြစ်သော အီဂျစ်ဗေဒင်ပညာရပ်ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရုံတင်မက ဆံပင်ညှပ်အတတ်၊ ပန်းချီပညာရပ်တို့ကိုလည်း ထွန်းထွန်းပေါက်ပေါက် တတ်မြောက်သူလည်း ဖြစ်ပေ၏။ ယခင် နိုင်ငံခြားသင်္ဘောသားဟောင်းကြီး ဖြစ်၏။

တစ်နေ့သ၌ ၄င်းကိုဆန်နီသည် တောင်ဥက္ကလာပမြို့၏ မြင်သာဝိပဿနာ ဘုန်းကြီးကျောင်းသို့ ရောက်လာပြီးလျှင် မြင်သာဝိပဿနာကျောင်း ဆရာတော်ဘုရားကြီး ဦးဒေဝယျမန္တထံ၌ ဒုလ္လဘရဟန်းခံလေ၏။

ကျွန်ုပ်သည် ထိုတောင်ဥက္ကလာပ မြင်သာဝိပဿနာကျောင်းတွင် ၄င်းထက်အရင် (၄)လခန့်စောပြီး ရဟန်းဘောင်သို့ ဝင်ခဲ့သူ ဖြစ်လေ၏။

နှစ်ပေါင်းများစွာ ခွဲခွာခဲ့ပြီးနောက် ယခုတစ်ဖန် ၄င်းနှင့် ပြန်လည်တွေ့ဆုံခြင်း ဖြစ်လေ၏။ ထိုကျောင်း၌ ကျွန်ုပ်ထက် အရင်စောသူက ကိုစိမ်းမြ ဖြစ်၏။

ကိုစိမ်းမြဆိုသူမှာ နိုင်ငံကျော်အဆိုတော်ကြီး ဒေါ်မာမာအေး၏ မောင်အရင်း ဖြစ်လေ၏။ ၄င်းလည်း ဂီတသမား အဆိုတော်တစ်ယောက် ဖြစ်လေ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်ုပ်တို့သည် ထိုဘုန်းကြီးကျောင်း၌ ဘဝဘဝက ရေစက်ကြောင့်ပင် ပြောရ




www.burmeseclassic.com

www.burmeseclassic.com

မလားမသိ။ ပြန်လည်ဆုံတွေ့ကြခြင်း ဖြစ်လေ၏။

ယခုအခါ ကျွန်ုပ်တို့သည် အသက်အရွယ်ထောက် လာကြပြီ ဖြစ်လေ၏။ ကျွန်ုပ်တို့သုံးယောက်တွင် ကျွန်ုပ်က အသက်အရွယ်အကြီးဆုံးဖြစ်၏။ ကိုဆန်နီက အသက်အရွယ်အငယ်ဆုံး ဖြစ်လေ၏။

တစ်နေ့ ကျွန်ုပ်တို့သည် နေ့ဆွမ်းစားသောက်၍ ပြီးသောအခါ နတ်လမ်းရှိ အုတ်ခုံတွင် ထိုင်ဖြစ်ကြတော့ ရှေးဖြစ်နှောက်ကြောင်းများ ပြောဖြစ်ကြလေ၏။

ကိုဆန်နီက ၎င်း၏ ဂီတလောက အကြောင်းနှင့် အတွေ့အကြုံများကို ကျွန်ုပ်အား ပြောပြသကဲ့သို့ ဂီတအဆိုတော် ကိုစိမ်းမြကလည်း ကျွန်ုပ်အား ပြောပြလေ၏။ ကျွန်ုပ်မှာ ပန်တျာသမားမဟုတ်၊ ဂီတသမားမဟုတ်သောကြောင့် ၎င်းတို့ပြောသမျှ စကားများနှင့် အကြောင်းအရာများကို စိတ်ဝင်စားစွာဖြင့် နားထောင်၍ နေရလေ၏။

၎င်းတို့ ရှေးဖြစ်နှောက်ကြောင်းများ ပြောပြရာတွင် စိတ်ဝင်စားစရာ၊ ထိတ်လန့်အံ့သြဖွယ်ရာများနှင့် ရယ်မောပျော်ရွှင်စရာကောင်းသော ဟာသအကြောင်းအရာများလည်း ပါဝင်လေ၏။

ကိုဆန်နီ ပြောပြသော ကျတ်ရွာ၏ အကြောင်းအရာမှာ လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလေ၏။ ၎င်းတို့သည် ကျတ်ရွာမှန်းမသိဘဲ မင်္ဂလာပွဲတစ်ခု၌ သွားရောက်၍ ဖျော်ဖြေပေးရလေ၏။ ထိုအချိန်ကာလက ငွေသုံးသောင်း ဉာဏ်ပူဇော်ခ ရကြလေ၏။ အရက်သေစာနှင့် အမြည်းများကိုမူ ဗိုးပေါလအော တိုက်ကျွေးဧည့်ခံကြလေ၏။

ကိုဆန်နီတို့အဖွဲ့တွင် ကီးဘုတ်တီးသော စန္ဒရားကို ထိပ်တင်ဝင်းဆိုသူမှာ အရက်ကြိုက်တတ်သူပီပီ အမြည်းမစားဘဲ အရက်ချည်း သောက်လေ၏။ ကိုထိပ်တင်ဝင်းသည် ထူးဆန်းသော ဂီတသမားတစ်ယောက် ဖြစ်လေ၏။ အရက်ဘယ်လောက်သောက်သောက် ဘယ်လောက်မူးမူး စန္ဒရားအတီး ဘယ်တော့မှ မမှားတတ်ချေ။ ခေါင်းသာ စိုက်ချင်စိုက်မည် လက်ကွက်မမှားသူ။ နုတ်သင်္ကေတ မမှားသူ ဖြစ်လေ၏။ တစ်ညလုံး တီးခတ်ဖျော်ဖြေ သီဆိုကြရာ မနက်(၄)နာရီကျမှ နိဂုံးကမ္ပတ် အဆုံးသတ်ဖြစ်ကြလေ၏။ မင်္ဂလာဧည့်ခံပွဲပြီး၍ အပြန်တွင် ကိုဆန်နီ၏ ဂီတာသည် သစ်ပင်တစ်ပင်၌ ထောင်ထားခဲ့ရာ သတိမေ့ပြီး ကျန်ခဲ့လေ၏။ လမ်းတစ်ဝက်လောက်ကျမှ သတိပြန်ရကာ ဂီတာကျန်ခဲ့ကြောင်း ပြောပြရာ ကိုထိပ်တင်ဝင်းက မဖြစ်ဘူး၊ ပြန်သွားယူဟုဆို၍ ၎င်းပါ ကိုဆန်နီနှင့်အတူ ပြန်သွားယူကြလေ၏။

၎င်းတို့ ဧည့်ခံဖျော်ဖြေခဲ့သောနေရာသို့ ရောက်သော် အဆောက်အအုံများနှင့် ရွာများ လုံးဝမရှိတော့ဘဲ ဟင်းလင်းပြင်ကြီး ဖြစ်၍နေတော့၏။ ကိုဆန်နီ၏ ဂီတာမှာ ယခင် မေ့၍ကျန်ခဲ့သည့်အတိုင်း သစ်ပင်တစ်ပင်၌ ထောင်လျက်ပင် ရှိနေသည်ကို တွေ့ရလေ၏။ ကိုဆန်နီနှင့် ကိုထိပ်တင်ဝင်းတို့ နှစ်ယောက်မှာလည်း အူကြောင်ကြောင်ဖြင့် မစဉ်းစားတတ်အောင် ဖြစ်ရလေ၏။ နောင်သောအခါကျမှ ရွာနီးချုပ်စပ်က ရွာသားများပြောပြ၍ ကျတ်ရွာမှန်းသိခဲ့ကြရသည် ဟူလို။

ကိုဆန်နီက အထက်ပါအတိုင်း ကျတ်ရွာအကြောင်းကို ပြောပြခဲ့ပြီးနောက် ကိုစိမ်းမြကလည်း ထူးဆန်းသော မွေးနေ့မင်္ဂလာပွဲ အကြောင်းကို ဆက်လက်ပြောပြပြန်လေ၏။ ၎င်းကိုစိမ်းမြ ပြောပြသော အကြောင်းအရာမှာ ထူးဆန်းသကဲ့သို့ ဟာသလည်း မြောက်လေ၏။

ရွာတစ်ရွာမှ မွေးနေ့ပွဲတစ်ခုအတွက် ကိုစိမ်းမြတို့အဖွဲ့ကို ဧည့်ခံဖျော်ဖြေပေးဖို့ အခကြေးငွေပေး၍ ဖိတ်ခေါ်ကြလေ၏။ ကိုစိမ်းမြနှင့် ကိုဆန်နီတို့အဖွဲ့ သွားရောက်ဖျော်ဖြေပေးကြလေ၏။

အဆိုတော်များလည်း ပါကြလေရာ အဆိုတော်များ တစ်ယောက်ပြီးတစ်ယောက် ဖျော်ဖြေသီဆို၍ အပြီး၌ ကိုစိမ်းမြ အလှည့်သို့ ရောက်သောအခါ ကိုစိမ်းမြက–

'ဦးလေးတို့ရဲ့ မွေးနေ့ရှင်ကလေးရဲ့ နာမည်ကို ပြောပါ။ မိဘနှစ်ပါးရဲ့ နာမည်တွေလည်း ပြောပြပါ။ ကျွန်တော် သီချင်းဆိုရင်း ထည့်ပြောသွားပေးပါ့မယ်'

ဟု ဆိုသောအခါ မွေးနေ့ရှင်နှင့် ဘာတော်မှန်းတော့မသိ–

'ဆရာတို့··ဆက်သာ တီးကြ၊ ဆိုကြပါ။ အေးအေးဆေးဆေးပေါ့' ဟု ဆိုလေ၏။

ကိုစိမ်းမြလည်း ဟုတ်ကဲ့ဟုဆို၍ သီချင်းကို ဆိုလေတော့၏။ သီချင်းဆို၍ တစ်ဝက်လောက် ရောက်တော့ စောစောက အေးအေးဆေးဆေးပေါ့ဟုဆိုသော ပုဂ္ဂိုလ်က နွားမပေါက်စလေးတစ်ကောင်ကို ဆွဲထုတ်၍ ခေါ်လာလေ၏။ နွားမလေး၏ ခေါင်းပေါ်တွင် ပန်းများ ပန်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

နွားမ၏ တစ်ကိုယ်လုံးမှာလည်း ပြိုးပြိုးပြက်ပြက် အရောင်များ ထွက်နေသော အဝတ်အစားများကို ဝတ်ဆင်၍ ပေးထားလေ၏။

ကိုစိမ်းမြနှင့် ကိုဆန်နီတို့သည် ထူးဆန်းစွာပြင်ဆင်၍ အလှဆင်ထားသော နွားမကလေးကိုကြည့်၍ ကိုစိမ်းမြ ဘာသဘောလဲ မသိဘူးဗျာဟူသော မျက်နှာရိပ် မျက်နှာကဲဖြင့် တစ်ယောက်နှင့် တစ်ယောက်ကြည့်ကာ မေးဆတ်ပြမိကြလေ၏။

ကိုစိမ်းမြ သီချင်းဆို၍ ပြီးတော့မှ အလှအပဆင်ထားသော နွားမလေးကို ဆွဲလာသော ပုဂ္ဂိုလ်က 'ကျွန်တော့်သမီးလေး မွေးနေ့က ဒီနွားမလေးပျို့ချောရဲ့ မွေးနေ့လေ' ဟု ဆိုလေ၏။

ကိုစိမ်းမြနှင့် ကိုဆန်နီတို့လည်း ဘာပြန်ပြောရမှန်း မသိဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးရယ်မိကြလေ၏။ ကိုစိမ်းမြက-

'ကျုပ်တို့က လူမွေးနေ့ပွဲလို့ ထင်တာဗျ။ လက်စသတ်တော့ တိရစ္ဆာန်မွေးနေ့ပွဲပဲ။ ကောင်းပါတယ်။ နွားမလေး သက်ရာကျော်ရှည်ပါစေဗျာ' ဟု ဆုတောင်းပေးလိုက်သော ဟူ၏။

ကျွန်ုပ်သည် ကိုစိမ်းမြ ပြောပြသော နွားမမွေးနေ့မင်္ဂလာဧည့်ခံပွဲ အကြောင်းအရာကို ကြားနာလိုက်ရသော အခါ အူတက်မတတ် ရယ်မိလေတော့သတည်း။

နောက်အကြောင်းအရာ တစ်ခုကတော့ ဝိညာဉ်လောကနှင့် ပတ်သက်သော ထူးဆန်းသည့် အကြောင်းအရာတစ်ခု ဖြစ်လေ၏။ ၎င်းအကြောင်းအရာကို ပြောပြသူမှာ ကိုဆန်နီ ဖြစ်လေ၏။

၎င်းအကြောင်းအရာ အဖြစ်အပျက်ဆန်းကိုမူ ကိုဆန်နီ ကိုယ်စား ခံစား၍ ဝတ္ထုဆန်ဆန် အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ပေသတည်း။

◆◆◆

'ကိုဆန်နီရေ..အဆင်သင့်ဖြစ်ရင် သွားကြစို့'

ကျွန်တော်သည် ခရီးဆောင်အိတ်ထဲ ပစ္စည်းပစ္စယများ ထည့်နေစဉ် မိုးမမ၏ အသံကိုကြား၍ 'ပြီးပြီ၊ ကားသာ ထုတ်ထားလိုက်တော့' ဟု ပြန်ပြောရင်း အိတ်ကိုလွယ်၍ သူမထံ လျှောက်လာခဲ့၏။

'ကားက ညကတည်းက အားလုံးကြည့်ရှုပြင်ဆင်ပြီးပြီ။ စောစောထွက်တော့ စောစော ပြင်ဦးလွင်ကို ရောက်တာပေါ့' ဟု မိုးမမကပြောပြီး အိတ်တစ်လုံးကို လက်မှာဆွဲ၊ စလင်းဘက်ကို ပခုံးမှာလွယ်လျက် မိုးမမက ဦးဆောင်၍ အိမ်ပြင်သို့ ထွက်သွားလေ၏။

ကျွန်တော်က အိမ်တံခါးကို လုံခြုံစွာပိတ်လျက် သူမနောက်က ဆင်းလိုက်သွားလေ၏။

မိုးမမသည် ကျွန်တော်၏ဇနီး ဖြစ်လေသည်။ တစ်နှစ် တစ်ခါ ကျွန်တော်တို့ ဇနီးမောင်နှံတို့သည် ပြင်ဦးလွင်သို့ သွားရောက်ကာ မဟာစည်ရိပ်သာ၌ (၁၀)ရက်စခန်းဝင်လေ့ ရှိလေ၏။ ယခုနှစ်ပါဆိုလျှင် (၅)ကြိမ်မြောက် ဖြစ်လေ၏။

ကျွန်တော်တို့သည် ရန်ကုန်မှနေ၍ ခရီးစပ ပ်ထွက်ခွာလာခဲ့ကြပေပြီ။ သူမသည် ကားမောင်းကျွမ်းကျင်သူဖြစ်၍ ကျွန်တော်ကား ကားမောင်းတတ်သူ မဟုတ်သောကြောင့် ဘေးမှာထိုင်၍ လိုက်ပါခဲ့ရလေ၏။

မန္တလေးလမ်းမကြီး၏ မိုင်တိုင်(၂၂၅)မိုင်သို့ရောက်သော် ညသည် အမှောင်လွှမ်း၍ သွားလေတော့၏။ မိုးမမ အိပ်ငိုက်မှာစိုး၍ ကျွန်တော်က ဘေးမှ စကားဖောင်ဖွဲ့ကာ ပြောလာခဲ့လေ၏။ ကားမှာ ကီလိုတစ်ရာကျော် မောင်းနေသောကြောင့် သစ်ပင်အရိပ်မည်းမည်းတို့သည် ရိပ်ခနဲ ရိပ်ခနဲ ပေါ်လိုက် ပျောက်လိုက် ကျန်ရစ်ခဲ့ကြလေ၏။ ကားသွားကားလာ ပြတ်သောကြောင့် လမ်းမှာ ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြောင့်တန်းလျက် ရှိလေ၏။

မိုင်တိုင်(၂၂၅)သို့ ကျော်လာသောအခါ အရိပ်သင်္ကေတန် တစ်ခုကို နောက်ကြည့်မှန်မှနေ၍ ကျွန်တော် ရုတ်တရက် မြင်တွေ့လိုက်ရလေ၏။ သေသေချာချာ နောက်သို့ငဲ့စောင်း၍ ကြည့်လိုက်သောအခါ သနပ်ခါးဖွေးဖွေးလိမ်းထားလျက် ပန်းတစ်ပွင့်ပန်ထားသည့် အသက်(၂၀၊ ၂၅)ဟု ခန့်မှန်းရသော မိန်းမချောလေးတစ်ယောက်ကို ကားနောက်ခန်းမှာ တွေ့မြင်လိုက်ရလေ၏။ ယင်းသို့ ရုတ်တရက်မြင်လိုက်ရသောကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထ၍သွားလေတော့၏။ မိုးမမကို လှည့်ကြည့်လိုက်သောအခါ သူမသည် ကားကို ဂရုတစိုက် မောင်းနေသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း မိုးမမ ကြောက်၍ထိတ်လန့်သွားမှာ စိုး၍ မပြောဖြစ်ဘဲ ဆိတ်ဆိတ်ငြိမ်ငြိမ်ပင်။ နှုတ်ပိတ်၍ နေလိုက်လေတော့၏။

ကီလိုတစ်ရာကျော်မောင်းနေသော ကားအရှိန်အဟုန်ပေါ်သို့ သူမ ပန်းတစ်ပွင့်ပန်မိန်းကလေး ဘယ်ပုံဘယ်သို့ တက်ရောက်လာသည်ကို ကျွန်တော် မစဉ်းစားတတ်ပေ။

ကျွန်တော် ဤသို့ စဉ်းစားနေချိန်ပင် မိုးမမက–

'ကိုဆန် အမျှဝေလိုက်ပါ။ ကျွန်မ မြင်တယ်။ မိုင်တိုင်(၂၃၀)အရောက်မှာ သူတက်လာတာ'ဟု ကားမောင်းနေရင်းက ကျွန်တော့်ဘက် လှည့်မကြည့်ဘဲ မိုးမမက ပြောလေ၏။

'မိုး သိတယ်ဟုတ်လား'

'သိတယ်၊ ကိုဆန် မမြင်ဘူးထင်လို့ မပြောဘဲနေတာ။ ကျွန်တော်တို့ကို အန္တရာယ်ပေးမယ့်ပုဂ္ဂိုလ် မဟုတ်ဘူး။ အမျှတောင်းခံဖို့ လိုက်လာတာ'ဟု မိုးမမက ပြောလေ၏။

ကျွန်တော်လည်း 'မိန်းကလေးရေ..အဘတို့က ပြင်ဦးလွင် မဟာစည်ရိပ်သာကျောင်းမှာ (၁၀)ရက်စခန်း ရိပ်သာဝင်ဖို့ လာခဲ့တာ။ အဘတို့ ပြုသမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကို အဘတို့နဲ့အတူ ထပ်တူထပ်မျှ ရကြပါစေလို့ အဘတို့ မေတ္တာပေးဝေပါတယ်။ အမျှ..အမျှ..အမျှ'ဟု အမျှပေးဝေလိုက်ရာ မိုင်တိုင်(၂၄၀–၅၀)ကြား အရောက်တွင် သနပ်ခါးဖွေးဖွေးနှင့် ပန်းတစ်ပွင့်ပန် မိန်းမချောလေးသည် ရုတ်တရက် ပျောက်ကွယ်၍ သွားလေတော့သတည်း။

ကျွန်တော်တို့ ပြင်ဦးလွင်မဟာစည်သို့ ရောက်ခဲ့ကြပေပြီ။ ရိပ်သာ၌လည်း တရားစခန်းဝင်ခဲ့ပေပြီ။ (၁၀)ရက်ပြည့်သောအခါ၌ စခန်းပြီးဆုံးသွားခဲ့ရာ လမ်းမှာ တွေ့ခဲ့ရသော မိန်းကလေးကို သတိရမိလေ၏။

ထို့ကြောင့် ကျွန်တော်သည် မှတ်မှတ်ရရပင် ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ မျက်နှာမူကာ လှမ်းကြည့်လိုက်ရာ အပြင်ဘက်ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်အောက်တွင် ကျုံ့ကျုံ့လေးထိုင်နေသော ထိုမိန်းကလေးကို အံ့သြစွာ တစ်ဖန်တွေ့မြင်ရပြန်လေ၏။

အချိန်မှာ (၅)နာရီခွဲကျော် (၆)နာရီခန့် မနက်အရုဏ်ချိန်ဖြစ်လေ၏။ သူမကို သဲသဲကွဲကွဲ မြင်ရလေ၏။ ယခင်ဖြစ်နေကျအတိုင်း သနပ်ခါးဖွေးဖွေး ပန်းတစ်ပွင့် ပန်ထား၏။ ဆံပင်အရှည်မှာ ကုတ်ဝဲဖြစ်လေ၏။ ကျွန်တော်လည်း သူမကို စိုက်၍ကြည့်ကာ အမျှပေးဝေလိုက်ရာ သူမက လက်အုပ်လေးချီ၍ သာဓုခေါ်ဟန်ဖြင့် ပါးစပ်လေးလှုပ်၍ ကျွန်တော့်ကို ပြုံးပြကာ ပျောက်ကွယ်သွားလေ၏။

အပြန်တွင် ကျွန်တော်က ဇနီးဖြစ်သူ မိုးမမကို ပြောပြရာ သူမကလည်း ကျွန်မဆီလည်း လာပြီး အမျှတောင်းလို့ အမျှပေးဝေလိုက်တယ် ကိုဆန်ဟု ပြန်၍ပြောလေ၏။

ကိုဆန်နီ၏ပြောပြသော ဖြစ်ရပ်မှန်ဇာတ်လမ်းသည် ဤတွင် အဆုံးသတ်သွားခဲ့ပြီ ဖြစ်လေ၏။ ကျွန်ုပ်သည် ကိုဆန်နီကို မေးချင်သော အမေးတစ်ခု ကျန်ရှိနေပေ၏။

ယင်းအမေးပုစ္ဆာမှာ–

'ကားပေါ်မှာ ကိုဆန်နီတွေ့ခဲ့ရသော သနပ်ခါးဖွေးဖွေးနှင့် ပန်းတစ်ပွင့် ပန်ထားသည့် အသက်(၂၀–၂၅)နှစ်အရွယ် မိန်းကလေးက ဘာလဲ၊ ဘယ်သူလဲ၊ လူလား၊ နတ်လား၊ တစ္ဆေလား'ဟူသော မေးခွန်းပင် ဖြစ်လေ၏။

နောက်တစ်နေ့ ကိုဆန်နီနှင့် တွေ့ဆုံဖြစ်သောအခါ ကျွန်ုပ်မေးသော မေးခွန်းကို သူ ဖြေဆိုခဲ့ပေ၏။

သူ့အဖြေက အဲဒီမိန်းမချောလေးကို နင်က ဘယ်သူလဲလို့ မမေးမိခဲ့လို့ သူကလည်း သူဘယ်သူဘယ်ဝါဆိုတာ တပည့်တော်ကို အဖြေမပေးခဲ့ဘူး ဦးရှင်ထွေးအောင်ဟူ၍ ဖြစ်လေတော့သတည်း။

ရှင်ထွေးအောင်

www.burmeseclassic.com

www.burmeseclassic.com

ဟိုးရှေးရှေးတုန်းက ဂရိနိုင်ငံမှာ လူငယ်တစ်ဦး နေညို ချိန်တွင် သာတောင့်သာယာရှိသော နေရာတစ်ခုသို့ နားခိုရန် ရောက်ရှိလာသည်။ တောင်စောင်းတစ်နေရာမှ စမ်းချောင်း ကလေးတစ်ခုဆီ တသွင်သွင်စီးနေသော ကြည်လင်အေးမြ သည့်ရေကို တရှိုက်မက်မက် သောက်နေသည်။

'ဒီစမ်းချောင်းကလေး နာမည်က ဘယ်လိုခေါ်သလဲ'

ရေအိုးမှာ ရေဖြည့်နေသော မိန်းမပျိုကလေးကို သူက စပ်စုသည်။

'ပီရင်းစမ်းချောင်းလို့ အမည်ရပါတယ်'

မိန်းမပျိုကလေးက ဖြေသည်။

'ဒီစမ်းရေဟာ ကြေကွဲ ဝမ်းနည်းပက်လက် ဖြစ်နေ ရှာတဲ့ မိခင်ရဲ့ အသည်းနှလုံးမှ စိမ့်ဆင်းလာတဲ့ မျက်ရည်လို့ အဆိုရှိပါတယ်။

အဲဒီအမျိုးသမီးရဲ့ အချစ်ဆုံးသားကလေး သေဆုံးပြီး ကတည်းက ဒီမျက်ရည်က မရပ်မနား ကျနေခဲ့တာလို့လည်း ဆိုကြပါတယ်'

'ဪ··ဒါကြောင့် ပီရင်းစမ်းချောင်းလို့ အမည်တွင် ခဲ့တာပေါ့လေ'ဟု လူငယ်က ဆိုသည်။

'ဒီစမ်းချောင်းကို တွေ့ရဖို့ ဝေးလံသီခေါင်တဲ့အရပ်က ကျုပ်လာခဲ့ရတာပါ'

မိမိန္တားများကို ရေတိုက်ဖို့ ရောက်လာသော လယ် သမားက အခုလို ပြောပြန်သည်။

'ကေန္တ မင်းမှာ ကကြိုးတန်ဆာတွေ ယူလာခဲ့တယ် မဟုတ်လား။ မင်းရဲ့မြင်း ပျောက်သွားလို့လား'

'မဟုတ်ရပါဘူး'ဟု ဘဲ(လ်)ရော့(ပ်)ဟွန်းက ပြန်ဖြေ သည်။

# ထူးခြားဆန်းကြယ်သော မြင်းပျံ

ကျော်ထက်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

လူငယ်ရဲ့နာမည် ဖြစ်သည်။

'ဒါပေမဲ့ ကျွန်တော်က သတင်းကြီး ကျော်စောတဲ့ မြင်းတစ်ကောင်ကို ရှာနေတာဗျ။ မြင်းပျံလေဗျာ။ ပီးဂေး ဆပ်လို့ ခေါ်တယ်။ အဲဒီမြင်းက ဒီစမ်းချောင်းကရေကို လာသောက်တယ်တဲ့'

'ဘာ··မြင်းပျံတဲ့လား'ဟုပြောပြီး လယ်သမားက ခွက်ထိုးခွက်လန်ရယ်သည်။

'အင်း··မင်းက မြင်းပျံရဲ့ ရှေးကျတဲ့ ပုံပြင်ဇာတ်လမ်းကို အယုံအကြည်မရှိဘူးနဲ့တူတယ်။ ဒီမြင်းက လယ်ယာလုပ်ငန်းကို မဝင်တော့ဘူးကွ။ လှည်းမဆွဲတော့ဘူးလေ'

မိမိအနီးတွင် မတ်တတ်လာရပ်ပြီး ပြောနေသော လယ်သမားကြီးကို လူငယ်က လှမ်းကြည့်သည်။

'ဇကန္တ ဦးငယ်စဉ်တုန်းက ဒီမြင်းပျံကို တွေ့ခဲ့ဖူးမယ် ထင်တယ်'

လူငယ်က ဖြေသည်။

'ဒီနေ့ ဒီအချိန်မှာတော့ ငါလည်း မှတ်ဉာဏ်ညံ့လာပါပြီ'

ခေါင်းဖြူလယ်သမားဦးကြီးက ဆိုသည်။

'ငါ ငယ်ငယ်တုန်းကတော့ မြင်းပျံပုံပြင်ဇာတ်လမ်းကို အယုံအကြည်ရှိတာပေါ့ကွာ။ အခုအချိန်မှာတော့ ဒါတွေလည်း ခေါင်းထဲ မရှိတော့ပါဘူးကွာ'

'မိန်းမချောလေး··မင်းရော'ဟု လူငယ်က မေးသည်။

'လူတိုင်း မြင်နိုင်စွမ်းရှိရင် မင်းလည်း မျက်လုံးရွှန်းရွှန်းလက်လက်နဲ့ဆို မြင်းပျံကို မြင်တွေ့ရမှာပေါ့'

'တစ်ကြိမ်တော့ ကျွန်မ မြင်ဖူးတယ်လို့ ထင်တာပဲ'

မိန်းမချောလေးက ပြုံးစစနှင့်ဖြေသည်။ မျက်နှာတွင် ရှက်သွေးကလေး ဖြန်းသွားသည်။

'ကျွန်မမြင်တာဟာ ပီးဂေးဆပ်မြင်းပျံလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် အလွန်ကြီးတဲ့ ငှက်ဖြူကြီးတစ်ကောင်လည်း ဖြစ်နိုင်တယ်။ ကောင်းကင်မှာ ပျံသန်းနေလေရဲ့။ ပြီး နောက်တစ်ကြိမ် ဒီရေပန်းကလေးနားမှာ မြင်းဟီသံကို ကြားရပြန်တယ်။ ဒါပေမဲ့ မြင်းရဲ့အရိပ်အယောင်ကိုတော့ မတွေ့ရဘူး'

ပြီး လူငယ်က သည်တစ်ချိန်လုံး ငြိမ်သက်စွာဖြင့် သူ့ကို ငေးစိုက်ကြည့်နေခဲ့သော ဆယ်ကျော်သက် ကောင်လေးဘက်သို့ လှည့်လိုက်သည်။

'ဟေ့ကောင်လေး··ပီးဂေးဆပ်မြင်းပျံကို မင်း မကြာခဏ မြင်ဖူးမယ်လို့ အစ်ကိုထင်တယ်'

'ဟုတ်ပါတယ်။ မကြာခဏ မြင်ဖူးတာပေါ့ဗျာ'

ကောင်ကလေးက ဖြေသည်။

'မနေ့ကပဲ မြင်ခဲ့သေးတယ်။ ဒီအရင်ကလည်း အကြိမ်ကြိမ် မြင်ဖူးခဲ့တာပေါ့'

လူငယ်က ကောင်ကလေးကို လက်ဆွဲပြီး သူနှင့်အတူ မြက်ခင်းပြင်ပေါ်မှာ ယှဉ်တွဲထိုင်စေသည်။

'ကဲ··မင်းသိသမျှ အစ်ကို့ကို ပြောပြပါလား'

လူငယ်က တောင်းဆိုသည်။

'ဒီစမ်းချောင်းကလေးမှာ ကျွန်တော့်လှေကလေးကို ရွက်လွှင့်မျောဖို့ ဒီနေရာကို မကြာခဏ ကျွန်တော်ရောက်လာတတ်တယ်။ ရံဖန်ရံခါ စမ်းရေကြည်ထဲ ငုံ့ကြည့်မိတော့ မြင်းပျံရဲ့ပုံရိပ်ကို တွေ့ရတယ်။ ကောင်းကင်မှာပျံနေတဲ့ မြင်းပျံရဲ့ပုံရိပ်က ရေထဲမှာ ရောင်ပြန်ဟပ်တယ်။ ဒီမြင်းပျံကြီးက မြေပေါ် ဆင်းလာပြီး သူ့ကျောပေါ်မှာ ကျွန်တော့်ကို တင်ကာ လမင်းကြီးဆီ ခေါ်သွားစေချင်တဲ့ဆန္ဒ ဖြစ်လာတယ်။ ဒါပေမဲ့ ကျွန်တော်က မော့ကြည့်တာနဲ့တစ်ပြိုင်နက် မြင်းပျံကြီးက··ပျံသွားရော'

မြင်းပျံကြီးရဲ့ပုံရိပ်ကို စမ်းရေထဲမှာ တကယ်ကိုယ်တိုင် တွေ့ခဲ့ရသော သည်ကောင်လေးကို အပြည့်အဝ ယုံကြည်စိတ်ချဖို့ လူငယ်က စိတ်ဒုန်းဒုန်းချလိုက်မိသည်။ ထို့နည်းတူ မြင်းဟီသံကို နားနှင့် ဆတ်ဆတ်ကြားရသည့် မိန်းမချောကလေးကိုလည်း လူငယ်က ယုံကြည်စိတ်ချမိပြီ။ မြင်းပျံကြီး ပီးဂေးဆပ်ကို တွေ့ရလိုတွေ့ငြား လူငယ်က စမ်းချောင်းဘေးတွင် ရက်အတန်ကြာ စခန်းချနေထိုင်လျက်ရှိသည်။ သူ့လက်ထဲတွင် မြင်းဇက်ကြိုးကို အသင့်ဆုပ်ကိုင်ထားသည်။ ဇက်ကြိုးက ရွှေနှင့် ကျောက်မျက်ရတနာများ စီခြယ်ထားသည်။

ဒေသခံလူများက လူငယ်ကို တွေ့ရလျှင် လှောင်ပြောင်ရယ်မောတတ်ကြသည်။ အကယ်၍ မြင်းတစ်ကောင်ကို လူငယ်က ဝယ်လိုပါက ရောင်းဖို့ရှိကြောင်းလည်း ဒေသခံလူများက ကမ်းလှမ်းလာကြသည်။ ရွှေနှင့် ရတနာကျောက် စီခြယ်ထားသော မြင်းဇက်ကြိုးကိုဝယ်လိုကြောင်း ကမ်းလှမ်းလာသည်။ ဒေသခံလူများလည်း ရှိသည်။ စင်စစ် လူငယ်အနေဖြင့် သည်ဒေသခံလူများနှင့် ရေးကြီးခွင်ကျယ် လုပ်ပြီး ဆက်ဆံပြောဆိုနေစရာ အကြောင်းမရှိ။ စမ်းချောင်းကလေးဘေးမှာထိုင်ရင်း တသွင်သွင်စီးနေသော စမ်းရေ



www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကိုသာ မမိုတ်မသုန် စောင့်ကြည့်မြဲ ကြည့်နေဆဲ။

သည်မြင်းပျံကို တွေ့ရှိရဖို့က လူငယ်ရဲ့ဘဝတွင် အရေးကြီးတကာ့အကြီးဆုံးဖြစ်ချေမည်။ ဒေသခံလူများကို ခြိမ်းခြောက်အန္တရာယ်ပြုနေသော သတ္တဝါကြီးကို အပြတ်ရှင်းဖို့ လူငယ်က ဆန္ဒရှိသည်။ သို့ရာတွင် သည်လို ရှင်းနိုင်ဖို့ သူ့ဘက်မှ မြင်းပျံကြီးက ကူညီနိုင်ဖို့ လိုအပ်မည်။

ထိုအချိန်ကာလတုန်း မိမိမိတ်ဆွေရင်းချာများကို အကာအကွယ်ပေးဖို့ ဘီလူးတွေ၊ နဂါးတွေနှင့် အခြားကြောက်စရာ သတ္တဝါကြီးများကို အောင်အောင်မြင်မြင် တိုက်နိုင်ခဲ့သည်။ လူငယ်တစ်ဦးရဲ့ ဂုဏ်သတင်းကလည်း ပျံ့နှံ့နေသည်။

နယ်နိမိတ်ချင်းစပ် လိုင်စီးယားနိုင်ငံမှ ဘုရင်မင်းမြတ်ကိုယ်တိုင်က မိမိတို့နိုင်ငံတွင် တွေ့ဖူးကြုံဖူးသမျှထဲတွင် အဆိုးရွားဆုံးနှင့် အကြောက်ရဆုံး သတ္တဝါကြီးကို နှိမ်နင်းပေးဖို့ ဘဲ(လ်)လာတိုဖွန် လူငယ်ကို ကမ်းလှမ်းလာသည်။

သည်သတ္တဝါကြီးကို ချင်နာရားဟု ခေါ်ကြသည်။ သည်သတ္တဝါကြီးက ရက်စက်သည်။ လေအဟုန်မျှ လျင်သည်။ အကျည်းတန်အရုပ်ဆိုးလိုက်ပါဘိ။ ပြီး အဆိပ်ကပြင်းသည်။ ရင်ဆိုင်တိုက်ရဖို့ အခက်အခဲဆုံး သတ္တဝါကြီးဖြစ်သလို အသက်ဘေးမှ ထွက်ပြေးလွတ်မြောက်ဖို့လည်း ခက်ပါဘိခြင်း။

သည်သတ္တဝါကြီးရဲ့ အမြီးက ဓရာမမြွေအမြီးကြီးနှင့်တူသည်။ ဦးခေါင်းက သုံးလုံးရှိသည်။ တစ်ခုသောခေါင်းက ခြင်္သေ့၊ နောက်တစ်ခုက ဆိတ်သတ္တဝါနှင့် နောက်ဆုံးက အလွန်အဆိပ်ပြင်းသည့် မြွေခေါင်းတို့ ဖြစ်ကြသည်။ သည်ခေါင်းသုံးခေါင်းရဲ့ ပါးစပ်ပေါက်မှ မီးတောက်မီးလျှံများက တစ်ပြိုင်တည်းထွက်သည်။ သည်သတ္တဝါကြီးက ခြင်္သေ့လို၊ ဆိတ်လို အပြေးအလွန်သန်ပြီး မြွေလိုတွန့်လိမ်ပြေးနိုင်သည်။

သည်သတ္တဝါကြီးရဲ့ ပါးစပ်မှ မှုတ်ထုတ်သော မီးတောက်မီးလျှံက တောအုပ်တစ်အုပ်ကို မီးဟုန်းဟုန်းတောက်လောင်စေနိုင်သည်။ စိုက်ခင်းတစ်ခင်း၊ ရွာတစ်ရွာကိုပါ မီးဟုန်းဟုန်းတောက်လောင်စေနိုင်သည်။ လူတစ်ယောက်၊ တိရစ္ဆာန်တစ်ကောင်ကို အရှင်လတ်လတ် မျိုချနိုင်သည်။ ပြီး မီးဖိုကဲ့သို့ အပူရှိန်ကြီးသော ဝမ်းဗိုက်တွင်းမှာ ချက်ပြုတ်နိုင်သည်။

သည်သတ္တဝါကြီးကို နှိမ်နင်းနိုင်ဖို့ သည်ကမ္ဘာလောကတွင် လေအဟုန်ကဲ့သို့ အလွန်မြန်မြန် လူပ်ရှားနိုင်သည့် မြင်းတစ်ကောင်လိုအပ်မှန်း လူငယ်ကသိသည်။ ပီးဂေးဆပ် မြင်းပျံထက် သာလွန်သော မြင်းရှိနိုင်အံ့မထင်။ သို့ရာတွင် သည်အကြောင်းအရာကို လူအတော်များများက အယုံအကြည်မရှိကြ။ လူငယ်ကမူ မြင်းပျံ အမှန်အကန်ရှိသည်ကို ယုံယုံကြည်ကြည် လက်ခံထားသည်။

ထို့ကြောင့်လည်း လိုင်စီးယားနိုင်ငံမှ ဂရိနိုင်ငံအရောက် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ခရီးနှင်ခဲ့ခြင်းဖြစ်သည်။ အခုလို ယုံကြည်၍လည်း အလွန်လှပသော ရွှေနှင့် ရတနာကျောက်စီ မြင်းကကြိုးတန်ဆာကိုပါ တစ်ပါတည်း ယူဆောင်လာခဲ့သည်။ စင်စစ် သည်ဇက်ကြိုးက ပဥ္စလက်ဆန်သည်။ သည်ဇက်ကြိုးတန်ဆာကို မြင်းပေါ် တင်လိုက်ရုံဖြင့် မိမိကို နာခံကာ မိမိလိုရာခရီးကို အရောက်လိုက်ပို့ပေလိမ့်မည်။

သို့ရာတွင် မြင်းပျံကို မတွေ့မချင်း စောင့်ရသည့်အလုပ်ကမူ ငြီးငွေ့စရာကောင်းပါဘိ။ အကယ်၍ ဆယ်ကျော်သက် ကောင်လေး ပြောစကားကို ယုံယုံကြည်ကြည် မရှိခဲ့လျှင် သည်လူငယ်က မိမိမျှော်လင့်ချက်ကို စွန့်လွှတ်ခဲ့သည်မှာ ကြာရှေ့မည်။

'မြင်းပျံကို ဒီနေ့တော့ တွေ့ကို တွေ့ရလိမ့်မယ်'

ဆက်ကျော်သက်ကောင်လေးက လူငယ်ကို မော့ကြည့်ပြီး မျှော်လင့်တကြီးနှင့် ပြောသည်။

သို့ရာတွင် လူငယ်ကမူ စိုးရိမ်နေဆဲ။ သူက မြင်းပျံကြီးနှင့် ဆုံစည်းရနိုးနိုးနှင့် သည်စမ်းချောင်းကလေးဘေးမှာ စောင့်စားနေချိန်တွင် လိုင်စီးယားနိုင်ငံမှာ သတ္တဝါကောင်ကြီးက ရမ်းကားနေရှာမည်။ မြင်းပျံကို မျှော်တလင့်လင့်နှင့်စောင့်စားရင်း ဖရာဟိုင်းလာတော့မည်လားဟုလည်း တွေးစပြုလာသည်။ သတ္တဝါကြီးကို နင်လားငါလား တိုက်နိုင်ဖို့ အားခွန်ဗလမှ ရှိနိုင်တော့မည်မထင်။

တစ်မနက်မှာ ဆယ်ကျော်သက်ကောင်ကလေးက ခါတိုင်းထက်မတူ။ မျှော်လင့်ချက်ကြီးကြီးမားမား ရှိနေပုံရသည်။

'အစ်ကိုရေ··ဒီနေ့မှာ ပီးဂေးဆပ်မြင်းပျံကို ကျွန်တော်တို့ တွေ့ရမှာ သေချာသလောက်ပဲ' ဟု အားပါးတရပြောလာသည်။

ထိုနေ့စာစ်နေ့လုံး ဆယ်ကျော်သက်ကောင်ကလေးက လူငယ်အနားက တစ်ဖဝါးမှ မခွာဘဲ နေသည်။ ပေါင်မုန့်တစ်လုံးကို နှစ်ဦးသား မျှဝေစားပြီး စမ်းချောင်းထဲမှရေနှင့်

www.burmeseclassic.com

မျှော်ချသည်။ ပြီး စမ်းချောင်းနံဘေးရှိ အရိပ်ကောင်းကောင်း သစ်ပင်အောက်တွင် ထိုင်စောင့်နေကြသည်။

ရုတ်ခြည်းဆိုသလို ဆယ်ကျော်သက်ကောင်ကလေး လက်က သူ့လက်ကို လာထိသလို ခံစားမိသည်။

'အစ်ကို··ရေထဲကို လှမ်းကြည့်စမ်း'

ဆယ်ကျော်သက်ကောင်ကလေးရဲ့ လေသံတိုးတိုးနှင့် ပြောသံကို လှုငယ်ကြားရသည်။

ကြေးမုံမှန်သားပြင်လို ကြည်လင်နေသည်။ စမ်းရေပြင်တွင် ကောင်းကင်တွင်ပျံနေသော ငှက်သတ္တဝါတစ်ခုရဲ့ ပုံရိပ်ကို တွေ့မိသည်ဟု လှုငယ်ကထင်မိသည်။ ငွေရောင် အတောင်ကို နေရောင်က ပက်ဖျန်းသောအခါ တဖိတ်ဖိတ် တလက်လက်နှင့်။

'အဲဒါ ငှက်မဟုတ်ဘူး အစ်ကိုရဲ့။ မြင်းပျံလေး ပီးဂေး ဆပ်ပေါ့'

ဆယ်ကျော်သက်ကောင်ကလေးက လေသံတိုးတိုးနှင့် ပြောသည်။

လှုငယ်ရဲ့ ရင်ခုန်သံက မြန်လာသည်။ သူက ဆယ်ကျော်သက်ကောင်ကလေးကိုဆွဲပြီး သစ်ပင်ရိပ်အတွင်းပိုင်းသို့ ဝင်သည်။ အကယ်၍ မြင်းပျံက သူတို့ကို မြင်တွေ့သွားပါက လန့်ပျံပြေးပေလိမ့်မည်။ ယခုအခါမှာ သူတို့က ကောင်းကင်ယံတွင် ဝဲပျံနေသော မြင်းပျံရဲ့ တဖိတ်ဖိတ် တလက်လက်တောင်ပံကို သဲသဲကွဲကွဲ မြင်တွေ့နေရသည်။

မြင်းပျံမှ မြင်းပျံအစစ်။ အဖြူရောင် လှသည်။ ပီရင်း စမ်းရေကို သောက်သုံးဖို့ ဆင်းလာပြီး နေရောင်ခြည်အောက်တွင် ဘော်ငွေရောင်တောင်ပံကိုဖြန့်လျက် ပီးဂေးဆပ်မြင်းပျံက မြေပြင်ဆီသို့ ဆင်းလာနေချေပြီ။ နောက်ဆုံးတွင် မြက်ခင်းစိမ်းစိမ်းနှင့် ခြေထောက်ထိတွေ့သည်အထိ မြင်းပျံ တဖြည်းဖြည်းချင်း ဆင်းသက်ခဲ့သည်။ ပြီး တောင်ပံများကို ရုပ်သိမ်းလိုက်သည်။

လှပ၍ ဖွေးဖွေးဖြူသောခေါင်းကို ငုံ့ကာ စမ်းရေကို အားပါးတရ သောက်သုံးသည်။ ခေတ္တခဏမျှ နားလိုက် သောက်လိုက်နှင့် နောက်ဆုံး ကျေနပ်အားရသည်အထိ တစ်ဝသောက်သည်။ အခြားအခြားကရေထက် သည်စမ်းမှ ချိုမြိန်သောအရသာကို အထူးနှစ်ခြိုက်တာကိုး။

ပြီး စမ်းချောင်းဘေးတွင်ပေါက်သော နွယ်ပင်များမှ ပျားရည်တမျှချိုသောပန်းများကို စုပ်သည်။ တစ်ဖန် မြက်ခင်းစိမ်းစိမ်းပေါ် ခုန်ပေါက်ပြေးဆော့နေသည့် ပီးဂေးဆပ် မြင်းပျံက အလွန်မြင့်သော ဝေဟင်မှ အလွန်ဝေးကွာသော နေရာအထိ မရပ်မနားပျံသန်းနိုင်စွမ်းရှိလင့်ကစား မြေပြင်မှာ ပြေးလွှားဆော့ကစားရခြင်းကိုလည်း အလွန်မျှော်ပိုက်သည်။ ပင်ကိုကလည်း ပျော်တတ်သည်။ ဆော့ရကစားရသည်ကိုလည်း ဝါသနာထုံသည်။ ဇရာမတောင်ပံကိုဖြန့်ပြီး ငှက်တစ်ကောင်အလား ဝေဟင်နှင့် ပျံသန်းနိုင်သော်လည်း မြေပြင်တွင် ပြေးရာမှာ ခြေနှင့်မြေထိလိုက် မထိလိုက်နှင့် အနည်းငယ်မျှသာ ပြေးနိုင်သည်။ သည်လောက်ရှုမငြီး ဖွယ် မြင်းပျံရဲ့ လွတ်လွတ်လပ်လပ်နှင့် စည်းလွတ်ဝါးလွတ် ပြေးလွှားဆော့ကစားသည့် သတ္တဝါတစ်ကောင်ကို လှုငယ်ရော ဆယ်ကျော်သက်ရွယ် ကောင်ကလေးပါ မမြင်စဖူး။ သည်လိုသတ္တဝါမျိုးအပေါ် ကကြိုးတန်ဆာတင်ရမှာကိုပင် အပြစ်မကင်းသလို ထင်မိကာ မဝံ့မရဲဖြစ်မိသည်။

တစ်ဖန် အဖြူရောင်မြင်းပျံက တောင်ပံများကို ရုပ်သိမ်းကာ စိမ်းမြမြမြက်ခင်းပေါ်တွင် အပူအပင်ကင်းစွာ လဲလျောင်းနေလိုက်သည်။ ကျန်မြင်းများကဲ့သို့ပင် ဖြူလွလွ သေးသေးသွယ်သွယ် ခြေလေးချောင်းကို မိုးပေါ်မြှောက်ကာ ကျောနှင့် မြက်ခင်းကို ပွတ်သပ်နေပြန်သည်။ မြင်းပျံက သည်လိုဆော့ကစားနေသည်ကို တွေ့ရလျှင် လှုငယ်ရော ဆယ်ကျော်သက်ကောင်ကလေးပါ ပျော်ကြသည်။ ကျေနပ်အားရလောက်အောင် လူးလိမ့်ပြီးသည်နှင့် ခြေလေးချောင်းကို ရုပ်သိမ်းကာ မတ်တတ်ရပ်ဖို့ ဟန်ပြင်နေလေပြီ။

လှုငယ်က သည်အချိန်ကို စောင့်နေသည်။ လျှင်မြန်သောအဟုန်ဖြင့် သစ်ပင်ရိပ်ကွယ် ပုန်းနေရာမှ ထွက်ပြီး မြင်းကျောပေါ် ခုန်တက်လိုက်သည်။ ဟုတ်ပါပြီ။ လှုငယ်က မြင်းကျောပေါ်တွင် ခွစီးလျက်သား ရှိနေချေပြီ။

မိမိတစ်သက်တွင် ပထမဆုံးအကြိမ် ကျောပေါ်ခွစီးခံရလျှင် ဝေဟင်သို့ ခုန်တက်လိုက်သည်။ ရုတ်ခြည်းဆိုသလို မြေပြင်အထက် ပေငါးရာအမြင့်သို့ ရောက်သွားပြီဟု လှုငယ်က ခံစားရသည်။ မြင်းပျံကလည်း ကြောက်ကြောက်နှင့် ကျောပေါ်မှ လှုငယ်ကို ခါချသည်။

မြင်းပျံက ဘယ်ညာကွေ့လိုက် လိမ့်လိုက်နှင့် ကပြီး ရှေ့တိုးပျံနေရာမှ ရုတ်တရက် နောက်ကိုဆုတ်သည်။ တစ်ဖန် ပတတ်ရပ်သည်။ ခေါင်းကို ရှေ့ခြေနှစ်ချောင်းကြား ထိုးသွင်းသည်။ တောင်ပံနှစ်ဖက်ကို မိုးပေါ်ထောင်ပြီး ကျော ပေါ်မှ လှုငယ်ကို ကန်ချဖို့ ကြိုးစားသည်။ မြေပြင်မှ နှစ်မိုင်ခန့် အမြင့်သို့ရောက်လျှင် မြင်းပျံက ခေါက်ထိုးခေါက်ခုန်

www.burmeseclassic.com

ဖြစ်စေအောင် ကျွမ်းထိုးသည်။ လူငယ်မှလည်း ကျွမ်းထိုး မှောက်ခုံ ဖြစ်ရသည်။ မြင်းပျံက ဦးခေါင်းကို နောက်ပြန် လှည့်ပြီး ကျောပေါ်မှ လူငယ်ကို ကိုက်ဖို့ ကြိုးစားသည်။ မျက်စိအစုံမှ မီးဝင်းဝင်းတောက်လျက်ရှိသည်။ တောင်ပံကို ပြင်း ပြင်းထန်ထန်ရိုက်ခတ်ရာ တောင်ပံမှ အမွေးတစ်ချောင်း ကျွတ်ထွက်သည်။ ပြင်းထန်သည်။ ကျွတ်သွားသော အမွေး ကို မြေပြင်မှ ဆယ့်ကျော်သက် လူငယ်က ကောက်ရလျှင် ပီးဂေးဆပ်မြင်းပျံနှင့် လူငယ်တို့အား အမှတ်တရအဖြစ် ထိန်းသိမ်းထားရှိခဲ့သည်။

သို့ရာတွင် လူငယ်က မြင်းစီးကျွမ်းသူ ဖြစ်သည်။ နောက်ဆုံးတွင် ပဋ္ဌလက်ဇက်ကြိုးကို မြင်းပျံဦးခေါင်းကို စွပ်နိုင်ဖို့ အခွင့်အလမ်းရသည်။ လူငယ်က သည်အခွင့် အလမ်းကို လက်လွှတ်ဆုံးရှုံးမခံနိုင်။ မကြာမတင်မှာပင် မြင်းပျံက လူငယ့်လက်ထဲမှ အစာကို စားနေကျလို သဲကြီး မဲကြီး စားဖို့ ပါးစပ်တပြင်ပြင်နှင့်။

သည်မျှ အရိုင်းသက်သက်ဖြစ်သော မြင်းပျံက ယခု လို မြန်မြန်ဆန်ဆန် ယဉ်ပါးသွားသည်ကို တွေ့မြင်ရလျှင် အံ့သြစရာ ကောင်းသည်။ ကြေကွဲဝမ်းနည်းစရာလည်း ကောင်းသည်။ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် ဒေါသတကြီးပြန်ကြည့်မနေဘဲ မျက်ရည်သွင်သွင်စီးလျက် လူငယ်ကို ပြန်လှည့်ကြည့်သည်။ လူငယ်က မြင်းပျံရဲ့ ဦးခေါင်းနှင့် ကုပ်ကို တယုတယ သပ်ပေးသောအခါ မြင်းပျံ ရဲ့ အကြည့်က ပုံစံတစ်မျိုး ပြောင်းသွားသည်။ သည်အချိန် ထိ အထီးကျန်ဘဝနှင့် နေခဲ့ရာမှ ယခုအခါ ကြင်နာသူ သခင်ကိုလည်း တွေ့ရသလို မိတ်ဆွေအပေါင်းအသင်း လည်း ရရှိထား၍ ဝမ်းသာပီတိ ဖြစ်နေပုံရသည်။

လောလောဆယ်မှာ လူငယ်နှင့် မြင်းပျံတို့ အတော်ခရီး ပေါက်နေပြီ။ မြင်းပျံက ဟီဒီကွန် အမည်ရှိ တောင်တန်းဆီ ဦးတည်ပျံသန်းနေသည်။ မကြာပါ၊ မြင်းပျံက ယင်းတောင် ထွတ်ပေါ်တွင် ရပ်နားလိုက်သည်။ သည်နေရာဟာ မြင်းပျံ အမြဲတမ်းနေထိုင်ရာ အရပ်မှန်း လူငယ်က သိလိုက်သည်။ လူငယ်က မြင်းကျောပေါ်မှ ခုန်ဆင်းလိုက်သည်။ မြင်းပျံက အမြဲတစေ လွတ်လွတ်လပ်လပ် နေလိုစိတ်ရှိမှန်း လူငယ်က သိပြီးသား။ မြင်းပျံကြီး စိတ်ငြိုငြင်မည့်အရာမှန်သမျှ လူ ငယ်က လက်ရှောင်ချင်သည်။

ပြီး လူငယ်က မြင်းဦးခေါင်းမှ ဇက်ကြိုးကို ဖြုတ် လိုက်သည်။

"ပီးဂေးဆပ်..ကျုပ်ကို ဒီနေရာမှာ ထားရစ်ခဲ့ချင် ထား ရစ်ခဲ့ပါ၊ ဒါမှမဟုတ် ကျုပ်ကို မေတ္တာထားပါ"ဟု လူငယ် က တိုးလျှိုးတောင်းပန်သည်။

ရုတ်ခြည်းဆိုသလို မြင်းပျံက တောင်ပံကို အစွမ်းဖြန့် ပြီး မိုးကောင်းကင်အမြင့်ဆီသို့ ပျံတက်သွားသည်။ သည် အချိန်က ဟီဒီကွန်တောင်ထွတ်ပေါ်တွင် မှောင်ရီပျိုးစအချိန် ရောက်ပြီ။ မည်မျှအမြင့်ထိ ပျံတက်သွားခဲ့သည်ဆိုလျှင် အနောက်ဘက်တွင် ဝင်စပြုနေသော နေရောင်တွင် သူ့ အရောင်က တဖိတ်ဖိတ်တလက်လက်နှင့်။ ပြီး ကျယ်ပြော သော မိုးကောင်းကင်အာကာသထဲမှာ ပျောက်ကွယ်သွား သည်အထိပင်။

မြင်းပျံက ပြန်မဆင်းလာမှာကို တွေးပြီး လူငယ်က စိုးရိမ်ပူပန်နေသည်။ သည်အခိုက်မှာပင် မြင်းပျံသည် တဖိတ် ဖိတ်တလက်လက်အရောင်က လင်းလက်ပြီး လူငယ်ရှိရာ တောင်ထွတ်ဆီ ဆင်းသက်လာသည်။ သြော်..သူ့အရှင် သခင်ကို တစ်ဦးတည်း ထားရစ်ခဲ့ရန် ဆန္ဒမရှိပေ။

ထိုညမှာ မြင်းပျံနှင့် လူငယ်တို့ အတူအိပ်ကြသည်။ လူငယ်ရဲ့ လက်တစ်ဖက်က မြင်းပျံရဲ့ လည်ပင်းကို သိုင်း ဖက်ထားသည်။ မနက်ဝေလီဝေလင်းအချိန်မှာ နှစ်ဦးသား ပြိုင်တူနိုးသည်။ မင်္ဂလာပါဟုလည်း ကိုယ့်ဘာသာစကား နှင့်ကိုယ် အပြန်အလှန် နှုတ်ဆက်သည်။

ရက်အတန်ကြာသည်ထိ မြင်းပျံနှင့် လူငယ်တို့က အာ ကာသတစ်ခွင်တွင် နေ့စဉ်နေ့တိုင်း ခရီးထွက်ကြသည်။ ညမှောင်ရီပျိုးချိန်တွင်မှ စခန်းသို့ ပြန်လာသည်။ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ယုံကြည်အားကိုးမှုလည်း ကြီးထွားလာ သည်။ တစ်နေ့ မိုင်(၁၀၀၀)ဝေးခရီးကို ပျံသန်းရလင့်ကစား မြင်းပျံအဖို့ မှုစရာမလို။ အလွန်ဝေးကွာသော တိုင်းနိုင်ငံများ ဆီထိ အလည်အပတ်သွားသည်။ ရံဖန်ရံခါ အာကာသဆီ ထိုးဖောက်တက်သွားသည်။ ကမ္ဘာ့မြေပြင်သည် ညအခါ တွေ့ရသော လ၊အဝန်းအဝိုင်းမျှသာ ရှိတော့သည်။ တိမ် တိုက်များအထက်တွင် ရာသီဥတုက အမြဲတစေ နေရောင် ခြည် ဖြာလျက်ရှိသည့် လူငယ်က သည်လိုပဲ ပျော်ပျော်ပါး ပါးနှင့် နေချင်စိတ်ဖြစ်ပေါ်လာသည်။ သို့ရာတွင် ကြောက် စရာ သတ္တဝါကြီးကို အပြတ်ရှင်းပေးပါမည်ဟု ပေးခဲ့သော ကတိစကားကို သူ သတိရသည်။

နောက်ဆုံးတွင် လူငယ်သည်လည်း အာကာသခရီးနှင့် ရခြင်းကိုပဲ သမားရိုးကျဖြစ်လာသည်။ မိမိက တို့ရဲ့ထိုက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အမိန့်ကို နာခံစတတ်အောင် မြင်းပျံကိုလည်း သင်ကြားပေးထားသည်။ ထို့ကြောင့်လည်း အန္တရာယ်အလွန်များသည့် စွန့်စားခန်းကိုစဖို့ အချိန်တန်ပြီဟု လူငယ်က ဆုံးဖြတ်လိုက်သည်။

ထိုညက လူငယ်နှင့် မြင်းပျံတို့ဟာ ဟစ်ပိုကရင်း အမည်ရှိ စမ်းချောင်းကလေးဘေးတွင် အိပ်စက်ကြသည်။ မိုးသောက်ယံရောက်လျှင် ထုံးစံအတိုင်း အိပ်ရာမှ နိုးကြသည်။ ပြီး စမ်းရေကြည်ကို တစ်ဝသောက်ပြီး မြင်းပျံက ဇက်ကြိုးတပ်ပေးဖို့ ခေါင်းကို အသင့်အနေအထား ရပ်ပေးသည်။ ခုန်ပေါက်မြူးထူးပြီးနောက် ခရီးထွက်ရန် အသင့်ရှိနေပြီ။

လူငယ်က ဓားရှည်ကို ခါးမှာချိတ်ဆွဲပြီး လက်မောင်းတွင် ဒိုင်းကိုချိတ်ဆွဲကာ တိုက်ပွဲဝင်ရန် အသင့်ပြီးမှ မြင်းကျောပေါ် ခုန်တက်သည်။ မိနစ်ပိုင်းအတွင်းမှာပင် မြင်းပျံက မြေပြင်အထက် မိုင်(၅၀၀)သို့ရောက်ရှိနေလေပြီ။ သည်အမြင့်မှဆိုလျှင် သွားရမည့် ခရီးလမ်းကြောင်းကို သဲသဲကွဲကွဲ မြင်တွေ့နိုင်သည်။ လူငယ်က မြင်းကို အရှေ့ဘက်ဆီ ဦးလှည့်စေသည်။ မကြာမတင်မှာပဲ သူတို့က လိုင်စီးယားနိုင်ငံရဲ့ တောင်တန်းတွေ၊ လျှိုတွေပေါ်မှာ ပျံဝဲနေသည်။

တိမ်တိုက်တွေကြားထဲမှာ ပုန်းကွယ်ပြီး သူတို့က သတ္တဝါကြီးရဲ့ အရိပ်အခြည်ကို စူးစမ်းသည်။ မကြာပါ၊ မီးလောင်ကျွမ်းသော နေအိမ်များ၊ ကွင်းပြင်ထဲတွင် သေနေသော ကျွဲ၊ နွားတိရစ္ဆာန်များကို တွေ့ရသည်။

'ကေ့ခွ သတ္တဝါကြီးရဲ့ လက်ချက်ဖြစ်မယ်။ ဒါပေမဲ့ သူနေတဲ့ဂူကို ရှာမတွေ့ရပါလား'

လူငယ်က တွေးမိသည်။

ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်လျှင် အလှမ်းမဝေးသော လမ်းကျဉ်းကလေး တစ်ခုအတွင်းမှ မီးခိုးတွေ ထွက်လာသည်ကို လူငယ် မြင်တွေ့ရသည်။ သူ့ဏ အချက်ပြလိုက်လျှင် မြင်းပျံက သဘောပေါက်ပြီး မြေပြင်နှင့် အနီးဆုံးနေရာထိ ထိုးဆင်းပေးသည်။ မကြာပါ၊ တောင်နံရံမှ ဂူပေါက်တစ်ခုကို သူတို့ မြင်တွေ့ရသည်။ ဂူပေါက်ထဲမှ သုံးနေရာခွဲ၍ မီးခိုးလုံးများ မှုတ်ထုတ်နေသည်။ လူငယ်က ဂူပေါက်အတွင်း လှမ်းကြည့်လျှင် ခြင်္သေ့ခေါင်း၊ ဆိတ်ခေါင်းနှင့် မြွေခေါင်း ခေါင်းသုံးလုံးပါ သတ္တဝါကြီးက မီးခိုးလုံးများ မှုတ်ထုတ်နေသည်ကို တွေ့ရသည်။ မြင်းပျံကလည်း တွေ့သည်။ မြင်းပျံရဲ့ဟီသံက တိုက်ပွဲခေါ်သံနှင့် တူပါဘိ။

မြင်းဟီသံကြောင့် သတ္တဝါကြီးရဲ့ ခေါင်းသုံးလုံးက ပြိုင်တူခေါင်းထောင်ထပြီး မီးတောက်မီးလျှံများကို မှုတ်ထုတ်သည်။ သတ္တဝါကြီးက ဂူပေါက်ထဲမှ အပြေးအလွှားထွက်လာသည်။ ရောမလက်သည်းများကို အပေါ်ထောင်ထားသည်။ ခေါင်းသုံးလုံးကလည်းမော့လျက် မြင်းပျံရဲ့လျင်မြန်သောအဟုန်ကြောင့်သာ လူငယ်လည်း အသက်ဘေးမှ လွတ်ခဲ့ရသည်။ ချက်ချင်းဆိုသလို မြင်းပျံက သတ္တဝါကြီး မမီနိုင်သော မိုးကောင်းကင်အမြင့်သို့ တစ်ရှိန်ထိုး တက်တက်သွားသည်။

'ဒီသတ္တဝါကြီးကို ငါ့ဓားနဲ့ ပိုင်းဖြတ်သတ်နိုင်ဖို့ ကူညီစမ်းပါ'

လူငယ်က မြင်းပျံကို မေတ္တာရပ်ခံသည်။ မြင်းပျံက ဦးခေါင်းကို လည်ပြန်လှည့်၍ 'လူငယ်ရဲ့ပါးကို အသာအယာ လျက်သည်။ သူခင်နှင့် သေအတူ ရှင်မကွာ နေမည်ဆိုသည့် လက္ခဏာကိုပြသည်။ မြင်းပျံက မြားတစ်စင်းလို မြေပြင်ဆီ ထိုးဆင်းပြီး သတ္တဝါကြီးကို တိုက်ခိုက်သည်။ လူငယ်က ဓားရှည်ဖြင့် သတ္တဝါကြီးရဲ့ ဦးခေါင်းကို ပိုင်းသည်။ သတ္တဝါကြီးရဲ့ အန္တရာယ်မှ လွတ်ကင်းရာ အမြင့်သို့ ရောက်လို့ ပြန်ငုံ့ကြည့်လျှင် လူငယ်ရဲ့ဓားရှည်က သတ္တဝါကြီးရဲ့ ဆိတ်ခေါင်း ပိုင်းဖြတ်နိုင်မှန်း တွေ့ရသည်။

သို့ရာတွင် ကျန်ရှိနေသေးသော မြွေခေါင်းနှင့် ခြင်္သေ့ခေါင်းကိုက ယခင်ကထက်ပင် ပိုပြီးမီးတောက်မီးလျှံများ မှုတ်ထုတ်နိုင်လျက်ရှိသည်။ မြွေလို တွန်သံနှင့် ခြင်္သေ့လို ဟောက်သံများကလည်း ပြိုင်တူထွက်နေသည်။

'ကဲ -မြင်းပျံကြီးရေ၊ နောက်တစ်ချက်လောက် ခုတ်စမ်းပါရစေ'

လူငယ်က မေတ္တာရပ်ခံသည်။

ဇက်ကြိုးကို လှုပ်ခါရင်း မြင်းပျံက လျင်မြန်သောအဟုန်ဖြင့် ထိုးဆင်းပြန်သည်။ လူငယ်ကလည်း ဓားရှည်ဖြင့် သတ္တဝါကြီးရဲ့ ဦးခေါင်းနှစ်လုံးကို ပိုင်းဖြတ်နိုင်ရန် ချိန်ရွယ်ထားသည်။ သည်တစ်ကြိမ်တွင် လူငယ်က အန္တရာယ်စက်ကွင်းမှ လွယ်လင့်တကူ ရှောင်၍မရနိုင်ခဲ့။ သတ္တဝါကြီးရဲ့ လက်သည်းက လူငယ်ရဲ့ပခုံးကို ကုတ်ဖဲ့နိုင်ခဲ့သလို မြင်းပျံရဲ့ ဘယ်တောင်ပံလည်း ပျက်စီးခဲ့ရသည်။

လူငယ်က ခေါင်းကိုလှည့်၍ကြည့်လျှင် မိမိက သတ္တဝါကြီးရဲ့ခြင်္သေ့ခေါင်းကို ဖြတ်နိုင်ခဲ့မှန်း တွေ့ရသည်။ မြွေ

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတစ်ခုတည်းသာ ကျန်ရှိတော့သည်။ သို့ရာတွင် မြွေခေါင်းမှထွက်သော မီးတောက်မီးလျှံက ပိုပြီးပြင်းထန်သည်။ ကိုက်(၅၀)အကွာအဝေးထိ မီးတောက်မီးလျှံရောက်သည်။

မိုင်(၅၀)အကွာအဝေးတွင်ရှိနေသော လိုင်စီးယားနိုင်ငံဘုရင်မင်းမြတ်က သတ္တဝါကြီးရဲ့ မြွေခေါင်းမှ တွန်သံကို ပီပီသသကြားရလျှင် ကြက်သီးမွေးညင်းထသည်ထိ ကြောက်ရွံ့တုန်လှုပ်ခဲ့ရသည်။

မြင်းပျံက ရေလထဲမှာ ခေတ္တခဏမျှရပ်ရင်း ဒေါသတကြီးနှင့်ဟီသည်။

မင်းနောသွားသလား။ သတ္တဝါကြီးဟာ နောက်ဆုံးကျန်ရစ်တဲ့ခေါင်းနဲ့ ပေးဆပ်စေရမယ်ဟေ့ဟု လူငယ်က ကြုံးဝါးသည်။

ဓက်ကြီးကို တစ်ခါလှုပ်ခါပြီး လူငယ်က အသားကုန်ဟစ်အော်သည်။ သည်တစ်ကြိမ်တွင် မြင်းပျံကို သတ္တဝါကြီးရှိရာဆီ တည့်တည့်မတ်မတ် သွားစေသည်။ လူငယ်ရော မြင်းပျံပါ မီးတောက်မီးလျှံထဲတွင် ပျောက်ဆုံးသွားပြီလားဟု ထင်မှတ်ရသည်။ မီးတောက်မီးလျှံက မြင်းပျံရဲ့တောင်ပံကို မီးကျွမ်းသွားစေသည်။ လူငယ်ရဲ့ဆံပင်အချို့ပင် မီးသင့်သွားသည်။ သူတို့က သတ္တဝါကြီးနှင့် ကိုက်တစ်ရာအကွာအဝေးမှာ ရှိနေဆဲ။

ပြီး အဆိုးဆုံးအခြေအနေသို့ ဆိုက်ရောက်လာချေပြီ။ သတ္တဝါကြီးက မြင်းပျံဘက်သို့ ရုတ်တရက် လှည့်လိုက်သည်။ တစ်အားကုန် ကုတ်ထားလိုက်သည်။ မြွေ၏ အမြီးနှင့်ပါ ရစ်ပတ်ထားလိုက်သည်။ လူငယ်ကလည်း ဒိုင်းဖြင့် သတ္တဝါကြီးရဲ့ မှုတ်ထုတ်သော မီးတောက်မီးလျှံကို ကာကွယ်နေရသည်။

မြင်းပျံက လူငယ်ကိုပါ သယ်ဆောင်ကာ ဝေဟင်ကို ပျံတက်သည်။ သတ္တဝါကြီးပါ ကပ်ပါလာသည်။ တောင်တန်းတွေပေါ်၊ တိမ်တိုက်တွေပေါ်ဆီ ခေါ်သွားသည်။

သတ္တဝါကြီးကို အပြတ်သုတ်သင်ရှင်းလင်းနိုင်ဖို့ရာမှာ



www.burmeseclassic.com

www.burmeseclassic.com

အနီးစပ်ဆုံး ချဉ်းကပ်နိုင်ခြင်းက အကောင်းဆုံးဖြစ်သည်။ သတ္တဝါကြီးကိုယ်တိုင် အကြီးအကျယ် ထိခိုက်ဒဏ်ရာ ရထားသည့်ပြင် ခေါင်းကြီး၍ ကိုးခုလုံးစုံ ပျက်ယွင်းနေလေပြီ။

ရောမလက်သည်းကြီးများဖြင့် လူငယ်ကို ကုတ်ဖဲ့ရန် ဆန့်လိုက်သည့်အခါ သူ့ရင်ဘတ်က အကာအကွယ်မဲ့ ဖြစ်သွားခဲ့သည်။ လူငယ်က သည်အခွင့်အလမ်းကို မြင်လျှင် မိမိဓားရှည်ကို သတ္တဝါကြီးရဲ့ ရင်ဘတ်တွင်းသို့ အသားကုန် ထိုးသွင်းလိုက်သည်။

သတ္တဝါကြီးက မြင်းပျံကို ထုတ်ပယ်လိုက်ရာက လွှတ်လိုက်ပြီးသည်နှင့် အမြင့်မှ ပြုတ်ကျသွားသည်။ ထိုသို့ အောက်ပြုတ်ကျစဉ် သတ္တဝါကြီး ဝမ်းဗိုက်အတွင်းမှ မီးတောက်မီးလျှံများက ထွက်လာကာ သတ္တဝါကြီးရဲ့ကိုယ်ကို ပြာကျသွားစေသည်ထိ လောင်မြိုက်သွားသည်။

မီးတောက်မီးလျှံ စွဲလောင်နေသော သတ္တဝါကြီးရဲ့ ကိုယ့်ခန္ဓာကြီး မြေပေါ်သို့ကျလာသည်ကို မြင်းသူရဲချီက ကြယ်တံခွန်ကြီး မြေပေါ်ဆင်းသက်ခဲ့သည်ဟု ထင်ကြသည်။

နောက်နေ့နံနက်တွင် လယ်သမားများက လယ်ကွက်ထဲ၌ ထူးခြားဆန်းကြယ်သော မြင်ကွင်းနှစ်ခုကို တွေ့ရသည်။ ကေအတော်များများတွင် ပြာအတိ ဖုံးနေသည်ကို တွေ့ရသည်။ ပြီး အိမ်တစ်လုံးအမြင့်ရှိ အရိုးပုံကြီးကိုလည်း တွေ့ရသည်။ သတ္တဝါကြီးရဲ့ ဘဝနိဂုံးချုပ်သွားခဲ့လေပြီ။

လူငယ်က အောင်ပွဲခံခဲ့ပြီး ရှေ့သို့ကုန်းကာ မြင်းပျံကို တရှိုက်ရှိုက်မက်မက် နမ်းရှုံ့သည်။ ဖြူလွလွ မြင်းလည်ဆံမွေးများကိုလည်း တယုတယသပ်ပေးသည်။

'ကဲ··မြင်းပျံကြီး၊ စမ်းချောင်းလေးဆီ ပြန်ကြစို့နော်' ဟု လူငယ်က ဆိုသည်။

မြင်းပျံကြီး အခါတိုင်းထက်ပိုပြီး လျင်မြန်သောအဟုန်ဖြင့် ဝေဟင်သို့ ပျံတက်သွားသည်။ မကြာမတင်မှာပင် စမ်းချောင်းကလေးဆီ ပြန်ရောက်သည်။ ရှင်းသန့်ကြည်လင်ပြီး ဘဝဆက်ပေးသည့် စမ်းရေဖြင့် ဆေးကြောသန့်စင်လိုက်သောအခါ ဆံပင်မွဲခြောက်ခြောက် အဘိုးအိုလည်း ရောက်လာသည်။

အဘိုးအိုက မြင်းပျံကိုကြည့်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

'အခုတော့ ငါ မှတ်မိပါပြီ။ ငါ ငယ်ငယ်တုန်းက မြင်းပျံကို တစ်ကြိမ်တွေ့ဖူးပါရဲ့။ အရင်မြင်ဖူးတဲ့ မြင်းပျံထက် ဆယ်ဆမက လှလို့ပါလား'

အဘိုးအိုက ဆိုသည်။ သည်စဉ်အခိုက် အပြေးအလွှားလာနေသောခြေသံကို ကြားရသည်။ ဆယ်ကျော်သက်ရွယ် ကောင်ကလေးလည်း ရောက်လာသည်။

သူက လူငယ်နား ချဉ်းကပ်လာပြီး-

'အောင်ပွဲခံခဲ့ပြီမဟုတ်လား။ ကျွန်တော်သိတယ်လေ' ဟု ဆိုသည်။

'နိုင်ခဲ့ပြီကွ။ မြင်းပျံကြီးအပေါ် မင်းရဲ့ စွဲမြဲတဲ့ယုံကြည်ချက်သာ မရှိခဲ့ရင် ငါ သည်းခံစောင့်ခဲ့မှာမဟုတ်ဘူး။ မြင်းပျံကြီးကိုလည်း စီးဖြစ်မှာမဟုတ်ဘူး။ တိမ်တိုက်တွေအပေါ်လည်း ရောက်ဖူးမှာမဟုတ်ဘူး။ ပြီး သတ္တဝါကြီးကိုလည်း နှိမ်ကွပ်ခွင့်ကြုံမှာမဟုတ်ဘူး။ အဲဒါတွေက မင်းရဲ့ကျေးဇူးတွေကြောင့် ပြီးမြောက်ခဲ့တာလေကွာ'

လူငယ်က ဖွင့်ဟရှင်းပြသည်။

တစ်ဖန် လူငယ်က စမ်းရေကို တရှိုက်မက်မက်နှင့် သောက်နေသော မြင်းပျံဆီသွားပြီး ဇက်ကြိုးကို ဖြုတ်လိုက်သည်။

နေရင်းဌာနေကို ပြန်နိုင်ပါပြီ။ တစ်သက်လုံး လွတ်လပ်ပါပြီ၊ လူငယ်က ဆိုသည်။

သို့ရာတွင် မြင်းပျံက သူ့ဦးခေါင်းကို လူငယ်လက်မောင်းပေါ်မှီတင်ပြီး စွန့်ခွာမသွားလိုကြောင်း ပြသည်။

'ကောင်းပါပြီ မြင်းပျံကြီးရယ်၊ ကျုပ်နဲ့အတူ ဆန္ဒရှိသလောက် နေပါ။ ဦးစွာပထမတော့ လိုင်စီးယားနိုင်ငံ ဘုရင်မင်းမြတ်ရှေ့ အစေးဝင်ပြီး သတ္တဝါကြီးကို ဘယ်လို အပြတ်နှိမ်နင်းခဲ့ရတယ်ဆိုတာ လျှောက်ထားရဦးမယ်နော်'

ပြီး လူငယ်က ဆယ်ကျော်သက် ကောင်ကလေးကို နှုတ်ဆက်သည်။

လိုင်စီးယားနိုင်ငံသို့ သွားပြီးနောက် ပြန်လာခဲ့ဦးမည်ဟုလည်း ကတိပေးခဲ့သည်။

နောက်ပိုင်းနှစ်များတွင် မြင်းပျံကြီးရဲ့ ကျောပေါ်စီးပြီး ခရီးနှင်ခဲ့သူမှာ ဆယ်ကျော်သက် ကောင်ကလေးသာ ဖြစ်သည်။ သတ္တဝါကြီးထက်ပို၍ အစွမ်းကြီးသော သတ္တဝါကြီးများကို့ သတ်ဖြတ်နှိမ်ကွပ်ခဲ့သူမှာလည်း သူပဲဖြစ်သည်။

ကျော်ထက်ထွန်း

*MARGERY GREEN* ရေး *WONDER TALES FROM GREECE* စာအုပ်မှ ပြန်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ထာဝရငွေပဒေသာပင်များလှူဒါန်းနိုင်ပါသည်




ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသာနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ ,သာသနဒ္ဓအာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာနာတော်ထွန်းကားရေး အသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးဖွဲ့နှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀ိ/- ကျပ်တန် တစ်ပင်နှင့်အထက် )၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း / ဆေး အလှူတော်ငွေ

လှူပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ်မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ပဋ္ဌနိကာယသာသနဒ္ဓဗိမာန်ကျောင်းတိုက်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၇၄၃၇၊

www.burmeseclassic.com